www.burmeseclassic.com

မဟာဒိဒ္ဓိစာပေ

# ပြစ်မှု

မဂ္ဂဇင်း



ဘိန်း နှင့် ဘိန်းပင် (စာ - ၃၃)

ပေါင်းစုအားနှင့် တိုက်ဖျက်စို့ (စာ - ၃၇)

BURMESE CLASSIC

## မူးယစ်မှုန်သယ်မှု ဆန့်ကျင်ကြ




www.burmeseclassic.com

www.burmeseclassic.com

၁၉၆၁ ခုနှစ်မှ စတင်၍ စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး တည်ထောင်ခဲ့သည်။

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။



မဂ္ဂဇင်း

BURMESE CLASSIC

အယ်ဒီတာအဖွဲ့

ဦးသန့်(လာဘ်မိုးစွေ)၊ နန္ဒာမိုးကြယ်၊ ကေလတ်၊ စိုးစိုး။

---

ဒေါ်ပြုံး(မြ-၀၂၉၆၀)၊ အမှတ်-၁၀၃(ပ)၊ တိုက်-၂/၄၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ ဒေါ်မြတ်ဇင်ဇင်မိုး၊ စန္ဒာညွှန့် ပုံနှိပ်တိုက်(ယာယီ-၁၀၇၆၀)၊ အမှတ်-၁၇၁၊ မြေညီထပ်၊ လမ်း(၄၀)၊ အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

(အုပ်ရေ - ၁၀၀၀ ၊ တန်ဖိုး - ၁၃၀၀ ကျပ်ဖြင့် ဖြန့်ချိသည်)

အယ်ဒီတာအဖွဲ့ နှင့် ကြော်ငြာ ဖြန့်ချိရေး

လာဘ်မိုးစွေစာပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၁ ခုနှစ်မှ စတင်၍ စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး တည်ထောင်ခဲ့သည်။

# ပြစ်မှု

မဂ္ဂဇင်း

BURMESE CLASSIC .com

## မာတိကာ

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ၊ အမှတ်(၂၂၇)

### ကဗျာ ပြစ်မှု

ဘုန်းလျှံ၊ ဟန်သာသူ၊ လွမ်းသျှင်နောင်(မဟာသာရှာ)၊ အလင်းစက်၊ တိုးဝေ၊ မြိုးလွင်၊ မင်းထက်သားညီ(တောင်ငူ)၊ ဘုန်းမြင့်ချို(သာယာဝတီ)၊ နန္ဒာမိုးကြယ်။

### ကာတွန်း ပြစ်မှု

မြေဇာ၊ မိမန်းလေး(တောင်ငူ)၊ လင်းထူးဇော်၊ စိုးလွင်အောင်၊ မောင်တင်ယု၊ ရန်ကြီးအောင်၊ မြေရိုင်း၊ သူရိန်။

### စာပေသုခမ သတင်းလွှာ

ပြစ်မှုစာအုပ်စင်
ကသစ်နီ ---------- ၂၄
သုခမသတင်းလွှာ
အမ်ကေ ---------- ၂၇

### နိုင်ငံရပ်ခြား ရာဇပြစ်မှု

လျှပ်စစ်ကြေးနန်းနှင့် ဂျွန်တာဝဲလ်အမှု
ဖန်းမော်-ဇော်လှိုင် ---------- ၉
အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ
လှမိုး(ပညာရေး) ---------- ၁၂
လူသတ်သမား လွတ်နေ၍
ဘုန်း ---------- ၂၆

### ရယ်စရာ ပြစ်မှု

ပြစ်မှုဆိုင်ရာ ရယ်စရာ
ကိုရွှေတောသား ---------- ၂၈

### ဗေဒင် ပြစ်မှု

သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာ စောယုနွယ် ---------- ၂၉

www.burmeseclassic.com

www.burmeseclassic.com

## ရသ ပြစ်မှု


ငယ်နိုင်
မုံရွာအောင်ကြော ---------- ၇၆

အတိုးနှစ်ဆပေး၍ ကြွေးဟောင်းဆပ်လိုက်ခြင်း
ဝင်းသောင်(ရမည်းသင်း) ---------- ၉၂

ကြိုပ်မွှေတဲ့ ထိုစနေ
တာတေကြီး ---------- ၁၀၄

စိန်ပေါ်ကျောင်းအုပ်ကြီးသတ်မှု
ပုလိပ်အရာရှိတစ်ဦး ---------- ၁၄၄

ထင်ယောင်ပိုးတဝါး
မြမြလှိုင် ---------- ၁၇၆

ရှားရှားပါးပါး သဲလွန်စ
မြသိန်း ---------- ၂၀၄

ရွှေမှုန်နှင့်အမှု ငရဲစံချင်သူ
ဟန်သီဇင် ---------- ၂၁၀

ကျားဆိုးတို့၏ စားကျက်လုပွဲ
ခင်မောင်အေး(မန္တလေး) ---------- ၂၂၈

လမ်းပေါ်က သမီးလုပွဲ
ဗညားဦး(အိမ်မဲ) ---------- ၂၃၂

သခင်ဖေခင် ဂျပန်နှစ်ယောက်ကို သတ်ခဲ့စဉ်က
ရွှေဘိုဘာမထီခင်အောင် ---------- ၂၃၈

ရွှေမင်းသမီးလေး၏ တစ္ဆေရည်းစား
ကျော်မင်းနိုင် ---------- ၂၄၄


## ဆောင်းပါး ပြစ်မှု


အမျိုးသမီးရဲ၏စွမ်းရည်
မောင်ငြိမ်းလှိုင် ---------- ၆၀

လူမှုဝန်ထမ်းစိတ်နှင့် စုံထောက်ရဲမင်းကြီး
မင်းသုရိန် ---------- ၆၅

အန္တရာယ်ဝိဘတ်အကျိုးဆက်
သောင်းညွှန့်(ပန်းတောင်းကျွန်း) ---------- ၉၂

အတိတ်ပုံရိပ်
ရွှေကလောင် ---------- ၈၄

ပသျှူးခေါင်းပြတ်နှင့် ဆက်စပ်လျက်ရှိသည့် ဖရီးမေဆင်အသင်းကြီး
ကိုမောင်သန့်ဝင်း ---------- ၈၉

သံမဏိနလုံးသားမှ စီးဆင်းလာသော စမ်းရေ
ခင်မောင်ထွန်း(လမ်းမတော်) ---------- ၁၀၀

ကလေးသူငယ်မှုခင်းများနှင့် အသိဉာဏ်ဝေဖြာမှု
ညွန့်ဟံ(ကြူတော) ---------- ၁၂၉

တောမှာကျား မြို့မှာကား
တက္ကသိုလ်စုစုဝင်း ---------- ၂၄၄


## နိုင်ငံရပ်ခြားသတင်း ပြစ်မှု


ဂျပန်နိုင်ငံ၏ အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့
တင်ဒွေးဆက် ---------- ၃၃

တူရကီကျောက်မီးသွေး မိုင်းတွင်းပေါက်ကွဲ
ဦးတိုး(တက္ကသိုလ်) ---------- ၁၉၄

လက်လီဖြန့်ချိသူများနှင့်・・・ပစ္စည်းအလစ်သုတ်မှုကျူးလွန်သူ
လေးဝတီကျော် ---------- ၂၀၄

မူးယစ်ဆေးဝါးအတုဖြင့် ကုန်ကူး၍တရားစွဲ
လေးဝတီကျော် ---------- ၂၀၉

မိဘများ ဆေးလိပ်ရေရှည်သောက်ခြင်းသည်
မောင်မောင်စန်းဝေ ---------- ၂၂၀


## တစ်မျက်နှာ ပြစ်မှု


ကိုယ်ချင်းစာတတ်ကြပါစေ
ရည်ရွှန်းသစ္စာ(လှိုင်သာယာ) ---------- ၇၅

ငိုသံ
ဝသုန်ဟိန်းထက် ---------- ၈၀

သံသရာ
ဝေ(ရွှေဝတီ) ---------- ၁၀၄

www.burmeseclassic.com

ခွင့်တို နှစ်ပိုင်းတစ်ပိုင်းရက်
**ရှစ်ခွင်ကျော်(ဖောင်တော်သီ)** ---------- ၁၁၁
မုသားနှင့် ဥမျာ
**ပိုက်မင်းဝေ** ---------- ၁၃၅

## အခန်းဆက် ရသပြစ်မှု

ကြက်ခြေခတ်လမ်းကို စွန့်ပြီးသော်…(၃)
**ကျော်ဆွေဝင်း(ရွှေအင်း)** ---------- ၆၆
အတိတ်အကြောင်း ပောင်းသည်မရှိ(၁၄)
**မင်းဟိန်းထိုဝ်** ---------- ၁၁၂
မွှေတာတ်သော အမွှေ(၁)
**ကျော်မြသန်း** ---------- ၁၃၆
ပိုင်ရှင်မဲ့သေတ္တာကြီးတစ်လုံး(၂)
**ခင်မောင်ထွန်း(လမ်းမတော်)** ---------- ၁၄၄
အဖော်ကောင်းရင် ငရဲအထိလိုက်မယ်(၈)
**မောင်ရွှေစွန်** ---------- ၁၆၆
နယ်မြို့လေးထဲက သားရဲ(၃)
**သစ်ထူးအိမ်** ---------- ၁၈၂
ယမ်းဘီလူးအောင်ဒင်နှင့် မရဏာပစ်ကွင်း(၂)
**ရွှေမြို့တ်သောင်းတင်** ---------- ၁၉၄
ထောင်မှူးများ အလိုရှိသည်(၈၈)
**ဗဟိုစော** ---------- ၂၂၂

## ဥပဒေ ပြစ်မှု

မြေဝယ်သူများ သတိထားစရာ
**ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)** ---------- ၄၉
ရုပ်မြင်သံကြားနှင့်…ဥပဒေ
**ကေတီ-အောင်သိန်း** ---------- ၆၁
သတင်းမီဒီယာဥပဒေ
**ကေတီ-အောင်သိန်း** ---------- ၆၂
၂၀၁၄ ပုံနှိပ်ခြင်းနှင့်…ဥပဒေ
**ကေတီ-အောင်သိန်း** ---------- ၆၃
မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ
**စလင်း-ဦးအောင်သိန်း** ---------- ၁၂၈
အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ
**ဦးစောလှိုင်** ---------- ၁၃၂
တိုက်ခန်းကြိုပွဲ့ဖို့ ဝယ်လိုသော်
**ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)** ---------- ၂၃၀

## မျက်နှာဖုံးဆောင်းပါး ပြစ်မှု

ဘိန်းနှင့် ဘိန်းပင် ---------- ၃၃
ပေါင်းစုအားနှင့် တိုက်ဖျက်စို့
**နန္ဒာမိုးကြယ်** ---------- ၃၇

| | | |
|---|---|---|
| မျက်နှာဖုံးဂရပ်ဖစ် | - | အောင်မျိုးသန့် |
| အတွင်းဖလင် | - | မျိုးဝင်းကျော် |
| ကွန်ပျူတာစာစီ | - | တင်မိုးနိုင်။ |
| စာအုပ်ချုပ် | - | ရှုကီး(၁၁၄) လမ်း။ |
| အတွင်းပန်းချီ | - | ကျော်ဦး၊ KN၊ သန့်ဇော်သစ်၊ မိုးကျော်၊ ဝင်းမြင့်၊ ပညတ်၊ ဖိုးအောင်၊ စံလွှင်မောင်၊ ညီညီလွင်၊ အောင်နိုင်လတ်။ |

အယ်ဒီတာအဖွဲ့နှင့် ကြော်ငြာဖြန့်ချိရေး

**လာဘ်မိုးရွာ စာပေ**

အမှတ် - ၂၁၂။ (ပထမထပ်)၊
၃၆-လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၅၉၂၅

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com



"သခင်မလေးခင်ဗျာ၊
တစ်ဆိတ်လောက် ကျေးဇူးပြုပြီး
ကျွန်တော့်ကို
သခင်မလေးနာမည် သိခွင့်ပေးပါ"
ကျော်ဆွေဝင်း(ရွှေအင်း)-----၆၆



"ရိုက်ချလည်းမရ၊
နုက်ချလည်းမရနှင့်၊
ဒီပုံစံနှင့်သာ ဖြိုင်ပွဲဝင်ပါက
အရှက်ကွဲရပေတော့မည်"
မုံရွာအောင်စကြာ-----၇၆



"ဆိုးတာမှ လက်ကုန်ပဲ၊
တကယ်တော့
သူ့ကိုသတ်တဲ့သူကို
ဆုတောင်းပေးသင့်တယ် ဗိုလ်လေး"
ဝင်းသောင်(ရမည်းသင်း)-----၉၂

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲ သူငယ်ချင်း
မင်းတိပ်ခွေက ဘာတွေရိုက်ထားလို့
အရေးကြီးနေတာလဲ၊
ငါ့ကို ရှင်းပြပါဦး"

တာတေကြီး ——— ၁၀၄

"အတွေ့အထူးတော့
ဘာမှမပြောဘူး၊ နင့်ဦးလေး
ရိုးမစခန်းမှာကော ရှိလို့လား၊
ငှက်ဖျား ပြန်နေသလား"

မင်းပဒိန်းထိဝ် ——— ၁၁၂





"ခင်မောင်ရင်နှင့် မောင်နီတို့မှာ
ဘောလုံးကန်ကောင်းသော
ရှေ့တန်းကစားသူများအဖြစ်
ထင်ပေါ်သည်"

ကျော်မြသန်း ——— ၁၃၆

www.burmeseclassic.com

www.burmeseclassic.com



"ခင်လှဖြင့်တို့သားအဖ
ဘယ်နေ့က ထွက်သွားတယ်၊
ဘယ်လိုဖြစ်ကြတယ်ဆိုတာ
သိသလောက် ပြောပြပါလား"

ခင်မောင်ထွန်း(လမ်းမတော်)——၁၄၄



"တရားခံတွတ်ဘီးသည်
သေဆုံးသူနှင့် ထွေးလုံးသတ်ပုတ်စဉ်၌
အချက်ပေါင်းများစွာ
ဓားဖြင့်ထိုးသတ်ပြီးနောက်"

ပုလိပ်အရာရှိတစ်ဦး——၁၅၄



ဖန်ခွက်တွင်းသို့
ဘီယာများ သွန်ထည့်နေပြီဖြစ်သော
ကောင်း၏ လက်များသည်
ရပ်တန့်သွားသည်။


မောင်ရွှေစိန်——၁၆၆

www.burmeseclassic.com

www.burmeseclassic.com



"သမီး...ဂျူလီ
ရှေ့ကို တဖြည်းဖြည်းသွား
စမ်းချောင်းကလေးကို တွေ့ရမယ်၊
အဲဒီကနေပြီး...လိုက်"
မြမြလှိုင်------၁၇၆



"ဟုတ်တယ်၊ အကြောင်းမဲ့တော့
တောတိရစ္ဆာန်တွေက
မြို့ထဲဝင်ပြီး
လျှောက်သွားမနေဘူးကွ"
သစ်ထူးအိမ်------၁၈၂



"ရပါတယ် ဗိုးအောင်ဒင်ရယ်၊
တို့တစ်တွေက
အတူလက်တွဲသွားရမယ့်
အခြေအနေမှာ ရှိနေတယ်လေ"
ရွှေမြိုတ်သောင်းတင်------၉၇

www.burmeseclassic.com

www.burmeseclassic.com

- သူမွဲစဉ် ငါဖွဲ့ဆပ်ပေမဲ့
  ငါငတ်တော့ သူ မလာ။
- ငါ့သိက္ခာရေစုန်မျောအောင်လည်း
  ချောစားကာ စကားဖိမ့်သပ
  နှိမ့်ချယုတ်မာ။
- လိပ်ပြာမညို့ပါကလား၊
  ပိတ်ကာစို့ အဝိဇ္ဇာ
  သူ့ရိက္ခာ တစ်ပုံတစ်ခေါင်း။
- အနှစ်ဗလာ ကြက်ဆူတောမှာဖြင့်
  ညြချဖွယ် စည်းစိမ်ထူးလို့
  ယစ်မူးနေကြောင်း။

## မွန်းတည့်ချိန်





www.burmeseclassic.com

www.burmeseclassic.com



# တိုင်တည့်လမင်း
# ဝေးခြင်းလမင်း

- မျက်ဝန်းတံခါး
နှလုံးသားဖွဲ့ကြည့်
ရုပ်ပုံသီမှာ
သူဟာ ...
ပန်းတစ်ပွင့် သဇင်ပွင့်လေ
ပင်မြင့်စံပန်း တော်ဝင်နန်းထိုက်
နမ်းရှိုက်မငြီး
ရင်ခုန်မောလျှ 'ည'ကဗျာဖြစ်
'လ'သစ်ကလေးပေါ်စေ။

- စိတ်ကူးတံခါး
အိပ်မက်များဖြစ်
ကမ္ဘာသစ်မှာ ပန်းသဇင်ချစ်
ကိုယ်ဖြစ်ချင်ပေါ့
လက်ချင်းတွဲကပ်
ကဗျာစပ်ဖွဲ့
သောကမဲ့
အလွမ်းမဲ့
ဝေးခြင်းမဲ့နဲ့
ပီတိဖွဲ့ပြုံး
'လ'လေးလုံးလုံးပေါ်စဉ်က။

- အသိတံခါး
ပဓါခြားကြည့်
ဝေးခြင်းသီလည်း
မခေါ်ရဲဘူး
သဇင်ဖူးစ
ပန်းပွင့်လှကို
စိုးထိတ်လှသမို့
မျက်ရည်စို့ရင်း
ကွေကွင်းနှုတ်ဆက်
'လ'လေး ပြန်တက်သွားစဉ်က။



www.burmeseclassic.com

www.burmeseclassic.com

# လူနှင့်အသိ

## ရှမ်းသျှင်နောင်
(မဟာသာရွာ)


- စွန့်လွှတ်ခြင်းများနှင့်
  သုညလူ။
- ပိုင်ဆိုင်ခြင်းများနှင့်
  သုညလူ။
- ခြေရာချင်းအတူ
  နေတာချင်းအတူရှိကြသော်လည်း။
- ကောင်းသောအယူရှိပါမှ
  အသိရှိသောလူ ဖြစ်စမြဲ . . .။





www.burmeseclassic.com

www.burmeseclassic.com



## မတူညီတဲ့ ပရိုဂရမ်

### ဒီလင်းဆောက်

- ဒဏ်ရာတွေ အပြည့်အကျပ်နဲ့
လွမ်းရမယ့်ရက်တွေကို
ရေတွက်မကြည့်ချင်ဘူး။

- ပြန်လာမယ်လို့ မသေချာတဲ့လမ်း
မျှော်လင့်ချက်တွေထမ်းရင်း
ဘယ်လိုဖြတ်သန်းရမလဲ။

- ဘာကိုတည်ဆောက်လို့
ဘာကိုဖြိုဖျက်ပစ်ရမလဲ
စိတ်ဝိညာဉ်တစ်ခုလုံး
သွေးပျက်ချောက်ချားစေတဲ့အသိ
အသိဉာဏ်တစ်ခုလုံး
မှောင်မိုက်သွားစေတဲ့အထိ။

- ကိုယ်က မိုက်မဲလို့
သူက ပြည့်ဝနေခဲ့တယ် …
ကိုယ်က ရူးသွပ်လို့
သူက ငြိမ်းချမ်းနေခဲ့တယ် …
သူက ဆုတောင်းကောင်းပြီး
ကိုယ်က ဆုတောင်းမှားခဲ့တယ် …။



www.burmeseclassic.com

www.burmeseclassic.com



ယုံ့ရေးခုက်ခက်


# ဝိုးဆ

- ကိုယ်တိုင်နားဝ၊ ကြားလိုက်ရလည်း
ဟုတ်ပါ့မလား၊ ဒွိဟပွားမိ
လျှာဖျားလိမ်ခေါက်၊ မွေလီနောက်တဲ့
ကွေ့ကောက်လှည့်ဖြား။ ညို့စကားတွေ
အားအားရှိတိုင်း ပြောနေလို့။ ။



www.burmeseclassic.com

www.burmeseclassic.com



## အပြုံးဒဿန

မြရိုးလွင်

- အပြုံးအစစ်ဆိုတာ
နှလုံးသားအစစ်က စီးဆင်း
သန့်စင်ဖြူစင်ခြင်းများစွာနဲ့
ဝေဒနာမြူမှုန်မရှိ
ပကတိဖြူစင် ...။


- အပြုံးအတုဆိုတာ
နှလုံးသားအတုက စီးဆင်း
လှည့်ဖြားခြင်းများစွာနဲ့
ဝေဒနာမြူမှုန်တွေလွှမ်း
အသိတွေညစ်နွမ်း ...။

- ဘယ်လိုပြုံးကြမလဲ
အပြုံးစစ်စစ်နဲ့ ပြုံးကြမှာလား
အပြုံးခါးခါးတွေနဲ့ ပြုံးကြမှာလား
အကြောင်းရင်းကတော့
အပေါင်းအသင်းမိတ်ဆွေသင်္ဂဟ
တွေ့ကြ၊ ကြုံကြ၊ ဆုံကြရင်း
တစ်နေ့နေ့သွားရမယ့် ခရီးလမ်း
လူ့ဘဝဇာတ်လမ်းမှာ ...
အရင်းအဖျားညှိ
စဉ်းစားကာဝေဖန်သိ
သေသည့်ထိကောင်းနေဖို့
နှလုံးသားလမ်းကြောင်းမှာ
အစဉ်အမြဲပြုံး
အပြုံးစစ်တွေနဲ့
တို့တွေချစ်ကြစို့ ...။



www.burmeseclassic.com

www.burmeseclassic.com



# ရေကြီးရေလျှံနေတဲ့

ကဗျာ

မင်းဝေကျော်သားနှင့်
(အောင်ငြိမ်)

- တလိမ့်လိမ့် တလိမ့်လိမ့်နဲ့
ပြီးတော့ ... တရိပ်ရိပ်တက်လာတဲ့ ဒီရေ
အိမ်ခြေတွေ ရေမြုပ်
ပဲပင်တွေ ပုပ် ...။

- ရေကြီးရေလျှံနေလို့
အနေမဟန်တဲ့ ကျေးရွာတွေအတွက်
တွေးကာလေ ရတက်မေ့ရ
မကျနိုင်တဲ့ ရေတွေကြားမှာ
ဟိုပြေးရ ဒီပြေးရ သိမ်းဆည်းရနဲ့
ယိမ်းသမလို တလှုပ်လှုပ်
အလုပ်တွေရှုပ် ...။

- ရေတွေများသလို
မြွေတွေက တလိမ့်လိမ့်
တငြိမ့်ငြိမ့်နဲ့ ရေစီးထဲ မျှောပါလာတော့
ကြောက်လန့်ကာ သောကဖြာ
'ဒုက္ခပါ'လို့ ညည်းသူကညည်း
မိုးရေထဲ ခေါင်းမီးတောက်နေသူတွေ
လာဝေငှ ဒါနပြုတဲ့ ထမင်းထုပ် ဟင်းထုပ်ကိုစားရ
များလှတဲ့ အဝတ်ထုပ်ကြားမှာ အလုပ်ရှုပ်
ဗရုတ်သုတ်ခနဲ့ အဖြစ်ကဆိုး ...။

- ရေဘေးဒုက္ခသည်တွေမို့
ရွှေတေးသုခတွေနဲ့ ကမ္ဘာခြား
သက်ပြင်းအမောများ မျက်ရည်များနဲ့
အို ...
ကံကြမ္မာရထားဟာ
ကံကောင်းမှုဘူတာကို ဆိုက်ရောက်ပါစေကြောင်း
အားလုံးအတွက်တောင်းတဲ့ ဆုတောင်းသံ
နားဝမှာ ညံနေပေမယ့်
မာန်ဟုန်အရှိန်ပြင်းပြင်းနဲ့
လေပြင်းရဲ့ ဒေါသတွေက ပြုတ်ကျ
မိုးကာလမို့ ရွာလွန်းမက
ရွာလှတဲ့မိုး ...။



www.burmeseclassic.com

www.burmeseclassic.com



# ဘေးပယောဂ

ဘုန်းမြင့်ချို
<သာယာဝတီ>

- ကိုယ့်မျက်နှာ ရေမှာကြည့်
ထင်ရှားဘိ မှန်သို့သာ
တင့်မောလှစွာ။

- မြင်ရသည့် ရေမျက်နှာ
ခဲပစ်လိုက်ရာ။

- တည်ငြိမ်ရာရေပြင်ထက်
လှိုင်းထလို့ပွက်။

- ဂယက်ရဲ့သဘောပါ
ပယောဂါ လက်ပစ်ခဲရယ်ကြောင့်
ရေထဲဝယ် ရုပ်လွှာပျက်ပါပေ့ ●
အဖြေထွက်ကာ သရုပ်ကွဲ
ဖြစ်ဆဲက ပျက်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## တက္ကသိုလ်ရွှေဆင့်၏ ရင်ခုန်သံမှတစ်ဆင့် ဓမ္မရသစာစုများ

ဤစာအုပ်သည် စာရေးဆရာမ တက္ကသိုလ်ရွှေဆင့်၏ စတုတ္ထမြောက် ပေါ်ထွက်လာသော စာအုပ်ဖြစ်သည်။ ပညာရေးဝန်ထမ်းတစ်ဦးဖြစ်ပြီး တရားဓမ္မနှင့်မွေ့လျော်သော တက္ကသိုလ်ရွှေဆင့်၏ ဤစာအုပ်တွင် ဘာသာရေးဆိုင်ရာ ဓမ္မစာစုများ ပေါင်းစည်းထားပေသည်။

ဤစာအုပ်တွင် သစ္စာပန်းကုံးစာစုမှသည် မိစံအလှနှင့် မိစံ၁၀ စာစုအထိ ဓမ္မရသစာစုပေါင်း ၃၁ ပုဒ်တိတိကို ဖော်ပြထားပြီး ဆရာမောင်ငြိမ်းသူ(ကြို့ပင်ကောက်)နှင့် ဆရာနန္ဒာမိုးကြယ်တို့က အမှာစာ ရေးသားပေးထားသည်။ ဤစာအုပ်နှင့်စပ်လျဉ်း၍ ဆရာမောင်ငြိမ်းသူ(ကြို့ပင်ကောက်)က "ကျွန်တော့်စာပေညီမ သမီးအလိမ္မာလေးက မိခင်အိုကြီးကို လုပ်ကျွေးပြုစုယုယရုံမျှဖြင့် အားမရနိုင်သေးဘဲ သူ့တပည့်တွေ၊ သူ့ပတ်ဝန်းကျင်မှ ဘဝတူ လူသားတွေကိုပါ ကောင်းကျိုးပြုနေသည့်အပြင် နိုင်ငံနှင့်အဝန်းရှိ လူသားအားလုံးကိုပါ စေတနာထားပြီး မေတ္တာပြန့်ပွားသည့်အနေဖြင့် စာပေဒါန ပေးဝေမျှနေသည်ကို နတ်လူသာခုခေါ်ကြပေလိမ့်မည်"ဟု ဆိုထားလေသည်။ ဤစာအုပ်အား ဦးကလျာဏ(သရက်တော)နှင့် တွင်းကြီးသားတင်ဝင်းဦးတို့က စီစဉ်တည်းဖြတ်ပေးထားကြပြီး တန်ဖိုး ၂၀၀၀/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်သည်။

## ဂျိုကာဖေဖေနှင့် ရသဝတ္ထုတိုများ

ရွှေပြည်သာစာပေမှ စီစဉ်ပြီး အဲဒါ ငါ့အဖေ စာစဉ်(၄)အဖြစ် ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။ ရသဝတ္ထုတိုများဟု ဆိုသော်လည်း ကဗျာနှစ်ပုဒ်ပါ ထည့်သွင်းဖော်ပြထားပေသည်။

ဤစာအုပ်တွင် စီစဉ်သူ၏အမှာဖြင့် ဖွင့်ထားပြီး မေတ္တာရှင်(ရွှေပြည်သာ)၊ မြတ်နိုး၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ ကျော်နိုင်ခန့်၊ မောင်လုမျိုး(ချင်းချောင်းခြံ)၊ ခင်မြဖင်၊ မနှင်းဖွေး၊ ကိုနိုင်း(ချင်းတောင်)၊ လယ်တွင်းသားစောချစ်၊ ပြင်စည်အောင်(ခရာတော)၊ မေအောင်လင်း၊ ကြူကြူသင်း၊ ထန်းတပင် စန်းလွင်၊ ပြည်ပန်းမိုး၊ နန္ဒာမိုးကြယ်၊ ညီမေတ္တာ၊ ရဲခေါင်မဲမောင်၊ မောင်သာယာ၊ ကြည်မွေ့အိမ်၊ မိုးနှင်းလှိုင်၊ တိုးထက်၊ မေဒေး၊ ကုဋေကဋာ၊ မြမြလှိုင်၊ တင်ထွေးဆက်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ရွှေရည်လင်းလက်၊ ရှင်ဖုန်းမိုး၊ တိုက်ဆိုင်၊ ပပငယ်၊ စိန်ခင်မောင်မြင့်၊ ညွှန့်သစ်နှင့် မောင်သက်စသော ကလောင်ရှင်တို့၏ လက်ရာများပါဝင်သည်။

စာမူတစ်ပုဒ်ချင်းစီမှာပင် စိတ်ဝင်စားဖွယ်ရာအကြောင်းရပ်များ ပါဝင်နေပြီး လူငယ်၊ လူရွယ်တို့ဖတ်ရှုမိကြလျှင်ဖြင့် မိဘတို့၏ အနှိုင်းမဲ့မေတ္တာ၊ ကရုဏာတရားကို နားလည်သဘောပေါက်သင့်သလောက်ပေါက်သွားနိုင်ပေလိမ့်မည်။ ဤစာအုပ်ကို ရွှေပြည်သာစာပေမှ တန်ဖိုး ၂၀၀၀/-ကျပ် သတ်မှတ် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

## ကိုရွှေတောသား၏ အသက်ရှည်မည့်ဟာသများ

မြို့မေတ္တာခံယူကာ စာဖတ်ပရိသတ်၏ နှလုံးအိမ်ကို ဟာဒယလွှမ်းခြုံသွားစေမည့် ရယ်စရာ အတိုအထွာများ စုပေါင်းထားသည့် စာအုပ်တစ်အုပ်ဖြစ်ပေသည်။

ဤစာအုပ်နှင့်ပတ်သက်၍ စာရေးသူက "အပြစ်ကင်း၍ လွတ်လပ်စွာ ရယ်မောခြင်းသည် ခန္ဓာကိုယ်အကြောအခြင်များကို ပြေလျော့သွားစေသည်သာမက ကျန်းမာရေးနှင့် ညီညွတ်ကာ စိတ်ပျို၍ ကိုယ်နုကြောင်းကိုလည်း သိရှိရပါသည်။ သို့ဖြစ်၍ စာဖတ်ပရိသတ်အပေါင်းအား နှစ်မြို့က်စွာ ရယ်မောနိုင်စေခြင်းမှာ ရယ်စရာဟာသအတိုအထွာကလေးများကို စုစည်း၍ တင်ဆက်ထားပါသည်"ဟု စကားဆိုထားပေသည်။ ဤစာအုပ်တွင် ရယ်စရာအတိုအထွာပေါင်း ၁၄၇ ပုဒ်ကို ဖော်ပြထားရာ တစ်ပုဒ်ချင်းစီမှာပင် ရတ်ခြည်းရယ်ရသော၊ တွေးပြီးမှရယ်ရသော ဟာသများ ပါဝင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤစာအုပ်ကို ပန်းချီသန့်ဇော်သစ်မှ အလှဆင် ပေးထားပြီး ဘုန်းဇော်၏ စီစဉ်မှုဖြင့် အရှေ့ဘက် ကောင်းကင်စာပေမှ တန်ဖိုး ၁၃၀၀ိ/-ကျပ် သတ်မှတ် လျက် ဖြန့်ချိလိုက်ခြင်း ဖြစ်သည်။

## နေမထူး၏ အင်တာနက်ပေါ်က ပြည့်တန်ဆာ

ကလောင်နာမည် ဆန်းသကဲ့သို့ ဝတ္ထုအမည်က လည်း ထူးခြားနေသည်။ စာရေးသူက သူ၏ကလောင် ဖြစ်စဉ်ကို ရိုးရှင်းစွာ ဝန်ခံပြီး ဤစာအုပ်နှင့် ပတ်သက် ၍လည်း -

"စာရေးသူဖြတ်သန်းခဲ့ရသော သက်တမ်းတစ် လျှောက်တွင် လူပေါင်းများစွာနှင့် သိကျွမ်းခလုတ်တိုက် ထိတွေ့ဆက်ဆံခဲ့ရပါသည်။ ဤဝတ္ထုတွင် ဘဝပေါင်း များစွာ၏ အစိတ်အပိုင်းအချို့ ပါဝင်ပါသည်။ ထိုသူတို့ ၏ ဖြတ်သန်းခဲ့ရသော အတွေ့အကြုံနှင့် ထင်သာမြင် သာ အဖြစ်အပျက်အချို့ကို ရေးသားတင်ပြထားပါသည်။

ဟု ဆိုထားသည်။ ကားကြုံစီးသူများ၊ ရင်ခုန် နေကျ လူတစ်ယောက်၊ ခူးခြွေခံရသည့် နှင်းဆီပွင့်၊ အင်တာနက်က သတင်းလွှာ၊ ဘာသာခြားချစ်သူ အဘိုးအို၊ ပြဿနာ မီးထွန်းရှာသူများ၊ နှစ်နှစ်ဆယ်က အပျိုလေး၊ ရုတ်ရုတ်သဲသဲ အဘိုးအို၊ မိန်းကလေးနှင့် ကူညီသူ…အစရှိသည့် ခေါင်းစဉ်ကလေးများ ပေးထား ပုံကလည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဤစာအုပ် ကို ပန်းချီထွန်းအောင်က အလှအပဆင်ပေးထားပြီး တန်ဖိုး ၁၅၀၀ိ/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်သည်။

## မောင်ချိုမင်း(ကန္တာရဝတီ)၏ ကျွန်တော်နှင့် သဘင်ပညာရှင်များ

စာရေးဆရာမောင်ချိုမင်း(ကန္တာရဝတီ)သည် ဇာတ်သဘင်အနုပညာကို ချစ်မြတ်နိုးသူဖြစ်ပြီး ဇာတ် သဘင်ဆောင်းပါးများကို အစဉ်တစိုက် ရေးသားခဲ့သော ကလောင်တစ်ချောင်းလည်း ဖြစ်ပေသည်။ ဤစာအုပ် တွင် ဘုရားအကာကို ဂရိတ်ဦးဖိုးစိန်၊ ဦးစိန်မာဒင်အထိ ဇာတ်သဘင်နယ်ပယ်၌ ကျင်လည်ခဲ့ကြသော အနုပညာ ၅ ၃၃ ဦး၏ ကွယ်လွန်သည့်ကာလများကိုလည်း ကောင်း၊ အခြားသော အနုပညာရှင်များ၏ ဇာတ်သဘင် အနုပညာဆိုင်ရာ ဖြတ်သန်းမှုပုံရိပ်အမျိုးမျိုးကိုလည်း ကောင်း စိတ်ဝင်စားဖွယ်ရာ ရေးသားတင်ပြထားပေ သည်။

ဤစာအုပ်နှင့်ပတ်သက်၍ ဝတ္ထုကျော်ထင် စိန် အောင်မင်းက "သဘင်ချစ်သော ပရိသတ်များအတွက် လေ့လာဖတ်ရှု အောက်မေ့အမှတ်ရစရာ စာအုပ်ကောင်း တစ်အုပ် ပေါ်ထွက်လာသည်ဖြစ်၍…"ဟု ထောမနာ ပြုထားပေသည်။ ထိုသို့ ထောမနာပြုထားသည့်အတိုင်း ပင် ဤစာအုပ်၌ မြန်မာနိုင်ငံတစ်လွှားရှိ နာမည်ကျော် ဇာတ်သဘင်ပညာရှင်တို့၏ ရုပ်ပုံလွှာများကို ကြည်လင် ပီပြင်စွာ စုတ်ချက်တင်ထားသည်ဖြစ်ရကား ရေးသား ပြုစုသူ မောင်ချိုမင်း(ကန္တာရဝတီ)အား ဂုဏ်ပြုမှတ် တမ်းတင်ဖွယ် ကောင်းတော့သည်။ ဤစာအုပ်ကို တောင်ငူစိုးမြင့်လေးက ပန်းချီခြယ်ရေးထားပြီး ပန်းဝေ ဝေစာပေမှ တန်ဖိုး ၃၀၀၀ိ/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

## ညီညီနိုင်၏ မမတို့ဘဝ မီးနပ်(စ်)ကြယ်ဖြစ်ရအောင်

ဤစာအုပ်သည် အမျိုးသမီးထုအတွက် လမ်း ညွှန်တက်ကျမ်းစာအုပ် ဖြစ်ပေသည်။ ပညာတတ် အမျိုး သမီးများ ရှောင်ရန်ဆောင်ရန် အချက် ၁၀၀ ကို ဖော် ပြထားပြီး စာရေးဆရာ Lois P. FRANKEL Ph.D ၏ Nice Girl Don't Get The Corner Office ကို မြန်မာ ပြန်ဆိုထားခြင်း ဖြစ်သည်။

ခေတ်မီတိုးတက်လိုသည့် အမျိုးသမီးများ ဖတ်ရှု လေ့လာသင့်သော ဘဝအောင်မြင်ရေး ကျမ်းဖြစ်ပြီး မော်မြန်မာစာပေမှ တန်ဖိုး ၁၅၀၀ိ/-ကျပ်သတ်မှတ် က ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

■ ကသာမိုး



www.burmeseclassic.com

www.burmeseclassic.com

## မျောက်မင်းစွန်းဂူခုံးသရုပ်ဆောင် မြန်မာပြည်သို့ ရောက်ရှိ

မျောက်မင်းစွန်းဂုခုံး ပါဝင်ခဲ့တဲ့ Journey To The West (အနောက်သို့ ခရီးသွားခြင်း) ဇာတ်လမ်းတွဲမှာ တရုတ်ဘုန်းကြီးတစ်ပါးနဲ့အတူ အိန္ဒိယနိုင်ငံကို ပိဋကတ်သုံးပုံ ပင့်ဆောင်ခဲ့တဲ့ ခရီးစဉ် ဇာတ်ဝင်ခန်းတွေထဲက မျောက်မင်းစွန်းဂုခုံးအဖြစ် သရုပ်ဆောင်ခဲ့တဲ့ မစ္စတာလူချင်ဟိုလင်းတန်ဟာ မြန်မာပြည်ကို ၂၁.၅.၂၀၁၄ ရက်နေ့က ရောက်ရှိလာခဲ့ပါတယ်။

ရောက်တဲ့နေ့မှာပဲ မစ္စတာလူချင်ဟိုလင်းတန်ဟာ ရန်ကုန်မြို့ရှိ ယဉ်ကျေးမှုတက္ကသိုလ်၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း ဗဟိုအမှုဆောင်တွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ အဲသည်နောက် နိုင်ငံတော်အဆင့် အကြီးအကဲတွေကို တွေ့ဆုံဂါရဝပြုဖို့ရာအတွက် နေပြည်တော်ကို ဆက်လက်ထွက်ခွာခဲ့တဲ့အကြောင်း သတင်းရရှိခဲ့ပါတယ်။

---

## Let's Go To Brazil အစီအစဉ်အတွက် ပရိုမိုးရှင်း ပြုလုပ်

မြဝတီရုပ်မြင်သံကြား အစီအစဉ်ကနေ ထုတ်လွှင့်ပြသလျက်ရှိတဲ့ Let's Go ရုပ်သံ ပရိဂရမ်အတွက် ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်အချိန်နဲ့အတူ ဘရာဇီးနိုင်ငံရဲ့ အလှအပတွေကို သွားရောက်ရိုက်ကူးကြမယ့် Let's Go အဖွဲ့သားတွေရဲ့ ပရိုမိုးရှင်းအစီအစဉ်ကို မေလ ၂၀ ရက်နေ့က ဂျမ်းရှင်းစက္ကဲယား ပရိမိုးရှင်းဧရိယာမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

Let's Go ရုပ်သံပရိဂရမ် အစီအစဉ်ဟာ ပြည်တွင်းရှိ ဒေသန္တရအလှအပတွေကိုလည်း ရိုက်ကူးထားပြီး ပေလီကမ်းခြေမှာ ရိုက်ကူးခဲ့တဲ့ အစီအစဉ်ကတော့ မြဝတီရုပ်သံမှာ ပြသလျက်ရှိပါတယ်။ Let's Go အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ဘန်နီဖြိုး၊ လွှမ်းပိုင်၊ ကျော်ထွဋ်ဆွေ၊ နန်းမြတ်ဖြိုးသင်း၊ Bobby Soxer နဲ့ နန်းသူဇာတို့ဟာ Let's Go To Brazil အစီအစဉ်အတွက် ဇွန်လ ၁၄ ရက်နေ့က ဘရာဇီးနိုင်ငံကို ထွက်ခွာသွားတဲ့အကြောင်း သတင်းရရှိပါတယ်။

---

## မောင့်ချစ်သူ Return နှင့် သားသား

ရဲရင့်အောင်နဲ့အတူ "အမုန်းဒိုင်ယာရီ" စီးရီးအယ်လ်ဘမ် ထွက်ရှိပြီး ပရိသတ်အားပေးမှုရလာတဲ့ သားသားဟာ အခုလည်း သူ့ရဲ့ပထမဆုံး တစ်ကိုယ်တော် တေးစီးရီးဖြစ်တဲ့ "မောင့်ချစ်သူ Return" ထွက်ရှိတော့မယ့်အကြောင်း စာနယ်ဇင်းအသိပေးမိတ်ဆက်ပွဲတစ်ရပ်ကို ၁၅.၅.၂၀၁၄၊ နေ့လယ် ၁ နာရီက Orchid City Hotel မှာ ကျင်းပခဲ့ပါတယ်။

သည်တေးစီးရီးဖြစ်ပေါ်လာဖို့ရာ အချိန်တစ်နှစ်နီးပါး ယူခဲ့ရပြီး သည်တေးစီးရီးမှာ နိုင်းဝမ်း၊ ရဲရင့်အောင်၊ မိစန္ဒီတို့နဲ့အတူ သားသားကိုယ်တိုင် ရေးဖွဲ့ထားတဲ့ သီချင်း ၁၃ ပုဒ် ပါဝင်ပါတယ်။ နိုင်းဝမ်း၊ ရဲရင့်အောင်၊ မိစန္ဒီ၊ ခေမာ(စူပါမော်ဒယ်လ်)တို့က Featuring ပါဝင်သီဆိုထားကြသလို Bo Bo Music ကနေ ဖြန့်ချိပေးသွားမယ်လို့လည်း သိရှိရပါတယ်



www.burmeseclassic.com

www.burmeseclassic.com

## 'ကျွန်မချစ်သော ...' နဲ့ မိတ်ဆက်ပေးခဲ့တဲ့ သရုပ်ဆောင် မိုးဟေကို

သရုပ်ဆောင် မိုးဟေကိုက "ကျွန်မချစ်သော . . ."လို့ အမည်ပေးထားတဲ့ Life Time Record Documentry Photo Album ကို မကြာမီ ဖြန့်ချိတော့မယ့်အကြောင်းနဲ့ အဲဒီ Photo Album နဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို စာနယ်ဇင်းတွေနဲ့ အသိပေးမိတ်ဆက်ပွဲတစ်ရပ် ၁၂.၅.၂၀၁၄၊ နံနက် ၁၀ နာရီက Park Royal ဟိုတယ်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဲသည်အခမ်းအနားမှာ "ကျွန်မချစ်သော..."နဲ့ ပတ်သက်တဲ့က အချက်အလက်တွေကို မိုးဟေကိုနဲ့ အတူ ပူးပေါင်းဖန်တီးခဲ့ကြတဲ့ ဒါရိုက်တာသုံးပေါင်၊ ဓာတ်ပုံလင်းထွန်း၊ တေးရေးအရိုးတို့ကလည်း အသီးသီး ဂုဏ်ပြုစကား ပြောဆိုခဲ့ကြပါတယ်။ "ကျွန်မချစ်သော . . ."မှာ Photo Album ဓာတ်ပုံတွေ၊ ခရီးသွား Documentry Movie တွေ၊ ဖက်ရှင်ဒီဇိုင်နာတွေနဲ့အတူ မိုးဟေကို ကြိုက်နှစ်သက်တဲ့ စကားစုတွေလည်း ပါဝင်မယ့်အကြောင်း သိရှိခဲ့ရပါတယ်။

---

## နိုင်ထက်အောင်၏ နှုင်းတုမရ မိနှင့်ဖ

တေးရေးနေထွဏ်းဦးရဲ့ စီစဉ်မှုနဲ့ မြန်မာသံဇဉ် အလွမ်းတေးစီးရီးတစ်ခွေ ထွက်လို့လာခဲ့ပါပြီ။ အဲသည် တေးစီးရီးခွေကတော့ နိုင်ထက်အောင်ရဲ့ "နှင်းတုမရ မိနှင့်ဖ"အမည်ရှိ Life Show ခွေလေးပဲ ဖြစ်ပါတယ်။ ပုံဖော်ရိုက်ကူးပေးသူက ဒါရိုက်တာ ညွှန့်လှိုင်လှိုင်ပါ။ တေးသီချင်းတွေကိုတော့ အောင်ငြိမ်းသက်၊ နေထွဏ်းဦး၊ နောက်တိုး၊ ဇေယျာနိုင်၊ မင်းထင်သာ၊ ကျော်လွင်ဦး၊ မင်းသားကြီးတို့က ရေးဖွဲ့ပေးထားကြပါတယ်။

တေးစီးရီးမှာပါဝင်တဲ့ သီချင်းတွေကတော့ မိမိုးကို လွမ်းနေသူ၊ တကယ်တော့ ချစ်ပါတယ်၊ ချစ်သမျှ ချစ်အမျှ အမေ၊ အညာမြေသို့ အလွမ်းပြေတေး၊ မန္တလာသားနဲ့ ရန်ကုန်သူ၊ အလွမ်းသီချင်း ဆက်ဆိုမယ်၊ ဆောင်းသဇင်တို့၏ သခင်မ၊ နှင်းတုမရ မိနှင့်ဖ၊ ဆူးကြားက နှင်းဆီ၊ သောင်ယံနှင့် မောင်နံ၊ ကိုယ့်အချစ် ပန်းဗေဒါ . . . စတာတွေဖြစ်ပြီး သုဇာခိုင်(ဆိုပျော်)ရဲ့ ကူညီသီဆိုပေးမှုနဲ့အတူ ထင်းရှူးရိပ် တေးသံသွင်းက တစ်နိုင်ငံလုံးကို ဖြန့်ချိပေးနေပြီဖြစ်ကြောင်း သိရှိရပါတယ်။

---

## သရုပ်ဆောင် ဟိန်းကိုကိုကျော် စာနယ်ဇင်းမိတ်ဆက်

သရုပ်ဆောင်သစ် ဟိန်းကိုကိုကျော်ရဲ့ စာနယ်ဇင်းမိတ်ဆက်ပွဲကို ၁၀.၅.၂၀၁၄ စနေနေ့ နံနက်ပိုင်းက City Hall မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အခမ်းအနားမှူးကတော့ ဆရာအောင်သျှိုင်း(ကျိုက်မရော)ပါ။

သရုပ်ဆောင်သစ် ဟိန်းကိုကိုကျော်ဟာ စာရေးဆရာမ ယဉ်ဝေလွင်(ပြည်)နဲ့ နန်းမုံဝေတို့ရဲ့ တူတော် မောင်ဖြစ်ပြီး "လတစ်စင်း၏ ချစ်ခြင်းအလင်္ကာ"ဇာတ်လမ်းတွဲမှာလည်း ပါဝင်သရုပ်ဆောင်ထားသူ ဖြစ်ပါတယ်။ အဲသည် မိတ်ဆက်ပွဲကို စာနယ်ဇင်းအသီးသီးမှ သတင်းထောက်များ၊ အယ်ဒီတာများ တက်ရောက်ခဲ့ကြတယ်လို့ သိရှိရပါတယ်။

**အမ်ကော** (စုစည်းတင်ပြသည်)

www.burmeseclassic.com

www.burmeseclassic.com




## ရှောင်ပါ့ မေ့သား

ဆော့ကစားရာမှ ပြန်လာသော သားငယ်သည် တစ်စုံတစ်ရာကို မကျေနပ်သည့်အလား ပွစိပွစိနှင့် တစ်ခါတစ်ရံ အသံထွက်၍ပင် ရှန့်ရင်းကြမ်းတမ်းစွာ ဆဲရေးလိုက်ပါသေး။ သည်တော့ ဘုရားပန်းလဲနေရာမှ ကြားလိုက်ရသည့် မိခင်မှာ

"လူလေး・・・အဲသည်လိုမျိုး ရှန့်ရင်းကြမ်းတမ်းတဲ့ စကားလုံးတွေနဲ့ မဆဲရဘူးလေ။ ဘုရားမကြိုက်၊ နတ်မကြိုက်ဘူး။ လူလိမ္မာသား ယဉ်ပါ။ လူမိုက်သား ရမ်းကားသတဲ့။ နောက်တစ်ခါ အဲသည်လို ဆဲရေးတိုင်းထွားတာမျိုး ကြားရလို့ကတော့ ကြိမ်လုံးစာ အကျွေးခံရမှာနော်"

ဟု ဆိုလေသည်။ သားတော်မောင်ကလည်း အားကျမခံ။

"အို・・・မေမေကလည်း ဟိုတစ်လောက ဂျာနယ်ထဲ မဖတ်လိုက်ရဘူးလား။ ပြည်ထောင်စုဝန်ကြီးတစ်ဦးလေ။ ရွာတစ်ရွာကိုရောက်တော့ ရွာသားတွေကို ဆဲရေးတိုင်းထွာတဲ့အကြောင်း・・・"

"ဟင်・・・ဟုတ်လား။ ဒါဆို လူလေး အဲသည်ပြည်ထောင်စုဝန်ကြီးနဲ့ တွေ့ရင် လုံးဝအဖက်မလုပ်နဲ့တော့နော်။ အကျင့်ဆိုးတွေ ကူးစက်ကုန်မှာ စိုးရတယ်"

❐

## ကော်သဗျာကရဏ

အသည်းရောဂါအထူးကု ဆရာဝန်ကြီးထံသို့ လူနာတစ်ဦး ရောက်လာကာ စိုးရိမ်မကင်းသောလေသံဖြင့် သူသိလိုသမျှကို မေးမြန်းပါလေ၏။

"ဆရာဝန်ကြီးရယ်・・・ကျွန်တော် အခုဖြစ်နေတဲ့ ရောဂါဟာ အသည်းရောဂါဆိုတာ သေချာပါတယ်နော်"

"သေချာတာပေါ့ဗျာ။ အသည်းမှ အသည်းအစစ်။ အဲ・・・နေစမ်းပါဦး။ ခင်ဗျားက ဘာဖြစ်လို့ သေချာ မသေချာ မေးနေရတာတဲ့လဲ"

www.burmeseclassic.com

"ဒီလိုပါ ဆရာဝန်ကြီးရယ်။ ကျွန်တော့်မိတ်ဆွေတစ်ယောက်ဟာ အသည်းရောဂါဖြစ်တယ်ဆိုလို့ အသည်းဆရာဝန်တစ်ယောက်ဆီမှာ ဆေးကုတာ။ သေတော့ အသည်းရောဂါမဟုတ်ဘဲ ကျောက်ကပ်ရောဂါဖြစ်နေလို့ပါ ဆရာဝန်ကြီးရယ်"

ဤတွင် အသည်းရောဂါအထူးကုဆရာဝန်ကြီးလည်း အောက်ပါအတိုင်း ပြောလိုက်လေသတည်း။

"ကျုပ်ဆီရောက်လာရင်တော့ လုံးဝဆို လုံးဝ မလွဲရဘူး။ ကျုပ်က အသည်းရောဂါလို့ သတ်မှတ်လိုက်ပြီဆိုရင် အဲသည်လူနာဟာ အသည်းရောဂါနဲ့ပဲ သေရစမြဲပါ"

"အောင်မလေး…ဗျာ"

❒

## ဘာသိလို့လဲ . . .

အချိန်က ညီအစ်ကို မသိတသိ။ နွားရိုင်းသွင်းချိန်ဟုလည်း ဆိုနိုင်သည်။

နေရာကား လူသူအသွားအလာ နည်းပါးလှသည့်နေရာ။

ထိုအချိန် ထိုနေရာဝယ် လူဆိုးနှစ်ဦးသည် လူတစ်ယောက်ကို ပုန်းကွယ်စောင့်စားရင်းမှ အခွင့်သာသည်နှင့် ဝင်ရောက်တိုက်ခိုက် လုယက်လေတော့သည်။

အရှယ်ချင်း၊ အင်အားချင်းက မမျှတ။

သည်တော့လည်း ခရီးသွားမှာ လုယက်သူနှစ်ဦးအား လက်မြှောက်အရှုံးပေးရပါလေတော့၏။ ဤတွင် ခရီးသွားထံမှ အဖိုးတန်ပစ္စည်းနှင့် ငွေကြေးများကိုရှာလေသော် ကံမကောင်းစွာ တစ်ထောင်တန်လေးတစ်ရွက်သာ ရသည်။ သည်တော့ လုယက်သူတို့မှ မကျေမချမ်း။

"ဟော့ကောင်ရာ…မင်းနှယ်၊ ဘာမျှအဖြစ်မရှိလိုက်တာ။ တစ်ထောင်တန်လေးတစ်ရွက်အတွက် အသားအနာခံပြီး တို့နှစ်ယောက်ကိုတောင် တုံ့ပြန်တိုက်ခိုက်ရဲတယ်။ ခုတော့ ဒဏ်ရာအနာတရ ရပြီမဟုတ်လား"

သည်တော့ လုယက်ခံရသူက ဘာမျှားပြန်ပြောပါသနည်း။

"မခုခံလို့ ရမလားဗျ။ ကျုပ်ရဲ့အတွင်းခံ ဘောင်းဘီအိတ်ထဲမှာ ဆွဲကြိုးတစ်ကုံး ဝှက်ထားတဲ့ဥစ္စာ…"

❒

## ဘူအတိုင်းပဲ ကောင်းပါတယ်

ဖိုးညှက်သည် ပထဝီဘာသာရပ်နှင့် ပတ်သက်လျှင် မြန်မာ့မြေပုံတို့၊ ကမ္ဘာ့မြေပုံတို့ ဆွဲရမှာကို လုံးဝ စိတ်မပါလှပေ။ သို့ဖြစ်၍ မကြာခဏဆိုသလို ပထဝီဆရာမ၏ ဒဏ်ပေးခြင်းကို ခံရလေ့ရှိသည်။

တစ်နေ့ ပထဝီဘာသာရပ် သင်ကြားရမည့်အချိန်၌ ဆရာမဝင်လာပြီး ကမ္ဘာ့မြေပုံကားချပ်ကြီးအား ဘောတွင်ချိတ်ကာ အတန်းသူ၊ အတန်းသားတို့အား ကမ္ဘာ့မြေပုံကို ကူးဆွဲစေ၏။ အတန်းသားအားလုံး ညီညာဖျဖျ ရေးဆွဲကြသော်လည်း ဖိုးညှက်မှာမူ ပုံမဆွဲဘဲ ငေးတိငေးကြောင် လုပ်နေသည်။ ထိုအခါ ဆရာမ အနားသို့ရောက်လာပြီး -

"ဟဲ့…ဖိုးညှက်၊ အတန်းသားတွေအားလုံး ပုံလိုက်ဆွဲနေကြတဲ့ဥစ္စာ။ မင်းက ဘာဖြစ်လို့ ပုံလိုက်မဆွဲတာတဲ့တုံး"





www.burmeseclassic.com

www.burmeseclassic.com

# ပြုံးချိုမှုဆိုင်ရာရယ်စရာ

ဤတွင် ဖိုးညွှက်လည်း သူ့အကြောင်းပြချက်နှင့်သူ အောက်ပါအတိုင်း အဖြေပေးလိုက်ပါသည်။

"ဘာ့ကြောင့်လိုက်မဆွဲတာလဲဆိုတော့ ကျွန်တော်ဆွဲလိုက်ရင် နဂိုမူလ အသားကျနေတဲ့ ကမ္ဘာ့မြေပုံကြီးဟာ နေရာတွေ အလွဲလွဲအချော်ချော်နဲ့ ပုံပျက်ပန်းပျက် ဖြစ်သွားမှာ စိုးလို့ပါ ဆရာမ"

ဆရာမမှာတော့ ပါးစပ်အဟောင်းသား...။

❐

## စဉ်းစားသာ ကြည့်ပေတော့

ရွှေပန်းတောရွာသား ဖဲသမားညွန့်တင်ဟာ ဖဲဝါသနာတင်မကဘူး၊ ယစ်ရွှေရည်ကိုပါ နှစ်သက်တဲ့ သကောင့်သား တစ်ဦးပါ။

တစ်ညနေခင်း သောက်ဖော်စားဖက် ဆကာကြီး ကျွဲသိုးနဲ့ လည်ပင်းဖက်ပြီး အချိန်မတော်မှ အိမ်ပြန်ရောက်လာတယ်။ ကျွဲသိုးလည်း ညွန့်တင်ကို စိတ်ချစွာပို့ပြီးခဲ့ပြီမို့ ပြန်ထွက်သွားတယ်။

ဇနီးသည် ခင်နှင်းအဖို့ ဖဲသမားညွန့်တင်(ခ) ယစ်ထုပ်ညွန့်တင်နဲ့ အိမ်ထောင်ကျခဲ့တဲ့ သက်တမ်းက နည်းမှ မနည်းတော့ လင်တော်မောင်သကောင့်သား ဘာလုပ်လုပ် ဘာကိုင်ကိုင် ထုံနေပါပြီ။ ဒါပေမဲ့ လင်တော်မောင်နဲ့တွဲနေကျ အရုပ်ကလေး မင်းသိမ်းကို မတွေ့ရတာကြာတော့ အံ့ဩသလိုဖြစ်ပြီး မေးပါတယ်။

"ရှင်...ကိုမင်းသိမ်းနဲ့ ဘာဖြစ်လို့ ဖဲမရိုက်တော့တာလဲဟင်"

သည်တော့ သကောင့်သား ညွန့်တင်ကလည်း ရှင်းရှင်းနဲ့ ဘွင်းဘွင်းဆိုသလို ရင်ဖွင့်ပြောဆိုပါတယ်။

"မင်း စဉ်းစားကြည့်စမ်း ခင်နှင်း။ ဖဲပွတ်နေရင်းက ရထားတဲ့ ဖဲပွင့်တွေကို အလိုမကျဖြစ်လို့ ငါချင်းမိုးမွှန်အောင် ဆဲတဲ့သူ၊ ဖဲခိုးတဲ့သူ၊ ဖဲလိမ်တဲ့သူ သည်လိုလူမျိုးနဲ့ဆိုရင် မင်းအနေနဲ့ အတူတူ ဖဲကစားနိုင်ပါ့မလား"

"ဟင့်အင်း။ ဘာဖြစ်လို့ ကစားရမှာတဲ့လဲ။ သည်လောက် အကျင့်မကောင်းတဲ့သူများ..."

"အေးလေ၊ ခုလည်း ရှင်းနေတာပဲ။ အရုပ်ကလေး မင်းသိမ်းကလည်း ဘယ်ကစားပါ့မလဲလို့"

❐

## တစ်ပုံစံတည်းမှ မဟုတ်ကြဘဲ

ဝက်ကုန်သည် ဦးကျော်စိန်ဆိုတဲ့ ဘော့စ်တစ်ယောက် ကားအကောင်းစားကြီးစီးပြီး ကုန်တိုက်ကြီးရှေ့ကို ရပ်လိုက်ပါတယ်။ ပြီးတော့ တစ်တောင်လောက်ရှိတဲ့ ပိုက်ဆံအိတ်ကြီးကို ချိုင်းကြားညှပ်ရင်း ကုန်တိုက်ထဲကို ဝင်လာခဲ့ပါတယ်။

အမျိုးသမီးဝတ်စုံတွေ ရောင်းတဲ့နေရာကို လျှောက်ကြည့်ရင်း ဘရာစီယာ ငါးထည်ကို ရွေးလိုက်ပြီး ဝယ်လိုက်ပါတယ်။ သည်တော့ စာရေးမလေးဟာ ပါးစပ်အဟောင်းသားဖြစ်ပြီး...

"ဝယ်တာကတော့ ဝယ်ပါ။ များများဝယ်လေ ကျေးဇူးတင်လေလေပါ။ ဒါပေမဲ့ ဆရာကြီး ခုဝယ်လိုက်တဲ့ ဘရာစီယာငါးထည်က တစ်ထည်နဲ့တစ်ထည် ဆိုဒ်လုံးဝ မတူဘူးနော်။ ကြီးတာရော၊ အရွယ်တော်ရော၊ ခပ်လတ်လတ်ရောပဲ"

"ဒီမယ် ကလေးမ၊ ဆိုဒ်တွေ မတူလည်း ကိစ္စမရှိဘူး။ ကျုပ်ယူထားတဲ့ မိန်းမငါးယောက်စလုံးဟာ တစ်ယောက်နဲ့တစ်ယောက် ဆိုဒ်မတူကြဘူးလေ"

"ရှင်..."

❐



www.burmeseclassic.com

www.burmeseclassic.com

## ဖြစ်ချင်တော့ ...

အမြဲတမ်း မွှမ်းမံပြင်ဆင် ခြယ်သနေရမှ ဘဝင်ကျသော မိန်းမနှင့် မေ့လျော့တတ်သော ယောကျ်ားတို့ ဖူးစာဖက်မိကြလေ၏။

သည့်အတွက် ပျားရည်ဆမ်းခရီးတစ်ခုထွက်ရန် သင်္ဘောဆိပ်ရှိရာသို့ ဆင်းခဲ့ကြလေ၏။ မိန်းမဖြစ်သူ ယူဆောင်လာသော အလှပြင်ပစ္စည်းတို့မှာ မနည်းမနော။ သင်္ဘောထွက်ရန်ကား မိနစ်ပိုင်းမျှသာ လိုတော့သည်။ ဤတွင်ယောကျ်ားထံမှ ပွစိပွစိ စကားသံများ ထွက်ပေါ်လာ၏။

"တောက် . . . မှန်တင်ခုံကြီးပါ တစ်ခါတည်း ယူခဲ့လိုက်ရင် အကောင်းဆုံးပဲ"

သည်စကားကြားတော့ မိန်းမလည်း သူ့ကို ရွဲ့စောင်းပြောဆိုရပုံမလားဟုဆိုကာ အငေါ်တူးလေတော့၏။

"ဒါ . . . ရှင် ကျွန်မရဲ့ဝါသနာကို ကဲ့ရဲ့လိုစိတ်နဲ့ ငေါ့ပြောလိုက်တာပေါ့နော်၊ ဟုတ်လား"

ဤတွင် ယောကျ်ားလည်း ပျာပျာသလဲဖြင့် လက်ဝါးကလေးတခါခါလုပ်ကာ . . .

"မင်းကို စောင်းတာ၊ ရွဲ့တာ မဟုတ်ရပါဘူးကွာ။ မေ့တတ်လွန်းတဲ့ ငါ့ဦးနှောက်ကို ဘဝင်မကျလို့ပေါ့။ ဘာဖြစ်လို့ဆို သင်္ဘောလက်မှတ်နှစ်စောင်လုံး မင့်မှန်တင်ခုံရဲ့ အံဆွဲထဲမှာ ကျန်နေခဲ့လို့ပေါ့ . . . ကျန်နေခဲ့လို့"

"ရှင် . . ."

❒

## စည်းကမ်းအထုတ်ကောင်းလို့



တူမလေး ချစ်ယမုံ လက်ထပ်တော့မည်ဆိုသည့် သတင်းကြားသိလိုက်ရသည့်အတွက် ရပ်ဝေးနေ အဒေါ်ဝမ်းကွဲတစ်ယောက် ရောက်လာပြီး ဝါသနာဗီဇ အရင်းခံအတိုင်း စပ်စပ်စုစုလုပ်ကာ တစ်ဖက်သားက မတောင်းခံပါဘဲနှင့် အကြံဉာဏ်တွေကို မယူချင်မှအဆုံး တစ်ပေးတည်း ပေးနေတော့၏။

"ချစ်ယမုံရေ . . . ငါ့တူမချောလေးက မကြာခင် လက်ထပ်တော့မယ်ဆိုတော့ အကြံဉာဏ်ပေးရဦးမယ်။ မယားနေစ ကြောင်သေမှ ဆိုတဲ့စကားရှိသလို၊ လင်နေစ ဆင်သေမှ ဆိုတာလည်း ရှိသကွဲ့။ သည်တော့ ယောကျ်ားတွေကို ဘယ်တော့မှ ပစားမပေးရသလို၊ အလွယ်တကူ လိုက်လျောမှုမျိုးလည်း မလုပ်ရဘူး။

အန်တီ့လက်ထပ်တုန်းကဆိုရင် လက်ထပ်တဲ့နေ့မှာပဲ စည်းကမ်းချက်တွေကို ပြတ်ပြတ်သားသား ထုတ်ပြန်လိုက်တယ်"

"ဘယ်လိုစည်းကမ်းတွေပါလိမ့်၊ လုပ်စမ်းပါဦး အန်တီရယ်"

"အေး . . . ဘာတွေလဲဆိုတော့ ကွမ်းမစားရဘူး၊ ဆေးလိပ်၊အရက် မသောက်ရဘူး၊ လောင်းကစားမလုပ်ရဘူး။ အလုပ်ဆင်းတာနဲ့ အိမ်ကို စောစောပြန် . . . ဆိုတာတွေပဲပေါ့"

"ဟယ် . . . ကောင်းလိုက်တာ။ အခု အန်တီ့ယောကျ်ား အိမ်မှာ ရှိသလားဟင်"

"ပြောမပြောချင်ပါဘူးကွယ်။ သေနာကျ ဘိန်းသမား၊ အရက်သမား၊ ဖဲသမား ညွှန့်တင်ဆိုတဲ့ အန်တီ့ယောကျ်ားဟာ စည်းကမ်းချက်တွေ ထုတ်ပြန်တဲ့နေ့ကစပြီး အိမ်ကို ပြန်မလာဘဲ ခြေရာဖျောက်သွားတယ်။ အနှစ်နှစ်ဆယ်ကျော်သွားပြီကောလေ . . ."

"အယ် . . ."


မြို့မေတ္တာခံယူမယ်

■ ကိုရွှေတောသား

www.burmeseclassic.com

www.burmeseclassic.com

# ဘိန်း နှင့် ဘိန်းပင်



ဘိန်းသည် ဘိန်းသီးမှ ရရှိသော အဆီဖြစ်သည်။ ဘိန်းပင်မှ ဖေဖော်ဝါရီလကုန်လောက်တွင် ပန်းများပွင့်၍ မိုးမကျမီ အသီးများ ကောင်းစွာကြီးရင့်ကြသည်။ ဘိန်းပင်သည် ပန်းပင်အရွယ် အပင်ငယ်ကလေးများ ဖြစ်သည်။ ပန်းပွင့်များမှာ ဆွတ်ဆွတ်ဖြူ၍ အသီးများမှာ အစိမ်းရောင်ဖြစ်သည်။ ဘိန်းပင်သည် စွတ်စိုသော ရာသီဥတုကို ခံနိုင်ရည် မရှိသည့်အတွက် ဘိန်းသီးများမှ ဘိန်းဆီကို မိုးမကျမီ ထုတ်ယူကြရသည်။

ဘိန်းဆီ ထုတ်ယူပုံမှာ ဘိန်းသီးများ၏ အခွံပေါ်၌ ခြစ်ကြောင်းကလေးများ ပြုလုပ်ပေးရ၍ ထိုခြစ်ကြောင်းများမှ ထွက်လာသော ပန်းရောင်ဖြစ်သည့် စေးကပ်ကပ် အဆီကို သိမ်းဆည်းယူရသည်။ ဘိန်းခင်း အလုပ်သမားတို့သည် နှစ်ရက်ခြား သုံးရက်ခြားတစ်ခါ ပင်တိုင်းစေ့ လိုက်ပြီးလျှင် ဘိန်းသီးများကို ခြစ်ပေးရ၍ နှစ်ကြိမ်မှ ခြောက်ကြိမ်အထိ ထိုကဲ့သို့ ခြားပြီးခြစ်ပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com


ဘိန်းသီးများမှရသော ဘိန်းဆီကို ခွက်ပြားကြီးများတွင် ထည့်၍ ရက်သတ္တ ၄ ပတ်ခန့် နေပူလှန်းပေးသောအခါ ရေခြောက်ခန်းသွားသည့်အတွက် ပျစ်ခဲလာသည်။ ထို့နောက် ပျစ်ခဲနေသော အဆီကို နယ်ပေးရ၍ အလုံးများ ပြုလုပ်ပြီးလျှင် ဘိန်းလုံးများကို လုံးဝသွေ့ခြောက်သွားသည်အထိ နေပူတွင် ထပ်တလဲလဲ လှန်လှော်ပြီး လှန်းပေးရပြန်သည်။ သွေ့ခြောက်သွားသောအခါ ဘိန်းလုံးများကို သေတ္တာများတွင်ထည့်၍ ကာလအတော်ကြာအောင် သိမ်းဆည်းထားလိုက်လေသည်။

ဘိန်းသည် ဆေးဝါးဖက်၌ အလွန်အဖိုးတန် အသုံးဝင်သော ပစ္စည်းဖြစ်သော်လည်း ဘိန်းစားသူ ဘိန်းရှူသူများအတွက် အကြီးအကျယ် တိတ်တိတ်ပုန်း ဘိန်းကုန်ကူးမှုများ ရှိခဲ့လေသည်။ ဘိန်းကုန်ကူးသည့် ကိစ္စကို လက်ဝါးကြီးအုပ်လိုမှုကြောင့် ရှေးက ပြည်ထောင်ခွင်းချင်း စစ်မက်များပင် ဖြစ်ပွားခဲ့ရဖူးလေသည်။ ဘိန်းသည် လူကို အကျင့်စာရိတ္တများ ပျက်ပြားစေခြင်း၊ စိတ်ဓာတ်ညှိုးဖွင်းစေခြင်း၊ ကျန်းမာရေး ချို့တဲ့စေခြင်း စသော ဆိုးကျိုးများကို ပေးတတ်သဖြင့် နိုင်ငံတိုင်းရှိ အစိုးရများက ဘိန်းရောင်းဝယ် သုံးစွဲရေးကို ဥပဒေများဖြင့် ကြပ်မတ်ကာကွယ်ထားကြရသည်။ အထူးသဖြင့် တရုတ်နိုင်ငံတွင် ယခင်က ဘိန်းစားသူ ဘိန်းရှူသူ အလွန်ပေါများသည့်အတွက် ဥပဒေဖြင့် ပြင်းထန်စွာ အရေးယူ ပိတ်ပင်ခဲ့ရပေသည်။ ဤသို့ အစိုးရအသီးသီးက အရေးယူလျက်ရှိသော်လည်း တိတ်တိတ်ပုန်း ဘိန်းကုန်ကူးသူများနှင့် တိတ်တိတ်ပုန်း ဘိန်းစားသူ ဘိန်းရှူသူများကား ကမ္ဘာအနှံ့တွင် ရှိမြဲ ရှိကြသေး၏။ သို့သော် ဘိန်းဖြတ်ဆေးရုံများတွင် ကုသပျောက်ကင်းသူများလည်း အများပင် ရှိပေသည်။

ဘိန်းသည် အလွဲသုံးစားပြုသူတို့အား အကျိုးယုတ်စေနိုင်သည် မှန်သော်လည်း ဆေးဖက်တွင်မူ လူတို့၏ ရောဂါဝေဒနာ သက်သာရေးအတွက် အထူးပင် အသုံးဝင်သည်။ ဆေးဖက်တွင် အသုံးပြုပုံမှာ ဘိန်းမှ ဖော်စပ်ရရှိသော အိုပီယိတ် ခေါ် ဆေးတစ်မျိုးကို အိပ်မပျော်နိုင်လောက်အောင် ဝေဒနာ ပြင်းထန်နေသော လူနာတို့၏ ကိုယ်တွင်းသို့ ထိုးသွင်းပေးရသည်။ ထိုအခါ ဘိန်းအရှိန်ကြောင့် ခံစားနေရသည့် ဝေဒနာ သက်သာပြီးလျှင် လူနာမှာ ကောင်းစွာအိပ်ပျော်သွားတော့သည်။

ကမ္ဘာတွင် ဘိန်းကို အကြီးအကျယ် စိုက်ပျိုးသော နိုင်ငံများမှာ အိန္ဒိယ၊ အီရန်၊ တူရကီ၊ မက်ဆီဒိုးနီးယား၊ ဗူလဂေးရီးယား၊ အီဂျစ်၊ အာရှမိုင်းနားနှင့် တရုတ်နိုင်ငံတို့ ဖြစ်ကြသည်။ ဘိန်းခင်းများကို မစိုက်ပျိုးမီ ကောင်းမွန်စွာ ပြုပြင်ပေးရ၍ အိန္ဒိယနိုင်ငံ ဂင်္ဂါမြစ်ရိုးတစ်လျှောက်တွင် အလွန်ကျယ်ဝန်းသော မြေပြန့်ပေါ်၌ စိုက်ပျိုးထားသော ဘိန်းခင်းကြီးများကို တွေ့နိုင်ပေသည်။

ဘိန်းပင်သည် ဥယျာဉ်များထဲတွင် အလှစိုက်ပျိုး


ဘိန်းသီးပုံ


ဘိန်းသီးမှ ဘိန်းဆီခြစ်ယူနေပုံ



www.burmeseclassic.com

www.burmeseclassic.com

သော ပန်းပင်မျိုးဖြစ်၍ အမျိုးပေါင်း ၅၀ ခန့်မျှ ရှိသည်။ ပန်းပွင့်များမှာ အပင်အမျိုးကိုလိုက်၍ အဖြူ၊ အနီ၊ ပန်းရောင်၊ အဝါ၊ လိမ္မော်၊ ကြက်သွေး စသည်ဖြင့် အရောင်အမျိုးမျိုး ရှိကြသည်။ ငိုက်နေသော အဖူးများ၊ လှပစွာ အစွမ်းကုန် ပွင့်နေကြသော အပွင့်များနှင့် ပိုးရောင်တောက်နေသည့် ပွင့်ချပ်များကို တွေ့ရသည်မှာ စိတ်ကို များစွာပျော်ရွှင်စေလေသည်။

ဤဥယျာဉ်စိုက် ဘိန်းပင်များကို ဘိန်းပင်အရိုင်းအမျိုးမျိုးတို့မှ ရွေးချယ်ခြင်းဖြင့်လည်းကောင်း၊ မျိုးစပ်ယူခြင်းဖြင့်လည်းကောင်း ရရှိခဲ့လေသည်။ ထိုဘိန်းပင်အရိုင်းများထဲတွင် ရုက္ခဗေဒ အမည်အားဖြင့် ပါပေးဗားဆွမ်နီဖာရမ် ဟုခေါ်သော ဘိန်းထွက်သည့် ရှေးအကျဆုံး ဘိန်းပင်မျိုးသည် အရင်းခံပင်မ ဖြစ်သည်။ ဥရောပတောင်ပိုင်းနှင့် အာရှတိုက် အနောက်ပိုင်းဒေသများသည် ဤဘိန်းထွက်သော ဘိန်းပင်များ မူလပေါက်ရာ အရပ်များ ဖြစ်သော်လည်း ဘိန်းရရှိရေးအတွက် အီရန်၊ အိန္ဒိယနှင့် တရုတ်နိုင်ငံများတွင် အကြီးအကျယ် စိုက်ပျိုးကြသည်။ ဘိန်းသီးအခွံပေါ်ရှိ ခြစ်ကြောင်းကလေးများမှထွက်သော အစေးသည် တဖြည်းဖြည်း ခြောက်လာ၍ နောက်တွင် ဘိန်းအကြမ်းစား ဖြစ်လာလေသည်။ သီးတောင့်ထဲရှိ အစေ့များမှ ရောင်စုံဆေးခြယ်ရာတွင်သုံးသော ဆီဆေးနှင့် စားသုံးဆီများကို ရနိုင်သည်။

ကြက်သွေးရောင်ပွင့်သော ဘိန်းပင်များသည် ဂရိတ် ဗြိတိန်ရှိ ဂျုံခင်းများနှင့် ဥရောပနိုင်ငံများတွင် အလေ့ကျပေါက်ကြသည်။ သို့သော် တောင်သူလယ်သမားများအဖို့ကား ပေါင်းပင်များသာဖြစ်၍ အနှောင့်အယှက် ဖြစ်ပေသည်။ ပထမကမ္ဘာစစ်ကြီးအတွင်း ဖလန်းဒါးနယ် စစ်မြေပြင်များတွင်ပေါက်သော ဘိန်းပင်များသည် ဤကြက်သွေးရောင် ဘိန်းပင်များပင် ဖြစ်ကြသဖြင့် 'ပေါ်ပီနေ့' ဟူသော အမည်ပေါ် ပေါက်လာခဲ့ပေသည်။ တစ်ခါစိုက်ထားလျှင် ပြန်စိုက်ရန်မလိုဘဲ နှစ်တိုင်း အစေ့များကျ၍ ပြန်ပေါက်ကြသည်။

အဝါရောင်ပွင့်သော ဘိန်းပင်များသည် ဗြိတိန်နိုင်ငံရှိ တောင်တန်းဒေသများတွင် ပေါက်ရောက်၍ အခြားတစ်မျိုးမှာ ပင်လယ်ကမ်းခြေတစ်လျှောက်တွင် ပေါက်ကြသည်။

***(မြန်မာ့စွယ်စုံကျမ်း၊ အတွဲ-၈ စာအုပ်၊ စာမျက်နှာ-၃၈၁ မှ ၃၈၃ ကို ပြန်လည်ဖော်ပြသည်)***



မြန်မာ့စွယ်စုံကျမ်း၊ အတွဲ-ဂ စာအုပ်၊ စာမျက်နှာ ၃၇၂ မှ ပုံကို ပြန်လည်ဖော်ပြသည်



www.burmeseclassic.com

www.burmeseclassic.com







# အန္တရာယ်

နန္ဒာမိုးကြယ်

ဘိန်း၊ဘင်း၊ကဆော်
လော့်စလျှင် အရက်။
သုံးစွဲသူ လူအများ
စီးပွားတွေပျက်။
ဆေးခြောက်လျှင် တစ်ဆီပ
စိတ်ကြွဆေး အလီလီ။
သုံးစွဲလျှင် တစ်ဘဝလုံး
ပျက်သုဉ်းလိမ့်မည်။
ကွမ်းစားဆေး စုံတွေ့ညီ
ကင်ဆာမည့် ရောဂါဆိုး။
မရှောင်ရှားလျှင်ဖြင့်
နောင်များခါ အခြေပွင့်လို့ရယ်
သေမင်းနှင့်တို့။

မူးယစ်ဆေး ဆိုသည်မှာ
ဘီလူးအဖြစ် သွေးသားမျိုးသမို့
တလေးတစား အရေးထားကာပ
ရှောင်ရှားကြပါ။
လူသားတို့ ဘဝတာ
လန်းဖြာဖို့ သတိတရ
ကျန်းမာဖို့ အဓိက။
လန်းဖြာ ကျန်းမာပါမှ
ကိုယ့်တိုင်းပြည် သာယာလှမယ့်ဖြင့်
ကိုယ်ကျရာ တာဝန်ထမ်းပါလို့
အနာဂတ်ခရီးလမ်းကို
လှမ်းနိုင်မည်ပ ■ ■

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးဆောင်းပါး

# ပေါင်းစုအားနှင့် တိုက်ဖျက်စို့

နန္ဒာမိုးကြယ်

နှစ်စဉ် မေလ(၃၁)ရက်နေ့ ကျရောက်ပြီဆိုလျှင် မိမိတို့ မြန်မာနိုင်ငံ၌ 'ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့' အဖြစ် ကျင်းပလေ့ရှိစမြဲ ဖြစ်ပါသည်။ ၎င်းနေ့နှင့် စပ်လျဉ်း၍ 'ဆေးလိပ် ဆေးရွက် ရှောင်ကြဉ်မှ လူမှုဘဝချမ်းသာရ' ဟူ၍လည်းကောင်း၊ 'ဆေးလိပ်ငွေ့ကင်းစင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး' ဟူ၍လည်းကောင်း၊ 'ဆေးလိပ်နှင့် ကျန်းမာရေး ကြိုက်ရာရွေး' ဟူ၍လည်းကောင်း စသော ဆောင်ပုဒ်များကို နှစ်ကာလအလိုက် ထုတ်ပြန်ခဲ့ရာ ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ် ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းက 'RAISE TAXES ON TOBACCO' ဟူသော ဆောင်ပုဒ်ကို ပေးထားပေရာ မိမိအနေဖြင့် 'ဆေးလိပ်ဆေးရွက် အခွန်မြှင့်၊ လူမှုဘဝဂုဏ်ထည်တင့်' ဟူ၍ အမည်ပေးလိုပါသည်။

ဆေးလိပ်၏ မြစ်ဖျားခံရာ မူလဘူတသည် ဆေးရွက်ကြီး ဖြစ်ပါသည်။ ဆေးရွက်ကြီး၏ ဇာတိအခြေခံသည် အမေရိကတိုက်မှ ဖြစ်သည်။ ၁၆ ရာစုနှစ်သို့ ရောက်သောအခါ ဆေးရွက်ကြီးသည် အင်္ဂလန်နိုင်ငံသို့ ပြန့်ပွားရောက်ရှိခဲ့ပြီး ၁၉ ရာစုနှစ်သို့ ဝင်လေသော် ဥရောပ၊ ပြင်သစ်တစ်ခွင်၌ တွင်ကျယ်နေခဲ့ပေပြီ။ ဆေးရွက်ကြီး၏ ပြန့်ပွားမှုအဟုန်ကား ကြောက်ခမန်းလိလိဟု ဆိုရမည်သာပင်။ ဥရောပ၊ ပြင်သစ်တို့၌ အခြေချခဲ့ရုံမျှမက အာရှ၊ အာဖရိကနှင့် တရုတ်နိုင်ငံများသို့ပါ အုပ်စီးသွားခဲ့ပြန်ပါသည်။ ဆေးရွက်ကြီးကို အခြေခံ၍ ကွမ်းစားရာ၌ ဆေးရွက်ကြီးသက်သက်အပြင်၊ ဓာတုနည်းပညာရပ်များနှင့် ပေါင်းစပ်လျက် ဆေးမွှေး၊ ဆေးပေါင်းအမျိုးမျိုးတို့ကို ဖော်စပ်စားသုံးလာကြသည်။ ဆေးရွက်ကြီးသည် ဆေးလိပ်၌ မပါမဖြစ် အဓိကကျ



www.burmeseclassic.com

www.burmeseclassic.com

သောအရာဖြစ်ပြီး ဆေးရွက်ကြီးကို ဆေးပေါင်းရုံတွင် ပေါင်းလျက် စီးကရက်အဖြစ် ထုတ်လုပ်သောက်သုံးကြပြန်သည်။

စင်စစ် ဆေးရွက်ကြီးသည် လူသားတို့အပေါ် မည်သည့်အာဟာရမျှ ပေးစွမ်းခြင်း မရှိဘဲ ရောဂါအန္တရာယ် အမျိုးမျိုးကို ဖိတ်ခေါ်ကာ ကျန်းမာရေးကို ဆိုးရွားစေနိုင်စွမ်းသာ ရှိပါသည်။ ကွမ်းစားရာ၌ ဆေးရွက်ကြီးနှင့်တကွ ဆေးပေါင်း ဆေးမွှေးအမျိုးမျိုးတို့ကို စားသုံးသဖြင့် မလိုလားအပ်သော လည်ချောင်းကင်ဆာ၊ လျှာကင်ဆာ၊ သွားဖုံးကင်ဆာ၊ ခံတွင်းကင်ဆာတို့ကို ဖြစ်ပွားစေပါသည်။ ဆေးရွက်ကြီးသည် စမ်းသပ်သုံးစွဲသူတို့အား တဖြည်းဖြည်း စွဲလမ်းသွားစေနိုင်၏။ စွဲလမ်းမှု ကြီးမားလာပါက ဖြတ်တောက်ရ ခက်ခဲလှပါသည်။ အထူးသဖြင့် ကျောင်းသားအရွယ် လူငယ်တို့သည် အတုမြင် အတတ်သင်ချင်ကြသည်။ လူကြီးများ သောက်သုံးသည်ကို တွေ့မြင်ရာမှသော်လည်းကောင်း၊ ရုပ်ရှင်၊ ဗီဒီယိုများ၌ မင်းသား၊ မင်းသမီးတို့ သောက်သုံးနေသည်ကို ကြည့်ရှုမိရာမှသော်လည်းကောင်း စတိုင်တစ်မျိုးဟု မှတ်ယူကာ အကဲစမ်းကြတော့သည်။ ထိုမှ ဖြတ်ရခက်ခဲလောက်အောင် စွဲလမ်းသွားကြသည်ပင်။

ဆေးရွက်ကြီးကား လူသားတစ်မျိုးနွယ်လုံးကို လူညွန့်တုံးစေမည့် အန္တရာယ်အရွယ်ဆိုလျှင် မမှားပေ။ ဆေးရွက်ကြီး၌ နီကိုတင်းဓာတ်နှင့် ကတ္တရာ(ခေါ်)ဆေးချေးတို့သည် အဆိပ်ဓာတ်များပင် ဖြစ်ချေသည်။ ဆေးရွက်ကြီး ပါဝင်သော ဆေးလိပ်ကို ရှူရှိုက်ခြင်းအားဖြင့် နီကိုတင်း အငွေ့များသည် အဆုတ်တွင်းသို့ ရောက်ရှိသွားလေ၏။ ထိုအခါ ကျန်းမာရေးကို တစ်စစီ ဖဲ့ချွေတော့သည်။ မူလပကတိ သန့်ရှင်းသော အဆုတ်ကို ညစ်ညမ်းစေသည်။ သွေးကြောများကို ကျဉ်းစေသည်။ သွေးကြောနံရံများကို ပျက်စီးစေ၍ သွေးတို့ကို ခဲစေသည်။ သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့် လေဖြတ်ခြင်းတို့ကို ဖြစ်စေသည်။ ခြေလက်တို့ကို ပုပ်စေသည်။ တစ်ကြိမ်တစ်ခါ ဖွာရှူခြင်းဖြင့်ပင် ပါးစပ်နှင့် ခံတွင်းတို့ကို နံစော်စေသည်။

အချို့က ဆေးရွက်ကြီးအား ဆေးတံဆုံတွင်ထည့်ကာ သောက်သုံးကြသည်။ ဆေးလိပ်ဖြစ်စေ၊ ဆေးတံဖြစ်စေ သောက်သုံးပါက သောက်သုံးသူသာ ဘေးဒုက္ခရောက်သည်မဟုတ်။ ပတ်ဝန်းကျင် ဘေးအနီးနားမှ လူများကိုလည်း ဆေးလိပ်ငွေ့၊ ဆေးတံငွေ့များက ဘေးဒုက္ခပေးနိုင်ပါသည်။ ၎င်းအငွေ့များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရှူရှိုက်မိသည့်အတွက်ကြောင့် အဆုတ်ရောဂါ၊ ခံတွင်းကင်ဆာရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိမှုန် မျက်စိကွယ်ခြင်း၊ အသက်ရှူမဝခြင်း၊ သားသမီး မရနိုင်တော့ခြင်း၊ သားလျှောခြင်း၊ မွေးလာသည့်အခါ ကိုယ်အင်္ဂါချို့ယွင်းခြင်း၊ ရင်ကျပ်ပန်းနာဖြစ်ခြင်းစသော ဆိုးကျိုးများကို ရရှိနိုင်ပါသည်။ ဆေးရွက်ကြီးကို ဆေးပေါင်းရုံတွင်ပေါင်းလျက် ဖြစ်တည်လာသော စီးကရက်သည်လည်း လူသားတို့၏ ကျန်းမာရေးကို ဖျက်ဆီးဒုက္ခပေးလျက်ရှိပါသည်။ စီးကရက်ကို ဖွာရှိုက်ရာမှ ထွက်ပေါ်လာသော ကာဗွန်မိုနောက်ဆိုဒ်ဓာတ်သည် အဆုတ်မှတစ်ဆင့် သွေးကြောထဲသို့ ရောက်ရှိသွားပြီး အောက်ဆီဂျင်နေရာတွင် အစားထိုးဝင်ရောက်နေရာယူသည့်အတွက် နှလုံးသွေးကြောဆိုင်ရာ ရောဂါဝေဒနာများ ဖြစ်ပွားစေပါသည်။

စီးကရက်ကို မီးညှိဖွာရှိုက်ရာမှ ပြန်ထုတ်သော စီးကရက်အငွေ့တွင် ဓာတုပစ္စည်းပေါင်း ၃၀၀ ကျော် ပါဝင်ကာ ထိုမှ ဓာတုပစ္စည်း ၆၀ မှာ ကင်ဆာရောဂါကို ဖြစ်ပွားစေနိုင်သည့်အတွက်ကြောင့် ၁၉၉၂ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စီးကရက်အငွေ့အား ကင်ဆာဖြစ်စေမည့် အဓိကဓာတုပစ္စည်းအဖြစ် သတ်မှတ်ခဲ့ကြသည်။ ကင်ဆာရောဂါ ဖြစ်ပွားပြီဆိုပါက အနှေးနှင့်အမြန် လူ့လောကမှ ထွက်ခွာရပေလိမ့်မည်။ အကြောင်းမူ ကုရာနတ္ထိ ဆေးမရှိသေးသော ရောဂါများ၌ ကင်ဆာရောဂါ ပါဝင်နေသောကြောင့် ဖြစ်ပါသည်။ ဆေးရွက်ကြီးသည် ဆေးလိပ်၊ ဆေးတံ၊ ကွမ်းစားဆေး အမျိုးမျိုး၊ စီးကရက်၊ ဆေးပြင်းလိပ်အစရှိသည်တို့၏ အဓိက ရေသောက်မြစ် ဖြစ်၏။ ဆေးရွက်ကြီးကို ပြုပြင်ထားသော အမျိုးအမည်များကို မဆိုထားနှင့်။ မူလဘူတ ဆေးရွက်ကြီး၌ပင် ကင်ဆာရောဂါ ဖြစ်ပွားစေသော ကာစီနိုဂျင်ဓာတ်ပစ္စည်းများ ပါဝင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

မိမိတို့ ငယ်စဉ်ကာလက ဆေးလိပ်သောက်လျှင် အမောမခံနိုင်ကြောင်း၊ ရင်ကျပ်ချောင်းဆိုးကြောင်း၊ အဆုတ်ကို ဒုက္ခပေးကြောင်းသာ သိနားလည်ခဲ့ရသည်။ ကြောက်မက်ဖွယ်ရာကောင်းသော ကင်ဆာရောဂါဆိုးကြီး ရရှိစေနိုင်ကြောင်းကိုမူ မသိခဲ့ရပေ။ ယခုအခါတွင်မူ သုတေသနပြု လေ့လာဖော်ထုတ်ချက်များကို စာနယ်ဇင်းများ၊ ရုပ်သံများ အစရှိသည့် ဆက်သွယ်ရေး စာနယ်ဇင်းမီဒီယာ များမှတစ်ဆင့် ခြေခြေမြစ်မြစ် သိရှိနေကြရပေသည်။ အသိရှိလျှင် ပြုပြင်ရေးလမ်းကြောင်းသို့ ပြောင်းရပေလိမ့်မည်။ သို့မဟုတ်ဘဲ အသိခေါက်ခက် အဝင်နက်ပါက ဒုက္ခရှာပုံတော်ခရီးသည်ဘဝသို့ ကျရောက်ရပေလိမ့်မည်။

ဤ၌ ဗြိတိသျှ ဆေးသုတေသနကောင်စီ၏ စနစ်တကျ လေ့လာစစ်ဆေး တွေ့ရှိချက်များအရ အဆုတ်ကင်ဆာရောဂါ ဖြစ်ပွားခံစားနေရသူ ဝေဒနာရှင်(၁၀၀)တွင် (၉၉.၅)ဦးသည် ဆေးရွက်ကြီးနှင့် မကင်းသူ၊ ဆေးလိပ်၊ ဆေးတံ၊ စီးကရက်၊ ဆေးပြင်းလိပ်၊ ကွမ်းစားခြင်း စသည်တို့နှင့် မကင်းသူများ ဖြစ်ကြသည်ဟု သိရှိရပါသည်။ အဆုတ်ကင်ဆာဝေဒနာ ခံစားနေရသူ အမျိုးသမီး(၁၀၀)ကို သုတေသနပြုကြည့်သောအခါတွင် (၆၃)ဦးမှာ ဆေးလိပ်၊ စီးကရက် သောက်သုံးသူများ ဖြစ်နေကြောင်း တွေ့ရှိရသည်ဟု ဆို၏။ ထို့ပြင် နော်ဝေးနိုင်ငံ၊ နယ်သာလန်နိုင်ငံတို့တွင်လည်း သုတေသနပြုကြည့်သောအခါ စီးကရက်သောက်သုံးမှု များသူတိုင်း အဆုတ်ကင်ဆာ ဖြစ်ကြကြောင်း မှတ်တမ်းပြုထားကြပါသည်။

မိမိတို့ မြန်မာနိုင်ငံ၌ ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှု ပုံစံအမျိုးမျိုး ရှိသည့်အနက် အသက် ၁၃ နှစ်မှ ၁၅ နှစ်ကြား ၉.၈% နှင့် အရွယ်ရောက်ပြီးသားသူ ၂၀.၈% ရှိပြီး သုံးစွဲသူအများစုမှာ အမျိုးသားများဖြစ်ကြောင်း၊ အရက်နှင့် ဆေးလိပ်ကို တွဲဖက်သောက်သုံးပါက ခံတွင်းအတွင်း အကျိအချွဲများကို ထုတ်လွှတ်ပေးသော Carciogenic သက်ရောက်မှုကို လျော့ကျစေပြီး သာမန်လူများထက် ကင်ဆာရောဂါဖြစ်ပွားမှု ၃၈ ဆ ပိုမိုမြင့်မားကြောင်း သိရှိရပါသည်။ သည့်အတွက် ရေဒီယို၊ ရုပ်သံ၊ စာနယ်ဇင်း၊ အလုပ်ရုံ ဆွေးနွေးပွဲတို့မှတစ်ဆင့် ဆေးလိပ်သောက်ခြင်း၊ ကွမ်းယာထဲ ဆေးထည့်စားခြင်း စသည်တို့ကြောင့် ရနိုင်သော ဆိုးကျိုးများကို ဗဟုသုတ ဖြန့်ဝေလျက်ရှိပါသည်။ သို့ဖြစ်၍ ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်ကို ပိုမိုသိရှိနားလည်လာလျှင် ဆေးလိပ်သောက်သုံးမှု၊ ကွမ်းစားမှု အရေအတွက် ကျဆင်းနိုင်ပါလိမ့်မည်။ အချို့သော နိုင်ငံများ၌ ကျန်းမာရေးအတွက် ဆေးလိပ်ကို ကန့်သတ်ကုန်အဖြစ် ထိန်းချုပ်ထားကြောင်း၊ အသက်မပြည့်သူအား ရောင်းချခြင်းမပြုကြောင်း၊ ဈေးနှုန်းကိုလည်း ကြီးမြင့်ထားကြောင်း၊ ဆေးရွက်ကြီး၊ ဆေးလိပ်တို့ တင်သွင်းရာ၌ အခွန်အခကို များစွာမြှင့်တင်ထားကြောင်း လေ့လာသိရှိရပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ဦးဆောင်ရေးဆွဲသော ကမ္ဘာ့ပထမဆုံး ပြည်သူ့ကျန်းမာရေးဆိုင်ရာ စာချုပ်ကြီးဖြစ်သည့် 'ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း' ကို မြန်မာနိုင်ငံက ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလတွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် အတည်ပြုခဲ့သဖြင့် ကွန်ဗင်းရှင်း၏ ၁၁ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာသည်မှာ ဂုဏ်ယူဝမ်းမြောက်ဖွယ် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို ၂၀၀၆ ခုနှစ်၊ မေလ ၄ ရက်နေ့က အတည်ပြု ပြဋ္ဌာန်းခဲ့သော်လည်း ဥပဒေပါ အချက်အလက်များကို လိုက်နာဆောင်ရွက်မှု အားနည်းနေသေးကြောင်း ကျန်းမာရေး ပညာရှင်များက ထောက်ချက်ချကြပါသည်။

အဆိုပါဥပဒေ၌ ဆေးလိပ်သောက်ခွင့်မရှိသည့် နေရာများအဖြစ် ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော အများပြည်သူဆိုင်ရာ အခြားပရိဝုဏ်၊ အဆောက်အဦးနှင့် နေရာများ၊ ကလေးကစားရုံနှင့် ကစားကွင်းများ၊ တက္ကသိုလ် ဒီဂရီ ကောလိပ်များ၊ သင်ကြားရေး အဆောက်အဦ စာသင်ခန်း

www.burmeseclassic.com

www.burmeseclassic.com

နှင့် ရုံးခန်းများ၊ ခရီးသည် သယ်ယူပို့ဆောင်သော မော်တော်ယာဉ်များ၊ အများပြည်သူသုံး ခန်းမကြီးများ စသည့် လူအများ ဝင်ထွက်သွားလာနေသည့် နေရာများကို သတ်မှတ်ထားရှိပါသော်လည်း လိုက်နာမှုမှာ အားနည်းနေပေသည်။ မျက်မှောက်ကာလ အခြေအနေနှင့် စပ်လျဉ်း၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(မြန်မာရုံး)မှ တာဝန်ရှိသူတစ်ဦးက-

"အခုနောက်ပိုင်း ဆေးလိပ်နဲ့ ပတ်သက်တဲ့ အရောင်းမြှင့်တင်ရေး အစီအစဉ်တွေက လူငယ်တွေကို ပိုပြီးဦးတည်လာတယ်၊ လူငယ်တွေ စုဝေးနေတတ်တဲ့ ကျောင်းတွေ၊ သင်တန်းတွေနားမှာ အခမဲ့ ဖြန့်ဝေတာတွေ၊ ဆေးလိပ်အမှတ်တံဆိပ်ပါတဲ့ အသုံးအဆောင် ပစ္စည်းလိုမျိုးတွေလည်း လုပ်လာတယ်။ အခုနောက်ပိုင်း ဆိုလာတာက အခြေခံကျောင်းသားကျောင်းသူအရွယ် လူငယ်တွေမှာပါ ဆေးလိပ်သောက်တာအပြင် ဆေးရွက်ကြီးပါတဲ့ ကွမ်းစားသုံးမှုနှုန်းတွေလည်း မြင့်တက်လာတယ်။ ဒါက လူငယ်တွေကြားမှာ ဆေးလိပ်နဲ့ ဆေးရွက်ကြီး သုံးစွဲမှုနဲ့ ပတ်သက်ပြီး ကောက်ခဲ့တဲ့ စစ်တမ်းအရ တွေ့လာတာပါ။ ဒါ့ထက်လည်း ပိုများနိုင်ပါတယ်"

ဟု ဆိုထားရာ အလေးအနက် သတိမူဖို့ ကောင်းလှပေသည်။ လက်ရှိ၌ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ၏ နည်းဥပဒေကို ရေးဆွဲလျက်ရှိပြီး ယခုနှစ်အတွင်း ထွက်ရှိနိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဥပဒေပညာရှင်များ ပူးပေါင်းရေးဆွဲလျက်ရှိကြောင်း သိရှိရပေရာ ဝမ်းမြောက်ဖွယ်ရာ ကောင်းလှပေသည်။ ထို့အတူ ဆေးလိပ်နှင့် ဆေးရွက်ကြီးရောင်းချသူ၊ သောက်သုံးသူတို့အတွက် အဟန့်အတား ဖြစ်စေမည့်(အခြားသော နိုင်ငံများကဲ့သို့) အခွန်အခ တိုးမြှင့်ခြင်းများကိုလည်း ပြုလုပ်သင့်ပေသည်။

ပြာသာဒ်မီးလောင်ရခြင်းသည် အမှိုက်ကစ၍ ဖြစ်သည်။ ထို့အတူ မူးယစ်ဆေးသုံးစွဲခြင်းမှာလည်း ဆေးလိပ်က အစပြုခြင်းဖြစ်ပေရာ လူငယ်လူရွယ်တို့၏ အနာဂတ်အတွက်၊ လူသားတို့၏ ကျန်းမာရေးအတွက် ပေါ့ပေါ့တန်တန် လျစ်လျူရှုမနေသင့်ပေ။ နှစ်စဉ် တန်ဖိုးများစွာ ဆုံးရှုံးရလေသော မီးလောင်မှုများ၊ တောမီးလောင်ခြင်းများသည် ဆေးလိပ်မီးကြောင့်လည်း ပါဝင်နေသည်ကို သတိပြုသင့်ပေသည်။ ဆေးလိပ်သောက်ခြင်းမှသည် ဆေးခြောက်၊ ဆေးခြောက်မှသည် ဘိန်းဖြူ စသဖြင့် တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းလာလျက်ရှိရာ အချိန်မီ မထိန်းချုပ်နိုင်ပါက 'ဆေးလိပ်အစ၊ မူးယစ်အလယ်၊ အေအိုင်ဒီအက်စ်အဆုံး' ဖြင့် ဘဝနိဂုံး အဆုံးသတ်ကြရပေလိမ့်မည်။

အချုပ်အားဖြင့် ဆိုရလျှင် မူးယစ်ဆေးဝါး အန္တရာယ်၏ ရေသောက်မြစ်သည် ဆေးရွက်ကြီး၊ ဆေးလိပ်တို့မှ ဖြစ်ပါသည်။ အာဟာရလည်း မဖြစ်၊ ငွေကြေးကုန်၊ အသွေးအသားများခန်းခြောက်၊ ဘဝပျက်၊ ရာဇဝတ်မှုများ ကျူးလွန်၊ ရောဂါမျိုးစုံရနှင့် အရာတစ်ခုမျှ အကျိုးမပေးသော ဆေးရွက်ကြီး၊ ဆေးလိပ်တို့ကို မိမိတို့ တွန်းလှန်ဖို့ လိုပေပြီ။ သက်ဆိုင်ရာ တာဝန်ရှိသူတို့ ချမှတ်သော ဥပဒေစည်းကမ်းတို့ကို လိုက်နာဖို့ လိုပေပြီ။ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းသည် ဂုဏ်တက်စေသောအရာ မဟုတ်၊ ဂုဏ်ပျက်စေသောအရာဖြစ်ကြောင်း နားလည်သဘောပေါက်သင့်ပေပြီ။ 'တစ်ယောက်အားနှင့် ယူသော်မရ၊ တစ်သောင်းအားနှင့် ယူသော်ရ၏' ဆိုသကဲ့သို့ မိမိတို့ လူသားအားလုံး ဆေးရွက်ကြီးနှင့် ဆေးလိပ်ဆန့်ကျင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဦးထိပ်ပန်ကာ စုပေါင်းညီညာ ဆန့်ကျင်တိုက်ဖျက်သွားကြပါလျှင် လူသားအပေါင်းတို့ မှီတင်းနေထိုင်ကြသော ကမ္ဘာကြီးသည် အဆိပ်ငွေ့များ ကင်းစင်လျက် သန့်ရှင်းလတ်ဆတ်သော လေပြည်လေညင်းများနှင့်အတူ သာယာချမ်းမြေ့လိမ့်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသတည်း။

နန္ဒာမိုးကြယ်

www.burmeseclassic.com

www.burmeseclassic.com

# အမျိုးသမီးရဲ ၏ စွမ်းရည်

မောင်ငြိမ်းလှိုင်

ပြန်ဆိုသည်။


အမျိုးသမီးရဲအရာရှိ မစွစ်ရုတ်ပါး

ပူအိုက်သော စနေနေ့ နံနက်နေထွက်တစ်ပြုအချိန် အမေရိကန်ပြည် "Oak Lake" အနီးရှိ လမ်းကလေးတွင် အားလုံးဆိတ်ငြိမ်နေဆဲဖြစ်သည်။

အဆိုပါ လမ်းကလေးမှာ Nebraska နယ် Lincoln ရပ်ကွက်တွင် ရှိလေသည်။

ငြိမ်သက်နေသော ကန်ရေမျက်နှာပြင်တွင် တစ်စုံတစ်ခုသည် ကမ်းစပ်ဆီသို့ တရွေ့ရွေ့မျောနေသည်ကို တွေ့ရသည်။ သေသေချာချာကြည့်သောအခါ အဆိုပါအရာဝတ္ထုမှာ လူသေအလောင်းတစ်လောင်း ဖြစ်နေမှန်း သိရသည်။

မည်းနက်သော ဆံပင်များသည် ရေမှော်ပမာ ရေထဲတွင် ပျံ့ဝဲနေပြီး အဝတ်အစအနကို မြင်ရ



www.burmeseclassic.com

www.burmeseclassic.com

ခြင်းဖြင့် မိန်းမတစ်ယောက်ဖြစ်တန်ရာသည်ဟု ခန့်မှန်းရသည်။

ဟယ်ရီသည် သူ့လှေကလေးကို အဆိုပါကန်သို့ ကိစ္စရှိ၍ ဖြတ်အလှော်တွင် ဖော်ပြပါအလောင်းတစ်လောင်းကို မြင်ရသဖြင့် မလှမ်းမကမ်းတွင် ကင်းလှည့်တာဝန်ကျ၍ လမ်းလျှောက်နေသော ရဲသားအား အော်ခေါ်တိုင်ကြားလိုက်သည်။ သူတို့နှစ်ဦး အလောင်းတွေ့ရာသို့ သွားကြရာ ရေအနက် ခြောက်ပေခန့်တွင် မှောက်ခုံလဲပြီး သေဆုံးနေပြီဖြစ်သည်။ ရဲသားက ဟယ်ရီအား-

"ကိုင်း . . . ဒီမှာ ခဏစောင့်နေဦး။ ကျုပ်တယ်လီဖုန်းသွားဆက်ဦးမယ်"

ဟုပြောပြီး အလောင်းကို မြက်ခင်းကမ်းစပ်တစ်နေရာ၌ ဆွဲတင်ကြသည်။ သေဆုံးနေသူ မိန်းကလေးမှာ အသက် ၂၀ ခန့်သာ ရှိဦးမည်ထင်၏။ ဆံပင်၊ မျက်လုံးနှင့် အသားအရေပါ အမည်းရောင်ရှိသည်။

မိနစ် ၂၀ ခန့်အကြာ ရဲသားနှင့် စုံထောက်များ၊ လင်ကွန်းရပ်ကွက်မှ ရဲအရာရှိများ ပါလာကြသည်။ ရဲအရာရှိက -

"ကျုပ်တော့ ဒီမိန်းကလေးဟာ အိန္ဒိယလူမျိုးထင်တာပဲ"

စုံထောက်အရာရှိတစ်ယောက်ကမူ -

"မက္ကစီကင်ရော မဖြစ်နိုင်ဘူးလား"

စုံထောက်အရာရှိတစ်ယောက်ကမူ အလောင်း၏ နံဘေးတွင် ဒူးထောက်စူးစမ်းရင်း -

"ဟာ . . . ဒီမှာ ဒဏ်ရာနဲ့ဗျို့ တွေ့လား"

ဟု မိန်းကလေး၏ ဆံပင်များကို ဖြဲ၍ပြ၏။

"ရေနစ်သေတာပါဗျ"

ဟု တစ်ယောက်က ထင်ကြေးပေးပြန်သည်။

"သူနာတင်ကားတော့ ခေါ်မှပဲ။ ဆေးရုံကို ပို့ရမယ်"ဟု ပြောပြီး အနီးအနား၌ ရှာဖွေကြရာ မိန်းမစီးဖိနပ်တစ်ဖက် အလောင်းတွေ့ရာ ရေကန်နှင့် မလှမ်းမကမ်းတွင် တွေ့သည်။ ထို့နောက် အလောင်းကို စစ်ဆေးကြည့်ရှုကြပြီး ဆရာဝန်က သေဆုံးသူသည် ဦးခေါင်းတွင် Vlunt INstrument ခေါ် တုံးသော အရာဝတ္ထုဖြင့် အကြိမ်ကြိမ်အရိုက်ခံရပြီး သေမှ ရေထဲသို့ လာရောက်ချထားသလော၊ ရရှိသောဒဏ်ရာကြောင့် ရေထဲသို့ လိမ့်ကျနစ်မွန်း သေဆုံးသလော မသိ။ သို့သော် နံနက် ၂ နာရီက ၃ နာရီအတွင်း သေဆုံးကြောင်း တွေ့ရှိရသည်ဆို၏။၏

"လူပျောက်တိုင်တာကို ရှာကြည့်ရမှာပဲ"

ဟု ရဲအရာရှိက ဆိုလိုက်၏။

"ဒီလိုအင်္ဂါရပ်အနေအထားနဲ့ လူပျောက်တိုင်စာလည်း မဖတ်ရပါဘူး"

ဟု ရဲသားတစ်ယောက်က ဝင်ပြောရာ -

"အနေးနှင့်အမြန်ပဲပေါ့။ ကြားတော့ ကြားရလုပြီ။ ဒီအမှုအတွက် အမျိုးသမီးရဲအရာရှိ မစ္စစ်ရုတ်ပါးကို အကြောင်းကြားလိုက်ပါ။ သူကတော့ ဒီနေရာမှာ နံ့စပ်တယ်။ သေတဲ့သူဟာ အိန္ဒိယအမျိုးသမီးလား၊ မက္ကစီကင်အမျိုးသမီးလားဆိုတာ ချက်ချင်းသိတယ်"

မှန်ပါသည်၊ အမျိုးသမီးရဲအရာရှိ မစ္စစ်ရုတ်ပါးသည် လင်ကွန်းရပ်ကွက်တစ်ခုလုံးမှ အိန္ဒိယအမျိုးသမီးအားလုံးကို သူသိသည်။ နှစ်အတော်ကြာကြာပင် အမှုထမ်းလာသူတစ်ယောက် ဖြစ်သဖြင့် အိန္ဒိယတိုင်းရင်းသားနှင့် အတန်ပင်ရင်းနှီးခဲ့သူလည်း ဖြစ်သည်။ သူမသည် အစစအရာရာ အကူအညီပေးခဲ့သည်။ အလုပ်အကိုင်လိုလျှင်လည်း ရှာပေးသည်။ ဆေးဝါးမှအစ ကလေးမိခင်များကိုပါ စောင့်ရှောက်ပေးခဲ့သဖြင့် သူ့ဆိုလျှင်လည်း ထိုရပ်ကွက်မှ ကလေး၊ လူကြီးအားလုံးက ချစ်ခင်သည်၊ ရိုသေလေးစားသည်။ ထို့ကြောင့် သူမဆောင်ရွက်ရသော တာဝန်ဝတ္တရားမှန်သမျှ အောင်မြင်သည်ချည်းဖြစ်သည်။

ရဲအရာရှိများသည် အလောင်းကို ဆေးရုံပို့ကြပြီး အမျိုးသမီးရဲအရာရှိကို ဆင့်ခေါ်ရာ -

"အလောင်းကို ကျွန်မ သွားရောက်ကြည့်ရှုခဲ့ပြီးပါပြီ။ အိန္ဒိယအမျိုးသမီး ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ဒီအမျိုးသမီးဟာ ဒီရပ်ကွက်ကမဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ပါဘူး။ တခြားက ဧည့်သည်သော်လည်းကောင်း၊ လူစိမ်းသော်လည်းကောင်း ဖြစ်ပါလိမ့်မယ်"

"ဒါဖြင့် ဆွေမျိုးရှိလို့လား၊ အသိမိတ်ဆွေရှိလို့ လာတာလား။ တစ်ခုခုတော့ အဆက်အသွယ်ရှိရမယ်"

"မှန်ပါတယ် မင်းကြီး။ ခုသွားပြီး အဲဒီရပ်ကွက်ကို မေးလိုက်ရင် သိရပါလိမ့်မယ်"

"ကောင်းပြီလေ။ သွားစုံစမ်းပါ။ ဒီရပ်ကွက်ကိုတော့ မင်းနဲ့စပ်ပါတယ်။ ဒီကလေးမလေး သေဆုံးရတာကို တို့သိဖို့ အရေးကြီးတယ်။ ဘယ်အရပ်ကလဲ၊ ဘယ်မှာနေသလဲ၊ ဘယ်သူဘယ်ဝါရဲ့ သားသမီးလဲဆိုတာ သိမှဖြစ်မယ်။ ကိုင်း . . . သွားပါလေ။ အောင်မြင်ပါစေကွယ်"

အမျိုးသမီးရဲအရာရှိသည် ရဲမင်းကြီးအား အရိုအသေပြုပြီး ထွက်သွားသည်။ တာဝန်ထမ်းဆောင်ရန်အတွက် သူ့ကားကလေးကို ကိုယ်တိုင်မောင်းနှင်ကာ လင်ကွန်းရပ်ကွက်ဆီသို့ ထွက်ခဲ့တော့သည်။

သူမသည် သေဆုံးသူ အမျိုးသမီးကလေး၏ တစ်ပါးတည်း ယူဆောင်ခဲ့၏။ လင်ကွန်းရပ်ကွက်သို့ အရောက် စတိုးဆိုင်တစ်ဆိုင်သို့ ဝထမဝင်လိုက်သည်။ နောက်ဆိုင်ရှင်အား ဓာတ်ပုံကိုပြလိုက်ပြီး–

"ကိုင်း . . . ဆရာကြီးရေ။ ဒီပုံကို ကြည့်စမ်းပါဦး။ မြင်များမြင်ဖူးသလားလို့"

"သိတော့ မသိဘူး။ မြင်တော့ မြင်ဖူးတယ်"ဟု ဆိုင်ရှင်က ပြန်ဖြေသည်။

"ဘယ်မှာမြင်ဖူးသလဲ။ သေသေချာချာ ပြန်စဉ်းစားစမ်းပါဦး"

"ဒီမှာလေ လွန်ခဲ့တဲ့လေးငါးရက်လောက်တုန်းက ဈေးဝယ်လာဖူးတယ်။ ကျုပ်က မမြင်ဖူးလို့ မေးမိသေးတယ်။ 'ဒကိုတာ'တောင်ပိုင်းကလို့ ပြောသွားတယ်"

ဆိုင်ရှင်အား မစ္စစ်ရုတ်ပါးက ကျေးဇူးတင်ကြောင်းပြောပြီး ထွက်ခဲ့သည်။ သူမ၏ခေါင်းထဲတွင် ဤဆိုင်သို့ ဈေးဝယ်လာသည်ဆိုလျှင် ဤအနီးတစ်ဝိုက်မှာပင် နေထိုင်သူ ဖြစ်တန်ရာသည်ဟု ဆုံးဖြတ်၍ အနီးအနားက အိမ်များကို လျှောက်၍ စုံစမ်းတော့သည်။

အချို့က မသိဘူးပြောကြသည်။ အချို့ ခေါင်းခါပြကြသည်။ နောက်ဆုံး မစ္စစ်ရုတ်ပါးအား အမြဲတမ်းအကူအညီပေးလေ့ရှိသော အိန္ဒိယအမျိုးသမီး အဘွားကြီးတစ်ယောက်ထံသို့ သွားလေသည်။ အဘွားကြီးသည် မျက်မှန်ကိုတပ်၊ ဓာတ်ပုံကို သေသေချာချာကြည့်ပြီး –

"ဟာ . . ဒါ ဟိုဘက်ရပ်ကွက်ထဲမှာ မြင်မိသားပဲ"

"ဟုတ်လား . . ဟုတ်လား။ ပြောပြစမ်းပါ သိရင်။ ဒီကလေးမ ဘယ်မှာ ဘယ်သူနဲ့နေတယ်ဆိုတာ"

အဘွားကြီးဆီမှ လိပ်စာရသောအခါ မစ္စစ်ရုတ်ပါးသည် သုတ်ခြေတင်၍ အဆိုပါအိမ်သို့ ထွက်ခဲ့၏။ အိမ်ရှင်သည် သူမအား တံခါးဖွင့်ပေးပြီး အထိုင်ခိုင်းသည်။ သို့သော် သူမက ဓာတ်ပုံကို ထိုးပြလိုက်ရာ–

"ဒါ ကျွန်မညီမတော်တယ်။ ဒကိုတာတောင်ပိုင်းက ခဏလာနေတာပေါ့။ သူ့နာမည်က 'အာဘာရာ'တဲ့"

"ဩော် . . ပြောရမယ့်သတင်းကတော့ သိပ်မကောင်းလှဘူး။ ဒါပေမယ့် မပြောလို့လည်း မဖြစ်လို့"

"ဘာများပါလိမ့်ရှင်"

"သူ သေဆုံးသွားပါပြီ။ သူ့အလောင်းကို ဒီညနေ Oak Lake ထဲမှာ တွေ့ရပါတယ်"

"ဟယ် . . မဖြစ်နိုင်တာ။ ဘယ်လိုလုပ် အဲဒီကိုရောက်နေသတဲ့လဲ။ မဟုတ်နိုင်ပါဘူးရှင်"

"တကယ်ပါပဲ။ ကျွန်မတို့ ခုဆေးရုံကို ပို့ထားခဲ့ပါပြီ။ အသတ်ခံရတယ်လို့ ယူဆရတာပဲလေ။ ကျွန်မတို့လည်း လူသတ်တရားခံကို ကြိုးစားရှာဖွေနေကြပါတယ်"

ထိုအခါကျမှ အိမ်ရှင်အမျိုးသမီးသည် ကုလားထိုင်ပေါ်သို့ ပစ်လှဲချကာ ချုံးပွဲချငိုကြွေးလေတော့၏။ ထို့နောက် အမျိုးသမီးရဲအရာရှိ မေးမြန်းသမျှကို ဖြေကြားလေသည်။ ၎င်းအား ရဲဌာနသို့ ခေါ်ယူစစ်ဆေးပြန်ရာ သူ့ညီမဖြစ်သူအား သောကြာနေ့ည ၁၁ နာရီက နောက်ဆုံးတွေ့လိုက်ရသည်။ သေဆုံးသူမှာ လွန်ခဲ့သော ရက်သတ္တတစ်ပတ်၊ နှစ်ပတ်လောက်ကမှ ဒကိုတာက ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com

လာကြောင်း၊ ထမင်းဆိုင်တစ်ခုတွင် အလုပ်လုပ်သည့်အခါ လုပ်၍ တစ်ခါတလေ အဝတ်လျှော်အလုပ် လုပ်သည်။ သေဆုံးစဉ် အလုပ်မရှိဟု ဆို၏။ သူ့ညီမမှာ အသိမိတ်ဆွေဆို၍ ယောကျ်ားတစ်ယောက်သာရှိကြောင်း၊ ၎င်းမှာ 'အိုကယ်လီ'ဟုခေါ်ပြီး မိမိညီမက အရူးအမူးချစ်နေသူ ဖြစ်ကြောင်း ပြောပြအစစ်ခံသည်။ သို့သော် အိုကယ်လီမှာ လွတ်လပ်သူ မဟုတ်ဘဲ မိန်းမရှိကြောင်း၊ သူတို့ တရားဝင်ပြတ်စဲပြီးမှ လက်ထပ်ကြမည်ဟု သိရကြောင်း အစစ်ခံ၏။

ထို့နောက် ရဲအဖွဲ့က အိုကယ်လီ၏ လိပ်စာအတိုင်း သွားရောက်ဖမ်းဆီးလာခဲ့ကြပြီး စစ်ဆေးကြရာ အကြောင်းအမျိုးမျိုးပြ၍ လိုးလွှဲပြောဆိုနေသေး၏။ ထပ်တလဲလဲမေးသောအခါ အိုကယ်လီသည် စိတ်တိုတောင်းလာဟန်ရှိ၏။ အချင်းဖြစ်ညက ဘယ်သွားသည်၊ ဘာလုပ်သည်ကို ခဏခဏ ပြန်မေးရာ ထိုည ၁၂ နာရီမတိုင်မီ အပိုင်းကို ချောချောမောမော ပြောပြနိုင်ပြီး ထိုမှလွန်သော အချိန်များကို မေးသောအခါ တဖြည်းဖြည်း မူပျက်လာလေသည်။

"ဒါဖြင့် ၂ နာရီလောက်ကျတော့ ဘာလုပ်နေသလဲ"

ဟု မေးသောအခါ အိုကယ်လီမှာ သည်းမခံနိုင်တော့ဘဲ –

"သူ့ကို သတ်လိုက်တယ်ဗျာ၊ ကျုပ်သတ်လိုက်တယ်"

ဟု ဟစ်အော်ဒေါပွကာ ဖြောင့်ချက်ပေးလေတော့သည်။

သူ့ဖြောင့်ချက်ထဲတွင် –

"ပထမတော့ ဘာဘရာနဲ့ ကျုပ်နဲ့ ချစ်ကြိုက်ကြတာ ပျော်သလိုလိုပဲ။ ဒါပေမယ့် တဖြည်းဖြည်း ကျုပ်ဆွေမျိုးတွေ၊ ညီအစ်ကိုမောင်နှမတွေက ဒီလူမည်းမျိုးနဲ့ တွဲတွဲနေတာ ကန့်ကွက်လာကြတယ်။ စိတ်ဆိုးကြတယ်။ ကျုပ်ရှက်အောင် အမျိုးမျိုးပြောကြတယ်။ ဒါကြောင့် စဉ်းစားကြည့်တော့ ဟုတ်သလိုလိုရှိလာလို့ ကျုပ် သူ့ကို ခွာချင်လာတယ်။ ဒါပေမယ့် ကောင်မက အခွာမခံဘူး။ အတင်းကပ်နေတယ်။ တစ်နေ့တော့ ကျုပ်အစ်ကိုများ၊ မရီးများအိမ်မှာ ပါတီရှိတယ်။ အဲဒီကိုသွားပြီးအပြန် Oak Lake ဘက်ကို ကားနဲ့ခေါ်သွားပြီး အေးအေးဆေးဆေး စကားပြောကြတယ်။ အကျိုးအကြောင်းပြောပြပြီး လမ်းခွဲကြဖို့ ကျုပ်ကပြောတယ်။ သူက မခွဲဘူး၊ မခွဲဘူး၊ သူမပြတ်ဘူးလို့ အော်ပြောပြီး ငိုတယ်။ ကျုပ်က ဆောင့်တွန်း၊ သူကအော်ငိုနဲ့ အဲဒီလမ်းကလေးမှာ သူကရှေ့ကပြေး၊ ကျုပ်က နောက်ကလိုက်ရိုက်နဲ့ နောက်သူလဲကျပြီး မခွဲဘူး၊ မပြတ်ဘူး၊ မပြတ်ဘူးလို့ အော်ငိုတယ်။ ကျုပ်လည်း ဘယ်လိုဖြစ်သွားသလဲမသိဘူး။ သတိရလို့ကြည့်လိုက်တော့ သူ့ခေါင်းကို ဆင့်ကာဆင့်ကာ ရိုက်နေတာပဲ။ ဘာနဲ့မှန်းလည်း မသိဘူး။ နောက် မလှုပ်မယှက်ဖြစ်နေတော့မှ ဆွဲသွားပြီး ကန်ထဲကို ချခဲ့တယ်"ဟု ဖြစ်ကြောင်းကုန်စင်ကို ပြောပြ၏။

တရားခံကို အာမခံမပေးဘဲ ထောင်သို့ပို့လိုက်သည်။ ၁၉၆၂ ခု၊ အောက်တိုဘာလ ၁၂ ရက်နေ့၌ ရုံးသို့ တရားစွဲဆို တင်ပို့လိုက်သည်။ နိုဝင်ဘာ ၁၃ ရက်နေ့၌ တရားခံအား လူသတ်မှုဖြင့် ထောင်ဒဏ်အပြစ်ပေးလိုက်သည်။

အမှုပြီးဆုံးသောအခါ ရဲမင်းကြီးကိုယ်တိုင် ရဲအရာရှိ မစ္စစ်ရှုတ်ပါးအား ချီးကျူးစကားပြောကြားလေသည်။ ဤအမှုတွင် ဌာနကျွမ်းကျင်သော အမျိုးသမီးရဲ မစ္စစ်ရှုတ်ပါးသာ အချိန်မီ မလိုက်နိုင်က တရားခံသည် ထွက်ပြေးတိမ်းရှောင်သွားမည်မှာ ဧကန်ဖြစ်သဖြင့် အလွယ်တကူနှင့် ဖမ်းဆီးရမိမည် မဟုတ်ချေ။ ယခုမူ အချိန်မကုန်ဘဲ တစ်ဆင့်တစ်ဆင့် ကွင်းဆက်လိုက်ခဲ့၍ တရားခံကို ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် မစ္စစ်ရှုတ်ပါး၏ စွမ်းဆောင်ချက်ကို မှတ်တမ်းတင်ဂုဏ်ပြုကြလေသည်။

ဤတွင် အမျိုးသမီးရဲအရာရှိ တစ်ဦး၏ စွမ်းစွမ်းတမံ ဆောင်ရွက်အမှုထမ်းပုံအကြောင်း ရေးသား၍ ပြီးဆုံးပါပြီ။

**မောင်ငြိမ်းလှိုင်**

(ရဲကြေးမုံစာစောင်၊ ၁၉၆၃ ခုနှစ်၊ ဇူလိုင်လ)



www.burmeseclassic.com

www.burmeseclassic.com



# လူမှုဝန်ထမ်းစိတ် နှင့် စုံထောက်ရဲမင်းကြီး

ထူးချွန်သော တာဝန်ဝတ္တရားများကို ဆောင်ရွက်ခဲ့ရသော ရဲအရာရှိတစ်ဦးအနေဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် လည်းကောင်း စကော့တလန်ပြည်၊ ပီဘီလိစ်နှင့် လိုသီရမ်း(စ်)နယ် ရဲမင်းကြီး ဝီလီမဲရလီ(စ်)အား ၁၉၅၉ ခု၊ မတ်လ ၁၀ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ၊ ဘုရင်မကြီးက 'ဘာကင်ဂမ်' နန်းတော်တွင် အို၊ ဘီ၊ အီး (O.B.E) ဘွဲ့ကို ချီးမြှင့်အပ်နှင်းခဲ့လေသည်။

စကော့တလန်နိုင်ငံတွင် ဧရိယာ စတုရန်းမိုင်ပေါင်း ၁၀၄၆ မိုင်ကို ပိုင်သော ရဲမင်းကြီး ဝီလီမဲရလီ(စ်) သည် ဗြိတိန်နိုင်ငံတွင် အထူးကျော်ကြားသော ရဲစုံထောက်တစ်ဦး ဖြစ်၏။ ၎င်း၏လုပ်သက် ၃၆ နှစ်အတွင်း ခါးပိုက်နှိုက်မှုမှအစ လူသတ်မှုကြီးများနှင့် အခြားသော နိုင်ငံများနှင့် ဆက်စပ်သော ပြစ်မှုကြီးများအထိ တရားခံအစစ်အမှန်ပေါ်ပေါက်သည့်တိုင် စုံစမ်းစစ်ဆေးခဲ့သူ ဖြစ်သည်။ ၎င်းသည် ဘုရင်မနှင့်တကွ နိုင်ငံခြားအစိုးရများ၏ တိုင်ပင်နှီးနှောအကြံဉာဏ်တောင်းခြင်းများပင် ခံရသည်သာမက ကလေးငယ်များက ပင် ၎င်းတို့မုန့်ဖိုး ပျောက်ဆုံးသည်ကို ရှာဖွေပေးပါရန် တိုင်ကြားအကူအညီတောင်းခြင်း ခံရယူဖြစ်၏။

ရဲမင်းကြီး ဝီလီသည် သေနတ်၊ တုတ်၊ ဓား စသည်ဖြင့် ထိုးခုတ်ပြစ်ခတ်ခြင်းကိုလည်း ခံခဲ့ရပေါင်းများလေပြီ။

ငွေဝယ်ကျွန် ကုန်ကူးသူ အသင်းအဖွဲ့ဂိုဏ်းများကို ဖြိုဖျက်ရန် အဘွားအိုကဲ့သို့လည်း ရုပ်ဖျက်၍ စုံစမ်းခဲ့၏။

နာဇီသူလျှိုကို ဖမ်းဆီးရန် မီးရထားပေါ်တာ အသွင်ဖြင့်လည်း စုံ

■ **မင်းသူရိန်** ပြန်ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

ထောက်ခဲ့ဖူး၏။ မီးခံသေတ္တာကို ဖောက်ထွင်းခိုးယူမှု ကျူးလွန်သူများ ဂိုဏ်းကို ဖမ်းဆီးရမိနိုင်ရန် ရေကြောင်းစစ်သားဟန် ဆောင်ခဲ့၏။ ဒါတွင်မက မိန်းကလေးများအား နှောင့်ယှက်ဖျက်ဆီးသူများကို ဖမ်းဆီးနိုင်ရန် ခြောက်လသားကလေး အရွယ် ဟန်ဆောင်ခဲ့ဖူးလေသည်။

ဝိလီမဲရလီ(စ်)သည် အလွန်သန်မာသူဖြစ်၍ ၎င်း၏ လက်သီးတစ်ချက်မှာ တူနှင့်ထုသကဲ့သို့ ပြင်းထန်သည်။ တစ်ခါက ဝေါလီဖုတ်ရွာတစ်ဝိုက်တွင် လမ်းသရဲကလေးများ သောင်းကျန်းနေစဉ် ၎င်းကိုယ်တိုင် အရေးယူလေ၏။

ထိုလမ်းသရဲကလေးများသည် ရွာများတွင် ဝင်ရောက်၍ ခြိမ်းခြောက်ပြီး အနှောင့်အယှက်အမျိုးမျိုး ပေးလေ့ရှိရာ တစ်နေ့တွင် အဆိုပါ လမ်းသရဲပေါင်း ၁၅၀ ခန့်သည် ကျောက်ခဲ၊ သံတုတ်၊ ချိန်းကြိုးများ စွဲကိုင်၍ ရွာတစ်ရွာရှိ ကပွဲရုံတစ်ခုကို ဖျက်ဆီးကြရန် ရောက်လာကြစဉ် ဝိလီမဲရလီ(စ်)သည် ရွာ၏ဝင်ပေါက်အားလုံးကို ပိတ်ဆို့ပြီး စောင့်ဆိုင်းနေလေ၏။

မကြာမီ လမ်းသရဲအဖွဲ့နှင့် ရင်ဆိုင်တွေ့ရာ လူအုပ်ထဲသို့ အတင်းဝင်ပြီး လက်သီးလေးချက်ဖြင့် လူလေးယောက်ကို အလဲထိုးလိုက်၏။ ကျန်သော လမ်းသရဲအုပ်သည် ဖရိုဖရဲ ပြေးကြရာ ဝိလီမဲရလီ(စ်)သည် နှစ်ဖာလုံခန့် ပြေးလိုက်၍နိမ်နင်းရာ ပြေးမလွတ်သောအဖွဲ့ဝင်အချို့မှာ အဖမ်းခံလိုက်ရလေသည်။

ထိုကဲ့သို့ အောင်မြင်ခြင်းကို 'ဝေါလီဖုတ်တိုက်ပွဲ'ဟု ထိုဒေသတွင် အမည်တွင်ကျန်ရစ်လေသည်။ ထိုဒေသတစ်ဝိုက်တွင် ထိုနေ့မှအစပြု၍ လမ်းသရဲရန်မှ အပြီးလွတ်မြောက်သွားလေ၏။

ရာဇဝတ်မှုများနှင့် အလိုရှိနေသော တရားခံပြေးများကို လိုက်လံဖမ်းဆီးရာတွင်လည်း အထူးကျွမ်းကျင်သူဖြစ်၏။ လူသတ်မှုတစ်မှု၌ စီးနေသော မြစ်ကြောင်းကို လွှဲပြောင်းစီးစေလျက် ၎င်း၏လိုလားသော စုံစမ်းချက်များကို ဖြစ်မြောက်အောင် ပြုလုပ်ခဲ့သေးသည်။

အလွန်ချမ်းအေးသော ဖေဖော်ဝါရီလ နံနက် ၄ နာရီအချိန်ခန့်တွင် ၎င်း၏နယ်အနီးရှိ နယ်တစ်နယ်မှ ရဲမင်းကြီးတစ်ဦးက ဝိလီမဲရလီ(စ်)အား လူသတ်မှုတစ်ခုတွင် ကူညီစုံစမ်းပေးရန် မေတ္တာရပ်၏။ ထိုနယ်မှ အလွန်ကြွယ်ဝ၍ ကပ်စေးနှဲသူ သူဌေးတစ်ဦးမှာ ဦးခေါင်းကြေမွနေအောင် ရိုက်ထားသော ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရ၏။

မသင်္ကာသူရှိသော်လည်း သတ်ရာတွင် အသုံးပြုသည့်လက်နက် မတွေ့ရှိသဖြင့် ပြန်လည်၍ လွှတ်ထားရ၏။ ၎င်းမသင်္ကာသူ၏ အိမ်သို့ ဝိလီမဲရလီ(စ်)ကိုယ်တိုင် လိုက်၍ ရှာဖွေရာ ထိုအိမ်ဧည့်ခန်းတွင် ကမ္ဘာအနှံ့အပြားမှ လက်နက်မျိုးစုံကို အလှချိတ်ဆွဲထားသည်ကို တွေ့ရ၏။ 'အဆရီ'ခေါ် အာဖရိကတိုက်မှ လက်နက်တစ်မျိုး၊ 'ကူရရီ'ခေါ် ဂေါ်ရခါးဓား၊ 'ပါးရိုင်ဂ်'ခေါ် မလေးမှ လက်နက်များ အကြားတွင် မကြာမီမှ ဖြုတ်ယူသွားသော လက်နက်တစ်ခု၏ အရာသာ နံရံတွင် ဖုန်များဝိုင်းရံလျက် ကျန်နေသည်ကို တွေ့ရ၏။

ဝိလီသည် သူ့တပည့် 'စံဒီစမေလ်'အား "ဘယ်လိုထင်သလဲ စံဒီ"ဟုမေးမြန်းရာ စံဒီက ဒီနေရာက လက်နက်တစ်ခု ဖြုတ်ယူသွားတာပဲ ထင်တယ်ဟု ဖြေဆိုလိုက်၏။

"အေး ... ဟုတ်တယ်။ ဒီလူပဲ အဲဒီလက်နက်နဲ့ ပြစ်မှုကျူးလွန်တာ ဖြစ်ရမယ်။ သေသေချာချာရှာရင် ဒီသက်သေခံလက်နက်ကို တွေ့ရမှာပဲကွ"ဟု မှတ်ချက်ချလိုက်လေ၏။

ဆက်လက်၍ အိမ်အတွင်း စေ့စပ်သေချာစွာ ရှာဖွေသော်လည်း မည်သည့်လက်နက်မျှ မတွေ့ရချေ။

"စံဒီ ... တို့ဒီအိမ်ကိုလာစဉ်က ချောင်းကိုဖြတ်တဲ့ တံတားကလေး တစ်ခုကို တွေ့ခဲ့တယ်မဟုတ်လား။ အဲဒီချောင်းထဲမှာရှာရရင် တို့လိုချင်တဲ့လက်နက် တွေ့လိမ့်မယ်ထင်တယ်"ဟု ပြောပြီး တံတားဆီသို့ လျှောက်သွားကြလေ၏။

တံတားသို့ရောက်သောအခါ အလယ်လောက်တွင် နှင်းဖုံးနေသည့် ခြေရာနှစ်ခုကို တွေ့ရ၏။ ဒီမှာရပ်တဲ့လူဟာ ချောင်းထဲကို တစ်စုံတစ်ခု ပစ်ချတဲ့သူဖြစ်မှာပဲဟု ဝိလီကပြော၍ အပေါ်ယံတွင် ရေခဲပြင်ပါးပါး ဖုံးလွှမ်းနေသော ချောင်းအတွင်းသို့ ငုံ့ကြည့်ကြ၏။

ရေခဲပြင်ဖုံးလွှမ်းသော ရေအောက်တွင် ခပ်မည်းမည်းအရာဝတ္ထုတစ်ခုကို မြင်ရ၏။ ပစ္စည်းမှာ သေးငယ်နေ၍ ပိုက်ဆွဲလို့ရမည်



www.burmeseclassic.com

www.burmeseclassic.com

ခထင်ကြောင်း စမေလ်ကပြောသည်။

"ဟုတ်တယ်လေ။ ဒါပေမဲ့ ဒီချောင်းကို ရွှေ့ယူရင် ရနိုင်တယ်"ဟု ဝီလီက ပြန်ပြောသောအခါ စမေလ်က သူ့ဆရာ ရူးများနေသလားဟု တွေး၍ ပြုံး၏။

သို့သော် နောက်တစ်နေ့တွင် ဝီလီပြောသည့်အတိုင်း ချောင်းကို ရေလွှဲမြောင်းတစ်ခု တူးလိုက်၏။ အလုပ်သမားများနှင့် ချောင်းကို ရေလွှဲမြောင်းတူး၍ ဖောက်လိုက်သောအခါ ချောင်းရေမှာ တိမ်သွားသဖြင့် ရေအောက်မှ 'နေ့ဘကာရီ'ခေါ် အာဖရိက လက်နက်တစ်ခုကို တွေ့၍ ဆယ်ယူရာ သေသူ၏ ဆံပင်များ ငြိတွယ်လျက် တွေ့ရသည်။

ထိုလက်နက်ကို တင်ပြ၍ စစ်ဆေးရာ တရားခံသည် ဖြောင့်ချက်ပေးလေ၏။

တစ်ခါကလည်း အီဒင်ဘာယာမြို့တွင် ကလေးငယ်များကို လက်တွန်းလှည်းကလေးဖြင့်တွန်း၍ ထိန်းကြသော မိခင်ငယ်များအား လမ်းပေါ်တွင် ဘလက်ကာယပြုလုပ်ကြောင်း သတင်းရလေ၏။ ထိုကိစ္စအတွက် ဝီလီမဲရလီ(စ်)အား စုံစမ်းဖမ်းဆီးရန် အထက်မှအမိန့်ပေးလေ၏။

ထိုအခါ ဝီလီမဲရလီ(စ်)သည် ရဲမေတစ်ယောက်ကိုခေါ်၍ တွန်းလှည်းတွန်းစေပြီး ၎င်းကိုယ်တိုင် တွန်းလှည်းထဲဝင်၍ အဝတ်အုပ်ပြီး လိုက်ပါလေ၏။

ထို့နောက် လူသရမ်းများ တွေ့တတ်သည့်နေရာသို့ ခေါက်တုံ့ခေါက်ပြန် တွန်းစေရာ လူရမ်းကားတစ်ဦးသည် ချုံတစ်ခုထဲမှ ခုန်ထွက်လာပြီး ရဲမေအား ကလေးထိန်းအမှတ်ဖြင့် ဘလက်ကာယပြုလေရာ ဝီလီမဲရလီ(စ်)သည် တွန်းလှည်းထဲမှ ခုန်ထွက်၍ လူရမ်းကားအား လက်ပူးလက်ကြပ် ဖမ်းဆီးရမိလေ၏။

ဝီလီမဲရလီ(စ်)သည် အသက် ၆၂ နှစ်ရှိပြီဖြစ်၍ သူ့အား အီဒင်ဘာယာမြို့အနီး လိ(သ်)မြို့ကလေးတွင် ဖွားမြင်ခဲ့လေသည်။ ငယ်စဉ်က ဆင်းရဲနွမ်းပါး၍ နှစ်ခန်းသာသာရှိသော အိမ်ကလေးတွင် အိမ်သားစု ၁၁ ဦး မှီနေခဲ့ရသည်။ မိဘနှစ်ပါးစလုံး အလုပ်လုပ်နိုင်မှ ရက်တစ်ပတ်လျှင် နှစ်ပေါင် (မြန်မာငွေ ၂၇ ကျပ်ခန့်) ရ၏။

ဝီလီ ၁၃ နှစ်သားအရွယ်တွင် ကျောင်းမှထွက်၍ အိမ်သားစုအား ထောက်ပံ့နိုင်ရန် ကြိုးစက်တွင် အလုပ်စလုပ်ရ၏။ ထိုအလုပ်မှ တစ်ပတ်လျှင် ငါးကျပ်နီးပါးရ၏။ နောက်နှစ်တွင် မတော်တဆ ထိခိုက်မိသဖြင့် ၎င်း၏ လက်ဝဲလက်ချောင်း လေးချောင်း ပြတ်သွား၏။

လက်နာပျောက်သောအခါ ဝီလီသည် သဘော်ကျင်းတစ်ခုတွင် စူးဖောက်သောအလုပ်ကို ရရှိ၏။ လက်ဝဲလက်ကိုလည်း အသုံးပြုရန်လိုလာ၏။ ထို့ကြောင့် ပြန်နေသော လက်ချောင်းကလေးများကို လေ့ကျင့်ပေးရာ နောင်တွင် လက်နှိပ်စက်ကို ကျင်လည်စွာ ရိုက်နိုင်လာ၏။

သင်္ဘောကျင်းတွင် အလုပ်လုပ်ကိုင်နေစဉ် ရေနစ်သူများကို ကယ်ဆယ်သူအဖြစ်လည်း ကျော်ကြား၏။ မကြာခဏ လူများရေနစ်သည်ကိုတွေ့ရလျှင် ဝီလီမဲရလီ(စ်)သည် ချက်ချင်းပင် အဝတ်အစားကိုပင် မချွတ်နိုင်ဘဲ ရေထဲသို့ခုန်ဆင်းပြီး ရေတွင်ငုပ်၍ ရေနစ်သူများကို ကယ်ဆယ်လေ့ရှိသည်။

ရေနစ်သူများကို ကယ်ဆယ်ခဲ့၍ ၁၀ ကြိမ်မြောက်သောအခါ အုပ်ချုပ်သူအရာရှိက ဆုတံဆိပ်နှင့် ချီးကျူးစာများ ပေးအပ်ခဲ့လေသည်။

ဝီလီမဲရလီ(စ်)သည် အားအင်အလွန်တောင့်တင်းသူဖြစ်၍ ပြေးခုန်ပစ် စသည့် အားကစားပွဲများတွင်လည်း ကျော်ကြား၏။ ၁၉၃၈ ခုနှစ်အတွင်း တစ်နေ့တွင် မိမိထင်သည်ထက်ပင် ပို၍အလုပ်လုပ်နိုင်ခဲ့ဖူး၏။ ထိုနေ့က တိုပီဒိုထိမှန်သော သင်္ဘောတစ်စင်းပြင်ရန် ရောက်ရှိလာရာ ဝီလီသည် အနားမယူဘဲ ၂၆ နာရီ အလုပ်လုပ်ခဲ့၏။ ထို့နောက် အလုပ်ပြီးလျှင်ပြီးချင်း အနီးရှိ ရေကူးကန်တွင် ရေကူးပြိုင်ပွဲဝင်၍ ချန်ပီယံဘွဲ့ကို ဆွတ်ခူးလိုက်သေး၏။

ဒါတွင်မက ရေကူးကန်မှဆက်၍ ဓာတ်ရထားစီးပြီး ဘောလုံးဗိုလ်လုပွဲ ဝင်ရောက်ကစားလိုက်ပြန်၏။ ဘောလုံးပွဲမှ အနိုင်ရရှိပြီး လက်ဝှေ့ဗိုလ်လုပွဲတွင် ဝင်ရောက်ထိုးသတ်အနိုင်ယူခဲ့ပြန်၏။

ဝီလီသည် ရေနစ်သူပေါင်း ၂၁ ဦးအထိ အသက်ကယ်ဆယ်ခဲ့ဖူးလေသည်။ ကြေးတန်းစား အသက်ကယ်သမားမဟုတ်သူများထဲတွင် ၎င်းကဲ့သို့ ကယ်တင်နိုင်သူ တစ်ဦးတစ်ယောက်မှ မရှိခဲ့ဖူးချေ။ မြို့ကိုယ်အုပ်

www.burmeseclassic.com

ချုပ်ရေးအရာရှိကြီးတစ်ဦးက ၎င်းအား အလွန်ရိုးဖြူ့ကူညီလိုသဖြင့် "ဝီလီ ... မင်းကို ကျုပ်ဘယ်လိုအကူအညီပေးရမလဲ။ မင်းဘာလုပ်ချင်သလဲ"ဟု မေးမြန်းလေ၏။

ဝီလီက "ကျွန်တော် ရဲအဖွဲ့ထဲဝင်ချင်ပါတယ်"ဟု ပြောကြားသဖြင့် အရာရှိကြီးသည် ဝီလီအား စိမ်းစိမ်းကြည့်၍ အကဲခတ်ရာ နွားသိုးတစ်ကောင်ကဲ့သို့ သန်မာ၏။ သို့သော် အရပ်အမောင်းမှာ လိုသည်ထက် ၅ လက်မခန့် နိမ့်နေ၏။ လက်ဝဲဘက်တွင်လည်း လက်ချောင်းလေးချောင်းတိုနေ၏။ ပညာအရည်အချင်းမှာလည်း တန်းမမီချေ။ သို့သော် ဝီလီမှာ အကြောက်အရွံ့ကင်းမဲ့၍ အထူးသတ္တိကောင်းသူတစ်ဦးလည်း ဖြစ်၏။ ထို့ကြောင့် အရာရှိကြီးက ၎င်းအား ကောင်းပြီ၊ ကျုပ် ပြည်ထဲရေးအတွင်းဝန်ကို ပြောပေးပါမည်ဟု ကတိပေးလိုက်၏။

ထိုနေ့ ဝီလီအိမ်သို့ပြန်လာစဉ် လမ်း၌ လူတစ်ယောက်သည် ရဲများလက်တွင်းမှ ထွက်ပြေး၍ မြစ်တွင်းသို့ ခုန်ချလိုက်သည်ကိုမြင်၍ ချက်ချင်းပင် ထိုသူနောက်သို့ လိုက်၍ခုန်ချပြီး ကယ်ဆယ်ရာ ထိုသူက ကျုပ်ကိုမကယ်ပါနဲ့၊ သူတို့ ကျုပ်ကိုအသက်ရှင်လျက် ဘယ်တော့မှ ဖမ်းမိမှာမဟုတ်ဘူးဟု ငြင်းဆန်ရာ ဝီလီသည် ထိုသူအား တစ်ချက်တည်းနှင့် မေ့သွားအောင် လက်သီးနှင့်ထိုး၍ မြစ်ကမ်းသို့ ဆွဲယူလာပြီး ရဲများလက်သို့ အပ်လိုက်လေ၏။

ဤကဲ့သို့ဖြစ်ပြီးနောက် ရက်တစ်ပတ်မျှ အကြာတွင် ဝီလီအား ရဲသားအဖြစ် ခန့်အပ်ခြင်းခံရ၏။

ဝီလီမှာ အရပ်ပေမမီ၍ ယူနီဖောင်းဝတ်ဆင်ခြင်းမပြုရသည့် ဝတ္တရားများကို ဆောင်ရွက်ရ၏။

များမကြာမီ ၎င်းလူဆိုးဂိုဏ်းဝင်များအား စာတိုက်ကြီးတစ်ခုမှ မီးခံသေတ္တာကို ဖောက်ထွင်းနေစဉ် လက်ပူးလက်ကြပ် ဖမ်းဆီးရမိလေတော့သည်။

ဝီလီသည် ငါးနှစ်ကြာမျှ အောင်မြင်စွာ အမှုထမ်းပြီးနောက် ရဲကြပ်ကြီးရာထူးသို့ တိုးမြှင့်ခန့်ထားခြင်းခံရ၏။ ထိုရာထူးသို့ တိုးတက်ခန့်အပ်ခြင်းခံရလျှင် ၎င်း၏ အင်္ဂါချွတ်ယွင်းခြင်းရှိသော်ငြားလည်း နောင်တွင် တိုးတက်ကြီးပွားနိုင်ရန် အကြောင်းများစွာရှိသည်ဟု ယုံကြည်ရ၏။

ရဲကြပ်ကြီးမှတစ်ဆင့် ခက်ခဲနက်နဲသော စုံထောက်မှုများ ကြိုးစားဆောင်ရွက်ခဲ့ခြင်းကြောင့် ဝီလီအား အဆင့်ဆင့် ရာထူးများ တိုးတက်ပေးခဲ့ရာ မျှော်လင့်သည်ထက်ပင် ထင်ရှားကျော်ကြားသော စုံထောက်ရဲမင်းကြီးအထိ ဖြစ်လာခဲ့ပေသည်။

၁၉၅၉ ခုနှစ်တွင် ဝီလီအား ၎င်း၏မိတ်ဆွေ ဘုရင်မ၏ အထူးစုံထောက်ပါကင်၏ ငွေရတုသဘင်သို့ တက်ရောက်ရန် ဖိတ်ကြား၍ 'သင့်ဘဝ' (This is your life) ဆိုသော B.B.C.မှ ရုပ်မြင်သံကြားဇာတ်လမ်းကို ပြသရာ ၎င်းတွေ့ကြုံခဲ့ရသော မိန်းမများ၊ ယောကျ်ားများ၊ မီးခံသေတ္တာဖောက်သူများ၊ ခါးပိုက်နှိုက်လူဆိုးများ၊ လူမှုဝန်ထမ်းကိစ္စများ၊ မျက်မမြင်ကလေးများ၊ ရေနစ်၍ မိမိကယ်ဆယ်ခဲ့ရသူများအားလုံး ရုပ်မြင်သံကြားစက်ရှေ့တွင်ပေါ်ပေါက်လာရာ ဝီလီမှာ ၎င်း၏အတ္ထုပ္ပတ္တိဖြစ်နေသောကြောင့် များစွာအံ့သြခြင်း၊ ဝမ်းမြောက်ခြင်းများ ဖြစ်ပေါ်လာရလေ၏။

တစ်နေ့တွင် အီဒင်ဘာယာမြို့၌ ညချမ်းအချိန် စစ်ရေးပြပွဲပြုလုပ်ရာ ဝီလီသည် ကလေးများအတွက် လက်မှတ်ပေါင်း ၂၅၀၀ ယူပေး၏။

ထိုအထဲတွင် မစွမ်းသန်သူကလေးများ၊ မိဘမဲ့ကလေးများ ပါရှိရာ ထိုပွဲတွင် (Scotland the Brave) ရဲရင့်သော စကော့တလန်သီချင်းကို ဘင်ခရာအဖွဲ့က တီးမှုတ်သောအခါ ပွဲကြည့်ပရိသတ်များရှေ့တွင် ကလေးများနှင့်အတူ အမှုအရာနှင့် အသံအကျယ်ဆုံး သီဆိုသူကား ရဲမင်းကြီး ဝီလီမဲရလီ(စ်)ပင် ဖြစ်ပေသည်။

ရဲမင်းကြီး ဝီလီမဲရလီ(စ်)သည် အလုပ်ကို ကြိုးစားခြင်း၊ စိတ်ပါဝင်စားခြင်း၊ လုံ့လဝီရိယ၊ ဇွဲသတ္တိနှင့် စွန့်စားမှုရှိခြင်းတို့ကြောင့် သာမန်ရဲသားကလေးအဖြစ်မှ အလွန်ကျော်ကြားထင်ရှားသော စုံထောက်ရဲမင်းကြီးအထိ ရာထူးတိုးတက်အောင်မြင်လာခဲ့သည်ကို အတုယူအားကျဖွယ်ရာ တင်ပြအပ်ပါသတည်း။

**မင်းသူရိန်**

**(ရဲကြေးမုံစာစောင်၊ ၁၉၆၃ ခုနှစ်၊ မတ်လ)**

www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းလှိုင် [တရားရုံးချုပ်ရှေ့နေ]

# မြေဝယ်သူများ သတိထားစရာ

မည်သည့်လူမျိုး၊ မည်သည့်ဘာသာကိုးကွယ်ကြစေကာမူ လူ့အသိုင်းအဝိုင်းဖြင့် နေ့စဉ် အဓိကအရေးတကြီး လိုအပ်ချက် သုံးချက်ရှိပေသည်။ စားရေး၊ ဝတ်ရေး၊ နေရေးများ ဖြစ်၏။ လူတို့သည် နေထိုင်ရေးအတွက် မြေဝယ်ကြရသည်။ တိုက်ခန်းဝယ်ကြရသည်။ ထိုသို့ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများ ဝယ်ယူရာတွင် အထူးသတိချပ်အပ်ကြပေသည်။ အထူးသဖြင့်ကား မြေနှင့်တိုက်ခန်းများ ဝယ်ယူကြရာတွင် ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ခွင့်ရရှိရေး ဆောင်ရွက်သင့်ပေ၏။

ယနေ့ကာလတွင် ကန်ထရိုက်တိုက်ခန်းများ ဝယ်ယူရောင်းချခြင်းများကို မြို့ပြများမှာ တွေ့ရှိရပေသည်။ ကန်ထရိုက်များသည် တိုက်ဆောက်လုပ်စဉ်ကပင် ကိုယ်တိုင်နေထိုင်ရန် ဆောက်လုပ်ခြင်းမဟုတ်ဘဲ တိုက်ဆောက်လုပ်ရေး အသက်မွေးမှုဖြင့် အလုပ်လုပ်ခြင်းသာ ဖြစ်ပေသည်။ ဖြစ်ပေါ်လာသည့် တိုက်ခန်းများအား ရောင်းချပေမည်။ ထိုသို့ရောင်းချရာတွင် တိုက်ခန်းဆောက်လုပ်ဆဲ၌ ရောင်းချခြင်းလည်း ရှိ၏၊ တိုက်ကြီးတစ်ခုလုံး ပြီးစီးသည့်အခါမှ ရောင်းချခြင်းလည်း ရှိ၏။ ဆောက်လုပ်ဆဲအချိန်၌ ရောင်းချခြင်းကို ကြိုပွိုင့်ရောင်းခြင်း၊ ဝယ်ခြင်းဟု ခေါ်ကြသည်။

အချို့ ကန်ထရိုက်တို့သည် လော်ရင်းနှစ်နေကြသဖြင့် မိမိတို့ပိုင်ဆိုင်မည့် တိုက်ခန်းများအား ကြိုပွိုင့်ရောင်းချလေ့ရှိကြသည်။ အချို့ကား ပိုင်ဆိုင်မည့်တိုက်ခန်းကို အရောင်းစာချုပ်ချုပ်ဆိုလျက် အပေါင်ထားငွေရှာ သုံးစွဲကြသည်။ တိုက်ပြီးဆုံးသည့်အခါမှ တိုက်ခန်းကို ကာလပေါက်ဈေးနှင့် ပြန်ရောင်းခြင်းလည်း ရှိသည်။ အမှန်တကယ် ဝယ်ယူနေထိုင်လိုသူအတွက် အရှုပ်အရှင်းကင်းစွာ တိုက်ခန်းလက်ဝယ်ရရှိရေးကား အရေးကြီးလှ၏။ အကောင်းဆုံး အကြံပေးပါဆိုလျှင် ဥပဒေပညာရှင်တို့နှင့်သာ တိုင်ပင်ဆောင်ရွက်ပါဟု ဆိုရပေမည်။

မြေကား တိုက်ခန်းထက် ပို၍ခက်ခဲသည်ဟု ဆိုရမည်။ တိုက်ခန်းက မျက်မြင်အနေအထားရှိသည်။ မြေဆိုသည်က စာရွက်စာတမ်းများ၊ သက်ဆိုင်ရာ ရုံးမှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေးဖို့လို၏။ "တရားဝင်ပိုင်ဆိုင်မှု" ဆိုသော စကားရပ်နှင့် ရောင်းချသူ၌ အခွင့်အရေးအပြည့်အဝရှိပါရဲ့လားဟုလည်း စိစစ်ရန် လို၏။ ရောင်းချမည့် မြေနှင့် အိမ်ပေါ်တွင် နေထိုင်သည်ဆိုရုံမျှဖြင့် တရားဝင်ပိုင်ဆိုင်မှုမရှိသေးဟုဆိုလျှင် စာရှုသူ ငြင်းပါမည်လား။ ဥပမာတစ်ရပ်ဖြင့် တင်ပြရလျှင် မိဘများအမည်ပေါက် မြေနှင့်အိမ်ပေါ်တွင် နေထိုင်ကြသော သားသမီးတို့သည်

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့စလေ့ထုံးတမ်းဥပဒေအရသာ ပိုင်ဆိုင်ကြသူများ ဖြစ်ပေသည်။ ထိုသားသမီးများအနေဖြင့် တရားဝင်အမည်ပေါက် ပိုင်ဆိုင်ခွင့်ရရှိရန် မိမွေ၊ ဖမွေ ဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရပေမည်။ သက်ဆိုင်ရာဌာနတွင် အမည်ပေါက်ဖြစ်ရေး လျှောက်ထားရယူရပေမည်။ သို့မှသာ တရားဝင်ပိုင်ဆိုင်သူ ဖြစ်လာပေမည်။

နေ့စဉ်ထုတ် သတင်းစာများကို စာရှုသူတို့ ဖတ်ရှုမိကြပေမည်။ "ကန့်ကွက်နိုင်ပါသည်"၊ "ကန့်ကွက်နိုင်ပါကြောင်း" စသဖြင့် ဝယ်ယူမည့်သူက ဝယ်ယူမည့် မြေ၊ အိမ်၊ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူအား ဖိတ်ခေါ်သည့်ကြော်ငြာများစွာကို ဖတ်ရှုမိမည်။ သတင်းစာကြော်ငြာ တစ်ကြိမ်ထည့်သွင်းခြင်းသည် ပြည်တွင်းသာမဟုတ်၊ ပြည်ပသို့ပါ ကြော်ငြာလိုက်ခြင်းဖြစ်သည်။ ကန့်သတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်ပေမည်။ သို့တိုင် တရားရုံးတွင် ဆိုင်ပြိုင်လျက်ရှိသော မှုခင်းတစ်ရပ်၏ အခြေအနေကိုလည်း ခရီးသွားဟန်လွှဲ တင်ပြလိုသေး၏။

မြေတစ်ကွက်ကို ဦးဘပိုင်သည်။ အမည်ပေါက်မြေငှားရန် ပိုင်သည်။ ဦးမြသို့ ရောင်း၏။ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ် ချုပ်ဆိုလျက် ဦးမြက ဝယ်သည်။ ဦးမြသည် ၎င်းဝယ်ယူသည့် မြေပေါ်ရှိ နှစ်ထပ်သစ်သားအိမ်ကို သစ်ဟောင်းဝယ်သူသို့ ဖျက်ယူရန် ရောင်းချသည်။ ထို့နောက် မြေကွက်ဝယ်ယူသော မှတ်ပုံတင်စာချုပ်ဖြင့် မြို့မြေစာရင်းတွင် ဦးမြက ၎င်း၏အမည်သို့ ပြောင်းလဲမှတ်ပုံတင်ပေးရန် လျှောက်ထားသည်။ မြေငှားဂရန်တွင် ဦးမြအမည်ဖြင့် ထုတ်ပေးသည်။

ဦးမြက ၎င်း၏အမည်ဖြင့် ရှိနေပြီဖြစ်သော မြေကွက်ကို ဦးလှသို့ ရောင်း၏။ ဦးလှကလည်း ထိုမြေကွက်ကို ဝယ်ယူရန် စရန်ငွေ ပေးချေထားကြောင်း၊ ပိုင်ဆိုင်ကြောင်းအထောက်အထားနှင့် ကန့်ကွက်နိုင်ကြောင်း သတင်းစာ၌ ကြော်ငြာသည်။ မည်သူမျှ ကန့်ကွက်သူမရှိ။ အရောင်းအဝယ်ကို စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်၍ ဝယ်ယူသည်။ ထိုမြေပေါ်၌ ဦးလှ တိုက်တစ်လုံးဆောက်သည်။ လူတက်နေသည်။ မြေငှားဂရန် အမည်ပေါက်ရေးအတွက် သက်ဆိုင်ရာ မြို့မြေစာရင်း၌ ဦးမြမှ ဦးလှသို့ပြောင်းပေးရန် လျှောက်ထားသည်။

ဂရန်အမည်ပြောင်း လျှောက်ထားခြင်းသည် တော်တော်နှင့် အဖြေထွက်မလာ။ ဦးလှစုံစမ်း၏။ ကန့်ကွက်သူရှိနေ၍ အမည်ပြောင်းမရဟု သိရသည်။ ဆက်၍စုံစမ်း၏။ ဦးဘက ဦးမြအပေါ် ၎င်းတို့ချင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို ပယ်ဖျက်ပေးရန် တရားစွဲဆိုထားကြောင်း သိရသည်။ ဦးလှ ရပ်ကြည့်မနေသာတော့။ ဦးဘနှင့် ဦးမြတို့ ဖြစ်ပွားသည့်အမှုတွင် တရားပြိုင်အဖြစ် ပါဝင်ခွင့် လျှောက်ထားရတော့သည်။ ဤမျှဆိုလျှင် မြေဝယ်လိုသူများ သတိထားရန် လိုအပ်သည်ကို သတိပြုမိကြပေမည်။

ရံခါ၌ မြေငှားဂရန်တို့၌ လင်မယားနှစ်ဦး အမည်ပေါက်သည်လည်း ရှိ၏။ ရောင်းချလျှင် ဂရန်နှစ်ဦးအမည်ပေါက်ဖြစ်သောကြောင့် နှစ်ဦးလုံး လက်မှတ်ထိုးဖို့လို၏။ တစ်ဦးတည်း အမည်ပေါက်ဖြစ်နေပါလျက် စီရင်ဆုံးဖြတ်ခဲ့သော မှုခင်းတစ်ရပ်ဖြင့် သာဓကဆောင်လိုပေသည်။

လင်မယားဟူသည် နှစ်လွှာပေါင်းမှ တစ်ရွက်ဆိုသော စွယ်တော်ရွက်နှင့် ပမာတင်စားလေ့ရှိကြသည်။ စွယ်တော်ရွက်နှစ်ခြမ်းကွဲသည်သို့ လင်မယားချင်းလည်း ကွဲကြကွာကြသည်များ ရှိပေ၏။ လောကတရားသာ ဖြစ်ပေသည်။ ထိုကွဲကြကွာကြသူများထဲတွင် ဦးကျော်ဝင်းနှင့် ဒေါ်အေးအေးတို့လည်း ပါဝင်သည်။ ဦးကျော်ဝင်းနှင့် ဒေါ်အေးအေးတို့သည် ၁၉၇၇ ခုနှစ်တွင် ကွာရှင်းခဲ့ကြသည်။

ဦးကျော်ဝင်းနှင့် ဒေါ်အေးအေးတို့ ပေါင်းသင်းနေစဉ် ၁၉၇၄ ခုနှစ်က မိုးကုတ်မြို့၌ မြေတစ်ကွက် ပိုင်ဆိုင်ခဲ့သည်။ ထိုမြေကွက်သည် ၁၉၇၈-၇၉ ဂရန်အမှတ်တွဲတွင် ဦးကျော်ဝင်း အမည်ပေါက်သည်။ ၁၉၈၉ တွင် ဦးကျော်ဝင်းက ထိုမြေကွက်ကို မိမိတစ်ဦးတည်းပိုင်ဟု ဆိုကာ ဦးသိန်းနိုင်သို့ ရောင်းသည်။ စာချုပ်ကို မှတ်ပုံတင်သည်။

၁၄·၅·၂၉ ရက်နေ့တွင် ထိုမြေကွက်ပေါ်ရှိ အိမ်ထရံများကို ဒေါ်အေးအေးက လက်သမားများဖြင့် ခွာချပြီး ထရံအသစ်များ ကာရံသည်။ ၂၄·၅·၈၉ ရက်နေ့ ရောက်လာသောအခါ ဦးသိန်းနိုင်၏ဇနီးနှင့် ညီတို့က ဒေါ်အေးအေး ထရံအသစ်များ ကာရံထားသည့် တဲအိမ်ကို ဖြိုဖျက်ပယ်ပိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဒေါ်အေးအေးကလည်း ထိုနေ့မှာပင် ထိုမြေပေါ်၌ တဲတစ်လုံးဆောက်လုပ်နေသည်ဟု အဆိုပြုပြီး ဦးသိန်းနိုင်က မန္တလေးတိုင်း တရားရုံး၌ မြေလက်ရောက်ရလိုကြောင်း တရားစွဲဆိုသည်။

တိုင်းတရားရုံးက အချင်းဖြစ်မြေသည် ဦးကျော်ဝင်းနှင့် ဒေါ်အေးအေးတို့ လက်ထက်ပွား ပစ္စည်းဖြစ်ကြောင်းနှင့် လင်မယားကွာရှင်းကြစဉ်က ခွဲဝေကြပြီးသော ပစ္စည်းလည်း မဟုတ်ကြောင်း သုံးသပ်ပြီး အချင်းဖြစ်မြေသည် ဦးကျော်ဝင်း တစ်ဦးတည်းပိုင် မဟုတ်ဘဲ မခွဲဝေရသေးသော ပစ္စည်းဖြစ်သည်ဟု ရှုမြင်သည်။ ဦးကျော်ဝင်းတစ်ဦးတည်း ရောင်းချခြင်း ဖြစ်ရာ ဦးသိန်းနိုင်အနေဖြင့် လက်ရောက်ရခွင့်မရှိကြောင်း ဆုံးဖြတ်ခဲ့သည်။

ဦးသိန်းနိုင်က မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို တရားရုံးချုပ်သို့ တရားမ ပထမအယူခံမှု တင်သွင်းသည်။ တရားရုံးချုပ်က အမှုအား လက်ခံပြီး ကျယ်ကျယ်ပြန့်ပြန့် ကြားနာသည်။

လင်မယားနှစ်ဦး အမည်ပေါက် ဂရန်မြေမဟုတ်။ လင်ယောကျ်ား ဦးကျော်ဝင်းတစ်ဦးတည်း အမည်ပေါက်ဖြစ်ပါလျက် ဦးကျော်ဝင်း ရောင်းချသည်ကို ဝယ်သူလက်ရောက် မရရှိခြင်းသည် စိတ်ဝင်စားဖွယ် ကောင်းလှ၏။ လင်မယား ဆိုသည်မှာလည်း လွန်ခဲ့သော ၁၀ နှစ်ကျော်ကတည်းက ကွာရှင်းခဲ့ကြပြီး ဖြစ်နေသည်။ ဤအမှုကား သာမန်ကျူးကျော်မှုမျိုးနှင့်မတူ။ လင်မယားပိုင်ပစ္စည်း ဖြစ်နေသည်။

တရားရုံးချုပ်က မူလရုံးအမှုတွဲ ပေါ်ပေါက်ချက်များကို လေ့လာသည်။ နှစ်ဖက်လျှောက်လဲချက်များကိုလည်း ကြားနာ၏။ အလားတူ ဆုံးဖြတ်ခဲ့သော မှုခင်းများကိုလည်း စိစစ်ကြည့်သည်။ လင်မယားနှစ်ဦး ပေါင်းသင်းနေစဉ် တစ်ဦးဦးက ထီလက်မှတ်ဝယ်ပြီး ထီပေါက်သည့်ငွေဖြင့် မြေနှင့် အိမ်ကို လင်တစ်ဦးတည်းအမည်ဖြင့် ဝယ်ယူစေကာမူ အချင်းဖြစ်မြေနှင့် အိမ်သည် လင်မယားနှစ်ဦးပိုင် "လက်ထက်ပွား" ပစ္စည်းသာလျှင်ဖြစ်ကြောင်း ဦးဂန္ဓနှင့် မမြကြင် (၁၉၆၂ မတစ-၁၃၁) စီရင်ထုံးတွင် ဆုံးဖြတ်ထားသည်ကို တွေ့ရှိရသည်။

လင်မယားနှစ်ဦးအနက် တစ်ဦးဦး၏ "ပါရင်း"မြေပေါ်တွင် အိမ်ဆောက်လျှင် အိမ်ရောမြေပါ နှစ်ဦးပိုင် "လက်ထက်ပွား"ပစ္စည်း ဖြစ်လာကြောင်း မရှင်မင်းနှင့် ဘသောင်း (၁၂ ဘီအယ်လ်တီ-၂၀၂)တွင် ထုံးဖွဲ့ခဲ့သည်။

ယခု ဦးသိန်းနိုင် လက်ရောက်ရလိုမှု စွဲဆိုသောမြေသည် ဦးကျော်ဝင်းနှင့် ဒေါ်အေးအေးတို့ လင်မယားနှစ်ဦး ပေါင်းသင်းစဉ် နှစ်ဦးပိုင်ရရှိခဲ့ကြသော "လက်ထက်ပွား" ပစ္စည်းဖြစ်ကြောင်း ထင်ရှားနေသည်။ လင်မယားကွာရှင်းစဉ်ကလည်း မခွဲဝေရသေးသော နှစ်ဦးပိုင် လက်ထက်ပွားပစ္စည်း အဖြစ် အငြင်းမပွားပေ။

တရားရုံးချုပ်က လင်မယားနှစ်ဦးအနက် တစ်ဦးဦး အမည်ဖြင့် ဂရန်အမည်ပေါက်လာရုံမျှဖြင့် "လက်ထက်ပွား" ပစ္စည်းမှာ ဂရန်ပေါက်သူတစ်ဦးတည်းပိုင် ဖြစ်မလာနိုင်ဟု သုံးသပ်ရရှိသည်။ မခွဲဝေရသေးသော ပိုင်ဆိုင်မှု အငြင်းပွားနေသည့်မြေကို လက်ရောက်ရရန် တရားစွဲဆိုခွင့်မရှိကြောင်း ဒေါ်ဒေါ်ရှင်နှင့် ဦးအောင်ဖေ (၁၉၅၇ မတစ-၅၊ တရားလွှတ်တော်)စီရင်ထုံးကလည်း ပြဆိုထားသည်။

ယခု ဖြစ်ပွားကြသည့် မိုးကုတ်မြို့က မြေအတွက် ဦးကျော်ဝင်းပိုင်ဆိုင်ရခွင့်ရှိသော အချိုးဝေစုသည် မြေကွက်၏ မည်သည့်အပိုင်း ဖြစ်မည်နည်း။ အရှေ့ဘက်ပိုင်းလော၊ နောက်ဘက်ပိုင်းလော၊ ခေါင်းရင်းခြမ်းလော၊ ခြေရင်းခြမ်းလော။ ဦးကျော်ဝင်းနှင့် ဒေါ်အေးအေးတို့ အချင်းချင်း ရှင်းပြီးမှ လင်းနိုင်ပေလိမ့်မည်။

စာရှုသူအပေါင်းတို့အား ကျွန်တော် ကြိုတင်၍ သတိပေးလိုသည်။ မြေဝယ်လျှင် သတိထားရန် ဖြစ်ပါသည်။

■ ဦးဝင်းလှိုင် (တရားရုံးချုပ်ရှေ့နေ)



ကိုးကား

- ဒေါ်ဒေါ်ရှင်နှင့် ဦးအောင်ဖေ (၁၉၅၇၊ မတစ-၅၊ တရားလွှတ်တော်)
- မရှင်မင်းနှင့် ဘသောင်း (၁၂BLT-၂၀၂)
- ဦးဂန္ဓနှင့် မမြကြင် (၁၉၆၂ မတစ-၁၃၁)
- ဦးသိန်းနိုင် (ခ) ဦးဘိုနီနှင့် ဒေါ်အေးအေး (၁၉၉၂ မတစ-၁၅၉)
- မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ




www.burmeseclassic.com

www.burmeseclassic.com



# အန္တရာယ်ဝိဘတ် အကျိုးဆက်

လူတို့၏ကျင်လည်ရာ ဝန်းကျင်တိုင်းတွင် အန္တရာယ်ဟူသော မလိုလားအပ်သည့်အရာမှာ မထင်မှတ်ဘဲ ဖြစ်စေတတ်ပါသည်။ လောကမွေတာ ကိစ္စများပြောင်လှသော လူသားဆိုင်ရာ အပြုအမူတို့တွင် ဖြစ်တတ်သော အန္တရာယ်မျိုးစုံတို့သည် အသက်နှင့်ခန္ဓာ ရုပ်ပိုင်းကိုသော်လည်းကောင်း၊ စိတ်ဓာတ်ပိုင်းကိုသော်လည်းကောင်း ရှေ့ရှုရည်ရွယ်ကာ အကျိုးဆက်၍ ဖြစ်စေတတ်ပါသည်။ ကြီးလေးသည်၊ ပေါ့သေးသည်မဟူ အန္တရာယ်တစ်ခုခုနှင့် တွေ့ကြုံရသော် ဆိုးကျိုးသာရရှိမည်သာတည်း။

မည်သူမဆို မလိုလားအပ်သော အန္တရာယ်နှင့်ကင်းဝေးလိုကြပါသည်။ သို့သော် ကမ္ဘာကြီး၏ ပြောင်းလဲလျက်ရှိသောအခြေအနေအရ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာခဲ့သော် လူတို့မှာ ရှောင်လွှဲမရ ကြုံတွေ့ကြရပါသည်။ ဤသို့ ရှောင်လွှဲမရသော အန္တရာယ်များရှိသလို၊ ကာကွယ်ရှောင်ရှားနိုင်သော အန္တရာယ်များလည်း ရှိပါသည်။ သို့သော် လူတို့တွင် အန္တရာယ်ဖြစ်မည့်အရေးကို သတိထားဆင်ခြင်မှု မပြုနိုင်သဖြင့် မထင်မှတ်ဘဲ အန္တရာယ်စက်ကွင်းအတွင်းသို့ ရောက်ကြရသည်မှာ များစွာရှိပေမည်။ လူတို့ဝန်းကျင်တွင် အန္တရာယ်

သောင်းညာဏ်(ပန်းထော်ကျွန်း)



www.burmeseclassic.com

www.burmeseclassic.com

မျိုးစုံ ရှိတတ်သည်ကို သိရှိနားလည်ကြသော်လည်း မည်သို့ပြုလုပ်လျှင် မည်သည့်အန္တရာယ် အကျိုးဆက် ခံစားရမည်ကို သိလျက်နှင့်သော်လည်းကောင်း၊ မသိနိုင်၍သော်လည်းကောင်း ဖွတ်နှစ်၍ ပြုလုပ်ခြင်းများလည်း ရှိကြသည်ဟု တွေးမိပါသည်။ မည်သို့ပင်ဖြစ်စေ လူတို့သည်ကား အန္တရာယ်မျိုးစုံ၏ စောင့်ကြည့်ခံကာ လှုပ်ရှားရုန်းကန်နေကြရသူများသာ ဖြစ်ချေသည်တကား။

ယနေ့အချိန်၌ လူတို့အဖို့ အများအားဖြင့် ကြုံတွေ့ကြရသည်မှာ ယာဉ်အန္တရာယ်ပင် ဖြစ်နေသည်ဟု ထင်မိပါသည်။ ကြားမြင်ကြုံတွေ့ သိရှိရသည်များ၊ ဖတ်မှတ်မိသော သတင်းစာ ဂျာနယ်များ၌ ယာဉ်အန္တရာယ် အကြောင်း များစွာရှိပေသည်။ သတင်းစကား ကြားသိခြင်းမှာ ကိုယ်တိုင်မြင်တွေ့မှု မရှိခဲ့သဖြင့် တစ်ဆင့်ခံ တွေးခေါ်ကြံဆမှုသာ ဖြစ်ခဲ့မိပါသည်။ မိမိကိုယ်တိုင် တွေ့မြင်ကြားသိရသော အန္တရာယ်တို့ကိုမူ ကိုယ်တိုင် ကိုယ်ကျ ခံစားချက်နှင့် တွေးခေါ်မိခြင်းဖြစ်ရာ ယနေ့တိုင်ပင် (ရုပ်ရှင်ဇာတ်လမ်းများ၌ အတိတ်ဖြစ်ရပ် မြင်ယောင်ခန်းကဲ့သို့) ပီပီပြင်ပြင် မြင်ယောင်မိပါသည်။ ကုန်ခဲ့သော နာရီပိုင်းအတွင်း ကိုယ်တိုင်မြင်မိသော ယာဉ်အန္တရာယ်တစ်ခုကြောင့်ပင် ယာဉ်အန္တရာယ်အကြောင်းမှ ဆက်နွယ်ကာ အတိတ်မှမြင်တွေ့ခဲ့ရသော ယာဉ်အန္တရာယ်များ အကြောင်းအရာအစုံကို မျက်ဝါးထင်ထင် မြင်ယောင်မိလျက် အတွေးပိုမိရပါတော့သည်။

ယာဉ်အန္တရာယ်ဖြစ်စေ၊ လမ်းအန္တရာယ်ဖြစ်စေ၊ အန္တရာယ် ကြီးသည်၊ ငယ်သည်မဟူ အကျိုးဆက်က ပူးတွဲ ပါရှိလာသည်မှာ ဓမ္မတာတည်း။ ကုန်ခဲ့သော အချိန်ပိုင်းက မိမိသည် အိမ်ရှေ့တံခါးပေါက်အနီး ကုလားထိုင်၌ထိုင်ကာ မျက်စောင်းထိုးဘက်သို့ ငေးနေမိပါသည်။ ထိုစဉ် မိမိအိမ်ခန်း၏ ခပ်လှမ်းလှမ်း အိမ်ခန်းရှေ့သို့ ကုန်ကားတစ်စီးရပ်လိုက်သည်ကို တွေ့ရပါသည်။

ကားရှေ့ခန်းတံခါး ဖွင့်သည်နှင့် နောက်ဘက်မှ မောင်းလာသော ကိုယ်ပိုင်ကားတစ်စီး ရောက်သည်မှာ ချိန်ကိုက်ထားသလို တိုက်ဆိုင်သွားပါသည်။ လူအသက်အန္တရာယ်မဖြစ်သော်လည်း ယာဉ်အန္တရာယ် ဖြစ်မြောက်သွားပေပြီ။ နှစ်ဦးနှစ်ဘက် အန္တရာယ်၏စီမံချက်ကြောင့် အချင်းများကြရပါသည်။ ကားရပ်ပြီးနောက် တံခါးကို ဖွင့်လျှင် နောက်ကားလာမလာ ကြည့်ပြီးမှသာ ဖွင့်ရမည့် ယာဉ်စည်းကမ်းကိုသိလျက်နှင့် အမှတ်တမဲ့ ခဏတာ ဖောက်ဖျက်ခြင်းသည်ကား ယာဉ်အန္တရာယ်ကို ဖိတ်ခေါ်ခြင်းဖြစ်ကြောင်း ကိုယ်တွေ့ မြင်ရသိရပါသည်။ အန္တရာယ်ဟူသည် အကျိုးဆက်က တစ်နည်းမဟုတ် တစ်နည်းနှင့် ဆက်ခံရပေမည်။ ကားသမားအချင်းချင်း စကားပြင်းဆို ဖြေရှင်းကြစဉ် လူအချို့ ဝိုင်းအုံလာကြည့်ကြပါသည်။

တံခါးဖွင့်မှားသော ကားအဖို့ လျော်ကြေးလေးသိန်းပေးကာ ယာဉ်အန္တရာယ်အကျိုးဆက်ကို ခံစားလိုက်ရသည်။ ထိုအန္တရာယ်ပြဿနာကို ဖြေရှင်းမှုကြောင့် အချိန်ကုန်ကာ ကုန်ပို့လုပ်ငန်း နှောင့်နှေးစေနိုင်သဖြင့် ကုန်ကားဘက်မှ လျော်ကြေးငွေကို မကျေနပ်သော်လည်း မပေးမဖြစ် ပေးရပါတော့သည်။ ကိုယ်ပိုင်ကားဘက်မှလည်း ပျက်စီးယိုယွင်းသော ကားကိုယ်ထည် အစိတ်အပိုင်းကို ပြုပြင်ရမည့် အကျိုးဆက်၊ နှစ်ဦးနှစ်ဖက် ခံစားကြရပါသည်။

ထိုယာဉ်အန္တရာယ် ကြုံရခြင်း၌ ယာဉ်စည်းကမ်း ဖောက်မိသူအား ယာဉ်အန္တရာယ်ဖြစ်မှုကို ခုတုံးလုပ်၍ ဖိအားပေးခြင်း ခံရစေကြောင်း။ ထိုအန္တရာယ်ကိုရင်း၍ လိုသည်ထက်ပိုသော အကျိုးအမြတ်ကို တစ်ယောက်မှ ရယူခြင်းဖြစ်ကြောင်း ကိုယ်တိုင်မြင်တွေ့လိုက်ရသဖြင့် ယာဉ်အန္တရာယ်နှင့် အကျိုးဆက်ကို စည်းကမ်းမဲ့ခြင်းက ဖိတ်ခေါ်နေလျှင် လွတ်နိုင်သော ယာဉ်အန္တရာယ် ဖြစ်သော်ငြားလည်း မထင်မှတ်ဘဲ မလိုလားသောအန္တရာယ်က စောင့်ကြည့်ခြင်းကြောင့် ဖျတ်ခနဲ စက်ကွင်းထဲသို့ ရောက်ရသည့်ဖြစ်ရပ်ပေတည်း။ အန္တရာယ်ကိုပင် အရင်းအနှီးပြုလုပ်ကာ အမြတ်ရအောင် ကြံဆဖန်တီးမှုရှိသော လူ့လောကပေတကားဟု တွေးလျက် ငေးနေမိပါတော့သည်။

ယနေ့ သယ်ယူပို့ဆောင် သွားလာမှု လွယ်ကူလျင်မြန်သော ခေတ်မီယာဉ်အမျိုးမျိုး တိုးမြင့်ပွားစည်းနေသောအချိန်တွင်သာ ယာဉ်အန္တရာယ်ရှိသည် မဟုတ်။ အတိတ်ကာလ အချိန်ကလည်း တိုးတက်လာ



www.burmeseclassic.com

www.burmeseclassic.com

သော ယာဉ်အမျိုးအစားအလိုက် ယာဉ်အန္တရာယ်ရှိခဲ့သည်များကို ဆက်စပ်ပုံးကပ် မြင်ယောင်လာပြန်သည်။

အတိတ်ကာလ တစ်ချိန်က မိမိသည် ဆေးရုံတစ်ခုရှေ့၌ ဈေးရောင်းခဲ့ပါသည်။ ထို့ကြောင့် ပလက်ဖောင်းတွင်ရောင်းသော ဈေးသည်များ၊ ဆိုင်ခန်းနှင့်ရောင်းသောဈေးသည်များနှင့် မျက်မှန်းတန်းကာ ဈေးသည်အချင်းချင်း သိနေရပါသည်။ တစ်ခါတွင် ပလက်ဖောင်း၌ဈေးရောင်းသူ အမျိုးသမီးတစ်ဦးသည် ပုံးလွတ်တစ်လုံးဆွဲပြီး ရေဖြည့်ရန်သွားမည်ဟု ပလက်ဖောင်းပေါ်မှ လှည့်အဆင်း အရှိန်နှင့်နင်းလာသော စက်ဘီးတိုက်မိပါတော့သည်။ ရေပုံးလွတ်ကျသံ၊ အော်သံကြောင့် မိမိလည်း လှမ်းကြည့်မိပါသည်။ မတော်တဆဖြစ်မှုပင်ဖြစ်သော်လည်း ယာဉ်အန္တရာယ်ပြဿနာကို ဝိုင်းအုံကာရှင်းကြရပါသည်။ အတိုက်ခံရသူ အမျိုးသမီးက ရေပုံးအက်သည်သာမက သူမ၏လက်တစ်ဖက် နာကျင်သဖြင့် ဆေးရုံတွင် ကုသမှုခံယူရမည်ဟု ထွက်ဆိုကာ လျော်ကြေးတောင်းပါသည်။ စက်ဘီးစီးသူမှ မတန်တဆ လျော်ကြေးတောင်းမှုကို မကျေနပ်သော်လည်း ပေးခဲ့ရပါတော့သည်။

မိမိမှာမူ ထိုဈေးသည်မှာ ဆေးကုရလောက်အောင် နာကျင်ရလျှင် ဈေးရောင်းပျက်ရတော့မည်။ အိမ်ထောင်ရှင်မတစ်ဦးအနေနှင့် ဈေးရောင်းရာတွင် ရက်မမှန်ပါက စီးပွားရေး၊ စားဝတ်နေမှု ထိခိုက်နိုင်သည်ကို ဈေးသည်ချင်း ကိုယ်ချင်းစာကာ စိတ်မကောင်းဖြစ်မိပါသည်။ သူမအား သတင်းမေးသောအခါ ပွန်းရုံမျှသာ ဒဏ်ရာကို မြင်ရပြီး သူမလည်း ဈေးရောင်းမပျက် ရက်ဆက်မြင်နေရပါသည်။ ယာဉ်အန္တရာယ်မှာ သေးငယ်၍ တော်ပါသေးသည်ဟု တွေးမိရာမှ မိမိမှာ အန္တရာယ်အကျိုးဆက်ကို သုံးသပ်တွေးဆကြည့်ပြန်သည်။ မည်သည့်ယာဉ်ကို အသုံးပြုသွားလာ သယ်ယူပို့ဆောင်ခြင်းမဆို သတိမပြုသော ခဏ၌ အန္တရာယ်က ချက်ချင်းရောက်လာမည်မှာ မလွဲချေ။ အကြီးအသေးသာ ကွဲပြားပါမည်။ အန္တရာယ်အကျိုးဆက်ကို ခံစားရမည်သာတည်း။ ယာဉ်အန္တရာယ်ဆိုသည်မှာ အသက်ကို ဆုံးရှုံးနိုင်သည်။ ကိုယ်အင်္ဂါ ချွတ်ယွင်းစေနိုင်သည်ထိ အကျိုးဆက်ပြဿနာ၊ နှစ်ဦးနှစ်ဖက် ကောင်းမှုကောင်းရာမခံစားရပေ။ သို့သော် ကြုံတွေ့ရသော အန္တရာယ်ကို ရင်းနှီးမြှုပ်နှံသောအားဖြင့် စီးပွားရေးသဖွယ် အမြတ်ရရှိသည်ဟု ယူဆထားကြသည်မှာ လူတန်းစားမရွေးပင် ရှိကြပေသည်ဟု အသိတစ်မျိုးကိုခံစားမိရပါတော့သည်။

ယာဉ်အန္တရာယ်အကျိုးဆက်မှာ အကြီးအသေးမဆိုသာ ပြတ်သွားသည့် သဘောမရှိဟူ၍ တွေးဆယုံကြည်ပြီး "အန္တရာယ်ဝိဘက် အကျိုးဆက်"ဟု တင်စားချင်မိသည်မှာ နောက်တစ်လအချိန်ပင် မကြာပေ။ စက်ဘီးတိုက်ခံရသူ မိန်းမရွယ်၏မိခင်မှာ ဆေးရုံတွင် သေဆုံးသည်ဟု ကြားသိရပါသည်။ အနီးအပါး ဈေးသည်များ အသုဘစရိတ် စုပေါင်းထည့်ဝင် ကူညီကြပါသည်။ လူဆိုသည်မှာ ကွေးသောလက် မဆန့်ခင် သေဆုံးနိုင်သည့် သဘာဝတရားအရ သူမမိခင် သေဆုံးခြင်းမှာ မဆန်းပေ။ သို့သော် မဆန်းသော်လည်း ထူးနေသည် ဆိုသကဲ့သို့ သူမမိခင်သေဆုံးရခြင်းမှာ ကားတိုက်မှု ယာဉ်အန္တရာယ်စက်ကွင်း မိလိုက်ခြင်းကြောင့် ဖြစ်ပေသည်။

ခရီးသွား လူစီးကားပေါ်တွင် လိုက်ပါရာမှ ယာဉ်အန္တရာယ်ဖြစ်သဖြင့် နီးစပ်ရာ ဆေးရုံသို့ သယ်ယူသော်လည်း အသက်မမီသော၊ ကယ်မရသော အန္တရာယ်အကျိုးဆက် ခံစားရခြင်းဖြစ်ပါသည်။ အန္တရာယ်ဆိုသည်မှာ လူတို့ဆင်ခြင် သတိမပြု အသိလွဲသော် 'အန္တရာယ်ဝိဘက် အကျိုးဆက်"ကို ဖြစ်ပေါ်စေသည်ဟု တွေးဆယုံကြည်မိပါသည်။

မကြာမတင် အချိန်မှ ယာဉ်အန္တရာယ်တစ်ခုကို မျက်မြင်ကိုယ်တွေ့ ကြုံရသည်မှ အတွေးဆန့်မှု ဖြစ်ရပါသည်။ ယနေ့အချိန်တွင် ယာဉ်မျိုးပေါင်းစုံ တိုးပွားများပြားသည်ဖြစ်၍ ယာဉ်အန္တရာယ်ပေါင်း မည်မျှတိုးပြီး အန္တရာယ်ဝိဘက် အကျိုးဆက်များ မည်သို့ဆန်းပြားထူးထွေ ခံစားရစေမှု မည်ရွေ့ရှိနေမည်ကို မခန့်မှန်းနိုင်တော့ပေ။

'အန္တရာယ်ဝိဘတ် အကျိုးဆက်'၏ အသိနှင့် သတိ မြဲနိုင်ကြပါစေ။

■ သောင်းညဏ်(ပန်းတော်ကျွန်း)



www.burmeseclassic.com

www.burmeseclassic.com

# ဂျပန်နိုင်ငံ၏ အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့

တင်ထွေးဆက်

## တည်ငြိမ်အေးချမ်းမှုကို အကြမ်းမဖက်သောနည်းဖြင့် ထိန်းသိမ်းနေကြသော ကိုယ်ကျပ်အကျီဝတ် ခေတ်မီသူရဲကောင်းများ

ဂျပန်နိုင်ငံ အမျိုးသားရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ ၁၉၆၈ ခုနှစ်အတွင်း မကျေနပ်သော ကျောင်းသားများနှင့် ရဲများကြား ထိပ်တိုက်ရင်ဆိုင်မှုပေါင်း အကြိမ် ၁၅၀၀ ခန့် ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။ တစ်ရက်လျှင် ပျမ်းမျှ လေးကြိမ်နှုန်းခန့် ဖြစ်၍ မနည်းမနောဟု ဆိုရမည်ဖြစ်ပေသည်။

၁၉၆၉ ခုနှစ်တွင် ဆန္ဒပြမှုများ တိုးပွားလာပြီး အကြမ်းဖက်မှုများ မတည်ငြိမ်မှုများ ပိုမိုများပြားလာခဲ့သည်။ ဧပြီလ ၂၈ ရက်နေ့တွင် ဖြစ်ခဲ့သော ကျောင်းသား ၈၀၀၀ ပါဝင်သည့် ဆန္ဒပြမှုများကြောင့် တိုကျိုမြို့ ဂင်ဇာတွင် လမ်းများ ပိတ်ဆို့သွားခဲ့ရသည်။ အိုကီနာဝါကျွန်း ပြန်လည်ရရှိရန် တောင်းဆိုဆန္ဒပြခြင်းဖြစ်၍ မာတ်ဆီဗုံးများ ပစ်ပေါက်၍ နှစ်ဖက်(ရဲနှင့် ကျောင်းသားများ) ပြင်းထန်သော တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ရသည်။ ဆောင်းဦးပေါက်ရာသီတွင် ထိုစဉ်က ဝန်ကြီးချုပ်ဆာတို၏ အမေရိကန်ခရီးနှင့် ဗီယက်နမ်စစ်ပွဲတို့ကို ဆန့်ကျင်သည့် လက်ဝဲကျောင်းသားများ ဦးဆောင်သည့် ဆန္ဒပြပွဲများ ဖြစ်ခဲ့သည်။ ကျောင်းသား ၃၀၀၀ ခန့် အဖမ်းခံရသည်။ ကျောင်းသားများအပေါ် ထားရှိခဲ့သည့် လူထု၏ စာနာထောက်ထားသောအမြင်များ ပြောင်းလဲသွားခဲ့သည်။

ဤသို့ အကြမ်းဖက်မှုများဖြင့် မည်သို့ပင် ဖိအားပေးခံရစေကာမူ ဂျပန်နိုင်ငံအနေဖြင့် မင်းမဲ့စရိုက် အကြမ်းဖက်မှုများကို အညံ့ခံ အရှုံးမပေးဘဲ ကြံ့ကြံ့ခံ ရပ်တည်နိုင်ခဲ့သည်။ ဤသို့ ရပ်တည်နိုင်ရေးတွင် ဂျပန်နိုင်ငံ၏ ကီဒိုတိုင် အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင် အခန်းကဏ္ဍမှာ အရေးပါလှပေသည်။ အရေအတွက်အားဖြင့် ၁၅၀၀၀ သာရှိသော်လည်း စနစ်တကျ လေ့ကျင့်ထားသော ကျွမ်းကျင်သူများနှင့် ဖွဲ့စည်းထားခြင်းကြောင့် သွေးထွက်သံယို အနည်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်စွမ်း ရှိပေသည်။

### ထူးချွန်ထင်ရှား မှတ်တမ်းများ

၁၈နှစ်တာကာလအတွင်း ဖြစ်ပွားခဲ့သော အဓိကရုဏ်းများတွင် ရဲအရာရှိနှစ်ဦးနှင့် ကျောင်းသား လေးဦးသာ သေစေလောက်သည့် ဒဏ်ရာများ ရရှိခဲ့သည်။ ဆန္ဒပြသူများ သေဆုံးဒဏ်ရာရမှုများနှင့် ပတ်သက်၍ တိုက်ရိုက်တာဝန်ရှိမှုကို ရဲဘက်မှ ငြင်း

www.burmeseclassic.com

ဆိုခဲ့သည်။ ယင်းတို့သည် ဆန္ဒပြသူများကြောင့်သာ ဖြစ်ရသည်ဟု ဆိုသည်။ ဥပမာအားဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်မှုများအတွင်း နင်းမိ၍ သေဆုံးရခြင်းနှင့် ဆန္ဒပြသူတစ်ဦးက ရဲကားကို တက်မောင်းရာမှ တိုက်မိ၍ သေဆုံးခြင်းနှင့် ဆန္ဒပြသူများ ပစ်လိုက်သော ဓာတ်ဆီဗုံး မတော်တဆထိမှန်၍ သေဆုံးခြင်းတို့ ဖြစ်ပေသည်။

အခြားနိုင်ငံများ ဖြစ်ပွားခဲ့သော ဤသို့သော ဖြစ်ရပ်များတွင် လူပေါင်းမြောက်မြားစွာ သေဆုံးကြောင်း သိရသည်။ ၁၉၆၈ အိုလံပစ်အားကစားပွဲ မတိုင်မီ မက္ကဆီကိုတွင် ဖြစ်ခဲ့သော ကျောင်းသားဆန္ဒပြမှုများတွင် ၂၉ ဦး သေဆုံးပြီး၊ လူပေါင်းရာချီ၍ ဒဏ်ရာများ ရခဲ့ကြသည်။

ကီဒိုတိုင် ရဲတပ်ဖွဲ့၏ သွေးထွက်သံယိုဖြစ်မှုကို ရှောင်ရှားနိုင်သည့် လျှို့ဝှက်ချက်မှာ အဓိကရုဏ်းရဲတပ်ဖွဲ့ဝင်များ ဝတ်ဆင်ကိုင်တွယ် အသုံးပြုရန် သီးသန့်ပုံစံထုတ်ထားသည့် လက်နက်ကိရိယာသည် လျှို့ဝှက်ချက်၏ အဖြေတစ်စိတ်တစ်ပိုင်းဟု ဆိုနိုင်သည်။ ဆန္ဒပြမှုများ ဖြစ်လာနိုင်ဖွယ်ရှိသည့် တိုကျိုမြို့လယ် တိုင်ဘီယာပန်းခြံတွင် ကီဒိုတိုင်တပ်ဖွဲ့ တပ်စွဲထားသည်။

ကီဒိုတိုင် တပ်ဖွဲ့ဝင် တစ်ဦးကို ကြည့်လျှင် ခေါင်းကို လုံခြုံအောင်ကာထားသော ဖိုင်ဘာမှန် မျက်နှာဖုံး တပ်ထားသည့် ပလတ်စတစ်အမာစားဖြင့် လုပ်ထားသော ခမောက်ဆောင်းထားသည်ကို တွေ့ရမည်ဖြစ်သည်။ အလွန်ပေါ့ပါးမာကြောသည့် သတ္တုစပ် ဒူရာယူမင်ဖြင့် လုပ်ထားသည့် သတ္တုပြားဖြင့် ရှေ့လက်မောင်းနှင့် ညို့သကျည်းကို ကာကွယ်ပေးထားသည့် ဒိုင်းကို ယူနီဖောင်းနှင့် တွဲချုပ်ထားသည်ကို တွေ့ရပေသည်။ ဒိုင်းသည် လေးပေမြင့်၍ ၁၈ လက်မ ကျယ်သည်။ ကီဒိုတိုင် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ကြည့်ရသည်မှာ ခေတ်ပေါ်သံချပ်ကာဝတ်သူရဲကောင်းတစ်ဦးနှင့် တူသည်။ သို့သော် သူ့ရည်ရွယ်ချက်မှာ အဓိကရုဏ်းတွင် ပါဝင်သူများကို တိုက်ခိုက်ရန်မဟုတ်ဘဲ အကြမ်းဖက်မှုကို ရှောင်ပြီး ငြိမ်းချမ်းမှု (တည်ငြိမ်အေးချမ်းမှု) ကို ထိန်းသိမ်းရန်သာ ဖြစ်ပေသည်။ ခုခံကာကွယ်သည့် နည်းဗျူဟာများကိုသာ အဓိကထား၍ သင်ကြားလေ့ကျင့်ပေးထားပြီး သေနတ်မကိုင်ရပေ။ သူ၏အဓိကလက်နက်မှာ သူ့ဘေးတွင် ချိတ်ထားသည့် သစ်သားနံပါတ်တုတ်ဖြစ်သည်။ ယင်းလက်နက်ကိုပင် အမိန့်ရမှသာ အသုံးပြုခွင့်ရှိသည်။

တိုကျိုမြို့တော် ရဲတပ်ဖွဲ့ အကြီးအကဲ ဗိုလ်ချုပ်ကြီး အက်ကီရာဟာတာနိုက "အဓိကရုဏ်းနှိမ်နင်းရေးတပ်ဖွဲ့ဝင်များအား မည်သို့သောဒေါသဖြစ်ဖွယ်ရာ၊ မခံနိုင်စရာ အခြေအနေများနှင့် ကြုံတွေ့စေကာမူ လွန်လွန်ကဲကဲ တုံ့ပြန်မှုမပြုရန် လေ့ကျင့်ပေးထားကြောင်း" ပြောခဲ့သည်။ ဗိုလ်ချုပ်ကြီး အက်ကီရာသည် အကြမ်းဖက်မှုများ၏ ဗဟိုဖြစ်သည့် တိုကျိုမြို့တော် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ယူထားရသူဖြစ်သည်။ အကြမ်းဖက်မှုကို အကြမ်းဖက်မှုဖြင့် တုံ့ပြန်ခြင်းဖြင့် အကြမ်းဖက်မှုကို အားပေးအားမြှောက်မပြုရန် သူ၏ တပ်ဖွဲ့ဝင်များအား သင်ကြားလေ့ကျင့်ပေးခဲ့သည်။ ထိပ်တိုက်ရင်ဆိုင်မှုတိုင်းတွင် ထိခိုက်ဒဏ်ရာအချို့ ရရှိနိုင်သော်လည်း တတ်နိုင်သမျှ မရှိအောင် အနည်းဆုံးဖြစ်အောင် ကြိုးပမ်းသွားရန် လေ့ကျင့်ပေးထားခဲ့သည်။

အက်ကီရာဟာတာနိုသည် တစ်ခုနှင့်တစ်ခု မကြာခဏ ဝိရောဓိဖြစ်နေသော တာဝန်နှစ်ရပ်ကို ထမ်းဆောင်ရန် ဥပဒေအရ တာဝန်ပေးအပ်ထားခံရသူဖြစ်သည်။ ထိုတာဝန်နှစ်ရပ်မှာ မြို့တော်ငြိမ်ဝပ်ပိပြားရေးနှင့် ဆန္ဒပြသူများကို အကာအကွယ်ပေးရန်တို့ ဖြစ်ပေသည်။ ဆန္ဒပြပိုင်ခွင့်သည် ပါလီမန်ကပြဋ္ဌာန်းထားသည့် ဥပဒေက အာမခံထားသော အခွင့်အရေးဖြစ်၍ ထိုဆန္ဒပြပိုင်ခွင့်ကို အကာအကွယ်ပေးရန်မှာ သူ၏တာဝန်ဖြစ်ကြောင်း ဟာတာနိုက ပြောခဲ့သည်။ ဆန္ဒပြမှုများသည် ဆူပူအကြမ်းဖက်မှုများနှင့် လူတို့၏ အသက်အိုးအိမ် စည်းစိမ်ကို ခြိမ်းခြောက်မှုများ ဖြစ်လာမှသာ ရဲက ပါဝင်လာမည်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။

ဂျပန်နိုင်ငံ၏ ဥပဒေက ဆန္ဒပြပိုင်ခွင့်ကို ကျယ်ကျယ်ပြန့်ပြန့် အကာအကွယ်ပေးထားသည်။ ရဲတပ်ဖွဲ့အနေနှင့် သာမန် ကြိုတင်ကာကွယ်မှုများကိုပင် မလုပ်ရန် တားမြစ်ခံထားရသည်။ ဥပမာအားဖြင့် အစွန်းရောက် ကျောင်းသားများ၏ ဌာနချုပ်တွင် ဓာတ်ဆီများကို တွေ့ရှိမှုဖြင့် မီးလောင်ဗုံးများတွင် တရားမဝင်အသုံးပြုသည့် အထောက်အထားမရှိလျှင် သိမ်းဆည်း၍ မရပေ။ ဆန္ဒပြသူ၏ လက်တွင်းရှိ ကျောက်ခဲသည်ပင် မပစ်သရွေ့ လက်နက်ဟု ယေဘုယျအားဖြင့် မှတ်ယူ၍ မရပေ။ သေရေးရှင်ရေး အကြပ်အတည်းကာလများတွင်ပင် ဂျပန်ရဲတပ်ဖွဲ့အနေနှင့်



www.burmeseclassic.com

www.burmeseclassic.com

ညမထွက်ရ အမိန့်ထုတ်ခွင့် မရှိပေ။ အခြားနိုင်ငံများတွင် ထိုအမိန့်ကို ထိရောက်စွာ အသုံးပြုနေကြပေသည်။

## ငြိမ်းချမ်းသောနည်းလမ်းများ

ဤသို့သော ကန့်သတ်ထိန်းချုပ်မှုများသည် စစ်မဖြစ်မီက ရဲတပ်ဖွဲ့၏ နိုင်ငံကို မင်းဆက်လုပ်ဆောင်မှုများမှ မြစ်ဖျားခံလာခဲ့ခြင်း ဖြစ်ပေသည်။ ရဲတပ်ဖွဲ့အနေဖြင့် အင်အားသုံးဖြေရှင်းမှုကို ခွင့်ပြုထားသည့် ဥပဒေများကို လူအများစုက မကြိုက်ကြပေ။ ထို့ကြောင့် ရှုန်းရင်းဆန်ခတ် ဖြစ်မှုများ (မတည်ငြိမ်မှုများ)ကို ဖြေရှင်းရန် ထူးခြားသည့် နည်းလမ်းများကို တီထွင်ခဲ့ကြရပေသည်။ ၎င်းနည်းလမ်းများမှာ စိတ်ရှည်သည်းခံမှု၊ စောင့်စည်းထိန်းချုပ်နိုင်စွမ်း ရှိမှုပေါ်တွင် အခြေခံထားသည့် ကီဒိုတိုင်၏ တင်းတင်းကျပ်ကျပ် လေ့ကျင့်ထားသော အလွန်လွယ်ကူစွာ ရွေ့လျားပြောင်းရွှေ့နိုင်သည့် နည်းလမ်းများ ဖြစ်ပေသည်။

ကီဒိုတိုင် ရဲတပ်ဖွဲ့၏ ထိရောက်မှုသည် တပ်ဖွဲ့ဝင်များ၏ စည်းကမ်းလိုက်နာမှု၊ စောင့်စည်းထိန်းချုပ်နိုင်မှုနှင့် သတ္တိရှိမှုတို့ပေါ် မူတည်ပေသည်။ ပုံမှန်ရဲတပ်ဖွဲ့ လုပ်သက် နှစ်နှစ်မှ လေးနှစ်အတွင်း ရှိသူများထဲမှ ရွေးချယ်ထားသူများဖြစ်ပြီး အရာရှိဖြစ်လာမည့်သူများလည်း ဖြစ်ပေသည်။ ထို့ပြင် ဂျူဒိုနှင့် ကင်ဒို(ဂျပန်ဓားသိုင်း) ကျွမ်းကျင်သူများဖြစ်ပြီး ပြင်းထန်သည့် ဖိအားများအောက်တွင် မည်သို့တုံ့ပြန်သည်ကို တင်းကျပ်သည့် စိတ်ပိုင်းဆိုင်ရာ စစ်ဆေးမှုများဖြင့် စစ်ဆေးအောင်မြင်ထားသူများလည်း ဖြစ်ပေသည်။

## ကတိတည်သူများ

ကီဒိုတိုင် တပ်ဖွဲ့မှ အရာရှိထက်ဝက်ကျော်သည် ရာထူးတိုးမြှင့်ရေး စာမေးပွဲများဖြေရန် ညနေသင်တန်းများ တက်ပြီးသူများ ဖြစ်ကြပြီး၊ ခုနစ်ယောက်တွင် တစ်ယောက်မှာ တက္ကသိုလ်ဘွဲ့ရ ဖြစ်ပေသည်။ အများစုသည် ကီဒိုတိုင်တပ်ဖွဲ့တွင် နှစ်နှစ်မှ သုံးနှစ်ထိ တာဝန်ထမ်းဆောင်ပြီး မိခင်ဌာနပြန်လျှင် ရာထူးတိုးရန် မျှော်မှန်းနိုင်ပြီဖြစ်ပေသည်။

ကီဒိုတိုင်တပ်ဖွဲ့ကို ရဲအရာရှိ အိုကာမိုဆိုကဲ့သို့သော သူများနှင့် ဖွဲ့စည်းထားသည်။ အသက် ၂၅ နှစ်ရှိပြီး ဂျပန်မြောက်ပိုင်း၊ ဟော့ကိုင်းဒိုမှ ဖြစ်သည်။ အထက်တန်းအောင်ပြီး တက္ကသိုလ်တက်ရန် တိုကျိုသို့ လာခဲ့ခြင်း ဖြစ်သည်။ ဥပဒေအလုပ်ကို စိတ်ဝင်စားသူ ဖြစ်သည်။ အလုပ်ချိန်မှာလည်း ပုံမှန်ဖြစ်၍ လစာကောင်းပြီး တက်လမ်းကောင်းခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။ အိုကာမိုတိုသည် တိုကျိုတွင် ရဲအရာရှိအဖြစ် လေးနှစ်ခွဲကြာ တာဝန်ထမ်းဆောင်စဉ် အရာရှိကောင်းတစ်ဦး ဖြစ်လာရန် နီဟွန်တက္ကသိုလ်တွင် ဥပဒေညနေသင်တန်းများ တက်ခဲ့သည်။ ကီဒိုတိုင်သို့ရောက်သည့်အခါ ဥပဒေဘွဲ့ရရှိခဲ့ပြီး ဖြစ်သည်။

တိုကျိုမြို့တော်တွင် ကီဒိုတိုင် တပ်ရင်း ၁၀ ရင်းခန့် ဖြန့်ခွဲနေရာချထားသည်။ နေ့စဉ် အဓိကရုဏ်း ထိန်းသိမ်းမှု လေ့ကျင့်ခန်းများ၊ ကိုယ်ကာယလေ့ ကျင့်ခန်းများ ပြုလုပ်ကြရပြီး လူမှုအခွင့်အရေးနှင့် ရဲတာဝန်ဆိုင်ရာ ပို့ချချက်များကိုလည်း ခံယူကြရပေသည်။ လေ့ကျင့်ခန်းများကို တပ်ရင်းအပြင်ဘက် ကွင်းပြင်များတွင် ပြုလုပ်လေ့ရှိသည်။ မြန်မြန်ဆန်ဆန်နှင့် ရည်မှန်းချက်ရှိရှိ လုပ်ရသည့် နည်းဗျူဟာများဖြစ်သည်။ တပ်ဖွဲ့ဝင်များ၏ အသက်နှင့် လုံခြုံမှုသည် အဖွဲ့လိုက် စုပေါင်းလုပ်ဆောင်နိုင်မှုပေါ် မူတည်ခြင်းကြောင့် လေ့ကျင့်ခန်းများကို အလေးထားလုပ်ဆောင်ကြသည်။

## တီထွင်ထားသည့် နည်းဗျူဟာ

ကျောက်ခဲဖမ်း ကီရိယာဟုခေါ်သည့် တင်းနစ်ပိုက်ကဲ့သို့သော ပိုက်ကို အသုံးပြု၍ ဆန္ဒပြသူများကို ဖမ်းသည့် နည်းစနစ်ဖြစ်သည်။ အရေးကြီးသည့်အချိန်တွင် အချက်ပေးလိုက်သည့်အခါ ပိုက်ကို အပေါ်မြောက်ရင်း ဒိုင်းများဖြင့် ကာထားသော အရာရှိများသည် စိတ်ချောက်ချားဖွယ် အသံများပြုယင်း ဆန္ဒပြသူများအားဖမ်းသည့် နည်း ဖြစ်ပေသည်။

သာမန်ထိခိုက်ရှနာမှုများက လွဲ၍ ကျန်းမာရေး အလွန်ကောင်းသူ အရာရှိ အိုကာမိုတိုက "ကျွန်တော်တို့ ထိတ်ထိတ်ပျာပျာဖြစ်ပြီး အကြမ်းဖက်တဲ့နည်းကို အားကိုးရင်တော့ ကျဆုံးမှာပဲ"လို့ ပြောခဲ့သည်။ "ကျွန်တော်တို့ဟာ အောင့်အီးသည်းခံနိုင်စွမ်းရှိမှသာ သေချာပေါက် အောင်မြင်မှုရမှာပါ" လို့လည်း ပြောခဲ့သည်။

လက်နက်မဲ့ ကီဒိုတိုင်တပ်ဖွဲ့၏ ထိရောက်အောင်မြင်မှုများ ရရှိပြီး၏

www.burmeseclassic.com

အဓိကအကြောင်းမှာ ဂျပန်တို့ လိုလိုလားလား ပြဌာန်းထားကြသည့် လက်နက်ထိန်းချုပ်ရေး ဥပဒေကြောင့်လည်း ဖြစ်ပေသည်။ အရပ်သားများ သေနတ်ပိုင်ဆိုင်ခွင့်၊ သယ်ဆောင်ခွင့် မရှိ။ ရိုင်ဖယ်နှင့် ပြောင်းတိုသေနတ်များကိုမူ ထင်းကျပ်သော စည်းကမ်းများဖြင့် အားကစားအတွက်သာ လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့် ပြုထားပေသည်။ ထို့ကြောင့် ရဲများသည် ရန်လိုသော သေနတ်ပစ်မှုများ တွေ့ကြုံရခြင်း မရှိပေ။ ဤသို့ အန္တရာယ်မရှိခြင်းကြောင့် အဓိကရုဏ်းရဲများအနေဖြင့် ဆန္ဒပြသူများကို ဖမ်းဆီးရန် အလေးပေး လုပ်ဆောင်နိုင်ကြပေသည်။

အဓိကရုဏ်းတွင် ပါဝင်သူများအား ဂျပန်နိုင်ငံ၏ ဥပဒေများအရ ဖမ်းဆီးနိုင်ပေသည်။ ဝတ္တရားနှောင့်ယှက်မှု၊ ဥပဒေမဲ့ စုဝေးမှု၊ ကျူးကျော်ဝင်ရောက်မှု၊ လမ်းပိတ်ဆို့မှုနှင့် ပြင်းထန်စွာ နာကျင်စေမှုတို့ဖြင့် ဖမ်းဆီးနိုင်ပေသည်။ ရဲဗိုလ်ချုပ်ကြီး အက်ကီရာဟဟာနိုက "ဥပဒေချိုးဖောက်တဲ့လူကို ဖမ်းဖို့က မင်းတို့(ရဲ)တာဝန်ပဲ။ အပြစ်ပေးတာက တရားရုံးအလုပ်"ဟု သူ့လူတွေကို ပြောခဲ့သည်။

ဤသို့သော လမ်းညွှန်ပြောကြားချက်များကို ကြည့်ပြီး ကီဒိုတိုင်တပ်ဖွဲ့ကို အားနည်းသည့် တပ်ဖွဲ့ဟု ထင်မြင်ယူဆမည်မှာ မှားမည်ဖြစ်သည်။ အရေးပေါ်လာသည့်အခါ ကြီးမားသည့် အခက်အခဲများကို ကျော်လွှား၍ အစွမ်းပြနိုင်သော တပ်ဖွဲ့ဖြစ်သည်။ ဥပမာအားဖြင့် ၁၉၆၉ ခု၊ တိုကျိုတက္ကသိုလ်ရာရှူဒါခန်းမ အရေးအခင်းဖြစ်သည်။ ဆန္ဒပြကျောင်းသားများက တက္ကသိုလ်အဆောက်အဦအတော်များကို သိမ်းပိုက်ထားခြင်းကြောင့် တစ်နှစ်ကြာ ကျောင်းပိတ်ခဲ့ရသည်။ နောက်ဆုံးတွင် ကီဒိုတိုင်တပ်ဖွဲ့ ရောက်ရှိလာခဲ့သည်။ အဆောက်အဦးအတော်များကို ၂ နာရီ-၃ နာရီအတွင်း ရှင်းလင်းနိုင်ခဲ့သည်။

အသေခံကျောင်းသားများ စီးထားသည့် ရာရှူဒါခန်းမကို ရှင်းလင်းရာတွင် တစ်ဖက်မှ ကျောက်ခဲ၊ အုတ်ခဲနှင့် မီးလောင်ပုံးများဖြင့် ပစ်ခတ်ခြင်းများကို ရေပိုက်ဖြင့် ထိုးပက်ခြင်း၊ ရဟတ်ယာဉ်ဖြင့် မျက်ရည်ယိုဓာတ်ငွေ့များ လွှတ်ခြင်းတို့လုပ်ပြီး ဝင်ရောက်စီးနင်းခဲ့သည်။ ဒုတိယနေ့ နေ့လယ်ပိုင်းတွင် အောင်မြင်ခဲ့သည်။ အရာရှိ နှစ်ဦးနှင့် ကျောင်းသားသုံးဦးသာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

အရေးပေါ် အခြေအနေတွင် အသုံးပြုနိုင်ရန် မူလအင်အား ၅၀၀၀ အပြင် အရန်အင်အား ၂၀၀၀၀ ခန့်ကို ပုံမှန်ရဲတပ်ဖွဲ့များမှ ရွေးချယ်လေ့ကျင့်ထားသည်။ အရေးပေါ်အခြေအနေတွင် အဓိကရုဏ်းတပ်ဖွဲ့များသုံးသည့် လေးလံသောကိရိယာနှင့် ဝတ်စုံများကိုလည်း အကူအညီ တောင်းခံရယူနိုင်သည်။ တပ်ရင်းရှိ ယာဉ်ကားများတွင် ရေပိုက်များ၊ မီးစက်များ၊ ရေဒီယိုများ၊ အသံချဲ့စက်များ အရန်အသင့် တပ်ဆင်ထားရှိသည်။

ပြင်းထန်သော ဆန္ဒပြပွဲများတွင် ရဲတပ်ဖွဲ့ဝင်များ အန္တရာယ်ကင်းရှင်းရေးအတွက် ကြိုတင်ကာကွယ်မှုများလည်း ပြုလုပ်ထားသည်။ ဆန္ဒပြသူများ လက်နက်အဖြစ် အသုံးပြုနိုင်သည့်အရာများကို လမ်းတိုင်းတွင် ကြိုတင်ရှင်းလင်းထားသည်။ စတုရန်းပေ ခုနစ်သန်းကျော် ဧရိယာရှိ နယ်မြေတစ်ခုလုံးကို ကတ္တရာခင်းထားသည်။ အဆောက်အဦများမှ ပစ္စည်းများကို ဆန္ဒပြသူများ လက်နက်အဖြစ် အသုံးမပြုနိုင်ရန် ကြိုတင်ကာကွယ်သည့်အနေနှင့် အဆောက်အဦတိုင်းတွင် အစောင့်များ ချထားသည်။

ထို့ပြင် အဓိကရုဏ်းတပ်ဖွဲ့၏ ပြည်သူ့ဆက်ဆံရေး တပ်စိတ်မှ "ထိခိုက်ဆုံးရှုံးမှုများသော အဓိကရုဏ်းများကို ရဲတပ်ဖွဲ့တစ်ခုတည်းဖြင့် မတားဆီးနိုင်ကြောင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း စည်းရုံးပညာပေးဆောင်ရွက်သည်။

ဂျပန်နိုင်ငံသားများ ရှင်းလင်းစွာ သိရှိထားသင့်သည်များနှင့် ပတ်သက်၍ တိုကျိုမြို့တော် ရဲတပ်ဖွဲ့အကြီးအကဲ ဗိုလ်ချုပ်ကြီး အက်ကီရာဟတာနိုက "ရဲတပ်ဖွဲ့ဟာ ဘယ်တော့မှ ကစဉ့်ကလျား ရုန်းရင်းဆန်ခတ် ဖြစ်တာကို လက်မခံဘူး။ နိုင်ငံရေးအရ သဘောထားမတူတာတွေကို ကြမ်းတမ်းခက်ထန်မှု အနည်းဆုံးနည်းနဲ့ပဲ ဖြေရှင်းရမယ့် အချိန်ထဲမှာ ရဲတပ်ဖွဲ့အနေနဲ့ ထိန်းချုပ်မှု စောင့်စည်းမှုရှိဖို့ အာမခံတယ်။ ဒါပေမယ့် ငြိမ်ဝပ်ပိပြားမှုရှိအောင်တော့ မဖြစ်မနေ လုပ်ရမှာပဲ"ဟု ပြောကြားခဲ့သည်။

**တင်ထွေးဆက်**

***Ref: -***

**Japan's Patient Riot Police By Bill HOSDKAWA** ကို ပြန်ဆိုပါသည်။ **R.D 2/71-p-82-86**

www.burmeseclassic.com

# လျှပ်စစ်ကြေးနန်း နှင့် ဂျွန်တာဝဲလ်အမှု

## (JOHN TAWELL-MURDERED BY A QUAKER)

■ ဗန်းမော်-ဇော်လှိုင်

မစ္စတာ ဘရစ်၏ ခန္ဓာကို သတိထားကြည့်ရှုရန် မီးရထား မောင်းသမားကို နှိုးဆော်သည့်သတင်းအား ကြေးနန်းဖြင့် ပေးပို့ခဲ့သည်။ ထို့ထက် ၁၉ နှစ် စောသည့်ကာလ ရက်စက်ကြမ်းကြုတ်သော ထူးခြားသည့် လူသတ်သမားတစ်ဦးကို ဖမ်းဆီးမိနိုင်ရန် ပထမဆုံးကြေးနန်းများအနက်မှ တစ်စောင်က လမ်းညွှန်ခဲ့သည်။ ၎င်းလူသတ်သမားမှာ 'ကွေကာတာဝဲလ်' (QUAKER ခရစ်ယာန်ဘာသာရေးလှုပ်ရှားမှုအဖွဲ့)ဟု လူသိများခဲ့သည်။

ဂျွန်တာဝဲလ်မှာ ဆေးဝါးပညာရှင်တစ်ယောက်အဖြစ် ဘဝကိုစတင်ခဲ့ပြီး ၁၈၁၄ ခုနှစ်၌ ဆေးအတုပြုလုပ်မှုဖြင့် ဩစတြေးလျသို့ နယ်နှင်ခံရသည်။ အင်္ဂလန်သို့ ပြန်ရောက်ချိန်၌မူ သူက ပေါင်မုန့်ငွေသုံးသောင်းရှိ ငွေကြေးရင်းနှီးမြှုပ်နှံမှုကို ပိုင်ဆိုင်မိချေပြီ။ သူ့ဇနီးမှာ မကျန်းမမာ ဖြစ်လျက်ရှိပြီး ထိုရောဂါဖြင့်ပင် ကွယ်လွန်သည်။ တာဝဲလ်က ဇနီးသည် မကျန်းမမာစဉ် ပြုစုနေသည့် သူနာပြုဆရာမ ဟက်ဒလာ(Sarah Hadler)နှင့် စတင်ငြိစွန်းနေခဲ့သည်။ နောက်ပိုင်း သူမက သားနှစ်ယောက် မွေးဖွားပေးခဲ့ပြီး တာဝဲလ်က သူမကို စလော့(Slough)မြို့အနီး ဆော့ဟင်(လ်) (Salthill)ရှိ တဲငယ်သို့ ပြောင်းရွှေ့ထားခဲ့၏။ ထိုကာလ၌ မစ်ကက်ဖို့သ်(Miss Carforth)ကို သူက ဒုတိယဇနီးအဖြစ် လက်ထပ်ခဲ့ပြန်သည်။ အရင်က အရှုပ်ကိုမူ ဖုံးကွယ်ထားခဲ့သည်။ ဆာရာကို တစ်ပတ်လျှင် ငွေတစ်ပေါင်ပေးထားပြီး ၁၈၄၄ ခု၊ စက်တင်ဘာလထဲ၌ တာဝဲလ် ဆာရာဆီ ရောက်လာပြီးနောက် သူမ နေထိုင်မကောင်းဖြစ်ကာ အော့အန်ခဲ့သည်။ သို့သော်လည်း ပြန်နာလန်ထူလာခဲ့သည်။

၁၈၄၅ ခု နှစ်သစ်ကူးနေ့၌ တာဝဲလ်က ဘတ်ဟမ်စတက် (Berkhamsted) ရှိ သူ့နေအိမ်မှ ဆော့ဟင်း(လ်)သို့ သွားခဲ့သည်ကို အိမ်နီးချင်းများ တွေ့မြင်သည်။ မကြာမီ ဆာရာက ဘီယာပြင်း(stout) ဝယ်ရန် ထွက်လာစဉ် အိမ်နီးချင်းအချို့နှင့် ဆုံရသည်။ သူမက ရွှင်ရွှင်လန်းလန်းဖြစ်ကြောင်းလည်း မှတ်ချက်ပြုကြသည်။ မှောင်စပျိုးချိန်၌မူ ဆာရာ အော်ဟစ်သံကို အိမ်နီးနားချင်းများက ကြားရ၍ သူမက ဆာရာ အိမ်တံခါးဝသို့ ဖယောင်းတိုင်ဖြင့် ပြေးသွားရာ တာဝဲလ် သုတ်သီးသုတ်ပျာဖြင့် ထွက်သွားသည်ကို မြင်လိုက်သည်။ ဆာရာကတော့ နာကျင်မှုကြောင့် ကြမ်းပြင်မပေါ်၊ လူးလှိမ့်အော်ဟစ်နေသည်ကို တွေ့ရသည်။ ဆရာဝန် ရောက်မလာမီပင် သူမ အသက်ထွက်သွားခဲ့သည်။

မကြာမြင့်မီ ကာလကပင် ပထမဆုံး ကြေးနန်းလိုင်းများအနက် တစ်ခုကို စလောနှင့် ပက်ဒစ်တန်(Paddington)ကြား သွယ်တန်းထားခဲ့ပြီး ရဲအဖွဲ့သို့ 'ကွေကာဝတ်စုံ'ဝတ်ဆင်ထားသူတစ်ဦးကို သတိထားကြည့်ရှုရန် ကြေးနန်းတစ်စောင်ပို့ကာ တောင်းဆိုခဲ့သည်။ တာဝဲလ် ပက်ဒင်တန်ရောက်

www.burmeseclassic.com

*မှောင်စပျိုးချိန်၌မူ ဆာရာ့ အော်ဟစ်သံကို အိမ်နီးနားချင်းများက ကြားရ၍ သူမက ဆာရာ အိမ်တံခါးဝသို့ ဖယောင်းတိုင်ဖြင့် ပြေးသွားရာ တာဝဲလ် သုတ်သီးသုတ်ပျာဖြင့် ထွက်သွားသည်ကို မြင်လိုက်သည်။ ဆာရာကတော့ နာကျင်မှုကြောင့် ကြမ်းပြင်ပေါ် လူးလိမ့်အော်ဟစ်နေသည်ကို တွေ့ရသည်။*

ရှိပြီး ညအိပ်တန်းခိုဆောင်သို့အသွား ရဲက နောက်ယောင်ခံလိုက်ခဲ့သည်။ နောက်နေ့ မနက်မှ ရဲက သူ့ကိုဖမ်းဆီးလေသည်။ သူက ချက်ချင်းပင် ပထမဆုံးအမှားကို ငြင်းဆိုခြင်း ပြုလုပ်ခဲ့သည်။ ၎င်းမှာ မနေ့က လန်ဒန်မှ ထွက်ခွာလာသည်ဆိုသည့် အချက်ကို ငြင်းဆိုခြင်းဖြစ်သည်။

ထိုအတောအတွင်း ဆာရာ့ခန္ဓာကိုယ်ကို ဖွင့်ကာစစ်ဆေးခဲ့သည်။ စူးရှရှ ပရပ်စစ်အက်ဆစ်(Prussic acid)နံ့ ရကြောင်း မှတ်ချက်ရေးခဲ့သည်။ စစ်ဆေးသူ မစ္စတာကူးပါး(Mr.Cooper) က ဗိုက်ထဲရှိ အစာကြွင်းကို ပိုတက်ဆီယမ် ဖာရိုဆာလဖိတ်နှင့် ရောစပ်ခဲ့ရာ ပိုတက်ဆီယမ် ဖာရိုဆိုင်ယာနိုက် အများအပြားပါဝင်ကြောင်း စမ်းသပ်ချက်အရ တွေ့ရှိရသည်။ သူ့ကောက်ချက်က ဆာရာမှာ ပရပ်စစ်အက်စစ် အဆိပ်ခတ်ခံရခြင်းဖြစ်သည်။ ဖြစ်နိုင်ခြေမှာ ၎င်းကို ဘီယာပြင်းနှင့် ရောစပ်တိုက်ကျွေးခဲ့ခြင်းပင်။ တာဝဲလ်က ဘစ်ရှော့ဂိတ်(Bishopsgate)ရှိ ဆေးဆိုင်တစ်ဆိုင်မှ အက်ဆစ်ကို ဝယ်ယူခဲ့ကြောင်းလည်း ၎င်းအချက်က သက်သေပြနိုင်ခဲ့သည်။ အမှုရင်ဆိုင်ရန် သူ့အဖို့ အမှောင်ကျရောက်ခြင်းပင်။

တရားခံကို ကာကွယ်သည့် ရှေ့နေ ဖစ်ရွိုင်ကယ်လီ(Fitzroy Kelly) က အသိပညာပါသော ခုခံမှုကို ရှေ့တန်း မတင်ခဲ့ပါ။ ပြောဆိုသည်မှာ "ပန်းသီးစေ့များမှာ ပရပ်စစ်အက်ဆစ်ပါရှိသည်။ ဆာရာနေထိုင်သည့် အခန်းထဲ၌ ပန်းသီးတစ်စေ့ ရှိနေသည်" ဟု တင်ပြချက်ကြောင့် နှစ်ဖက်အကျိုးဆောင်များမှ ဆေးအဖွဲ့စေလွှတ်ခဲ့ပြီး ပန်းသီးစေ့များမှ ဆိုင်ယာနက် မည်မျှ ထုတ်ယူရရှိနိုင်ကြောင်း စမ်းသပ်ခဲ့သည်။ တရားလိုအဖွဲ့က ပန်းသီး ၁၅ လုံးကို ညှစ်ယူခဲ့လျှင်ပင် ၎င်းမှာ အန္တရာယ်မပြုကြောင်း ပြောဆိုခဲ့သည်။ တရားခံဘက်ကမူ အလားတူ စမ်းသပ်ချက်မှ သန့်စင်သော ဟိုက်ဒြိုဆိုင်ယာနိုက်အက်ဆစ်တစ်ပွင့်၏ သုံးပုံနှစ်ပုံကို ရရှိနိုင်သည်။ ၎င်းကို သုံးစွဲပါက အဆိပ်သင့်ရန် လုံလောက်သည်ဟု ဆိုသည်။

ဂျူရီအဖွဲ့က ၎င်းအချက်အားလုံးမှာ တရားမဝင်ဟု ဆုံးဖြတ်၍ တာဝဲလ်ကို သေဒဏ်ချမှတ်ခဲ့သည်။ သူ့ကို ကြိုးမပေးမီပင် လွန်ခဲ့သော စက်တင်ဘာလက ဆာရာကို မော်ဖင်းတိုက်ကျွေးကာ သတ်ဖြတ်ဖို့ ကြိုးပမ်းခဲ့ကြောင်း တာဝဲလ်က ဝန်ခံခဲ့သည်။ သူ့ရည်မှန်းချက်မှာ ငွေရေးကြေးရေးကိစ္စပင်။ ဩစတြေးလျ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ကျဆင်းလာရာ သူ့အနေဖြင့် အငယ်အနှောင်းကို ပေးနေရသည့် တစ်ပတ်တစ်ပေါင်ကို ချွေတာလိုသည်။ ၁၈၄၅ ခု၊ ဧပြီလ၌ တာဝဲလ်ကို ကြိုးပေးခဲ့သည်။ ယခုအခါ အမိကအမှတ်ရရမည့် အချက်မှာ လျှပ်စစ်ကြေးနန်း အကူအညီဖြင့် ပထမဆုံး ထောင်ဖမ်းနိုင်ခဲ့သော လူသတ်သမားအကြောင်းပင်။ နောက်ပိုင်းကာလတွင် တရားခံကို အကာအကွယ်ပေးခဲ့သော ရှေ့နေကိုလည်း 'ပန်းသီးစေ့ကယ်လီ'(APPLE PIP KELLY)ဟုသာ လူသိများခဲ့သည်။

[**COUN WIL SON'S WORLD FAMOUS MURDERS** မှ **JOHN TAWELL-MURDERED BY A QUAKER** ကို ပြန်ဆိုခဲ့သည်။]

**ဗန်းမော်-စော်လှိုင်**



www.burmeseclassic.com

www.burmeseclassic.com

# ရုပ်မြင်သံကြား နှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်

## ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

အခန်း(၁၂)

ပုဒ်မ(၉၇) မည်သူမဆို ပုဒ်မ(၉၃)ပါ တားမြစ်ချက်အရ ရုပ်မြင်သံကြား သို့မဟုတ် ရေဒီယိုအသံထုတ်လွှင့်စက်ထားရှိ တည်ထောင်လုပ်ကိုင်ရန် အမိန့်လိုင်စင်မရှိဘဲ လုပ်ကိုင်လျှင် အများဆုံး ကျပ်သိန်း ၅၀၀/- အထိ ငွေဒဏ်ကျခံကြရမည့်အပြင် ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် အသိမ်းခံကြရမည်။

ပုဒ်မ(၉၈) မည်သူကမဆို ပုဒ်မ(၉၄)ပါ တားမြစ်ချက်အရ ယင်းအဆိုပါ လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးပြီးသည့်နောက် လိုင်စင်အသစ်မခံဘဲ၊ မလျှောက်ဘဲ ဆက်လက်လုပ်ကိုင် ဆောင်ရွက်ပါလျှင် အများဆုံး ငွေဒဏ်မှာ ကျပ်သိန်းတစ်ရာ ပေးဆောင်ကြရပါမည်။

ပုဒ်မ(၉၉) မည်သူမဆို ပုဒ်မ(၉၅)ပါ တားမြစ်ချက်အရ မရိုးမဖြောင့်သော သဘောဖြင့် လိုင်စင်လျှောက်ထားခြင်း၊ သို့မဟုတ် ပုဂ္ဂလိကသတင်းစာလုပ်ငန်းနှင့် ပုဂ္ဂလိကရုပ်မြင်သံကြား ရေဒီယိုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများကို ပူးတွဲပိုင်ဆိုင်ခြင်းပြုလျှင် ငွေဒဏ်ကျပ်သိန်း ၃၀၀ နှင့် ပစ္စည်းကို ပြည်သူ့ဘဏ္ဍာတော်အဖြစ် သိမ်းယူခြင်းခံကြရပါမည်။

ပုဒ်မ(၁၀၀) မည်သူမဆို ပုဒ်မ(၉၆)ပါ တားမြစ်ချက်အရ ယင်းလုပ်ငန်းကို လိုင်စင်ရုပ်သိမ်းခြင်း၊ လုပ်ငန်းရပ်ဆိုင်းထားခံရစဉ် ကာလအတောအတွင်း၌ ရုပ်မြင်သံကြားလုပ်ငန်း၊ ရေဒီယိုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ပါလျှင် ငွေဒဏ်ကျပ်သိန်း ၃၀၀ ကျခံကြရမည် ဖြစ်၏။

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

*Ref:-* ကြေးမုံ၊ မတ်လ ၁၃ရက်၊ ၂၀၁၄ ခုနှစ်၊ စာ(၂၀)၊
(ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်း)

www.burmeseclassic.com

www.burmeseclassic.com

# သတင်းမီဒီယာဥပဒေ (ပြစ်မှု၊ ပြစ်ဒဏ်)

■ ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

သတင်းမီဒီယာ(News, Media) လုပ်ငန်းကို လုပ်ကိုင်လိုသူများသည် လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာ ဥပဒေနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်၊ လုပ်ငန်းလိုင်စင် ရယူရပါမည်။ (ပုဒ်မ-၁၁)

## တားမြစ်ချက်နှင့် ပြစ်မှု၊ ပြစ်ဒဏ်များ

ပုဒ်မ-၂၅(က)

မည်သည့် သတင်းမီဒီယာသမားမဆို . . .

(၁) တိကျမှန်ကန်မှုမရှိသော သတင်းကို ဖော်ပြမိလျှင် ပြင်ဆင်ရန် လိုအပ်ပါသည်။ ယင်းသို့ ပြင်ဆင်ရန်ဖော်ပြရာတွင် ပြင်ဆင်ချက်ကို ထင်ရှားသော မီဒီယာစာမျက်နှာ၌ အမြန်ဆုံး ပြင်ဆင်ဖော်ပြကြရပါမည်။ လူသိရှင်ကြားပြုလုပ်ကြရမည်။ ပျက်ကွက်ပါက ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀,၀၀၀/-မှ အများဆုံး ကျပ် ၃၀၀,၀၀၀/- အထိ ကျခံပေးဆောင်ကြရပါမည်။

ပုဒ်မ-၉(ဓ)

တရားရုံးတွင် စစ်ဆေးဆဲအမှုများတို့ကို ဖော်ပြနိုင်ပါသော်လည်း သတင်းဝေဖန်ချက် မပြုလုပ်၊ မဖော်ပြရ။ တရားရုံးများအား မထီမဲ့မြင် မပြုကြရ။ ရှောင်ရှားကြရမည်။ (တရားရုံးက ကြားနာစစ်ဆေးဆဲ အမှု၊ သတင်းအမှု၊ မှုခင်းသတင်းများတို့ကို ဝေဖန်သုံးသပ်၊ အဆုံးအဖြတ်ပေးလျှင် တရားရုံးအား မထီမဲ့မြင်ပြုရာကျသည်ကို အထူးပြုပါခွေလ။)

## ပြုပြင်ရန်လိုအပ်ချက် [အကြံပြုချက်]

ဤဥပဒေသစ်တွင် တရားရုံးက ကြားနာစစ်ဆေးဆဲ အမှုကို ဝေဖန်သုံးသပ်လျှင်၊ အဆုံးအဖြတ်ပေးခဲ့လျှင်၊ တရားရုံးတော်အား မထီမဲ့မြင်ပြုခဲ့ပါလျှင် မည်သို့အပြစ်ဒဏ်ပေးမည်နည်း။ ငွေဒဏ်မည်မျှ ထောင်ဒဏ်မည်မျှ မပါရှိပါ။ ထည့်သွင်းရန် အလိုတူ၊ လိုပါသလား ထပ်မံစဉ်းစားရန် လိုအပ်နေပါသည်။ စဉ်းစားကြပါကုန်လော့။

ပုဒ်မ- ၂၅(ခ)

(၁) သတင်းဓာတ်ပုံနှင့် ရုပ်ပုံများကိုဖော်ပြရာတွင် နည်းပညာတစ်ရပ်ရပ်ကို အသုံးပြုပြီး မလျော်ကန်သော ပြုပြင်ပြောင်းလဲမှု ပြုလုပ်လျှင်၊

(၂) တစ်ပါးပိုင်ဆိုင်သော ဉာဏဆိုင်ရာ ပစ္စည်းများတို့ကို ခွင့်ပြုချက်မရရှိဘဲ ကူးယူ၊ ခိုးယူဖော်ပြလျှင်၊

(၃) လူပုဂ္ဂိုလ်တစ်ဦး၏ ဂုဏ်သိက္ခာကို ထိခိုက်အောင် ရေးသားဖော်ပြလျှင်၊ သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာကို ထိခိုက်အောင် ရေးသားဖော်ပြလျှင်၊ သို့မဟုတ် လူ့အခွင့်အရေးကို ထိခိုက်အောင် ရေးသားဖော်ပြလျှင် (ထောင်ဒဏ်ကို ပြဋ္ဌာန်းဖော်ပြထားခြင်း မရှိ၍ ဖြည့်စွက်ပေးရန် လိုအပ်နေပါသည်။) ငွေဒဏ် ကျပ် ၃၀၀,၀၀၀/-မှ ကျပ် ၁၀ သိန်း ပေးဆောင်ကျခံကြရမည်ဟူ၍သာ ပါရှိပါသည်။

ပုဒ်မ-(၂၆)

ဇာတိ၊ ကိုးကွယ်ရာဘာသာရေး၊ လူမျိုးရေးပဋိပက္ခဖြစ်စေရန် လှုံ့ဆော်ရေးသားခြင်းပြုလျှင် တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် အရေးယူခြင်း ခံကြရပါမည်။

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

*Ref:-* ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၂)၊ ကြေးမုံနေ့စဉ်၊ မတ်လ ၁၉ ရက်၊ ၂၀၁၄ ခုနှစ်။



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ ပြစ်မှုနှင့် ပြစ်ဒဏ်

■ ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၃)ကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် လက်မှတ်ရေးထိုးကာ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအား အတည်ပြုပြဋ္ဌာန်းလိုက်သည်။

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

**ပုဒ်မ(၁၉) မည်သူမဆို . . .**

(က) ခွင့်ပြုချက်၊ အမိန့်လိုင်စင်မရှိဘဲ ပုံနှိပ်လုပ်ငန်း၊ သတင်းအေဂျင်စီ လုပ်ကိုင်လျှင်၊

(ခ) လိုင်စင်ကို ရုပ်သိမ်းလိုက်ပြီးသည့်နောက် ရပ်ဆိုင်းသည့်ကာလအတွင်း၌ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ သတင်းအေဂျင်စီလုပ်ငန်း ဆက်လက်လုပ်ကိုင်လျှင်

ငွေဒဏ် ကျပ်သိန်း ၂၀ မှ ကျပ်သိန်း ၅၀ အထိ ကျခံပေးဆောင်ကြရပါမည်။

**ပုဒ်မ(၂၀) မည်သူမဆို . . .**

(က) တိုင်းရင်းသားအချင်းချင်း၊ နိုင်ငံသားအချင်းချင်း၊ လူမျိုးရေးအချင်းချင်း၊ လူမျိုးရေး ဘာသာရေး ယဉ်ကျေးမှု . . . စသည်တို့



www.burmeseclassic.com

www.burmeseclassic.com

ထိခိုက်နစ်နာစေသော ရေးသားမှု၊ ဖော်ပြမှု ပြုလုပ်လျှင်၊

(ခ) နိုင်ငံလုံခြုံရေး၊ တရားဥပဒေစိုးမိုးအုပ်ချုပ်ရေး၊ ငြိမ်းချမ်းသာယာရေး၊ လွတ်လပ်မှု၊ တရားမျှတမှု၊ နိုင်ငံသားအခွင့်အရေး ထိခိုက်နစ်နာစေရန် ရေးသားမှု၊ ဖော်ပြမှု ပြုလုပ်လျှင်၊

(ဂ) ညစ်ညမ်းသော စာပေရေးသားပုံနှိပ်ထုတ်ဝေ ဖော်ပြလျှင်၊

(ဃ) ရာဇဝတ်မှု၊ မှုခင်းတိုးပွားမှု၊ လောင်းကစားမှု၊ မူးယစ်ဆေးဝါးပြစ်မှု ကျူးလွန်ခြင်းကို အားပေးလှုံ့ဆော်သည့် ရေးသားပုံနှိပ်၊ ထုတ်ဝေမှု ပြုလုပ်လျှင်၊ ဖြန့်ချိလျှင်၊ ပြည်ပမှ တင်သွင်းခြင်းပြုလျှင်

ငွေဒဏ် ကျပ် ၁၀ သိန်းမှ ကျပ်သိန်း ၃၀ အထိ အသီးသီး ကျခံပေးဆောင်ကြရပါမည်။

**ပုဒ်မ(၂၁) မည်သူမဆို - - -**

(က) ပုံနှိပ်ထုတ်ဝေစာများကို ခေါင်းစဉ်၊ အမျိုးအစားနှင့် အရေအတွက်စာရင်းကို သတ်မှတ်ပုံစံဖြင့် ဝန်ကြီးဌာနသို့ ပေးပို့ခြင်းမပြုလျှင်၊

(ခ) ပုံနှိပ်သူသည် ထုတ်ဝေစာများတို့ကို မှတ်ပုံတင်စာရင်း ရေးသွင်းခြင်း မပြုလုပ်လျှင်၊

(ဂ) ၎င်းပြင် ၎င်းမှုပိုင်ခွင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ မပေးပို့လျှင်

ငွေဒဏ် ကျပ် ၁၀ သိန်းမှ ကျပ်သိန်း ၃၀ အထိ ပေးဆောင်ကျခံကြရပါမည်။

## ပြန်လည်ပြင်ဆင်ရန် လိုအပ်ချက် (အကြံပြုချက်)

ယင်းပုံနှိပ်ထုတ်ဝေသူ ဥပဒေအသစ်တွင် ဒဏ်ငွေကိုသာ ဖော်ပြပါရှိသည်။ ထောင်ဒဏ် လုံးဝမပါရှိပါ။ ဤတွင် ဒဏ်ငွေကို မပေးဆောင်နိုင်ပါက ထောင်ဒဏ်ကျခံရပါမည်လော၊ ပုံနှိပ်စာ၊ ထုတ်ဝေစာ၊ ပုံနှိပ်ပစ္စည်း၊ စက်ကိရိယာပစ္စည်းများတို့အား ပြည်သူ့ဘဏ္ဍာတော်အဖြစ် သိမ်းပါမည်လော၊ လုံးဝမပါရှိပါ။ မည်သို့အရေးယူပါမည်နည်း။ ရှင်းလင်းဖော်ပြသင့်ပါသည်။ (အကြံပြုချက်)

သို့ရာတွင် ဤဥပဒေသည် အောက်ဖော်ပြပါ ထုတ်ဝေစာများနှင့် လုံးဝမပတ်သက်စေရ။

(က) အစိုးရဌာနအဖွဲ့အစည်းများမှ ထုတ်ဝေဖြန့်ချိသော စာများ။

(ခ) ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ကော်မရှင်မှ ထုတ်ဝေသောစာများ။

(ဂ) နိုင်ငံရေးပါတီများက မိမိရုံးလုပ်ငန်းအတွက် ထုတ်ဝေသောစာများ။

(ဃ) ပြည်သူ့ကိုယ်စားလှယ် စည်းရုံးရေးစာများ။

(င) ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းက မိမိ၏ ရုံးလုပ်ငန်းစာများ။

(စ) တက္ကသိုလ်၊ ကောလိပ်၊ ကျောင်း၊ စာသင်ကျောင်းများ၊ ဘဏ်များ၊ လုပ်ငန်းဆိုင်ရာ ထုတ်ဝေသောစာများ။

(ဆ) သာရေး၊ နာရေးအတွက် ကြော်ငြာစာများ၊ ဖိတ်စာများ

- - - စသည်တို့ မပါဝင်ပါချေ။

**မှတ်ချက် ။ ပုဒ်မ(၂၆)**

ဤဥပဒေဖြင့် အောက်ပါဥပဒေများကို ရုပ်သိမ်းလိုက်သည်။

(က) The Press (Emergency Power) Act

(ခ) ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ။

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

*Ref:-* ကြေးမုံ (မတ် ၁၉၊ ၂၀၁၄)
၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၃)။



www.burmeseclassic.com

www.burmeseclassic.com


# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

လိပ်ခေါင်းရောဂါမှန်လျှင် ဒိဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့်ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။ (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် တားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုပိဋ္ဌာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၄၃၀၅၂၀၂

၁၃-၁၄လမ်းကြား၊ ၈၀-၈၁ လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၁၂၈၀၊ ၀၉-၉၁၀၄၄၀၂၅



ထောက်ခံချက် - စ၁/ ၀၉၃၄၈/ထလ

®

Vital

Product of Myanmar

ဗိုက်တယ် သောက်ရေသန့်

Purified drinking water

20 Litre

အမှတ် (၁၉)၊ အင်းဝ (၇)လမ်း၊ (၆) ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉ ၈၀၁၅၇၅၂


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ကြက်ခြေခတ်လမ်းကို စွန့်ပြီးသော်

( ယ ခ င် လ မှ အ ဆက် )

မီးရောင်အောက်တွင် မြင်လိုက်ရသော ထိုယောကျ်ားကြီး၏ ပုံသဏ္ဌာန်မှာ အရပ်မြင့်မြင့်၊ ထောင်ထောင်မောင်းမောင်း ဆံပင်အရှည်နှင့်ဖြစ်ပြီး သျှောင်တစောင်း ထုံးထားကာ ဖြူဖွေးဖွေး ပဝါတစ်ထည်ကို ခေါင်းပေါင်းထားသည်။ ပါးရိုးကားကား၊ နှုတ်ခမ်းမွေးကားကားနှင့် ခက်ထန်သော မျက်နှာပေါက်ရှိပြီး အပေါ်ပိုင်း၌ အတွင်းခံမပါဘဲ ရှမ်းတိုက်ပုံ ပင်နီရောင်ကို ဝတ်ဆင်ထား၍ အောက်ပိုင်းတွင် ရှမ်းဘောင်းဘီ အနက်ပွပွကြီးကို ဝတ်ဆင်ထားသည်။ ထိုသူနှင့် အကြည့်ချင်းဆုံလိုက်သောအခါ အသက်မဲ့သကဲ့သို့ အေးစက်တည်ငြိမ်နေသော သူ့မျက်ဝန်းကိုကြည့်၍ နေလွှမ်းက ကြာကြာရင်မဆိုင်နိုင်ဘဲ မျက်လုံးအကြည့်ကို လွှဲပစ်လိုက်ရသည်။

"အထဲကိုဝင်ပါ"

ထိုလူကြီးထံမှ ခြောက်ကပ်ကပ်နိုင်လှသော အသံပေါ်လာသည်။ လူကြီးက ထိုသို့ပြောပြီး သူကပင် အထဲသို့ ဦးဆောင်ဝင်သဖြင့် သူက နောက်မှ ကပ်လိုက်သွားသည်။

အိမ်ထဲသို့ ဝင်လိုက်သောအခါတွင် အိမ်ရက်မ၌ ချိတ်ဆွဲထားသော အလွန်ရှေးကျသည့် အောက်လင်းမီး အိမ်ကြီးမှ ဖြာကျနေသည့် မီးရောင်က အိမ်အောက်ထပ်တစ်ခုလုံး လင်းထိန်နေသည်ကိုတွေ့ရသည်။

လူကြီးက အောက်ထပ်အလယ်ကောင်တွင်ရှိသော ကျွန်းသားစားပွဲ ကုလားထိုင်များရှိသည့်နေရာသို့ ခေါ်ဆောင်သွားပြီး ကုလားထိုင်တစ်လုံးတွင်ထိုင်ရန် ညွှန်ပြလေသည်။

သူက လူကြီးညွှန်ပြသည့် ကုလားထိုင်တွင် ဝင်ထိုင်ပြီး ဘေးဘီကို မသိမသာ အကဲခတ်ကြည့်လိုက်သည်။ သူထိုင်နေသော စားပွဲကုလားထိုင်များ ရှိရာနေရာ၏ ခေါင်းရင်းဘက်ဟု ဆိုရမည့် တောင်ဘက်တွင် အောက်ထပ်ကြမ်းပြင်ထက် တစ်ဆင့်ပိုမြှင့်ထားပြီး လျှာထိုးပျဉ်များခင်းထားသည့် စင်မြင့်တစ်ခုကို တွေ့ရလေသည်။ ထိုစင်မြင့်ပေါ်တွင် လက်ရမ်းရော၊ အမှီပါ ပါသည့် ခပ်မြင့်မြင့် ကျွန်းသားကုလားထိုင်တစ်လုံး တည်ရှိနေပြီး ကုလားထိုင်ပေါ်တွင် ကော်ဇောအစိမ်းပွင့်ကြီးကိုခင်းထားသည်။

သူထိုင်သည့်နေရာ၏ မြောက်ဘက်အောက်ခန်းတွင် အိမ်ပေါ်ထပ်သို့ တက်နိုင်သည့် လှေကားတစ်စင်းရှိနေပြီး ပွတ်လုံးတိုင်များဖြင့် တန်ဆာဆင်ထားသည့် ကျွန်းလှေကားလက်ရမ်းဘောင်များမှာ အရောင်တဖိတ်ဖိတ်တောက်နေလေသည်။ သူ့နောက်ဘက်တွင်မူ လူတစ်ယောက် အိပ်လောက်သည့် သစ်သားကွပ်ပျစ်တစ်လုံးရှိနေပြီး ထိုကွပ်ပျစ်၏ မြောက်ဘက်တွင် အခန်းတစ်ခန်းရှိနေသည်ကို တွေ့ရသည်။

"အေးအေးဆေးဆေး နေပါ။

■ ကျော်ဆွေဝင်း(ရွှေအင်း)



www.burmeseclassic.com

www.burmeseclassic.com

မကြာခင် သခင်မလေးက မင်းကို တွေ့လိမ့်မယ်"

သူ ဟိုကြည့်ဒီကြည့် လျှောက်ကြည့်နေသည်ကို နှစ်မြို့ပုံမရသော လူကြီးက ခြောက်ကပ်ကပ်ကွဲအက်သော အသံဖြင့် ပြောလိုက်သည်။

"ဟုတ်ကဲ့"

သူက တစ်ခွန်းသာ ပြောပြီး အခြေအနေကိုစောင့်ကြည့်နေသည်။ သူသတိထားမိသည်က လူကြီးထံမှ ပျံ့လွင့်လာသော အနံ့ဆိုးများပင်။ ထိုလူကြီးအနားသို့ ကပ်မိစဉ်က ထိုလူကြီးထံမှ ဆိုးရွားလှသော ညှီစို့စို့ ပုပ်အဲ့အဲ့ အနံ့ကိုရကြောင်း သူသတိထားခဲ့မိသည်။ ယခုလည်း ထိုလူကြီး စကားပြောလိုက်တိုင်း ထိုအနံ့ဆိုးကြီးက သူ့နှာခေါင်းထဲ တိုးဝင်လာပြီးတော့ ပျို့ချင်၊ အန်ချင်သလို ဖြစ်မိလေသည်။

"ဟော . . သခင်မလေး အပေါ်ထပ်ကဆင်းလာပြီ"

ရုတ်တရက် ထိုလူကြီးမင်းအသံထွက်ပေါ်လာပြီး ထိုလူကြီးက အပေါ်ထပ်သို့တက်သည့် လှေကားခြေရင်းတွင် သွား၍ရပ်စောင့်ပေးနေသည်။

မကြာမီ အပေါ်ထပ်ဆီမှ "ဒေါက် . . ဒေါက် . . ဒေါက်" ဟူသော စည်းဝါးကျစွာ ထွက်ပေါ်လာသည့် ခြေသံခပ်အုပ်အုပ်ကို စတင်ကြားလာရသည်။

တဒေါက်ဒေါက် ခြေသံများမှာ နေလွှမ်း၏အပေါ်တည့်တည့်လောက်ဆီမှ အောက်ထပ်သို့ဆင်းမည့် လှေကားထိပ်ဆီလောက်သို့ ရောက်သွားချိန်တွင် နေလွှမ်းက လှေကားဆီသို့ မျက်တောင်မခတ်ဘဲ လှမ်းကြည့်နေမိသည်။

ရှေးဦးစွာ အပေါ်ဆုံးလှေကားထစ်ဆီသို့ ကျလာသည်က ခုံထူခွာမြင့်မြင့် အစိမ်းရင့်ရောင် ကတ္တီပါဖိနပ်၊ ထိုဖိနပ်ပေါ်နင်းထားသည့် ဖြူဝင်းပြီး အချိုးအဆစ်ကျ ပြေပြစ်သည့် ခြေခုံနှင့် ခြေချောင်းကလေးများ၊ ထိုခြေခုံပေါ်သို့ မှေးတင်နေသည့် ခြေကျင်းဝတ်ဆီမှ အရောင်တောက်နေသည့် ရွှေခြေကျင်း၊ ပြီးတော့ အဖြူနုနားတပ်ထားသည့် ချိတ်ထဘီ မြစိမ်းရောင်၊ လှေကားထစ်တစ်ထစ်ဆင်းလိုက်တိုင်း စည်းချက်ညီညီ လှုပ်ရှားနေသော သွယ်ဆင်းနေသည့် ပေါင်တံများနှင့် နိမ့်တုံမြင့်တုံ လှုပ်ရှားနေသော စွင့်ကားသည့် တင်သားများ၊ ကျစ်လျစ်သေးသွယ်သော ခါးပေါ်မှ တင်သားပေါ် မေးတင်ကော့ပျံနေသည့် ခါးတောင်မြစိမ်းရောင် ကိုယ်ကျပ်အင်္ကျီနှင့် ဝင်းဝါသော လည်တိုင်အရင်းဆီမှ ရင်ညွန့်အထက်ဆီသို့ ခွေဝိုက်ကျနေသော ကျောက်စိမ်းဘယက်၊ ထိုမှ တစ်ဆင့် ဝင်းဝါစိုနုသော အသားအရေနှင့် သွယ်မယောင် ဝိုင်းနေသော မျက်နှာအကျပေါ်မှ နှင်းဆီရောင် နှုတ်ခမ်းလွှာ၊ ဖြောင့်စင်းပေါ်လွင်သော နှာတံနှင့် ဆွဲဆောင်မှုအပြည့်ရှိသော မျက်လုံးအစုံ၊ လေးကိုင်းသဖွယ် ကော့ညွတ်မည်းနက်နေသော မျက်ခုံးအစုံ၊ ကကြိုးဆန်ဆန် နဖူးအထက်မှ မည်းနက်သော ဘီးဆံထုံးမြင့်မြင့်ပေါ်တွင် ထိုးစိုက်ထားသည့် ကျောက်စိမ်းစီ ရွှေဆံထိုး၊ အားလုံး မဟာဆန်ဆန် အလှများနှင့် ဖွဲ့စည်းထားသည့် သခင်မလေးဆိုသူအား အလှနတ်သမီးတစ်ပါး ဆင်းလာသည်ကို ကြည့်ခွင့်ရသူ အလား မျက်တောင်မခတ် စိုက်ကြည့်ရင်း အံ့အားသင့်နေရတော့သည်။

သခင်မလေး ဆိုသူက လှေကားထစ်မှဆင်းလာပြီး သူရှိရာဘက်သို့ တစ်လှမ်းချင်း ညင်သာစွာလျှောက်လှမ်းလာနေသည်။ စောစောကလူကြီးမှာ လှေကားခြေရင်းနားမှ တိုင်နားတွင် မတ်တတ်ရပ်ရင်း ကျန်နေခဲ့ရင်း အရိပ်အခြည်အားလုံးကို စောင့်ကြည့်နေသည်။

သခင်မလေးဆိုသူ တဖြည်းဖြည်း နီးလာချိန်တွင် နေလွှမ်း၏ နှာခေါင်းထဲသို့ သင်းပျံ့သော ညမွှေးပန်းရနံ့များက တိုးဝင်လာသည်။ သူက ထိုညမွှေးပန်းနံ့ကို နှစ်သက်စွာ ရှုရှိုက်ရင်း သခင်မလေးဆိုသူ၏ မျက်နှာကို ငေးကြည့်နေသည်။ သူမက သူ့ဆီသို့ တိုက်ရိုက်ဦးတည်လာသည်မဟုတ်ဘဲ သူထိုင်နေရာ စားပွဲကုလားထိုင်များရှေ့မှ ကွေ့ဝိုက်၍ ခေါင်းရင်းဘက် စင်မြင့်ပေါ်ရှိ ကုလားထိုင်ဆီသို့ သွားနေခြင်းသာဖြစ်သည်။

သူမ သူ့ရှေ့ဆီမှ ဖြတ်လျှောက်သွားစဉ် သူက သူမမျက်နှာပေါ်မှ ထူးထူးခြားခြား အမှတ်အသားတစ်

www.burmeseclassic.com

ခုကို မြင်တွေ့သတိထားလိုက်မိလေသည်။ ထိုအမှတ်အသားမှာ သူမ၏ ညာဘက်ပါးမို့မို့ပေါ်မှ အစိမ်းရောင်ဘက်သန်းသည့် မှည့်ကလေးတစ်လုံးပင်။ ထိုမှည့်စိမ်းကလေးကြောင့်ပင် သူမ၏ ကြော့ရှင်းသော မျက်နှာအလှမှာ ပို၍ကြွလာပြီး အလှပေါ်အယဉ်ဆင့်သလိုဖြစ်ကာ မြင်ရသူကိုပိုမို၍ဆွဲဆောင်ထားသလို ရှိနေလေသည်။ သူမက ယခုအချိန်အထိ သူ့ကို ယောင်လို့ပင် လှည့်မကြည့်သေးဘဲ စင်မြင့်ပေါ်ရှိ ကျွန်းကုလားထိုင်ကြီးပေါ်မှ အစိမ်းရောင် ကော်ဇောအခင်းပေါ်တွင် တင်ပါးလွှဲ ဝင်ထိုင်သည်။ စီးလာသော ဖိနပ်ကို ချွတ်ထားပြီး ခြေအစုံကို တွဲလောင်းချထားသည်။ ထို့နောက် လက်နှစ်ဖက်ကို လက်ရမ်းများပေါ် မှေးတင်၍ ခါးကိုဆန့်ကာ အသက်တစ်ချက်မျှင်းမျှင်းရှူရှိုက်လိုက်ရင်း နေလွှမ်းကို လှမ်းကြည့်သည်။

စူးရှတောက်ပ၍ ဆွဲဆောင်မှုအားကောင်းသောအကြည့်ရဲရဲကြောင့် နေလွှမ်းမှာ ရင်မခုန်စဖူး တဒိန်းဒိန်းခုန်လာပြီး သူကပင် ဦးစွာ အကြည့်လွှဲလိုက်ရသည်။

"မောင်တော်ကလေးက ဘယ်ကလာပြီး ဘယ်ကိုသွားမှာလဲကွယ့်"

သာယာကြည်လင်စွာ ထွက်ပေါ်လာသော ဤအသံကား နေလွှမ်း ဤ အိမ်ကြီးကို စတင်တွေ့စဉ်က အပေါ်ထပ်ပြတင်းဝဆီမှ ထွက်ပေါ်လာသော အသံနှင့် တစ်ထပ်တည်းဖြစ်နေသည်ကို နေလွှမ်း သတိပြုမိသည်။ သူ့ပြောဟန်နှင့် စကားလုံးဝေါဟာရ အသုံးအနှုန်းများကမူ ဇာတ်လမ်းဇာတ်ထုပ်များထဲမှ နန်းတွင်းသူအမျိုးသမီးများ ပြောဟန်လိုလို၊ ရှေးဆန်လွန်းသလိုလိုနှင့် အူကြောင်ကြောင်နိုင်လှသည်ဟု နေလွှမ်း ထင်မိသည်။

"ကျွန်တော်က မြစ်အရှေ့ဘက်ကမ်း မုန်းဒေသက ခရီးသည်တစ်ဦးပါ။ အရေးတကြီးကိစ္စတစ်ခုနဲ့ တောင်ငူကိုသွားဖို့ ခရီးထွက်လာတာပါ"

"ဩော် . . . လက်စသတ်တော့ မောင်တော်က ကေတုမတီမြို့တော်ကို သွားမှာကို။ ညအချိန်မတော်ကြီးတောင် ခရီးဆက်လာပုံထောက်တော့ မောင်တော်လေး ရန်သူတွေနဲ့ ရင်ဆိုင်လာရပြီထင်တယ်"

သခင်မလေးဆိုသူ၏ စကားများက အူတိအူကြောင် နိုင်လှသော်လည်း နေလွှမ်းက အတတ်နိုင်ဆုံး နားလည်အောင်ပဲ ကြိုးစားရင်း အဆင်ပြေအောင် ကြည့်ပြောရန်သာ ဆုံးဖြတ်ထားသည်။

"ဟုတ်ကဲ့၊ ကျွန်တော်တို့ဒေသမှာ သောင်းကျန်းသူတွေရဲ့ ရမ်းကားမှုကြောင့် မနေချင်တော့လို့ ထွက်လာတာပါ"

"ဩော် . . . ဩော် . . . အခုထိပ်ထားတို့ရဲ့ အေးချမ်းတဲ့ နယ်မြေကို ရောက်လာပြီပဲကွယ်။ ဒီမှာပဲ တစ်ညတာ နားခိုအိပ်စက်ပြီး နောက်နေ့မနက်စောစောမှ ခရီးဆက်ပါတော့ပေါ့"

သခင်မလေးဆိုသူက သူ့ကိုယ်သူ ထိပ်ထားဟု ခေါ်ဝေါ်သုံးစွဲနေပြန်ရာ နေလွှမ်းမှာ ဘာပြန်ပြောရမှန်းမသိဘဲ သူမကို ငေးစိုက်ကြည့်နေမိလေသည်။ ထိုသို့ကြည့်နေရင်း သူမက ပြန်ကြည့်လိုက်သည်နှင့် ဆုံသွားရာ သူ၏စိတ်ထဲ တွင် မလုံမလဲဖြစ်သွားပြီး အမြန်ဆုံး မျက်လွှာချလိုက်ရသည်။ သူမကမူ ဘာမှထူးခြားမှုမရှိလေဟန်ဖြင့် စကားဆက်ပြန်သည်။

"ဒါနဲ့မောင်တော် အရေးတော်ပုံ ဘယ်တော့စမယ်လို့ သတင်းကြားသလဲ။ ဟံသာဝတီနေပြည်တော်မှာရော ဘာတွေဖြစ်နေသလဲ။ မောင်တော်သိသမျှ ထိပ်ထားကို ပြောပြပါလား"

နေလွှမ်းမှာ အခုမှပင် ပို၍အခက်တွေ့နေရတော့သည်။ အရေးတော်ပုံ၊ ဟံသာဝတီနေပြည်တော် ဘာတွေမှန်းမသိ။ ဤသခင်မလေးဆိုသူနှင့် ဟိုလူကြီးမှာ ရူးနေကြသူတွေများလားဟုလည်း တွေးမိပြန်သည်။ ယခုမှတော့ မထူးတော့ပြီမို့ အခြေအနေကြည့်ပြီး လိုက်လျောညီထွေ ပြောဆိုဆက်ဆံပြီး နေရန်သာ ရှိတော့သည်။

"ကျွန်တော် အဲဒီကိစ္စတွေ ဘာမှမသိပါဘူးခင်ဗျာ။ တောင်ငူမှာရှိတဲ့ ကျွန်တော့်အဖေရဲ့ မိတ်ဆွေတစ်ဦးဆီကို သွားဖို့ထွက်လာခဲ့တာပါ"

နေလွှမ်းက ထိုသို့ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com

သောအခါ သူမက ဘာမှ ဆက် မပြောသေးဘဲ အဖြူရောင် သွားစွယ်ကလေးများ ပေါ်အောင်ပင် ပြုံးပြီး အတန်ကြာအောင် သူ့ကိုစိုက်ကြည့်နေသည်။ ထိုအပြုံးမှာ လှပလွန်းပြီး ပါးမို့မို့ပေါ်မှ သိသိသာသာ ချိုင့်ဝင်သွားသော ပါးချိုင့်အစုံက ပို၍ပင် ချစ်စရာကောင်းနေသည်ဟု သူကထင်သည်။ အတန်ကြာမှ သူမက စကားဆက်ပြန်သည်။

"မောင်တော့်ကို ကြည့်ရတာ အရိုးခံ ကျေးသားပုံစံမျိုးနဲ့ လှုပ်ရှားသွားလာနေပေမယ့် မောင်တော့်ရုပ်ဆင်းအင်္ဂါကိုမြင်ရုံနဲ့ အတွင်းအဖွဲ့တွက စွမ်းအားတွေကို ထိပ်ထားမြင်နေရတယ်။ ဒီတော့ မောင်တော် ရှေ့ကို ခရီးမဆက်ဘဲ ဒီမှာတင် ထိပ်ထားတို့နဲ့ လက်တွဲပြီး အရေးတော်ပုံမှာ ပါဝင်ဆင်နွှဲပါလား။ မောင်တော်သာ နေမယ်ဆိုရင် တော်တော့်ကို ပြောပြပြီး ဟောဒီအတွင်းတော်မှာပဲ ကိုယ်ရံတော်တပ်မှာ အရာထမ်းတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရအောင် ပြောပေးမယ်လေ"

လာပြန်ပြီ . . . 'တော်တော်'၊ 'အတွင်းတော်'၊ 'ကိုယ်ရံတော်'၊ 'အရာထမ်း'။ ကြာလျှင်တော့ သူမစကားများကို နားထောင်ပြီး ကိုယ်ပါ ရူးသွပ်သွားနိုင်သည်ဟု နေလွှမ်းထင်မိသည်။ ထို့ကြောင့် သူက –

"အခုလိုပြောတာ ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ကျွန်တော်က ကိုယ်ရေးကိုယ်တာကိစ္စတွေ ရှိနေသေးလို့ ဒီတစ်ညနားခိုပြီးရင် ကျွန်တော့်ကို ခရီးဆက်ခွင့်ပြုပါ"

ဟု ချောင်စွာ ပြောလိုက်ရလေသည်။

"အေးပေါ့လေ။ မောင်တော်ကလည်း မောင်တော့်ကိစ္စတွေ ရှိနေသေးတယ်ဆိုတော့ ထိပ်ထားမတားတော့ပါဘူး။ ဒီတစ်ည ဒီမှာ အေးအေးဆေးဆေးနားပါ"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"ဒီမှာ ဦးရီးယက္ခ၊ မိခင်ဆုံကိုခေါ်ပြီး ဒီကဧည့်သည်ကို ညစာကျွေးပါ။ ပြီးတော့ ဒီကွပ်ပျစ်မှာပဲ သူအိပ်ဖို့ ပြင်ဆင်ပေးလိုက်ပါ။ ထိပ်ထား နားတော့မယ်"

သခင်မလေးဆိုသော သူမက လှေကားခြေရင်းနားတွင် ရပ်၍ စောင့်ကြည့်နေသော လူကြီးအား လှမ်းပြောလိုက်ခြင်း ဖြစ်သည်။

ထိုလူကြီးက "အမိန့်တော်အတိုင်းပါ သခင်မလေး"ဟု ပြောလိုက်ချိန်တွင် သူမက ထိုနေရာမှ ညင်သာစွာထပြီး နေလွှမ်းရှေ့မှပင် လှေကားဆီသို့ ဖြတ်လျှောက်သည်။

သူမ သူ့ရှေ့နားဆီမှ အဖြတ်တွင် သူမကိုယ်မှ ညမွှေးပန်းရနံ့များ သူ့နှာခေါင်းထဲ တိုးဝင်လာသည်။ သူ ယခုမှပင် တစ်ခုခုကို သတိရသွားပြီး ပျာပျာသလဲနှင့် ထပြောလိုက်သည်။

"သခင်မလေး ခင်ဗျာ။ တစ်ဆိတ်လောက် ကျေးဇူးပြုပြီး ကျွန်တော့်ကို သခင်မလေးနာမည် သိခွင့်ပေးပါ"

သူ့အသံကြောင့် သူမက လှမ်းလက်စ ခြေလှမ်းကိုရပ်ပြီး သူ့ကို စောင်းငဲ့ကြည့်သည်။

"နာမည်က အရေးကြီးလို့လား မောင်တော်"

သူမက ပြုံး၍ပြောလိုက်ခြင်း ဖြစ်သည်။

"သခင်မလေးဟာ ကျွန်တော့်

ထမင်းစတင်စားချိန်မှာပင် နေလွှမ်းတစ်ယောက် အလွန်အံ့သြဖွယ်ရာ ကိစ္စတစ်ခု စတင်ကြုံတွေ့လိုက်ရလေသည်။ အကြောင်းမှာ အငွေ့တထောင်းထောင်းထပြီး စားချင့်စဖွယ် အထွေးလိုက်ရှိနေသော ပန်းကန်ထဲမှ ထမင်းများအား ၎င်းလက်နှင့် ဆုပ်ကိုင်လိုက်သောအခါ ရေခဲတမျှ အေးစက်နေသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကို ဒီတစ်ညတည်းခိုခွင့်ပြုတဲ့အတွက် ကျွန်တော့်ရဲ့ ကျေးဇူးရှင်ဖြစ်သွားပါပြီ။ ကိုယ့်ကျေးဇူးရှင်ရဲ့ အမည်ကို သိထားချင်လို့ပါ သခင်မလေး”

“မြရောင်ခြယ်ထိပ်ထား”

သူမက ပြောပြီးသည်နှင့် သူ့ကို လှည့်မကြည့်တော့ဘဲ ဆက်လက်ထွက်ခွာသွားကာ လှေကားမှ တစ်ဆင့် အပေါ်ထပ်သို့ တက်သွားလေတော့သည်။

သူမတက်သွားပြီးသည်နှင့် ဦးရီးယက္ခဆိုသော လူကြီးက လက်ခုပ်သုံးချက်တီးလိုက်ရာ လှေကားနောက်ဘက်ရှိ တံခါးပေါက်ဆီမှ အသက်ဆယ့်သုံးလေးနှစ်ခန့်ရှိမည် ထင်ရသော ဖြူဖြူတုတ်တုတ် ကောင်မလေးတစ်ယောက် ဝင်လာသည်။ သူမက အထက်အောက် အနက်ရောင်ဝတ်စုံကို ဝတ်ထားပြီး ဆံပင်ပုံစံက ယခုခေတ်တွင် အင်မတန်မှတွေ့ရခဲလှသော ဆံထောက်ကြီးနှင့်ဖြစ်သည်။

“မိခင်ဆုံ . . . ဒီဧည့်သည်အတွက် ထမင်းပွဲပြင်ပါ”

ဦးရီးယက္ခဆိုသူက အမိန့်ပေးသလို ပြောဆိုလိုက်သည်နှင့် သူမက ခေါင်းညိတ်ပြီးဝင်လာသော နောက်ဖေးပေါက်ဆီ ပြန်ထွက်သွားသည်။ ဦးရီးယက္ခဆိုသူကမူ ထိုကလေးမ ပြန်ထွက်သွားသည်နှင့် စကားတစ်ခွန်းမျှ မဆိုတော့ဘဲ နေလွှမ်း ထိုင်နေရာ နောက်ဘက်ရှိ ကွပ်ပျစ်၏ မြောက်ဘက်ခန်းထဲသို့ ဝင်သွားပြီး ထိုအခန်းထဲမှ သင်ဖြူးဖျာ၊ ကော်ဇော၊ အိပ်ရာခင်းနှင့် စောင်၊ ခေါင်းအုံး၊ ခြင်ထောင် စသည်တို့ကို ထုတ်ယူလာကာ သစ်သားကွပ်ပျစ်ပေါ်တွင် အိပ်ရာပြင်ဆင်နေသည်။

ထိုအချိန်မှာပင် ခင်ဆုံဆိုသော ကောင်မလေးက နေလွှမ်း ထိုင်နေသော ကုလားထိုင်ရှေ့ရှိ စားပွဲပေါ်သို့ အငွေ့ တထောင်းထောင်းထနေသော ထမင်းပူပူ၊ ဟင်းပူပူများကို တစ်ပန်းကန်ပြီး တစ်ပန်းကန် လာချပေးသည်။ ထမင်းနှင့် ဟင်းခွက်များ စုံအောင်ချပေးပြီး နောက်ဆုံးတွင် သူမက လက်ဆေးရန်ခွက်နှင့် လက်သုတ်ပဝါတစ်ထည်ကို ချပေးကာ “စားလို့ရပါပြီ”ဟု ပြောလျက် သူနှင့် မနီးမဝေးတွင် မတ်တတ်ရပ် စောင့်နေလေသည်။ သူထမင်းစားသည်ကိုကြည့်ပြီး လိုအပ်သည်များ ပြုလုပ်ပေးရန် စောင့်နေသည့်သဘောပင်။

နေလွှမ်းမှာ ပထမ၌ ဟန်လုပ်၍ ငြင်းဆိုရန် စိတ်ကူးသေးသော်လည်း အငွေ့တထောင်းထောင်း ထနေသော ထမင်း၊ အိုးကပ်ချက်ထားဟန်တူသော ငါးကလေးဟင်း၊ ဝက်သားဟင်းနှင့် ဟင်းချိုပူပူ၊ ငရုတ်သီးထောင်း စသည်ကိုကြည့်၍ ဆာလောင်သောစိတ်များက နိုးကြွလာလေသည်။

အမှန်စင်စစ် ညက မုန်းမြို့နေအိမ်မှထွက်ပြေးလာကတည်းက ယခုအချိန်အထိ သူ့ဗိုက်ထဲတွင် ထမင်းဟူ၍ မရှိသေးပေ။

မနက်စောစောက ရင်းတိုက်စိန် ကျေးရွာထိပ်ရှိ အကြော်ဆိုင်တွင် စားလာသော ဘူးသီးကြော်နှစ်ပွဲနှင့် ညနေစောင်းတွင် ငါးခေါင်းအင်းကျေးရွာမြောက်ဘက် ဘုရားကုန်းမှ အဘိုးအိုကျွေးလိုက်သော ငှက်ပျောသီးများသာ ဗိုက်ထဲတွင် ရှိသည်။ ယခုအချိန်တွင် ပြင်ဆင်ထားသော ထမင်းပွဲမှ ဟင်းနံ့များကလည်း သူ့ကို မစားရမနေနိုင်အောင် ဆွဲဆောင်နေပြီမို့ လက်ဆေးဇလုံထဲသို့ လက်ထည့်နှိုက်ဆေးကာ ထမင်းကို စတင်စားလိုက်လေသည်။

ထမင်းစတင် စားချိန်မှာပင် နေလွှမ်းတစ်ယောက် အလွန်အံ့ဩဖွယ်ရာ ကိစ္စတစ်ခု စတင်ကြုံတွေ့လိုက်ရလေသည်။ အကြောင်းမှာ အငွေ့တထောင်းထောင်းထပြီး စားချင့်စဖွယ် အထွေးလိုက်ရှိနေသော ပန်းကန်ထဲမှ ထမင်းများအား ၎င်းလက်နှင့် ဆုပ်ကိုင်လိုက်သောအခါ ရေခဲတမျှ အေးစက်နေသောကြောင့် ဖြစ်သည်။

သူ့စိတ်က အမှန်တကယ်အံ့ဩမိသည်မှန်သော်လည်း အခုမှ ပြန်နွေးလာလို့ ထမင်းမပူဘဲ အငွေ့ထွက်နေတာနေမှာပဲဟု တွေးကာ ဆက်၍စားရန် ဟန်ပြင်သည်။ ထို့ကြောင့် ရှေးဦးစွာ ထမင်းတစ်လုတ်ကို သူ့ပါးစပ်ထဲထည့်၍ ဝါးပြီး မျိုချပစ်လိုက်သည်။ ထို့နောက် အငွေ့တထောင်းထောင်းထနေသော ဟင်းချိုပူပူ တစ်ဇွန်းကိုခပ်ပြီး အနည်း



www.burmeseclassic.com

www.burmeseclassic.com

ငယ်မှုတ်ကာ မြည်းသောက်ကြည့်လိုက်သည်။ နေလွှမ်းမျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားသည်။ ဟင်းချိုမှာလည်း အေးစက်နေသည့်အပြင် မည်သည့်အရသာမျှမရှိဘဲ မသန့်ရှင်းသည့်ရေကို သောက်လိုက်ရသည့်နှယ် တွင်းချေးစော်ကဲ့သို့ အနံ့က နံနေသေးသည်။

နေလွှမ်းမှာ စိတ်ဓာတ်ကျနေပြီဖြစ်သော်လည်း လက်က ငါးလေးဟင်းပန်းကန်ဆီသို့ ရောက်သွားပြန်ပြီး ငါးကလေးသုံးလေးကောင်ကို ဇွန်းဖြင့်ခပ်ထည့်၍ ထမင်းပန်းကန်အေး နှုတ်ခမ်းတွင် ပုံထားလိုက်သည်။ ထိုအချိန်တွင် သူ၏ နှာခေါင်းထဲ၌ မူလက မွှေးကြိုင်နေသော ဟင်းနံ့များပျောက်သွားပြီး ငါးစိမ်းညှီနံ့လိုလို နံလာသည်ကြောင့် သူက နှာခေါင်းကို ရှုံ့ပွရှုံ့ပွလုပ်ကာ ငါးတစ်ကောင်ကိုယူ၍ ထမင်းနှင့် မြုပ်စားရန် ဖဲ့လိုက်သည်။

ငါးမှာ လုံးဝဖဲ့မရဘဲ ချော်ကျိုကျိုနှင့် တင်းခံနေသောကြောင့် သူ၏ စိတ်ထဲတွင် မသင်္ကာဖြစ်လာကာ ထိုငါးကလေးကို ကိုင်မြှောက်၍ မီးရောင်အောက်တွင် မျက်လုံးနှင့် ကပ်ကြည့်လိုက်ရာ ငါးကလေးက လက်ထဲတွင် တဖျတ်ဖျတ် လှုပ်နေသောကြောင့် ပါးစပ်မှ ယောင်ရမ်းပြီး "အမယ်လေး"ဟု အသံထွက်သွားရင်း လွှတ်ချလိုက်လေသည်။

ထိုအဖြစ်ကြောင့် နေလွှမ်းမှာ စိတ်ထဲတွင် မသိုးမသန့်ဖြစ်၍ လန့်လည်း လန့်လာပြီး လက်ကို ရေဇလုံထဲတွင်ဆေးပြီး လက်သုတ်ပဝါနှင့် သုတ်လိုက်လေသည်။

ထိုအချိန်တွင် သူ၏နှာခေါင်းထဲ၌ ညှီစို့စို့ ပုပ်အဲ့အဲ့ အနံ့ကိုရလိုက်ပြီး ဦးရိုးယက္ခဆိုသူက သူ့နားရောက်လာကာ "ဝပြီလား"ဟု မေးလေသည်။ သူက ခေါင်းညိတ်ပြလိုက်သောအခါ ထိုလူကြီးက လက်ခုပ်သုံးချက် တီးလိုက်လေသည်။

မိခင်ဆုံ ဝင်လာသောအခါ ထိုလူကြီးက "နင့်ထမင်းပွဲတွေ သိမ်း" ဟု အသံပြတ်နှင့် ပြောလိုက်သည်။ မိခင်ဆုံက ထမင်းပွဲများကို တစ်ခုပြီးတစ်ခု ပြန်သိမ်းသွားသည်။

"ကျွန်တော် မအိပ်ခင် အပေါ့အပါး သွားချင်သေးတယ်"

ခင်ဆုံ ထမင်းပွဲဟင်းပွဲများ သိမ်းပြီး ပြန်သွားချိန်တွင် သူက ဦးရိုးယက္ခဆိုသူအား အရဲစွန့်ပြီး ပြောလိုက်သည်။ ထိုလူကြီးက "ငါ့နောက်လိုက်ခဲ့"ဟုဆိုကာ ရှေ့မှဦးဆောင်ခေါ်သွားပြီး နောက်ဖေးဘက်ရှိ အပေါ့အပါးသွားရန် နေရာကို ပြသည်။ သူက အပေါ့အပါးသွားပြီး ပြန်လာသောအခါ ထိုလူကြီးက "မင်း ဟိုကွပ်ပျစ်ပေါ်မှာ အိပ်လို့ရပြီ" ဟုဆိုကာ အောက်ထပ်ရှေ့တံခါးမကြီးကို သွား၍ပိတ်လိုက်လေသည်။

နေလွှမ်းသည် ဘာတစ်ခုမှ မပြောတော့ဘဲ ကွပ်ပျစ်ဆီသို့ လာခဲ့သည်။ ကွပ်ပျစ်ပေါ်တွင် ထိုလူကြီးက သူအိပ်ရန် အိပ်ရာများကို သေသေချာချာ ခင်းပေးထားပြီး ခြင်ထောင်တစ်လုံးကိုလည်း ထောင်ပေးထားသည်။

နေလွှမ်းက အိပ်ရာထဲမဝင်မီ ငယ်စဉ်က သူ၏ဖခင် ကျင့်ပေးထားသည့်အတိုင်း အနန္တငါးပါးကို ရည်စူးရှိခိုးပြီးမှ အိပ်ရာထဲဝင်လေသည်။

သူခြင်ထောင်ကို မဝင်လိုက်စဉ်မှာပင် ဦးရိုးယက္ခဆိုသူက သူ၏ မြောက်ဘက်ရှိအခန်းထဲသို့ ဝင်သွားသည်ကို တွေ့လိုက်ရပြီး မကြာမီ အောက်ထပ်ရှိ မီးအိမ်မှာလည်း မီးငြိမ်း၍ အမှောင်ကျသွားတော့သည်။

လက်ရှိအချိန်တွင် နေလွှမ်းမှာ ပင်ပန်းနွမ်းနယ်နေပြီဖြစ်ရာ ကိုယ့်အကြောင်းကိုယ်ပင် စဉ်းစားရန် အချိန်မရတော့ဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပစ်လိုက်ရန်သာ စိတ်ကူးမိတော့သည်။ မကြာမီအချိန်မှာပင် သူ၏ မျက်ခွံများ လေးလံလာပြီး စိတ်လွတ်ကိုယ်လွတ် အိပ်ပျော်သွားလေတော့သည်။

နေလွှမ်းမှာ အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည်ပင် မသိတော့ဘဲ နှာခေါင်းထဲတွင် စူးစူးဝါးဝါးနံလာသော ညှီစို့စို့ ပုပ်အဲ့အဲ့ အနံ့ကြောင့် အသက်ရှူမဝသလိုဖြစ်ပြီး အိပ်ပျော်နေရာမှ လူးလိမ့်၍ နိုးလာသည်။ သူနိုးလာ၍ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ အိမ်အောက်ထပ်ရှိ မီးအိမ်မှ မီးပြန်လင်းနေသည်ကို တွေ့ရပြီး သူအိပ်နေသော ကွပ်ပျစ်နှင့် မလှမ်းမကမ်းဒနချာ၌ ဦးရိုး



www.burmeseclassic.com

www.burmeseclassic.com

ယက္ခဆိုသူက မတ်တတ်ရပ်နေသည်ကို တွေ့ရလေသည်။

"မနက် အရုဏ်တက်နေပြီ။ မင်း ဒီကထွက်ပြီး ခရီးဆက်တော့"

ထိုလူကြီးက အမိန့်ပေးသလို ပြောလိုက်သည်နှင့် သူလည်း အိပ်ရာမှ လူးလဲထလိုက်သည်။ ပြီးသည်နှင့် ညက သူ့ဘေးတွင် ချွတ်ချထားသည့် စစ်လွယ်အိတ်ကလေးကို စလွယ်သိုင်းကောက်လွယ်ပြီး အိပ်ရာခင်းများ၊ ခြင်ထောင်များကို သိမ်းပေးရန် ပြင်သည်။

"အဲဒါတွေသိမ်းဖို့ မလိုဘူး။ ထားခဲ့ပါ"

ဦးရိုးယက္ခဆိုသူက အသံပြတ်နှင့် ပြောလိုက်သည်ကြောင့် သူက မသိမ်းတော့ဘဲ ထွက်လာသည်။ ထိုလူကြီးက "လိုက်ခဲ့"ဟုဆိုကာ ညက သူဝင်လာသော လမ်းအတိုင်း မြို့ရိုးအပေါက်ဝအထိ လိုက်ပို့လေသည်။ ထိုမြို့ရိုးဟောင်း တံခါးပေါက်ရောက်သည်နှင့် လူကြီးက နောက်ဘက်သို့ လှည့်ပြန်သွားသည်ကြောင့် သူလည်း ပါးစပ်မှ နှုတ်ဆက်ရန်ပင် မေ့သွားပြီး မြို့ရိုးဟောင်းပေါ်တက်၍ တံတားပေါ်မှ လျှောက်ပြီး ကျုံးကို ဖြတ်ကူးလိုက်သည်။ ကျုံးကိုကူးပြီး တာရိုးပေါ်ရောက်ချိန်တွင် တချွင်ချွင်ကြားလိုက်ရသော ဆည်းလည်းသံ ချိုချိုများကြောင့် သူ၏စိတ်ထဲ၌ လန်းဆန်းသွားကာ စေတီလေးဆီ လှမ်းကြည့်လိုက်သည်။ အရှေ့ မိုးကုပ်စက်ဝိုင်းဆီမှ ထွန်းတောက်စပြုလာသော အရုဏ်ဦးရောင်အောက်တွင် ထုံးဖြူဖြူစေတီလေးမှာ ကြည်ညိုဖွယ် တည်ရှိနေသည်။ နေလွှမ်းမှာ ထိုစေတီလေးကို ဖူးမြော်လိုစိတ်များ တဖွားဖွား ပေါ်လာသည်ကြောင့် အနည်းငယ်လှမ်းနေသော စေတီအပါးအထိ လျှောက်သွားကာ ဝတ်ပြုအာရုံယူပြီး ကြည်ညိုစွာ ဖူးမြော်လေသည်။ အချိန်အတန်ကြာအောင် အာရုံယူ ရှိခိုးပြီးခါမှ သူက နေရာမှ ထ၍ တာရိုးထိပ်ပေါ် ပြန်တက်လာသည်။ ထိုအချိန်တွင် အရုဏ်ဦးရောင်ခြည်မှာ အတော်ကလေး ထွန်းလင်းလာပြီဖြစ်သည်။ ထိုအချိန်တွင် တာရိုးပေါ်အတိုင်း သူ့ရှေ့တည့်တည့်ဆီမှ နွားတစ်ကောင်ကို မောင်းလာသော ကုလားတစ်ယောက်နှင့် ဆုံလေသည်။ ထိုကုလားကြီးမှာ အသက်အရွယ်အားဖြင့် ငါးဆယ်ကျော်ဝန်းကျင်ခန့် ရှိမည်ထင်ရသည်။

"ခဏနေပါဦး အရာကြီး။ ကျွန်တော် တစ်ခုမေးချင်လို့"

> နေလွှမ်းမှာ အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည်ပင် မသိတော့ဘဲ နှာခေါင်းထဲတွင် စူးစူးဝါးဝါးနံလာသော ညှီစို့စို့ ပုပ်အဲ့အဲ့ အနံ့ကြောင့် အသက်ရှူမဝသလိုဖြစ်ပြီး အိပ်ပျော်နေရာမှ လူးလိမ့်၍ နိုးလာသည်။

သူက ရှေ့မှပိတ်ရပ်ရင်း ပြောလိုက်သည်။

"ဘာမေးမှာလဲ ကောင်လေး၊ မေးလေ"

"ကျွန်တော် ဒီကနေ ဇေယျဝတီကို ဖြတ်တက်ချင်တယ်။ အဲဒါ တစ်ဆိတ်လောက် လမ်းပြပေးပါ"

"အား . . လွယ်လွယ်လေးပဲ။ ဒီကနေ ဟိုးကိုသွား။ အဲဒါ ဇေယျဝတီဘုရားကြီးပဲ။ မြင်ရတယ်မို့လား"

နေလွှမ်းက ထိုကုလားကြီးညွှန်ပြသော တောင်ယွန်းယွန်းဆီသို့ လှမ်းကြည့်လိုက်ရာ ကုက္ကိုပင်များ အုပ်ဆိုင်းဆိုင်းနှင့် စေတီတော်ကြီး၏ ထီးတော်ပိုင်းကို လှမ်း၍ဖူးတွေ့ရလေသည်။

"ဟုတ်ကဲ့ မြင်ရတယ်"

"အေး . . . အဲဒီဘေးနားမှာ အနောက်ကိုသွားတဲ့လမ်း ရှိတယ်။ လှည်းမောင်းလို့ရတဲ့ လမ်းမကြီးပဲ။ အဲဒီအတိုင်း လျှောက်သွား။ ကုလားသာမုကဲ့ရွာကိုရောက်မယ်။ အဲဒီမှာ



www.burmeseclassic.com

www.burmeseclassic.com

သံလမ်းကျော်ရင် ကားလမ်းပေါ် ရောက်ပြီ။ ကားလမ်းကနေ မြောက်ဘက်သွားရင် ဇေယျဝတီရောက်ပြီပေါ့"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

သူက ပြောပြီး ခေါင်းတညိတ်ညိတ်လုပ်နေစဉ် ကုလားကြီးက သူ့ကို အထူးအဆန်းသဖွယ်ကြည့်ရင်း

"နေဦး ကောင်လေး၊ မင်းက ဒီလမ်းကိုမသိဘူးဆိုတော့ ဘယ်ကလာတာလဲ"

"ကျွန်တော်က မုန်းကလာတာ"

"ဘယ်လို . . . မုန်းကနေလာတာ။ ဒီအချိန် ဒီရောက်တယ်"

"မဟုတ်ဘူး အရာကြီးရဲ့၊ မုန်းကလာတာတော့ မှန်တယ်။ ညက ဒီမြို့ရိုးထဲက အိမ်မှာအိပ်တာ"

ထိုစကား ကြားလိုက်သည် နှင့် ကုလားကြီးမှာ နေလွှမ်းအား မျက်လုံးပြူး၍ စိုက်ကြည့်ရင်း ခေါင်းတယမ်းယမ်း ဖြစ်နေသည်။ သူ၏ အကြည့်က နေလွှမ်းအား တစ်ခုခု မသင်္ကာဖြစ်နေသည့်ပုံမျိုး ဖြစ်သည်။

"ခင်ဗျားက ဘာဖြစ်လို့ ခေါင်းတယမ်းယမ်း လုပ်နေတာလဲ"

နေလွှမ်းက စိတ်မရှည်သဖြင့် မေးလိုက်သည်။

"ကောင်လေး၊ မင်းဘာကြောင့် မဟုတ်တာပြောတာလဲ။ ဒီမြို့ရိုးထဲမှာ အိမ်မှမရှိဘဲ"

"ဟာ . . အရာကြီးကလည်း၊ ဘာလို့မရှိရမှာလဲ။ ဟိုမှာ မတွေ့ဘူးလား။ အဲဒီ . . . ဟာ . ."

နေလွှမ်းမှာ ပြောရင်းတန်းလန်းနှင့် စကားကို မဆက်နိုင်တော့ဘဲ ရပ်သွားရလေသည်။ သူ၏စိတ်ထဲတွင်လည်း တော်တော်ကလေး ပင် တုန်လှုပ်ချောက်ချားသွားမိသည်။

သူက ကုလားကြီးကို ပြောရင်း ညက သူအိပ်ခဲ့သော အိမ်ကြီးဆီသို့ လှမ်းပြရန် လက်ညှိုးညွှန်၍ ကြည့်လိုက်ရာ ညက သူအိပ်ခဲ့သော အိမ်ကြီးကို လုံးဝမတွေ့ရတော့ဘဲ ထိုနေရာတွင် ကိုင်းပင်များနှင့် စပါးရိုးပြတ်များသာ ရှိနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

"ကဲ . . ဘယ်မှာလဲ ကောင်လေး။ မင်းဘာလို့ညာလဲ"

ကုလားကြီးက သူ့ကို မယုံသင်္ကာကြည့်၍ မေးနေလေသည်။

"ကျွန်တော်မညာဘူး အရာကြီး။ ညက ကျွန်တော် တကယ်ပဲ အဲဒီနေရာမှာ အိပ်ခဲ့တာ။ အိမ်ကြီးမှ နှစ်ထပ်ကျွန်းအိမ်ကြီးဗျာ။ အဲဒီမှာ လူသုံးယောက်ကိုလည်း တွေ့ခဲ့ရသေးတယ်"

"ဒီမယ် ကောင်လေး။ မဟုတ်တာမပြောနဲ့။ ကျုပ်လူမှာနော် ဟိုဘုရားရွာမှာ နေတယ်။ ဒီနားမှာ ဘာရှိတယ် ကျုပ်အကုန်သိတယ်။ ဒါဟာ ဇေယျဝတီနန်းတွင်းဟောင်းပဲ။ ဒီအထဲမှာ ကိုင်းတောကြီးကို ခုတ်ထွင်ရှင်းလင်းပြီး စိုက်ထားတဲ့ လယ်တွေပဲရှိတယ်။ ဘာလူမှ မနေဘူး။ ဘာအိမ်မှလည်း မရှိဘူး။ ဟိုး အဝေးကြီးတစ်နေရာမှာနော် ဗမာဘုန်းကြီးကျောင်းတစ်ကျောင်း ရှိတယ်၊ ဒါပဲ"

"ဒါဖြင့် တစ်ခုခုတော့ မှားနေပြီဗျ။ ညက ကျုပ်တွေ့ခဲ့တာကို ပြောမယ်ဗျာ . . ."

နေလွှမ်းက ထိုသို့ပြောပြီး ညက သူတွေ့ခဲ့ကြုံခဲ့ရသော အိမ်ကြီးအကြောင်း အကျဉ်းချုပ်၍ ပြောပြလေသည်။ သူ့စကားကို နားထောင်ပြီးသောအခါ ကုလားကြီးမှာ မျက်နှာအမူအရာ ပျက်သွားပြီး သူ၏ လက်တစ်ဖက်ဖြင့် သူ့ခြေထောက်မှ ခြေစာမှုန့်များကို ယူကာ ပါးစပ်မှ တစ်ခုခုရွတ်ရင်း သူ့နဖူးသူ ပွတ်နေလေသည်။ ထို့နောက် နေလွှမ်းအား

"ကောင်လေး . . ဒီကမြန်မြန် သွားတော့။ မကောင်းတော့ဘူး။ တစ္ဆေရှိတယ်။ နာ့ . . နာ့ . . နာ့"

ဟု ဆိုကာ သူ့နွားသူမောင်း၍ ထွက်သွားလေတော့သည်။

နေလွှမ်းလည်း ညက အိမ်ကြီး၏ နေရာတွင် တွေ့ရသော ကိုင်းပင်နှင့် ရိုးပြတ်တောများကို တစ်ချက် လှမ်းကြည့်ပြီး ကြက်သီးမွေးညင်းများထလာကာ ထိုနေရာမှ ခပ်သွက်သွက် ထွက်ခွာလာခဲ့တော့သည်။

*(ဆက်လက်ဖော်ပြပါမည်။)*

ကျော်ဆွေဝင်း(ရွှေအင်း)



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်ချင်းစာတတ်ကြပါစေ

## ■ ရည်စူးသစ္စာ(လှိုင်သာယာ)

ထစ်ခနဲဆိုလျှင် မဖြူတို့က လက်သံပြောင်စမြဲ။ ပွဲဆက်တွေက များနေတာမို့ လက်က ကျင့်သားရပြီး ယဉ်ပါးနေသည်။

မဟုတ်မခံ ဆတ်ဆတ်ကြဲမို့ သူ့ကို အော့နှလုံးနာကြသည်။ သူ့ကို ဝေးဝေးရှောင်ကြသည်။ အဲ ... ဖြစ်ပြီ ဟော့ဆိုလျှင် ဗိုင်းပြီး ဖြေသလိုနှင့် သူ့ကို ချုပ်ပေးတတ်ကြသည်။ ဒါကို သူ ကသိသည်။ အနားသို့ ကပ်လာသည်နှင့် စိမ်းစိမ်းကျက်ကျက် အကပ်မခံ။ ပြောလို့ရလျှင်ရ၊ မရလျှင်တော့ ဆော်တော့သည်။ သူက တစ်ခါအချုပ်ခံရပြီး ပညာပေးတာ ခံရဖူးထားတော့ ''ကပ်မလာနဲ့နော်။ ကပ်လာလို့ကတော့ လူမရွေးဘူး။ သဘောပေါက်တယ်နော်''

*****

ဟော ... ကြည့်။ မဖြူ။ အခု မဖြူ မဟုတ်တော့။ ဒေါ်ဖြူဘဝကို ပိုင်ဆိုင်နေသည့် ငါးဆယ်ကျော် အဒေါ်ဘဝသို့ပင် ရောက်ရှိခဲ့ပြီ။ လူ၏ဗီဇတို့သည် ပြင်ရန်ခက်ခဲသည်တော့ မဟုတ်ပါ။ မပြင်၍သာပဲ ဖြစ်မည်ထင်ပါသည်။ တစ်နေ့ မမျှော်လင့်ဘဲ ဒေါ်ဖြူ၏ခင်ပွန်းဖြစ်သူ ဦးခင်ညိုတစ်ယောက် အားလပ်ရက် ဖြစ်နေသည်။

''ကျွိ ကျွိ ... ကျလိ ... ကျလိ ဝုန်း ... ဒိုင်း ... ဂလွမ်း''

''ဟယ် .. ဘုရားစင်က သောက်တော်ရေဖန်ခွက် ကွဲသွားပြီ။ ဒီကြွက်တွေက တော်တော် သောင်းကျန်းနေတာပဲ။ ဘုရားစင်မို့လည်း ဘုရားစင်၊ ပန်းကန်စင်မို့လည်း ပန်းကန်စင်၊ အငြိမ်မနေရဘူး။ ဒင်းတို့တွေ ငါနဲ့တွေ့တော့မယ်။ ဟင်း ... ဟင်း''

ကြွက်ကလေးတွေကို ပါးစပ်မှ ကြိမ်းမောင်းရင်း ခေါက်လက်စအဝတ်အစားများကို ဆက်၍ခေါက်နေလိုက်သည်။ အဝတ်အစားများခေါက်၍ သိမ်းဆည်းပြီးသောအခါ မီးဖိုဘက်သို့ သွား၍ ပန်းကန်စင်ပေါ်သို့ ရေစစ်ပြီးသော ပန်းကန်များကို စနစ်တကျ စီထပ်လိုက်ပါသည်။

ခဏနေသော် ကြွက်ကလေးနှစ်ကောင် အလုအယက် ပြေးလာသည်။

''ကျွိ ကျွိ ကလိ ကလိ''

''ဟဲ့ .. ဟဲ့ ... သောက်ပလုတ်တုတ်''

''ကဲဟာ ...''

ဒေါ်ဖြူသည် ပြောပြောဆိုဆိုနှင့် လက်ထဲတွင်ရှိသော သစ်သားသံခွက်ဖြင့် ကြွက်ကလေးနှစ်ကောင်အား ဖိချလိုက်သည်။ မမိတမိဖြင့် နှစ်ကောင်လုံး ညပ်နေသည်။ ပိုသေချာအောင် သံခွက်ကို လျင်မြန်စွာမပြီး ပြန်ဖိလိုက်သည်။ ကြွက်တစ်ကောင်တော့ လွတ်သွား၍ ကြွက်တစ်ကောင်တော့ ပိ၍ နေလေသည်။ ခေါင်းနှင့်ဝမ်းဗိုက်ကို သံချွန်နှင့် ဖိထားသောကြောင့် ကြွက်ကလေး ကြောက်လန့်တကြား အမြီးလေးလှုပ်နေတာကို ဦးခင်ညို တွေ့လိုက်ရတော့ –

''ဟယ် မဖြူရယ် မလုပ်ပါနဲ့ဟာ။ သနားပါတယ်။ လွှတ်လိုက်စမ်းပါ''

ဦးခင်ညို ပြောပေမယ့် ဒေါ်ဖြူကတော့ ခေါင်းမာနေဆဲ။

''ဦးခင်ညို၊ ရှင်ကလည်း မကြည့်ချင်ရင် မျက်နှာလွှဲနေလိုက်ပေါ့၊ တကတဲ''

ဦးခင်ညိုတစ်ယောက် ရှေ့တွင် အသက်တစ်ချောင်းတော့ ဆုံးရှုံးသွားတော့မည်။ မဖြူ ဝင့်လိုက်မှာမကြောက်ဘူးထင်သည်။

ပြောပြောဆိုဆိုနှင့်ပင် အိမ်ရှေ့လမ်းမဆီသို့ ထွက်ခဲ့ပါတော့သည်။ သဗ္ဗေသတ္တာ ကမ္မသကာပဲပေါ့။ ဘာတတ်နိုင်မလဲဟု စိတ်ထဲမှတွေးရင်း အိမ်သို့ ပြန်လာခဲ့မိတော့သည်။

အိမ်အရောက်တွင် ကြွက်ကလေးကို မတွေ့ရတော့။ လူတွေနှင့်နေမှ ဟင်းကျန်၊ ထမင်းကျန်များကို ရှာဖွေစားသောက်ရသော ကြွက်ကလေးတွေတင်မကပဲ ခွေး၊ ကြက်၊ ဝက်၊ ဘဲ အစရှိသော အိမ်မွေးတိရစ္ဆာန်များသည်ပင် လူတွေ၏ အလိုမကျလျှင် မကျသလို ရိုက်နှက်၍လည်းကောင်း၊ သတ်ဖြတ်၍လည်းကောင်း စားသောက်ခြင်းကို ခံရမည် မလွဲပါ။

တကယ်တော့ သနားကြင်နာစိတ်ဖြင့် မွေးသောသူ မရှိပါ။ စီးပွားရေးအရ၊ မိသားစု စားအိုးသဖွယ်အရ မွေးမြူခြင်းသာ ဖြစ်ကြပါသည်။ ကြွက်ကလေးကို အစပြုသော ကျန်သော အိမ်မွေးတိရစ္ဆာန်များအတွက် စိတ်မကောင်းဖြစ်ရုံမှလွဲ၍ ဘာမှမတတ်နိုင်တော့ပါ။

ရည်စူးသစ္စာ(လှိုင်သာယာ)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ငယ်နိုင်

## (ဖြစ်ရပ်မှန်)

### မုံရွာအောင်စကြာ

(၁)

တစ်နေ့သ၌ ကျွန်ုပ်သည် အလုပ်အားသဖြင့် အိမ်ရှေ့တွင် ပက်လက်ကုလားထိုင်တစ်လုံးနှင့် ထိုင်ကာ အေးအေးလူလူ စာဖတ်လျက်ရှိပေ၏။ မိခင်ဖြစ်သူ ဒေါ်ကြည်သည် ဘုရားဆွမ်းတော်ကပ်၍နေပေ၏။ ဇနီးဖြစ်သူ မသန်းဝေသည် မကျောင်းပိတ်ရက်ဖြစ်၍ မီးဖိုချောင်ထဲဝယ် ချက်ပြုတ်နေပေသည်။

စာများများဖတ်မှ စာကောင်းများ ရေးသားနိုင်ပေသည်။ အဘချစ်နိုင်(စိတ်ပညာ)က ကျွန်ုပ်အား စာများများဖတ်ရန် တိုက်တွန်းဖူးပေ၏။ ပခုက္ကူဦးအုန်းဖေသည် စာများများဖတ်သောကြောင့် ဘဝတစ်ခုလုံး ပြောင်းလဲတိုးတက်ခဲ့ကြောင်း ပြောပြဖူးပေ၏။

နာမည်ကြီးကဗျာဆရာ စလင်းဘုန်းကျော် (ဗိုလ်မှူးသန်းအေး)နှင့် ရန်ကုန်တွင်တွေ့ဆုံခဲ့ရာ စာရေးတာကောင်းတယ်ကွ။ စလင်းသန်းကျော်ရဲ့တပည့် စလင်းငုံးကြော်လို့ရေးပေါ့ဟု အားပေးခဲ့ဖူး၏။

ကျွန်ုပ်သည် စာဖတ်ရင်း အတွေးများဝင်လာမှုကြောင့် အတွေးများကိုဖျောက်ရင်း စာကို ဆက်ဖတ်ရလေ၏။ စာပေသည် လူ့စိတ်ကို လွှမ်းမိုးနိုင်စွမ်းရှိပေ၏။ စိတ်၏စွမ်းအင်ကိုလည်း ထက်မြက်စေ၏။

လူတို့ကို အသိပညာပေးရန်နှင့် စိတ်ဖျော်ဖြေမှုပေးရန် အကောင်းဆုံးသော ပစ္စည်းတစ်ခုဖြစ်ပေသည်။ စာဖတ်ခြင်းဖြင့် အကောင်းအဆိုးဝေဖန်ပိုင်းခြားနိုင်သော စွမ်းအားများ ရရှိပေ၏။ စာဖတ်တတ်လျှင် စာတတ်သည်ဟု သာမန်အားဖြင့်ဆိုသော်လည်း စာတတ်တိုင်း စာဖတ်တတ်သည် မဟုတ်။ စာပေဖြင့် မိမိဘဝကို အကျိုးရှိ မြင့်မြတ်အောင် အသုံးချနိုင်ပါမှ စာဖတ်တတ်သည်ဟု ဆိုနိုင်ပေသည်။

အကျိုးပြုသော စာပေကို ရွေးချယ်ဖတ်တတ်မှသာ စာဖတ်တတ်သည်ဟု ဆိုနိုင်ပေသည်။ စာဖတ်၍ ထူးကဲသောအကျိုးများ ခံစားရမှ စာဖတ်ရကျိုး နပ်ပေမည်။ လူကိုစိတ်က ထိန်းချုပ်လေ၏။ ပညာကို ဗဟုသုတက ထိန်းချုပ်လေ၏။

ဗဟုသုတအမျိုးမျိုး ရရှိအောင် စာအမျိုးမျိုးကို လေ့လာဖတ်ရှုရပေ၏။ စာကို စိတ်ဖြင့်ရေးရပေ၏။ စာတစ်စောင်ကို ဖတ်ရှုခြင်းဖြင့် စာရေးသူ၏နှလုံးသားကို စာဖတ်သူက မြင်နိုင်ပေသည်။ စာဖတ်သူ၏ နှလုံးသားကို စာရေးသူ မမြင်နိုင်။

စာကောင်းခြင်း၊ မကောင်းခြင်းသည် စာရေးသူအပေါ်မှာသာ မူတည်ပေ၏။ စာဖတ်သူအများ လက်ခံဖတ်ရှုမှသာ စာရေးဆရာ ဖြစ်လာရပေသည်။

ငါ့စာ ငါရေး ငါကြိုက်ပြီးရောဆို၍မရ။ စာရေးသူတိုင်း စာဖတ်သူအပေါ် 'ရသ'တစ်ခုပေး၍ ရေးသော်လည်း စာဖတ်သူ မခံစားတတ်လျှင် အဆင်ပြေမည် မဟုတ်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက ခရီးသွားလာရင်း ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်မှန်လေးကို ရေးဖွဲ့ဖူးလေ၏။ ဝတ္ထုခေါင်းစဉ်ကိုလည်း ရိုးရှင်းစွာ 'နှင်းတွေဝေမှဖြင့်'ဟု အမည်ပေးထားသည်။ ဇာတ်သိမ်းပိုင်းတွင်

www.burmeseclassic.com

သူမကတော့ ဘယ်ဆီနေမှန်းမသိ။ ကျွန်ုပ်မှာသာ နှင်းတွေဝေမှုဖြင့်ဟု အဆုံးသတ်ထားပေးသည်။

ဝတ္ထုပြီးဆုံးသွားသည်နှင့် စာဖတ်သူကို ဆက်လက်တွေးစေရန် စာရေးသူက ဖန်တီးပေးထား၏။ သို့သော် စာဖတ်သူလူငယ်များမှ ဦးလေး ဝတ္ထုက ဘာကြီးမှန်းလဲ မသိဘူးဟု ကျွန်ုပ်အား လာပြောကြပေသည်။

သူတို့နားမလည်နိုင်သော ဘာကြီးမှန်းလဲ မသိဘူးသည် ဝတ္ထု၏ အနှစ်သာရကို ဆိုသည်ကို သူတို့မခံစားတတ်။ နားလည်းမလည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် လူဦးရေသန်း ၆၀ ကျော်ခန့် ရှိပေ၏။ စာမတတ်သူ လွန်စွာနည်းပေမည်။

တစ်နိုင်ငံလုံး အတိုင်းအတာနှင့် အသိပညာရှင်၊ အတတ်ပညာရှင် လွန်စွာပေါများလှပေသည်။ ခေတ်ကာလမှာလည်း ပညာခေတ်ကို ရောက်ရှိနေရာ အမြဲမပြတ် သင်ယူလေ့လာ၍နေရမည်။ စာပေသည် လွန်စွာမှ အရေးပါ၍ အရာရောက်ခဲ့ပေ၏။

"မိုက်တဲ့ကောင် ထွက်ခဲ့"

လမ်းမပေါ်မှ ကြားလိုက်ရသော အသံကြောင့် စာအုပ်ကလေး ဘေးချ၍ ကြည့်လိုက်ရာ လွန်စွာအရက်မူးနေသော လူငယ်တစ်ဦးကို တွေ့လိုက်ရပေတော့သည်။ လက်ထဲမှာလည်း ဓားကြီးတဝင့်ဝင့်နှင့် မကြားဝံ့မနာသာ ဆဲဆိုကြိမ်းမောင်း၍နေပေတော့သည်။

ကျွန်ုပ်သည် လွန်စွာကြောက်ရွံ့၍ စိတ်ထဲမှ ဘုရားတ၍ နေရပေတော့သည်။ မည်သူမှ မဆွဲရဲ။ လူငယ်မှာ ပို၍ပင် ကြမ်းလာပေ၏။ ဘယ်ခွေးမှ လူမထင်သော ဒီဗိုင်းနှင့်။ ဓားကြိမ်းကြိမ်းနေသည်ကို ရင်ထိတ်စွာ စောင့်ကြည့်နေရပေ၏။

သာဒင်ကို ဘာထင်သလဲကွဟူသော ထက်မြက်စူးရှသော အသံကြောင့် လှမ်းကြည့်လိုက်ရာ အသက် ၇၀ ခန့်ရှိသော အဘိုးအိုတစ်ဦးအား တွေ့လိုက်ရပေတော့သည်။ ကျွန်ုပ် အမြင်ဝယ် အရက်မူးနေသော လူငယ်လေးမှ အဘိုးအိုအား ဓားဖြင့် ခုတ်လေမလားဟု စိုးရိမ်ကြီးစွာ ကြည့်နေမိတော့သည်။

သို့သော် ကျွန်ုပ်ထင်သလိုက မဟုတ်။ လူငယ်သည် အဘိုးအိုအသံကြားလိုက်သည်နှင့် လက်ထဲမှ ဓားကိုချကာ ထိုင်ကန်တော့လေတော့သည်။ အဘိုးအိုမှ ပြောဆိုဆုံးမသောအခါ ရွာလယ်လမ်းအတိုင်း တည်ငြိမ်အေးဆေးစွာ ထွက်ခွာသွားသည်ကို တွေ့ရပေတော့သည်။

ဆဲသံ၊ ဆူသံတွေ ဘာမှမကြားရတော့။ ပကတိ တိတ်ဆိတ်ငြိမ်သက်သွားပေတော့သည်။ ထိုအခါမှ ကျွန်ုပ်သည် ဝမ်းသာအားရဖြင့် အဘိုးအိုအား အိမ်ထဲသို့ ဖိတ်ခေါ်၍ ရေနွေးကြမ်းဖြင့် ဧည့်ခံရပေတော့သည်။

အဘိုးအို၏ အမည်မှာ ဦးသာဒင်ဟု ခေါ်လေ၏။ တုတ်ပြီး၊ ဓားပြီးသော လူစွမ်းကောင်းတော့ မဟုတ်။ သူလိုငါလို သာမန် တောင်သူတစ်ဦးပင်ဖြစ်၏။ အရက်သေစာ မသောက်စားသော လူကောင်းတစ်ယောက်ပင် ဖြစ်သည်။

ထူးခြားသော အချက်မှာ စိတ်မြန်လက်မြန် ရှိခြင်းပင် ဖြစ်ပေတော့သည်။ တစ်ဖက်လူလက်ထဲ ဓားကိုင်ထားလျှင်လည်း ဂရုမစိုက်။ အရေးလည်းမလုပ်။ တောထဲယာထဲ နေ့ညသွားလာနေသော်လည်း တုတ်မား လက်နှိပ်ဓာတ်မီး ဆောင်လေ့မရှိ။

ဘာမှလည်း အကြောက်အလန့်မရှိ။ ပရလောကသားများကိုလည်း ဂရုမစိုက်။ သူ့လမ်းသူသွား၊ ကိုယ့်လမ်းကိုယ်သွား။ ဘယ်သူ့ကိုမှလည်း ဒုက္ခမပေး။ ကိုယ့်ဘက်က မှန်ပါက နာမည်ကျော် လူဆိုးကြီးကိုပင် ခေါင်းကွဲအောင် ရိုက်ခဲ့သည်။

အဘိုးဦးသာဒင်သည် အသက် ၇၀ ဆိုသော်လည်း ကျန်းမာသန်စွမ်းလှပေ၏။ တစ်ခါ ကျောင်းရှေ့တွင် မြေးတွေနှင့် ဘောလုံးသွားကန်နေ၍ အဘွား ဒေါ်သန်းနွဲ့ရီကိုယ်တိုင် လာတားယူရပေသည်။ ဘောလုံးကန်ခွင့်မရသောအခါ ဒိုင်လူကြီးဝင်လုပ်သည်က ထင်သလောက်တော့ မလွယ်လှ။ ဘောလုံးသွားရာ လိုက်နေရ၍ ပင်ပန်းပေမည်။

တောသူတောင်သား ဖြစ်သည့် အလျောက် လယ်ထွန်၊ ထယ်ထိုး၊ ဂျပ်တိုက်၊ ကျားလိုက်၊ ယုန်ထောင်၊ ကြွက်ထိုး၊ ဖားရှာ၊ ငါးရှာ အကုန်လုပ်လေ၏။ ရပ်ရွာတွင် သာရေးနာ

www.burmeseclassic.com

ရေးရှိလျှင် ချက်ပြုတ်ရေးတွင် ပါဝင်တတ်သလို ကြက်ပွဲ၊ နွားပွဲများလည်း ဝါသနာပါလေ၏။

အဘိုးဦးသာဒင်ကို ရပ်ရွာမှ ကာလသားတော်တော်များများ လန့်ကြပေ၏။ ခေးကိုင်၍ သောင်းကျန်းနေသော ကာလသား ဖိုးတာ၏ဖခင် ဦးတောမောင်သည် တစ်ချိန်က လူမိုက်တစ်ဦးပင် ဖြစ်ပေ၏။ တစ်နယ်လုံး ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရလေ၏။

တော်ရုံတန်ရုံလူမိုက် ဦးတောမောင်ကို မလှန်ရဲ။ ထိုသို့သော ရာဇဝင်လူဆိုးကြီးနှင့် လူဖြောင့်စိတ်တို ဦးသာဒင်တို့ ထိပ်တိုက်တိုးခဲ့ကြပေ၏။ ရွာအစွန် ထန်းတောထဲတွင် လူမိုက်ကြီးဦးတောမောင်သည် တပည့်များနှင့်အတူ ထန်းရည်သောက်၍ နေလေ၏။

ထန်းတောပိုင်ရှင်သည် မြို့တက်၍ ထန်းရည်သွားရောင်းနေ၍ မရှိ။ ဆိုင်တွင် ဇနီးနှင့်သမီး သားအမိနှစ်ယောက်သာ ကျန်ရစ်ခဲ့ပေ၏။ ထန်းရည်မူး၍လာသောအခါ ဦးတောမောင်၏ တပည့်များသည် ထန်းတောပိုင်ရှင်၏သမီးအား ရိသဲ့သဲ့လုပ်လေတော့သည်။

ဦးသာဒင်သည် တောထဲမှ ယုန်လိုက်ပြီးပြန်လာရာ ဟင်းစားပေးရင်း ထန်းတောတွင် ရေဝင်သောက်လေ၏။ အမြင်မတော်၍ ဝင်ပြောမိရာမှ လူမိုက်ကြီး ဦးတောမောင်နှင့် မျက်နှာချင်း ဆိုင်မိကြတော့သည်။ ဦးတောမောင်တွင် နောက်လိုက်နောက်ပါတပည့်တွေနှင့်၊ ဦးသာဒင်က တစ်ယောက်တည်းသမား၊ မိန်းမတွက်နှင့် တွက်လျှင်ပင် အသာစီးရထားသူ အနယ်နယ် အရပ်ရပ်တွင် အောင်ပွဲခံခဲ့သော ခါးကြားမှ ခေးမြှောင်ကို ကိုင်ရုံပင်ရှိသေးသည် လျှပ်ပြက်သလို ဝင်လာသော ဦးသာဒင်၏ လက်ထဲမှ မြူအိုးနှင့် ဦးတောမောင်၏ခေါင်း ခွမ်းခနဲတွေ့ဆုံကာ သွေးများစီးကျလာပြီး ပက်လက်လန်ကျသွားတော့သည်။

လူမိုက်ကြီး ဦးတောမောင် လဲကျသွားသည်နှင့် တပည့်လူမိုက်များက ဦးသာဒင်အား အမှုန့်ကြိတ်ပစ်မည်ဟု ကြိမ်းဝါးနေစဉ် ထန်းလက်ပြားနှင့် တရကြမ်း ဝင်ရိုက်လိုက်သောအခါ ဦးတောမောင်တို့အဖွဲ့မှာ ခံနိုင်စွမ်းမရှိတော့ဘဲ တစ်ချိုးတည်း ပြေးခဲ့ရပေတော့သည်။

လူမိုက်ကြီး ဦးတောမောင်ပင် မြေအိုးနှင့် ရိုက်ခွဲခံရသဖြင့် အမာရွတ်က သေရာပါ အမှတ်အသား တစ်ခု ဖြစ်ခဲ့ပေ၏။ ဦးတောမောင်၏ သား လူမိုက်ပေါက်စကလေး ဖိုးတာမှာ လူ့ဘဝစတင်ရကတည်းက ဦးသာဒင်ကို ကြောက်ခဲ့ရပေ၏။

လိုချင်တာမရ၍ မအေနဲ့ အစ်မတွေကို ဂျီကျ၍ သောင်းကျန်းနေစဉ် သာဒင်ကို ဘာထင်သလဲကွဟု အသံကြားလိုက်ရုံဖြင့် မအေရင်ခွင်ထဲကို ပြေးပုန်းခဲ့ရသော ဖိုးတာ။

တစ်ရွာလုံး ဘယ်သူ့မှမကြောက်ဘူး၊ မိုက်တဲ့ကောင်ထွက်ခဲ့၊ အုပွင့်သွားမယ် ဘာညာသာရကာနှင့် ဦးသာဒင် နွားရောင်းသွားသည့်အခါမျိုးတွင် အတော်ကြမ်းသည်ဟုဆိုလေ၏။

လောကကြီးတွင် ဘယ်လောက်ပင်ကြမ်းကြမ်း၊ ဘယ်လောက်ပင်ဆိုးဆိုး ငယ်နိုင်နှင့် တွေ့သောအခါ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးကဲ့သို့ ဖြစ်သွားတတ်ပေတော့သည်။ အဘိုးအို ဦးသာဒင်သည် သူကိုယ်တိုင် ပါဝင်ခဲ့သော သူ့ဘဝဇာတ်လမ်းအား ကျွန်ုပ်ကို ပြောပြခဲ့ပေတော့သည်။

ဤတွင် ကျွန်ုပ်ရေးသားအပ်သော ငယ်နိုင်အမည်ရှိ တကယ့်ဖြစ်ရပ်မှန်ဝတ္ထုတစ်ပုဒ် ဖြစ်ပေါ်လာရတော့ပေသတည်း။

*(စာရေးသူ)*

(၂)

သာဒင်ဟုဆိုလျှင် တစ်နယ်လုံးက သိကြ၏။ ခင်ကြ၏။ ရိုသေလေးစားကြပေသည်။ ကလေးများပင် အငိုတိတ်အောင် ကြောက်ရ၏။ သာဒင်က လူဖြောင့်စိတ်တို လက်ယဉ်သူ၊ သူတစ်ပါးအပေါ် ဘယ်သောအခါမှ မကောင်းတာ မကြံ၊ မမှန်တာမလုပ်။ မဟုတ်တာ မပြော။

နယ်စီးလူမိုက် ဦးတောမောင်အား ရိုက်ခွဲလိုက်ရာမှ နာမည်ဟိုးဟိုးကျော်သွားသည်။ လက်ရဲဇက်ရဲ တစ်နယ်လုံးက ကြောက်ကြသော်လည်း သာဒင်သည် သူ့ရဲကောင်းတစ်ဦး မဟုတ်။ သာဒင် တုန်နေအောင်



www.burmeseclassic.com

www.burmeseclassic.com

ကြောက်ရသောသူတစ်ဦးက ရှိနေပြန်သည်။

သူက သူကြီးသမီး သန်းနွဲ့ရီ၏ သာဒင်နှင့် ထပ်တူကျလောက်အောင်ပင် ခြေမြန်လက်မြန်ရှိပေ၏။ ဖခင်ဖြစ်သူ သူကြီးအရှိန်အဝါကြောင့်တော့ မဟုတ်။ အစ်ကိုဖြစ်သူများက သိုင်းပညာရှင်များဖြစ်နေ၍ တုတ်သိုင်း၊ ဓားသိုင်း၊ လက်သိုင်းကွက်တို့က ထမင်းချက်နေရင်း မြင်လာသည်အထိ အသည်းထဲစွဲ၍ နေပေသည်။

ပြိုင်ပွဲစမည့်အချိန်က နီးကပ်လေလေ ရင်ခုန်နှုန်းက မြန်လေလေ။ ဒီအချိန်ရောက်မှ ဘယ်လိုတန်ခိုးရှင်ကမှ စွမ်းဆောင်ပေးနိုင်မည် မဟုတ်။ ပြိုင်ပွဲတွင်ရှုံးသော ငွေကြေးထက် ပြိုင်ဘက်ကိုရှုံးသော သိက္ခာက ပို၍တန်ဖိုးရှိပေသည်။

ရွာတွင် ဘုရားပွဲရှိ၍ နယ်ပေါင်းစုံမှ လူပေါင်းစုံလည်း ရောက်လာကြပေသည်။ သူ့လှည်းဝိုင်း၊ ကိုယ့်လှည်းဝိုင်းနှင့် စုစုစည်းစည်း နေကြလေ၏။ ကာလသားအများစုမှာ ထန်းတောတွင် ဝိုင်းဖွဲ့၍ သောက်စားပျော်ပါးကြလေသည်။ ထန်းတောမှ မူးပြီးပြန်လာသော ကာလသားများနှင့် သူကြီးသမီး သန်းနွဲ့ရီတို့ လမ်းတွင်ဆုံကြလေ၏။ တစ်ရွာလုံးက မော်၍ပင်မကြည့်ရဲသူကို လမ်းပိတ်ရပ်နေခြင်းက တစ်နယ်မှ လူစိမ်းများဖြစ်ကြောင်း သက်သေခံနေပေသည်။

စကားကို ချိုသာစွာပြောဆို၍ လှုပ်ရှားမှုကို စောင့်ကြည့်နေပေ၏။ ခန္ဓာကိုယ်အချိုးအစား တောင့်တင်းပြေပြစ်သော သန်းနွဲ့ရီကို ကျားချောင်းသလို ချောင်းနေကြလေ၏။ စကားပြောင်နေစဉ် တစ်ယောက်က လက်ကို လာဆွဲလေတော့သည်။

သန်းနွဲ့ရီသည် အစ်ကိုများ လေ့ကျင့်နေသော သိုင်းကွက်အတိုင်း လက်ကိုဖမ်းချုပ်၍ ကိုင်ပေါက်လိုက်လေ၏။ မူးနေသော ကာလသများမှာ လှပသော မိန်းမပျိုလေး၏ ရက်စက်သောတိုက်ခိုက်ခြင်းကို ခံလိုက်ရ၍ ရှက်ရမ်းရမ်းကာ အသက်ကိုပါ ရန်ရှာလေတော့သည်။

သာဒင်ကို ဘာထင်သလဲကွ ဟူသောအသံနှင့်အတူ သာဒင်ရောက်လာပြီး အနီးတွင်တွေ့သော ဝါးရင်းတုတ်ဖြင့် သိမ်းကျုံးရိုက်လေရာ တစ်ချိုးတည်း ထွက်ပြေးကြလေတော့သည်။ သန်းနွဲ့ရီသည် သာဒင်အား လွန်စွာကျေးဇူးတင်၍ သွားခဲ့ရာ နောက်ဆုံး ချစ်သူအဖြစ်သို့ ရောက်ရှိသွားခဲ့ပေတော့သည်။

သူကြီးသားများ ဖြစ်ကြသော စိန်လှနှင့် စိန်မြတို့သည် နှမဖြစ်သူနှင့် သာဒင်တို့ ကြိုက်နေသည်ကို သိသော်လည်း မသိဟန်ဆောင်ကာ နေခဲ့ကြပေသည်။ ထိုခေတ်ထိုအခါက သူကြီးတစ်ယောက်၏ အရှိန်အဝါသည် လွန်စွာကြီးမားလှပေရာ သာဒင်လို သာမန်လူတစ်ယောက်အဖို့ လန့်ချင်စရာပင်။

သူကြီးသားများ ဖြစ်ကြသော စိန်လှနှင့် စိန်မြတို့သည် သိုင်းပညာ တတ်ကျွမ်းကြသော်လည်း မည်သူ့ကိုမှ မတရားမလုပ်။ ကြက်ပွဲ၊ နွားပွဲများတွင် တပည့်တပန်းများနှင့် သွားရောက်ကစားခဲ့ကြသော်လည်း ရှုံးချင်ရှုံး၊ နိုင်ချင်နိုင် ကံတရားအတိုင်းပင်။

တစ်နေ့တွင် ကြက်ဝိုင်းများ ကောင်းသည်ဟု သတင်းရ၍ နယ်ကျော်ကာ ကြက်တိုက်ထွက်လာခဲ့ကြပေသည်။ ကြက်တစ်ပွဲ နိုင်လိုက်ပါက လောင်းကြေးငွေက ၅၀၀ိ/၁၀၀၀ိ . . . စသဖြင့် မက်မောစရာကောင်းလှပေတော့သည်။ ထိုခေတ်က ငွေ ၅၀၀ိ သည် နွားတစ်ရှဉ်း ဝယ်နိုင်သောကြောင့် လောင်းကြေးငွေက မသေးလှ။

တစ်ရက်တည်း နှစ်ပွဲဆက်တိုက် နိုင်သဖြင့် မာန်တက်ကာ နောက်တစ်ပွဲ ဆက်တိုက်ကြပြန်၏။ စိန်လှ၏ကြက်မှာ ကြက်ကောင်းဖြစ်သော်လည်း ပွဲဆက်များနေသောကြောင့် ပြိုင်ဘက်ကို နိုင်အောင် မခွပ်နိုင်။ တစ်နေကုန်ခွပ်လည်း နိုင်မည်မဟုတ်။

အားပေးကြသော သူများမှာ



www.burmeseclassic.com

www.burmeseclassic.com

နယ်ခံကြက်ကိုသာ အားပေးနေကြပေ၏။ ကြက်ဝိုင်းကောင်းနေစဉ် သာဒင်တစ်ယောက် ကြက်ဝိုင်းကို ရောက်လာသဖြင့် စိန်လှတို့ညီအစ်ကို အားတက်သွားကြပေသည်။ ဘတစ်ပြန်ကျားတစ်ပြန် ခွပ်နေရာမှ လွင့်ထွက်သွားသော စိန်လှကြက်ကို သာဒင်က ကောက်ယူပြီး ဝိုင်းကို ဖျက်လေတော့သည်။

ရွာကိုပြန်ရမှာ ဝေးသည်က တစ်ကြောင်း၊ လက်ရှိအနေအထား အတိုင်း ဆက်ခွပ်နေပါက မိုးလင်းသည့်တိုင် အနိုင်အရှုံး ပေါ်မည်မဟုတ်ကြောင်း ပြောဆို၍ လောင်းကြေးငွေကို ပြန်တောင်းလေ၏။

တစ်ဖက်က ဝါရင့်ကြက်သမားများကလည်း သာဒင်၏စကားကို မပယ်ရှားဘဲ ကြက်ကောက်ကာ ဝိုင်းဖျက်လေတော့သည်။ ကြက်သမားများ လူစုကွဲသွားသောအခါ သာဒင်နှင့် စိန်မြတို့ စကားများကြလေတော့သည်။ သာဒင်လည်း ဘာစကားမှ မပြောဘဲ စိန်မြ၏ကြက်အား မြေပေါ်သို့ ပစ်ချလိုက်ရာ တိုက်ကြက်ကြီးမှာ အသက်မရှိတော့။

ပြိုင်ဘက်၏ တိုက်ခိုက်မှုအောက်တွင် အသက်ပါ၍ သွားခဲ့ပေ၏။ ကြက်သေသွားသည်ကိုသိလိုက်သော သာဒင်မှာ ကြက်ကိုကောက်ကိုင်ပြီး အကြောနှိပ်ထားရာ ကြက်ဖကြီးမှာ ပါးစပ်သာ ဟနေသော်လည်း အသံကမထွက်၊ ထိုအခါမှ အကြောင်းစုံသိသွားရာ ကြက်ပွဲလောင်းကြေးငွေအား သာဒင်ကို ပေးလေ၏။

သာဒင်က လက်မခံ။ တစ်ရွာတည်းသားအချင်းချင်း ကူညီတာဟု ဆိုလေ၏။ စိန်လှတို့ ညီအစ်ကိုသည် တစ်ရွာတည်းသားဖြစ်သော သာဒင်အား လွန်စွာကျေးဇူးတင်လျက် ရှိပေတော့သည်။ ရွာသို့ပြန်ရောက်သောအခါ မိဘများအား ဖြစ်ကြောင်းကုန်စင်ပြောပြ၍ သာဒင်အား ထမင်းဖိတ်ကျွေးမည်ဟု ပြောလိုက်သောအခါ သန်းနွဲ့ရီ၏ မျက်နှာလေးသည် တိမ်ကင်းသော လဝန်းကဲ့သို့ ရှိပေတော့သည်။

(၃)

တိမ်ကင်းသော လဝန်းကဲ့သို့ ရှိပေတော့သည်။ စိန်မြနှင့် သူ့တပည့်များသည် နွားညီနောင်ကို ကကြိုးများ ဆင်၍နေပေ၏။ အောင်မာတ်ကိုယူသောအားဖြင့် အောင်သပြေပန်းများကို နွားချိုများတွင် ချည်နှောင်၍ထားလေသည်။

ညီအစ်ကိုနှစ်ယောက်လုံး တောင်ရှည်ပုဆိုး၊ တိုက်ပုံ၊ မောင့်ကျက်သရေခေါင်းပေါင်းနှင့် သားနားနေသလို နွားတွေကိုလည်း ကြွရွနေအောင် ပြင်ဆင်ထားလေ၏။ နယ်ပေါင်းစုံမှ ထိတ်ထိတ်ကြဲဆိုသော နွားများစုဝေး၍ ပြိုင်ပွဲကြီး ကျင်းပပေးခြင်း ဖြစ်ပေသည်။

ပထမဆု ငွေသား ၃၀၀၀ဝိ ဆိုသည့် ငွေကလည်း လွန်စွာ မက်မောစရာကောင်းလှပေ၏။ သက်ဆိုင်ရာမြို့အုပ်မင်း၊ ရာဇဝတ်အုပ်၊ တိုက်နယ်သူကြီး စသော ဂုဏ်သရေရှိလူကြီးမင်းများကလည်း မဏ္ဍပ်ကြီးထိုး၍ တခမ်းတနား အားပေးကြပေသည်။ ပထမသာရလို့ကတော့ ငါ့သားကို မြို့အုပ်မင်းသမီး တောင်းပေးမယ်ဆိုသော မက်လုံးကြောင့် စိန်လှတစ်ယောက် တက်ကြွ၍နေပေသည်။

မိခင်ဖြစ်သူ စီရင်ပေးလိုက်သော နံ့သာဖြူ၊ ကရမက်၊ အမွှေးနံ့သာများကို နွားညီနောင်နှင့် လှည်းယဉ်အား သပြေခက်နှင့် ပက်ဖျန်းပေးလေ၏။

ပွဲမဝင်ခင် တစ်ပတ်လောက်ကစပြီး နွားများကို အသားကျအောင် ကျင့်မောင်းမောင်းထားပြီးသား ဖြစ်၍ သိပ်စိုးရိမ်စရာ မရှိပေ၊ နွားများ၏ ချောမောလှပမှုကြောင့် တစ်နယ်လုံးတွင် အမြင့်ဆုံးဈေး တစ်ကောင် ၃၀ဝိ ဆိုသည်ကိုပင် တစ်ပြားမှ ဈေးမဆစ်ဘဲ ဝယ်ယူခဲ့ပေ၏။

ပထမဆုသာ ရရှိခဲ့ပါက နွားတစ်ရှဉ်းဖိုး ၆၀ဝိ ဆိုသောငွေမှာ ကွမ်းစား၊ ဆေးသောက် ကျပျောက်သလောက်ပင် မရှိ။ ပထမဆုရရှိခြင်းနှင့်အတူ မိမိဘဝတစ်ခုလုံး တိုးတက်ပြောင်းလဲသွားမည်ကို စိတ်ကူးယဉ်နေသော စိန်လှတစ်ယောက် ပြိုင်ပွဲဝင်မည့်သူများ လာရောက်သတင်းပို့ကြရန် အော်လိုက်သောအသံကြောင့် အတွေးများ လွင့်စင်သွားရပေတော့သည်။

www.burmeseclassic.com

ဒိုင်အဖွဲ့သို့ သွားရောက်သတင်းပို့ရာ ဒိုင်အဖွဲ့မှ စည်းကမ်းချက်များ ပြောပြ၍ မဲနှိုက်ကြလေ၏။ နံပါတ်စဉ်အလိုက် ပြိုင်ပွဲဝင်လှည်းများ တန်းစီ၍ တာလွှတ်ရန်ဖြစ်ပေသည်။ ပြိုင်ပွဲဝင်အားလုံး တက်ကြွလန်းဆန်းနေကြပေသည်။

တာဝန်ရှိသူ လူကြီးမင်းများ ရောက်မလာသေးခင် ကွင်းထဲတွင် အစမ်းမောင်းကြရာ ဈေးကောင်းပေး၍ဝယ်လာခဲ့သော နွားညီနောင်မှာ လူကြားထဲရောက်မှ ဖိုးသင်းမျောက်ကဲ့သို့ ဖြစ်၍နေပေတော့သည်။ ရိုက်လည်းမရ နှက်လည်းမရနှင့်။ ဒီပုံစံနှင့်သာ ပြိုင်ပွဲဝင်ပါက အရှက်ကွဲရပေတော့မည်။ ကောင်းကင်တစ်လွှားတွင် မောင်းတင်ထားသကဲ့သို့ ကြိမ်းမောင်းခြိမ်းခြောက်သော်လည်း နွားတွေက ပေတိပေကတ်။ ခဲလေသမျှ သဲရေကျ ဖြစ်ရတော့မည်။

ပြိုင်ပွဲစမည့် အချိန်က နီးကပ်လေလေ ရင်ခုန်နှုန်းက မြန်လေလေ။ ဒီအချိန်ရောက်မှ ဘယ်လိုတန်ခိုးရှင်ကမှ စွမ်းဆောင်ပေးနိုင်မည် မဟုတ်။ ပြိုင်ပွဲတွင်ရှုံးသော ငွေကြေးထက် ပြိုင်ဘက်ကိုရှုံးသော သိက္ခာက ပို၍ တန်ဖိုးရှိပေသည်။

အားတင်းထားသည့် ကြားကမျက်ရည်များပင် စီးကျ၍လာလေတော့သည်။ စိန်လှ၏အဖြစ်ကို မကြည့်ရက်သော တပည့်ဖြစ်သူ တောက်ထွန်းမှ သာဒင်တစ်ယောက် အကြော်ဆိုင်တွင် တွေ့ခဲ့ကြောင်း၊ သာဒင်သည် နွားအကြောင်း နားလည်သလို နွားဝှေးသင်းရာတွင်လည်း နာမည်ကြီးကြောင်း၊ သာဒင်ကို နွားများကြောက်၍ သူ့အား အမောင်းခိုင်းပါက ဆုရနိုင်ကြောင်း ပြောဆိုခဲ့သဖြင့် သာဒင်အား သွားရောက်ခေါ်၍ လှည်းမောင်းခိုင်းရပေတော့သည်။

သက်ဆိုင်ရာ လူကြီးမင်းများ ရောက်ရှိလာပြီး ပြိုင်ပွဲအား စတင်ခဲ့ပေတော့သည်။ စိန်လှသည် နွားကြိုးကို တောင့်ထားကာ ဒိုင်လူကြီး၏ တာလွှတ်သံကို နားစွင့်၍ နေပေသည်။ တာလွှတ်သည့် အချိန်အထိ နွားတွေက တုတ်တုတ်မှမလှုပ်။

ပြိုင်ပွဲဝင်လှည်းများ ညာသံပေးကာ တစ်ဟုန်ထိုး မောင်းထွက်သွားကြပေသည်။ ရှေ့ကသွားတိုင်းလည်း နိုင်တယ်လို့ မခေါ်နိုင်သေး။ သူ့ရွာကိုယ့်ရွာ အားပေးကြသော ပရိသတ်ကလည်း ကွင်းလုံးပြည့်သော သောညံ၍ နေပေ၏။

ထိုအခါမှ သာဒင်သည် လှည်းပေါ်သို့ခုန်တက်၍ သာဒင်ကိုဘာထင်သလဲကွဟု ဝေါက်လိုက်ရာ ငယ်စဉ် နားဖားဖောက်ရာကအစ ဝှေးသင်းသည်အထိ တုန်နေအောင် ကြောက်ခဲ့ရသော အသံကိုကြားလိုက်ရာ နွားညီနောင်မှာ ဘာကိုမှ ဂရုမစိုက်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်ဖြင့် ကဆုန်စိုင်းကာ ပြေးလေတော့သည်။

လှည်းမောင်းသူ စိန်လှကိုယ်တိုင်ပင် တစ်သက်တွင် တစ်ခါမှ မကြုံဖူးသော အမြန်နှုန်းကြောင့် လှည်းပေါ်က ပြုတ်မကျအောင်ပင် မနည်းကိုင်ထားရလေ၏။ ပြိုင်ပွဲဝင်လှည်းများအား ဖြတ်ကျော်၍ ပထမဆုံးပန်းဝင်ခဲ့သော်လည်း နွားများက မရပ်ဘဲ ဒိုင်လူကြီးမဏ္ဍပ်များ၊ အကြော်တဲများပါမကျန် ဖြတ်နင်း ကိုက်ချိုးခဲ့သဖြင့် ပထမရရှိခဲ့သော ဆုတော်ငွေ ၃၀၀၀ဝိ မှ ငွေ ၂၀၀၀ဝိ ခန့် လျော်ကြေးငွေ ပေးခဲ့ရပေတော့သည်။

တစ်နယ်လုံးတွင် ပထမဆုကို ထိုက်တန်စွာ ရရှိခဲ့သလို ဖခင်ဖြစ်သူမှ မြို့အုပ်မင်းသမီးအား တောင်းရမ်းပေးခဲ့လေ၏။ စိန်လှသည် မိမိဘဝအတွက် အောင်မြင်ကျော်ကြားသော ဂုဏ်သတင်းများရအောင် စွမ်းဆောင်ပေးခဲ့သော သာဒင်အတွက် ကျေးဇူးတုံ့ပြန်သောအားဖြင့် နှမဖြစ်သူ သန်းနွဲ့ရီအား ခိုးပေးခဲ့လေတော့သည်။

အဘိုးဦးသာဒင်နှင့် ကျွန်ုပ်သည် စကားပြောဆို၍ ကောင်းနေစဉ် အဘွားဒေါ်သန်းနွဲ့ရီ ရောက်လာပြီး ထမင်းစားရန်လာခေါ်သဖြင့် အဘိုးဦးသာဒင်သည် ကျွန်ုပ်အား နှုတ်ဆက်၍ ငယ်နိုင်ခေါ်ဆောင်ရာ နောက်သို့ လိုက်ပါ၍ သွားခဲ့တော့ပေသတည်း။

■ မိုးရွာအောင်စကြာ

www.burmeseclassic.com



# အတိတ်ပုံရိပ်

ရွှေကလောင်

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်မြို့သို့ တောင်ကြီးမြို့မှလာလျှင် မြို့အဝင် ဘယ်ဘက် ကိုက် ၁၀၀ ခန့်၌ စီတန်းနေသော အုတ်ဂူဖွေးဖွေးဖြူဖြူကလေး ၉ လုံးအား လှမ်းမော့ဖွယ်ရာ မြင်ရမည် ဖြစ်ပါသည်။

ကျွန်ုပ်ကိုသာ တစ်ဦးတစ်ယောက်က မတားဆီးလျှင် အဆိုပါ အုတ်ဂူ ၉ လုံးတွင် တစ်ခုတိုးပြီး အုတ်ဂူ ၁၀ လုံး ဖြစ်သွားလိမ့်မည် ဖြစ်ပါသည်။

အတိတ်ပုံရိပ် ကန့်လန့်ကာကြီးအား ရင်နင့်နင့်ဖြင့် ဖွင့်လိုက်သောအခါ

*** *** *** *** ***

ပါတီကောင်စီခေတ်က မြို့နယ်များတွင် စစ်ကြောင်းကြီးလေးကြောင်း။ (နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး စစ်ကြောင်းများ)ဖြင့် အမှုထမ်းများ ကျေးရွာများသို့ သွားရောက်လေ့ရှိပါသည်။

ဒီဇင်ဘာလ ၁၇ ရက်နေ့ နံနက် ပိုင်း ၈ နာရီခန့်တွင် ကျွန်ုပ်နှင့် လွိုင်လင်မြို့နယ် ရဲတပ်ဖွဲ့မှူးတို့ ဈေးထဲ၌ တွေ့ကြသည်။

ဆရာသည် သူ့သမီးကြီး ဥမ္မာ၏ သားလေးကို လက်ဆွဲလျက် ပြုံးပြုံးနှင့်၊ ဆရာသည် ကျွန်ုပ်၏ ကျေးဇူးရှင်ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ်၊ လက်ပံတန်းရဲစခန်း၌ ဆရာသည် စခန်းမှူးတာဝန်ထမ်းဆောင်စဉ် ကျွန်ုပ်က အလုပ်သင်ဆရာတပည့် ဖြစ်ခဲ့သည်။ ထို့အပြင် ကျွန်ုပ်သည် တပ်ဖွဲ့၏ ညွှန်ကြားချက်အရ လွိုင်လင်၌ ရုံးဖွင့်သောအခါ ကျွန်ုပ်ရောက်စ အိမ်ငှားမရခင် ဆရာသည် သူ့အိမ်စတိုခန်းကို အိပ်၊ ရုံးဖွင့်ရန် ပေးခဲ့သည်။ ဆရာ့အိမ်စတိုခန်းတွင် ကျွန်ုပ်ရုံးခန်းစဖွင့်ခဲ့သည်။

ကျွန်ုပ် အတွေးလွန်ငေးနေစဉ် ဆရာသည် ချောင်းဟန့်ပြီး -

"မနက်ဖြန် မင်းလည်း စစ်ကြောင်းနဲ့ လိုက်မယ်မဟုတ်လား။ ငါတို့ကားနဲ့လိုက်ခဲ့လေကွာ။ ပါတီဥက္ကဋ္ဌ၊ ကောင်စီဥက္ကဋ္ဌတို့လည်း ပါတယ်။ မင်းလိုချင်နေတဲ့ နယ်မြေက သောင်းကျန်းသူသတင်းတွေလည်း စုံစမ်းလို့ရတာပေါ့"

ကျွန်ုပ်ကလည်း တောင်ကြီး "စ" သုံးလုံးမှ စုံစမ်းရေးမှူး ဘိုးတော်ထွန်းရီနှင့် ပူးပေါင်းပြီး မြို့နယ်သ/မ ဆန်ကိစ္စ အမှုစစ်ဆေးခြင်းအား ဆက်လက်စစ်ဆေးထားလိုက်ပါဟု ပြောထားကြောင်း။ စစ်ကြောင်းမှာ ဆရာနှင့်အတူ လိုက်ပါမည်ဟု ပြောသောအခါ ဆရာ၏မျက်နှာ ဝင်းပသွန်းလက်သွားပြီး . . .

"တို့ဆရာတပည့်နှစ်ယောက် အတူတူ ခရီးမသွားရတာ နှစ်တွေမနည်းဘူးနော်။ ရှမ်းကျေးရွာတွေက ချက်ကျွေးတဲ့ ရှမ်းထမင်းဟင်းတွေကို ငါတော့ ကြိုက်တယ်။ သိပ်မြိန်တာပဲကွ။ မင်းလည်း ကြိုက်မှာပါကွာ။ မနက်ဖြန် ၆ နာရီမထိုးခင် ငါ့ဆီရောက်အောင် လာခဲ့နော်"

ဆရာနှင့် ကျွန်ုပ် လမ်းခွဲပြီးနောက် ရုံးသို့ပြန်လာသည်။ တောင်ကြီးမြို့မှ ကျွန်ုပ်မိတ်ဆွေ ပအိုဝ်လူမျိုး ခွန်သိမ်းမောင်က ပေးထားသော ပအိုဝ်ဝတ်စုံ တိုက်ပုံအပြာနှင့် ဘောင်းဘီအပြာ၊ ခေါင်းပေါင်းတဘက်အပြာတို့အား သေတ္တာထဲမှ ထုတ်ယူပါသည်။ မီးပူတိုက်သည်။ မနက်ဖြန် ယင်းဝတ်စုံကိုဝတ်ပြီး စစ်ကြောင်းမှာ လိုက်ပါမည်ဟု ဆုံးဖြတ်လိုက်သည်။ ကျွန်ုပ်၏ လက်နက်ခဲယမ်းများကိုလည်း တိုက်ချွတ်ပါသည်။

ဒီဇင်ဘာလ ၁၈ ရက်၊ နံနက် ၄ နာရီမထိုးခင် ကျွန်ုပ်အိပ်ရာမှ နိုးသည်။ ပအိုဝ်ဝတ်စုံကို ဝတ်သည်။ လက်နက်ခဲယမ်းများ ကိုယ်၌ ချိတ်



www.burmeseclassic.com

www.burmeseclassic.com

ဆွဲသည်။ နောက် အနန္တတန်ခိုးတော်ရှင် မြတ်စွာဘုရားအား ဆီမီး ဖယောင်းတိုင်၊ အမွှေးတိုင် ထွန်းညှိပူဇော်၍ သောက်တော်ရေချမ်းလည်း ကပ်လှူပါသည်။ ငါးပါးသီလခံယူပြီး ဝိတောက်သားပုတီးလေးဖြင့် မြတ်ဘုရား၏ ဂုဏ်တော်ကိုးပါး ကိုးပတ် ပုတီးစိပ်သည်။ ယနေ့သွားမည့် လမ်းခရီးတစ်လျှောက် မြင်ရ မမြင်ရ ပုဂ္ဂိုလ်များ၊ သတ္တဝါများအား မေတ္တာပို့ပြီး မိမိကုသိုလ်ကောင်းမှုအား အမျှဝေပါသည်။

ကျွန်ုပ်၏လက်မှ နာရီကိုကြည့်လိုက်သည်။ နံနက် ၅ နာရီယွန်းယွန်းဖြစ်နေပြီ။ ကျွန်ုပ်တပည့် အောင်မင်းကို အိပ်ရာမှ နှိုးပါသည်။ ကျွန်ုပ် ခရီးထွက်မည်ဟုပြောပြီး အိမ်တံခါးမကြီးဖွင့်ရန်သွားစဉ် . . .

"ဒေါက် . . . ဒေါက် . . ."

တံခါးခေါက်သံကြောင့် ကျွန်ုပ်ထိတ်လန့်သွားသည်။ အောင်မင်းကလည်း သူ့ရှေ့မှာတွေ့သော ဓာတ်ဘူးကြီးကို ကိုင်ထားသည်။ ကျွန်ုပ်က ချိုင်းကြား စလွယ်သိုင်းအိတ်ထဲမှ လက်နက်ကို ကိုင်လိုက်ပါသည်။

"ဟော့ . . . ဘယ်သူလဲကွ"

"ကျွန်တော် ထွန်းရီပါ။ ဘီအက်စ်အိုင်က ဘိုးတော်ထွန်းရီလေဗျာ။ ခင်ဗျား ကျွန်တော့်အသံကို မှတ်မိပါတယ်"

ကျွန်ုပ်သည် ချိုင်းကြား စလွယ်သိုင်းအိတ်ထဲမှ လက်နက်ကို ထုတ်ကိုင်ပြီး တပည့်အောင်မင်းအား တံခါးဖွင့်ခိုင်းလိုက်သည်။

ဘိုးတော်ထွန်းရီသည် အိမ်ထဲဝင်လာပြီး ကျွန်ုပ်အား စေ့စေ့ကြည့်သည်။ မိန်ပျပျ မီးရောင်ဖြင့် သူ့မျက်နှာမှာ စိုးရိမ်ပူပန်မှုတွေ လွှမ်းမိုးနေသည်ဟု ကျွန်ုပ်ထင်မိသည်။

"ဝိတ်ဖြူစင်ကြယ်နဲ့ အဘိုးကြီးတစ်ဦးက ကျွန်တော့်ကို အိပ်မက်ထဲမှာ ခင်ဗျား ဒီခရီးမသွားဖို့ ပြောခိုင်းတယ်။ နှစ်ခါတောင်မက်တယ်။ နောက်အိပ်မက်မှာ ကျွန်တော်က ခင်ဗျားကို ဒီခရီးမသွားဖို့ မတားနိုင်ရင် ကျွန်တော် တစ်သက်လုံး နာလန်မထူနိုင်အောင် အပြစ်ပေးမယ်လို့ ဒေါ်နဲ့မောနဲ့ ပြောတယ်။ ကျွန်တော်လည်းကြောက်ပြီး ခင်ဗျားကိုတားဖို့ လာပြောတာ။ တကယ်ပါ။ ကျွန်တော်တို့ ပူးပေါင်းအလုပ်နဲ့ မဆိုင်ပါဘူး။ ဒီအလုပ်ကို ကျွန်တော် နိုင်ပါတယ်။ ကျွန်တော့်ကို သနားသောအားဖြင့် ခင်ဗျား ဒီခရီးမသွားပါနဲ့ဗျာ။ တောင်းပန်ပါတယ်။ ဦးချဆိုရင် ဦးချတောင်းပန်ပါတယ်"

ဘိုးတော်ထွန်းရီသည် မောပန်းသွား၍ ခြေပစ်လက်ပစ် ထိုင်လိုက်သည်။ ဖူးခနဲ လေမှုတ်ထုတ်ပြီး -

"ဪ . . . ကျန်သေးတယ်။ ခင်ဗျားနဲ့ ကျွန်တော် ညောင်နှစ်ပင်ကုန်းအဘဘိုးမင်းခေါင်တည်ခဲ့တဲ့ ဘုရားမှာ ပုတီးစိပ်ရမယ်တဲ့။ ကဲ . . . လာ၊ ပုတီးယူခဲ့။ ညောင်နှစ်ပင်ဘုရားသွားမယ်"

ကျွန်ုပ်လည်း ဘုရားစင်ပေါ်မှ ပုတီးယူပြီး ဘိုးတော်ထွန်းရီနောက် ကြောင်တောင်တောင်နှင့် လိုက်သွားပါသည်။

ကျွန်ုပ်သည် ညောင်နှစ်ပင်ကုန်းအဘဘိုးမင်းခေါင်ဘုရား၌ ဂုဏ်တော်ပုတီးစိပ်ပါသည်။ ဂုဏ်တော်တစ်ထောင်ကျော်သွားပါသည်။ ဘိုးတော်ဟု ခေါ်ကြသည့် ကိုထွန်းရီကတော့ အာနာပါနရှုမှတ်ပါသည်။ နှစ်နာရီကျော်လောက်ကြာသည့်အခါ တပည့်အောင်မင်း ရေးကြီးသုတ်ပျာ အမောတကောဖြင့် ကျွန်ုပ်တို့ထံ ရောက်လာသည်။

"ဆရာ . . . လောကကြီးမကောင်းတော့ဘူး။ လှိုင်လင်မြို့မှာ ငိုရတော့မယ်"

"ဟော့ကောင် . . . သေသေချာချာ ပြောစမ်း။ ဘာတွေဖြစ်လို့လဲ"

"ဆရာ . . . ဆရာ . . . ဟီးဟီး။ ဆရာ့ရဲ့ဆရာ မြို့နယ်မှူးအပါအဝင် ပါတီကောင်စီ လူကြီးတွေ သောင်းကျန်းသူတွေ ချုံခိုတိုက်လို့ ကျသွားကြပြီဗျ . . . ဟီး . . . ဟီး။ အလောင်းတွေ ဆေးရုံမှာ ရောက်နေပြီ"

ကျွန်ုပ်စိတ်ထဲ ကမ္ဘာကြီး ချာချာလည်သွားသည်ဟု ထင်မိလိုက်သည်။ လဲမသွားရန် ထိုင်ချလိုက်သည်။ လက်နှစ်ဖက်နောက်ပစ်ထောက်ထားရသည်။

ရင်ခေါင်းထဲမှ အသံကြီးဖြင့် တောက်တစ်ချက် ပြင်းထန်စွာ ခေါက်လိုက်သည်။

အာဃာတအငြိုးတွေ၊ အယူဝါဒအစွဲအလမ်းတွေ၊ ပြိုင်ဆိုင်မှု မာနတွေ မချုပ်ငြိမ်းသမျှ ကျွန်ုပ်တို့ နိုင်ငံတွင် ယင်းသို့ ယမ်းငွေ့တွေကြား တိုင်းပြည်၏သားကောင်းတွေ ဆုံးရှုံးရခြင်းနှင့်အတူ အငိုမျက်ရည်တွေနှင့် သူတို့မိသားစုများ၏ ဘဝတွေသည် မီးပုံတွေထဲကျသည့် ပန်းပွင့်များကဲ့သို့ ညှိုးနွမ်းကြွေပျက်ခြင်းများလည်း စဉ်ဆက်မပြတ် ဖြစ်နေမှာ အမှန်ဖြစ်ပါတော့သတည်း။


(တကယ့်ဖြစ်ရပ်မှန် ဖြစ်ပါသည်)

ရွှေကလောင်



www.burmeseclassic.com

www.burmeseclassic.com




# ပသျှူးခေါင်းပြတ် နှင့်
# ဆက်စပ်လျက်ရှိသည့် ဖရီးမေဆင်အသင်းကြီး

❖ ကိုမောင်သန်းဝင်း

## မတွေ့ မမြင်ဖူးပေမယ့်

စာရေးသူတို့ ငယ်စဉ်ကာလက ကြုံတွေ့ ကြားသိရဖူးသည်မှာ နှစ်စဉ် ဒီဇင်ဘာလ၊ သဇင်ပန်းတွေ ပွင့်ပေါ်လျှင် ပသျှူးခေါင်းပြတ်တွေလာပြီး ကလေးတွေကို ဖမ်းမည်။ သူတွင် ပါလာသော ဓားကောက်ကြီးဖြင့် ခေါင်းတွေ ဖြတ်ယူမည်။ ဖြတ်ပြီး ဦးခေါင်းပြတ်များကို ကျောတွင် ပိုးထားသော ဆာလာအိတ်ကြီးဖြင့် ထည့်၍ယူမည်။

တစ်နေရာသို့ရောက်လျှင် ပသျှူးခေါင်းပြတ်ကြီးက ဖြတ်ထားသော ခေါင်းများကို ပြန်ထုတ်ကြည့်မည်။ ပြုံးနေသော ဦးခေါင်းပြတ်များကို အိတ်ထဲ ပြန်ထည့်ပြီး ကျန်ဦးခေါင်းပြတ်တွေကို ခြုံပုတ်၊ မြစ်ချောင်း စသည်တို့တွင် စွန့်ပစ်ထားမည်ဟူ၍ ဖြစ်သည်။ သို့ဖြစ်၍ စာရေးသူတို့ လူငယ်အများ ကြောက်ဒူးတုန်ခဲ့ကြရသည်။

စာရေးသူသည် ငယ်စဉ်ကပင် စူးစမ်းသိုစိတ်ရှိခဲ့ရကား ကြီးသူတို့အား ပသျှူးခေါင်းပြတ် ဆိုသည်ကို

www.burmeseclassic.com

မေးမြန်းခဲ့သည်။ သူတို့အဆိုအရ 'ပသျှူးခေါင်းပြတ်ဆို တာ မုတ်ဆိတ်မွေး ဗလပျစ်နဲ့ အသားမည်းမည်း လူကြီး တွေပေါ့၊ သူတို့မှာ ဂေါ်ရခါး ဓားကောက်ကြီးတွေ ပါတယ်၊ ဆာလာအိတ်ကြီးတွေ လွယ်ထားတယ်' ဟု ဖြေကြသည်။

ဤသို့နှင့်နှင့် ပြောသူတို့အား ပသျှူးခေါင်းပြတ် ကို တွေ့ဖူးလို့လားဟု မေးကြည့်လေတိုင်း ခေါင်းခါပြလေ့ ရှိသည်။ တချို့ကလည်း တွေ့ဖူးသယောင်ယောင်၊ ပသျှူး ခေါင်းပြတ်က သူ့ကို လိုက်ဖမ်း၍ ထွက်ပြေးလွတ်မြောက် ခဲ့သယောင်ယောင် ပြောကြသည်။

အရွယ်ရောက်လာ၊ စာဖတ်သက်လေး ရလာ လေတော့ ပသျှူးခေါင်းပြတ်ဟူသည် အသင်းတစ်သင်း၏ အမည်နာမနှင့် ဆက်နွယ်နေကြောင်း လေ့လာသိရှိ ရသည်။

## ပသျှူးခေါင်းပြတ်အသင်း

ပသျှူးခေါင်းပြတ်နှင့် ပတ်သက်၍ ပသျှူးခေါင်း ပြတ် အသင်းရှိကြောင်း တွင်ကျယ်စွာ ပြောဆိုလျက် ရှိခဲ့ကြသည်။ အကယ်တန္တအသင်း၏ နာမည်က ပသျှူး ခေါင်းပြတ်အသင်း မဟုတ်၊ အသင်း၏ အမည်မှန်က 'ဖရီးမေဆင်' ဟူ၍ ဖြစ်သည်။

'ဖရီးမေဆင်' ဟူသည် 'လွတ်လပ်ပြီး အသိ အမှတ်ပြုထားသော ဗိသုကာဆရာ' ဟူ၍ အဓိပ္ပာယ်ရ ကြောင်း၊ ပန်းရံဆရာတွေက စတင်ဖွဲ့စည်းထားသော အသင်းဖြစ်ကြောင်း သိရသည်။

## သမိုင်းကြောင်း

ဥရောပတိုက်တွင် ရှေးအတိတကာလက ဘုရားရှိခိုး ကျောင်းကြီးများ၊ ဘုန်းကြီးကျောင်းကြီးများ၊ ခရစ်ယာန်အယူဝါဒနှင့် ဆက်နွယ်နေသော အဆောက် အဦများကို အုတ်၊ ကျောက်ပြားတို့ဖြင့် အနှံ့အပြား ဆောက်လုပ်ခဲ့ကြရသည်။ ဤတွင် ကျွမ်းကျင်ပန်းရံဆရာ တွေ အများကြီး လိုလာသည်။

မြို့တိုင်း ရွာတိုင်းတွင်လည်း ကျွမ်းကျင်သူဟူ သည် မရှိကြ။ သို့ဖြင့် ပန်းရံဆရာများက သူတို့အချင်းချင်း အဖွဲ့ဖွဲ့ထားကြပြီး အမြို့မြို့ အနယ်နယ်သို့ လှည့်လည်ပြီး ဆောက်လုပ်ခဲ့ကြသည်။

ဤတွင် ပညာရှင်အချင်းချင်း၊ အသင်းဝင် အချင်းချင်း အကူအညီပေးနိုင်ရန်အတွက် အထိမ်း အမှတ်တွေ၊ လူချင်းတွေ့လျှင် နှုတ်ဆက်နည်းတွေကို တီထွင်သတ်မှတ်ကြသည်။

ယင်းသို့ အထိမ်းအမှတ်တွေ၊ စည်းကမ်းစနစ် တွေ၊ နည်းလမ်းတွေ၊ လိုအပ်ချက်တွေကို ပြုလုပ်ဖို့ အတွက် ရှေးအကျဆုံး ဖရီးမေဆင်အသင်းဖြစ်သည့် 'အင်ဒင်ဘာရာလောဂျ်' ဟု အမည်ရှိသော ဖရီးမေဆင် ဘုံစံအိမ်တစ်ခုမှာ ၁၅၉၉-ခုနှစ်ကတည်းက ချမှတ်ခဲ့ သည်။ အချင်းချင်းနှုတ်ဆက်နည်း၊ အချင်းချင်း အသိ အမှတ်ပြုနည်း အားလုံးသည် လျှို့ဝှက်နည်းတွေချည်း ဖြစ်သည်ဟူ၏။

ဖရီးမေဆင်များသည် အင်္ဂလန်နိုင်ငံရှိ ဗဟို စံအိမ်ကြီးက စတင်ပေါက်ဖွားခဲ့ကြောင်း၊ ယင်းစံအိမ်ကြီး သည် ၁၇၁၇-ခုနှစ်က စပြီး တည်ထောင်ခဲ့ကြောင်း လေ့လာသိရှိရသည်။

## ကြီးကျယ်ခမ်းနားလာခြင်း

အသင်းကြီးသည် ပန်းရံဆရာများနှင့် စတင် ဖွဲ့စည်းခဲ့သည် ဆိုသော်ငြားလည်း လူမှုရေးအသင်းတွေ နှင့်လည်း အချိတ်အဆက် ရှိခဲ့ကြသည်။ သို့သော်လည်း အသင်း၏ အစဉ်အလာအရ လျှို့ဝှက်ရမည့်သဘော ရှိသည့်အတွက် အသင်းသားတွေအနေဖြင့် ချမှတ်ထား သည့် စည်းမျဉ်းစည်းကမ်းတွေကိုတော့ဖြင့် တစ်သဝေ မတိမ်း လိုက်နာကြရသည်။ အဆိုပါ လျှို့ဝှက်ချက် အစီ အရင်တွေကြောင့်လည်း ခေါင်းဖြတ်အသင်း ဟူ၍ ယိုးစွပ် မှုများ ရှိလာခဲ့သည်။

ဖရီးမေဆင် အသင်းကြီးသည် တစ်စ တစ်စ ကြီးကျယ်ခမ်းနားလာသည်။ 'ညီအစ်ကိုနှောင်ရင်းချစ်ခင်


www.burmeseclassic.com


www.burmeseclassic.com



ဖရီးမေဆင်အမျိုးသမီးအသင်းဝင်များပုံ



ခေါင်းကို စားနှင့်ခုတ်ရန် မှာကြားပုံ



THE ENGRAVED LISTS OF LODGES AS SHOWN IN A FRENCH PRINT OF THE EIGHTEENTH CENTURY

[illegible]

*By courtesy of the Quatuor Coronati Lodge*

၁၈ ရာစုတွင် ပြင်သစ်ဘာသာဖြင့် ပုံနှိပ်ပြီး စာတန်းထိုးထားသော ကဇာတ်ရုံများ အမည်စာရင်း



www.burmeseclassic.com

www.burmeseclassic.com

ခြင်း' ဟု အမည်ပေးထားသည့် ဖရီးမေဆင် ဘုံစံအိမ် တစ်ခု၏အတွင်းကို ရိုက်ကူးမှတ်တမ်းပြုထားသည့် ဓာတ်ပုံမှာ ဗြိတိသျှပြတိုက်တွင် ယနေ့တိုင် ရှိသည်။ ၁၉၁၀-ပြည့်နှစ်ခန့်က ရိုက်ကူးထားသော ဓာတ်ပုံဖြစ်သည်။

အသင်းကြီးတွင်လည်း လူစုံပါဝင်လာခဲ့ကြသည်။ စစ်ဘက်က ပုဂ္ဂိုလ်တွေ၊ ကျောင်းဆရာတွေ၊ ဆရာဝန်တွေအပြင် မင်းညီမင်းသားတွေလည်း ပါဝင်လာခဲ့ကြသည်။ မင်းညီမင်းသားများအနက် 'ဝေလမင်းသား' နှင့် 'ကော့နော့မြို့စားကြီး' တို့က ဖရီးမေဆင် အဝတ်အစားဝတ်ပြီး ၁၈၈၇-ခုနှစ်က မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ရာ အင်္ဂလန်ရှိ 'ဟာလ်တန်' ပြတိုက်တွင် ရှိနေသေးသည်။

၁၇၁၀-ပြည့်နှစ် အိုင်ယာလန်ရှိ ဘုံစံအိမ်မှာ အမျိုးသမီးကြီး 'အဲလီဇဘက်စိန့်လယ်ဂျာ' က ဖရီးမေဆင် အသင်းသို့ စတင်ဝင်ရောက်ခဲ့ရာမှ နောက်ပိုင်းတွင် အမျိုးသမီးတွေသည်လည်း အသင်းဝင်တွေ ဖြစ်လာခဲ့ကြသည်။ အဲလီဇဘက်စိန့်လယ်ဂျာနှင့် အသင်းဝင် အမျိုးသမီးများ၏ မှတ်တမ်းဓာတ်ပုံတို့သည်လည်း အင်္ဂလန်ပြတိုက်တွင် ထားရှိထားလေ၏။

## အသင်းဝင်ရောက်ခြင်း

အသင်းကို အရွယ်ရောက်သူများကိုသာ ဝင်ခွင့်ပြုသည်။ အရွယ်ရောက်သူများကို အသင်းဝင်လိုက ချက်ချင်းဝင်ခွင့်မပေးသေးဘဲ အဆင့်ဆင့် စစ်ဆေးမှုများ ပြုလုပ်သေးသည်ဟူ၏။ စစ်ဆေးနည်းတွေသည်လည်း ဂမ္ဘီရဆန်လှကြောင်း သိရှိရပါသည်။

အသင်းအဖွဲ့အတွင်း အသင်းသားတွေအနေဖြင့် ဒီဂရီအဆင့်တက်ခြင်း အမှုတွေသည်လည်း ရှိလေ၏။ ဒီဂရီ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် ဟူ၍ရှိသည်။

တတိယအဆင့် ဒီဂရီအဆင့်တွင် စစ်ဆေးမှုပြုပုံမှာ လူကို သေနေသည့်သူအဖြစ် သတ်မှတ်ခိုင်းပြီး ကြမ်းပြင်ပေါ်ဝယ် ပက်လက်လှန်၍ နေခိုင်းသည်။ ပြီးလျှင် ထိုလူကို ပိတ်ဖြူနှင့်ပတ်ပြီး ခေါင်းတလားထဲသို့ ထည့်သည်။ ပြီးမှ ခေါင်းတလား၏ အဖုံးကိုပိတ်ဖြီး သတ်ပစ်လိုက်သည့်သဘောမျိုး ဖြစ်သည်။ ခေါင်းတလားထဲမှလူသည် မည်သို့မျှ မဖြစ်ချေ။

သည်နေရာတွင် စည်းကမ်းချက်တစ်ခု ထားရှိသည်။ ဓားနှင့် ခုတ်ပြီးပြီးချင်း မေးခွန်းမမေးရ ဟူ၍ဖြစ်သည်။ အဘယ်ကြောင့်ဟူမူ သေပြီးပြီဟု ယူဆရသူကို မေးခွန်းမေးလျှင် ဖြေဆို၍ မရသောကြောင့်ပါတည်း။

တစ်ခဏအကြာတွင် ခေါင်းတလားကိုဖွင့်သည်။ ခေါင်းတလားအထဲက လူ၏မျက်နှာတည့်တည့် မျက်နှာကျက်တွင် ချိတ်ဆွဲထားသည့် မှန်အိမ်ငယ်ကလေးကို ကြိုးလျှော့စေပြီး လူမျက်နှာအနီး ရောက်သည်အထိ ချပေးလိုက်သည်။

မှန်အိမ်၏ အလင်းရောင်ကို ခေါင်းတလားအထဲကလူက မြင်သည်နှင့် တစ်ပြိုင်နက် ဘဝသစ်ကို ရရှိလေပြီဟု အဓိပ္ပာယ်ဖော်ရသည်။ ထိုမီးအလင်းရောင်ကို 'မေဆင်လိုက်' ဟု ခေါ်ဆိုသည်။ ယင်းမီးအလင်းရောင်ကို မြင်တွေ့ရသည့် အချိန်အခါတွင်မှ ခေါင်းတလားထဲမှလူသည် အသက်ပြန်ရှင်လာခြင်းဟု ဆိုလိုသည်။

သည်အခါကျလေမှ အပြင်လူက 'သင့်နာမည် ဘယ်သူလဲ' ဟု မေးရသည်။ ခေါင်းတလားထဲမှလူက 'နာမည် မရှိဘူး' ဟု ပြန်ဖြေသည်။ ဖရီးမေဆင်အဖွဲ့က 'နာမည် မရှိဘူး' ဟု ဖြေသူကို နာမည်အသစ် ပေးရသည်။


## ပသျှူးခေါင်းပြတ်အဖြစ် နာမည်ကြီးလာမှု

အထက်ပါ ဒီဂရီအဆင့်တက်မှု ပြုလုပ်ရာတွင် ပြုလုပ်ခံရသူသည် ပထမ သေပြီဟုမှတ်၊ ပြီးလျှင် ကြမ်းပြင်ပေါ် ပက်လက်လှဲနေ၊ အဖွဲ့ဝင်တွေက ထိုလူကို အဝတ်ဖြူဖြင့် အုပ်ပတ်ပြီး ခေါင်းတလားထဲထည့်၊ ခေါင်းတလားအဖုံးပိတ်သည်။ ပိတ်ထားသော ခေါင်းတလားကို အထဲရှိလူ၏ လည်ပင်းနေရာကို မှန်းဆပြီး အပြင်လူက ဓားဖြင့်ခုတ်ရသည့် လုပ်ငန်းစဉ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်ကဇာတ်ရုံမှ အထိမ်းအမှတ်တံဆိပ်နှင့် အလှဆင်ထားသော စကော့တလန် ကဇာတ်ရုံ အမှတ်တံဆိပ်



အင်္ဂလန်ကဇာတ်ရုံမှ အထိမ်းအမှတ်တံဆိပ်နှင့် အလှဆင်ထားသော စကော့တလန် ကဇာတ်ရုံ အမှတ်တံဆိပ်



အန်ချွန်ဟောင်အား အသင်းလူကြီး ခန့်အပ်သော လက်မှတ်ပုံ



ပသျှူးခေါင်းပြတ် ကိုထွန်းအုံ၏ ရာထူးတိုးလက်မှတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com

ဤတွင် စံအိမ်အပြင်ဘက်ရှိ သိလို၍ ချောင်းမြောင်းကြည့်သူတို့က ခေါင်းဖြတ်သတ်နေကြပြီ ယူဆကြ၍ ပြောဆိုကြသည်။ ပန်းသတင်းလေညှင်းဆောင်၊ လူသတင်း လူချင်းဆောင် သို့ပမာ ထိုသည့်အသင်းကို ပသျှူးခေါင်းပြတ်အသင်း ဟူ၍ မှတ်ယူစွဲကြလေတော့၏။ ယင်းသို့ စစ်ဆေးမှု အဆင့်ဆင့် မှတ်တမ်းဓာတ်ပုံများကို အင်္ဂလန်ရှိ ပြတိုက်တွင် ထားရှိထားသည်။

## မြန်မာနိုင်ငံမှ ပသျှူးခေါင်းပြတ်အသင်း

မြန်မာနိုင်ငံရှိ မော်လမြိုင်၊ ပြင်ဦးလွင်၊ ပုသိမ် စသည့် မြို့တွေတွင် ဘုံစံအိမ်(၁၄)ခု ရှိခဲ့ကြောင်း၊ မော်လမြိုင်က ဖရီးမေဆင်အသင်းကို စံအိမ်ရှင် ဆိုသူက 'ဖိလန်သရိုပီ' ဟု အမည်ပေးခဲ့ကြောင်း သိရှိရသည်။ အနှီ



ဝေလမင်းသား နှင့် ကော့နော့မြို့စားကြီးပုံ

အသင်းသည် မြန်မာနိုင်ငံက ရှေးအကျဆုံးဖြစ်သည်။ ၁၈၅၀-ပြည့်နှစ်က တည်ထောင်ခဲ့သည် ဟူ၏။

မြန်မာနိုင်ငံက ဖရီးမေဆင် ဗဟိုအသင်းကြီးအား တက္ကသိုလ်ကျောင်းအုပ် ဆရာကြီးဟောင်း 'မစ္စတာအယ်ထင်စီ' က အကြီးအကဲ ပြုလုပ်ပြီး ၁၈၅၈-ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်း၊ ယင်းဗဟိုအသင်းကြီးသည် အင်္ဂလန်ဗဟိုအသင်းကြီးနှင့် တိုက်ရိုက်ဆက်သွယ်မှုတွေ ရှိခဲ့သည်ဟု ဆိုသည်။

၇-၅-၁၉၂၆ ရက်နေ့က မြန်မာနိုင်ငံမှ ကိုထွန်းအုံ ဆိုသည့် ပသျှူးခေါင်းပြတ်တစ်ယောက်ကို အင်္ဂလန်ကနေပြီး ချီးမြှင့်ပေးလိုက်သည့် အဆင့်ရာထူးလက်မှတ် ရရှိခဲ့ဖူးသည်။ မှတ်တမ်းဓာတ်ပုံရှိသည်။ နောက်တစ်ဦးမှာ မြန်မာနိုင်ငံသားဖြစ်သည့် အယ်ချွန်ဖောင် ဆိုသူဖြစ်သည်။ သူသည်လည်း (၁၇-၁-၁၉၂၈)ရက် သောကြာနေ့က အသင်းခေါင်းဆောင်အဖြစ် ခန့်စာ ရရှိခဲ့သည်။

## ဒီဇင်ဘာလ သဇင်ပန်းပွင့်ပေါ်ချိန်

မြန်မာပြည်က ပသျှူးခေါင်းပြတ်အသင်းသည် နှစ်စဉ် ဒီဇင်ဘာလ သဇင်ပန်းပွင့်ပေါ်ချိန်တွင် အစည်းအဝေး ပြုလုပ်လေ့ ရှိသည်။ အမြို့မြို့ အနယ်နယ်မှ အသင်းသားများသည် အသင်းချုပ် တည်ရာသို့ ရောက်လာကြမည်။ လူမျိုးစုံ ပါဝင်ပေလိမ့်မည်။ ပုံစံအမျိုးမျိုးဖြင့် လာကြပေလိမ့်မည်။

ရောက်လာကြသူတို့သည် တွေ့ဆုံကြသည်နှင့် တစ်ဦးနှင့်တစ်ဦး သင်္ကေတပြ နှုတ်ဆက်ကြပေမည်။ လျှို့ဝှက်လှုပ်ရှားမှုတွေ ပြုကြပေမည်။

ဤသည်ကို လူအချို့က ပသျှူးခေါင်းပြတ်တွေ ဒီဇင်ဘာလတွင် ထွက်ကြသည်၊ ခေါင်းဖြတ်ကြသည်ဟု ဆိုကြလေ၏။

အမှန်မှာ ပသျှူးခေါင်းပြတ်ဟူသည် အလွန်အင်မတန် စည်းကမ်းရှိပြီး၊ အလွန်အင်မတန် ခိုင်ခံ့သည့် ဖရီးမေဆင်အသင်းဝင်များ ဖြစ်ကြသည်။

ပသျှူးဟု ဆိုသော်ငြားလည်း ပသျှူးတစ်ယောက်မျှ မပါ။ အများထင်သလို ခေါင်းဖြတ်ခြင်း အလျဉ်းမရှိ။ လူရည်တတ်တွေနှင့် ဖွဲ့စည်းထားသော အသင်းတစ်သင်းပါတည်း။

(မြန်မာနိုင်ငံတွင် ပသျှူးခေါင်းပြတ်အသင်းဟူ၍ မရှိလေတော့ပြီ။ ရှိခဲ့ဖူးသည်ဟူ၍သာ မှတ်တမ်းရှိသည်)

**ကိုမောင်သန်းဝင်း**

www.burmeseclassic.com

www.burmeseclassic.com



# ငိုသံ

( ဖြစ်ရပ်မှန် )

အိမ်နံဘေးမှာ အသုဘ ဖြစ်သည်။

သေသူက အသက် ၉၀ ကျော် အဘိုးကြီး။ မသေမီက လေဖြတ်ဝေဒနာဖြင့် နှစ်နှစ်ကျော်ကျော် ဒုက္ခခံခဲ့ရသေးသည်။ အိုဇာတာမကောင်းသော အဘိုးကြီးမှာ သားသမီးများ၏ ပြုစုအော်ဟစ်မှုကို ခံရင်း နေ့ရက်များကို ကျော်လွန်ခဲ့ရသည်။

အဘိုးကြီးက တစ်ခုခုလို၍ အော်ခေါ်လျှင် ကြားလျက်နှင့် မည်သူမျှ မသွား။ နံဘေးအိမ်မှ ကျွန်တော်တို့ကသာ ရင်ထဲမကောင်းဖြစ်ရသည်။ ဝင်လည်း မစွက်ရဲ။ သူတို့က လျှာကြမ်း အာကြမ်းတွေကိုး။

အခုတော့ အဘိုးကြီးဆုံးပြီ။ အားလုံးရဲ့ ပါးစပ်မှ တူညီသော စကားသံတစ်ခုသာ ထွက်လာကြ၏။

"ငရဲကျွတ်သွားတာပေါ့"

ဒီစကားကို သူတို့အိမ်သားတွေပြောသည့် အဓိပ္ပာယ်နှင့် ကျွန်တော်တို့ပတ်ဝန်းကျင်က ပြောသော အဓိပ္ပာယ်က တူမည်မထင်။ အသုဘအိမ်မှာ ခုနစ်ရက်တိုင်တိုင် ဖဲဝိုင်းထောင်ကြသည်။ ကျွန်တော်တို့အတွက်တော့ အိပ်ရေးပျက်သော ခုနစ်ရက်ပင်တည်း။

ရက်လည်သောနေ့မှာပင် ဖဲကောက်ရသော ငွေနှင့် နာရေးထောက်ပံ့ငွေတွေ တွက်ကြည့်တော့ ခုနစ်သိန်းကျော် ကျန်သည်။ သူရသင့်၊ ငါရသင့် အဝေမတည့်ရာက ရန်ပွဲစခဲ့၏။ ပေါက်ကွဲသူက ပေါက်ကွဲ၊ ငိုကြွေးသူက ငိုကြွေးကြသည်။ မျိုးသိပ်ချက်များ အန်ထုတ်ရင်း ရှိုက်ရှိုက်ငိုကြသည်။

အသုဘအိမ်မှ ငိုသံကို ကျွန်တော်တို့ ကြားလိုက်ရပါပြီ။

**ဝသုန်ဟိန်းထက်**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အတိုးနှစ်ဆပေး၍ ကြွေးဟောင်းဆပ်လိုက်ခြင်း

■ ဝင်းသောင်(ရမည်းသင်း)

ကျွန်တော် နေ့စဉ်မှတ်တမ်းရေးတဲ့ ဝါသနာမပါဘူး။ တစ်ခုတော့ရှိတယ်။ ထူးခြားဖြစ်စဉ်မျိုးဆို တိုတိုတုတ်တုတ်ရေးမှတ်ပြီး သိမ်းထားတတ်တယ်။ အဲဒီလို ရေးမှတ်ထားတဲ့ စာရွက်တို၊ စာရွက်စနဲ့ သတင်းစာ၊ ဂျာနယ်တွေက စိတ်ဝင်စားဖွယ် သတင်းအတိုအစတွေကိုလည်း တစ်ခုတ်တစ်ရ ဖြတ်တောက်စုဆောင်းပြီး ဖိုင်တွဲသိမ်းဆည်းထားတတ်တဲ့ အလေ့အကျင့်ရှိတယ်။ ဒီနည်းနဲ့ စုဆောင်းဖိုင်တွဲထားတဲ့ ရောမဖိုင်ကြီးသုံးတွဲတောင်ရှိတယ်။

ဟိုစဉ်က ခုကာလလို သတင်းအချက်အလက်တွေ စုဆောင်းသိမ်းဆည်းထားနိုင်တဲ့ ကွန်ပျူတာ၊ လက်(ပ်)တော့၊ အိုင်ပေါ့၊ အိုင်ပက် ဆိုတဲ့ ပစ္စည်းတွေ မရှိသေးတော့ နောင်တစ်ချိန်မှာ သိနိုင်ဖို့ အထက်က ကျွန်တော်ပြောသလိုပဲ ဖိုင်တွဲထိန်းသိမ်းထားပြီး လိုတဲ့အခါ ဖိုင်ထဲမှာ ရှာဖွေမွှေနှောက်ရတော့တာပဲ။

တစ်နေ့ စာရေးဖို့ စဉ်းစားရင်း ကျွန်တော် ဖျာပုံခရိုင် ရဲတပ်ဖွဲ့မှူး တာဝန်ထမ်းဆောင်စဉ်က ခရိုင်နယ်မြေတွင်းမှာ ဖြစ်ပွားခဲ့တဲ့ လူသတ်မှုအကြောင်း ဝိုးတိုးဝါးတား သတိရမိတယ်။ ပြီးတော့ ကျွန်တော့်တပည့် ရဲအုပ် စခန်းမှူးဘလွင်က ကျွန်တော့်ထံ တင်ပြထားတဲ့ လူသတ်မှုနဲ့ ပတ်သက်တဲ့ အရပ်ရပ်နေ့စဉ်မှတ်တမ်း မိတ္တူတစ်စောင်ကို ကျွန်တော် ဖိုင်တွဲသိမ်းဆည်းဖူးတာ သတိရတယ်။ ဒါကြောင့် အဲဒီမှတ်တမ်းမိတ္တူရရေးအတွက် ဖိုင်တွဲကြီးသုံးတွဲကို မွှေနှောက်လှန်လှောရှာဖွေလိုက်တာ ဖြစ်စဉ်အချက်အလက်တွေရပြီး ဒီဝတ္ထုတစ်ပုဒ် ဖြစ်လာတယ်ဆိုတာ ဝန်ခံပါတယ်။

အမှုက ဘဲဥအစရှာမရသလို အစကောက်ဖို့ခက်ပြီး ပင်လယ်ထဲ ကျသွားတဲ့ အပ်ကို ရှာရမယ့်ကိန်းမို့ အမှုလိုက်ရဲများအတွက် ရင်မောရမယ့် အမှုမျိုး။ တချို့ကဆို သေသူအမည်လည်း မသိ၊ ဘယ်အရပ်သားမှန်းလည်း မသိတဲ့ အမှု၊ ရဲတွေက သိကြားမင်းမဟုတ်ဘဲ ဘယ်ပေါ်မှာလဲ။ ကြည့်နေ၊ တစ်မေ့လောက်ကြာရင် ရဲစုံထောက်မရမှုနဲ့ ပိတ်ပစ်လိမ့်မယ်…စသည်ဖြင့် ဝေဖန်ပြောနေတဲ့ကြားက စခန်းမှူးဘလွင်ရဲ့ ဆောင်ရွက်ချက်ကြောင့် အမှုမှန်ပေါ်ပေါက်ပြီး တရားခံကို ရုံးတင်တရားစွဲဆိုနိုင်ခဲ့တယ်။ ဒါကြောင့် သို့လော သို့လော ဝေဖန်ပြောဆိုနေကြတဲ့ ပါးစပ်ပေါက်တွေလည်း ပိတ်သွားတယ်။ ရဲအုပ်ဘလွင်ကို ဂုဏ်ပြုထိုက်လို့ ဒီဖြစ်ရပ်မှန်မှုခင်းလေးကို ဂုဏ်ပြုရေးသား တင်ပြလိုက်ရကြောင်းပါ။

× × ×

"စခန်းမှူးရှိလား ရဲဘော်"

"ဟုတ်ကဲ့ ရှိပါတယ်"

"ကျုပ်တို့က ဒါနချောင်းရွာ ကျေးရွာကောင်စီဝင်တွေပါ။ ရွာမှာ မားဒါးရာနဲ့ အလောင်းတွေ့လို့ စခန်းလာသတင်းပို့တာပါ"

"ဟုတ်ကဲ့၊ ကျွန်တော် သတင်းပို့ပေးပါမယ်"

"ဟော…ဒါနချောင်းရွာက ဥက္ကဋ္ဌနဲ့အဖွဲ့ပဲ။ ရုံးခန်းထဲ ကြွကြပါခင်ဗျာ"

ကင်းရဲဘော် သတင်းပို့ပြီး ချက်ချင်းပင် စခန်းမှူး ရုံးတွင်းမှထွက်လာ ကျေးရွာဥက္ကဋ္ဌနှင့် ကျေးရွာလူကြီးများအဖွဲ့ကို ကြိုဆိုဖိတ်ခေါ်လိုက်သည်။

"မပြောမပြီး မတီးမပြည်ဆိုသလို

www.burmeseclassic.com

စောစောစီးစီး အ-မင်္ဂလာစကား ပြောရတော့မယ် စခန်းမှူး။ အားနာဖို့တော့ကောင်းသဗျ"

"မပြောမပြီးရင် ပြောသာပြောလိုက်စမ်းပါ။ ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေဆိုတာ ပြောကောင်းတာ၊ မကောင်းတာ၊ မင်္ဂလာရှိတာ၊ မရှိတာ ရွေးချယ်ခွင့်မရှိပါဘူး။ ဘယ်လိုစကားပဲဖြစ်ဖြစ် ပြောသမျှ နားထောင်ပါ့မယ်။ ကဲ... ဥက္ကဋ္ဌပြောမယ့်စကား အားမနာတမ်းပြောပါ"

"ကျွန်တော်တို့ရွာ အရှေ့ဘက်ထွက်ပေါက်ထွက်ရင် တာကြီးတစ်ခုရှိတယ်။ အဲဒီတာကြီးနဲ့ မလှမ်းမကမ်းမှာ ကျေးရွာချင်း ဆက်လမ်းတစ်လမ်း ရှိတယ်။ တာကြီးနဲ့ လမ်းကြားမှာ ခေါင်းပြတ်လုလု ဓားဒဏ်ရာနဲ့ သေနေတဲ့ အလောင်းတစ်လောင်းတွေ့လို့ စခန်းလာသတင်းပို့တာပါ"

"သေတဲ့သူက ယောကျ်ားလား၊ မိန်းမလား၊ ဥက္ကဋ္ဌတို့ ရွာကလား"

"အသက် ၅၀ လောက်လို့ ခန့်မှန်းရတဲ့ ယောကျ်ားအလောင်းပါ။ ကျွန်တော်တို့ရွာသားလည်း မဟုတ်သလို၊ ကျွန်တော်တို့ ကျေးရွာစုထဲမှာလည်း သေသူကို တစ်ခါမှ မတွေ့ဖူးကြဘူး"

"သေသူရဲ့ ပုံသဏ္ဌာန်ကိုလည်း မှတ်မိသလောက် ပြောပြပါဦး"

"အသားညိုညို၊ ဂင်တိုတို၊ ခပ်တောင့်တောင့်ပဲ စခန်းမှူးရေ"

"ကောင်းပါပြီ။ ကျွန်တော်တို့အဖွဲ့ အချင်းဖြစ်နေရာကို ဥက္ကဋ္ဌတို့နဲ့အတူ လိုက်ပြီး စစ်ဆေးပါ့မယ်"

"ကဲ...ကဲ၊ နယ်ထိန်းအရာရှိနဲ့အဖွဲ့ အချင်းဖြစ်အရပ် သွားရောက်စစ်ဆေးဖို့ ပြင်ပါ"

"ဟုတ်ကဲ့၊ ကျွန်တော်တို့အသင့်ပါပဲ"

နယ်ထိန်းအရာရှိ ဒုရဲအုပ်ထွန်းတောက်သည် နယ်ထိန်းအတွေ့အကြုံရှိသော အရာရှိတစ်ဦးဖြစ်သဖြင့် ကျေးရွာဥက္ကဋ္ဌနှင့် လူကြီးများ စခန်းမှူးထံ ပြောဆိုတင်ပြနေစဉ်ကပင် ရှေ့ဘာဆက်လုပ်ရမယ်ဆိုတာ သိသဖြင့် နယ်ထိန်းတပ်ဖွဲ့ဝင်များကိုလည်းကောင်း၊ မှုခင်းဓာတ်ပုံသမားကိုလည်းကောင်း အသင့်ပြင်ထားပြီးဖြစ်သည်။

ဒါနချောင်းရွာသည် ကျိုက်လတ်နှင့် မဝေးလှသော ရွာတစ်ရွာဖြစ်၍ ပဲ့ထောင်နှင့်သွားလျှင် အချိန်တိုအတွင်း ရောက်နိုင်ပါသည်။ (ယခင်က လမ်းပန်းဆက်သွယ်ရေး ယခုကဲ့သို့ မလွယ်ကူသေးသောကြောင့် ရေလမ်းသာ အားထားသွားလာရသော အချိန်ဖြစ်ပါသည်။)

× × ×

"ဟိုက်...တည်းတည်းမှ တည်းတည်းလေး။ မင်းကြီးရန်နောင်ရဲ့ ယိမ်းနွဲ့ပါးဓားဟာ ဆင်ဦးစီးကို ဓားနဲ့ခုတ်တာ ဆင်ဦးစီးဇက်ကော ဆင်ရဲ့လည်ပင်းပါ တိခနဲပြတ်ကျသတဲ့။

ရန်ကုန်ဘဆွေရဲ့ သေသော်မှတည့် ဩော်ကောင်း၏ ဆိုတဲ့ ဝတ္ထုထဲက ဇာတ်လိုက် ဆွေဆက်ရဲ့ဓားဟာ ဝါးရင်းတုတ်ကို သခွားသီးလှီးသလို အကွင်းလိုက်၊ အကွင်းလိုက် လှီးချနိုင်သတဲ့။

မကွေးရာဓား၊ နဂါးနိုင်ဓား၊ ကိုးသချိုင်းဓား စတဲ့ ဓားတွေဟာလည်း ဘယ်ရွှေဘယ်မျှ ထက်တယ်ဆိုတာ စာအုပ်စာမျက်နှာတွေပေါ်မှာ ဖတ်ဖူးတယ်။ မျက်မြင်ကိုယ်တွေ့တော့မဟုတ်ဘူး။ ဟော...အချင်းဖြစ်အရပ်မှာ မျက်မြင်ကိုယ်တွေ့ တွေ့ရတဲ့သူကို ခုတ်ပိုင်းလိုက်တဲ့ ဓားကတော့ ဓားချက်ကို ကြည့်ပြီး ပြောရမယ်ဆို အထက်က ဓားတွေထက် ထက်တဲ့ဓားလို့ ကျွန်တော်ထင်တယ်။ စခန်းမှူးကြည့်ပါဦး"

နယ်ထိန်းတပ်ဖွဲ့ဝင် တပ်ကြပ်မောင်တိုးသည် စာဖတ်အားကောင်းသူဖြစ်၍ ဗဟုသုတလည်း ကြွယ်သူဖြစ်ရာ မျက်မြင်အဲခြေအနေကို သူသိထားချက်တွေ ပေါင်းစပ်ကာ စခန်းမှူးကို တင်ပြလိုက်သည်။ မောင်တိုး၏စကားကို အချင်းဖြစ်အရပ်တွင် ရှိနေကြသူတွေက အမှုမဲ့အမှတ်မဲ့ သဘောထားသော်လည်း သမ္ဘာရင့်စခန်းမှူးက မောင်တိုးရဲ့ ဆိုလိုရင်းကို သဘောပေါက်မိသည်။ မောင်တိုးရဲ့ဆိုလိုရင်းမှာ ဓားမှာ သာမင်ညောင်ည မဟုတ်၊ အလုပ်ကြီးကြီးလုပ်ရန် ကြိုတင်သွေးထားတဲ့ ဓားတစ်လက်ဖြစ်နိုင်တယ်လို့ အချင်းချင်း သိနိုင်အောင် ပြောပြနေခြင်းဖြစ်သည်။ ကြိုတင်သွေးထားတဲ့ဓားဆိုပါမှ သေသူနဲ့ သတ်သူတို့တွင် အလွန်နာကြည်းဖွယ်ကောင်းသည့် ရန်ငြိုးရန်စဖြစ်စဉ်တွေ ရှိလိမ့်မည်ဆိုတာ သဘောပေါက်ပြီး ပျောက်နေတဲ့အစကို ဆွဲထုတ်နိုင်ဖို့ ရဲပညာတွေ သုံးရတော့မည်။

"ဟုတ်ပါရဲ့ စခန်းမှူးရယ်။ ဘယ်လိုရန်ငြိုးကြောင့်များ လူ့အသက်တစ်ချောင်းကို ရက်ရက်စက်စက် သတ်ခဲ့စ



www.burmeseclassic.com

www.burmeseclassic.com

တာလဲ မသိဘူးနော်"

စခန်းမှူးနဲ့ တပ်ကြပ်မောင်တိုးသည် အချင်းဖြစ်အရပ်ရောက်ရောက်ချင်း မှောက်လျက်သေနေသည့်အလောင်းအား ပက်လက်အနေအထားဖြစ်အောင် ဆွဲလှည့်လိုက်ပြီး အခြားဒဏ်ရာဒဏ်ချက် ရှိမရှိ၊ ကိုယ်ပေါ်တွင် ထင်သာမြင်သာသည့် အမှတ်အသား ရှိမရှိ စစ်ဆေးကာ ဓာတ်ပုံရိုက်မှတ်တမ်းတင်ခြင်း၊ အချင်းဖြစ်မြေပုံကြမ်း ရေးဆွဲခြင်းကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ကြသည်။

"မောင်တိုးနဲ့ ရဲဘော်သာမောင်၊ သေသူအဝတ်တွေ အားလုံးချွတ်ကွာ။ ရဲမှူးခင်းဓာတ်ပုံဆရာက ထုံးစံအတိုင်း ထောင့်စုံက ဓာတ်ပုံရိုက်ထား။ မျက်နှာပုံလည်း အနီးကပ်ရိုက်ပါ"

"ဟိုက်…ဒီကောင် ထောင်ထွက်ပဲ စခန်းမှူး။ ဟောဒီ လက်ပြင်နဲ့ ကျောကုန်းမှာကော ကုပ်မှာပါ ထောင်ဆေးတွေ ထိုးထားတယ်"

"ဟော…တော်ပါသေးရဲ့"

မောင်တိုးက ဒီကောင် ထောင်ထွက်လို့ ပြောလိုက်တာနဲ့ စခန်းမှူးက ဘာကြောင့် တော်ပါသေးရဲ့လို့ ဝမ်းပန်းတသာ ပြောလိုက်သလဲဆိုတာ ကျေးရွာဥက္ကဋ္ဌနဲ့ လူကြီးများက အံ့သြသည့် အကြည့်နှင့် စခန်းမှူးကို ကြည့်လိုက်ကြသည်ကို စခန်းမှူးသဘောပေါက်ပါသည်။ ဒါကြောင့် စခန်းမှူးက ဥက္ကဋ္ဌနှင့် အဖွဲ့ကို ဆက်လက်ရှင်းပြလိုက်သည်။

"ဒီလိုပါ ဥက္ကဋ္ဌနဲ့ ကျေးရွာလူကြီးများ။ သေသူဟာ ဘယ်အရပ်၊ ဘယ်ဒေသကမှန်းလည်း မသိ၊ အမည်လည်း မသိတော့ ပင်လယ်ထဲကျတဲ့ အပ်ကို ရှာရမယ့်ပုံ ဖြစ်နေတယ်။ ခုတော့ ဒီကောင်ဟာ ထောင်ထွက်ဆိုတာ သူ့ကိုယ်ပေါ်မှာရှိတဲ့ ထောင်ဆေးတွေကြောင့် သိလိုက်ရတော့ ထောင်တွေမှာရှိတဲ့ ထောင်ကျမှတ်တမ်း၊ ထောင်လွတ်မှတ်တွေမှာ ရှာကြည့်လိုက်ရင် သူ့အမည်၊ သူ့လိပ်စာ၊ သူ့ဘာမှုနဲ့ ထောင်ကျခဲ့တာလဲ စသည်ဖြင့် သိရပြီလေ။ သေသူသိရင် သတ်သူမိဖို့ မခဲယဉ်းတော့ဘူး။ သေသူ မည်သူမည်ဝါရယ်လို့ မသိရင်တော့ ပင်လယ်ထဲကျတဲ့ အပ်ရှာရသလို ခက်မှာပေါ့။ ဒါကြောင့် ဒီကောင် ထောင်ထွက်မှန်းသိလိုက်တော့ ဝမ်းသာလွန်းလို့ နှုတ်ကတော်သေးတာပေါ့လို့ ထွက်သွားတာပါ။ အကယ်၍ ဒီကောင် ထောင်ထွက်မှန်းမသိရင် အမှုပေါ်ဖို့ ခဲယဉ်းမယ်။ အိုဗျာ၊ ပေါ်ချင်မှလည်း ပေါ်မယ်။ ခုတော့ သေသူ ဘယ်သူဘယ်ဝါဆိုတာ သိတော့မယ်။ သေသူသိရင် သတ်သူမိဖို့ သေချာသွားပြီလေ"

"ဪ…ဪ၊ ဒီလိုကိုး"

စခန်းမှူးရဲ့ ရှင်းပြချက်ကို ကျေးရွာဥက္ကဋ္ဌ သဘောပေါက်သွားပြီး ခေါင်းတညိတ်ညိတ်ဖြင့် လက်ခံလိုက်သည်။

"ကဲ…ဥက္ကဋ္ဌကြီးရေ၊ အလောင်းဆေးရုံပို့ဖို့ ကူညီပါဦးဗျာ"

"ဟုတ်ကဲ့"

× × ×

"ဆရာထွန်းတောက်၊ မင့်နယ်ထိန်းအဖွဲ့ကို သုံးဖွဲ့ခွဲ။ မင်းနဲ့အဖွဲ့က ပုသိမ်၊ မြောင်းမြ၊ ဖျာပုံ ထောင်တွေသွား။ သေသူဓာတ်ပုံကို ပြပြီး စုံစမ်း။ အမှူစစ်အရာရှိ ဒုရဲအုပ်ကျော်စွာ ဦးဆောင်အဖွဲ့က အချင်းဖြစ်အရပ် ဖြစ်တဲ့ ဒါနချောင်းရွာနဲ့ ဆက်စပ်တဲ့ ရွာတွေမှာ စုံစမ်း။ ကျန်တဲ့အဖွဲ့က တို့အပိုင်နယ်မြေအတွင်းက ပြစ်ချက်ဟောင်းရှိသူ လတ်တလောထောင်လွတ် အကျဉ်းသားတွေရှာပြီး ပြန်စုံစမ်းပါ။ ဒီနေ့ ညနေ ၆ နာရီ စခန်းမှာ ပြန်ဆုံမယ်။ ဒီအထိ ဘာမရှင်းတာ ရှိလဲ"

"မရှိပါဘူး"

"မရှိရင် ဆက်လုပ်"

စခန်းမှူးသည် အတွေ့အကြုံများသူတစ်ယောက်ဖြစ်ရာ အလုပ်ကို အချိန်မဆိုင်းဘဲ အချင်းဖြစ်အရပ်မှာ တာဝန်အသီးသီးခွဲဝေကာ တရားခံစုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်ရေး စတင်ဆောင်ရွက်လိုက်သည်။ ယခုဖြစ်စဉ် အခြေအနေသည် ထောင်တွင်း ထောင်ကျခံနေရစဉ်အတွင်း ခိုက်ရန်ဖြစ်ပွားမှုကစ၍ ရန်ငြိုးရန်စ ဖြစ်ပြီး ထောင်ပြင်အရောက်တွင် အပြတ်ရှင်းတာမျိုးလည်း ဖြစ်နိုင်သည်ဟု စခန်းမှူးတွက်မိသည်။ ဟုတ်သည်၊ မဟုတ်သည် အပထား၊ ရဲအလုပ်ထန်ကုန်အောင် လုပ်ရမယ့်တာဝန်သည် ရဲတာဝန်သာဖြစ်၍ ထောင့်စုံက ကွက်ပြည့်နှင်းကာ ဆောင်ရွက်နေခြင်း ဖြစ်သည်။

နောက်တစ်မျိုး ဖြစ်နိုင်ခြေက သေသူနှင့် သတ်သူတို့သည် တစ်နယ်တည်းသားများ ဖြစ်နိုင်ပြီး အလွန်အမင်း နာကြည်းစရာကောင်းလောက်အောင် သေသူက သတ်သူအား အနိုင်အထက် ပြုခဲ့လိမ့်မည်ဟုလည်း တွေးမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

စခန်းမှူးသည် လတ်တလော ဖြစ်ပွားသည့် ဒါနချောင်းရွာ လူသတ်မှုအတွက် ခရိုင်ရဲမင်းကြီးထံ မြို့နယ်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် အမှုကြီးဖြစ်စဉ် အစီရင်ခံစာ ရေးသားတင်ပြရန် တစ်ဖက်မှာ တာဝန်ရှိနေသဖြင့် အလုပ်နဲ့လက် ဇယ်စက်သလို တစ်ဖက်က ဆောင်ရွက်ရင်း အမျိုးမျိုးတွေးတောကြံဆလျက်ရှိသည်။ (ဟိုစဉ်က ရဲတပ်ဖွဲ့ဝင်တွေနဲ့ ဒေသခံတွေက ခရိုင်ရဲတပ်ဖွဲ့မှူးကို မင်းကြီးဟု ခေါ်ကြသည်။ မြို့ရိုကရက် အငွေ့အသက် မကင်းသော အခေါ်အဝေါ်မို့ အထက်အဖွဲ့အစည်းမှ သတ်မှတ်ထားသော အခေါ်အဝေါ် အတိုင်း ခေါ်ဝေါ်ပြောဆိုကြရန် ညွှန်ကြားသော်လည်း နှုတ်ကျိုးနေကြ၍လားမသိ ကျွန်တော် အငြိမ်းစားယူခဲ့သည်အထိ ပြောင်းလဲခြင်းမရှိသေးတာ သတိထားမိပါတယ်။)

× × ×

"စခန်းမှူးကို ဗိုလ်လေးထွန်းတောက်နဲ့အဖွဲ့ တွေ့ခွင့်တောင်းပါတယ်"

"အေး . . . အေး၊ ဝင်လာခိုင်းလိုက်ရဲဘော်"

စခန်းကင်း အလှည့်ကျကင်း ရဲဘော်မှ စခန်းမှူးကို သတင်းပို့လိုက်ရာ စခန်းမှူးက ရုံးခန်းတွင်း ဝင်လာရန် ခေါ်လိုက်သည်။

"ဘယ်လိုလဲ ဆရာထွန်းတောက်၊ အခြေအနေကောင်းလား"

"ဟုတ်ကဲ့ စခန်းမှူး။ ဟောဒီမှာ သေသူရဲ့ သတင်းအချက်အလက်တွေ"

နယ်ထိန်းအရာရှိ ဒုရဲအုပ်ထွန်းတောက်သည် သူရရှိလာသော သေသူ၏ သတင်းအချက်အလက်များ ရေးမှတ်ထားသော စာရွက်ကို စခန်းမှူးထံ ပေးအပ်လိုက်သည်။

**သေသူ(အသတ်ခံရသူ)**

မောင်ညို(ခ)ငပွေး၊ (ဘ)ဦးချစ်၊ အသက်(၄၀)နှစ်၊ ဆင်ကူးကျေးရွာ။

ပြစ်မှုပုဒ်မ-၃၀၂ လူသတ်မှု၊ ထောင်ဒဏ် ၁၀ နှစ်။

**မှတ်ချက်** ။ လွန်ခဲ့သည့် ၁၀ နှစ်ကျော်က အသက် ၄၀ ဖြစ်၍ ယခု အသက် ၅၀ ဖြစ်သည်။

"ကဲ. . .ဆရာထွန်းတောက်၊ သေသူအမည်၊ နေရပ်၊ ဘာပြစ်မှုကြောင့် ထောင်ကျတယ်ဆိုတာ သိပြီမို့ တရားခံမိဖို့ မဝေးတော့ဘူးဆိုတာ မင်းသိပြီးသားပဲ။ ဒီအမှုကိုင်တွယ်စစ်ဆေးမယ်။ အမှုစစ်အရာရှိ ကျော်စွာနဲ့ ပူးပေါင်းဖော်ထုတ်ပေတော့။ လက်ရှိအခြေအနေကို ခရိုင်ရဲမင်းကြီးဆီ ဆက်လက်တင်ပြသတင်းပို့လိုက်မယ်။ မတော်လို့ တိုင်းရဲမင်းကြီးက မေးလာရင် လက်ရှိအခြေအနေကို တင်ပြထားတော့ ခရိုင်ရဲမင်းကြီးလည်း အေးအေးဆေးဆေး တင်ပြနိုင်တာပေါ့"

"ပဲ့ထောင်ဆက်သုံးခွင့်ပြုပါ စခန်းမှူး"

"ကောင်းပြီ၊ ဆက်သုံးပါ"

နယ်ထိန်းအရာရှိနှင့် အဖွဲ့သည် သတင်းကွင်းဆက်လိုက်ရန် သေသူ မောင်ညို (ခေါ်) ငပွေး၏ ဇာတိရွာဖြစ်သော ဆင်ကူးကျေးရွာသို့ ပဲ့ထောင်ဖြင့် ထွက်ခွာခဲ့ကြသည်။ (ရှေးက လမ်းပန်းဆက်သွယ်ရေး ယခုခေတ်လို မကောင်းသေး။ ဧရာဝတီတိုင်း၊ မြောင်းမြ မအူပင်၊ ဖျာပုံခရိုင်အတွင်း တစ်မြို့ကတစ်မြို့၊ တစ်ရွာကတစ်ရွာ သွားဖို့ဆိုရင် ရေလမ်းသာ အားထားရပြီး ပဲ့ထောင်အသုံးပြု၍ သွားရသည်။ ခရီးမတွင်၊ နှောင့်နှေးကြန့်ကြာသလို အန္တရာယ်လည်း များလှပါတယ်။ ပြန်မလော့မြစ်တွင်း ဖြတ်သန်းနေစဉ် လေနီကြမ်းများ ဝင်လာခဲ့ရင် သေဖို့သာပြင်လို့ ပြောရမယ် ထင်ပါတယ်။ ကျွန်တော် မြောင်းမြနဲ့ ဖျာပုံ၌ ခရိုင်ရဲတပ်ဖွဲ့မှူးတာဝန် ထမ်းဆောင်ခဲ့စဉ်က တစ်ကြိမ်ကြုံခဲ့ဖူးသော်လည်း သရဏဂုံ ဂုဏ်သုံးပါးနဲ့ မိဘဆရာသမားတို့ရဲ့ ဂုဏ်များ မပြတ်အောက်မေ့ဆည်းကပ် ပူဇော်ကန်တော့ခဲ့တဲ့ ကျေးဇူးကြောင့် ကျွန်တော်နဲ့ တပည့်များ စီးလာတဲ့ ပဲ့ထောင် လေနီကြမ်းအတွင်း မျောပါကာ လမုတော(ဒီရေတော)များပေါ် တင်ပြီး အသက်ဘေးက ကင်းလွတ်ခဲ့တာ ကျွန်တော်ကိုယ်တွေ့ကြုံဖူးခဲ့ပါတယ်။ အဲဒီအဖြစ်အပျက်ကို လည်း မုန်တိုင်းညအလွန်ဆိုတဲ့ ဝတ္ထုခေါင်းစဉ်နဲ့ ဝတ္ထုရေးသားတင်ပြခဲ့ပြီး ဖြစ်ပါတယ်။)

× × ×

"ဗိုလ်လေးထွန်းတောက်တို့ အဖွဲ့ပါလား။ မတွေ့တာ ကြာပြီနော်"

"ဟုတ်ကဲ့၊ မတွေ့တာကြာပြီဆို ခုတလော ကျူးဖားရေကျော်၊ ကညင်ချောင်း၊ ကျားကိုက်၊ ငွေအင်းစုဘက် လှည့်နေရတယ်။ အဲဒီဘက်က ကိစ္စတွေများနေတာကြောင့် ဒီဘက်မလှည့်ဖြစ်တာပါ ဥက္ကဋ္ဌ"



www.burmeseclassic.com

www.burmeseclassic.com

"ဦးကြင်ဥတို့အိမ် လူစုံနေပါလား"

"ဟုတ်တယ် ဗိုလ်လေး။ ရိုးရာ နတ်စားဖို့ ချက်ပြုတ်ပြင်ဆင်နေကြတာပါ"

"ဦးကြင်ဥရေ. . .ကျွန်တော်တို့ကံက ဒီအချိန်က စတက်ပြီထင်တယ်။ ရေကန်အသင့် ကြာအသင့် စားဖို့သောက်ဖို့ အသင့်ဆိုတာ ဒါမျိုးပဲ ထင်တယ်"

"ဟုတ်ပါတယ် ဗိုလ်လေး။ ဗိုလ်လေးတို့အဖွဲ့ကို စပယ်ရှယ်ကျွေးမွေးညှဉ့်ခံမယ့်အပြင် အိမ်သူစားဖို့ ဝက်သားများလည်း ပေးလိုက်ဦးမယ်"

"ကျေးဇူးကမ္ဘာ. . .ကျေးဇူးကမ္ဘာပါ ဦးကြင်ဥ"

ဆင်ကူးကျေးရွာဦးကြင်ဥအပါအဝင် ကျေးရွာသူရွာသားများနှင့် ရဲတပ်ဖွဲ့ဝင်များ ခင်မင်ရင်းစွဲရှိကြရာ စားဖွယ်သောက်ဖွယ်များ စားသောက်ကြရင်း စကားဝိုင်းဖွဲ့ဖြစ်ကြသည်။

"ဦးကြင်ဥရေ. .ကောင်းမှုကုသိုလ်အဖြစ် ဦးကြင်ဥတို့ရွာ နတ်စားတဲ့ပွဲမှာ မကောင်းသတင်းတော့ ပြောရတော့မယ်။ တာဝန်အရ ပြောရတဲ့စကားဆိုတာ သဘောပေါက်ပြီး ကျွန်တော့်ကို ပြောခွင့်ပြုပါဗျာ"

"ဟုတ်ကဲ့ ပြောပါဗိုလ်လေး"

"ဒါနချောင်းရွာအရှေ့ဘက် တာကြီးနဲ့ ကျေးရွာချင်းဆက် လမ်းကြားမှာ ဦးကြင်ဥတို့ ဆင်ကူးကျေးရွာသား မောင်ညို(ခေါ်) ငပွေးကို တစ်ချက်တည်းသော ဓားဒဏ်ရာနဲ့ သေနေတာ တွေ့လို့ ဒီရွာမှာ သူနဲ့ပြဿနာဖြစ်ဖူးတဲ့သူ ရှိမရှိ၊ ရှိရင် ဘယ်သူဘယ်ဝါဆိုတာ သိချင်လို့ ဦးကြင်ဥဆီ ကျွန်တော်တို့လာခဲ့တာပါ"

"အသတ်ခံရတာ . . .ဦးဘချစ်၊ ဒေါ်အုန်းမေသား ငပွေးလား"

"ဟုတ်ပါတယ် ဦးကြင်ဥ"

"အလကားကောင်၊ ဆန်ကုန်မြေလေး၊ လူယုတ်မာ၊ သေတာကောင်းတယ်"

"နေစမ်းပါဦး ဦးကြင်ဥ၊ ငပွေးက ဒီလောက်တောင် ဆိုးသလား"

"ဆိုးတာမှ လက်ကုန်ပဲ။ တကယ်တော့ သူ့ကိုသတ်တဲ့သူကို ဆုတောင်ပေးသင့်တယ် ဗိုလ်လေး"

"သူ့အကြောင်း နည်းနည်းပြောပြပါလား"

နယ်ထိန်းအရာရှိ ထွန်းတောက်သည် အမှုတစ်မှု တည်ဆောက်ရာတွင် ဟာကွက်မရှိအောင် တည်ဆောက်နိုင်မှ အမှုတရားစွဲတင်ရာတွင် တရားခံကို တရားရုံးက ထိုက်တန်တဲ့ ပြစ်မှုပေးနိုင်သည်ဆိုတာ သဘောပေါက်သည်။ ဒါကြောင့် အကြောင်းစုံသိရန် မေးမြန်းလိုက်ခြင်းဖြစ်ပါသည်။

"ဒီကောင်က ကျုပ်တို့ရွာမှာတော့ လူဆိုးပဲ။ ရွာက ကာလသားတွေက သတ်ချင်နေတာ ကြာပြီ။ ဒါပေမယ့် သူ့မိဘ ဦးဘချစ်၊ ဒေါ်အုန်းမေတို့ရဲ့ မျက်နှာ၊ သူ့အစ်မတွေဖြစ်တဲ့ သိန်းခင်နဲ့ သိန်းရင်တို့ မျက်နှာတွေထောက်ပြီး သည်းခံနေကြတာ စခန်းမှူး။ သူ့မိဘ၊ အစ်မတွေက အလွန်စိတ်ကောင်းရှိသလောက် ဒီကောင်က ဆိုးတယ်"

"ဒီကောင်က ဘာတွေဆိုးတာလဲဟင်"

"မိန်းမဆို အပျို၊ အအို မရွေးဘူး။ သူတစ်ပါးရဲ့ သမီးပျိုလေးတွေကိုလည်း အလစ်အငိုက် ကြံတတ်၊ စည်တတ်တယ်။ ရွာရုံးမှာ မကြာခဏ သူ့ပြဿနာ ရှင်းပေးရတယ်"

"ဦးကြင်ဥရယ်၊ ငပွေးဖြစ်ခဲ့တဲ့ကိစ္စတွေ နည်းနည်းပြောပြပါဗျာ"

"ရွာအနောက်ပိုင်းက ကျော်ရှိန်နဲ့ အပြန်အလှန်ရိုက်မှု ဖြစ်ဖူးတယ်။ ဖြစ်ရတဲ့အကြောင်းက ကျော်ရှိန်ညီမ ဆယ်ကျော်သက် အပျိုဖြန်းလေး ရွာထိပ်ကသဲချောင်းမှာ ရင်တွန်းတွန်းပြီး ငါးသေးငါးမွှား ရှာနေတာ လူလစ်ပြီအထင်နဲ့ မတော်မတရား ကြံစည်တာ လူတွေ့ပြီး အထမမြောက်ဘူး။ အဲဒီကိစ္စ ကျော်ရှိန်သိသွားပြီး အပြန်အလှန်ဖြစ်ကြတာ။ နှစ်ယောက်လုံး ထိပ်ပေါက်၊ ခေါင်းကွဲ ဖြစ်ကြတယ်။ ကျော်ရှိန်က ရဲတိုင်မယ်လုပ်တော့ ငပွေးမိဘ၊ အစ်မတွေက ငိုယိုတောင်းပန်ကြလို့ အမှုမဖြစ်ဘဲ ဒီကောင်လွတ်သွားတာ"

"နောက်တစ်ခါ . . .ဦးကုလား။ ဒေါ်မဖြူ သမီး မခင်ဥလေးကို သားမှတ်မှတ်၊ မယားမှတ်မှတ် ပေါင်းသင်းပါ့မယ်လို့ ကတိပြုပြီး လက်မထပ်ခင်ကတည်းက ဦးကုလားအိမ်ကို ဒီကောင် ဝင်ထွက်နေတယ်။ ကောင်မလေးမှာ မမွေ့လင့်ဘဲ ကိုယ်လေးလက်ဝန် ဖြစ်ကရော။ သူနဲ့ရတဲ့ကိုယ်ဝန် မဟုတ်ဘူးဆိုပြီး ရွာက အတော်ကြာကြာ ရှောင်သွားလိုက်တာ ကောင်မလေးနဲ့ မိဘတွေ အရှက်ကွဲတော့မလို့။ နောက်ဆုံး ရွာထဲက သူရင်းငှားကောင်လေးတစ်ယောက်နဲ့ ကျိတ်ပေးစားလိုက်ရတယ်"

www.burmeseclassic.com

"ဟာ…ဒီကောင် တော်တော်ဆိုးတဲ့ကောင်ပဲ"

"ဒါကြောင့် ဒီလူယုတ်မာ သေတာကောင်းတယ်လို့ ပြောတာပေါ့"

နယ်ထိန်းအရာရှိ မှတ်ချက်ပေး ပြောကြားသည့်အပေါ် ကျေးရွာဥက္ကဋ္ဌသည် သူပထမပြောကြားခဲ့ဖူးသည့် စကားကို ညွှန်း၍ပြောလိုက်သည်။

"ငပွေးကို တစ်ရွာလုံးက မစင်ကဲ့သို့ စက်ဆုပ်ရွံရှာပြီး သူ့မိသားစု တစ်စုလုံး ရွာက ထွက်ပြေးရတဲ့ကိစ္စ ပြောပြဦးမယ်"

"ဒီလိုဗျို့…ငပွေးတို့ခြံနဲ့ ဦးသံလုံးတို့ ခြံက ကပ်လျက်။ ဦးသံလုံးခြံထဲက အုန်းပင်ဟာ အုန်းလက်ခြောက်ပြီး ငပွေးတို့ခြံဘက်ကျတယ်။ အုန်းလက်က ငပွေးတို့အိမ်ခေါင်မိုးနဲ့ ထိသွားတယ်။ ဘာပြောကောင်းမလဲ၊ ငပွေးဆိုတဲ့ကောင် ဒေါသူပုန်ထပြီး သူ့အဖေလောက်ရှိတဲ့ ဦးသံလုံးကို ငါးနဲ့ခွတုတ်ဆဲတော့တယ်။ သူ့အဖေနဲ့ အစ်မတွေက တားလည်းမရဘူး။ အဆဲခံရတဲ့ ဦးသံလုံးက နာမည်ကသာ သံလုံး၊ အလွန်အေးဆေးပျော့ပျောင်းသူဆိုတော့ ဘာမှခွန်းတုံ့မပြန်ဘဲ သည်းခံရှာပါတယ်"

"သည်းခံလေ အနိုင်အထက်ပြုလေဆိုတဲ့အတိုင်း ငပွေးဟာ သူ့အိမ်က ပေါက်တူးတစ်လက်ယူလာကာ ဦးသံလုံးကို အိမ်ပေါ်တက်ပြီး ဆင့်ကာဆင့်ကာ ခုတ်သတ်လို့ ဦးသံလုံး သေပွဲဝင်သွားရှာတယ်"

"ဒါနဲ့ ဦးသံလုံးမှာ သားတစ်ယောက်ရှိဆို။ အဲဒီသားက ဝင်မကယ်ဘူးလားဗျာ"

"အဲဒီအချိန်က ဦးသံလုံးသား မောင်ဉာဏ်လင်းက ကိုးနှစ်သားပဲ ရှိသေးတယ်။ သူ့အဖေအဖြစ်ကို မျက်ဝါးထင်ထင်မြင်ပြီး သတိလစ်လဲနေတာ ပတ်ဝန်းကျင်ကလူတွေရောက်လာမှ နာနပ်ယူရတယ် ဗိုလ်လေး"

"ခု အဲဒီမောင်ဉာဏ်လင်း ဘယ်မှာရှိလဲ ဥက္ကဋ္ဌကြီး"

"အချင်းဖြစ်ကတည်းက စိတ်ကစဥ့်ကလျားနဲ့ ကြောင်တောင်တောင်ဖြစ်နေလို့ အင်းစိန်၊ ခဝဲခြံမှာရှိတဲ့ သူ့အဒေါ်ဆီ အပ်ထားပေးလိုက်တယ်"

"ကဲ…ကဲ၊ ထမင်းကောင်း၊ ဟင်းကောင်းတွေလည်း အလျှံပယ်ကျွေး၊ သိချင်တာတွေလည်း ပြောပြတဲ့ ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်ပါတယ်။ ဆက်လက်ဆောင်ရွက်ရမယ့် တာဝန်တွေ ရှိသေးတာမို့ ကျွန်တော်တို့အဖွဲ့ကို ခွင့်ပြုပါဦး"

× × ×

"စခန်းပြန်ရောက်ရင် ကျန်တဲ့လူတွေ နားကြတော့။ ငါနဲ့ မောင်တိုး ရန်ကုန်ကို ခရီးထွက်ဖို့ မြို့နယ်မှူးကြီးဆီက နယ်ကျော်ခရီးသွားခွင့်လက်မှတ်တောင်းပြီး မီရာလိုင်းကောင်နဲ့ တို့များ ခရီးဆက်မယ်။ ကြားလား ဆရာမောင်တိုး"

"ဟုတ်ကဲ့ ဗိုလ်လေး"

ယခင်က လက်ရှိကာလလို လမ်းပမ်းဆက်သွယ်ရေး မကောင်းသဖြင့် ကောက်ကာငင်ကာ ခရီးမသွားနိုင်။ အတော်အချိန်ယူရသည်။ ဖျာပုံမှ ရန်ကုန်သွားလိုရင် ပုသိမ်-ရန်ကုန် ခရီးစဥ်သွားသည့် လိုင်းကောင်ပာခေါ်သော နှစ်ထပ်သင်္ဘောကို ကျိုက်လတ်မှ စောင့်စီး၍သွားရသည်။ ဤအစီအစဥ်အတိုင်း နယ်ထိန်းအရာရှိနှင့် နယ်ထိန်းတပ်ကြပ် မောင်တိုးတို့ ခရီးထွက်လာခဲ့ရာ နံနက် ၈ နာရီခန့်တွင် ရန်ကုန်၊ လမ်းမတော် ဆိပ်ကမ်းသို့ ရောက်ရှိပြီး ဆိပ်ကမ်းမှ တစ်ဆင့် အငှားကားဖြင့် မောင်ဉာဏ်လင်းအဒေါ်အိမ် အင်းစိန်၊ ခဝဲခြံသို့ ရောက်ခဲ့သည်။

"ဒါ ဆရာမ ဒေါ်---- အိမ်ပါလားခင်ဗျာ"

"ဟုတ်ပါတယ်ရှင့်၊ ဘယ်သူနဲ့တွေ့ချင်လို့လဲ"

"မောင်ဉာဏ်လင်း"

"ဩော်…ကျွန်တော့်ညီသည်တွေပဲ။ လာ…လာ၊ အိမ်ထဲဝင်ပါ ဆရာတို့။ ကျွန်တော် ဉာဏ်လင်းပါ။ တစ်နေ့ ဆရာတို့ ရောက်လာမယ်ဆိုတာ ကျွန်တော်တွက်ပြီးသား။ ဒီလောက် မြန်မြန်ဆန်ဆန် ရောက်လာမယ်တော့ ထင်မထားဘူး"

"ဘာတွေ ဘယ်လိုဖြစ်ကုန်တာလဲ ကိုဉာဏ်။ ဒေါ်လေးကို ပြောပြပါဦး"

"သား ၁၅ နှစ်သားလောက်တုန်းက အပါး(အဖေ)ရန်ကြွေးကို ကျွန်တော် ဆပ်ဖြစ်အောင် ဆပ်မယ်လို့ပြောတော့ ဒေါ်လေးက ရန်ကို ရန်ချင်း မတုံ့နှင်းရဘူးလို့ ပြောတာ ဒေါ်လေးမှတ်မိလား"

"မှတ်မိတာပေါ့ကွယ်။ အဲဒါ…အဲဒါ ဘာဖြစ်လဲ။ ဒေါ်လေး ရင်တုန်လွန်းလို့ မြန်မြန်ပြောပြပါကွယ်"

"ပြီးခဲ့တဲ့ တစ်ပတ်က ကျွန်တော် ရွာခဏပြန်မယ်လို့ပြောပြီး သွားတာ



www.burmeseclassic.com

www.burmeseclassic.com

ရွာပြန်တာမဟုတ်ဘူး ဒေါ်လေး။ အမျိုးယုတ် ငပွေးကို အပြတ်ရှင်းဖို့ ဒါနချောင်းရွာကို သွားတာ။ ခု ကျွန်တော့်ဆန္ဒ ပြည့်ပြီ"

"အလို..ဘုရား...ဘုရား"

"ငပွေးကို သတ်မှုနဲ့ ကျွန်တော့်ကို ဖမ်းဖို့ ဆရာတို့ရောက်လာမယ်ဆိုတာ ကျွန်တော်ကြိုတွက်ပြီးသားပါ။ ကျွန်တော် ငပွေးဆိုတဲ့ လူယုတ်မာကို သတ်ခဲ့ပါတယ်။ သက်သေခံဓားကတော့ တာကြီးဘေးမှာ ဝှက်ထားခဲ့တယ်။ ကျွန်တော် ဓားဝှက်ထားတဲ့နေရာကို ပြပါ့မယ်။ ကဲ...ကဲ၊ ကျွန်တော့်ကိုဖမ်းပါ"

ထိုနေ့က နယ်ထိန်းအရာရှိ ဒုရဲအုပ်ထွန်းတောက်နဲ့ တပ်ကြပ်မောင်တိုးတို့ တစ်လုံးတစ်ပါဒမျှ စစ်ဆေးမေးမြန်းခြင်းမပြုရဘဲ လူသတ်မှုတရားခံကို အလွယ်တကူ ဖမ်းဆီးနိုင်ခဲ့သည်။ တရားခံကိုယ်တိုင် သူ့လုပ်ရပ်ကို ဒိုးဒိုးဒေါက်ဒေါက်ပြောကာ အဖမ်းခံခြင်းဖြစ်၍ နယ်ထိန်းအရာရှိ ဒုရဲအုပ်ထွန်းတောက်နှင့် တပ်ကြပ်မောင်တိုးတို့ စကားတစ်လုံး တစ်ပါဒမျှ မပြောလိုက်ရခြင်း ဖြစ်သည်။

× × ×

ရန်ကုန်က ဖျာပုံပြန်ဖို့ ရန်ကုန်-ပုသိမ်လိုင်းကောင်း (နှစ်ထပ်သင်္ဘော) ကိုပဲ စီးရသည်ဖြစ်ရာ ကျွန်တော်တို့နဲ့ တရားခံဉာဏ်လင်း ညနေ ၄ နာရီ ပုသိမ်ထွက်မယ့် သင်္ဘောပေါ်သို့ အချိန်ကိုက် ရောက်ဖြစ်ကြပါတယ်။ သင်္ဘောပေါ်ရောက်တော့ နေရာအတည်တကျယူပြီး သိချင်နေတာလေးကို မေးဖို့ စကားစလိုက်ပါတယ်။

"ငါ့ညီ မောင်ဉာဏ်လင်း။ ညနေစာ စားဖို့ လမ်းမတော်သင်္ဘောဆိပ်က သုံးယောက်စာ ကြက်သားဟင်း၊ ငါးပိကြော်၊ သရက်သီးသုပ်နဲ့ ထမင်းသုံးထုပ် အစ်ကို ဝယ်ခဲ့တယ်။ ဆာရင် အားမနာနဲ့ စား။ အစ်ကိုတော့ ခရိုင်ရဲမင်းကြီးထံ မြို့နယ်မှူးကတစ်ဆင့် တင်ရမယ့် အစီရင်ခံစာအတွက် ရည်ညွှန်းနိုင်အောင် အမှုမှတ်တမ်းရေးလိုက်ဦးမယ်"

"ကျေးဇူးတင်ပါတယ် ဆရာ။ ကျွန်တော် မဆာသေးပါဘူး"

"ဒါဆိုလည်း ခဏနေ အတူတူ စားကြတာပေါ့"

"ဟုတ်ကဲ့"

"ဒါနဲ့ မောင်ဉာဏ်လင်း၊ ငပွေးဆိုတဲ့ကောင် ဒါနချောင်းရွာ ကျေးရွာချင်းဆက်လမ်းက လာမယ်ဆိုတာ ဘယ်လိုသိတာလဲဟင်"

"ဒါက ဒီလိုပါ။ တစ်နေ့ အင်းစိန်ဘူတာမှာ ဖျာပုံထောင်ကလွတ်လာတဲ့ ကျွန်တော်တို့ရွာသားနဲ့ တွေ့တယ်"

"ဒီမှာ...ဒီမှာ၊ ငါ့ညီက ဆင်ကူးရွာက ဦးသံလုံးသား ဉာဏ်လင်းလား"

"ဟုတ်ကဲ့"

"ငါ အနောက်ပိုင်းမှာနေတဲ့ သိန်းကျော်လေ၊ မှတ်မိလား"

"ဟာ...အစ်ကိုသိန်းကျော်၊ အစ်ကိုသိန်းကျော် မှတ်မိတာပေါ့ဗျာ။ အစ်ကိုက ဘယ်ကလာပြီး၊ ဘယ်ကို သွားမှာလဲဟင်။ ကျွန်တော်က ရုတ်တရက် အစ်ကို့ကို မမှတ်မိဘူး။ အနောက်ပိုင်းကလို့ ပြောလိုက်တော့မှ မှတ်မိတာ"

"အေး...ငါလည်း မင်းကို မမှတ်မိဘူး။ ငါ့ညီက ဟိုတုန်းကလို ကလေးမှ မဟုတ်တော့ဘဲ။ တောင့်တောင့်တင်းတင်းနဲ့ ယောက်ျားရင့်မကြီးတောင် ဖြစ်နေပြီပဲ။ မင်းကိုတွေ့တော့ မင့်အပါး (အဖေ) ဦးသံလုံးကို သတိရတယ်ကွာ။ မင့်ကို မင့်အဒေါ်က စောင့်ရှောက်ထားတယ်လို့ ရွာထဲက တစ်ဆင့်ကြားတော့ စိတ်မကောင်းတဲ့ကြားကပဲ ဝမ်းသာပါတယ်။ မင့်အဖေအကြောင်း ပြောမိတော့ သတိရလို့ ပြောရဦးမယ်။ လွန်ခဲ့တဲ့က ၁၀ နှစ်က မင့်အဖေကို ပြဿနာရှာခဲ့တဲ့ ငပွေး ရှေ့လဆန်း ၁၀ ရက်မှာ ဖျာပုံထောင်က လွတ်တော့မယ်။ ထောင်ကလွတ်ရင် တို့ဆင်ကူးရွာကို မပြန်တော့ဘဲ သူ့အစ်မတွေ ပြောင်းနေတဲ့ ဒါနချောင်းရွာ သွားမယ်ပြောတယ်"

"ဒီကောင်လည်း ရွာတုန်းက ဆိုးသလောက် အတွင်းရောက်တော့ နောင်ကြဉ်သွားထင်ပါရဲ့ ငြိမ်ကုပ်သွားတယ်။ မငြိမ်လို့လည်း မရဘူး။ အားလုံးဝိုင်းသမပြီး ဆွမ်းကြီးလောင်းကြမှာလေ"

"ကဲ...ငါ့ညီ၊ ရွာကိုလည်း လာလည်ဦး။ သွားဦးမယ်နော်"

"အစ်ကိုသိန်းကျော်နဲ့ မမျှော်လင့်ဘဲ တွေ့တဲ့နေ့ကစပြီး ဒါနချောင်းရွာ တာကြီးဘေးက ဓားသွေးအားမွေးရင်း ကျွန်တော်စောင့်နေခဲ့တာ။ စောင့်ရကျိုးနပ်တယ်။ ကျွန်တော့်ဆန္ဒပြည့်ပြီ။ ဒီငပွေးဆိုတဲ့ လူယုတ်မာ ခြေရာဖျောက်ပြီး လစ်ပြေးဖို့ကြံတာ ကျွန်တော့်လက်က ဒီကောင်ဘယ်လွတ်မလဲ ဆရာရယ်"

ဝင်းသောင်(ရမည်းသင်း)

www.burmeseclassic.com

www.burmeseclassic.com

# သံမဏိနှလုံးသားမှ စီးဆင်းလာသော စမ်းရေ

## ခင်မောင်ထွန်း(လမ်းမတော်)

စာရေးသူ၏ အလုပ်စားပွဲရှေ့ရှိ ကုလားထိုင်တွင် ထိုင်နေသော မိခင်အရွယ် အလယ်တန်းကျောင်းအုပ် ဆရာမကြီး အငြိမ်းစား ဒေါ်ဒေါ်စောကို မြင်ရသည်မှာ လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်က စာရေးသူတို့ ဇာတိ ချက်ကြွေ မွေးရပ်မြေတွင် တွေ့ခဲ့ရသော ဆရာမကြီး ပုံသဏ္ဌာန်နှင့် မတူလောက်အောင် ပြောင်းလဲသွားခဲ့သည် ကို တွေ့မြင်ရသောကြောင့် များစွာစိတ်မကောင်း ဖြစ်မိပါ တယ်။

ဇရာထောင်း၍ ဆံဖြူ၊ သွားကျိုး၊ ပါးရေတွန့် သည်သာမက ယခင်က တပည့်များအပေါ် စေတနာဖြင့် တက်ကြွစွာ ပညာသင်ကြားခဲ့ပုံသဏ္ဌာန်များနှင့် တခြားစီ ဖြစ်နေကြောင်း သတိပြုမိပါတယ်။ မျက်ဝန်းမှာလည်း မျက်ရည်များနှင့် စိတ်သောကရောက်နေပုံရပါတယ်။

"ဆရာမကြီး ကျွန်တော် ဘာကူညီရမလဲ ပြောပါ ခင်ဗျာ"

"မောင်မောင် ငါ့ကို ဆရာမကြီးလို့ မခေါ်ပါနဲ့၊ အခု ငါ ဆရာမကြီး မဟုတ်တော့ဘူး၊ ငါက မင်းအမေနဲ့ ငယ်သူငယ်ချင်းတွေပါ၊ ဒေါ်ဒေါ်လို့ပဲ ခေါ်ပါ"

"ဟုတ်ကဲ့ ပြောပါ ဒေါ်ဒေါ်"

"ငါက မင်းဆီကို တော်တော့်မေးပြီးမှ လာခဲ့ရ တာ၊ မင်းသူငယ်ချင်း ကိုစိုးက နိုင်ငံခြားမှာ မိသားစုနဲ့ အလုပ်သွားလုပ်နေတယ်၊ အငယ်ကောင် ကိုဖြိုးက ဝန်ကုန်

www.burmeseclassic.com

မှာပဲ နေတယ်၊ သူက အိမ်ထောင်မပြုသေးတော့ ဒေါ်ဒေါ်လည်း နယ်ကအိမ်တွေ ခြံတွေရောင်းပြီး သူနဲ့ လာနေတယ်"

"ဟုတ်ကဲ့ ဒေါ်ဒေါ် ကျွန်တော် ကြားမိပါတယ်၊ ဒါပေမဲ့ အလုပ်များနေတာနဲ့ မရောက်ခဲ့ပါဘူး"

"အေး အခုလာတာက မင်းဆီကို အကူအညီတောင်းချင်လို့ မင်းက ရဲအရာရှိဆိုတော့ ငါ့ကို ကူညီနိုင်မယ်ထင်လို့ပါ"

"ပြောပါ ဒေါ်ဒေါ် ဘာကူညီရမလဲ၊ ကျွန်တော်တို့ ရဲတပ်ဖွဲ့က ကူညီပါရစေဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကူညီနိုင်တာ ကူညီမှာပါ"

"ဒီလိုကွ မင်းညီ ကိုဖြိုးက လူပျိုလူလွတ်၊ စားသောက်ဆိုင် ကာရာအိုကေ ဆိုင်ပိုင်ရှင်ဆိုတော့ အပေါင်းအသင်း အဆက်အသွယ်များတယ်၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကစပြီး လူလည်း ပိန်လာတယ်၊ မူးယစ်ဆေး သုံးတယ်လို့ ဒေါ်ဒေါ် ထင်ရတယ်၊ ဒေါ်ဒေါ်လည်း စောင့်ကြည့်ခဲ့ပါတယ်၊ မူးယစ်ဆေးလို့ မသင်္ကာစရာ ဘာပစ္စည်းမှတော့ အိမ်မှာမတွေ့ဘူး။ သူက သူများပေးတဲ့အကြောင်း နောက်ကို မလုပ်တော့ကြောင်း ဝန်ခံခဲ့ဖူးတယ်၊ ဒါပေမဲ့ ခဏပဲ၊ ပြန်ဆက်သုံးတယ်ထင်တယ်၊ နားလည်သူတွေနဲ့ ဒေါ်ဒေါ် တိုင်ပင်ပြီး ဆေးဖြတ်ဖို့ ကြိုးစားကြည့်ခဲ့ဖူးတယ်၊ ဒါပေမဲ့ ခဏပဲ၊ မကြာခင် ဆက်သုံးတော့ ကြာရင် သူ့အသက်ဆုံးမှာအထိ စိုးရိမ်လာရတယ်"

မိခင်အိုကြီးတစ်ယောက် သားအပေါ် ပူပင်နေမှုအတွက် ဆက်တိုက်စကားပြောလိုက်ရ၍ မောသွားပုံရပါတယ်၊ ရေသန့်ပုလင်းမှ ရေကို ဖန်ခွက်နဲ့ထည့်၍ သောက်စေပါတယ်။

"အေးကွယ် သာဓု သာဓု သာဓု"

"ဆက်ပြောပါ ဒေါ်ဒေါ်"

"အဲဒီကိစ္စ ဒေါ်ဒေါ် ခံစားနေရပါတယ် မောင်မောင်ရယ်၊ သူ့ကို ဆေးပြတ်အောင် မင်းတို့ ဥပဒေအဆုံးအမနဲ့ အရေးယူပေးပါလား၊ ဒါမှ သူ ပြတ်သွားမှာပါ"

စာရေးသူ ပါးစပ်အဟောင်းသားနှင့် အထူးပင် အံ့သြမိပါသည်။ သားကို ဥပဒေအရ အဆုံးအမပေးရန် ပြောလာသော ရှားပါးလှသည့် တိကျပြတ်သားသော မိခင်ကြီး၊ သားအပေါ် ပူပင်သောကရောက်နေသော မိခင်ကြီး၊ အသက်(၈၀)ကျော်သည့်တိုင် အချစ်ကြီးစွာဖြင့် စိုးထိတ်ပူပင်မှုရှိသော မိခင်မေတ္တာကို သတိထားမိလိုက်ပါတယ်။

"ဒေါ်ဒေါ် တကယ်ပြောတာလား"

"ဟုတ်တယ် သားမောင်မောင်၊ သူ့ကို ဘယ်လိုမှ ဆေးပြတ်အောင် လုပ်လို့မရတော့ဘူး၊ ဥပဒေနဲ့ အရေးယူပြီး နိုင်ငံတော်က ဖွင့်ထားတဲ့ ပြန်လည်ထူထောင်ရေးစခန်းတွေပို့ပြီး ဖြတ်ပေးမှ ရမယ်ဆိုတာ ဒေါ်ဒေါ် လေ့လာသိရတယ်၊ ဒီနည်းမှ ဒေါ်ဒေါ် မသုံးရင် သူ့အသက်တိုလိမ့်မယ်၊ လုပ်ပေးပါ သားမောင်မောင်ရယ်"

ဒေါ်ဒေါ် မျက်စိမှိတ်မသွားခင် သူ့ကို မူးယစ်ဆေးဝါးသားကောင် မဖြစ်စေချင်ဘူးကွယ်။

စာရေးသူ လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်က ဇာတိမြို့တွင် နေခဲ့စဉ်က ဆရာမကြီးအိမ်နှင့် စာရေးသူတို့အိမ်က မျက်နှာချင်းဆိုင် တစ်ရပ်ကွက်တည်း၊ စာရေးသူ၏ မိခင်နှင့် ဆရာမကြီးက ငယ်စဉ်ကတည်းက သူငယ်ချင်းတွေ၊ ကြီးပြင်းလာတော့ ကျောင်းနေဖက်တွေ ဖြစ်ကြပါတယ်။ ဆရာမကြီးက စိတ်ဓာတ်မာကျော၍ ပြတ်သားသူဖြစ်ပါတယ်။ တစ်ရက်တွင် ဆရာမကြီးသားနှစ်ယောက် စာကျက်ချိန် စာမကျက်ဘဲ အလည်လွန်နေရာမှ ပြန်လာခဲ့လို့ လမ်းမပေါ် ဆွဲထုတ်ပြီး ရှိုက်နှက်ဆုံးမရာတွင် 'ငါက ဆရာမ၊ မင်းတို့က ဆရာမသားတွေ ငါက ကျောင်းသားတွေ ရာချီပြီး စည်းကမ်းရှိအောင် စာတတ်ပေတတ်ဖြစ်အောင် သင်ပေးနေတယ်၊ မင်းတို့က စည်းကမ်းဖောက်လာတော့ ငါက ဒီလိုရိုက်ရမယ်' ဟု ပြောကာ သားနှစ်ယောက် ငယ်သံပါအောင် အော်ငိုသည်အထိ အရိုက်ခံရပါတယ်။ နောက်ပြီး မေ့မရတဲ့ ဆရာမစကားက မင်းတို့



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်မှ ပညာတတ်တွေဖြစ်အောင် ဆုံးမပြီး မသင်နိုင်ရင် ငါ့ကိုယ်ငါ သတ်သေမယ်ကွ’ တဲ့၊ စာရေးသူ သတိရမိလာပါတယ်။

“ဟုတ်ကဲ့ ဒေါ်ဒေါ် ကျွန်တော် တာဝန်ရှိသူတွေနဲ့ တိုင်ပင်ပြီး ဆောင်ရွက်ပေးပါ့မယ်၊ မောင်ဖြိုး ဆေးသုံးတဲ့အချိန် ဒေါ်ဒေါ် ကျွန်တော့်ကို ဖုန်းဆက်လိုက်ပါ”

“အေး ငါ ဆက်ဆက် မင်းကို ဖုန်းဆက်မယ်”

ဒေါ်ဒေါ် ပြန်သွားပါတယ်၊ ဩော် မိခင်ကြီးတစ်ယောက် အိုကြီး အိုမ ဖြစ်နေတာတောင် သားအတွက် ပူဆွေးသောက ဖြစ်နေဆဲ၊ ကြီးမားလှသော မိခင်မေတ္တာ၊ တုနှိုင်းမရသော မိခင်မေတ္တာကို တွေးတောနေမိပြန်ပါတယ်။

တစ်ပတ်ခန့်အကြာ ဒေါ်ဒေါ် အဆက်အသွယ် သတင်းပေးမှုကြောင့် ရဲတပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်း ရှာဖွေကြပါတယ်။ သုံးစွဲသောပုံရပါတယ်။ မောင်ဖြိုးကို ဆေးစစ်ကြည့်တော့ မူးယစ်ဆေး သုံးစွဲကြောင်း ပေါ်ပေါက်ခဲ့လို့ ဥပဒေဖြင့် ထောင်ကျသွားပါတယ်။

လာရောက်ရှာဖွေ ဖမ်းဆီးခဲ့သော ရဲအရာရှိများ ရှေ့တွင်ပင် ဒေါ်ဒေါ်က -

“မောင်ဖြိုး မင်းဘဝ ကောင်းစားဖို့အတွက် ငါကိုယ်တိုင် ရဲအရာရှိတွေ အကူအညီတောင်း၊ သတင်းပေးခဲ့တာ၊ မင်းကိုချစ်လို့ပဲ၊ မင်း ဥပဒေအဆုံးအမနဲ့ ပြုပြင်ခဲ့ပါ၊ မင်း လူကောင်းဖြစ်လာတာကို အမေ မသေခင် မြင်ချင်တယ်၊ ငါစောင့်နေမယ်”

ဟု ပြောပြီး ငိုချလိုက်ကြောင်း သိရပါတယ်။

မောင်ဖြိုး ပြစ်ဒဏ်ခံနေရစဉ် ဒေါ်ဒေါ်စောတစ်ယောက် ရန်ကုန်ဆေးရုံကြီး အထူးကုသဆောင်၌ တက်နေရကြောင်း သူငယ်ချင်းမောင်ဖြိုး၏အစ်ကို မောင်စိုး နိုင်ငံခြားမှ ပြန်လာပြီး စာရေးသူကို လာပြော၍ လိုက်သွားကြည့်ခဲ့ပါတယ်။ ဒေါ်ဒေါ်က ဆေးရုံခုတင်ပေါ်မှာ မျက်လုံးကို အားယူဖွင့်လိုက်ပြီး -

“သား မောင်မောင် မောင်ဖြိုးက အမေ့ကို ခုလို လုပ်ရမလားဆိုပြီး အမေ့ကို စိတ်ဆိုးစိတ်နာနေတယ်၊ သူ့ကို သွားတွေ့တာ အတွေ့မခံဘူး၊ သူကောင်းအောင် ဒေါ်ဒေါ် နောက်ဆုံးပြုပြင်ခဲ့တဲ့နည်းပါ၊ သူ လူကောင်းတစ်ယောက် ပြန်ဖြစ်လာရင် အမေ့ရဲ့မေတ္တာကို နားလည်လာမှာပါ၊ မင်းတို့ရဲတွေကိုလည်း ကျေးဇူးတင်ပါတယ်”

စာရေးသူ စိတ်မကောင်းစွာနဲ့ ပြန်ခဲ့ပါတယ်။

တစ်ပတ်လောက်ကြာတော့ ဒေါ်ဒေါ် ကွယ်လွန်သွားခဲ့ပါတယ်။

“မောင်ဖြိုး ဆရာမကြီး မင်းအမေဟာ ငယ်စဉ်က တို့အပါအဝင် တပည့်တွေကို ပြတ်ပြတ်သားသား ဆိုဆုံးမပြီး လမ်းခင်းပေးခဲ့တယ်၊ မင်းတို့ ညီအစ်ကိုကို ဆုံးမခဲ့တာတွေလည်း ငါသတိရမိတယ်၊ တို့နိုင်ငံသူ နိုင်ငံသားတွေလည်း မင်းအမေလို ပြတ်သားပြီး ဥပဒေကို အားကိုးသူတွေ၊ မင်းလို နိုင်ငံတော်က ပြုပြင်မှုကို အသိတရားနဲ့ ခံယူပြီး လူသစ်စိတ်သစ် ဖြစ်လာတဲ့ လူတွေ ဖြစ်လာကြရင် နိုင်ငံတော်ကြီးဟာ ‘မူးယစ်ကင်းစင်သော နိုင်ငံ’ မကြာခင် ဖြစ်လာတော့မှာ သေချာပါတယ်”


သင်ခန်းစာယူနိုင်ကြပါစေဟု. . . ။

**ခင်မောင်ထွန်း(လမ်းမတော်)**



www.burmeseclassic.com

www.burmeseclassic.com



# သံသရာ

ဝေး(ရောဝတီ)

ရုံးတစ်ရုံးမှ စာရေးကြီး ကိုရွှေထူးတစ်ယောက် ...

ညကာသအစချီကာ ဘုရားကန်တော့၊ ငါးပါးသီလယူ၊ ဂုဏ်တော်ပုတီးစိပ် အားလုံးပြီးတော့ နံနက် ၇ နာရီခွဲ။ ဒီအလုပ်က နံနက်စောစောထပြီး နေ့စဉ်မပျက် လုပ်နေကျ။ ပြီးမှ အဆာပြေစား။ ရုံးသွား။ ရုံးပိတ်ချိန်မှလွဲ၍ ဒါနေ့စဉ်ဝတ္တရားတစ်ခု။

ဒီနေ့တော့ ဘုရားဝတ်ပြုအပြီး စောင့်နေသော ဇနီးမသိတာက ...

"ကိုရွှေထူး၊ အဆာပြေ ဘာနဲ့စားမှာလဲ။ ထမင်းကြော်လား၊ မုန့်တီလား"

"ဩ ...ဩ ...ဒီနေ့ လက်ဖက်ရည်ပဲသောက်မယ်"ဟုပြောပြီး ဈေးသွားဖို့ပြင်နေသော သမီးငယ်ကို တစ်ခါက်တည်း မှာသည်။

"သမီးငယ် လမ်းထိပ်က 'စေတနာ'ဆိုင်က ဝယ်နော်။ အဲဒါကြာ ကွေးပါဝယ်"

"ဟုတ်"

ခဏကြာ သမီးငယ်ပြန်လာပြီး လက်ဖက်ရည်သောက်ဖို့ ပြင်တုန်းရှိသေး မီးဖိုဆီမှ အိမ်ရှင်မအသံစာစာကြောင့် နားစွင့်လိုက်တော့ ...

"ဟဲ့ ... သမီးငယ် နင့်တစ်ထောင်တန်က အနောက်ဘက်မှာ တိပ်တွေကပ်လို့။ နှုတ်ခမ်းတွေလည်း စုတ်ပြတ်လို့။ ဘယ်လိုသုံးရမှာလဲ။ ဒီကလေး နမော်နမဲ့နဲ့နော် ...ဟင်း"

၅၀၀၀ တန်ဖြင့် လက်ဖက်ရည်ဝယ်ခိုင်းရာ ပြန်အမ်းငွေ ၁၀၀၀ တန်တစ်ရွက် စုတ်ပြတ်နေ၍ မသိတာက သမီးငယ်ကို ဆူနေခြင်းပင်။

"သမီး အမှတ်တမဲ့ ဖြစ်သွားတယ် မေမေ။ ပိုင်ရှင်က အစုတ်ကို အကောင်းကြားထဲ ညှပ်ပြီးပေးလိုက်တာ။ သိလျက်နဲ့ တမင်လုပ်တာနေမှာပေါ့။ ဟွန်း ... ဒါနဲ့များ ဆိုင်နာမည်က 'စေတနာ'...တဲ့"

သမီးငယ်က ရှင်းပြရင်း မကျေမနပ်ပြောသည်။

"သွား ...သမီးငယ် ...ပြန်လဲ"

ကိုရွှေထူးလည်း မနေနိုင်။ ဝင်ပြောမိသည်။ ဇနီးသည်က

"ရှင်ကလည်း၊ အဲဒီဆိုင်မှာ ပြန်အမ်းငွေ ဆိုင်မှမထွက်ခင် စစ်ယူပါလို့ ရေးထားတယ်လေ"

ဆိုင်တွင်းမှာ ပြန်မစစ်မိတာ ကိုယ့်အပြစ်။ မသိတာက ပွစိပွစိ ပြောလို့ ၁၀၀၀ တန်ဖြစ်နေ၍ နမြောစိတ်ဖြင့် ကိုရွှေထူး စိတ်တိုမိသည်။

"လူတွေက ဒီလိုပဲ ကံငါးပါးကို လုံအောင်မထိန်းဘူး။ ဒါ လိမ်ခြင်းတစ်မျိုးပေါ့။ အစုတ်မှန်းသိလျက်နဲ့ ကိုယ့်လက်ကလွှတ် ပြီးရောဆိုပြီး လိမ်ကြ ညာကြ။ ဒီသုံးမရတဲ့ ပိုက်ဆံက တစ်ဆင့်တစ်ဆင့် လူဘယ်နှယောက်တောင် လိမ်ပြီးခဲ့ပြီးပြီလဲ မသိဘူး။ ဒီပိုက်ဆံက ... ရန်ကုန်–မန္တလေးအနှံ့ ရောက်ချင်ရောက်သွားမယ်။ သြော် ... မုသာဝါဒကျူးလွန်သူတွေ"

၁၀၀၀ တန်အစုတ်၏ သံသရာကို စဉ်းစားရင်း ကိုရွှေထူး စိတ်ကူးရသည်။

"ပေး ...ပေး ...အဲဒီပိုက်ဆံ။ ငါဒီနေ့ ဆေးဝယ်စရာရှိတယ်။ အဲဒီပိုက်ဆံ ညှပ်သုံးလိုက်မယ်။ ရတော့လည်း အမြတ်ပေါ့"

ကိုယ့်ပိုက်ဆံ အရင်းထဲမှ သုံးမရသည့် အစုတ်ပါလာ၍ ရှုံးနေခြင်းကို သုံးရလျှင် အမြတ်ဟု ထင်ရှာသော ကိုရွှေထူးမှာ ကျောင်းသွားဖို့ ပြင်ပြီး ထွက်လာသော သမီးကြီး စကားကြောင့် သတိသံဝေဂ ရသွားရသည်။

"ဟင် ...ဖေဖေကလည်း ငါးပါးသီလယူထားပြီး တခြားလူတွေကို ထပ်လိမ်ဦးမလို့လား။ အလိမ် သံသရာ ဘယ်တော့ဆုံးမှာလဲ"တဲ့။

ဝေး(ရောဝတီ)

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ဂြိုဟ်မွှေတဲ့ ထိုစနေ

## တာတေကြီး

ကျွန်တော်သည် အလုပ်ပိတ်ရက် စနေနေ့ ဖြစ်သဖြင့် သူငယ်ချင်းတစ်ယောက်အိမ်သို့ သွားမည်ဟု ရည်ရွယ်ကာ အိမ်မှထွက်ခဲ့သည်။ လမ်းရောက်မှ မမျှော်လင့်ဘဲ မိုးရွာချရာ ထီးမပါသဖြင့် မိုးရေထဲ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ရောက်အောင် ပြေးရသည်။ ဆိုင်နာမည်က 'တိုး' ကဖီး။

လက်ဖက်ရည်ဆိုင်ထဲထိုင်ပြီး မသောက်ချင်သော်လည်း လက်ဖက်ရည်တစ်ခွက် မှာသောက်လိုက်၏။ ထိုစဉ် မိန်းမလှလေးတစ်ယောက် ဆိုင်ထဲဝင်လာသည်ကို သတိပြုမိလိုက်သည်။ ထိုမိန်းမလှလေးသည် စားပွဲလွတ်များစွာရှိပါလျက် ကျွန်တော် ထိုင်နေသည့် စားပွဲကိုမှ ရောက်လာသည်။ ပြီး မျက်နှာချင်းဆိုင်ခုံကို ဆွဲထိုင်လိုက်သည်။

"နိုင်နိုင် ဘာကြောင်ကြည့်နေတာလဲ၊ တော်ပါသေးရဲ့ တွေ့လို့၊ ရော့ ဒီတိတ်ယူထား အရေးကြီးတယ်နော်"

"နေပါဦး"

"နေလို့မရဘူး နိုင်နိုင်၊ ထားမှာ အန္တရာယ်ဝိုင်းနေပြီ သွားမယ်"

ထားဆိုသော မိန်းမလှလေးကမန်းကတန်း ထွက်သွားရာ ကျွန်တော်သူ့ကို လှမ်းခေါ်၍လည်း အကြောင်းထူးတော့မည် မဟုတ်ပေ။ လက်ထဲရှိ တိတ်ကို ကြည့်လိုက်သည်။ ဗီဒီယိုရိုက်ခွေတိတ်အသေးလေး အမျိုးအစားကဆိုနီ။

ကျွန်တော်လည်း ဘာမှန်းမသိဘဲ အပေါ်အင်္ကျီဘေးအိတ်ထဲ ထည့်ထားလိုက်သည်။ ထိုစဉ် လူနှစ်ယောက် ဆိုင်ထဲဝင်လာကာ ဟိုဟိုဒီဒီ ကြည့်သည်။ တစ်စုံတစ်ယောက်ကို ရှာဖွေနေသည့်ပုံစံ။ ဖြစ်နိုင်ချေရှိသည်ကတော့ ထားဆိုသော မိန်းမချောကိုပင် ဖြစ်မည်။

ဆိုင်ထဲတွင် လက်ဖက်ရည်သောက်နေသူ သုံးလေးဦးသာရှိရာ မိန်းကလေးဆို၍ တစ်ယောက်မှ မပါသဖြင့် ချက်ချင်းပြန်လှည့်ထွက်သွားကြသည်။ သူတို့နှစ်ယောက်က မည်သူနည်း။ ထားဆိုသူကရော။ ကျွန်တော်သည် ပဟေဠိတစ်ပုဒ်ကို တွက်ဆနေမိသည်။

ဘာပဲပြောပြော ကျွန်တော်ကိုယ်တိုင် အပျော်တမ်း သတင်းထောက်ဖြစ်သဖြင့် ထူးခြားဆန်းကြယ်မှုရှိလျှင် စိတ်ဝင်စားရာ အပြင်ဘက်ထွက်ပြီး အခြေအနေကြည့်ရန် ဆုံးဖြတ်လိုက်သည်။ သို့နှင့် ပိုက်ဆံရှင်းပြီး ထလိုက်၏။

ကားလမ်းပေါ်ရောက်ပြီး သိပ်မကြာမီ ပတ်ဘလစ်ကား ကားတစ်စီးက



www.burmeseclassic.com

www.burmeseclassic.com

နောက်မှလိုက်လာပြီး ဘေးတွင်ထိုးရပ်လိုက်သည်။

"နိုင်နိုင် မင်း ထားနဲ့ တွေ့လိုက်သေးလား"

ကျွန်တော် ခေါင်းခြောက်လာသည်။ စိတ်လည်း ပို၍ဝင်စားလာ၏။ ကားနံပါတ်ကို မသိမသာ ကြည့်လိုက်သည်။ ဒ/၁၂၃. . .။

"ဟော့ကောင် ဖြေလေကွာ"

"တွေ့တယ်"

"မင်းကို ထား ဘာမှပေးမသွားဘူးလား"

ကျွန်တော် အမှန်အတိုင်း မဖြေသင့်ဟု ယူဆပြီး ဝေ့လည်ကြောင်ပတ်လုပ်လိုက်သည်။

"ထားက ဘာပေးသွားရမှာလဲကွ"

'ဒေဝဂုမ္ဘာန်စံအိမ်ကြီးနဲ့ ပတ်သက်တဲ့ တိတ်ခွေလေးကွာ"

"မပေးသွားဘူး၊ နောက်က လူနှစ်ယောက်လိုက်လာတာနဲ့ ချက်ချင်းပြန်ထွက်သွားတယ်"

မှသားတစ်ဝက် အမှန်တစ်ဝက်ရောစွက်ပြောလိုက်တော့လည်း ကားမောင်းလာသည့်လူမှာ ဇဝေဇဝါ ဖြစ်သွားပုံရသည်၊ ထိုစဉ် လူနှစ်ယောက်လက်ဖက်ရည်ဆိုင်တွင် တွေ့ခဲ့သည့် လူနှစ်ယောက်ကား ရှေ့ဘက်မှ လာနေသည်ကို တွေ့လိုက်သဖြင့် ကားကို ဂငယ်ကွေ့ ကွေ့ပြီး ပြန်မောင်းထွက်သွားသည်၊ ကျွန်တော်ကတော့ မသိမသာ လမ်းဘေး ကွမ်းယာဆိုင်နားကပ်လိုက်၏။

ထိုလူနှစ်ယောက်သည် ကျွန်တော့်အား မသက်ာဖြစ်ပုံရသည်။ သူတို့နှစ်ယောက် တီးတိုးစကားပြောနေသည်ကိုကြည့်ပြီး ထိုနေရာမှ သုတ်ခြေတင်ပြေးရတော့၏။ ပထမတော့ လိုက်လာကြသေးသည်၊ နောက်တော့ မျက်ခြည်ပြတ်သွားပုံရ၏။

လက်မှနာရီကို ကြည့်လိုက်တော့ နေ့ ၁၂ နာရီ၊ စနေနေ့ ရုံးအားရက်မို့ အေးအေးဆေးဆေး နားရမလား အောက်မေ့သည်၊ အရှုပ်အထွေးနှင့်လာ့ဆုံသည်၊ သေသေချာချာ ပြန်စဉ်းစားကြည့်တော့ စနေနံတွေချည်း ထိပ်တိုက် ဆုံနေပါလား။

(စနေနေ့) မိုးရွာရာ (ထီး)မပါသဖြင့် (တိုး)ကဖီး ဝင်ထိုင်ရာမှ (ထား) ဆိုသည့် အမျိုးသမီးက (တိတ်)ပေးသွားသည်၊ သူမက ကျွန်တော့်ကို (နိုင်နိုင်) ဟုခေါ်သည်၊ ထား ထွက်ပြေးသွားတော့ ကျွန်တော့်ကို ချဉ်းကပ်လာသည့်ကားက(ဒ/၁၂၃. . .) ပြီးတော့ (ဒေဝဂုမ္ဘာန်စံအိမ်ကြီး)။

ရှေ့သို့ ဆက်လျှောက်လာရာ တစ်နေရာတွင် လူများ ဝိုင်းအုံနေသည်ကိုတွေ့ရသည်၊ ကျွန်တော်လည်း စိတ်ဝင်စားသဖြင့် ဝင်ကြည့်လိုက်တော့ လားလား သေဆုံးနေသူမှာ 'ထား' ဆိုသည့် အမျိုးသမီး ဖြစ်နေ၏၊ ရဲက စစ်ဆေးနေသည် သူမ၏ ရင်ဝတွင် ဓားတန်းလန်းနှင့်. . .။

ဘေးပတ်ဝန်းကျင်မှ ပြောစကားများအရ ကားတစ်စီးပေါ်မှ ဓားနှင့် ပစ်ပေါက်သွားသည်ဆို၏၊ ကားက ဟိုင်းလက်စ်ကားဟုဆိုသည်၊ မမျှော်လင့်ဘဲ 'ဝင်းမိုး' ဆိုသည့် ကျွန်တော် သပွတ်အူဇာတ်ရှုပ်ထဲသို့ ဝင်တိုးမိခဲ့ပေပြီ၊ ဓားနှင့်ပေါက်သွားသည့်လူ စီးလာသည့် ဟိုင်းလက်ကားနံပါတ်ကိုတော့ မည်သူမျှ မမှတ်မိလိုက်ကြပေ၊ ကားက အပြာရောင်ဟု ဆိုသည်၊

ဒေဝဂုမ္ဘာန်စံအိမ်ကို ကျွန်တော်သိသည်၊ ကျွန်တော်တို့ မြို့စွန်က ရှေးဟောင်းအိမ်ကြီးဖြစ်၏၊ ညည တစ္ဆေခြောက်သည်၊ တစ်ခါတရံ ဥစ္စာစောင့်မလေးများလည်းတွေ့ရသည်ဟု သတင်းကြီးသည့်အိမ်ဖြစ်၏၊ ယခုဖြစ်ရပ်များ၏သဲလွန်စမှာ ထိုအိမ်ကို အခြေခံရာ ဒေဝဂုမ္ဘာန်စံအိမ်ဘက် သွားကြည့်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်၏။

ဒေဝဂုမ္ဘာန်စံအိမ်နားသို့ရောက်သော် သစ်ပင်အကွယ်တစ်ခုမှ စံအိမ်ထဲသို့ ချောင်းမြောင်းကြည့်ရှုရာ ဟိုင်းလက်အပြာရောင်ကားတစ်စီး ခြံထဲသို့ အပြင်မှ မောင်းဝင်သွားသည်ကို တွေ့လိုက်ရ၏၊ ဟိုင်းလက်အပြာရောင်. . . ဒါဆိုလျှင် ထားကို သတ်ပစ်သူ လူသတ်သမား စီးလာသည့်ကား ဖြစ်လေမလား၊

ခြံထဲတွင် တခြားလှုပ်ရှားမှု မတွေ့ရ လူသူအရိပ်အယောင် လုံးဝမမြင်ရ၊ ကျွန်တော် အသာကြည့်နေစဉ် ပခုံးပေါ်သို့ လက်တစ်ဖက် ရောက်လာသည်၊ လန့်ပြီး လှမ်းကြည့်လိုက်တော့ ပတ်ဘလစ်ကား မောင်းလာသည့်လူ ဖြစ်နေ၏၊

"ဘယ်လိုလဲ နိုင်နိုင် ခြေလှမ်းသိပ်သွက်နေပါလား၊ ထားက မင်းကို

www.burmeseclassic.com

ဘာမှမပေးဘူးလို့ ငါ့ကို ငြင်းတယ်။ ပြီးတော့ ထားကို မင်း လက်စဖျောက် ရှင်းပစ်တယ်၊ အခု ဒေဝဂ္ဂမ္ဘာနှစ်အိမ်နား မင်းရောက်နေပြီ"

"မဟုတ်တာဗျာ ခင်ဗျား ဘာတွေ ပြောနေတာလဲ"

"ငါ့ကို မလိမ်နဲ့ နိုင်နိုင်၊ ထွန်းဦးဆိုတဲ့ ငါ့ကို မင်း လျှော့မတွက်နဲ့"

လာပြန်ပြီ။ နောက်ထပ် စနေ 'ထွန်းဦး'တဲ့။ ပြေလည်ရာ ပြေလည်ကြောင်း ရှင်းပြ၍မရတော့မည့်အတူတူ အလစ်တွင် သူ့ကို လက်ပြန်ရိုက်ချကာ ကုန်းကုန်းကွကွ ဖြစ်သွားစဉ် ပေါင်ကြားထဲသို့ ဒူးဖြင့် ပစ်တိုက်ပြီး ထိုနေရာမှ ပြေးထွက်ခဲ့ရပြန်သည်။

ထိုအချိန်တွင် ရဲတပ်ဖွဲ့ဝင်များသည်လည်း အမှုမှန် ပေါ်ပေါက်ရေး တရားခံ ဖမ်းမိရေးကို ကြိုးပမ်းနေကြသည်၊ ရှေးဟောင်းပစ္စည်းများကို နိုင်ငံခြားသို့ ခိုးထုတ်နေသည့်အဖွဲ့ သတင်းရသဖြင့် လိုက်စုံစမ်းနေတုန်း ယခု လူသတ်မှုဖြစ်ခြင်းပင်။ နေ့ခင်းကြောင်ပောင် လူပြတ်သည်ကို အခွင့်ကောင်းယူပြီး 'ထား' ကို သတ်သွားသူ မည်သူနည်း။ ထို့ပြင် ရဲများသည် ရှေးဟောင်းပစ္စည်း မှောင်ခိုအဖွဲ့နှင့် ယခု လူသတ်မှုသည် ဆက်စပ်မှု ရှိကို ရှိမည်ဟု တစ်ထစ်ချ တွက်ဆထားကြသည်။

ကျွန်တော်သည် အိမ်သို့ ခေတ္တ ပြန်နားဖို့ ဆုံးဖြတ်ကာ ကျွန်တော် နေထိုင်သည့်အိမ်သို့ ခြေဦးလှည့်ခဲ့သည်။ အိမ်ထဲသို့ဝင်ပြီး တံခါးမကို ဂျက်ထိုးပြီး အသာပိတ်ပြီးချိန်တွင် စီးကရက်သောက်ပြီး ကျွန်တော့်အား ပြုံးကြည့်နေသည့် လူစိမ်းတစ်ယောက်၊ ဘေးတွင် ခြောက်လုံးပြူးတစ်လက် ကိုင်ထားသည့် လူတစ်ယောက်တို့ကို တွေ့ရသည်။

"ငါ ထင်ထားတဲ့အတိုင်းပဲ မှုကြီးတွေ့တယ်မို့လား ဒီကောင် သူ့ဝပ်ကျင်းထဲ သူပြန်လာတာ"

"ဟုတ်တယ် ဆရာဓားဖိုးတင်"

'ဓားဖိုးတင်'ဆိုသည့် စနေ နာမည်ပိုင်ရှင်သည် မိုက်ကန်းကန်းတို့ဖြစ်သည်။

"ကဲ ဝင်းမိုး မင်းနဲ့ထား မသေခင် အချိန်လေးမှာ တွေ့ခဲ့တယ်ဆိုတာ ငါတို့ အတိအကျ သိထားပြီးပြီ၊ ဒီတော့ ထား မင်းကို ပေးခဲ့တဲ့ပစ္စည်း ငါတို့လက်ကို အသာတကြည် ပြန်ပေးပါ"

"ဘာတွေလာပြောနေတာလဲ၊ ထားလည်း မသိဘူး၊ ဘာမှမသိဘူး ရှိလည်း မရှိဘူး"

"တို့ မင်းကို မရက်စက်ချင်ဘူး ထား ပေးသွားတဲ့ တိတ်ခွေ အခုပြန်ပေးလိုက်ရင် မင်းသုံးဖို့ ငွေငါးသောင်း ပေးမယ်၊ တကယ်လို့ မပေးဘူးဆိုရင်တော့ မင်းအသက်ကို မင်း မနှမြောလို့ပဲ၊ ဓားဖိုးတင် ဆိုတာ ဓားပစ်တဲ့နေရာမှာ လက်သိပ်တည့်တယ်"

"ရှင် သူတို့ကို မကြောက်နဲ့၊ တိတ်ခွေလည်း မပေးနဲ့၊ ကျွန်မ ရောက်နေပြီ"

ကျွန်တော့်နားထဲသို့ ပီသစွာကြားလိုက်ရသည့်အသံဖြစ်သည်။ ထိုအသံရှင်မှာ ကွယ်လွန်ပြီးခဲ့သည့်'ထား'။ ကျွန်တော် နားကြားများလွဲသလား စိတ်ကများထင်သလား ဇဝေဇဝါ ဖြစ်နေသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်သည် တိတ်ခွေကို သူတို့အား မပေးဟု ဆုံးဖြတ်လိုက်သည်။

"မင်းတို့ ယုံချင်ယုံ မယုံချင်နေ၊ ငါကတော့ ငါ့မှာ မရှိတဲ့ တိတ်ခွေကို မင်းတို့ကို ဘယ်လိုလုပ်ပေးမလဲ"

"ဒီကောင် လူပါးဝနေတာ အချိန်ကုန်တယ် ဆရာ"

ဓားဖိုးတင်၏တပည့်က ခြောက်လုံးပြူးကို ဆွဲချိန်မည်အပြု သေနတ်က တစ်စုံတစ်ယောက် ဆောင့်ကန်လိုက်သလို အဝေးကြီးသို့ လွင့်ထွက်သွားသည်။ ဓားဖိုးတင်က သူ့ဓားနှင့် ပေါက်မည်ပြုတော့ ဓားကိုဆွဲထုတ်ရာ လက်ကို လေးလံသည့် အရာတစ်ခုက ဖိထားသလိုဖြစ်ပြီး ထုတ်၍မရ ဖြစ်နေသည်။

"ရှင် ပြေးတော့လေ ပြေး"

ကျွန်တော့်နားနားသို့ကပ်ပြီး ပြောလိုက်သည့် အသံကို ကြားရသည်။ ကျွန်တော်လည်း သူတို့ကို ထားခဲ့ကာ အခန်းထဲမှ ပြန်ထွက်ပြေးခဲ့ရသည်။ အပြင်ရောက်၍ ကိုက်ငါးဆယ်ခန့်ကွာမှ ထိုလူနှစ်ယောက် ပြေးထွက်လာသည်ကို တွေ့ရ၏။ လူနေရပ်ကွက် ဖြစ်သဖြင့် သူတို့လက်နက်များကို မသုံးရဲကြပေ။

ထိုသည်ကို အခွင့်ကောင်းယူ၍ ကျွန်တော် ပြေးသည်။ အချိန်က ညနေခင်း သုံးနာရီခန့်ရှိပြီ၊ ကျွန်တော်သည် ရုတ်တရက် သူငယ်ချင်း ဝေလုကို သတိရမိသည်။ ဝေလုမှာ အလှမင်္ဂလာဆောင် မှတ်တမ်းရိုက်သည့် ဗီဒီယိုသမား၊ သူ့တွင် စီဆဲဗင်း ကားမရှာ



www.burmeseclassic.com

www.burmeseclassic.com

တစ်လုံးရှိသည်။ သူထံသွားပြီး ကျွန်တော့်အား 'ထား' ပေးသွားသည့် တိတ်ခွေထဲမှ အရုပ်များကိုကြည့်လျှင် အဖြေကို ရှာနိုင်ပေလိမ့်မည်။ သို့နှင့် ဝေလုတို့ အိမ်ဘက် ခြေဦးလှည့်ရပြန်သည်။

ဝေလုအိမ်သို့ရောက်တော့ သူ့ညီကိုပဲ တွေ့ရသည်။ ဝေလုသည် မှတ်တမ်းပွဲ သွားရိုက်နေတာ ပြန်မလာသေးဟုဆိုသည်။ သို့သော် ပြန်ရောက်ချိန်နီးပြီဟု သိရရာ ခေတ္တထိုင်စောင့်နေလိုက်၏။

ဝေလုသည် သူ့ညီပြောသည့် အတိုင်း များမကြာမီ ပြန်ရောက်လာသည်။ ကင်မရာလည်း ပါလာရာ ဝေလုကို အကျိုးအကြောင်းပြောပြီး တိတ်ထဲမှ အရုပ်များကို ကျွန်တော် ကြည့်သည်။ ဒေဝဂုမ္ဘာန်စံအိမ်ကြီးရှိ ရှေးဟောင်းပစ္စည်းများ၊ ထိုပစ္စည်းများကို မှောင်ခိုထုတ်နေသည့် သူဌေးကျင်ဟုတ်၊ မန်နေဂျာ အမိကဇာတ်ကောင် မားဖိုးတင်တို့၏ လှုပ်ရှားမှုများကို တွေ့ရသည်။ ထို့ပြင် ညဘက် သူတို့အဖွဲ့လှုပ်ရှားသည်ကို ပတ်ဝန်းကျင် မရိပ်မိရလေအောင် သူ့ရဲတစ္ဆေခြောက်သည်ဟု လိမ်ညာအသံလွှင့်ပုံ သက်သေခံသည့် အရုပ်များကို တွေ့ရသည်။

ကျွန်တော် တိတ်ခွေကို ကင်မရာထဲမှ ပြန်ထုတ်လိုက်သည့်အခါ ဝေလုက မေးသည်။

"ဘာတွေလဲ သူငယ်ချင်း မင်း တိတ်ခွေက ဘာတွေရိုက်ထားလို့ အရေးကြီးနေတာလဲ၊ ငါလည်း ရှင်းပြပါဦး"

"အေးပါကွာ နောက်တော့ ရှင်းပြပါ့မယ်၊ လောလောဆယ် ငါ့အခြေအနေ မကောင်းဘူး သွားဦးမယ်ကွာ ကျေးဇူးပဲ သူငယ်ချင်း"

ဝေလုသည် ဘုမသိ ဘမသိ ခေါင်းကုတ်ရင်း ကျန်ခဲ့သည်။ ကျွန်တော်က ပြန်ထွက်လာခဲ့ပြန်၏။ ကျွန်တော်သည် တစ်နေရာတည်းတွင် ငြိမ်သက်ထိုင်နေ၍ မရသည့်ဘဝမို့ လှုပ်ရှားနေရဦးမည်သာဖြစ်သည်။ ညနေငါးနာရီခန့်သာရှိသေးသော်လည်း ဆောင်းကာလမို့ နေရောင်က ကွယ်ပျောက်လုနီးပြီ။

သည်တိတ်ခွေကို ရဲလက် အပ်လိုက်လျှင် ပြီးပြီဖြစ်သည်။ သို့သော် အန္တရာယ်တွေကို ကြည့်ရှောင်ရပေဦးမည်။ ကျွန်တော်သည် ဘုန်းကြီးကျောင်းပျက်ကြီးနားရောက်တော့ နားလိုက်သည်။

"မင်း ငါ့လက်က ပြေးလို့မလွတ်ပါဘူး နိုင်နိုင်၊ ဘာလဲ မင်းက တစ်ယောက်တည်း အပွကြဲချင်တာလား"

ထွန်းဦး ဆိုသည့်ပုဂ္ဂိုလ် ကျွန်တော့်ရှေ့တည့်တည့်သို့ ရောက်လာပြန်သည်။ သူ့လက်ထဲတွင်က ဓားမြှောင်တစ်လက်။

ကျွန်တော့်ကို လက်ပြန်တစ်ချက် ရိုက်လိုက်ရာ ကျွန်တော် လည်ထွက်သွားစဉ် ခြေထောက်နှင့် ဆောင့်ကန်လိုက်သည်။

"အဲဒါ မင်းကို ငါ အကြွေးပြန်ဆပ်တယ်လို့မှတ်လိုက် ဒါပဏာမပဲ ရှိသေးတယ်နော်၊ ငါလိုချင်တဲ့ တိတ်ခွေ ငါ့ကိုပေးဖို့ အရေးကြီးတယ်၊ အဲဒီလိုမှ မပေးဘူးဆိုရင် ရဲကို အကြောင်းကြားပြီး 'ထား' ကိုသတ်တဲ့ တရားခံဖြစ်တဲ့ မင်းကို အပ်လိုက်ရုံပဲ"

"ကျွန်တော် 'ထား'ကို မသတ်ဘူး ကိုထွန်းဦး၊ တိတ်ခွေဆိုတာလည်း ကျွန်တော့်မှာ မရှိဘူး"

"နိုင်နိုင် ငါ ဒေါသမထွက်ချင်ဘူးကွာ၊ ထား ရှိနေသေးရင် တို့သုံးယောက် တစ်ယောက် တစ်ပုံပဲ ရမှာ၊ ခု ထားကို မင်းက ရှင်းပစ်တော့ သုံးပုံးတစ်ပုံအစား နှစ်ပုံတစ်ပုံ ရမှာပဲ၊ အဲဒီလောက်နဲ့ ကျေနပ်ပါကွာ လောဘမတက်ပါနဲ့"

"ခက်တော့နေပါပြီဗျာ ဒီမှာ ကျုပ် နိုင်နိုင် မဟုတ်ဘူး ဝင်းမိုးဗျ"

ထိုသို့ပြောလိုက်မှ ပို၍မယုံမကြည်ဖြစ်ပြီး ဒေါသထွက်ကာ သူ့လက်ထဲမှ ဓားမြှောင်နှင့် လိုက်ထိုးသည်ကို ကျွန်တော် ရှောင်ရတိမ်းရသည်။ ထိုသို့ ရှောင်တိမ်းရင်း သူနှင့် ဝေးရာသို့ ပြေးရပြန်သည်။

ထိုစဉ် စက်ဘီးနှင့်လာသော ရဲနှစ်ယောက်နှင့်ဆုံကာ ကျွန်တော့်အား ဖမ်းသည်။ ထွန်းဦးကိုကြည့်တော့ မတွေ့ရပေ။ အခြေအနေကို ရိပ်မိပြီး ရှောင်တိမ်းသွားပြီထင်သည်။

ရဲစခန်းသို့ရောက်တော့ ညရှစ်နာရီခန့်ရှိပြီဖြစ်သည်။ တာဝန်မှူး၏ စားပွဲရှေ့တွင် ကျွန်တော် ထိုင်နေရသည်။

"ကျွန်တော် ဒုရဲအုပ်နိုင်လင်းပါ"

"ဗျာ"

လာပြန်ပြီ နောက်စနေး ဒုရဲအုပ် 'နိုင်လင်း' ဆိုပါလား။



www.burmeseclassic.com

www.burmeseclassic.com

"မထား အသတ်ခံရမှုနဲ့ ပတ်သက်ပြီး စစ်မေးစရာတွေ ရှိပါတယ်၊ အဲဒါ အမှန်အတိုင်း ထွက်ဆိုပေးစေချင်ပါတယ်"

"ဟုတ်ကဲ့ ကျွန်တော့်နာမည် ဝင်းမိုးပါ၊ မမျှော်လင့်ဘဲ ထားဆိုတဲ့ အမျိုးသမီးနဲ့ လက်ဖက်ရည်ဆိုင်မှာ တွေ့ပါတယ်။ သူက ကျွန်တော့်ကို နိုင်နိုင်လို့ခေါ်တယ်၊ တိတ်ခွေတစ်ခွေ ပေးသွားတယ်။ အဲဒီနောက် သူ အသတ်ခံရတယ်လို့ ကြားတာပဲ၊ ကျွန်တော် ဒီလောက်ပဲ သိပါတယ်"

"ထား ခင်ဗျားနဲ့ စကားပြောရမှာ အဆင်မပြေလို့ နောက်ကလိုက်ပြီး လုပ်ကြံတာမျိုးရော မဖြစ်နိုင်ဘူးလား"

"မလုပ်ပါဘူး၊ သူနဲ့ ကျွန်တော် ဘာအကြောင်းမှ မရှိတာ"

"ဒါဖြင့် ဒေဝဂမ္ဘာန်စံအိမ်နားမှာ ခင်ဗျားကို ဒီကနေ့ တွေ့ခဲ့တဲ့သူတွေ ရှိတယ်၊ အဲဒီကို ခင်ဗျား ဘာသွားလုပ်တာလဲ"

"သေသွားတဲ့ ထားနဲ့ ဒေဝဂမ္ဘာန်ခြံကြီးနဲ့ ပတ်သက်မှုတစ်ခုခု ရှိနိုင်တယ်ထင်လို့ သွားကြည့်တာပါ"

"အဲဒီလုပ်ရပ်တွေကိုက မရိုးဖြောင့်တာပဲ ကိုဝင်းမိုး၊ ခင်ဗျား တစ်ခုခုကို ဖုံးကွယ်ဖို့ ကြိုးစားနေတယ်၊ ထား အသတ်ခံရတဲ့အချိန်မှာ ခင်ဗျား ဘယ်မှာရှိနေတယ်ဆိုတာ အလီဘိုင်ပြနိုင်လား"

"ဗျာ ဟို အဲဒီလိုတော့ ဘယ်လိုလုပ် သက်သေရှာလို့ရမလဲ၊ ကျွန်တော် ထားကို မသတ်ဘူး။ ဪ ထားပေးခဲ့တဲ့ တိတ်ခွေမှာ ဘာတွေပါတယ်ဆိုတာ ကျွန်တော် ကြည့်လိုက်တယ်"

"ဆိုစမ်းပါဦး ဘာတွေရိုက်ထားတာလဲ"

"ဒေဝဂမ္ဘာန် ခြံရှင်သူဌေးနဲ့ အမိက မားဖိုးတင်တို့ ရှေးဟောင်းပစ္စည်းတွေ နိုင်ငံခြားကို မှောင်ခိုပို့တဲ့လှုပ်ရှားမှုတွေနဲ့ ခြံနားကို လူတွေ မလာရဲအောင် ခြံဘက် သူရဲတစ္ဆေခြောက်တယ်ဆိုပြီး လုပ်ကြံမှုတွေ ရိုက်ထားတာပါ"

"ခင်ဗျား ပြောတဲ့အတိုင်းဆို စိတ်ဝင်စားစရာပဲ အဲဒီတိတ်ခွေ ဘယ်မှာလဲ"

ကျွန်တော် အပေါ်အင်္ကျီအိတ်ထဲ နှိုက်လိုက်သည်။ မတွေ့။ ဘောင်းဘီအိတ်များထဲ လိုက်နှိုက်ကြည့်သည် မရှိ။ ကျွန်တော် စိတ်ဓာတ်ကျသွားသည်။ ကျွန်တော် မျက်နှာလည်း ပျက်လာသည်။

"ဘယ်လိုလဲ ခင်ဗျားက ပုံပြောကောင်းသားပဲ၊ ဘယ်မှာလဲ တိတ်ခွေ"

ကျွန်တော် စိတ်ညစ်သွားသည်။ ဒုရဲအုပ်နိုင်လင်းသည် ကျွန်တော့်ကို အယုံအကြည် မရှိတော့ပေ။

"ပြေးရင်းလွှားရင်း ထွက်ကျလား မသိဘူးဗျာ"

ကျွန်တော့်အသံ တိုးပျော့ကာ အသက်မပါအောင် ဖြစ်သည်။ ထိုစဉ် အခန်းထဲသို့ ဝေလု ဝင်လာသည်ကို တွေ့လိုက်ရ၏။

"ဟာ သူငယ်ချင်း မင်းလည်း ရောက်နေတာကို အတော်ပဲ"

"ဘာလဲကွ၊ ဘာဖြစ်လို့လဲ"

"မင်းထွက်သွားတော့မှ အခန်းထဲမှာ တိတ်ခွေ ကျကျန်နေတာတွေ့လို့ ငါ သိမ်းထားလိုက်တယ်၊ ခုနကမှ ငါ မင်း တိတ်ခွေက အရုပ်ကင်မရာထဲ ဖွင့်ကြည့်တော့မှ အရေးသိပ်ကြီးမှန်းသိလို့ ရဲစခန်း လာပို့တာကွ"

ကျွန်တော် မင်္ဂလာသတင်းကို ကြားလိုက်ရခြင်းပင်၊ ဒုရဲအုပ်နိုင်လင်း၏ မျက်နှာကလည်း စိတ်ဝင်စားမှု အရိပ်အယောင်များ ထင်ဟပ်၍လာသည်။ ဝေလုသည် ကိုင်လာသည့် ကင်မရာ ဘောလက်ကို စားပွဲပေါ် တင်ကာ ကင်မရာထဲ ပါလာသည့် တိတ်ခွေကို ဒုရဲအုပ်နိုင်လင်းအား ဖွင့်ပြသည်။

"ဒါဆို မထားကို အဲဒီခြံက လူတွေ သတ်တာ ဖြစ်နိုင်တယ်"

ထိုစကားကို နိုင်လင်းက တိတ်ခွေ ကြည့်ပြီးသည်နှင့် ပြောသည်။ ထိုစဉ်တွင်ပင် ရဲသားတစ်ဦး အနားသို့ ရောက်လာသည်။

"ဆရာ လူတစ်ယောက်က အမှုနဲ့ ပတ်သက်လို့ အရေးတကြီး တွေ့ခွင့် တောင်းနေတယ်"

"ကောင်းပြီလေ လွှတ်လိုက်ပါ"

ရဲသား ပြန်ထွက်အသွားတွင် ရောက်ရှိလာသူမှာ မားဖိုးတင် ဖြစ်သည်။ မားဖိုးတင်က ကျွန်တော့်ကို လှမ်းကြည့်သည်၊ ပြီးနောက် ဒုရဲအုပ်နိုင်လင်းကို ကြည့်သည်။

"မထား အသတ်ခံရမှုနဲ့ ပတ်သက်ပြီး ဖြောင့်ချက်ပေးမလို့ပါ"

"ကောင်းပြီ ပြောပါ"

မားဖိုးတင်သည် ကျွန်တော့်ကို တစ်ချက်ထပ်ကြည့်ပြီးနောက် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်နာမည် ခားဖိုးတင်လို့ ခေါ်ပါတယ် ခားပစ် လက်ဖြောင့်လို့ အဲဒီနာမည် တွင်ခဲ့တာပါ။ သူ့ဌေး ကိုကျင်ဟုတ်နဲ့ အလုပ်လုပ်တော့ ရှေးဟောင်းပစ္စည်းတွေ နိုင်ငံခြားကို မှောင်ခို ပို့ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ အလုပ်လုပ်တော့ ညဘက် လူတွေ မသိအောင် လူတွေ မလာရဲအောင် သူ့ရဲ တစ္ဆေခြောက်တယ်ဆိုပြီး လုပ်ကြံဖန်တီးခဲ့ပါတယ်။ ကျွန်တော်တို့ သတင်းကို အဖွဲ့ထဲက ပေါက်ပြီး ထွန်းဦး၊ နိုင်နိုင်နဲ့ မထားတို့ သိသွားတယ်၊ ဒါနဲ့ပဲ သူတို့က ဒီသတင်းကို သေသေချာချာ စုံစမ်းကြတယ်"

"သူတို့ အဲဒီလိုစုံစမ်းတဲ့ ရည်ရွယ်ချက်က ဘာလို့လဲဗျ"

"ကျွန်တော်တို့သူ့ဌေးကို ငွေညှစ်ဖို့ရယ်၊ တစ်ဖက်နိုင်ငံက ကုန်သည်တွေနဲ့ အဆက်အသွယ်ရဖို့ပါ၊ အဲဒီမှာ မထားက အဖွဲ့ထဲဝင်ပြီး ကျွန်တော်တို့ လုပ်ရှားမှုတွေကို ကင်မရာနဲ့ ရိုက်တယ်၊ ဖြစ်ချင်တော့ ခြံပြင်ကနေ လာချောင်းတဲ့ နိုင်နိုင်ကို ကျွန်တော်တို့ ဖမ်းမိလိုက်တယ်။ နိုင်နိုင်ကို ထိုးကြိတ်စစ်တော့ မထားအကြောင်း ပေါ်တယ်၊ မထားက ကံကောင်းချင်တော့ အဲဒီမှာ အလုပ်ပြီးလို့ ခြံထဲက ထွက်ပြေးသွားပြီ၊ ဒါနဲ့ ကျွန်တော်တို့ဆီက လူတွေလိုက်တယ်"

"ဆက်ပြောပါ"

ဒုရဲအုပ်နိုင်လင်းသည် ခားဖိုးတင်ပြောသမျှ လိုက်လံရေးမှတ်နေရာမှ လှမ်းပြောသည်။

"ထားက လက်ဖက်ရည်ဆိုင်မှာ ဒီလူနဲ့တွေ့ပြီး နိုင်နိုင်နဲ့ ခွဲမရအောင် ရုပ်ချင်းတူတော့ နိုင်နိုင် ထင်လို့ တိတ်ခေါ်ပေးပြီး ကျွန်တော့်လူတွေ လက်က လွတ်အောင် ဆက်ပြေးတယ်"

ကျွန်တော့်ကို လက်ညှိုးထိုးပြပြီး ခားဖိုးတင်က ရှင်းပြခြင်းပင်။

"အဲဒီမှာမှ ကျွန်တော်ကားနဲ့လိုက်လာတာမှာ ထားနဲ့ သွားအဆုံ ခားနဲ့ အဝေးက လှမ်းပေါက်လိုက်တာပဲ၊ ထားကိုသတ်တာ ကျွန်တော်ပါ ခင်ဗျာ"

ကျွန်တော် ခုမှ ဟင်းကနဲ သက်ပြင်းချလိုက်နိုင်သည်။ တရားခံအဖြစ် သက်သေမကင်းခံရသည့်အဖြစ်မှ လွတ်မြောက်သွားပြီ မဟုတ်ပါလား။

"နေစမ်းပါဦး ခင်ဗျား ခုလိုလာပြီး ဝန်ခံထွက်ဆိုတာ ဘယ်လိုဖြစ်လို့လဲ ခင်ဗျားသတ်တာ သေချာတယ်နော်၊ လိမ်ညာဖို့ ကိုယ်စားဝင်ခံဖို့တော့ မကြိုးစားနဲ့"

ဒုရဲအုပ် နိုင်လင်းက ဖိုးတင်အား ခပ်တည်တည်နှင့် ဟောက်သည်။

"ကျွန်တော် မလိမ်ပါဘူးဗျာ အမှန်ပြောတာပါ၊ ခုလို ဘာလို့ လာအဖမ်းခံရလဲဆိုတော့ မထားကြောင့်ပါ၊ မထားရဲ့ ဝိညာဉ်က ကျွန်တော့်ဘေး တောက်လျှောက်လိုက်လာတယ်"

"ဗျာ"

ဒုရဲအုပ် နိုင်လင်းက အံ့ဩသွားသည်။ ခားဖိုးတင်က ကျွန်တော့်ကို လက်ညှိုးထိုးပြပြီး ရှင်းပြသည်။

"အဲဒီလူအိမ်မှာ ကျွန်တော်တို့ တွေ့ကတည်းက မထားရဲ့ ဝိညာဉ်က ကျွန်တော်တို့ကို ဒုက္ခပေးတာ၊ အဲဒီကနေ ဆက်တိုက်ပဲ ဆရာ၊ တဖြည်းဖြည်းနဲ့ မှောင်လာတော့ ပိုဆိုးတယ်၊ ကျွန်တော့်ကို သူ့ရုပ်ပါပြပြီး ခြောက်တယ်၊ ရဲစခန်းမှာ အဖမ်းခံဖို့ ဝန်ခံဖို့ ပြောတယ်၊ ဝန်မခံဘူး ရဲစခန်း မသွားဘူးဆိုရင် ဂုတ်ချိုးသတ်မယ်လို့ ပြောတယ်"

ကျွန်တော်သည် မထား၏ တိတ်ခေါ်အပေါ် စွဲလမ်းမှု ထိုမှ သူမကို သတ်သွားသည့် တရားခံကို ကိုယ်တိုင်ရဲစခန်း အရောက်ဖမ်းပို့မှုကို စဉ်းစားနေမိသည်။

"ကျွန်တော် လူသတ်မိပြီးပြီပဲ ဆရာရယ် ဘယ်အဖမ်းခံချင်ပါ့မလဲ၊ ဒါပေမဲ့ မထားက ဘေးကနေ တောက်လျှောက်ပြသနာရှာတယ်။ သူ့ကြောင့် ရူးချင်ရူး၊ မရူးရင် သေမယ့်အတူတူတော့ ထောင်ထဲမှာနေတာက ကောင်းသေးတယ်ဆိုပြီး လာခဲ့တာပါ၊ စခန်းရှေ့ရောက်မှ အပြင်မှာ မထား ကျန်ခဲ့ပါတယ်. . ."


ဖြစ်စဉ်က သည်မှာဆုံးသွားသည်။ ကိုကျင်ဟုတ်တို့အဖွဲ့ကို သက်ဆိုင်ရာက သွားရောက်ဖမ်းဆီးပေတော့မည်။ ကျွန်တော် စခန်းမှ ထွက်လာချိန်တွင် နောက်နေ့သို့ ကူးပြောင်းစ စနေည ကုန်ဆုံးပြီးစ ည(၁)နာရီတိတိ ဖြစ်သည်။ စနေမွေ့သမျှ ပြီးဆုံးသွားပြီး တနင်္ဂနွေနေ့သို့ ကူးပြောင်းခဲ့ပြီ ဖြစ်ပါသည်။

---

**တာတေကြီး**

www.burmeseclassic.com

www.burmeseclassic.com



# ခွင့်တို နှစ်ပိုင်းတစ်ပိုင်းရက်

ရှစ်ခွင်ကျော်(ဖောင်တော်သီ)

ကျုပ်စစ်မှုထမ်းသက် ၂၂ နှစ်တာကာလမှာ မှတ်မှတ်ရရ ကျုပ်အဖေ ဆေးရုံတက်ရသလို ၁၅ ရက်တစ်ကြိမ်နဲ့ အဖေသေလို့ ပြန်လာတဲ့ ၇ ရက် စုစုပေါင်း ၂၂ ရက်ပဲရှိတယ်။

စစ်သည်တိုင်းမှာ ပြက္ခဒိန်နှစ်တစ်နှစ်ကို ခွင့်တို ၁၀ ရက် ထပ်တိုးခွင့် ၁၀ ရက်၊ ခွင့်ရှည်ရက် ၃၀ (တစ်လ) စုစုပေါင်း ခွင့်တို/ရှည် ရက်ပေါင်း ၅၀ ခံစားခွင့်ရှိလို့ ကျုပ်လည်း မိဘဆွေမျိုးနဲ့ပဲ။ ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ချင်တာပေါ့။ ခွင့်ရှည်တစ်ကြိမ် ပြန်ရဖို့အရေး စီနီယာစောင့်ရတာနဲ့ စစ်ဆင်ရေးထွက်နေရလို့နဲ့၊ သင်တန်းတက်နေရတာနဲ့ အားလုံးအဆင်ပြေပြီဆိုတော့ ငွေကြေးမပြည့်စုံရတာနဲ့ မပြန်ဖြစ်ခဲ့ပါဘူး။

ကျုပ်တို့လို ခြေလျင် ခြေမြန်တိုက်ခိုက်ရေးတပ်က ရဲဘော်တွေ အဲလိုအခက်အခဲတွေကြောင့် အခွင့်အရေးတွေ လက်လွတ်ဆုံးရှုံးရသလောက် လွယ်တဲ့နေရာကျတော့လည်း လွယ်လိုက်တာမှ တရွှတ်ရွှတ်။

၁၉၇၀ ပြည့်နှစ်ကျော်က ကျုပ်သထုံဘူတာမှာ ရှာဖွေစစ်ဆေး သိမ်းဆည်းတာဝန်ခံလုပ်တုန်းကပေါ့။ သိတယ်မဟုတ်လား။ မှောင်ခိုခေတ်ဆိုတော့။

စနေနဲ့ တနင်္ဂနွေနေ့တွေမှာဆိုရင် ရန်ကုန်-မုတ္တမသွားပြန် လွန်းထိုးရထားတွေမှာဆို မြို့ကြီးသားကျုပ်တို့ ရဲဘော်တွေချည်းပဲ။ တစ်ပတ်လည်း မဟုတ်၊ တစ်ကြိမ်လည်း မဟုတ်။ ဒီမျက်နှာတွေချည်းပဲဆိုတော့ ဘူတာရုံ ကျုပ်ရုံးခန်းကို ခေါ်စစ်တယ်၊ မေးတယ်။ ခရီးသွားလာခွင့်အမိန့်ကို ကြည့်တယ်။ ကျုပ်မျက်လုံးကို ပြူးသွားတာပဲ။

"နှစ်ပိုင်းတစ်ပိုင်းရက် ခံစားခွင့်ပြုလိုက်သည်"တဲ့ခင်ဗျ။

သောကြာနေ့မနက် ခွင့်တင်။ ညနေဘက် ခွင့်ကျ။ စနေမနက်ပိုင်းထိုနှစ်ပိုင်းတစ်ပိုင်းခွင့်ခံစား။ ညနေတစ်ဝက် ရုံးပိတ်။ တနင်္ဂနွေတစ်ရက်လုံး ရုံးပိတ်ခွင့်တောင်းစရာ မလိုဘူးသိပ်ဟန်ကျပဲ။

ပြောသေးတယ်။ နှစ်ချုပ်လိုက်ရင် သူတို့ကတောင် အစိုးရဆီမှာ ကြွေးကျန် ၂၄ ရက်ရှိသေးတယ်တဲ့။

ကျုပ်တွက်ကြည့်တယ်။

ပြက္ခဒိန် နှစ်တစ်နှစ်မှာ စနေတနင်္ဂနွေ ၅၂ ပတ်။ မြို့ကြီးသားရဲဘော်တွေရဲ့ နှစ်ပိုင်းတစ်ပိုင်း ရက်တွေ တစ်နှစ်လုံးပေါင်းမှ ၂၆ ရက်တည်းဆိုတော့ ရက်ပေါင်း ၅၀ ထဲက နုတ်လိုက်ရင် . . .။

ရှစ်ခွင်ကျော်(ဖောင်တော်သီ)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



(ယခင်လမှအဆက်)

မောင်အေးချမ်း၊ မောင်ကျော်ဖံနှင့် လှကျော်သာတို့ လက်ဖက်ရည်ဆိုင်မှထွက်ပြီး စပါးအဝယ်ဒိုင်ဘက်သို့ လျှောက်လာကြ၏။ ခပ်လှမ်းလှမ်းကပင် ရုံးခန်းထဲတွင် ဒိုင်မှူး ဦးတင်ဖေရှိနေသည်ကို တွေ့ရသည်။ ဒိုင်မှူး ဦးတင်ဖေသည် စာကုန်းရေးနေ၍ သူ၏ထိပ်ပြောင်မှာ ပို၍ပင် ထင်ရှားနေ၏။

ဦးတင်ဖေကား မောင်အေးချမ်း၏ မတော်လိုက်ရသော ဘထွေးဖြစ်၏။ မောင်အေးချမ်းအမေ၏ ဝမ်းကွဲညီအစ်မ ဒေါ်သန္တာအေးနှင့် မိဘချင်းသဘောတူပြီး မင်္ဂလာဆောင်ရန် စီစဉ်ခဲ့ကြဖူးသည်။ ထိုအချိန်က ဒေါ်သန္တာအေးမှာ ဗိသုကာပညာရှင် ဦးရွှေသာနှင့် ချစ်ကြိုက်နေကြသည်။

ဒေါ်သန္တာအေးရော ဦးရွှေသာပါ နှစ်ယောက်လုံး အချောအလှ ဖြစ်ကြသည်။ သို့သော်လည်း ဦးရွှေသာက မိုက်တီးမိုက်ကန်းသဘောရှိ၍ မိဘများ သဘောမတူကြပေ။ ဦးရွှေသာနှင့် သဘောမတူ၍လည်း ဦးတင်ဖေနှင့် လက်ထပ်ပေးရန် စီစဉ်ခဲ့ကြသည်။ မင်္ဂလာဆောင်မည့် မနက်မှာပင် ဦးရွှေသာက သူ့လူစုနှင့် ဒေါ်သန္တာအေးအား ဆွဲယူသွားလေသည်။

သို့မဟုတ်ပါက ဦးတင်ဖေသည် မောင်အေးချမ်း၏ ဝမ်းကွဲဘထွေး အစစ် ဖြစ်နေပေလိမ့်မည်။ ဦးတင်ဖေက မောင်အေးချမ်းကို ဒေါ်သန္တာအေး၏ ဝမ်းကွဲသားတော်စပ်သည့်အကြောင်းကိုမသိပေ။ မသိသည်က ပို၍ကောင်းသည်။ သိသွားလျှင် သူတို့ချင်းအဆင်မပြေ ဖြစ်ခဲ့ကြသည့် ကိစ္စကြောင့် ယခု မောင်အေးချမ်းနှင့် ဆက်ဆံရသော အခါ အဖုအထစ် မဖြစ်ဟု မပြောနိုင်။

မောင်အေးချမ်းတို့လူစု ရုံးခန်းထဲသို့ ဝင်လာကြသည်ကို မြင်လျှင် ဦးတင်ဖေ ခေါင်းထောင်ကြည့်သည်။ ဦးတင်ဖေက ထိုင်ပါဟု မဆိုသော်လည်း မောင်အေးချမ်းတို့လူစု ဦးတင်ဖေရှေ့က တန်းလျားတွင် ထိုင်လိုက်ကြသည်။ ထို့နောက် မောင်အေးချမ်းက

"ဦးလေး ကျွန်တော်တို့ စပါးကို ဒေါင်တစ်လုံး ဝယ်ချင်လို့ပါ"

"ဝယ်လေ"ဟုပြောပြီး ဦးတင်ဖေသည် မောင်အေးချမ်းတို့ လူစုအား စူးစမ်းသလို တစ်ချက်ကြည့်လိုက်ပြီး မေးသည်။

"မင်းတို့က စပါးကိုဒေါင်တစ်လုံး ဝယ်ကြမယ်ဆိုတော့ ဘယ်ကလဲ။ ဆန်ကုန်သည်တွေများလား"

မောင်အေးချမ်းက ဒေါ်သန္တာအေးနှင့် ဆွေမျိုးတော်စပ်သည်ကို ဦးတင်ဖေ ရိပ်မိသွားမည်စိုး၍ ရှာနာမည်ကိုပင် မသိစေလိုသောကြောင့်

"ကျွန်တော်တို့ ဆန်ကုန်သည် မဟုတ်ပါဘူး။ မင်းဘူး-အမ်း လမ်းကပါ။ အလုပ်သမားတွေစားဖို့ လာဝယ်ကြတာပါ"ဟု ပြောလိုက်သည်။

"မင်းဘူး-အမ်းလမ်းက အစိုးရဆန် ရတယ်မဟုတ်လားကွ"

"အစိုးရဆန်တော့ ရပါတယ် ဦးလေး။ ဒါပေမယ့် လိုချင်တဲ့အခါ ရချင်မှရတာပါ။ လျှောက်လွှာတင်ရတာတို့

www.burmeseclassic.com

စောင့်ရတာတို့ ဆိုတာမျိုး ရှိတတ်ပါတယ်။ ပြီးတော့ အလုပ်သမားတွေ များပြားတတ်တဲ့ နွေနဲ့မိုး စပ်ကူးမပ်ကူးအချိန်တွေမှာ အဲဒါမျိုး ပိုပြီးတောင်မှ ကြုံတတ်ပါသေးတယ်။ ဒီကိစ္စကိုလည်း ညက ဝန်ထောက်ကြီး ရှင်းပြပါတယ်။ ဒါကြောင့် အချိန်ရှိတုန်း ဆန်ကြိုပြီး စုဆောင်းထားမလို့ပါ''

ဦးတင်ဖေ ဘာမျှမပြောတော့ဘဲ သူ့တပည့်တစ်ယောက်ကို ခေါ်ကာ ဂိုဒေါင်၏ စပါးအဝင်နှင့် အလေအလွင့်ကို တွက်ခိုင်းသည်။ ထို့နောက် စာရင်းကို သူယူကြည့်ပြီး မောင်အေးချမ်းကိုလည်း မိတ္တူတစ်ရွက်ပေးသည်။ မောင်အေးချမ်းလည်း ဖတ်ကြည့်သည်။ ချင့်ချိန်ပြီးလည်း ကိုက်မကိုက်ကြည့်သည်။ ထို့နောက် ဈေးစကားပြောကြသည်။ အဆင်ပြေသည်။

''ကြိုက်ပြီလား''ဟု ဦးတင်ဖေက မေးသည်။

''ကြိုက်ပြီ ဦးလေး''

''ငါ့ဘက်က ဘာတွေ ကူညီရဦးမလဲ''

''ကျွန်တော်က အရမ်းမြန်ချင်နေတော့ ကြိတ်ခွဲရေးနဲ့ အလုပ်သမားကိစ္စ တွေကိုလည်း ကူညီပါဦး''

ဦးတင်ဖေသည် ကြိတ်ခွဲခနှင့် အလုပ်သမားခကို သူ့တပည့်အား ထပ်တွက်ခိုင်းသည်။ ထို့နောက် ... မောင်အေးချမ်းလက် ရောက်နေသော စာရင်းစာရွက်ကို ပြန်တောင်းပြီး ထပ်ပေါင်းသည်။ မောင်အေးချမ်းက ကျသင့်ငွေ သုံးပုံနှစ်ပုံကို ပေးချေလိုက်သည်။ နေ့လယ်အချိန်မှာပင် စပါးကြိတ်ခွဲခြင်းကို စတင်ကြသည်။

မောင်အေးချမ်းတို့လူစု မောင်လှရွှေ၏ အဖေအိမ်ကြီးမှာပင် တည်းခိုကြသည်။ စားရေးကို ကြုံရာထမင်းဆိုင်ဝင်ကျွေးကြသည်။ မောင်အေးချမ်းမှာ တပည့်နှစ်ယောက်ပါလာ၍ မောင်လှရွှေ၏ဆိုင်ကိုလည်း သွားမစားလိုပေ။ သွားစားလျှင် မောင်အေးချမ်း၏ မျက်နှာနှင့် သုံးယောက်လုံးကို ပိုက်ဆံမယူဘဲ နေပေလိမ့်မည်။ ထိုအခါ မောင်လှရွှေ၏ စီးပွားရေးကို ထိခိုက်နိုင်သည်။

တစ်ပတ်အတွင်းမှာပင် ကြိတ်ခွဲရေးကိစ္စ ပြီးသွား၏။ ဆန်အိတ်များ မော်တော်ပေါ်တင်ပြီးနောက် လက်ကျန်ငွေ သုံးပုံတစ်ပုံကို ဦးတင်ဖေအား ရှင်းပေးလိုက်သည်။ သည်နေ့လယ် ဖျားရေအတက်နှင့် အောက်ရွာဆိပ်ကို အရောက်မောင်းခိုင်းပြီး အမ်းစီမံကိန်းရုံးက ကားများဖြင့် ဆန်အိတ်များကို သယ်ရပေမည်။

မောင်အေးချမ်းတို့လူစု ဖျားရေစောင့်ရင်း မောင်လှရွှေဖခင်၏ အိမ်ကြီးမှ အထုပ်ပစ္စည်းများကို သွားယူကာ ဆိုင်ကိုဝင်ပြီး ထမင်းစားကြသည်။ ထမင်းစားပြီး၍ ရေနွေးသောက်နေကြချိန်မှာပင် မော်တော်စက်သံကို ကြားရသည်။ ထိုကြောင့် မော်တော် အထက်ဆိပ်ကို မောင်းသွားမည်စိုး၍ ထလိုက်သွားကြ၏။ မော်တော် အထက်ဆိပ်ကို ရောက်သွားလျှင် သည်နေရာမှ နာရီဝက်ခန့်လျှောက်ရပေလိမ့်မည်။

''ဟိုး ... မော်တော်ဆရာ။ ဘယ်ကိုမောင်းမလို့တုံး''ဟု မောင်အေးချမ်းကမေးလိုက်၏။

''အထက်ဆိပ်ကိုလေကွာ''

''ဒီဆိပ်မှာ ထားလို့မရဘူးလား''

''မရဘူး။ ဒီဆိပ်မှာ စပါးလှေတွေ အဝင်အထွက်များတယ်''

မောင်အေးချမ်း စဉ်းစားလိုက်ပြီး

''ဒါဆိုလည်း ရေလယ်မှာပဲ ရပ်ထားလိုက်ပါ။ ကျွန်တော်တို့ အထက်ဆိပ်ကို လျှောက်ရမှာ မသက်သာဘူးဗျ။ နေက အရမ်းပူတယ်။ တော်ကြာ ဖျားတက်တော့မှာပဲ''

''ပြီးရော ... ပြီးရော''

မော်တော်ဆရာ သိပ်ပြီး ကြိုက်ပုံမရပေ။ လေသံတစ်မျိုး ထွက်နေ၏။ သို့သော်လည်း မော်တော်ကို ရေလယ်ရွှေ့ ရပ်ထားပေး၏။ ဖျားရေလည်း တက်စပြုလာနေပြီ။ ဖျားရေ လေးပုံတစ်ပုံခန့်တက်လျှင် မောင်အေးချမ်းတို့ မော်တော်ထွက်၍ ရပြီ။ ထို့ကြောင့် နောက်နာရီဝက်ခန့်သာ ဖျားရေ စောင့်ရပေတော့မည်။

စပါးအဝယ်ဒိုင်သည် တောင်တစ်လုံးကို ထိပ်တီထားသောနေရာ ဖြစ်၏။ ထို့ကြောင့် အတော်အတန်မြင့်သည်။ မြစ်ကြောင်း ထက်အောက်ကိုလည်း စုန်ဆန်မြင်နေရသည်။ ထိုဘက်ကမ်းတွင် အိမ်များသာရှိသည်။

မောင်အေးချမ်းတို့လူစု ဖျားရေ အခြေအနေကိုကြည့်ပြီး မော်တော်ထွက်၍ရနိုင်သည့် အချိန်ခန့်တွင် ထမင်းဆိုင်ဘက်သို့ ပြန်လာကြသည်။ ထမင်းဆိုင်တွင် အဝတ်ထုပ်၊ စောင်ထုပ်များ ကျန်နေခဲ့သေးသည်။ သို့သော် မောင်အေးချမ်းတို့လူစု ထမင်းဆိုင်နားသို့အရောက်တွင် ဆိုင်ထဲမှ အထုပ်များ တစ်ထုပ်ပြီးတစ်ထုပ် လွင့်ထွက်လာနေသည်ကို တွေ့လိုက်ရ၏။

''ဟာ ... ဟာ ... တို့အထုပ်တွေ ဘယ်လိုဖြစ်တာတုံး''

ဟု မောင်အေးချမ်းက ဟာအံ့ဩပြောလိုက်၏။ အထုပ်အားလုံး ဆိုင်

www.burmeseclassic.com

www.burmeseclassic.com

ရှေ့တွင် လိမ့်နေကြပြီ။ လှကျော်သာက ဆိုင်ထဲကို ငေးကြည့်ပြီး ...

"ဟာ .. ဟိုမှာ ဆိုင်ထဲကလူကြီး တစ်ယောက် ကန်ထုတ်လိုက်တာကွ"

ဟု ဆိုသည်။ ဤတွင် ဒေါသအိုး အောင်ကျော်သာက လက်သီး ဆုပ်လိုက်ပြီး ...

"အဲဒါ ဘယ်သူလဲကွ။ အားမနာဘူး"

ဟုပြောပြီး အင်္ကျီလက်မောင်းကို လိပ်တင်နေ၏။ မောင်အေးချမ်းက

"နေဦးကွ။ ဘယ်သူဆိုတာ ငါ ကြည့်ဦးမယ်"

ကိုအောင်မုန်းဖြစ်၏။ ကိုအောင်မုန်းကား တိုက်နယ်သူကြီးသား ဖြစ်သည်။ အရက်မူးလျှင် သွေးဆိုးသည်။ လူမြင်တိုင်း လိုက်ရစ်နေတတ်သည်။ တကယ် သတ္တိရှိ၍လည်း မဟုတ်ပေ။ ပြန်ချသူနှင့်တိုးလျှင် သူခံရမြဲဖြစ်သည်။ သို့သော်လည်း ဖခင်တိုက်သူကြီး၏ ဘုန်းဂုဏ်နှင့် အမြဲတမ်း ဆိုးနေသည်။ အသက်သုံးဆယ်ကျော်အရွယ်ကို ရောက်လာသော်လည်း ယူမည့်မိန်းမ မရှိ၍ လူပျိုပေါ့ရမ်းကြီး ဖြစ်နေရသည်။

"ဟိုက်ကောင်၊ ဘာစိုက်ကြည့်နေတာလဲ။ မကျေနပ်ဘူးလား"

ဟု ကိုအောင်မုန်းက မေးနေ၏။ အောင်ကျော်ဖုံနှင့် လှကျော်သာကိုမူ ခြံကွယ်နေ၍ သူမြင်ရဟန်မတူပေ။ အောင်ကျော်ဖုံက –

"မကျေနပ်ဘူးလို့ ပြောလိုက်ကွာ" ဟုဆို၏။

"အာ ... မပြောနဲ့။ ဟိုမှာ အလုပ်တွေ အများကြီးရှိသေးတယ်။ သူ့ကို တို့လုပ်နေချိန်မရဘူး။ ဒါကြောင့် သူများလုပ်လိမ့်မယ်။ ဒီနေရာက မော်တော်ဆိပ်၊ အဝယ်ဒိုင်ဆိုတော့ လူစုံတယ်ကွ။ ဝင်လိုက်ထွက်လိုက်နဲ့ သူ့ထက်မိုက်တဲ့လူတွေအများကြီးပဲ။ ရောက်လာနေကြတဲ့ လူတွေကလည်း သူ့ကို သူကြီးသားလို့လည်း ဘယ်သူမှသိကြမှာ မဟုတ်ပါဘူး"

"ဟိုက်ကောင် ဘာလဲ။ မကျေနပ်ဘူးလား"ဟု ကိုအောင်မုန်းက ထပ်မေးနေ၏။

"ကျေနပ်ပါတယ် ဦးလေးရယ်။ ဘာမှ မကျေနပ်စရာမရှိပါဘူး။ ကျေနပ်ပါတယ်"

"ကျေနပ်ရင် မင်းအထုပ်တွေ ကောက်ပြီးပြန်"

"ဟုတ်ကဲ့ ပြန်ပါ့မယ်"

မောင်အေးချမ်းက တစ်ချက်ပြုံးလိုက်ပြီး ...

"ဟိုက်ကောင်တွေ ကိုယ့်အထုပ်တွေကောက်ပြီး မြန်မြန်ပြန်မှ ဖြစ်မယ်ကွ။ တော်ကြာ ပြဿနာက ပိုရှုပ်လာနိုင်တယ်"ဟု ပြောပြီး အထုပ်များကို ဝင်ကောက်ကြ၏။

ကိုအောင်မုန်းလည်း အခြားစားပွဲတစ်လုံးတွင် အရက်ထိုင်သောက်နေသော လူတစ်ယောက်ကို ခါးလက်ထောက်ကာ တစ်ချက်ကြည့်လိုက်ပြီး စားပွဲခြေထောက်ကို ဆောင့်ကန်လိုက်၏။ အရက်ပုလင်းလဲပြီး အောက်သို့ လိမ့်ကျကွဲသွားသည်။ ထို့ကြောင့် အရက်သောက်နေသူက ဘာမပြော ညာမပြော အမြည်းပန်းကန်ကို စားပွဲနှုတ်ခမ်းမှာ ရိုက်ခွဲလိုက်ပြီး ကျန်တစ်ခြမ်းနှင့် ကိုအောင် မုန်း၏မျက်နှာကို ဆောင့်ထိုးလေသည်။

"အောင်ငယ်လေး တေပါကျိုက်"

ကိုအောင်မုန်းသည် ကျယ်လောင်စွာအော်လျက် ဆိုင်ပေါ်မှ ခုန်ဆင်းထွက်ပြေးသဖြင့် မောင်အေးချမ်းတို့ လူစုထက်ပင် ခြံပြင်သို့ အရောက်မြန်သွားလေသည်။ အရက်သမားလည်း ဆိုင်၏ နောက်ဘက်ပေါက်မှ ခုန်ဆင်းကာ သူ့လေ့ကို တက်လှော်ပြီး ထွက်သွားလေသည်။

မောင်အေးချမ်းက တစ်ချက်ပြုံးလိုက်ပြီး "မတွေ့ဘူးလား။ တို့လုပ်စရာမလိုဘူးလို့ ငါပြောတာ ကွက်တိပဲ"ဟု ပြောပြီး တဟားဟားဖြင့် ရယ်ကာ မော်တော်ဆိပ်သို့ဆင်းလာကြ၏။ ထို့နောက် ကိုအောင်မုန်းကိစ္စနှင့် ပတ်သက်ပြီး စစ်ဆေးမေးမြန်းခံရမည်စိုး၍ မြစ်လယ်တွင်ရပ်ထားသော မော်တော်ကို လှမ်းခေါ်တက်စီးထွက်လာကြသည်။

နောက် သိရသည်မှာ ကိုအောင်မုန်း၏ အထက်နှုတ်ခမ်းနှင့် ရှေ့အပေါ်သွားများ တစ်ခုမျှမကျန်ဟူ၍ဖြစ်သည်။

××× ××× ×××

(၄)

သကြံန်ပတ်ဝန်းကျင်နှင့် သကြံန်ရက်များအတွင်း၌ မောင်အေးချမ်း အလွန်အမင်း အလုပ်များသည်။ အလုပ်မှခွင့်တောင်းပြီး သကြံန်ရေကစားရန်အတွက် ရွာကိုပြန်လာသည့် အလုပ်သမားများရှိကြသလို သကြံန်ရက်များအတွင်း၌ အလုပ်နားခွင့်ရ၍ ရခိုင်ပြည်နယ်အတွင်း၌ ရှိကြသော တန်ခိုးကြီးဘုရားများ စသည်ဖြင့် သွားရောက်ဖူးမြော်ချင်ကြသော လူများလည်း မနည်းပေ။

ထိုလူများမှာ သီးသန့်အလုပ်မှခွင့်မတင်ဘဲ ဌာနကကားနှင့် လိုက်ပို့

www.burmeseclassic.com

ပေးရန်ကိုသာ ပူဆာနေကြ၏။ အလုပ်သမားများက အခါကြီးရက်ကြီးများတွင် ဌာနကကားဖြင့် ဘုရားဖူးရန် လိုက်ပို့ပေးလေ့ရှိသည်ကို သိထားကြသည်။ ထို့ကြောင့် ထိုအလုပ်သမားများ သင်္ကြန်ရက်အတွင်း၌ ဘုရားဖူးသွားနိုင်ကြရေးကိုလည်း မောင်အေးချမ်းကပင် စီစဉ်ပေးနေရသည်။

ထို့အပြင် စက်သမား၊ ကားသမားများမှာ အခါကြီး ရက်ကြီးများသို့ ရောက်တိုင်း အလုပ်နားခွင့် ရကြသလို စက်နှင့် ကားများကိုလည်း အလုပ်နားခွင့် ပေးလေ့ရှိသည်။ အနားမယူဘဲ အလုပ်ထွက်လုပ်သော စက်သမား၊ ကားသမားများကို နေ့စဉ် ထိုစက်ကားတို့၏ တစ်နေ့တာ လုပ်အားခတာန်ဖိုးကို အလုပ်ထွက်လုပ်သော ကားသမားများ၊ စက်သမားများက ရရှိကြသည်။

(ဤစကားသည် အနည်းငယ်နားရှုပ်ဖွယ်ရှိ၍ ရှင်းပြရဦးမည်။ မောင်အေးချမ်းတို့ ဆောက်လုပ်ရေး (ဖောက်လုပ်ရေး) ဌာနများတွင် ကား/စက် အပြည့်အစုံရှိသော ဌာနများ ရှိကြသလို ကား/စက် အပြည့်အစုံ မရှိသော ဌာနများလည်း ရှိကြသည်။ ကား/စက် အပြည့်အစုံမရှိသော ဌာနများမှာ အပြင် ပုဂ္ဂလိကတို့ထံမှ ကား/စက်များကိုငှားရမ်းပြီး သုံးစွဲကြရသည်။

ထိုအခါ ကား/စက် အကြီးအငယ်ကိုလိုက်ပြီး တစ်စီးကို တစ်နေ့မည်ရွေ့မည်မျှဟု ဈေးဖြတ်ပြီး လချုပ်၊ နှစ်ချုပ်ဖြင့် ငှားရမ်းရသည်။ ထိုစက်ကားများကို ဘာသာရေးနှင့် စပ်ဆိုင်သော အခါကြီးရက်ကြီးများ၊ လွတ်လပ်ရေး စသော ရုံးပိတ်ရက်ကြီးများ၌ အခမပေးရပေ။ အကယ်၍ အလုပ်လုပ်လျှင် အလုပ်လုပ်သော ကားသမားများကသာ ထိုကား/ စက်များ၏ နေ့တွက်ခကို ရရှိလေသည်။)

ထိုသို့သဘောရှိ၍ သင်္ကြန်ရက်များအတွင်း၌ အလုပ်ထွက်လုပ်ကြမည့် စက်သမား၊ ကားသမားတို့စာရင်းကိုလည်း မောင်အေးချမ်းကပင် တစ်ယောက်ချင်း၊ တစ်ရက်ချင်း ရေးမှတ်၍ထားရ၏။ ထို့ကြောင့် မောင်အေးချမ်းမှာ သင်္ကြန်မတိုင်မီ ရက်အတန်ကြာမှပင် အလုပ်များလျက်ရှိနေလေ၏။

သင်္ကြန်ရက် အတွင်းမှာလည်း ဘယ်ကိုမှ ထွက်သွားခွင့် မရဘဲ စခန်းစောင့် တာဝန်ကိုသာ ယူ၍ နေရလေသည်။ သို့သော်လည်း ဥပုသ်ပျက်မည်စိုး၍ သင်္ကြန်ရက်အတွင်းမှာ ဥပုသ်စောင့်မည့်၊ သီလပေးမည့် ဆရာတော်များ မရှိသောကြောင့် ရုံးခန်း၏ခေါင်းရင်းတွင် ကျောင်းဆောင်ဖြင့် ကိုးကွယ်ထားသော ဘုရားရှင်၏ အထံမှာပင် သီလယူရပေတော့မည်။

သင်္ကြန်မကျမီ တစ်ပတ်အလိုမှပင် ခွင့်ယူပြီး ရွာပြန်ကြမည့်သူများ၊ ဘုရားဖူးခရီးထွက်ကြမည့်သူများကို အမြဲမပြတ် ကားစီစဉ်ပေးရသည်။ ထိုထိုအုပ်စုများ တစ်သုတ်ပြီးတစ်သုတ်၊ ကားတစ်စီးပြီးတစ်စီး ထွက်ခွာသွားကြသောအခါ စခန်းသည်လည်း ခြောက်ကပ်၍ ကျန်ခဲ့၏။

ယခင်အခါများတွင် အလုပ်သမားများ အနည်းဆုံး လေးငါးရာမှ ထောင်ခန့်ထိရှိနေသော စခန်းကြီး၌ မဆိုစလောက် ကားသမား၊ စက်သမားများသာ ကျန်နေခဲ့လေသည်။ ရခိုင်အမျိုးသား လမ်းဗိုလ်ကြီး ဦးသန်းတင်လည်း သူ့ဇာတိစစ်တွေသို့ သင်္ကြန်ရေကစားရန် ပြန်သွားသည်။ မွန်အမျိုးသားလေး ဦးမျိုးခင်လည်း သူ့ဇာတိ မော်လမြိုင်သို့ သင်္ကြန်ရေကစားရန် ပြန်သွားသည်။ ဆေးမှူးကြီးဦးတင်ရွှေ (ဦးကုလားမဲ)သည်လည်း လမ်းဗိုလ်များကဲ့သို့ပင် သူ့ဇာတိ အမ်းမြို့သို့ သင်္ကြန်ရေကစားရန် ပြန်သွားသည်။

စက်သမား၊ ကားသမားများလည်း အလုပ်ဆင်းနေကြသဖြင့် နေ့ခင်းနေ့လယ်တွင် စခန်းတဲရုံကြီး၌ မောင်အေးချမ်း တစ်ယောက်တည်းသာ ရှိသည်။ စက်သမား၊ ကားသမားများ အလုပ်ဆင်းသည်ဟု ဆိုသော်လည်း စင်စစ်တွင် အလုပ်ထွက်လုပ်နေသော အလုပ်သမားဟု မရှိကြ၍ သူတို့ဘာသာ စက်/ကားများကို လမ်းလျှောက်မောင်းနေသကဲ့သို့သာ ရှိ၏။ အတည့်ဆိုရလျှင် စက်/ကားခ ငွေမြတ်မြတ်ကလေး ရမည်ဖြစ်သောကြောင့်သာ လျှောက်မောင်းနေကြခြင်း ဖြစ်၏။ စီမံကိန်းအတွက် အလုပ်ဖြစ်သည်ဟူ၍ပင် မဆိုလောက်ပေ။

မောင်အေးချမ်းမှာကား ကြွေးတင်လျက်ရှိသည့် စာရင်းဇယားများကို ကုန်းလုပ်နေရသဖြင့် သာ၍ပင် အလုပ်များလေသည်။ သို့သော်လည်း သင်္ကြန်အကြိုနေ့မှစ၍ နှစ်ဆန်း ၁ ရက်နေ့ကုန်ဆုံးသည်အထိ သူတော်ကောင်းတို့၏ အကျင့်မြတ်ကို ကျင့်ကြံရန် ဆုံးဖြတ်ထားသည်။

မနက် ၄ နာရီခွဲလျှင် အိပ်ရာမှ ညင်သာစွာဖြင့်ထ၍ မျက်နှာသစ်၊ ရေမိုးချိုး၊ ဘုရားရှိခိုး၊ ရှစ်ပါးသီလယူ မေတ္တာပို့၊ တရား နာရီဝက်မျှပင်၊ မနက်စာ အဆာပြေစာ စား[illegible]သောက်

www.burmeseclassic.com

ရေး စီစဉ်၊ ဘုရားကို ဆွမ်း,ပန်း,ရေချမ်း ကပ်လှူပူဇော်ပြီး ရွာကိုမပြန်၊ ဘုရားဖူးလည်း မထွက်ကြသော လမ်းဗိုလ် လမ်းမင်းများနှင့်အတူ မနက်စာစား၏။

ထို့နောက် အလုပ်သမားများ လစ်လပ်နေသော စခန်းတဲရုံကြီးများကို စစ်ဆေး။ အလုပ်ထွက်နေကြသော ကားသမား၊ စက်သမားများ၏ စာရင်းကို ရေးမှတ်။ ထိုကိစ္စများ ပြီးပြီးနောက် ဘုရားရှိခိုး၊ မေတ္တာပို့၊ တရားတစ်နာရီမှတ်၊ မေတ္တာပို့ ဆုတောင်း အမျှဝေပြီးမှ နေ့လယ်စာအတွက်ကို စီစဉ်ချက်ပြုတ် စားသောက်ပြီး မပြီးပြတ်ဘဲ ရှိနေသော စာရင်းဇယားများကို လုပ်လေသည်။

လောဘ၊ ဒေါသ၊ မောဟများကိုချုပြီး သူတော်ကောင်းတို့၏ တရားများကို စောင့်ထိန်းကာ ကျင့်ပွားနေထိုင် စားသောက်လုပ်ကိုင်နေရသဖြင့် ကိုယ်စိတ်နှစ်ပါးလုံး အေးမြချမ်းသာခြင်းသုခကို လက်တွေ့ခံစားခွင့် ရနေ၏။ ထို့ကြောင့် ကျေနပ်ခြင်းများစွာနှင့် ဝမ်းမြောက်ဝမ်းသာ၍ မဆုံးအောင်ပင် တွေးနေမိသည်။

မောင်အေးချမ်း ဆုံးဖြတ်ချက်သည် လူ့ဘဝတွင် ကျင်လည်ရန်မဟုတ်ဘဲ ရဟန်းဘဝဖြင့် တရားရှာရန်သာ ဆုံးဖြတ်ထားသည်။ ဘဝနှင့် ခန္ဓာသည် အကြွေးတုံး၊ အဆိပ်တုံးကြီးဖြစ်နေသောကြောင့် အကြွေးဆပ်ခြင်းကသာ အမြတ်ဆုံးဖြစ်မည်။ မြတ်သောလူ့ဘဝကို ရရှိနေသည့် ယခုအခါကို အကြွေးတင်နေ၍ မဖြစ်တော့ပေ။

လူ့ဘဝမှာသာ ကျင်လည်လျှင် လူတို့သည် ဝေရာဝစ္စ ပလိဗောဓ များလွန်းသောကြောင့် မည်မျှအထိပင် အကုသိုလ်ကို ရှောင်ကြဉ်သည်ဟု ဆိုစေကာမူ အညှိရှိလျှင် ယင်အုံသည်ဟု ဆိုဘိသို့ရှိ၏။ လူသည် လူများနှင့် ပေါင်းသင်းဆက်ဆံ၍ နေရသဖြင့် လူဆိုး လူကောင်းတို့၏ အလယ်တွင် ကျင်လည်နေရသောအခါ အနံ့အသက်စုံတို့သည် ရောယှက်သာ ရှိပေမည်။

ထိုအခါ အနှောင့်အယှက်စုံတို့သည်လည်း တောင်လိုပုံလာနိုင်သည်။ တရားခွင်ကို ရောက်ရှိရန် ခက်လာနိုင်သည်။ အရှေ့ဘက်ကို ရောက်လိုသောလူသည် အနောက်ဘက်ကို မျက်နှာမူပြီး သွားနေသည်နှင့်သာတူပေလိမ့်မည်။ ထို့ကြောင့် မြန်မြန်လျှောက်လေ လိုရာခရီးကို သာ၍ဝေးလေ ဖြစ်လာနိုင်သည်။

ဤသည်ကို ဆင်ခြင်မိတိုင်း လူ့လောကကို ကြောက်၏။ ကြောက်သော်လည်း လူတို့၏အလယ်တွင် နေရသောကြောင့် လူတို့နှင့် ရောယှက်ရ၏။ အနှောင့်အယှက်ပေါင်း မြောက်မြားစွာတို့နှင့် ရင်ဆိုင်ရ၏။ မိမိကိုယ်နှင့်စိတ်သည် မည်းညစ်ရ၏။ ဦးတည်ချက်လမ်းကြောင်းကိုလည်း ထိပါးရိုက်ခတ်ခြင်းကို အမြဲလိုလို ခံစားနေရ၏။

ယခု အာရုံအားလုံးကို ချုပ်၍ သူတော်ကောင်းတို့၏ ဘဝတစ်စိတ်တစ်ဒေသကို ရရှိနေသဖြင့် များစွာကျေနပ်နေမိ၏။ လူ့လောကမှ ကွင်းလုံးကျွတ်လွတ်မြောက်၍ သူတော်ကောင်းတို့၏ ခရီးကို ဖြောင့်ဖြောင့်ကြီးသာ လျှောက်လှမ်းခွင့်ရခဲ့ပါမူကား မည်မျှအထိပင် ချမ်းသာမည်ကို ခမ်းမျှော်၍လည်း ဝင်စား၍ ကြည့်နေမိသည်။

စခန်းရှေ့ ကားလမ်းဆီက ကားသံကို ကြားလိုက်ရပြီးနောက် တဖုတ်ဖုတ်ဖြင့်ပြေးလာနေသော ခြေသံတစ်ခုကိုလည်း ဆက်တိုက်ပင် ကြားလိုက်ရ၏။ သကြံန်ရက်ကြီး၌ အဘယ်ညှော်သည်တွေများ သွားလာနေကြပါလိမ့်ဟု တွေးမိသည်။ သို့သော် ခြေသံသည် အဆောင်ထိ ရောက်လာပြီး မောင်အေးချမ်း၏အခန်းထဲသို့ တန်းဝင်လာလေသည်။

"ဟင် ... ကိုကို"

ယုမေသည် အခန်းထဲသို့ ခြေသံဖော့ဖော့ဖြင့် ပြေးလာပြီး မတိုးမကျယ် တစ်ချက်ခေါ်ကာ မောင်အေးချမ်းအား ပြေးဖက်လေသည်။ ထို့နောက် ယုမေသည် မောင်အေးချမ်း၏ စာရင်းစာအုပ်ကြီးကို တွန်းဖယ်ကာ မောင်အေးချမ်း၏ရင်ခွင်ထဲ ဝင်ထိုင်၏။

"ဟင် ... ယုမေလေး၊ ဘယ်လို ဖြစ်လာတာတုံး"

ယုမေဘာမျှမပြောဘဲ မောင်အေးချမ်း၏ရင်ခွင်ထဲတွင် ဝင်ထိုင်ကာ ငြိမ်၍နေသည်။ မောင်အေးချမ်း၏ လက်နှစ်ဖက်ကိုလည်း သူ့အားဖက်စေရန် ဆွဲကိုင်၍ ဖိထားသဖြင့် မောင်အေးချမ်းက အလိုက်သိစွာဖြင့် ပွေ့ဖက်ထားလိုက်သည်။ အပျိုဖြန်းမလေး ယုမေသည်ကား မိုးပြာရောင် အင်္ကျီဘောင်းဘီ ဝမ်းဆက်ကို ဝတ်ဆင်လျက် နှုတ်ခမ်းနီ၊ ပါးအို့နီလေးများ ခြယ်သကာ လှချင်တိုင်း လှနေလေသည်။

"ပြောလေ ယုမေလေး။ ဘယ်က ဘယ်သူတွေနဲ့ လာခဲ့တာလဲ"

"သူငယ်ချင်းတွေနဲ့ လာတာ"

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောပြီး မောင်အေးချမ်း၏ လက်များကို ဆုပ်နယ်နေ၏။

"အခုလို သင်္ကြန်ရက်ကြီး ဘယ် ကကားကြဲလို့ လာကြလဲယုမေရဲ့"

"သူငယ်ချင်းတွေနဲ့ အမ်းစီမံကိန်းရုံးကိုသွားပြီး သမီးက ဦးလေးအေးချမ်းရဲ့တူမပါ။ ဒါကြောင့် သင်္ကြန်တွင်း ဦးလေးအေးချမ်းရဲ့ စခန်းက အလုပ်သမားတွေကို မုန့်သွားဝေချင်လို့ ကားတစ်စီးလောက် ပေးပါဆိုပြီး သွားလိမ်တောင်းတာပေါ့"

"သွားလိမ်တောင်းတော့ ... ရရောလား"

ယုမေက ဆတ်ခနဲခေါင်းညိတ်၏။

"ကားသွားတောင်းတုန်းက တော့ ဦးလေး။ အခုရောက်လာတော့ ကိုကိုတဲ့လား ယုမေရဲ့"

"လူရှေ့တော့ သမီး။ လူကွယ်ရာမှာတော့ ဇနီး"

ဟု တိုးတိုးလေးပြောကာ ယုမေသည် သူ့စကားသူ သဘောကျပြီး တခစ်ခစ်ဖြင့်ရယ်လေ၏။ တံတောင်ဖြင့် မောင်အေးချမ်းကိုလည်း မနာတနာ နှစ်ချက်သုံးချက် တွတ်၏။ ထို့နောက် ဆက်ပြောသည်။

"ယုမေ ကိုကို့ကို အရမ်းလွမ်းတယ်။ နေလည်း ကိုကို့ရုပ်သွင်၊ စားလည်း ကိုကို့ရုပ်သွင်၊ တစ်မြင်တည်း မြင်နေတယ်။ ဒီအထဲ မကြာခင် လမ်းခွဲပြီး ယုမေက ကျောက်ဖြူမှာ သွားနေရတော့မယ်ဆိုတော့ ခုကတည်းက တွေးပြီး အရမ်းကို ဆွေးနေမိပြီလေ"

မောင်လေးချမ်း သက်မတစ်ချက်ကို ချလိုက်ပြီး ...

"ယုမေရဲ့ ရှေ့ရေးအတွက်ဆိုပြီး ဒီလိုပဲဖြေပါကွယ်။ ဒါလေးတော့လည်း သည်းခံရမှာပေါ့။ အကောင်းလာရင် အဆိုးရှေ့ကခံ ဆိုတာလည်း ရှေးစကားရှိတယ် မဟုတ်လား"

ဟု ပြောကာ ဖျောင်းဖျ၏။ ယုမေ ငြိမ်ပြီး နားထောင်နေသည်။ ထို့နောက် ယုမေက ပြောသည်။

"ဖြေတော့ဖြေပါတယ် ကိုကိုရယ်။ ဒါပေမယ့် မရဘူး။ ယုမေက အသည်းနုတဲ့ မိန်းကလေးဆိုတော့ ဖြေတိုင်း ရနိုင်တာမှ မဟုတ်တာ။ စိတ်ကဖြေတယ်ဆိုပေမယ့် နှလုံးသားတော့ အမြဲတမ်း ခံစားနေရတာပဲ"

"အခု မခင်တင့်ကော မပါဘူးလား"

"မပါဘူး။ ယုမေတို့လူငယ်ချည်းပဲ။ ယုမေထက် အသက်ကြီးတဲ့ မမသုံးလေးယောက်ပဲ ပါတယ်။ ကျန်တာအားလုံး ယုမေတို့အရွယ်တွေချည်းပဲ"

"မခင်တင့်ကော ဥပုသ်စောင့်ရဲ့လား"

"အင်း ... သူ သင်္ကြန်မကျခင် သုံးလေးရက် အလိုကပင် ဥပုသ်စောင့်တယ်။ ပွဲရုံတောင် ယုမေတစ်ယောက်တည်း ဒိုင်ခံရောင်းပေးနေရတယ်။ သင်္ကြန်အကျနေ့မှပွဲရုံပိတ်လိုက်တယ်"

"ယုမေတစ်ယောက်တည်း အိမ်မှာနေရတုန်း ရဲနိုင်တို့၊ ရဲမိုင်တို့က လာပြီး မနှောင့်ယှက်ကြဘူးလား"

"ဟင့်အင်း ... အိမ်တောင် သိပ်ပြီးမလာကြတော့ဘူး။ အိမ်ကို မလာတာတော့ သူတို့အပြစ်နဲ့သူတို့ ရှိန်သွားတာပဲ ဖြစ်မယ်ထင်တယ်။ သူတို့အဖေကလည်း ရွှေခိုးတာနဲ့ ပတ်သက်ပြီး ညီအစ်ကိုနှစ်ယောက်လုံးကို အတော်လေးပဲ ဆော်ပလော်တီးတယ်လို့ ကြားတယ်။ ယုမေကလည်း အန်တီတင့်ကို ပြောထားတယ်။ ဘယ်သူမျိုးမဆို ယုမေကိုသာ စိတ်ဆင်းရဲအောင် လုပ်လာရင်တော့ ကျောက်ဖြူမသွားခင် ရက်ကလေးမှာပင် ဦးလေးဆီပဲ သွားနေတော့မယ်လို့ ခပ်ပြတ်ပြတ် ပြောထားတယ်"

"လာပြန်ပြီလား ဦးလေး"

"လူရှေ့မှာပါဆိုမှ"ဟုပြောပြီး ယုမေ တိုးတိုးရယ်ပြန်သည်။

မခင်တင့်က ယုမေ မောင်အေးချမ်းထံ သွားနေမည့်အရေးကို မည်သည့်နည်းနှင့်မျှ လက်ခံချင်မည်မဟုတ်ပေ။ ယုမေ မောင်အေးချမ်းနှင့်တွေ့တိုင်း လိုက်လိုက် ကပ်နေသည်ကိုလည်း သိနေသည်။ သို့သော်လည်း ယုမေနှင့် မောင်အေးချမ်းတို့ ထိုကဲ့သို့ ကပ်၍မနေစေရန်အတွက် တားမြစ်ခြင်းငှာ မစွမ်းနိုင်၍သာ အောင့်သက်သက်ဖြင့် ကြည့်နေရသည်။ တင်းတင်းမာမာ တားမြစ်လိုက်လျှင်လည်း ယုမေသည် အိမ်ပေါ်မှဆင်းသွားပြီး မောင်အေးချမ်းနှင့် ပိုမိုနီးစပ်သွားမည့်အဖြစ်ကို မခင်တင့် ခံစားနိုင်မည် မဟုတ်ပေ။

မိန်းကလေးတို့ အသည်းနှလုံးသည် အရာရာတွင် သည်းခံနိုင်ကြ၏။ မသည်းခံနိုင်တော့ဘူးဟု ဆိုလျှင်လည်း ကျောက်စိုင် ကျောက်သား၊ သံခဲသံတုံးတို့ထက်ပင် မာကျောသွားတတ်၏။ မောင်အေးချမ်းသည် မိန်းကလေးတို့၏အကြောင်းကို အတော်အတန် သိဖူး၏။ ထိုအသိနှင့်ယှဉ်၍ပင် ယခု မခင်တင့်နှင့် ယုမေတို့ကိုလည်း အဆိုပါအတိုင်း နားလည်နေမိသည်။

မခင်တင့်သည် မောင်အေးချမ်းကို အရူးအမူးချစ်နေ၏။ လိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com

လှဲလှဲ စွဲစွဲမြဲမြဲကြီးလည်း ချစ်၏။ ထို့ကြောင့် မောင်အေးချမ်းနှင့် ယုမေတို့သည် မည်မျှအထိပင် နီးနီးကပ်ကပ် ရှိနေကြစေကာမူ မောင်အေးချမ်း၏ သိက္ခာသီလကို နားလည်ထားသော ကြောင့် မည်သည့်နည်းနှင့်မျှ တိတ်တိတ်ပုန်း လင်မယားအဖြစ်ကို မရောက်နိုင်ဟု ပြတ်ပြတ်သားသား ယုံကြည်ထားသောကြောင့်သာ သည်းခံပြီး နေခြင်းဖြစ်နိုင်သည်။

သို့မဟုတ်ပါက သူ့အိမ်၌ နေရသော အိမ်ဖော်မလေး တစ်ယောက်သည် ရှေ့သို့တစ်လှမ်းကျူး၍ တက်လာသည်ကို မည်သည့်နည်းနှင့်မျှ သည်းခံနိုင်ဖွယ် မရှိပေ။ နာရီပိုင်း အတွင်းမှာပင် ရုန်းရင်းဆန်ခတ် ဖြစ်သွားနိုင်သည်။ ခြေနှင့်မဆင်း ခေါင်းနှင့် ဆင်းသွားရနိုင်သည်။ အူနုကို ကွဲခတ်ခံနိုင်သူဟူ၍ကား ရှိမည်ပင် မဟုတ်ပေ။

ယုမေကလည်း မောင်အေးချမ်း မခင်တင့်၏အပေါ်တွင် အားသာချက်၊ မခင်တင့်က မောင်အေးချမ်း၏ အပေါ်တွင် အားနည်းချက် ထိုနှစ်ချက်လုံးကို ပင် ကွဲပြားခြားနားစွာဖြင့် သိရှိနားလည်နေသောကြောင့်သာ ကြားနေ ဝါဒကို ကျင့်သုံးပြီး ငေါ်ချင်တိုင်း ငေါ်နေခြင်း ဖြစ်၏။ လူပင်ငယ်သေးသော်လည်း အဖုံဖုံသော ဘဝကြမ်းခရီးကို ကြိမ်ဖန်များစွာ ဖြတ်သန်းလာခဲ့သော ယုမေလေးကိုလည်း လျှော့တွက်၍ မရပေ။

ထိုသို့သဘော ရှိသောကြောင့်ပင် ယုမေသည် မခင်တင့်၏ အိမ်ပေါ်တွင် အိမ်ဖော်အဖြစ် တက်နေပြီး မခင်တင့်၏ ရည်းစားကို ကြားဖြတ်လုယူထားရခြင်း ဖြစ်သည်။ မခင်တင့်၏ တူနှစ်ယောက်တို့ အနူကြမ်းဖြင့် တိုက်ခိုက်ခြင်းကိုလည်း တုန့်လှုပ်ခြင်း ကင်းမဲ့စွာဖြင့်ပင် အပြုံးမပျက်၊ အနေမပျက်၊ အစားမပျက် ဆက်လက်၍ အေးဆေးစွာနေထိုင်နိုင်ခြင်းဖြစ်သည်။

"ယုမေကို ငါ တစ်ခုပြောထားချင်တယ်။ အဲဒါကတော့ အခြားမဟုတ်ပါဘူး။ ကိုယ်က မိန်းကလေးဖြစ်တဲ့အတွက် နေရတကာ မမာနဲ့ ဆိုတာကိုပေါ့။ အများအားဖြင့် မခင်တင့်တို့ မိသားစုတွေနဲ့ ဆက်ဆံတဲ့ အခါမျိုးမှာပေါ့"

"မမာလို့ မရဘူး ကိုကိုရဲ့။ မမာဘဲ ပျော့နေရင် ဟိုလူမိုက် (ရဲခိုင်နှင့်ရဲနိုင်)တို့ဆီမှာတောင်မှ အပျော်မယားဖြစ်သွားနိုင်တယ်။ အဲဒါတော့ ကိုကိုထည့်မပြောတော့ဘူးလား"

ယုမေ၏အသံ အနည်းငယ်မာနေ၏။

"အဲဒီကိစ္စလည်း အခု ငြိမ်းသွားပါပြီကွယ်။ ငါ အဓိကပြောချင်တာက ယုမေဟာ မကြာခင် မခင်တင့်နဲ့ လမ်းခွဲသွားမယ့် သူလေးကဖြစ်နေလေတော့ သူနဲ့၊ သို့တည်းမဟုတ် သူတို့အသိုင်းအဝိုင်းနဲ့ လမ်းခွဲတဲ့အခါ လူပြက်ထ မထ၊ မင်းသားထ ထတယ် ဆိုတာမျိုးလိုပဲ ဖြစ်စေချင်ပါတယ်"

"အခုလည်း ယုမေနဲ့ အန်တီတင့် ဘာမှမဖြစ်ပါဘူး။ ယုမေကလည်း အန်တီတင့်ကို မေတ္တာမပျက်ပါဘူး။ ဟိုလူမိုက်နှစ်ယောက်ကိုပဲ အခဲမကျေ ဖြစ်နေမိတာပါ။ တကယ်ပြောတာ ဒီတစ်ခါသာ မထိတထိ လာလုပ်ရင်တော့ လက်ကိုသော်လည်း လိမ်ချိုးပစ်မှာ"

"ပြောပြန်ပြီ လူကျယ်မကြီးက။ ထစ်ခနဲဆို လုပ်မယ်ဆိုတာချည်းပဲ"

"ဘာလဲ ‥ ကိုကိုက မတော်ရသေးတဲ့ တူနှစ်ယောက်အတွက် နာနေသလား"

ယုမေက ဆတ်ခနဲ မော့ကြည့်ပြီးပြော၏။ ထို့နောက်ဆက်ပြောသည်။

"ဒီရုပ်က တကယ် ဒေါ်ခင်တင့်ကို ယူမယ့်ရုပ်ပါ။ ယူလေ။ ရတယ်။ ဒါပေမယ့် နင်တို့နှစ်ယောက် မယူခင်ကပင် ဒေါ်ခင်တင့်ကို ကြိုတော့ပြောထားမယ်။ သူ့စီးပွားရေးတွေ အကုန်ပုံအပ်ပြီး ဒုတိယမယားနေရာမှာ နေနိုင်ရင်တော့ ယူပေါ့လို့"

"ဟိုက် ‥‥ အရှူးမ၊ ဘာတွေလျှောက်ပြောနေတာလဲ"

"ပထမနေရာကိုတော့ မရဘူး။ ငါပေးချင်မှပဲ ရမယ်"

မောင်အေးချမ်းက အသံမထွက်ဘဲ ကိုယ်တွေတုန်အောင် ရယ်၏။

"ဟုတ်တယ်လေ။ ငါက မလိမ်တတ်ဘူး။ နင့်ကိုလည်း လက်လွှတ်မခံနိုင်ဘူး။ ဒါကြောင့် အမှန်ကိုပြောတာ"

မောင်အေးချမ်းက အသံတိတ်စွာဖြင့် ဆက်ရယ်နေ၏။

"သဘောကျနေတယ်ပေါ့လေ။ အကြီးအငယ် နှစ်ယောက်နဲ့ဆိုပြီး သဘောကျနေတယ်ပေါ့။ ရုပ်ကိုက အဘိုးကြီးရုပ်။ ဝတ်ထားတဲ့ အင်္ကျီဖြူက လည်ကတုံး၊ ရှိုင်ပုဆိုးက အဖြူရောင်နဲ့၊ စိပ်ပုတီးကော ခုတင်ကတွေ့လိုက်တယ်။ ဘယ်ရောက်သွားလဲ။ ဖိုးသူတော်လိုလို၊ ထောင်ထွက်လိုလို"

"ဥပုသ်စောင့်နေလို့ဟ"

ယုမေသည် မောင်အေးချမ်း



www.burmeseclassic.com

www.burmeseclassic.com

ရင်ခွင်ထဲမှထွက်ပြီး ရှေ့တွင် ကျုံ့ကျုံ့ ထိုင်ကြည့်ရင်းက ပြောနေသည်။

"ဒီအဝတ်တွေကို အခုချွတ်လိုက်"

"ဥပုသ်စောင့်နေလို့ပါ ဆိုမှ"

"မလိုချင်ဘူး အခုချွတ်။ လူကဖြင့် အသက်နှစ်ဆယ်တောင် မပြည့်သေးဘူး။ ဝတ်ထားတာက အဘိုးကြီး။ အဘွားကြီး ခေါင်းတင့်နဲ့ ညားလိမ့်မယ်။ တကယ်ပဲ။ ချွတ်ဆိုတာမချွတ်ဘူးလား။ မချွတ်ရင်တော့ ငါကိုယ်တိုင် ချွတ်ရလိမ့်မယ်"

ဟုဆိုကာ ယုမေသည် မောင်အေးချမ်းအား အတင်းဖက်လှဲလေ၏။

"ဖယ်စမ်းပါ ... တော်ကြာ လူတွေလာလို့ ခက်တော့မှာပဲ"

"ဘယ်သူမှ မလာဘူး။ ဘယ်သူမှ လိုက်မလာကြနဲ့။ ငါ့ဟာနဲ့ငါသွားပြောပြီး နင့်ခေါ်လာခဲ့မယ်လို့ ပြောထားခဲ့တယ်။ ဒီအဘိုးကြီးအဝတ်တွေကို ငါကိုယ်တိုင်ချွတ်မှ ဖြစ်တော့မယ်"

"ဒုက္ခပဲ။ ဖယ်စမ်းပါ။ ပြောလိုက်ရင်လည်း နင်နဲ့ငါနဲ့။ ငရဲတွေ ကြီးကုန်တော့မှာပဲ"

"ဘာမှမကြီးဘူး။ ငါ့ဂင်ဖြစ်မယ့်လူကို ပြောတာ ငရဲကြီးရမလား"

ယုမေက လွှတ်ပေးလိုက်၍ မောင်အေးချမ်းသည် တစ်ဖက်သို့ လူးလိမ့်ပြီး ကုန်းထလိုက်၏။

"အဲဒီတန်းပေါ်မှာ ချိတ်ထားတဲ့ ဂျင်းအရှည်နဲ့ စပို့ရှပ်လက်တိုကိုပဲဝတ်။ ပြီးတော့ အပေါ်က ဂျင်းလက်ရှည်ကို ထပ်ဝတ်။ ဦးထုပ်ဆောင်း၊ မျက်မှန်တပ်၊ တောသွားခါးပတ်ကိုပတ်ပြီး တောသွား ရှူးကိုစီး၊ နှစ်လုံးပြူးကို လွယ်၊ သွားမယ်။ ဟိုမှာ စောင့်နေကြပြီ"

"ဒုက္ခပဲ။ ဥပုသ်စောင့်နေတော့မှ ဘောင်းဘီရှည်၊ မျက်မှန်စိမ်းနဲ့ သေနတ်ကိုင်ရမတဲ့လား"

ယုမေက ဘာမျှမပြောဘဲ မောင်အေးချမ်းဝတ်ဆင်နေသည်ကိုသာ စိုက်ကြည့်နေသည်။ သဘောမကျသော အမူအရာလေးများလည်း စွက်လျက်ရှိသည်။ မောင်အေးချမ်းက ယုမေခိုင်းသည့်အတိုင်း ဝတ်ဆင်လိုက်သည်။ ဘုရားကို ဦးတိုက်ရှိခိုးပြီး ထရံမှာ ချိတ်ထားသော နှစ်လုံးပြူး သေနတ်ကြီးကို လွယ်လိုက်သည်။

"သွား ... ရှေ့က"

ယုမေက အတင်း တွန်းလွှတ်သည်။

"အပြင်ကိုရောက်ရင်တော့ ယုမေရဲ့ အမူအရာလေးကို ပြင်လိုက်နော်"

မောင်အေးချမ်းက ဘောင်းဘီခြေဖျားကို လိပ်တင်ရင်း ပြောသည်။

"ဘာအမူအရာကို ပြင်ရမှာလဲ"

"ဦးလေးနဲ့ တူမတို့ လာနေကြတဲ့ အမူအရာလေးလေ"

"သွား ... ငါသိတယ်"

အတွင်းခန်းမှ ထွက်လာကြသည်။ လှေကားတက်သို့ရောက်လျှင် မောင်အေးချမ်းက ဆင်ကြယ်ဖိနပ်ကို ကောက်ပြီး အတွင်းသို့သွင်းကာ တောစီးဖိနပ်ကိုစီးပြီး အပြင်တံခါးကို သော့ခတ်လိုက်သည်။ ထို့နောက် အုတ်ခဲများခင်း၍စီထားသော သဲလမ်းကလေးအတိုင်း ဆင်းလာခဲ့ကြသည်။

"မခင်တင့်တော့ ဥပုသ်စောင့်လို့ ရှိမှာပေါ့"

မောင်အေးချမ်းက ယုမေ အမူအရာများ ပြောင်း၍သွားစေရန်အတွက် တမင်တကာ စကားရှာ၍ ပြောလိုက်သည်။ ယုမေက အင်းလိုက်သည်။

"ယုမေကော ဥပုသ်မစောင့်ဘူးလား"

"ယုမေလား ဥပုသ်မစောင့်ဘူး။ သူငယ်ချင်းတွေနဲ့ ရေပဲပက်တယ်"

"ယုမေတို့ ဒီလာမယ်ပြောတော့ မခင်တင့်က ဘာပြောလဲ"

"အထွေအထူးတော့ ဘာမှ မပြောဘူး။ နင့်ဦးလေး ရိုးမစခန်းမှာကော ရှိလို့လား။ ရွာများ ပြန်နေသလား။ စခန်းမှာသာမရှိရင် ချက်ချင်း ပြန်လာခဲ့တဲ့။ ဒါပဲ ပြောတယ်"

"ကိုအေးချမ်းကြီးက ဒီစခန်းမှာ တာဝန်ကျနေတာလား"ဟု ကားသမား ဦးကျော်ဖေက ဆီးမေးသည်။ ဦးကျော်ဖေသည်ကား အကျယ်ချုပ်ဖြင့် အမ်းစခန်းတွင်နေရသော ကားသမားကြီး ဖြစ်သည်။

ဦးကျော်ဖေ ပြေယ်စခန်းတွင် ကားမောင်းတာဝန်ကျနေစဉ်က ကားပေါ်အတင်းကုန်းတက်သော ကောင်လေးတစ်ယောက်ပြုတ်ကျ၍ ကားကြိတ်ပြီး သေသောကြောင့် အမှုဖြစ်သည်။ ထို့ကြောင့် အကျဉ်းချုပ် မခံလိုက်ရသော်လည်း ယခု အမ်းစခန်းမှာပင် အကျယ်ချုပ်သဘောဖြင့် နေရသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

**မင်းဟိန်းထိုက်**

www.burmeseclassic.com

# အတိတ်က ဖြစ်ရပ်မှန် မှုခင်းများ

ဝ လှမိုး(ပညာရေး)

ယခု ရေးသားဖော်ပြမည့် ဖြစ်ရပ်မှန် မှုခင်းကြီးမှာ ဗြိတိသျှ ကိုလိုနီခေတ်နှောင်းပိုင်းတွင် မြင်းခြံခရိုင်တွင် ဖြစ်ပွားခဲ့သော လူသတ်မှုကြီးတစ်မှု ဖြစ်ပါသည်။ ထိုအမှုအား မှတ်တမ်းတင်ခဲ့သူမှာ ထိုကာလက တောင်သာမြို့အုပ် (မြို့နယ်အုပ်ချုပ်ရေးမှူး)အဖြစ် အမှုထမ်းခဲ့သော မြို့ပိုင်ကြီးဦးစံတင် (နောင်အခါ ခရိုင်ဝန်အဖြစ် အငြိမ်းစားယူခဲ့ပြီး ၁၉၆၉ ခုနှစ်က ကွယ်လွန်ခဲ့ပါသည်။) ဖြစ်ပါသည်။ ထိုအမှု၏ ဖြစ်စဉ်မှာ လူသတ်၍ ပစ္စည်းများ လုယူခဲ့သည့် အမှုတစ်မှုဟု ဆိုနိုင်သော်လည်း ထိုအမှု တရားခံများ ပေါ်ပေါက်လာရပုံမှာ အတော်အသင့် ထူးဆန်းနေသဖြင့် စာဖတ်သူများ စိတ်ဝင်စားမည်ဟု ယူဆသောကြောင့် ရေးသားဖော်ပြရခြင်း ဖြစ်ပါသည်။

အမှုဖြစ်ပွားရပုံကို ရေးသားဖော်ပြခြင်းမပြုမီ ထိုကာလက ပတ်ဝန်းကျင်အခြေအနေအရပ်ရပ်ကို အလျဉ်းသင့်၍ ဖော်ပြရမည် ဖြစ်ပါသည်။ ဗြိတိသျှကိုလိုနီခေတ်တွင် နိုင်ငံခြားသား အရင်းရှင်ကြီးများက မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းမှန်သမျှ လက်ဝါးကြီးအုပ်ထားခဲ့ကြ၏။ သာဓကအားဖြင့် မြန်မာနိုင်ငံ၏ အဓိကထွက်ကုန်ဖြစ်သော ကျွန်းသစ်နှင့် အခြားသစ်တောထွက်ပစ္စည်းအားလုံးကို ထိုစဉ်ကာလက ကြီးငါးကြီးဟု အရပ်အခေါ်ခံကြရသည့် (၁) ဘုံဘေဘားမားထရိတ်ဒင်း ကော်ပိုရေးရှင်းလီမိတက်ကုမ္ပဏီ၊ (၂) စတီးဘရားသားကုမ္ပဏီ၊ (၃) ဖူကာသစ်ကုမ္ပဏီ၊ (၄) မက္ဂရီကာသစ်ထုတ်လုပ်ရေးနှင့် (၅) တိဒ်ဖင်လေ ဟူသော နိုင်ငံခြားသားပိုင် အရင်းရှင်ကုမ္ပဏီများက လက်ဝါးကြီးအုပ်ထားကြသည်။

ဆန်၊ စပါး၊ ပဲ၊ ပြောင်း၊ ဝါ စသော လယ်ယာထွက် သီးနှံများကိုလည်း စတီးဘရားသားနှင့် အိန္ဒိယအမျိုးသားပိုင် ကုမ္ပဏီများက လက်ဝါးကြီးအုပ်ထားခဲ့ကြပြီး လယ်ယာထွက် သီးနှံများကို ဝယ်ယူရာတွင် ဈေးနှိမ်၍ ဝယ်ယူခဲ့ကြသည်။ ထိုစဉ်ကာလက ဗြိတိသျှအစိုးရသည် လိုအပ်သော ဆည်မြောင်း၊ ကန်ချောင်းများကို အနည်းငယ်သာ တည်ဆောက်ပေးခဲ့သဖြင့် မြန်မာတောင်သူလယ်သမားများအဖို့ မိုးလေဝသ မှန်ကန်မှုကို အားထားကြရသည်။ မိုးလေဝသမှန်ကန်သည်ဟု ဆိုပါက လယ်ယာတို့၏ ကောက်ပဲသီးနှံ ဆန်ရေစပါး၊ ပဲ၊ ပြောင်း၊ ဝါ၊ နှမ်း စသော သီးနှံများ အောင်မြင်မှုရှိသဖြင့် တောင်သူလယ်သမားများအဖို့ ဝမ်းသာစရာဖြစ်သော်လည်း အထက်ဖော်ပြပါ အရင်းရှင်ကုမ္ပဏီကြီးများ နည်းလမ်းအမျိုးမျိုးနှင့် ဈေးနှိမ်ဝယ်ကြသည်။ သို့ဖြစ်၍ လယ်ယာထွက်ကုန်အများမှာ အရင်းရှင်နိုင်ငံခြားသားများ လက်တွင်းသာ ရှိခဲ့သည်။ မိုးလေဝသမှန်ကန်မှုမရှိ၊ ဖောက်ပြန်ပါမူ တောင်သူလယ်သမားအများစုမှာ ဆင်းရဲတွင်း နက်ခဲ့ကြသည်။

အထက်ဖော်ပြပါ မှုခင်းကြီးဖြစ်ပွားသည့်နှစ်ကမူ မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်များတွင် မိုးလေဝသအကြီးအကျယ် ဖောက်ပြန်ခဲ့သည်။ မှတ်တမ်းများအရ ၁၉၂၉ ခုနှစ်နှင့် ၁၉၃၀ ခုနှစ်များတွင် ဆက်လက်မိုးခေါင်ခဲ့သဖြင့် တောင်သူလယ်သမားများ သောကဝေဒနာအဖြာဖြာ တွေ့ကြရသည်။ ဤသို့အတွင်း အစိုးရအရာရှိများကလည်း အခွန်တော်များကို တင်းတင်းကျပ်ကျပ် ကောက်ယူခဲ့ကြသည်။

ငွေတိုးချေးစားသော ချစ်တီးများကလည်း အတိုးငွေများကို ဇွတ်တောင်းယူခဲ့ကြရာ ပေးဆပ်နိုင်ခြင်းမရှိသော တောင်သူလယ်သမားများထံမှ နွားသိမ်း၊ လှည်းသိမ်း ပြုလုပ်

www.burmeseclassic.com

ခဲ့ကြသည်။ ကောက်ပဲသီးနှံများ ပျက်စီးသဖြင့် တောင်သူလယ်သမားအချင်းချင်းလည်း တစ်ဦးနှင့်တစ်ဦး မကူညီနိုင်ကြ။ ငွေချေး၍လည်းမရ လက်မှိုင်ချနေကြသည်။ ဤသို့သော အခြေခံအကြောင်းများကြောင့် မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်များတွင် အငတ်ဘေးကြုံခဲ့ရသည်။ အချို့တောင်သူမိသားစုများသည် မြို့ပေါ်သို့ သွားရောက်၍ တောင်းရမ်းစားသောက်ရသည့် အခြေအနေရောက်ခဲ့သည်။ ဤတွင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဗြိတိသျှအစိုးရအုပ်ချုပ်ရေးပိုင်းက အရာရှိများသည် မိုးခေါင်သဖြင့် ဒုက္ခရောက်နေသော ခရိုင်များသို့ ကွင်းဆင်းလေ့လာကြပြီး တောင်သူလယ်သမား ကျေးလက်နေသူများကို နည်းလမ်းအမျိုးမျိုးနှင့် အကူအညီပေးမည်ဟု ကတိပေးသွားကြသည်။

ယခုခေတ်ကာလကဲ့သို့ နိုင်ငံတကာမှ အကူအညီပေးခြင်းများလည်း မရှိ ဗြိတိသျှနယ်ချဲ့သမားကလည်း အလျင်အမြန်အရေးယူဆောင်ရွက်ပေးခြင်းမပြုဘဲ မြို့ကြီးများမှ ချမ်းသာကြွယ်ဝသူအချို့က မိမိတို့အစီအစဉ်ဖြင့် တတ်နိုင်သလောက် ဒုက္ခတွေ့နေသူများကို အကူအညီပေးခဲ့သော်လည်း ထိရောက်မှုမရှိခဲ့။ ဤတွင် ရန်ကုန်မြို့မှ ထုတ်ဝေသော သတင်းစာကြီးများက မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်များတွင် ဆင်းရဲသားတောင်သူလယ်သမားများ ဒုက္ခဝေဒနာအဖြာဖြာ ခံစားရပုံများကို မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြပေးခဲ့ကြသည်။ ထိုကာလက စောင်ရေအများဆုံး ထုတ်ဝေရသည့် ဩဇာတိက္ကမအကြီးမားဆုံး သတင်းစာကြီးဖြစ်သော "သူရိယ"သတင်းစာကြီးကမူ အထက်ဖော်ပြပါ ခရိုင်များသို့ အထူးသတင်းထောက်တစ်ယောက်အား စေလွှတ်၍ စုံစမ်းလေ့လာမှုများ ပြုလုပ်ခဲ့၏။ အချို့ကျေးရွာများတွင် လယ်ပိုင်ရှင်များ၏ စပါးကျီများအား ဖောက်ထွင်း၍ လုယက်ခြင်း၊ လူစုလူဝေးခြင်း၊ စပါးများသယ်ယူခြင်း ပြုလုပ်ခဲ့သည်ဟုလည်း သတင်းများထွက်လာခဲ့သည်။

အာဏာပိုင်များကလည်း ကန်ပေါင်းများတူးဖော်ခြင်း၊ လမ်းများပြုပြင်ခြင်း၊ လမ်းသစ်ဖောက်သည့်လုပ်ငန်းများ ပြုလုပ်ပေးခဲ့သော်လည်း ပေးသည့် အလုပ်လုပ်ခမှာ နည်းလှသည်သာမက လုပ်အားခကို နေ့ချင်းထုတ်ပေးခြင်းမပြုဘဲ ငါးရက်တစ်ခါသာ ထုတ်ပေးသဖြင့် အဆင်မပြေ။ ရာဇဝတ်မှုခင်းများ တစ်နေ့တခြား တိုးတက်လာတော့၏။ လုယက်မှု၊ ဓားပြတိုက်မှု၊ ဖောက်ထွင်းမှု၊ နွားခိုးမှုများမှာလည်း ဒီရေအလား တိုးတက်လာခဲ့သည်။

ထိုစဉ်ကာလက ဦးစံတင်မှာ တောင်သာမြို့ပိုင်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေရချိန် ဖြစ်သည်။ တိုင်းမင်းကြီး (တိုင်းအုပ်ချုပ်ရေးအရာရှိ) ခရိုင်ဝန်(ခရိုင်အုပ်ချုပ်ရေးမှူး)တို့က ဖိအားပေးခဲ့သဖြင့် ဦးစံတင်မှာ ကျေးရွာများအရောက်သွားရောက်၍ ဒုစရိုက်မှုကျူးလွန်ရာတွင် လက်စလက်နရှိသူများ၊ အလုပ်မရှိ ခိုးဆိုးလေ့ရှိသူများ၊ ကျေးရွာခံလူအများ၏ မလိုလားအပ်သူများအား ဖမ်းဆီးစစ်ဆေးခြင်း၊ နယ်နှင်ဒဏ်ပေးခြင်းများ ပြုလုပ်ခဲ့သည်။ ပုလိပ်(ရဲ)အရာရှိများကလည်း ကျေးရွာများဆင်း၍ အတတ်နိုင်ဆုံး စုံစမ်းစစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့သည်။ ဤကဲ့သို့ ဖိဖိစီးစီး ကြပ်ကြပ်မတ်မတ် ပြုလုပ်နေသည့်အချိန်တွင် မြင်းခြံမြို့နှင့် ခုနစ်မိုင်သာ ကွာဝေးသော ထနောင်းတိုင်ကျေးရွာတွင် လူပျောက်ဆုံးမှုတစ်မှု ပေါ်ပေါက်လာခဲ့သည်။ အထက်ဖော်ပြပါ တနောင်းတိုင်ကျေးရွာမှာ ရွာကြီးတစ်ရွာဖြစ်၏။ လူနေစိတ်၏။ ကျေးရွာသူ၊ ကျေးရွာသားအားလုံးမှာလည်း ခေတ်အဆက်ဆက် ကြောင့်ကြမဲ့ကင်းစွာ တောင်ယာလုပ်ကိုင်ခြင်း၊ လယ်လုပ်ခြင်း၊ ဝါးစိုက်ခြင်း၊ တိရစ္ဆာန်မွေးမြူခြင်း အသက်မွေးခဲ့ကြသည်။ ထိုကျေးရွာရှိ အဝင်ရှားဆုံး အခေါက်အဦမှာ သူကြီးဦးဘိုးလှိုင်၏ နှစ်ထပ်တိုက်ကြီးဖြစ်၏။

သူကြီးဦးဘိုးလှိုင်မှာ စီးပွားဥစ္စာအားဖြင့်လည်း ပြည့်စုံ၍ ရိုးသားဖြောင့်မတ်ပြီး ရပ်ရွာအား တရားသဖြင့် စီမံအုပ်ချုပ်သဖြင့် လူအများက ကြည်ညိုလေးစားကြသည်။ သူ့ကျေးရွာတွင် ရာဇဝတ်မှုကင်းသည်ဟု ပြောစမှတ်ပြုကြသည်။ ထိုကာလက သူကြီးများကို မြန်မာမင်းများ လက်ထက်ကကဲ့သို့ ရိုရိုသေသေ လေးလေးစားစား သူကြီးမင်းဟု ခေါ်ကြ၏။ အချို့ကျေးရွာများတွင် သူကြီးအိမ်ဝင်းအတွင်း ဝင်မည်ဆိုပါက ဖိနပ်ချွတ်ဝင်လေ့ရှိပြီး ဘုရားထူးကြသည့် အစဉ်အလာရှိသည်ဟု သိရ၏။ ထနောင်းတိုင်ရွာသူကြီး ဦးဘိုးလှိုင်မှာ ကျေးရွာသူ၊ ကျေးရွာသားများနှင့် ခင်ခင်မင်မင် ရင်းရင်းနှီးနှီးရှိသူတစ်ဦး ဖြစ်သည်သာမက နယ်ဘက်အရာရှိများ၊ ပုလိပ်(ရဲ)အရာရှိများနှင့်လည်း ဆက်ဆံရေးကောင်းသူဖြစ်ရ

www.burmeseclassic.com

www.burmeseclassic.com

ကား အထက်ဖော်ပြပါ အရာရှိများ၊ တောဆင်းလာသည်နှင့် သူတိုက်တွင် ခေတ္တတည်းခိုနေထိုင်ကြသည်ဟု သိရ၏။ ဤသို့ အုပ်ချုပ်ရေးဝန်ထမ်းများနှင့် ဆက်ဆံရေးကောင်းသကဲ့သို့ ထိုကာလက နာမည်ကျော် ဗြိတိသျှအမျိုးသားပိုင် စတီးကုမ္ပဏီမှ ကိုယ်စားလှယ်များ၊ ငွေတိုးပေးသော ချစ်တီးများနှင့်လည်း ရောထွေးယှက်တင်နေထိုင်သူဖြစ်ရာ ကျေးရွာသူ၊ ကျေးရွာသားများနှင့် ပတ်သက်သော အမှုအခင်းများကို ရုံးနှင့် ဂါတ်(ရဲစခန်း)မရောက်စေရန် တတ်နိုင်သလောက် ဆောင်ရွက်ပေးနိုင်သည်ဟုလည်း နာမည်ကျော်ကြား လူသိများသည်။ သူတာဝန်ယူအုပ်ချုပ်ရသည့် ထနောင်းတိုင်ရွာနှင့် ရွာနီးချုပ်စပ်မှ ကျေးရွာသူ၊ ကျေးရွာသားအများကလည်း တနောင်းတိုင်သူကြီး ဦးဘိုးလှိုင်ကို လေးစားကြသည်။ ဦးဘိုးလှိုင်ကလည်း သူတာဝန်ယူထားရသည့် ကျေးရွာအုပ်စုတွင် ရာဇဝတ်မှု တရားမမှု အထူးနည်းသည်ဟု ပြောကြားလေ့ရှိသည်။

ထိုကာလက မြင်းခြံမြို့တွင် အခြေစိုက်နေထိုင်သော ငွေတိုးချခြင်း၊ ပစ္စည်းများအပေါင်ခံခြင်း လုပ်ငန်းများကို မဒရပ်သား ချစ်တီးများက ပြုလုပ်လေ့ရှိပြီး ထိုချစ်တီးသူဌေးကိုယ်စားလှယ် ချစ်တီးများကမူ ငွေအတိုးများရရှိရေးအတွက် ကျေးလက်တောရွာများ သွားရောက်၍ တောင်းခံလေ့ရှိသည်။ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း ထိုကာလက မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်များတွင် မိုးခေါင်သဖြင့် တောင်သူလယ်သမားအများ ဘေးဒုက္ခရောက်ခဲ့ကြရ၏။ သို့သော် ချစ်တီးများအဖို့ ရတနာပုံဆိုက်သော ကာလဟု ဆိုရမည်ဖြစ်သည်။ လယ်ပေါင်၊ ယာပေါင်၊ အိမ်ပေါင်ခံထားသူအများမှာ တရိပ်ရိပ်တက်လာသော ငွေတိုးအတွက် လယ်ယာ၊ ခြံမြေ နွား၊ အိမ်တို့ကို ချစ်တီးများထံ ထိုးအပ်ကြရသည်။ ချစ်တီးများကလည်း ကျေးရွာများသို့ ခြေရာချင်းထပ်မျှ သွားရောက်၍ ငွေတိုးများ ဆင်းတောင်းကြ၏။ ဤကဲ့သို့ သွားရောက်တောင်းကြရာတွင် ပုလိပ်(ရဲ)များက လိုက်ပါခြင်းမရှိကြ။

သို့ဖြစ်၍ သက်ဆိုင်ရာမှ ငွေတိုးတောင်းခံခြင်း၊ ကျေးလက်များသို့ဆင်း၍ ရွှေပေါင်၊ ငွေချေးပြုလုပ်ခြင်းများကို အခြေအနေအရ ပြုလုပ်ခြင်းမပြုရန် တားမြစ်ထားခဲ့သည်။ သို့ဖြစ်၍ မြင်းခြံမြို့မှ ရွှေပေါင်၊ ငွေချေးပြုလုပ်သော ချစ်တီးအဖွဲ့သည် ကိုယ်စားလှယ်နှစ်ဦးအား အထက်ဖော်ပြပါ ထနောင်းတိုင်သူကြီး ဦးဘိုးလှိုင်တိုက် အောက်ထပ်တွင် ဟားရမ်းနေထိုင်ကြပြီး ရွှေပေါင်၊ ငွေချေးအလုပ်ကို ဆက်လက်ပြုလုပ်ကြသည်။ ချစ်တီးများ၏ အယူအဆကလည်း ဩဇာတိက္ကမကြီးမားသော သူကြီးဦးဘိုးလှိုင်၏ အကာအကွယ်ကို ရရှိနိုင်သည်ဟု ယူဆထားကြသည်။ သို့ဖြစ်၍ သူကြီးဦးဘိုးလှိုင်တိုက် အောက်ထပ်ကို ဟားရမ်းနေထိုင်ကြပြီး ရွှေပေါင်၊ ငွေချေးအလုပ် ပြုလုပ်ကြ၏။ ထနောင်းတိုင်ရွာ၏ ရွာနီးချုပ်စပ်ရှိ ရွာသူရွာသားများအဖို့ ယခင်ကကဲ့သို့ ငွေအသုံးလိုအပ်ပါက မြင်းခြံကို ရှေးယခင်ကကဲ့သို့ သွားရောက်ရန်မလိုဘဲ ထနောင်းတိုင်ရွာရှိ သူကြီးဦးဘိုးလှိုင်တိုက်တွင် ဟားရမ်းနေထိုင်သော ချစ်တီးများထံတွင်ပင် ရွှေပေါင်၊ ငွေချေး ပြုလုပ်ကြ၏။

အထက်ဖော်ပြပါ ချစ်တီးနှစ်ယောက်ကလည်း နံနက်တွင် ငွေထုပ်များဖြင့် မြင်းခြံမှ ထနောင်းတိုင်သို့ လာရောက်ကြပြီး ညနေစောင်းသည်နှင့် ငွေထုပ်များနှင့် အပေါင်ပစ္စည်းများကို ယူ၍ ပြန်ကြလေ့ရှိ၏။ ဤကဲ့သို့ ချစ်တီးများ နေ့စဉ် ထနောင်းတိုင်ရွာသို့ ငွေထုပ်နှင့်လာ၍ ငွေထုပ်ဖြင့်ပြန်ကြသည်ကို သက်ဆိုင်ရာ ပုလိပ်(ရဲ)နှင့် တာဝန်ရှိသူများက မပြုလုပ်သင့်ကြောင်း သတိပေးခဲ့ကြသော်လည်း ချစ်တီးများကမူ အပေါင်ခံထားသော အဖိုးတန် လက်ဝတ်လက်စားများကို ထနောင်းတိုင်တွင် ညအိပ်မထားလိုသဖြင့် ညနေတိုင်း မြင်းခြံသို့ ပြန်ကြခြင်းဖြစ်သည်ဟု ဆိုသည်။ ဤကဲ့သို့ ချစ်တီးများ နေ့စဉ်သွားလာနေသည်ကို ပတ်ဝန်းကျင်ရွာသားများက သိကြသည်။

တစ်နေ့တွင် ထနောင်းတိုင်ရွာသူကြီး ဦးဘိုးလှိုင်တိုက်တွင် ဟားရမ်း၍ ရွှေပေါင်၊ ငွေချေးလုပ်ငန်းလုပ်ကြသော ချစ်တီးနှစ်ယောက်သည် အပေါင်ခံ ရွှေထည်၊ ငွေထည်၊ လက်ဝတ်လက်စားများကို လွယ်အိတ်တွင်ထည့်ပြီး နေဝင်ဖျိုးဖျအချိန်တွင် ထနောင်းတိုင်ရွာမှ မြင်းခြံသို့ ပြန်လာခဲ့ကြသည်။ ထနောင်းတိုင်ရွာနှင့် မနီးမဝေးရှိ ကိုင်းမြောက်ရွာ တောစပ်အရောက်တွင် အရက်သေစာ သောက်စားမူးယစ်လာသည့် ကိုင်းမြောက်ရွာသား လေးယောက်နှင့် တွေ့ကြတော့၏။ လူရိပ်လူချည်း ပြတ်လပ်သည်နှင့် သွေးဆူနေသော လူလေးယောက်သည် ချစ်တီးနှစ်ယောက်အား မငဲ့မချင်း



www.burmeseclassic.com

www.burmeseclassic.com

ရိုက်သတ်ကြပြီး လက်သည်မပေါ်နိုင်စေရန် အလောင်းများအား လမ်းနှင့် ခပ်လှမ်းလှမ်း တောအုပ်အတွင်း မြှုပ်နှံထားခဲ့သည်။

ချစ်တီးများထံမှရသော ပစ္စည်းများအား ကိုင်းမြောက်ရွာသားအားလုံးအား ခွဲဝေပေးခဲ့ပြီး နှုတ်လုံကြရန်မှာထား၏။ ထိုလူသတ်သမား လေးယောက်မှာ ထိုရွာသားများ ဖြစ်ကြရာ တစ်ရွာလုံး နေထိုင်သူများမှာ ဆွေမျိုးသားချင်းများ ဖြစ်ကြ၏။ ထနောင်းတိုင်ရွာမှ ပြန်လာလေ့ရှိသော ချစ်တီးနှစ်ယောက် မြင်းခြံသို့ ပြန်မရောက်လာသဖြင့် မြင်းခြံချစ်တီးတိုက်မှ တာဝန်ရှိသူများက မြင်းခြံဂါတ်(ရဲစခန်း)တွင် လူပျောက်မှုဖြင့် တိုင်ချက်ဖွင့်ခဲ့ကြသည်။ ရန်ကုန်သို့ ရုတ်တရက် ထွက်ခွာသွားခဲ့ခြင်း ဖြစ်သလောဟု ဆိုကာ ရန်ကုန်ရှိ ချစ်တီးတိုက်သို့လည်း ကြေးနန်းရိုက်၍ မေးမြန်းခဲ့ကြသော်လည်း ထိုချစ်တီးနှစ်ယောက် ရန်ကုန်သို့ ရောက်ရှိလာခြင်းမရှိဟု ကြေးနန်းပြန်ကြားခဲ့ရာ ထိုချစ်တီးနှစ်ယောက်မှာ ပျောက်ခြင်းမလှ ပျောက်နေတော့သည်။

မြင်းခြံပုလိပ်(ရဲ)အဖွဲ့ကလည်း ထနောင်းတိုင်ကျေးရွာအုပ်စုများသို့ ဆင်း၍ ပိုက်စိပ်တိုက် စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြသော်လည်း မည်သည့်သဲလွန်စမျှ မရ။ ချစ်တီးနှစ်ယောက်မှာ ဤကမ္ဘာမြေပေါ်မှ ပျောက်ခြင်းမလှ ပျောက်ကွယ်ခဲ့ရပြီဖြစ်၏။ မြင်းခြံဂါတ်(ရဲစခန်း)မှ တိုက်ပိုင်ကြီး (အင်စပက်တော်) ခေါင်းဆောင်သော ပုလိပ်(ရဲ)တို့သည် ထိုချစ်တီးနှစ်ယောက် ပျောက်ဆုံးမှုအတွက် သင်္ကာမကင်းဖြစ်သူ၊ လက်စလက်နရှိသူ လူသုံးဆယ်ခန့်အား ဖမ်းဆီးချုပ်နှောင်ကာ အမျိုးမျိုးစစ်ဆေးခဲ့သော်လည်း အမှုနှင့်ပတ်သက်သော သဲလွန်စတစ်စုံတစ်ရာမရခဲ့။ သို့ဖြစ်၍ ဤချစ်တီးနှစ်ယောက် ပျောက်ဆုံးနေမှုနှင့် ပတ်သက်သော တရားခံသည် မြင်းခြံနယ်မှ မဟုတ်နိုင်၊ အခြားနယ်မှ ကူးလာသော ဒစရိုက်သမားများက ဖမ်းဆီးခေါ်ဆောင်သွား၍ ငွေနှင့် ရတနာပစ္စည်းများကိုယူကာ ချစ်တီးနှစ်ယောက်အား သတ်ဖြတ်ခဲ့ခြင်းဖြစ်နိုင်သည်ဟု ကောက်ချက်ချခဲ့သည်။ သို့သော် သက်ဆိုင်ရာ တာဝန်ရှိသူများကမူ လူဆိုးဓားပြ ဆိုသူများသည်လည်း မိမိတို့ စည်းကမ်းနှင့်နေသူများ ဖြစ်သည်။ အခြားသူများ၏ နယ်သို့ ကျူးကျော်ဝင်ရောက်လေ့မရှိ။ သို့ဖြစ်၍ ထိုအမှုကို နယ်ခံများသာ ကျူးလွန်နိုင်မည်ဟု မှတ်ယူထား၏။

ထူးထူးဆန်းဆန်းဖြစ်ရသည့် အကြောင်းဖန်လာသည်။ တစ်ညတွင် ထနောင်းတိုင်ရွာသူကြီးဦးဘိုးလှိုင်သည် အံ့ဖွယ်သရဲ ကြို့တင်နိမိတ်ပြ အိပ်မက်ကို မြင်မက်ခဲ့သည်ဟု ဆိုသည်။ အိပ်မက်ထဲတွင် လူကြီးတစ်ယောက်က "ကိုင်းမြောက်ရွာကိုသွား၍ စုံစမ်းပါက ချစ်တီးနှစ်ယောက်ပျောက်မှု ပေါ်မည်"ဟု ပြောသွား၏။ ဤတွင် ထနောင်းရွာသူကြီးဦးဘိုးလှိုင်သည် သူ့ရွာမှ ရွာသားများနှင့် ကိုင်းမြောက်ရွာသို့ သွားရောက်ခဲ့ကြ၏။ တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေတော့မည်။ ရွာဦးတွင် ရေအိုးရွက်လာသော အမျိုးသမီးတစ်ဦး ရေအိုးအချတွင် သူ့လုံချည်တွင် လိမ်ထားသော ရွှေဒင်္ဂါး ငါးမူးစေ့ကျသွားသည်ကို ထနောင်းတိုင်ရွာသူကြီးဦးဘိုးလှိုင်က မြင်တွေ့လိုက်တော့၏။ ဤတွင် ထိုအမျိုးသမီးအား ခေါ်ယူစစ်ဆေးရာမှ ထိုရွှေငါးမူးစေ့မှာ ဝေစုရထားသော ငါးမူးစေ့ဖြစ်ပါသည်ဟုဆိုကာ အမှုနှင့်ပတ်သက်သော ဖြစ်စဉ်များကို အသေးစိတ် ဖော်ထုတ်သွားခဲ့၏။

သူကြီးဦးဘိုးလှိုင်နှင့် အဖွဲ့သည် တရားခံများကို ဖမ်းဆီး၍ သက်သေခံပစ္စည်းများနှင့်အတူ ပုလိပ်(ရဲ)တို့ထံ အပ်ခဲ့သည်။ တရားခံအားလုံးကလည်း သူတို့ ချစ်တီးနှစ်ယောက်ကို မည်သို့သတ်ခဲ့ပုံ၊ အလောင်းအား မည်သည့်နေရာတွင် မြှုပ်နှံထားပုံများကို ဖြောင့်ချက်ပေးခဲ့ကြသည်။

ပုလိပ်(ရဲ)တို့ကလည်း မြင်းခြံစက်ရှင်ရုံးသို့ တရားစွဲတင်ပို့ခဲ့၏။ ပြစ်မှုထင်ရှားသဖြင့် တရားခံလေးယောက်အား သေစားသေစေ ကြိုးမိန့်ချမှတ်ခဲ့သည်ဟု ဆိုကြပါကြောင်း။

✦ လှမိုး(ပညာရေး)

**ကျမ်းကိုး**

(၁) ကွန်တော်ပြုရိုကရက် (လူထုဦးလှ)

(၂) သတင်းစာမှတ်တမ်းများ



www.burmeseclassic.com

www.burmeseclassic.com

# ကလေးသူငယ်မှုခင်းများ နှင့် အသိဉာဏ်ဝေဖြာမှု

ညွန့်ဟံ(ကြူတော)

ကျွန်တော် ရန်ကုန်မြို့သို့ ရောက်ခါစ ဖြစ်သည်။ ဖြတ်သန်းသွားလာရသည့် လမ်းမကြီးတစ်နေရာတွင် ကလေးသူငယ်တရားရုံးဟူသော ဆိုင်းဘုတ်ကို တွေ့ရပေရာ အတော်ပင် ထူးဆန်းအံ့သြ၏။ ကလေးသူငယ်များ ရုံးရောက်၊ ဂါတ်ရောက်၊ တရားရုံးရင်ဆိုင်ရသည့် အမှုအခင်းကို အံ့သြမိခြင်း ဖြစ်သည်။ သို့ရာတွင် ရှားပါးလှသည်ဟု ယူဆမိသည်။ ကလေးတရားရုံးများစွာ ရှိဖို့ပင်မလိုဟု ယူဆမိသည်။ မရှိ၍လည်း မဖြစ်ပါ။ မတော်တဆ ဖြစ်ပွားပါက စီရင်ရန် အသင့်ဖြစ်ဖို့ လိုအပ်ပေမည်။ သို့ရာတွင် နိုင်ငံတကာတွင် ကလေးသူငယ်အမှုအခင်း များလျက်ရှိကြောင်း တွေ့ရ၏။ ဖြစ်ပွားမှုနှုန်းကလည်း သတိကြီးစွာထားရ၏။ ဖြစ်ပေါ်လာသည့် အမှုများအတွက် မျှတသော တရားစီရင်ရေး ဖြစ်ပေါ်စေရန် အလေး






www.burmeseclassic.com

www.burmeseclassic.com

ထားရသည်။ နိုင်ငံရေးသိပ္ပံပညာရှင်များ၊ လူမှုပညာရှင်များ၊ စိတ်ပညာရှင်များ၊ တရားစီရင်ရေးနယ်ပယ်မှ ပုဂ္ဂိုလ်များက ဝိုင်းဝန်းအဖြေရှာကြဆဲ ဖြစ်လေသည်။ ထို့ကြောင့် Justice for Juveniles: ဟူသော ခေါင်းစီးမျိုးတွေ့ရသည်။ အံ့ဩ ထိတ်လန့်ဖွယ်လည်း ဖြစ်၏။

မကြာမီက တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ် Bejing Review စာစောင်တစ်ခုတွင် ကလေးသူငယ်တရားရုံးတစ်ခုတွင် အသက် ၁၇ နှစ်အရွယ် သူငယ်တစ်ဦး အွန်လိုင်းက တစ်ဆင့် ရန်ဖြစ်ကာ အတန်းဖော်ကို ဓားဖြင့် အချက်ပေါင်းများစွာ ရက်စက်စွာ ထိုးသတ်သည့်အမှုကို စစ်ဆေးလျက်ရှိသည်ကို ပုံနှင့်တကွ ဖော်ပြထားသည်။ ကလေးသူငယ်များကို အညွှန့်မတုံးစေဘဲ တရားရုံးက စီရင်ပြီးပါက လူ့အဖွဲ့အစည်းတွင် ဝင်ဆံ့အောင်၊ နေသာထိုင်သာရှိအောင် ချမှတ်ဖို့ စဉ်းစားကြရသည်။

တရုတ်နိုင်ငံသည် ဧရိယာကျယ်ဝန်းပြီး လူဦးရေများပြားသည်။ ပြည်နယ်တွေကများ၊ လူဦးရေထူထပ်ရာ မှုခင်းစုံတွေ့ရသည်။ ယင်းတို့တွင် ခေတ်နှင့်အညီ ပေါ်ပေါက်လာသော အဆောက်အအုံ နည်းပညာပိုင်းကြောင့် ဖြစ်ပွားမှုလည်း တွေ့ရ၏။ နိုင်ငံအတွင်း ကလေးသူငယ်ဦးရေ သန်း ၃၀၀ ခန့်ရှိရာ အမေရိကန်ပြည်ထောင်စု၏ လူဦးရေပမာဏခန့် ဖြစ်သည်။ လူများသည်နှင့်အမျှ စရိုက်စုံလင်သည်။ အတွေးအခေါ် အသိဉာဏ် နိမ့်ပါးမှုကြောင့် ဖြစ်ပွားရသည့် အမှုများတွေ့ရသည်။ ရဲတပ်ဖွဲ့က ဖမ်းဆီး၍ တရားရုံးရောက်၊ ဖြေရှင်းဖို့ ခက်နေ၏။ ပညာပေးရေးကို ဗဟိုပြုရန် အရေးပါကြောင်း တွေ့ရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကလေးသူငယ် တရားစီရင်ရေးလုပ်ငန်းက အတွေ့အကြုံ နည်းပါးသေးသည်ဟု ဆိုပါသည်။ အမေရိကန်ပြည်ထောင်စု၊ အီလီနွိုက်ပြည်နယ်တွင် ကလေးသူငယ်တရားရုံးကို ခရစ်နှစ် ၁၈၉၀ တွင် ဖွင့်လှစ်ခဲ့သည်။ တရုတ်နိုင်ငံ၊ ဂွမ်ဒေါင်းပြည်နယ်တွင် ခရစ်နှစ် ၁၉၈၃ ကျမှ ဖွင့်လှစ်ခဲ့သည်ဟု သိရပေသည်။ နိုင်ငံ၏ ဥပဒေအရ အသက် ၁၄ နှစ်အောက် မှုခင်းကျူးလွန်မှုကို အပြစ်မပေးနိုင်ဘဲ အသက် ၁၄ နှစ်မှ ၁၆ နှစ်အတွင်း မှုခင်းကျူးလွန်သည့် ကလေးသူငယ်များကို ပညာပေးခြင်း၊ လူမှုဝန်ထမ်းလုပ်ငန်းများ၌ တာဝန်ထမ်းရွက်စေခြင်း၊ အသိဉာဏ်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများသာ ရှိပေသည်။ ရက်စက်သော မှုခင်းများအတွက် အခက်ကြုံရပေသည်။ မှုခင်းတစ်ခုတွင် စက်လှေကားပေါ်တွင် အဘွားဖြစ်သူနှင့် မလှမ်းမကမ်းရှိနေသော တစ်နှစ်ခွဲအရွယ် ကလေးကို အသက်ဆယ်နှစ်အရွယ် မိန်းကလေးက ခေါ်ဆောင်ကာ ထုနှက်ကန်ကျောက်ပြီး ၂၅ ထပ်အခန်းပြင်ပတွင် ချထားခဲ့သည်။ အဘွားနှင့် မိဘများ ပူပန်ကာ ကျူးလွန်သည့် မိန်းကလေးကို ရဲလက်အပ်နှံရသည်။ ကလေးငယ်မှာလည်း ခန္ဓာကိုယ်ဒဏ်ရာရရသည့်အပြင် ကိုမာရောဂါပါ ခံစားရသည်ဆို၏။

မှုခင်းကျူးလွန်သော ကလေးသူငယ်မိဘများကို လေ့လာသည့်အခါ ဆင်းရဲမွဲတေသော မိသားစုဖြစ်ခြင်း၊ ပညာရည်ချို့တဲ့ခြင်း၊ စာတတ်ပေတတ် မဟုတ်ကြခြင်း၊ အသိဉာဏ်ခေါင်းပါးကြခြင်း စသည့် အချက်များကို တွေ့ရပေသည်။ ထို့ကြောင့် မိဘအုပ်ထိန်းသူများ၏ အခန်းကဏ္ဍ အရေးပါလာသည်။ တက္ကသိုလ်များမှ နိုင်ငံရေးဥပဒေပါမောက္ခများ၊ ပညာ

မြန်မာနိုင်ငံသည် ကလေးသူငယ် မှုခင်းပြဿနာ မကြီးလှဟု ယူဆရသည်။ ထေရဝါဒဗုဒ္ဓဘာသာ၏ သွန်သင်မှု၊ ရိုးရာယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာ သွန်သင်မှုများကြောင့် ဖြစ်ပါမည်။ မိဘနှင့် အုပ်ထိန်းသူများ၏ ဩဇာကြီးမားမှုက အထောက်အကူပြုသည်။ အမြင်မတော်၊ အကြားမတော်ပါက မိဘနှင့် ဆွေမျိုးရင်းချာများသာမကဘဲ ရပ်ဆွေရပ်မျိုး၊ လူကြီးသူမ၊ လူရွယ်များက ဆုံးမပါက နားထောင်တတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ရှင်များကလည်း အမျိုးမျိုးအဖြေရှာကြသည်။ ထင်မြင်ယူဆကောက်ချက်များ ပေးကြသည်။ စိတ်ဓာတ်နှင့် စာရိတ္တကောင်းမွန်ရေးအတွက် အလေးထားဖို့ တိုက်တွန်းမှုများ ပြုကြပေသည်။

မြန်မာနိုင်ငံသည် ကလေးသူငယ် မှုခင်းပြဿနာမကြီးလှပဟု ယူဆရသည်။ ထေရဝါဒဗုဒ္ဓဘာသာ၏ သွန်သင်မှု၊ ရိုးရာယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာ သွန်သင်မှုများကြောင့် ဖြစ်ပါမည်။ မိဘနှင့် အုပ်ထိန်းသူများ၏ ဩဇာကြီးမားမှုက အထောက်အကူပြုသည်။ အမြင်မတော်၊ အကြားမတော်ပါက မိဘနှင့် ဆွေမျိုးရင်းချာများသာမကဘဲ ရပ်ဆွေရပ်မျိုး၊ လူကြီးသူမ၊ လူရွယ်များက ဆုံးမပါက နားထောင်တတ်ကြသည်။ **ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနား** ဆိုသည့် ဩဝါဒစကား ယဉ်ပါးမှုက ကလေးများကို လိမ္မာယဉ်ကျေးစေသည်။ ကလေးချင်း ရန်ဖြစ်လျှင်-ပြောက်ထိုးပင့်ကော် မလုပ်ကြ။ ဖျန်ဖြေမှုပေး၊ ကျေအေးစေသည်။ ရပ်သူရွာသားချင်း ညီညွတ်မှု အသိဉာဏ်ကို ကလေးသူငယ် နုနယ်စဉ်ကပင် ဖြန့်ကြက်ပြီး ဖြစ်လေသည်။ ကောင်းမွန်သော စရိုက်ရှင်သန်ခြင်းက အလေးထားစရာ ဖြစ်၏။ သို့သော် စရိုက်ဆိုးသည့် စုန်းပြူးကလေးများ ရှိတတ်သည်။ ပစ်ပယ်ဖို့မဟုတ်၊ ကောင်းမွန်သော စည်းဝိုင်းအတွင်း ပို့ဆောင်ရ၏။ တကယ်တော့ မြို့ပြရော၊ ကျေးလက်များမှာပါ ကလေးသူငယ်မှုခင်းဟူ၍ အလွန့်အလွန်ပင် ပါးလျားပေသည်။

အကြောင်းအားလျော်စွာ ကလေးသူငယ်များ ဉာဏ်ရည်မမီမှု၊ ဆင်းရဲတွင်းနက်မှု၊ အရွယ်နှင့်မမျှ အလုပ်လုပ်ကိုင်ရမှုများ ရှိနိုင်သည်။ သို့သော် အမှုအခင်း ကျူးလွန်သောရုံးရောက်၊ ဂါတ်ရောက် မဖြစ်ခြင်းကြောင့် အသက်အရွယ်ရ၍ လောဘ၊ ဒေါသ၊ မောဟများကြောင့် မှုခင်းများ ရှိနိုင်ပါမည်။ သို့ရာတွင် နုနယ်သည့် ကလေးများကို ပျိုးထောင်ရာတွင် မြန်မာနိုင်ငံသည် ဘာသာတရား၏အဆုံးအမ၊ ပတ်ဝန်းကျင်၏ အငွေ့အသက်ကောင်းများကြောင့် ပင်ကိုစရိုက် မဆိုးကြဟု ဆိုရပေမည်။ ဂုဏ်ယူစရာ အလေ့အထဖြစ်ကြောင်း တွေ့ရပါ၏။

နှစ်အတန်ကြာ၏ ဖြစ်၏။ လူသတ်မှု၊ ရမ်းကားမှု၊ ရိုက်နှက်ထိုးနှက်မှုများ ကျူးလွန်ခြင်း၌ နာမည်ဆိုးရှိခဲ့သော ဒေသမှ လူကြီးတစ်ဦးနှင့် ဆုံစည်းခဲ့သည်။ ယခင်က ပွဲလမ်းသဘင်တွင် ရန်ဖြစ်၊ လက်စားချေ၊ ထိုးခုတ်မှုများ၌ ထင်ရှားသော ဒေသသည် ယခုအခါ ယင်းသို့ ကျူးလွန်မှု ပါးလျားလာကြောင်း၊ လူငယ်များ ပညာတတ်လာ၍ဖြစ်ကြောင်း၊ ကျောင်းတက်၊ စာသင်စာဖတ်၊ အသိဉာဏ်ဖွံ့ဖြိုးလာမှုတို့ကြောင့်ဖြစ်ကြောင်း ပြောပြရာ ဝမ်းသာရပေသည်။


မြန်မာစာပေလောကတွင် **"စာမတတ်၍ စာကိုသင်၊ စာကိုသင်မှ မိုက်မှန်းသိ"** ဆိုသော အဆိုအမိန့် အမှာအထားကြားရဖူးပေသည်။ စာမတတ်၍ အသိဉာဏ်ခေါင်းပါးကာ မပြုသင့်သည်ကို ပြုမှုခဲ့မှုကြောင့် အမှုအခင်းကြုံကြရသည်။ စာတတ်မြောက်လာသဖြင့် စာတွေကြောင့် အသိဉာဏ် ရှင်သန်ကာ ကျူးလွန်ခဲ့မိသောအရာကိစ္စများအတွက် နောင်တကြီးစွာရပေသည်။ မြန်မာမှု၏ နောင်တဆယ်မျိုးတွင် ငယ်စဉ်အခါက ပညာမရှာခဲ့လေခြင်းဟူသော အချက်ပါဝင်ပေသည်။ စာပေလောကတွင် အသက် ၁၃ နှစ်အောက် ကလေးသူငယ်များအတွက် ရည်ရွယ်ရေးဖွဲ့သော စာပေကို ကလေးစာပေဟု ပြဋ္ဌာန်းပေသည်။ ကဗျာ၊ ဝတ္ထု၊ ပုံပြင်၊ ဒဏ္ဍာရီများ ဖြစ်ကြပါ၏။ စာပေလောကတွင် ကလေးစာများ အတော်ထွန်းကားသည်။ စာစောင်၊ ဂျာနယ်၊ ပုံပြင်ဇာတ်လမ်းများစွာ ထွက်ပေါ်ပေရာ ပညာပေးသုတတွေ အကျိုးဝင်သဖြင့် ကလေးသူငယ်မှုခင်းများ မဖြစ်ပွားစေရန် စိတ်ချရပေသည်။

မှုခင်းနှင့် အသိဉာဏ်သည် ဒွန်တွဲပေ၏။ ခွဲခြားစိတ်ဖြာတတ်သော အသိဉာဏ်ပဓာနကျ၏။ မိဘအုပ်ထိန်းသူများ၏ အသိဉာဏ်ရှိခြင်း၊ နည်းလမ်းမှန်ကန်စွာ သွန်သင်တတ်ခြင်းက ပဓာနကျသည်ဟု ဆိုချင်၏။ လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖတို့၏ ကဏ္ဍသည် အသိဉာဏ်၌ အခြေခံပေသည်။ **မျိုးစေ့မှန်၍ အပင်သန်ဖို့** ဖြစ်၏။

နိုင်ငံတကာတွင် ကလေးသူငယ်မှုခင်းများကြောင့် စိုးရိမ်သောက ပင်လယ်ကူးခပ်နေရဆဲ ဖြစ်၏။ မြန်မာနိုင်ငံတွင် ယင်းဂယက်မရိုက်ခတ်စေသင့်။ ကလေးသူငယ်များကို လူကြီးမိဘ၊ အုပ်ထိန်းသူများက ဖေးမကူညီရှင်သန်၊ အသိဉာဏ်အားကောင်းခြင်းက စိတ်သက်သာရာရကြောင်း အကြောင်းအခြေခံဖြစ်သည်ဟု ဆိုချင်ပေသည်။

ညွန့်ဟံ(မြို့တော)

www.burmeseclassic.com



## ဟှားမှန်ရောထွေး
# အမှန်ရွေးနိုင်ပါစေ

**စလင်း - ဦးအောင်သိန်း**

ယခုအခါ ပြောရေးဆိုခွင့်သာလာသည့်အလျောက် ရေးကြ၊ သားကြ၊ ပြောကြသည်။ မိမိခံစားရသည့် ဝေဒနာကို ဖော်ထုတ်ခွင့်သည့်အတွက် ထွက်ပေါက်ကလေးရှိနေရာ ဝေဒနာသက်သာမှုလေး ရသွားနိုင်စရာရှိသည်။ လွတ်လပ်စွာ ရေးသားဖော်ထုတ် ပြောဆိုခွင့်ရှိသည်ကိုလည်းကောင်း၊ ရေးသားဖော်ထုတ်ပြောဆိုကြသည်ကိုလည်းကောင်း ကြိုဆိုပါသည်။

ယနေ့ တရားစီရင်ရေးလောကတွင် ပြည်သူများသည် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၌ ထိတွေ့ဆက်ဆံမှု အများဆုံးပြုလုပ်နေရာ ကြားရသည့်အသံများက ကောင်းချီးသြဘာပေးတာ မရှိ။ တရားရုံးဆိုတဲ့အတိုင်း ရှန်းနိုင်မှ၊ "ငွေကြေးမတတ်နိုင်ရင် ထိုင်နေတာပဲကောင်းတယ်"ဆိုသည့် အသံများသာ ကြားနေရသည်။ ပြည်သူတွေဆီက ထွက်တဲ့အသံက ဘယ်လောက်ပေးလိုက်ရတယ်၊ နှစ်ဖက်ယှဉ်ပြိုင်တဲ့အမှုတွေမှာ သူက ဘယ်လောက်ကုန်တယ်၊ ငါက ဘယ်လောက်ကုန်တယ် ဆိုတာပဲ ကြားရတယ်။ မူးယစ်ဆေးဝါးတို့၊ လောင်းကစားတို့လို အမှုမျိုးမှာ တရားခံတွေဟာ တစ်ဖက်နဲ့ယှဉ်ပြိုင်တိုက်ရတာမျိုး မရှိဘူး။ တရားလိုဘက်က ဘာလာဘ်မှ ပေးမှာမဟုတ်ဘူး။ အဲဒီလိုအမှုမျိုးတွေမှာ ဘယ်လောက်ကုန်သွားတယ်ဆိုတာ ကြားရတယ်။ ရှေ့နေတွေဆီကအသံလည်း တစ်မျိုးကြားရတယ်။ ဥပဒေက ဒီလိုရှိရဲ့သားနဲ့ ဒီလိုမလုပ်ဘူး။ ဥပဒေမှာမရှိတာ လုပ်ရဲသဗျာ၊ အံ့သြပါရဲ့ဟူသော လေသံများ ကြားရသည်။

အမှုသည်တွေက ပါးနပ်လာကြပြီ။ ရှေ့တွေက သူတို့အပေါ် တာဝန်မကျေတာ၊ တာဝန်ပျက်ကွက်တာတွေကို သိပ်သည်းခံမှာ မဟုတ်ဘူး။ အနည်းဆုံးတော့ ကိုယ်စားလှယ်ပါဝါ(ရှေ့နေလိုက်ပါဆောင်ရွက်ခွင့်)ကို ပြန်သိမ်းပစ်လိုက်မှာ အသေအချာပဲ။ ကြားဖူးနားဝရှိတာတွေလည်း ပါမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

အဝင်အထွက်ကိစ္စတွေမှာ ကိုယ်တိုင်လုပ်ကြတော့ ရှေ့နေတွေ ဘာမှတောင် မသိလိုက်ရဘူး။ အမှုသည်က ဘယ်ပြောမလဲ၊ ရှေ့နေကို စိတ်မချဘူးလေ။ မကောင်းတတ်တာလေးကလည်း ရှိသေးတယ်။ ရှေ့နေကို အကျိုးဆောင်ခ အဲတိုင်းအတာလေးနဲ့ ခွဲပေးပြီး ဟိုကျတော့ အတုံးအခဲလိုက်ပေးတယ်ဆိုတော့ သိရင် မကောင်းဘူးမဟုတ်လား။ တချို့ရှေ့နေတွေအပိုင်းက ဝင်တယ်၊ ထွက်တယ်ဆိုရင် ဝိုက်ထားလိုက်တတ်တာ ရှိတယ်ဆိုတော့ အမှုသည်ကိုယ်တိုင်က ဝင်တာထွက်တာ အကောင်းဆုံးပါပဲ။ ဘယ်ပစ္စည်း ဘာအမျိုးအစားဆိုလျှင် တန်ကြေးဘယ်ရွေ့ဘယ်မျှ ဆိုတာရှိတယ်။ ဝင်တယ်၊ ထွက်တယ်ဆိုရာမှာလည်း ဘာကို ဘယ်အတိုင်းအတာအထိ၊ ဘယ်ကိစ္စဆိုတာ ရှိတယ်လေ။ ဘာမှမသိဘဲ သွားဝင်လိုက်ရင် ဘာမှဖြစ်မလာတော့ အခက်အခဲတွေတာပေါ့။ ကိုယ်တိုင်ဝင်လည်း ရှေ့နေက နားလည်မှုပေးနိုင်တဲ့ ရှေ့နေဆို တိုင်ပင်ပြီးဝင်တာ ကောင်းတယ်။ ရှေ့နေကတော့ ဘာအတွက်၊ ဘယ်လိုလုပ်ပေးဖို့၊ အဲဒီအတွက်လို့ အသေအချာ မှာလိုက်ရင် စျေးစကားပြော၊ အဆင်ပြေအောင်လုပ်ပေါ့။ လူ့ရဲ့သဘာဝလောဘသားပဲ။ အနိုင်လိုချင်တာ ဓမ္မတာပဲ။ ဒါကို ဘယ်လိုလုပ် တားဆီးမလဲ။ တစ်ဖက်က လက်ဖြန့်ထားတာ အများစုလေ။ ငါတစ်ယောက်တည်းကောင်းနေလို့ နှမ်းတစ်စေ့နဲ့ဆီဖြစ်မှာမှ မဟုတ်တာ။ ဆယ်စုနှစ်အတော်ကြာအောင်အမြစ်တွယ်လာတဲ့ ကိစ္စကြီး။ လွယ်လွယ်နဲ့တော့ ဘယ်ဖြစ်နိုင်မလဲ။ ဖြေရှင်းခက်တဲ့ ကိစ္စကြီးပဲ။ ရှေ့နေတွေအသံဆိုလို့ပြောရဦးမယ်။

အမှုက ယာဉ်တိုက်မှု။ သဲ၊ ကျောက်တင်တဲ့ကား။ တင်ထားတာမရှိပါဘူး၊ အလွတ်ပါ။ အဲဒီကားကို ကွန်တိန်နာကား မဟုတ်ဘူး၊ ကွန်တိန်နာကားကြီးတွေ တင်တဲ့ကား။ သူလည်း အလွတ်ပါပဲ။ နောက်မှာထွက်နေတဲ့ ဘော်ဒီကတော်တော်ရှည်တယ်။

မီးပွိုင့်တစ်ခုမှာ ကွန်တိန်နာတင်ကားတစ်စီး ရပ်နေတယ်။ သူ့နောက်က သဲ၊ ကျောက်တင်တဲ့ကား။ တခြားကွန်တိန်နာကားတစ်စီးဝင်လာပြီး သဲ၊ ကျောက်တင်တဲ့ကားကို ဝင်တိုက်လိုက်တယ်။ ရှေ့ကားဆက်ပြီး တိုက်လိုက်တာဘော်ဒီအိမ် ကားခေါင်းထဲဝင်သွားတာ ကံကောင်းပေလို့ သဲ၊ ကျောက်တင်တဲ့ကားဒရိုင်ဘာ ခေါင်းဘေးစောင်းပြီး ငုံ့နေတဲ့အချိန်မို့။ တော်သေးတယ်၊ ကျောမှီတိုင်ခံ့ပဲ ပေါက်ပြဲသွားလို့။ ပြောချင်တာက ယာဉ်တိုက်မှုအကြောင်း မဟုတ်ပါဘူး။

အဲဒီ ယာဉ်တိုက်မှုကို ရဲက တရားလိုပြုလုပ်ပြီးအမှုဖွင့်တယ်။ အတိုက်ခံရတဲ့ သဲ၊ ကျောက်တင်တဲ့ကားဒရိုင်ဘာလေးက ရှေ့နေငှားတယ်။ အဲဒီအမှု လက်ခံစစ်ဆေးနေတဲ့ တရားသူကြီးက ရှေ့နေမလေးတွေကို ဥပဒေအရာရှိဆီက သဘောတူခွင့်ပြုချက် သွားတောင်းဆိုပြီး ဥပဒေအရာရှိဆီ လွှတ်လိုက်သတဲ့။ ဥပဒေအရာရှိက ထောက်ခံလို့မဖြစ်ဘူး၊ တရားသူကြီးဆီပဲတင်လို့ ဘော်လီဘောပုတ်နေကြတာ။

"ဆရာ အဲဒါဘယ်လိုလုပ်မလဲ"

"တရားသူကြီးဆီ ပြန်သွားတော့ ဘာပြောတုံး"

"တရားမကြောင်းပဲ စွဲပါလို့ ပြောတယ်ဆရာ"

"ဒါ သူပြောမှလား။ ခုဟာက ပြစ်မှုအတွက်ပဲဟာ။ ပါဝါတင်လိုက်။ ခွင့်မပြုဘူးဆို အမိန့်လေးချပေးပါလို့ တရားသူကြီးကို တင်ပြလိုက်ပေါ့"

"အဲဒီလိုတော့ လုပ်မနေပါဘူးဆရာ"

ဦးစလင်း၏ လက်ဦးဆရာ ဦးဂျင်နား(ခ)ဦးအေးသွင်ကို သတိရမိသည်။ ဆရာသည် ဥပဒေပညာရေး၊ အတွေးအခေါ်အယူအဆရေး၊ အပြောပါတော်သည်။ ပဲခူးတိုင်းအရှေ့ခြမ်းမှာတော့ ဆရာ့နာမည်မသိသူ မရှိသလောက်ပင်။ ဥပဒေရုံး၊ တရားရုံးလောက၊ ရှေ့နေလောကတွင် လူသိများ၊ ကျော်ကြားသည်။ ပညာတော်သောကြောင့် ကျော်ကြားသလို၊ မဟုတ်မခံစိတ်ကြောင့်လည်း တစ်မျိုးကျော်ကြားသည်။ မဟုတ်မခံစိတ်သည်လည်း အမှုသည်များအတွက် အားကိုးတစ်မျိုးဖြစ်သည်။ ဆရာ၏ ပညာတော်မှု၊ မဟုတ်မခံစိတ်ရှိမှုတို့ကြောင့် ကျော်ကြားသလို ကျော်ကြားမှုကြောင့် အမှုသည်များ ဝိုင်းနေသည်။ အကျိုးဆောင်ခလည်း ဒေသခံရှေ့နေတွေကြားမှာ အမြင့်ဆုံးဖြစ်သည်။

ပြောရလျှင် ဆရာသည် မြွေပွေးနှင့်တူသည်။ အဆိပ်ပြင်းသည့်အတွက် ကြောက်ကြ၏။ ဦးစလင်းတို့က လင်းမြွေလို့ပြောမလား၊ ရေမြွေလို့ပြောမလား၊ အဆိပ်မရှိ၊ လူမကြောက်။ ကြောက်တော့ တန်ဖိုးကြီးတယ်။ အပြန်အလှန်သဘောအရ မကြောက်တော့ တန်ဖိုးမကြီးဘူးပေါ့ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုတာ တခြားမှာ သက်သေရှာရမှာမဟုတ်ဘူး။ ဦးစလင်း ကိုယ်တိုင်က သက်သေခံနေတာ။ ရှေ့နေခ များများမရဘူး။ တပည့်တွေကတောင် ဆရာထက် လက်ဝါးစောင်းထက်နေကြတာ။ "ဆရာ့လောက် လုပ်သက်မရှိဘူး၊ အတွေ့အကြုံလည်း မရှိဘူး၊ အဲဒီဆရာတောင် ဆရာ့ထက် အကျိုးဆောင်ခတောင်းတာ များသေးတယ်"ဟု တပည့်များက ပြောသည်။

ကျွန်တော်ဦးစလင်း၏ဆရာ ဦးဂျင်းနား မဟုတ်မခံစိတ်ရှိမှု ပေါ်လွင်စေ၍ အဖြစ်အပျက်တစ်ခု တင်ပြချင်သည်။ ဦးစလင်း အလုပ်သင်ကာလမှာ ဖြစ်သည်။ ရဲတပ်သားလေး ဘာမကျေနပ်တယ်မသိဘူး၊ ယောက္ခမ(အမ)ကို သေနတ်နှင့် ပစ်သတ်သည်။ တစ်ချက်တည်းပစ်ရာ ကံဆိုးသူတစ်ယောက် အဆစ်ပါသွားသည်။ နှစ်ယောက်ကို ပစ်သတ်သည်ပေါ့။ မ·ဆ·လခေတ်က မြို့နယ်တရားစီရင်ရေးအဖွဲ့တွေဟာ ရာဇဝတ်မှုအားလုံး စီရင်နိုင်ခွင့်ရှိတယ်။ သေဒဏ်ချမှတ်နိုင်တယ်။ ရဲလေး ရှေ့နေမငှားနိုင်ပါဘူး။ အမှုကကြီးတော့ အစိုးရငှားပေးတဲ့ ဝါနုတဲ့ ရှေ့နေလည်း တရားရုံးက မလိုက်စေချင်ပါဘူး။ နယ်မှာက တစ်ဦးကိုတစ်ဦး စေတနာထားကြပါတယ်။ အဲဒီခေတ်က အမှုလိုက်ပါပေးတဲ့ ရှေ့နေ နေ့တွက်စရိတ် ၂၅ ကျပ် ရပါတယ်။ ဦးစလင်းတို့တော့ အတော်လိုက်ခဲ့ဖူးပါတယ်။ ဆရာက အဲလို နိုင်ငံတော်ကငှားပေးတဲ့ အမှုမျိုး လက်မခံပါဘူး။ တရားသူကြီးများ တောင်းဆိုလို့ ရဲလေးရဲ့ အမှုလိုက်ပါတယ်၊ သေဒဏ်ချမှတ်ပါတယ်။

ဆရာဟာ ရဲတပ်သားလေး သေဒဏ်ချမှတ်ခံရတာကို မကျေနပ်ဘူး။ သေဒဏ်မချထိုက်ဘူးလို့ ခံယူထားတယ်။ ရဲတပ်သားလေး မူးနေတယ်။ နဂိုဓာတ်ခံက ယောက္ခမနဲ့ အဆင်မပြေရတဲ့ကြားထဲ မီးလောင်ရာလေပင့်ဆိုသလို ယောက္ခမက ပူညံပူညံလုပ်တော့ ငယ်တဲ့အရွယ်ပဲ သည်းမခံနိုင်ဘူးပေါ့။ ပဲခူးတိုင်းတရားရုံးမှာ ဆရာစာအုပ်တွေ တစ်ထပ်ကြီးသယ်သွားပြီး လျှောက်လဲချက်ပေးနေတာ ယနေ့တိုင် မြင်ယောင်နေသေးတယ်။ အိန္ဒိယဥပဒေပညာရှင်တွေ ရေးသားပြုစုတဲ့ ကျမ်းစာအုပ်တွေ၊ အင်္ဂလိပ်လိုရှုတ်ဖတ်ပြီး လျှောက်လဲချက်ပေးတာ ရှေ့နေခ မြိုးမြိုးမြက်မြက်ရထားတဲ့ အတိုင်းပဲ။ အမှန်ဝန်ခံရရင် ဦးစလင်းတောင် အဲဒီလောက် စေတနာမကောင်းဘူး။ အခမဲ့အကျိုးဆောင်ပေးရမယ်ဆို ဝတ်ကျေတန်းကျေလောက်ပဲ လုပ်ပေးမှာ ဆရာ့ကို လေးစားမိတာ အမှန်ပါပဲ။ အမိန့်ချတော့ သေဒဏ်ကနေ တစ်သက်တစ်ကျွန်းဒဏ် ပြောင်းသွားပါတယ်။

မှုလလမ်းကြောင်း လှည့်ကြစို့ရဲ့···။

ဦးစလင်းက ဒီအမှု လက်မခံရ၊ လိုက်ခွင့်မရလို့ဘာမှမဖြစ်ပါဘူးလေဟု သဘောပိုက်ပြီး အေးအေးလူလူ နေလိုက်ပါသည်။ ရာဇဝတ်မှုတွေမှာ နိုင်ငံတော်သည တရားလိုဖြစ်သည်။ သဲ၊ ကျောက်ကား ယာဉ်မောင်းလေးသည် အတိုက်ခံရသည့် နစ်နာသူဖြစ်သည်။ သူက ရရှိထားသည့် ဒဏ်ရာကြောင့် မသွားမလာနိုင်သေး။ လျော်ကြေးအတွက် တရားမကြောင်း စွဲဆိုနိုင်သည်ကိုတော့ အထူးမပြောလိုပါ။ သူ့အတွက် ရှေ့နေငှားခွင့်၊ လိုက်ပါခွင့်မပြုသည်ကိုတော့ ဘဝင်မကျမိတာ အမှန်ပင်။ အချို့ ရာဇဝတ်မှုများတွင် မည်သူသည် တရားလိုအဖြစ် အမှုဖွင့်တိုင်ကြားရမည်ဟု ကန့်သတ်ထားသည်များ ရှိပါသည်။ ဥပမာအားဖြင့် မယားခိုးမှုကို လင်ယောကျ်ားကသာ တရားလိုအဖြစ် တရားရုံးသို့ ဦးတိုက်လျှောက်ထား စွဲဆိုခွင့်ရှိပါသည်။

ယာဉ်တိုက်မှုမှာ ရဲက တရားလိုပြုလုပ်ပြီး အမှုဖွင့်သည့်အတွက် နစ်နာသူက ရှေ့နေငှားခွင့်မရှိဟုဆိုလျှင် ရဲက တရားလိုပြုလုပ်သည့်အမှုတိုင်း (မူးယစ်ဆေးဝါး၊ လောင်းကစားကဲ့သို့ အမှုမျိုး မဆိုလိုပါ) နစ်နာသူဘက်က ရှေ့နေငှားခွင့်မရှိတော့ဘူးလား။ ဥပဒေကို ကိုးကားနိုင်ဖို့ လေ့လာရပါဦးမည်။ ဦးစလင်းအတွေ့အကြုံအရ ဥပဒေဝင်လိုက်၊ တရားရုံးဝင်လိုက်နှင့် စတိသဘော ပြစ်ဒဏ်ကျခံရအောင် ကြံကြဖန်ကြသည်ကို တွေ့မြင်ကြားသိနေရသည်။ သို့သော် နစ်နာသူအနေဖြင့် (မူလမှုတွင် တရားလိုမဟုတ်ပါ။) တရားခံအပေါ် ပြစ်ဒဏ်တိုးရန်အတွက် အထက်အဆင့်မြင့်ရုံးသို့ ပြင်ဆင်မှုတင်သွင်းသည်များ ရှိနေပါသည်။ အထက်ရုံးသို့ တက်ခွင့်ရှိလျှင် အောက်ရုံး၌ လိုက်ပါခွင့်ရှိရမည်သာ ဖြစ်ပါသည်။ ဦးစလင်း၏ ဆရာသာဆိုလျှင်တော့ ယခုလို လက်လျှော့ပြီး အေးအေးလူလူ နေမှာမဟုတ်တာ သေချာသည်။ ထောက်ခံသည့်အနေဖြင့် တစ်လက်စတည်း နည်းနည်းဆက်လိုက်ပါသည်။ မ·ဆ·လခေတ် ရပ်ကွက်၊ ကျေးရွာ တရားရုံးတွေမှာ အမှုလိုက်ပါခဲ့ရဖူးသည်။ စပါး ၁၀ တင်း၊ အိုးစဉ်ကာလ

www.burmeseclassic.com

တန်ကြေး ငွေကျပ်တစ်ရာကျော်ကျော်ခန့်သာ တန်သည့် အချိန်က ကျောက်ကြီးမြို့နယ်(ပဲခူးတိုင်း) နတ်သံကွင်း ကျေးရွာ တရားရုံးတွင် ဆရာအမှုလိုက်ပါသည့်နောက် လိုက်ခဲ့သည်။ အဲဒီအမှုလေး တရားရုံးချုပ်အထိ ရောက်သည်။ ဦးစလင်းသာဆိုလျှင် မပြောပလောက်သော ထိခိုက်နစ်နာမှုအတွက် ငြိမ်ငြိမ်သည်းခံလိုက်ပါဟု ဆိုလိုက်မည် အမှန်။ ဆရာကတော့ မဟုတ်လျှင် တစ်ပြားသားမှ မခံတတ်။

ဥပဒေကြောင်း ဆက်ကြဦးစို့။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၅၆၂(၁-က)မှာ ပြစ်မှုဆိုင်ရာ ဥပဒေအရ ထောင်ဒဏ်(၂)နှစ်ထက်မပိုသည့် ပြစ်ဒဏ်ချမှတ်ထိုက်သည့် အမှုများတွင် ခံဝန်ဖြင့် လွှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။ လောင်းကစားဥပဒေပုဒ်မ-၁၂(၁)အရ ပြစ်မှုကျူးလွန်သူများအား ခံဝန်ဖြင့် လွှတ်ခြင်းသည် ဥပဒေနှင့် ကိုက်ညီခြင်း ရှိ-မရှိ ဆွေးနွေးတင်ပြပါမည်။

၁၉၉၀ ပြည့်နှစ် တရားစီရင်ထုံး၊ စာမျက်နှာ-၄၇ ပါ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် သန်းအောင် ပါ-၄ အမှုကို ဆွေးနွေးတင်ပြပါမည်။

အမှုမှာ ပြည်မြို့ အမှတ်(၂)ရဲစခန်းမှ ဒုရဲအုပ်တင်ထွးနှင့် အဖွဲ့သည် မြို့ဥသစ်ဆိုက်ကားဂိတ်၌ သန်းအောင်ပါ-၄ ဦးတို့ လောင်းကစားပြုလုပ်နေသည်ကို တွေ့၍ ဖမ်းဆီးအရေးယူသော အမှုဖြစ်သည်။ ပြည်မြို့နယ်တရားရုံးမှ ၁၉၈၆ ခုနှစ် လောင်းကစားဥပဒေပုဒ်မ-၁၂(က)အရ ခံဝန်ချုပ်ဖြင့် အစမ်းလွှတ်ခဲ့သည်။

ထိုအမိန့်သည် ဥပဒေနှင့် ညီညွတ်မှုမရှိဟုဆိုကာ ရှေ့နေချုပ်ရုံးမှ ပြင်ဆင်မှု တင်သွင်းလာသော အမှုဖြစ်သည်။ ရှေ့နေချုပ်ရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၅၆၂ (၁-က)ပါ စီရင်ပိုင်ခွင့်ကို အထူးဥပဒေအရ ပြစ်မှုထင်ရှားစီရင်သည့် ကိစ္စ၌ တရားရုံးများက သုံးစွဲခွင့်မရှိကြောင်း ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်နှင့် ဦးလှတင်ပါ-၂ (၁၉၈၁ ခုနှစ်၊ တရားစီရင်ထုံး၊ စာ-၈၃)အမှုကို ရည်ညွှန်းကိုးကား၍ တင်ပြသည်။

လောင်းကစားဥပဒေသည် အထူးဥပဒေဖြစ်သည်။ ပြစ်မှုထင်ရှားစီရင်လျှင် ကျင့်ထုံးပုဒ်မ-၅၆၂(၁-က)ကို ကျင့်သုံးခွင့်မရှိ။ ရှေ့နေချုပ်ရုံးမှ ရည်ညွှန်းကိုးကားသည့် စီရင်ထုံးသည် ယခု အမှုနှင့် ကိုက်ညီခြင်းမရှိ။ ယခုအမှုတွင် ပုဒ်မ-၅၆၂(၁-က)ကို ကျင့်သုံးလိုက်ပြီ ဖြစ်သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၁ တွင် "ဤဥပဒေသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် တစ်ဝန်းလုံးနှင့် သက်ဆိုင်စေရမည်။ သို့ရာတွင် ၎င်းနှင့် ဆန့်ကျင်ကွဲလွဲသည့် သီးခြားပြဋ္ဌာန်းချက် တစ်စုံတစ်ရာမရှိလျှင် ဤဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ တည်ဆဲအထူးဥပဒေ၊ သို့မဟုတ် ဒေသန္တရဥပဒေတစ်စုံတစ်ရာကိုဖြစ်စေ၊ တည်ဆဲ အခြားဥပဒေ တစ်ရပ်ရပ်က အာဏာအပ်နှင်းထားသည့် အထူးစီရင်ပိုင်ခွင့် အာဏာ၊ သို့မဟုတ် အာဏာကိုဖြစ်စေ၊ ယင်းဥပဒေက သတ်မှတ်ထားသည့် အထူးကျင့်ထုံးတစ်စုံတစ်ရာကိုဖြစ်စေ ထိခိုက်ခြင်းမရှိရ"ဟု ပြဋ္ဌာန်းထားသည်။


၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေမှာ အထူးဥပဒေတစ်ရပ်ဖြစ်သည့်အပြင် ယင်းဥပဒေပုဒ်မ-၁၂(က)အရ ပြစ်မှုထင်ရှားစီရင်လျှင် အနည်းဆုံး ထောင်ဒဏ် (၃)လမှ အများဆုံး ထောင်ဒဏ်(၆)လ၊ သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ် ကျပ် ၅၀၀ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်ဟု ပြစ်ဒဏ်သတ်မှတ်ထားသည်။

သန်းအောင်ပါ-၄ ဦးနှင့်ဆိုင်သည့် လောင်းကစားဥပဒေတွင် ပြစ်မှုထင်ရှား စီရင်ခြင်းနှင့် ပတ်သက်၍ သီးခြားပြဋ္ဌာန်းချက်တစ်စုံတစ်ရာ မရှိပေ။ ပုဒ်မအလိုက် ပြစ်မှုထင်ရှားစီရင်လျှင် ချမှတ်ရမည့် ပြစ်ဒဏ်ကိုသာ ပြဋ္ဌာန်းထားသည်။ တရားရုံးချုပ်မှ ပြင်ဆင်မှုကို ခွင့်ပြု၍ မူလရုံးအမိန့်ကို ပယ်ဖျက်ကာ ထောင်(၃)လစီ ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့ပါသည်။

စာဖတ်သူအနေဖြင့် မြို့နယ်တရားရုံး၏ အမိန့်ကို တရားရုံးချုပ်သို့ တင်သွင်းသည့်အတွက် ခရိုင်ရုံး၊ တိုင်းရုံးတွေ ကျော်သွားသလားဟု တွေးကောင်းတွေးလိမ့်မည် ထင်သည်။ ခံဝန်ဖြင့် လွှတ်ခြင်း။ ကျင့်ထုံး ၅၆၂(၁က)အရ ဆောင်ရွက်ရသည်ဖြစ်၍ တရားရုံးချုပ်သို့ တင်သွင်းရခြင်းဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။

စလင်းဦးအောင်မိန်း

www.burmeseclassic.com



# အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ

ဦးစောလှိုင် [ B.A (HIST:) H.G.P., R.L ]

**မိသားစုပင်စင်အတွက် ဘယ်လိုအထောက်အထားတွေ တင်ပြရမလဲ**

ဆရာခင်ဗျား...

ကျွန်တော့်ဇနီးဖြစ်သူဟာ ပြီးခဲ့တဲ့လက နှလုံးရောဂါနဲ့ ရုတ်တရက် ကွယ်လွန်သွားခဲ့ပါတယ်။ သူဟာ အရင်က မူလတန်းကျောင်းအုပ် ဖြစ်ခဲ့ပြီး ဒီရောဂါကြောင့်ပဲ လွန်ခဲ့တဲ့ ၁၅ နှစ်ကျော်လောက်က ဆေးပင်စင်ယူခဲ့ရပါတယ်။ မကွယ်လွန်ခင် တစ်လအလိုအထိ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၃)မှာ ပင်စင်လစာ ထုတ်ယူနေသူ ဖြစ်ပါတယ်။

အခုတော့ ဒီပင်စင်ကို ဆက်ထုတ်နိုင်ဖို့ မိသားစုပင်စင်ပြန်လျှောက်ထားရမယ်လို့ သိရပါတယ်။ တချို့ကတော့ ဇနီးသည်ဟာ ပင်စင်စားလာတာ ၁၅ နှစ်ကျော်ပြီဖြစ်လို့ ဆက်ခံစားခွင့် မရှိတော့ဘူးလို့ ပြောပါတယ်။ ပင်စင်ဥပဒေအရ ပင်စင်ယူပြီးမှ ကွယ်လွန်ရင် ပင်စင်ယူတဲ့နေ့ကစပြီး ၁၅ နှစ်အထိသာ ခံစားခွင့်ရှိတယ်လို့ ဆိုပါတယ်။

ဒါကြောင့် ဇနီးသည်ဟာ ပင်စင်ယူတဲ့နေ့ကစပြီး ၁၅ နှစ်ကျော်ခံစားခဲ့ပြီးဖြစ်လို့ မိသားစုပင်စင်ခံစားပိုင်ခွင့် မရှိတော့ဘူးလို့ ပြောကြပါတယ်။ ဒါပေမယ့် တချို့ကတော့ ဒါက အရင်က ဥပဒေအဟောင်းအရသာဖြစ်ပြီး အခုအချိန်

www.burmeseclassic.com

မှာ ကျန်ရစ်သူ ခင်ပွန်းသည် သက်ရှိထင်ရှားရှိနေသရွေ့ ဆက်လက်ခံစားခွင့်ရှိတယ်လို့ ဆိုပြန်ပါတယ်။

ကျွန်တော့်အနေနဲ့ ဥပဒေနားမလည်လို့ ဘယ်သူ့စကားက အမှန်ဆိုတာ မဝေခွဲနိုင်ပါဘူး။ ပြီးတော့ ဒီကိစ္စကို ဘယ်ကစလို့ ဘယ်လိုလုပ်ရမယ်လည်း မသိပါဘူး။

ဒါ့ကြောင့် ဥပဒေမှာ မိသားစုပင်စင်နဲ့ပတ်သက်ပြီး ဘယ်လိုပြဋ္ဌာန်းထားတယ်၊ ကျွန်တော့်အနေနဲ့ မိသားစုပင်စင် ဆက်လက်လျှောက်ထားပိုင်ခွင့် ရှိမရှိဆိုတာတွေကို သိချင်နေပါတယ်။

အကယ်၍ မိသားစုပင်စင် ခံစားခွင့်ရှိရင် ဘယ်ဌာနမှာ ဘယ်လိုလျှောက်ထားရမယ်၊ အဲဒီအတွက် ဘယ်လိုအထောက်အထား စာရွက်စာတမ်းတွေ၊ ထောက်ခံချက်တွေ လိုအပ်တယ်ဆိုတာလည်း သိချင်ပါတယ်။

အဲဒါကြောင့် ဆရာ့အနေနဲ့ တတ်နိုင်သမျှ အမြန်ဆုံး ဖြေကြားပေးပါမည့်အကြောင်း မေတ္တာရပ်ခံအပ်ပါတယ်။

အထူးကျေးဇူးတင်လျက်

**ဦးလှမောင်**

ရှခင်းသာလမ်း၊ ၁၀ ရပ်ကွက်၊ သာကေတမြို့။

ဦးလှမောင်···

ဝန်ထမ်းတစ်ဦး ပင်စင်ယူပြီးမှ ကွယ်လွန်ရင် ပင်စင်ယူတဲ့နေ့ကစပြီး ၁၅ နှစ်အထိသာ ခံစားခွင့်ရှိတယ်ဆိုတာ ဟိုတုန်းက ဥပဒေအရ ဖြစ်ပါတယ်။ ခုချိန်မှာတော့ ကျန်ရစ်သူ ဇနီး (သို့) ခင်ပွန်းအနေနဲ့ သက်ရှိထင်ရှား ရှိနေသရွေ့ မိသားစုပင်စင် လျှောက်ထားခံစားပိုင်ခွင့် ရှိနေပါတယ်။

**ကျွန်မအဘိုးရဲ့ မိသားစုပင်စင်ကိစ္စ စုံစမ်းကြည့်တော့ ကွယ်လွန်သူရဲ့ ဇနီး၊ ခင်ပွန်းနဲ့ သားသမီးတွေအထိပဲ မိသားစုပင်စင် လျှောက်ထားခံစားခွင့်ရှိတယ်လို့ ပြောကြပါတယ်။**

ဦးလှမောင်ရဲ့ဇနီးသည်က မူလတန်းကျောင်းအုပ်ရာထူးနဲ့ ပင်စင်ယူခဲ့တာမို့လို့ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးမှာ မိသားစုပင်စင် လျှောက်ထားရမှာ ဖြစ်ပါတယ်။

လိုအပ်တဲ့ စာရွက်စာတမ်းတွေကတော့

(၁) သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဖွားသေမှတ်ပုံတင်အရာရှိက ထုတ်ပေးထားတဲ့ သေဆုံးမှု လက်မှတ်မူရင်းနဲ့ မိတ္တူ။

(၂) အိမ်ထောင်စုစာရင်း မူရင်းနဲ့ မိတ္တူ။

(၃) တရားဝင် ခင်ပွန်းဖြစ်ကြောင်းနဲ့ နောက်အိမ်ထောင်မပြုရသေးကြောင်း ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက် မူရင်းနှင့် မိတ္တူ။

(၄) ဦးလှမောင်ရဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့် မိတ္တူ။

(၅) ဇနီးသည်ရဲ့ ပင်စင်စာအုပ် မူရင်းနှင့် မိတ္တူ။

(၆) ဦးလှမောင်ရဲ့ လိုင်စင်ဓာတ်ပုံ (၆)ပုံ

သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးမှာ ဖော်ပြပါ အချက်အလက်အပြည့်အစုံနဲ့ လျှောက်လွှာ၊ လက်ဗွေရာတွေ နှိပ်ပြီး တင်ပြလိုက်ရင်တော့ ဦးလှမောင်လိုချင်နေတဲ့ မိသားစုပင်စင်ကိစ္စ မကြာခင် အဆင်ပြေသွားမှာဖြစ်ကြောင်း ဖြေကြားပေးလိုက်ပါတယ်။

××× ××× ×××

## အဘိုးဖြစ်သူရဲ့ မိသားစုပင်စင်ကို မြေးက ခံစားပိုင်ခွင့်ရှိသလား

ဆရာရှင့်···

ကျွန်မရဲ့အဘိုးဖြစ်သူဟာ မကြာသေးခင်ကမှ ၉၆ ပါးရောဂါနဲ့ ကွယ်လွန်သွားခဲ့ပါတယ်။ ကျွန်မအဘွားကလည်း လွန်ခဲ့တဲ့ ငါးနှစ်လောက်က ကွယ်လွန်သွားခဲ့ပါတယ်။ ကျွန်မရဲ့အဖေ တစ်ဦးတည်းသောသားဟာလည်း မနှစ်ကပဲ ကွယ်လွန်သွားခဲ့ပါတယ်။ ဒါ့ကြောင့် မိသားစုဆိုလို့ ကျွန်မ(မြေး)

www.burmeseclassic.com

တစ်ယောက်တည်းပဲ ကျန်ပါတော့တယ်။

ဖေဖေဟာ ဦးစီးဌာနတစ်ခုက အငြိမ်းစားဦးစီးအရာရှိတစ်ယောက်ဖြစ်ပြီး သက်ပြည့်ပင်စင်ခံစားနေတာ ရှစ်နှစ်လောက်ရှိပါပြီ။ ဖေဖေဟာ လစဉ် ဘဏ်ကိုသွားပြီး ပင်စင်ကို ကိုယ်တိုင်ထုတ်ယူတတ်သလို၊ မကျန်းမာတဲ့အခါမှာတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်နဲ့ ဖေဖေ့ကိုယ်စား ကျွန်မကို သွားထုတ်ခိုင်းတတ်ပါတယ်။

ကျွန်မဟာ အခုဆိုရင် အသက် ၂၀ နှစ်ရှိပြီး ရန်ကုန်တက္ကသိုလ်မှာ မြန်မာစာအဓိကနဲ့ တက်ရောက်သင်ကြားနေပါတယ်။ အိမ်ထောင်တော့ မပြုရသေးပါဘူး။

ကျွန်မအဘိုးရဲ့ မိသားစုပင်စင်ကိစ္စ စုံစမ်းကြည့်တော့ ကွယ်လွန်သူရဲ့ဇနီး၊ ခင်ပွန်းနဲ့ သားသမီးတွေအထိပဲ မိသားစုပင်စင် လျှောက်ထားခံစားခွင့်ရှိတယ်လို့ ပြောကြပါတယ်။

အခု ကျွန်မတို့မိသားစုမှာ ဇနီး၊ ခင်ပွန်းလည်းမရှိ၊ သားသမီးလည်းမရှိတော့ဘဲ မြေးသားဆိုလို့ ကျွန်မ(မြေး) တစ်ယောက်သာ ကျန်ရစ်ပါတော့တယ်။ ကွယ်လွန်သူရဲ့ ပင်စင်ကို ဇနီး၊ ခင်ပွန်းနဲ့ သားသမီးအထိသာ ခံစားပိုင်ခွင့်ရှိတယ်ဆိုရင် အဘိုးရဲ့ ပင်စင်ကို ဘယ်လိုလုပ်မလဲ။ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းတော့မှာလား။

တကယ်ဆို အဘိုးရဲ့ နောက်ဆုံးကျန်ရစ်တဲ့ မြေးသားဖြစ်တဲ့ မြေး(ကျွန်မ)ကို ခံစားခွင့်မပေးသင့်ဘူးလား။

ဆရာရှင့်···

ဒါကြောင့် ပင်စင်ဥပဒေအရ ကွယ်လွန်သူရဲ့ ပင်စင်နဲ့ ပတ်သက်ပြီး ဘယ်လိုပြဋ္ဌာန်းချက်တွေ ရှိတယ်ဆိုတာ ပြည့်ပြည့်စုံစုံလေး ဖြေကြားပေးပါလို့ တောင်းခံလိုက်ရပါတယ်။

အစဉ်လေးစားလျက်

**မသီတာ**

သင်္ဃာလမ်း၊ ကျောက်မြောင်း။

မသီတာခင်ဗျား···

အစိုးရဝန်ထမ်း ပင်စင်စားတစ်ဦး ကွယ်လွန်ရင် ကျန်ရစ်သူမိသားစု ဘယ်လိုခံစားပိုင်ခွင့်ရှိတယ်ဆိုတာ ဥပဒေအရ အတိအလင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ မသီတာ တောင်းဆိုသလို ဥပဒေပါပြဋ္ဌာန်းချက်အတိုင်း ပြည့်ပြည့်စုံစုံလေး ဖြေကြားပေးလိုက်ပါတယ်။

ဝန်ထမ်းတစ်ဦး (သို့မဟုတ်) ပင်စင်စားတစ်ဦး ကွယ်လွန်ရင် ပင်စင်နည်းဥပဒေတွေအရ အောက်ပါဦးစားပေးအစီအစဉ်အတိုင်း မိသားစုပင်စင်ခံစားခွင့် ပေးရပါမယ်။

(၁) ကွယ်လွန်သူဝန်ထမ်းရဲ့ ဇနီး (သို့မဟုတ်) ခင်ပွန်း (ဇနီးတစ်ယောက်ထက် ပိုရှိရင် အကြီးဆုံးဇနီးကို ခံစားခွင့်ပေးရပါမယ်။)

(၂) ဇနီး၊ သို့မဟုတ် ခင်ပွန်းမရှိရင် အသက် ၁၈ နှစ်မပြည့်သေးတဲ့၊ အိမ်ထောင်မပြုရသေးတဲ့ သားသမီး၊ သို့မဟုတ် အသက် ၁၈ နှစ်ပြည့်ပြီးပေမယ့် တက္ကသိုလ်၊ ကောလိပ်ကျောင်းတစ်ခုခုမှာ အချိန်ပြည့် ပညာသင်ကြားနေတဲ့ အိမ်ထောင်မရှိသေးတဲ့ သားသမီး၊

(၃) အထက်ဖော်ပြပါ သားသမီးမျိုးမရှိရင် အိမ်ထောင်မပြုရသေးတဲ့ သမီး၊ သို့မဟုတ် လင်သေပြီး မုဆိုးမဖြစ်နေတဲ့ သမီး၊

(၄) အထက်ပါ သမီးမျိုးလည်း မရှိရင် အသက် ၁၈ နှစ်မပြည့်သေး၊ အိမ်ထောင်လည်းမရှိသေးတဲ့ အဖမဲ့မြေး (သို့မဟုတ်) အသက် ၁၈ နှစ် ပြည့်ပြီးဖြစ်ပေမယ့် တက္ကသိုလ်၊ ကောလိပ်ကျောင်းတစ်ခုခုမှာ အချိန်ပြည့် တက်ရောက်ပညာသင်ကြားနေတဲ့ အိမ်ထောင်မရှိသေးတဲ့ အဖမဲ့မြေး။

ကဲ···ဒီလောက်ဆိုရင်တော့ တက္ကသိုလ်ကျောင်းသူကြီး မသီတာအနေနဲ့ အဘိုးရဲ့ မိသားစုပင်စင်ကို ခံစားပိုင်ခွင့်ရှိနေတယ်ဆိုတာကို နားလည်သဘောပေါက်နေလောက်ပြီထင်ပါရဲ့။

အဲဒါကြောင့် သက်ဆိုင်ရာ ဦးစီးဌာနနဲ့ ဆက်သွယ်ပြီး လိုအပ်တာတွေ ဖြည့်စွက်တင်ပြပြီး လျှောက်ထားလိုက်ရင် အဘိုးရဲ့ မိသားစုပင်စင်ကို ဆက်လက်ခံစားရမှာ ဖြစ်ကြောင်း ဖြေကြားလိုက်ပါတယ်။

အောင်မြင်ပါစေ···

**ဦးစောလှိုင်[B.A(Hist:) H.G.P,R.L]**



www.burmeseclassic.com

www.burmeseclassic.com



# မုသားနှင့် ဥများ

မိုက်ခ်မင်းခေ

BURMESE CLASSIC

"ငုံးဥပြုတ်တွေရမယ်။ လတ်ဆတ်တယ် အလုံးကြီးတယ်နော်"

လက်ဆွဲခြင်းတစ်လုံးနှင့် သဘော်ပေါ်တွင် မနုတစ်ယောက် 'အော်ဟစ်ရောင်းချနေသည်။ ပလတ်စတစ်အိတ်နှင့်လည်း တစ်ရာတနီအထုပ်များလည်း ထုပ်ထားပြီးသည် ရှိသလို အပြေအလုံးလိုက်လည်း တောင်းကလေးခြင်းတွင်ရှိသည်။ တစ်ရာဖိုး သုံးလုံးဖြစ်၏။

ကျွန်တော်ကလည်း အိမ်ကကလေးတွေအတွက် ဝယ်ရန်ဟန်ပြင်လိုက်စဉ် . . . ငုံးဥရောင်းသောယောက်ျားအသံ ထွက်လာသည်။

"လတ်ဆတ်တယ်၊ ဈေးချိုတယ်၊ တစ်ရာဖိုး လေးလုံးနော်"

သုံးလုံးထက် လေးလုံးကို ကျွန်တော် စိတ်ဝင်စားသွားသည်။ ထိုအခိုက် ပထမငုံးဥသည်၏ အသံထွက်လာသည်။

"ဟဲ့အကောင် . . . နင်စည်းမဖောက်နဲ့။ ဟောသည်အစ်ကိုငါ့ဆီမှာဝယ်တော့မလို့ဟာ။ လူပါးမဝနဲ့။ မနုတဲ့ တစ်နုတည်းရှိတယ်။ ပါးကွဲသွားမယ်"

"ငါလည်း ငါ့ဘာသာငါရောင်းတာ၊ သူကြိုက်ရာ ဝယ်မှာပေါ့။ နင်ချည်းပဲ လက်ပါတာ မဟုတ်ဘူး"

သည်လိုနှင့် အချေအတင်စကားများနေကြသည်။ သို့ဖြင့် ကျွန်တော်လည်း တစ်သည်ကို ငါးရာဖိုးစီ အားပေးလိုက်တော့မှ ကျေနပ်သွားကြသည်။ အိမ်ပြန်ရောက်တော့ သားနှင့်သမီးကို ငုံးဥများ ချကျွေးလိုက်သည်။ ကလေးများမှာ ပြုံးလို့ပျော်လို့ပေါ့။ ခဏကြာတော့ . . .

"ဖေကြီးရေ . . ဖေကြီးဟာက အူတဲ့ဟာအူ၊ ပုပ်တဲ့ဟာက ပုပ်နဲ့၊ ဘယ်လိုမှ စားမရဘူး"

ကျွန်တော် အတော်ကလေး စိတ်မကောင်းဖြစ်သွားသည်။

နောက်နေ့ ဂျူတီစောစောကျသဖြင့် ကားဂိတ်အုတ်ခုံတွင်ထိုင်ရင်း ကိုယ်စီးရမည့်လိုင်းကားကို စောင့်နေစဉ် တီးတိုးစကားပြောသံကို ကြားသဖြင့် နားစွင့်နေမိသည်။

"ယောက်ျားရေ . . . သည်ဥတွေက ငါးရက်၊ ခြောက်ရက်လောက်ရှိပြီ။ အူနေလောက်ပြီ"

"ဒါနဲ့များ မိန်းမရာ ထုပ်သင့်တာထုပ်၊ ဗန်းထဲကို အကောင်းတစ်ခြမ်း အအူတစ်ခြမ်း လုပ်လိုက်ပေါ့။ ဟိုနေ့ကလို ဟန်ဆောင်ပန်ဆောင်ရန်ဖြစ်လိုက်တာပေါ့ ဟုတ်ဘူးလား။ ဟား . . . ဟား . . . ဟား"

အသေအချာ ကြည့်လိုက်တော့ ဟိုနေ့က ငုံးဥရောင်းလိုက်သောသူနှစ်ဦး လင်မယားဖြစ်နေသည်။ ကျွန်တော်စီးရမည့်ကားကလည်း ရောက်လာပြီမို့ ကားပေါ် လှမ်းတက်ရင်း ပြင်းထန်စွာ 'တောက်'တစ်ချက် ခေါက်လိုက်မိသည်။ စပယ်ယာက ကျွန်တော့်အား နားမလည်စွာဖြင့် လှမ်း၍ကြည့်နေလေတော့သည်။


မိုက်ခ်မင်းခေ

www.burmeseclassic.com

www.burmeseclassic.com

ကျော်မြသန်း

# မွေထက်သော အမွေ



www.burmeseclassic.com

www.burmeseclassic.com

# မွေတတ်သော အမွေ

/ကျော်မြသန်း/

ဤဝတ္ထုနှင့် ပတ်သက်၍ ....

စာရေးသူတို့၏ မြန်မာလူမျိုး၊ မြန်မာမိသားစုများတွင် အမွေကိစ္စမှာ ရှုပ်ရှုပ်ထွေးထွေးနှင့် ပြဿနာပေါင်းစုံ ရစ်ထွေးစမြဲ ရှိကြသည်။

တုတ်တစ်ပြက်၊ ဓားတစ်ပြက်၊ ကျော်မကောင်း ကြားမကောင်း ဖြစ်ကြသည်မှ ကွယ်လွန်ကုန်ကြသော မိဘဖြစ်သူများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အဖြစ်အပျက်များလည်း ရှိသည်။

ရှင်ခန်း၊၊ သေခန်းပြတ် မခေါ်နိုင်၊ မပြောနိုင်၊ မျက်နှာချင်းဆိုင် ဆုံမိသည့်တိုင် မျက်နှာလွှဲသွားကြသည်လည်း ရှိသည်။

BURMESE CLASSIC

'မွေတတ်သော' 'အမွေ'ပြဿနာနှင့် ပတ်သက်၍ ညီအစ်ကိုအရင်းချင်း လူသတ်မှုဖြစ်အောင် မွှေနှောက်သွားခဲ့သော တကယ့်အဖြစ်အပျက် ဇာတ်ကြောင်းကို အခြေခံ၍ ဇာတ်အိမ်ဖွဲ့ထားသည့် ဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်။

ဆယ်စုနှစ်သုံးစုကျော်က ဖြစ်ပွားခဲ့သော မှုခင်းဖြစ်ရပ်ဖြစ်သည်။

မသိ၊ မမီလိုက်သူများအတွက် ဗဟုသုတသဘော ဆောင်၍လည်း မှတ်တမ်းမှတ်ရာတစ်ခုအဖြစ် ရှိခဲ့သည်ကိုလည်းကောင်း၊ ဝတ္ထုကြောင်းနှင့် ပတ်သက်ဆက်စပ် ဖော်ပြခြင်းသာ ဖြစ်ပါသည်။

မှန်ကန်သည်ဟု ဆိုလိုသော ရည်ရွယ်ချက် ဆန္ဒဖြင့် ဖော်ပြခြင်းမဟုတ်ပါ။

ထို့ကြောင့်လည်း ၁၉၆၂ ခု၊ တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် ထိုမမှန်ကန်သော စနစ်ကို ဖျက်သိမ်းပစ်ခဲ့ခြင်း ဖြစ်ပါသည်။

တကယ်တော့ အဆင့်အတန်းနှင့် ရာဇဝတ်ပြစ်မှုကျူးလွန်ခြင်းမှာ သက်ဆိုင်ခြင်းမရှိပါ။

ပြစ်မှုကျူးလွန်သူလည်း ပြစ်ဒဏ်ကို တစ်ပြေးညီစွာ ခံစားရမည်သာ ဖြစ်ပါသည်။

ပြစ်မှုကြေးကို ငွေဖြင့် ဆပ်ရမည်သာ မှန်ကန်သောစနစ်ဟု ရည်ညွှန်းပြုစုရမည်သာ။

မွေတတ်သော သဘောရှိသည့် အမွေဇာတ်လမ်းကို ဆက်လက်ဖတ်ရှုကြပါဟု ...။

မေတ္တာများစွာဖြင့်

(ကျော်မြသန်း)



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

အဝင်လွယ်၍ အထွက်ခက်သည့်နေရာ။

ပင်မတံခါးကြီးမှာ ထူထဲခိုင်ခံ့သည့် ရောမတံခါးကြီး။

ပျဉ်းကတိုးနှင့် သံပတ်ပြားအထူကြီးများ၊ ကျပ်လုံးခန့် ကြေးမှိုကြီးများ ဆက်တွဲ၍ ဆောက်ထားသည့် တံခါးကြီးဖြစ်သောကြောင့် ထိုတံခါးကြီးကို ဖွင့်ဖို့မလွယ်။

ထိုတံခါးကြီးနှင့် တစ်သားတည်းဖောက်ထားသည့် တံခါးပေါက်လေးတစ်ခု ရှိသည်။

ဝါဒါများနှင့် အချုပ်သား၊ အကျဉ်းသားများ အဝင်အထွက် လုပ်ရသည့် တံခါးပေါက်ကလေး။ တံခါးပေါက်ကလေးမှာ သုံးပေခန့်ကျယ်၍ လေးပေခန့် အမြင့်ရှိသည်။

ပင်မတံခါးကြီး၏ အောက်ခြေတစ်တောင်ခန့် တံခါးကိုယ်ထည်၏ အမြင့်တွင် ဖောက်ထားသောကြောင့် ခြေထောက်တစ်ချောင်းစီ ခွကျော်ပြီးမှ ဝင်ရသည်။

ခြေထောက်တစ်ချောင်းစီ ခွဝင်ရသောကြောင့် အလိုအလျောက် ခါးကုန်းခေါင်းငုံ့ပြီး ဝင်ရသည်။

တံခါးမကြီးဖွင့်၍ ဝင်ခွင့်ရှိသူများလည်း ရှိသည်။

ထောင်ပိုင်ကြီး၊ ဒု-ထောင်ပိုင်ကြီး၊ ထောင်မှူးကြီး၊ ထောင်ဆရာဝန်။ သူတို့မှာ အပေါက်ကလေးထဲမှ ခေါင်းငုံ့မဝင်ရ။

အထဲက တံခါးစောင့်ဝါဒါ ဖွင့်ပေးသည့် တံခါးမကြီးကနေ ကြော့ကြော့မော့မော့ ဝင်ရသည်။

ထောင်မှူးလေးများလည်း ဝင်ခွင့်ရကြသည်။ အမြဲတော့မဟုတ်။ ရံဖန်ရံခါသာ။

တံခါးပေါက်ကလေးထဲမှ ခေါင်းငုံ့ဝင်လိုက်သည်နှင့် ငြိမ်သက်ခြင်းနှင့် ဆုံစည်းရမည်။ အသံဗလံ မထွက်ရ။ ကိုယ်လက်အင်္ဂါတွေ လှုပ်လှုပ်ရှားရှား၊ လှုပ်လှုပ်ရွရွ မလုပ်ရ။

ညနေတိုင်း ရုံးထွက် အချုပ်သားဟောင်းများနှင့် အသစ်ပါလာသည့် အချုပ်သမားအသစ်များ ရောက်စမြဲ ရှိကြသည်။

တနင်္ဂနွေနှင့် နေ့ကြီးရက်ကြီး ရုံးပိတ်ရက်များတွင်မူ ချုပ်ဟောင်းချုပ်သစ်များ အဝင်အထွက်မရှိကြ။

တနင်္ဂနွေနှင့် ရုံးပိတ်ရက်များ မဟုတ်ပါက ညနေ ၄ နာရီလောက်တွင် ချုပ်ဟောင်းချုပ်သစ်များ ရောက်လာစမြဲ ရှိကြသည်။

ရုံးချိန်းထွက်သည့် အချုပ်သမားဟောင်းများကို ချုပ်ဟောင်းဟုခေါ်၍ အသစ်ရောက်လာသည့် အချုပ်သမားများကို ချုပ်သစ်ဟု အခေါ်အဝေါ်ပြုကြသည်။

အင်္ဂလိပ်တို့ အုပ်စိုးစဉ်ကာလက ဝါဒါနှင့် ထောင်မှူးလေးများမှာ ကုလားလူမျိုးများ ဖြစ်ကြသည်။ သူတို့ဘာသာစကားနှင့် သုံးနှုန်းပြောဆိုသည့်စကားများမှာ နောင်သော် မြန်မာအသံထွက်နှင့်ပြောသည့် ဝေါဟာရအဖြစ်သို့ ပြောင်းလဲလာသည်များ အမျိုးအပြားပင် ရှိသည်။

ရုံးထွက်သွားသည့် . . အချုပ်ဟောင်းများ အထဲပြန်ဝင်လာလျှင် တလာစီရသည်။ အထဲသို့ယူဆောင်ခွင့်မရှိသော ပစ္စည်းများ ယူဆောင်ခြင်း ရှိမရှိကို ရှာဖွေရခြင်းဖြစ်၏။

ထို့အတူ ရမာန်ကြီးပေး၍ အမှုဆက်လက် စစ်ဆေးရမည့် အချုပ်လူသစ် တရားခံများကိုလည်း ရှာဖွေရသည်။

ကဲ . . သွားပြီ။ အရှက်နှင့် လူလုစ်တာပါဟူသော ပြောရိုးစကားဘယ်သို့ရောက်သွားပါလေပြီနည်းဟု မေးရမည်သို့။

ရှာကြဖွေကြသည်မှာ တလာစီပြီးတော့ မူလနေရာမှာ ပြန်ထိုင်။ ထောင်မှူးလေးက သူထိုင်နေရာမှ ထလာသည်။ ချုပ်ဟောင်းများကို မကြည့်။ ချုပ်သစ်များကိုသာ ကြည့်သည်။

"သက်အောင်ဆိုတာ ဘယ်သူလဲ၊ ထစမ်း"

သက်အောင်ဟု အမည်တပ်အခေါ်ခံရသူ မတ်တတ်ရပ်လိုက်ရသည်။

"သူ့ကိုထားခဲ့၊ ကျန်တဲ့လူတွေကို ခေါ်သွားတော့"

ထောင်မှူးလေးက ဘူးဘာယာကို အမိန့်ပေးပြီးနောက် သူထိုင်သည့် စားပွဲရှိရာသို့ ပြန်လှည့်သွားသည်။ သက်အောင်ဆိုသူကို ဘာယာတစ်ယောက်က ထောင်မှူးရုံးခန်းထဲသို့ ခေါ်သွားသည်။

www.burmeseclassic.com

ထောင်မှူးက သူစားပွဲမှာ ဝင်ထိုင်လိုက်သည်။ သူက စားပွဲရှေ့မှာ ရိုရိုကျိုးကျိုးပုံဟန်ဖြင့် မတ်တတ်ရပ်နေရသည်။

"ခင်ဗျားကို ကျွန်တော်မြင်ဖူးတယ်။ တက္ကသိုလ်မရောက်ခင် ဘယ်ကျောင်းမှာ နေခဲ့ဖူးလဲ"

သည်တော့မှ ထောင်မှူးက ခင်ဗျား၊ ကျွန်တော် အသုံးအနှုန်းနှင့် ပြောပြီး မေးခွန်းမေးလာသည်။

"ကျွန်တော် စိန့်ပေါလ်ကနေ ဆယ်တန်းအောင်ခဲ့တာပါ"

"ဟုတ်ပြီ။ ခင်ဗျား ကျောင်းဘောလုံးအသင်းမှာ ကစားခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ကျွန်တော်လည်း စိန့်ပေါလ်ကပဲ။ ခင်ဗျားတို့ထက် အတန်းငယ်တာပေါ့"

"ကဲ . . . ထိုင်ပါဦး"

ထောင်မှူးလေးက သူ့စားပွဲရှေ့ရှိ ကုလားထိုင်တွင် ထိုင်ရန်ပြောလိုက်သည်။

ထောင်မှူးလေးက ပျူပျူငှာငှာ ထိုင်ခွင့်ပေးခဲ့စေကာမူ သူကမူ မဝံ့မရဲဟန်ဖြင့် ထိုင်လိုက်ရသည်။ ကိုယ့်ကိုယ်ကို တရားခံဆိုသောအသိက သူ့စိတ်ကို သိမ်ငယ်စေဘိသို့ ဖြစ်စေခဲ့သည်။

"ဘွဲ့လည်းရပြီးပြီ၊ အရာရှိငယ်အဆင့်ကိုလည်း ရပြီးပြီ။ ဒီအခြေအနေမျိုးရောက်ခါမှ ခုလိုပြစ်မှုကျူးလွန်ခဲ့တယ်ဆိုတာ မယုံနိုင်စရာဖြစ်နေလို့ အမှုမှန်ပဲလား၊ မတရားအစွပ်စွဲခံရတာပဲလားဆိုတာ ကျွန်တော့်စိတ်ထဲမှာ သံသယဖြစ်နေလို့ ခုလိုမေးရတာပါ"

ထောင်မှူးလေးက ထိုသို့စကားပလ္လင်ခံပြီး သူ့အမှုကြောင်းကို မေးမြန်းခဲ့သည်။

"အမှုကတော့ အမှုမှန်ပါ။ ဖြစ်ရတဲ့အကြောင်းကတော့ တစ်ဖက်က မခံမရပ်နိုင်လောက်အောင် တရားလွန် မတရားလုပ်ခဲ့တာကြောင့် ပေါက်ကွဲပြီး တုံ့ပြန်ရင်းကနေ ဖြစ်ခဲ့ရတဲ့အမှုပါ"

"ခင်ဗျားတို့ဖြစ်ကြတာ ညီအစ်ကိုအရင်းနော်"

"ဟုတ်ပါတယ်။ ကျွန်တော့်အစ်ကိုနဲ့ ဖြစ်ရတဲ့ကိစ္စပါ"

"အေးဗျာ၊ စိတ်မကောင်းစရာပဲ။ ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ။ ဒီအထဲမှာ ရှိနေတုန်းတော့ ကျွန်တော်တတ်နိုင်တဲ့ကိစ္စကို အကူအညီပေးသွားပါမယ်။ လိုအပ်တာရှိရင်လည်း အချုပ်တန်းစီးကနေ တစ်ဆင့်ပြောပေါ့ဗျာ။ ကဲ . . . အချိန်လည်း သိပ်မရဘူး။ နောက်မှတွေ့ကြသေးတာပေါ့"

"ဟုတ်ကဲ့ . . ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အတွက်တော့ ကိုတင်မောင်စိုး တာဝန်မဖြစ်စေချင်ပါဘူး။ ဖြစ်လာသမျှကို ရင်ဆိုင်ဖို့ ကျွန်တော်ဆုံးဖြတ်ပြီးသားပါ"

ထောင်မှူးလေး ဦးတင်မောင်စိုးက အချုပ်တန်းစီးအား ခေါ်ခိုင်းပြီး အစစအရာရာ အကူအညီပေးဖို့ ပြောဆိုပြီး အပ်လိုက်သည်။

တိုက်တန်းစီးဆိုတာ ဦးထုပ်ရ၊ တုတ်ကိုင်သမားတွေထဲက မိုက်သည့်၊ ဆိုးသည့် ဒင်ဆိုသူတွေကိုမှ ရွေးချယ်ပြီး တိုက်တန်းစီးနေရာပေးထားခံရသူတွေ။

စည်းကမ်း ဖောက်ဖျက်သူတွေကို သည်လိုမလုပ်၍လည်း မဖြစ်။ စည်းကမ်းကို ထပ်မံ၍ မချိုးဖောက်ရဲအောင်၊ ကျိုးကြေ အပိုးသေသွားအောင် လုပ်ပေးရသည်။

လူ့သတ်မှု စီရင်ချက်ကို ချမှတ်သည်မှာ စက်ရှင်တရားသူကြီးရုံးများက ချမှတ်သောကြောင့် ဥပဒေအကြောင်းအရ အလွန်ခိုင်လုံတိကျသည်။ ထို့ကြောင့်လည်း အယူခံတွင် လွတ်ဖို့ဆိုသည်မှာ အလွန်တရာမှ အခွင့်အလမ်းနည်းပါးလွန်းလှသည်။

လောကလူသားများမှာ ကွေးသောလက်မဆန့်ခင်၊ ဆန့်သောလက်မကွေးခင်ဟု အဆိုရှိစေကာမူ သက်တမ်းစေ့ သက်ရှင်နေထိုင်ရေးအတွက် မျှော်လင့်ချက်အပြည့်အဝ ထားနိုင်ကြသည်။

အထဲဝင်လာသူများကို ဖျောင်းဖျောင်းဖျဖျ အားပေးစကားပြောရသည်။ လူလူချင်း စာနာထောက်ထားမှုကို ပြသပြီး အားမငယ်အောင် နှစ်သိမ့်စကားဖြင့် ဖြေသိမ့်ရေးသည်။

တာဝန်ချင်း တူသော်လည်း လုပ်ပုံလုပ်ဟန်ချင်း မတူဟု ဆိုရပေမည်လား။



www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

လူသားအချင်းချင်း ‌စောင့်ထိန်းရမည့် လူမှုကျင့်ဝတ်ကို ဖောက်ဖျက်ခဲ့သူတွေ။ လစ်ရင်လစ်သလို ဘာမဆို လုပ်မည်ဆိုသည့် စိတ်အခံရှိသူတွေ။

အထဲရောက်တော့လည်း သူတို့၏ အကျင့်ပျက် စရိုက်ညဉ့်ဆိုးကို ထိန်းသိမ်းရိုးထုံးစံမရှိ။

သူတို့လို လူမျိုးတွေကို ပါးစပ်နှင့်ပြောနေလို့ကတော့ ပါးစပ်ညောင်း၊ လေကုန်တာပဲရှိမည်။ သူတို့ကတော့ ဘာမထိပဲပေါ့။

သို့မို့ကြောင့် သူတို့၏ ကျောပြင်နှင့် တုတ်ကို ထိစပ်ပေးရသည်။ အဲဒီလို လုပ်တာတောင်မှ လစ်ရင်လစ်သလို ဖောက်ခြေလယ်စမြဲ ရှိကြသည်ပါ။

သူတို့၏ ဘဝရှေ့ရေးကို မျှော်တွေးပြီး အနေအထိုင် လွတ်လပ်ခွင့် အနည်းငယ် ပိုပေးခဲ့သည်။

ခြင်းလုံး၊ ဘော်လီဘော စသည့် ကစားစရာပစ္စည်းများ ထုတ်ပေး၍ အချိန်ပိုင်းစကားခွင့် ပေးခဲ့သည်။ လူကျင့်ဝတ်သိက္ခာအတွက် ဘာသာရေးဆိုင်ရာ စာပေများ သင်ကြားပေးခြင်း၊ စာမေးပွဲလုပ်ပေးခြင်း၊ စာမေးပွဲအောင်သူများအား အထူးဆုမှတ်ရက်ပေးခြင်း။

ကိုယ့်ကျင့်တရားကို အသိစိတ်ဓာတ်နှင့် ထိန်းသိမ်းလာစေရန်။

သက်မွေးဝမ်းကျောင်း လက်မှု၊ စက်မှုပညာများ သင်ပေးခြင်းဖြင့် အထဲမှလွတ်သည့်အခါ သက်မွေးဝမ်းကျောင်းပညာ ရရှိသွားစေရန်။

မိမိ၏ ဘဝရှေ့ရေးအတွက် ပြောင်းလဲမှုအခြေခံများ ရရှိသွားစေရန်။ ဒုစရိုက်လောကသားအဖြစ် ဘဝကို မြုပ်နှံ၍ သံသရာလည်နေသည်မှ ရုန်းထွက်နိုင်ရေး။ ဘဝလမ်းကြောင်း အကောင်းဘက်သို့ မျက်နှာမူ ရှေ့ရှုနိုင်ရေး။

စသည့်အချက်များကို ဦးတည်ချက်ထားပြီး ပြောင်းလဲခဲ့ခြင်း ဖြစ်ပေသည်။ အကောင်းဘက်သို့ ဦးတည်ချက်ထားပြီး ပြောင်းလဲလိုက်သည့် စံပြစနစ်ဟု ဆိုရမလို ဖြစ်သွားခဲ့သည်။

ကိုသက်အောင် လူသတ်မှုနှင့် အထဲရောက်သွားသည့်အချိန်တွင်မူ စံပြမှာ နာမည်အဖြစ်သာ ရှိနေပြီး ပုံစံကို ပြန်၍ကိုင်တွယ်ရသည့် အချိန်ကာလ။

အချုပ်ဆောင်သို့ နေ့စဉ်ရောက်လာစမြဲရှိသည့် ချုပ်သစ်များကို မှတ်လောက်သားလောက်ရှိအောင် ပုံစံပြုရသည်။

အထဲမှာ သူ့အုပ်စုနှင့်သူ စုဖွဲ့နေလေ့ရှိကြသည်။ သုံးလေးယောက်တစ်စု၊ လေးငါးရှစ်ယောက်တစ်စု စသည်ဖြင့် အုပ်စုဖွဲ့နေထိုင်လေ့ရှိကြရာ တစ်ခါတစ်ရံ တစ်အုပ်စုနှင့် တစ်အုပ်စု မသင့်မမြတ် ပြဿနာဖြစ်လေ့ရှိကြသည်။

တစ်ဦးချင်းလည်း မတည့်၊ ရန်စောင်ပြဿနာမျိုးရှိသည်။ ထိုကြိတ်ကန်ကျောက်သည့် အသေးစား ရိုက်ပွဲကလေးများကတော့ ရံဖန်ရံခါ မဟုတ်။ ခဏခဏဖြစ်တတ်သည်။

သွေးထွက်သံယို ဖိုက်ပွဲမျိုးဖြစ်လာရင်တော့ တန်းစီးမလွယ်။ ဖြစ်သူတွေကို ရှုံးတင်သလို တန်းစီးလည်း ရှုံးတင်ခံရသည်။

မတည့်အတူနေ အစုကွဲများ အခြေအနေကိုလည်း နားစွင့်၊ မျက်စိဒေါက်ထောက်ပြီး အခါမလပ် လေ့လာအကဲခတ် ကြည့်ရှုနေရသည်။

သူတို့ထက် နှစ်ကွက်သုံးကွက် အကျော့မသာလျှင် ခံကြောက ကိုယ့်ဘက်ကို လှည့်လိမ့်မည်။

မ,တစ်ရာသားတွေကို ထိန်းသိမ်းရသည်မှာ မလျှော့မတင်း စောင်းကြိုးတင်းလုပ်လို့မရ။

အရစ်ကုန်ကျပ်ထားမှ တန်ကာကျသည်။ သူတို့က သန္ဓေဆိုး၊ စရိုက်ဆိုး၊ ညဉ့်ဆိုးသမားတွေ။ အရစ်ကုန်ကျပ်ထားသည့်ကြားထဲက အခွင့်သာရင်သာသလို၊ လစ်ရင်လစ်သလို စည်းကမ်းချိုးဖောက်ရမည်ကို ဝန်မလေးသူတွေ။

သူတို့အထဲမှာ တစ်ခါကျများ ပါသလို နှစ်ခါ၊ သုံးခါကျများလည်း ပါသည်။ တစ်ကြိမ်တစ်ခါထက် နှစ်ကြိမ်နှစ်ခါကျသူများကို ‘လက်ကောက်’ဟု အခေါ်အဝေါ်ပြုသည်။

ဝေါဟာရအရ အခေါ်ပြုသည်မှာ ‘လက်ကောက်’။ အရပ်သုံးဝေါဟာရအရ လက်ကောက်ကို အဓိပ္ပာယ်ဖွင့်ဆိုရသော် ‘လူလည်၊ လူကောက်’



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုရမည်ပါ။

လက်ကောက်တွေက အထာကျွမ်းပြီးသားတွေမို့ အကြံအဖန်နည်းမျိုးစုံကို တတ်ကျွမ်းကြသည်။ လုပ်လည်း လုပ်ကြသည်။

တန်းစီးတွေက လက်ကောက်တွေကို အလစ်မပေးကြည့်ရသည်။ တန်းစီးများ တုတ်ချက်ကြမ်းကြသည်မှာ သဘာဝသဘောအရကြည့်လျှင် မှားယွင်းသည်ဟု အပြစ်မတင်သာပြန်။

လူဆိုတာ အတ္တသမား။ သူများအတွက်ထက် ကိုယ့်အတွက် ဦးစားပေးသဘောထားရှိကြသည်မှာ မမွတာ။

အလုပ်ကြမ်းနှင့် ဒဏ်ချမှတ်ခံရခြင်းဖြစ်စေကာမူ အထဲရောက်ပြီး တန်းစီးမဖြစ်သည့်တိုင် ဦးထုပ်ဖြူဆောင်း၊ ရှစ်မှတ်ဘာယာဖြစ်လျှင်ပင် အလုပ်မလုပ်ရတော့ပေ။ အလုပ်ဘက်သို့ သွားစရာမလို။

ဆယ့်နှစ်မှတ်၊ ဦးထုပ်ပြာဆောင်း၊ တုတ်ကိုင်ဘာယာဖြစ်ပြီဆိုရင်တော့ အထဲမှာအကောင်။ အကောင်မှ သေးသေးအကောင်မဟုတ်။ ကြီးကြီးအကောင်။

ခေါင်းမော့၊ ရင်ကော့နိုင်သည့် ပါဝါအပြည့်အဝ ရထားသူဖြစ်သွားပြီ။ လှည့်သာ၊ ဖွဲ့သာရုံ ကျောတစ်ခင်းစာနေရာမှာ မအိပ်ရ။ သီးသန့်နေရာတွင် အခင်းထူထူနှင့် ကျယ်ကျယ်ဝန်းဝန်းအိပ်ရသည်။

ညဘက်မှာ အလှည့်ကျ အနှိပ်အနင်းလုပ်ပေးရသည်။ ထောင်ကျတွေ ထောင်ဝင်စာလာရင် အိမ်တွေကပေးသွားသည့် စားစရာ၊ သောက်စရာတွေကို အချိုးကျခွဲဝေပြီး ဦးဦးဖျားဖျား ဆက်ရသည်။

ထမင်းဟင်းချက် ဖိုကြီးတာဝန်ကျ အကျဉ်းသားတွေ ပြန်လာရင် ပါလာသည့် ဟင်းထဲက ပေးရကမ်းရသည်။ သူတို့က စားပြီးပန်းကန်ကိုပင် ကိုယ်တိုင်မဆေး။

ကဲ . . အဲဒီလိုနေထိုင်ရသည့် အခြေအနေကို ဘယ်အပြောင်းအလဲ အဖြစ်ခံနိုင်လိမ့်ပ။ ရတောင့်ရခဲ ဦးထုပ်ကို ဘယ်အချွတ်ခံနိုင်လိမ့်မှာပ။

ဒီတော့လည်း သူတို့အုပ်ချုပ်သည့်အဆောင်မှာ ပြဿနာမပေါ်အောင် တုတ်ချက်အပျော့၊ တုတ်ချက်အပြင်း သုံးရသည်သာပ။

အတ္တလူသားပဲဟာ။ ကိုယ့်ကိစ္စထက် ဘယ်သူ့ကိစ္စကိုမှ အရေးမထားနိုင်။ အထဲမှာက ဘယ်သူသေသေ ငတေမာပြီးရော ထုံးကို လက်စွဲထား၍ ကျင့်သုံးရသည်သာ။

အဆောင်တန်းစီးထက် အချုပ်တန်းစီးက ပို၍အရေးပါသလို အခွင့်အရေးလည်း ပိုရသည်။ ပြဿနာအထွေထွေကလည်း ပို၍များသည်။

အဆောင်ထက်ပို၍ တင်းတင်းကျပ်ကျပ် ကိုင်တွယ်ရသည်။ နည်းနည်းလေးမှ အလစ်မပေးရ။

ရောက်လာသည့် အချုပ်သစ်များကို ရောက်လာကတည်းက ပုံစံအသားကျအောင် ကိုင်တွယ်ပေးရသည်။ ပိပြားသေဝပ်နေအောင်၊ အထာသဘောကို နက်နက်ထင်ထင် ရှိအောင် ပြသပေးရသည်။

ပြင်ဘက်မကျဘဲ (ဝါ) အပြင်အလုပ်မကျဘဲ အပြင်သို့ ခြေတစ်ဖဝါးမှ မချရ။

အချုပ်သားတွေကတော့ ရုံးချိန်းရက်တိုင်း တရားရုံးအမှုဆိုင်သွားရန် အပြင်ထွက်ရသည်။

ရုံးထွက်အသွား၊ ရုံးထွက်အပြန် ပုံစံမကျရင် အချုပ်တန်းစီး၏ တာဝန်။ အချုပ်တန်းစီး ပုံစံအကိုင်အတွယ် လျော့ရဲလို့သာဟု မှတ်ချက်ချခံရလျှင် အချုပ်တန်းစီးအရာကျဖို့သာ ဖြင့်ပေရော့။

အနည်းဆုံးအပြစ်မှာ နောက်ဆုံးအကြိမ် အပြင်းအထန် သတိပေးခြင်း။ ဒါကြောင့် အချုပ်သားတွေကို ရုံးထွက်တော့မည်ဆိုရင် ဘူးကြီးရောက်သည့်အခါ ပုံစံအထာကျအောင် နေဖို့ ထိုင်ဖို့ သတိပေးရသည်။

အတိုင်အတောရှိလာရင်၊ ပြဿနာဖြစ်သည်လို့ ကြားရင် ကျောကွဲပြီသာမှတ်ဟု ကြိမ်းမောင်း၊ ခြိမ်းခြောက်စကားဖြင့် တုတ်ကိုထောင်ပြပြီး ဝမ်နင်ပေးလိုက်ရသည်။

အချုပ်သားများ ရုံးထွက်သွားသည့်အခါ အချုပ်တန်းစီးကိုယ်တိုင် ဘူးကြီးသို့ လိုက်ပို့ရသည်။

ဘူးကြီးထဲရောက်သည့်အခါ နှစ်ယောက်တစ်တွဲ ပုံစံကျကျ ထိုင်ရစဉ် အချိုးမကျသူကိုတွေ့လျှင် တုတ်တို့၍ သတိပေးရသည်။ သူတို့အပြင်



www.burmeseclassic.com

www.burmeseclassic.com

မထွက်မချင်း သူတို့အနားမှာ တရစ်ဝဲဝဲလုပ်နေရသည်။

ရုံးထွက်က အပြန်တွင်လည်း ဘူးကြီးမှာ သွားစောင့်ပြီး အချုပ်ဆောင်ရောက်သည်အထိ ပြန်ခေါ်ရသည်။ ရုံးထွက်သွားသည့်အခါ အိမ်က မိသားစုနှင့် တွေ့ရသည်။

မိတ်ဆွေ အပေါင်းအသင်းများနှင့် တွေ့ရသည်။ လုပ်ဖော်ကိုင်ဖက် ဒုစရိုက်လောကမှ အဖွဲ့သားများနှင့် တွေ့ရသည်။

ရုံးထွက်ကအပြန် အချုပ်သားများက မိသားစုက ပေးလိုက်သည့် မုန့်ပဲသရေစာနှင့် ဆေးလိပ် စသည်များ ပါလာတတ်သည်။

ထိုသို့ ယူဆောင်လာသည်ကို တော့ ခွင့်ပြုထားသည်။ များများစားစားတော့ ယူလို့မရ။ သင့်တင့်မျှတရုံမျှသာ ယူလာကြသည်။

အထဲကနေ ရုံးထွက်သွားစဉ် ဝတ်စားသွားသည့် အဝတ်အစားနှင့် ရုံးထွက်ကအပြန် ဝတ်ဆင်လာသည့် အဝတ်အဆင်မှာ မတူညီ။

ကိုသက်အောင်တို့လို အကြောင်းအလှည့်မသင့်၍ အထဲသို့ ရောက်လာရသူများကမူ အတွင်းမှအထွက်၊ အထဲသို့ပြန်အဝင်တွင် ဝတ်စားဆင်ယင်မှု အပြောင်းအလဲမရှိကြ။

ရောက်နေသည့်နေရာကို မိမိ၏အိမ်ရာတစ်ပိုင်းဟု သဘောမူထားကြသူ ဒုစရိုက်လောကသားများက တော့ ကိုသက်အောင်တို့လို မဟုတ်။

အထဲကထွက်လျှင် အကျီ၊ လုံချည် အဟောင်းအမြင်း ဝတ်သွားကြသည်။ တချို့ဆိုလျှင် အကျီပင် မပါ။ စွပ်ကျယ်နှင့် ရုံးထွက်သွားကြသည်။ အထွက်မှာ အဲဒီလို။

ပြန်ဝင်လာကြတော့ . . အကျီအသစ်၊ လုံချည်အသစ် ဝတ်ဆင်ပြီး ရှိုးအပြည့်။ ရုံးထွက်သွားသည့်အခါ သူတို့နှင့်တွေ့ရန်လာသည့် မိသားစုများက အကျီ၊ လုံချည်၊ စွပ်ကျယ်၊ မျက်နှာသုတ်ပဝါအသစ်များ ယူလာကြသည်။

သူတို့မိသားစုတွေကလည်း နားလည်မှု ရှိပြီးသား။ အမှန်တော့ ထိုသို့ ယူဆောင်လာသည့် အကျီ၊ လုံချည်အဝတ်အစားအသစ်များမှာ အထဲရောက်နေသူများ အလဲအလှယ် ဝတ်ဆင်ရန် မဟုတ်ပေ။

အပြင်လောကမှာ အဝတ်ဟောင်းဝယ်ရောင်းလုပ်သူတွေ ဈေးပေါင်းစုံမှာ ရှိကြသည်။ အထဲမှာ တော့ အဟောင်းရော အသစ်ပါ။

အသစ်ကို ငွေနှင့်ဝယ်သည်။ အဟောင်းကို ဆေးလိပ်၊ အခြားပစ္စည်းများနှင့် ဖလှယ်ကြသည်

အထဲမှာ ငွေရှိလျှင် အလုပ်ဖြစ်သလို ငွေကဲ့သို့ သတ်မှတ်ထားသော ဆေးလိပ်နှင့်လည်းအလုပ်ဖြစ်သည်။

အဲ . . . ဈေးတော့ကွာသည်။ အပြင်မှာ နှစ်ဆယ်တန်ဆိုလျှင် အထဲမှာ တစ်ဆယ်၊ ဆယ့်နှစ်ကျပ်ထက် ပိုမရ။

ရုံးထွက် အချုပ်သားများမှာ အထဲသို့ ပြန်အဝင်၊ အပြင်က ရှိုးကျကျ ဝတ်လာသည့် အကျီ၊ လုံချည်၊ မျက်နှာသုတ်ပဝါ စသည်များကို ချွတ်၍ ရောင်းကြသည်။

ရလာသည့် ငွေကြေး၊ ဒါမှမဟုတ် ဆေးလိပ်ဖြင့် ဖိုကြီးမှ ရောင်းသော ဟင်းလျာနှင့် ဗယာကြော် ဘာညာ စသည်များ ဝယ်စားကြသည်။

အနေအထိုင် သက်သာချောင်ချိအောင် အစားအသောက်များကို စီစဉ်ပေးထားကြသည်။

မိသားစုက ရုန်းကန်လှုပ်ရှားရှာဖွေပြီး ရလာသည့်အထဲက ခြိုးခြံပြီး အထဲရောက်နေသူအတွက် အစားအသောက်၊ ဆေးလိပ် စသည်များကို မျှတပေးရခြင်း ဖြစ်သည်။ ဖောဖောသီသီ ပေးနိုင်ခြင်းမျိုး မရှိ။

သူတို့အတွက် ပေးသွားသည့် စားစရာ၊ သောက်စရာများမှာ အမျိုးပေါင်း စုံလင်သလို တနင့်တပိုး သယ်ရလောက်အောင် များပြားသည်။

သူတို့တစ်တွေမှာ နဂိုကတည်းက ချမ်းသာကြွယ်ဝသူတွေ။ အပြင်မှာ ကိုယ်ပိုင်ခြံဝင်း၊ ကိုယ်ပိုင်တိုက်တာ၊ အဆောက်အအုံ၊ ကိုယ်ပိုင်ကားနှင့် စမတ်ကျကျ နေကြသူတွေ။ စီးပွားရေးလုပ်ငန်းကြီးများလည်း ရှိပြီးသား။

သူတို့ အထဲသို့ရောက်နေသည့်တိုင် သူတို့၏ လုပ်ငန်းလည်ပတ်မှု မှာရပ်ဆိုင်းမသွား။ ဆက်လက်လည်ပတ်မြဲ လည်ပတ်လျက်ရှိသည်သာ။

တစ်ပတ်တစ်ခါ မိသားစုက စီးပွားရေးလုပ်ငန်း လည်ပတ်နေမှု



www.burmeseclassic.com

www.burmeseclassic.com

အခြေအနေကို ပြောပြသည်။

သူတို့က ဘာဆက်လုပ်ရမည်၊ ဘယ်ပုဂ္ဂိုလ်နှင့် တွေ့ရမည်၊ ငွေရေးကြေးရေးပိုင်းနှင့် ပတ်သက်၍ ဆက်ဆံရမည့်ကိစ္စ၊ ဘယ်သူနှင့် ဘယ်လို အပေးအယူလုပ်ရမည် စသည်များကို ပြောဆိုညွှန်ပြလိုက်သည်။

လာတွေ့သူ မိသားစုထဲက သူတို့ပြောလိုက်သည့်အတိုင်း ဆက်လုပ်ရုံသာ။ သူတို့ကတော့ အထဲမှာ ကောင်းကောင်းစား၊ ကောင်းကောင်းအိပ်၊ အချိန်ပြည့်အနားယူပြီး ဇိမ်နှင့် နေကြသည်။

မနက်ပိုင်း၊ ညနေပိုင်း အညောင်းပြေ လမ်းလျှောက်ကြသည်။ ကိုယ်လက်လှုပ်ရှား အားကစားဝါသနာပါသူများအားလည်း အထဲမှပေးထားသည့် အားကစားလှုပ်ရှားပစ္စည်းများဖြင့် ကစားကြသည်။

ကြက်တောင်ရိုက်သမားများကတော့ ဘက်တံနှင့် ကြက်တောင်ကို အပြင်က မှာယူကစားကြသည်။

သူတို့ကျတော့ ရေချိုးခန်းအကန့်အသတ်မရှိ။ အလျား ဆယ့်ငါးပေ၊ အနံ သုံးပေ၊ အမြင့် လေးပေ ခန့်ရှိသည့် ရေကန်ထဲမှာ အမြဲတမ်းရေအပြည့်။

အထဲကပေးသည့် ဟင်းလျာအပြင် အိမ်ကပို့ထားသည့် အသားဘူး၊ ငါးဘူးများဖြင့် ဟင်းလျာဖန်တီးစားသောက်ကြသည်။

အိမ်ကလည်း တစ်ပတ်စာ ငါးပိကြော်၊ ဗာလချောင်ကြော် နှစ်ရက်စာ၊ ကြက်သားကြော်၊ ငါးကြော်များ ပို့ပေးသွားသေးသည်။ ဟောလစ်၊ အိုဗာတင်း၊ လိမ္မော်ရည် စသည့် အဆာပြေသောက်စရာတွေကလည်း အရန်သင့်၊ အဆင်သင့်။

ကြိုက်သည့်အချိန်၊ ကြိုက်သလို ဖျော်သောက်နိုင်သည်။ ကဲ . . ဘာများလိုတာ ရှိသေးသလဲ။ ကိုယ့်အဝတ်ကို ကိုယ်တိုင်မလျှော်ဖွပ်ရ။ အလုပ်သမားတွေကို ဆေးလိပ်ပေးပြီး ခိုင်းလို့ရသည်။

အညောင်းပြေ အညာပြေ ဇိမ်ခံ အနှိပ်အနင်းခံဦးမလား။ အတွင်းဘက်ရောက်နေတာကလွဲလို့ စားသောက်နေထိုင်ရေး မချို့တဲ့။

အထဲမှာ ဂေါက်သီးရိုက်ကြသည်၊ ဘောလုံးကန်ကြသည်ဟုဆိုလျှင် ယုံတမ်းစကားများ ဖြစ်နေမလား။ ဒါမှမဟုတ် စာရေးသူပဲ ပေါက်သွားလို့များလားဟု ပြောစရာများ ရှိလာမလား။

မယုံမရှိပါနှင့်။ စာရေးသူလည်း မပေါက်ပါ။ တကယ်ဖြစ်ခဲ့၊ ရှိခဲ့၊ လုပ်ခဲ့ဖူးကြသည်ဟု ရဲရဲဝံ့ဝံ့ ဆိုပါရစေ။

ရန်ကုန်အထဲ၏ အဆောင်အမှတ်(၄) အဆောင်မှာ ဒုတိယကမ္ဘာစစ်အတွင်း ဗုံးဒဏ်သင့်၍ ပြိုကျပျက်စီးသွားခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးစ ဂျပန်စစ်သုံ့ပန်းများကို ရန်ကုန်အထဲ၌ ထားရှိခဲ့ရာ အဆောက်အအုံပျက်မှ ဖရိုဖရဲ ပြိုလဲနေသည့် အုတ်၊ သစ်၊ သံထည်ပစ္စည်းများကို ဂျပန်စစ်သုံ့ပန်းများအား ရှင်းလင်းခိုင်းခဲ့သည်။

အပျက်အစီး၊ အပိုင်းအစများ ရှင်းလင်းသွားသည့်နောက် ထိုနေရာမှာ ကွက်လပ်ကြီး ဖြစ်ကျန်ခဲ့ရာမှ မြက်များပေါက်လာပြီး အတော်ကျယ်သည့် ကွင်းပြင်ကြီးအဖြစ် တည်ရှိနေသည်။

ထိုနေရာတွင် မနက်ပိုင်း ဂေါက်သီးရိုက်ကြသည်။ ဂေါက်ကွင်းမဟုတ်သော်လည်း ရသေ့စိတ်ဖြေသဘော၊ ကိုယ်လက်လှုပ်ရှားသည့်သဘောဆောင်၍ လှည့်ပတ်ရိုက်ကြသည်။

ညနေဘက် . . . အထူးတန်းအဆောင်နေသူများ ဘောလုံးကန်ကြသည်။ ဘောလုံးတစ်ကွင်းစာမျှ အလျားအနံ မပြည့်သော်လည်း ဘောလုံးကန်နိုင်လောက်အောင် ရှည်လျားသည်၊ ကျယ်သည်။

ခင်မောင်ရင်နှင့် မောင်နီတို့မှာ ဘောလုံးကန်ကောင်းသော ရှေ့တန်းကစားသူများအဖြစ် ထင်ပေါ်သည်။

တစ်ချိန်သောအခါက ရန်ကုန်တွင် ဤသို့ဤပုံ ပြောမယုံနိုင်စရာများ ဖြစ်တည်ရှိခဲ့ဖူးသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

**ကျော်မြသန်း**



www.burmeseclassic.com

www.burmeseclassic.com



# ပိုရှာမေ့ သေကျှာကြိုးတစ်ရုံး

ခင်မောင်ထွန်း

www.burmeseclassic.com

www.burmeseclassic.com

# ပိုင်ရှင်မဲ့ သေတ္တာကြီးတစ်လုံး

ဇာတ်သိမ်းပိုင်း

● ခင်မောင်ထွန်း(လမ်းမတော်)

နောက်ဆုံးသတင်း

ဒုရဲမှူးကြီးသည် အမှုကို ကြီးကြပ်ကွပ်ကဲရသည်။ မြို့နယ်မှူးသည် နေ့စဉ် ဆောင်ရွက်ချက်များကို တင်ပြရမည်။

မြို့နယ်မှူးနှင့် ရဲအရာရှိများ အစည်းအဝေးတွင် ဆက်လက်စုံစမ်းရန်ရှိသည်များကို တိုင်ပင်ဆွေးနွေးကြသည်။

ရာသီဥတုသည် သာယာလျက်ရှိသည်။ မြို့နယ်မှူးသည် နံနက် ၇ နာရီ ရုံးတက်ပြီး ရုံးခန်းတွင် ရုံးအလုပ်များ လုပ်နေသည်။

ရဲအုပ်ဦးတင့်ရွှေ အလေးပြုရင်း ဝင်လာသည်။

"ဆရာ၊ သတင်းထူးတစ်ခုတော့ ရခဲ့ပြီ"

"မြန်မြန်ပြောစမ်းပါ ကိုတင့်ရွှေ။ ဒီအမှု မြန်မြန်ပေါ်မှဖြစ်မယ်"

"မနေ့ညက ရဲစခန်းမှာ လူပျောက်လာတိုင်တယ် ဆရာ"

"ဘယ်လိုပျောက်တာလဲ၊ ဘယ်သူလဲ"

"ဖြည်းဖြည်းပေါ့ဆရာ။ ပျောက်တာက ခင်လှမြင့်တဲ့ ဆရာ။ အသက် ၂၈ နှစ်။ သူနဲ့အတူ စိတ်မနှံ့တဲ့ ခုနှစ်နှစ်အရွယ် သမီးလေးတစ်ယောက် ပါသွားတယ်တဲ့ ဆရာ။ လွန်ခဲ့တဲ့ ၁၀ ရက်ကျော်က ပျောက်သွားတာ။ သူတို့အရင်က ဘယ်မှလည်း မသွားဖူးခဲ့ဘူး။ သွားလည်း မသွားတတ်ဘူးလို့ သူ့မောင်အရင်း ကိုရွှေတင်က လာတိုင်တယ် ဆရာ"

"ကိုရွှေတင်ကို ကျွန်တော်တို့အမှုက ဓာတ်ပုံပြကြည့်ရအောင်"

"ပြခဲ့ပါပြီဆရာ။ ဒီနေ့မနက် မိုးလင်းလင်းချင်းပဲ ကျွန်တော် သွားပြတော့ သူ့အစ်မနဲ့ သူ့တူမ အစစ်ဖြစ်တယ်လို့ ဆိုပါတယ်ဆရာ"

"ကဲ . . . ဒါဆို ကိုရွှေတင်ဆီ ကျွန်တော်တို့ အသေးစိတ်စစ်ချက်ယူရအောင် သွားကြမယ်"

"ကိုရွှေတင် ၂ နာရီတိတိ ဆရာ့ရုံးခန်းကို လာပါလိမ့်မယ်။ သူ့အစ်မ မခင်လှမြင့်ဓာတ်ပုံရယ်၊ မှတ်ပုံတင်ရယ် ယူလာပါလိမ့်မယ်ဆရာ"

"ဒါဆို ဒုရဲမှူးကြီးနဲ့ တိုင်းကို သတင်းပို့ထားဗျာ"

"ဟုတ်ကဲ့ ဆရာ"

"ဒီတစ်ခါတော့ အဖျားမရှူးစေပါနဲ့လို့ ဆုတောင်းရမှာတော့မှာပဲ ဆရာ"

"သေချာလောက်ပါတယ် ဆရာ"

ရဲအရာရှိနှစ်ဦး တစ်ဦးကိုတစ်ဦး ကြည့်ကာ ပီတိအပြုံးကိုယ်စီဖြင့် ပြုံးမိခဲ့ကြသည်။

* * *

နောက်ဆုံး သတင်းလေ့လာချက်

အချက်ပေး သံချောင်းသံ ကြားရသည်။

အချက်ပြ ဆိုင်းဘုတ်မှ ရထားထွက်ရန် ငါးမိနစ်သာ လိုတော့ကြောင်း စာက ပေါ်လာသည်။

စကြံအမှတ်(၄)မှ ထွက်မည့် မော်လမြိုင်ရထားတွင် လိုက်ပို့သူများ ရထားတွဲအနီး စကားပြောနေကြသည်။

အထက်တန်းတွဲပေါ်မှ ကိုကျော်မြင့်သည် ဇနီးသည် ခင်လှမြင့်အား ကြင်နာယုယစွာ ကြည့်နေသည်။

ခင်လှမြင့်သည် မိမိအပါအဝင် သားသမီးသုံးဦးတို့ အားကိုးရပါသော ချစ်လင်တစ်ယောက် ခရီးထွက်ရမည်ဆို၍ ဝမ်းနည်းသလိုလို၊ အားငယ်သလိုလို ဖြစ်မိသည်။ မျက်ဝန်းဆီမှ မျက်ရည်စများကို မြင်ရသည်။

"မြင့်ရေ၊ သားသမီးတွေကို ဂရုစိုက်နော်"

"ဟုတ်ကဲ့ အစ်ကို"

"ဖေဖေကြီး။ သားဖို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ဝယ်ခဲ့နော်"

ခင်လှမြင့်ဘေးမှ သားကြီးဇော်ဇော်က လှမ်းပြောသည်။

"ဝယ်ခဲ့မှာပေါ့ သားရယ်။ ကဲ⋯ သားငယ်လေး ကျော်ကျော်ကရော"

စကားနည်းသော သားငယ်ကို ကိုကျော်မြင့်က စကားစပေးလိုက်သည်။

"ကားလှလှလေး ဝယ်ခဲ့နော် ဖေဖေ"

"အေး⋯အေး၊ အားလုံးဝယ်ခဲ့မယ်"

"သမီးလေး သွဲ့သွဲ့ကရော"

ခင်လှမြင့် ပွေ့ချီထားသော သမီးငယ်သွဲ့သွဲ့ ပါးပြင်ကို လှမ်းကိုင်ရင်း မေးလိုက်သည်။

"ဘိုမရုပ်ကလေး ဖေဖေ"

"မြင့်ရေ၊ သမီးလေးကို စိတ်ရောဂါဆရာဝန်ကြီးတွေနဲ့ သွားပြနော်။ ငွေလိုရင် အစ်ကိုကြီး ကိုသောင်းမြင့်ဆီက ယူသုံးနော်။ မြင့်လည်း ကျန်းမာအောင်နေ"

"ဟုတ်ကဲ့ အစ်ကို။ အစ်ကိုသာ အလုပ်ပြီးရင် မြန်မြန်ပြန်ခဲ့နော်"

"အေးပါ မြင့်ရယ်။ ကိုလည်း သွားချင်လို့မဟုတ်ပါဘူး။ ဒီတစ်ခေါက် အဆင်ပြေရင် ကားဝယ်မယ်။ သားတွေ သမီးတွေ ကျောင်းအပို့အကြိုလုပ်ရင်း ငွေရှာမယ်"

ရထားစတင် ထွက်ခွာပြီ။ ခင်လှမြင့်နှင့် သားသမီးများက လက်ပြရင်း ကျန်ခဲ့သည်။ ကိုကျော်မြင့်က ရထားပေါ်မှ မျက်စိတစ်ဆုံး လက်ပြခဲ့သည်။

* * *

ကိုကျော်မြင့် ဒီတစ်ခေါက် ခရီးထွက်သွားသည်မှာ နှစ်နှစ်ပင် ပြည့်ခဲ့ပြီ။ ပေါ်မလာ၊ စာမလည်း တစ်စောင်မှ မရောက်။ ကြားရသော သတင်းအရ လုပ်ငန်းအဆင်မပြေ၍ သောင်တင်နေကြောင်း သိရသည်။

အပ်ချုပ်စက်တစ်လုံးဖြင့် စက်ချုပ်ရင်း သားသမီးများ စားဝတ်နေရေးကို ခင်လှမြင့်က ရှာဖွေခဲ့သည်။

အိမ်လခက တစ်လ ၂၀၀ ပေးရသည်။ အိမ်လခ မပေးရသည်မှာ ရှစ်လခန့် ရှိပြီဖြစ်သည်။ အိမ်ရှင်က နေ့တိုင်းလာတောင်းနေသည်။

ခင်လှမြင့် အပ်ချုပ်စက်ကို ၂၅၀၀ ကျပ်နှင့် ရောင်းလိုက်ပြီး အိမ်လခကို အကျေပေးလိုက်သည်။

လုပ်ကိုင်စားစရာ အပ်ချုပ်စက် မရှိတော့။

ကိုကျော်မြင့် သတင်းကလည်း ဘာမှမကြား။ သားသမီးများနှင့် မိမိရှေ့ရေးကို စဉ်းစားရမည်။

အပျောက်နှင့် ဝယ်ထားသော အိမ်ခန်းကို နှစ်သောင်းနှင့် ရောင်းလိုက်သည်။ ငွေငါးထောင်ကို လက်ဝယ် ခြေစောင့်၊ လက်စောင့်ထားပြီး ကျန်ငွေ တစ်သောင်းငါးထောင်ကို မောင်အရင်းဖြစ်သူ ကိုရွှေတင်ထံ အပ်သည်။

ကိုရွှေတင်က အစ်မနှင့် ယောက်ဖ ကျေးဇူးရှိခဲ့ဖူးသူဖြစ်၍ တစ်လငါးရာ အစ်မကို အတိုးသဘော ပြန်ထောက်ပံ့သည်။

အစ်မ ခင်လှမြင့်နှင့် တူမဖြစ်သူ စိတ်ရောဂါဝေဒနာရှင် သွဲ့သွဲ့ကို ကိုရွှေတင်က ငှင်းနှင့်အတူ လာနေစေသည်။

မခင်လှမြင့်၏ သားကြီးဇော်ဇော်နှင့် ကျော်ကျော်ကို ခင်ပွန်းဖြစ်သူ ကိုကျော်မြင့်၏ အစ်ကိုကြီး ကိုသောင်းမြင့်က ငှင်းနေအိမ်တွင် ခေါ်ထားပြီး ကျောင်းစရိတ်ကအစ တာဝန်ယူစောင့်ရှောက်ခဲ့သည်။

မခင်လှမြင့်သည် မောင်ဖြစ်သူ နေအိမ်တွင် ညအခါ အိပ်ရုံလောက်သာနေသည်။ နေ့အခါ အပြင်တွင် စက်အတုချုပ်သည်။ သွားလေရာ သမီးငယ်လေး တကောက်ကောက်ပါသွားခဲ့သည်။

သမီးငယ်လေး သွဲ့သွဲ့သည် ဘဝ အကျိုးပေးမကောင်းရှာပေ။ မွေးလာကတည်းက စိတ်မနံ့သော ရောဂါရှင်တစ်ဦး ဖြစ်ခဲ့သည်။ မခင်လှမြင့်သည် ရက်ပိုင်းအတွင်း စိတ်ရောဂါအထူးကုဆရာဝန်ကြီးများနှင့် ပြသ၍ ဆေးကုသနေဆဲ ဖြစ်သည်။

မခင်လှမြင့်ဘဝသည် မရေရာသော ဘဝအဖြစ် ရောက်နေသည်။ ယောက်ျားဖြစ်သူမှာ ဘာမျှ အဆက်အသွယ်မရ။ မိသားစုဘဝမှာလည်း မရေရာ။ ညစဉ် အိပ်မပျော်။

တစ်ခါတစ်ရံ မခင်လှမြင့်သည် သူငယ်ချင်းများအိမ်တွင် သွားအိပ်တတ်သည်။ စိတ်ညစ်စရာ အကောင်းဆုံးက မောင်ဖြစ်သူကိုရွှေတင်၏ဇနီး ယောက်မဖြစ်သူ ခင်နှင်းဆွေက ခင်လှမြင့်တို့သားအမိကို မလိုလားဆုံးဖြစ်သည်။ ကိုရွှေတင်ရှေ့တွင်တစ်မျိုး မရှိလျှင်တစ်မျိုး ဆက်ဆံတတ်ကြသည်။

ကိုရွှေတင်နှင့် ခင်နှင်းဆွေ လက်ထပ်ခါစအချိန်က စီးပွားရေးအဆင်မပြေလှသဖြင့် ခင်လှမြင့်က ငွေရင်းအနီး



www.burmeseclassic.com

www.burmeseclassic.com

များ ထုတ်ပေးကူညီခဲ့သည်။ လိုအပ်သည်များကို ပံ့ပိုးပေးခဲ့သည်။ ကူညီခဲ့သည့်မျက်နှာကိုပင်မထောက် ဒုက္ခရောက်နေသူကို မနေနိုင်အောင် အမျိုးမျိုးလုပ်သည်။

ကိုရွှေတင် အရောင်းအဝယ်ကိစ္စဖြင့် ခရီးသွားအပြီး အပြန်တွင် အစ်မဖြစ်သူ ခင်လှမြင့်က ငိုယိုတိုင်တန်းတတ်သည်။

"ကျွန်တော့်အစ်မ အဖြစ်အပျက်ကတော့ အဲဒါပါပဲ ဆရာရယ်။ ကျွန်တော် ခုတစ်ခေါက် မန္တလေး၊ မုံရွာမြို့တွေကို ခရီးထွက်ပြီး ချည်ထုပ်ဝယ်ပါတယ်။ ၁၅ ရက်လောက် ကြာသွားပါတယ်။ ပြန်လာတော့ အစ်မနဲ့တူမလေး ပျောက်နေတယ်။ သူတို့သွားတတ်တဲ့နေရာတွေလည်း စုံစမ်းကြည့်တယ်။ ဘယ်မှမလာဘူးလို့ ပြောကြတယ်"

"ကျွန်တော်တို့ မောင်နမ နှစ်ယောက်ပဲ ရှိကြပါတယ်။ အဖေနဲ့ အမေလည်း ဆုံးကြပါပြီ။ သူဘယ်မှ မသွားတတ်ပါဘူး။ သူတို့ကို အငြိုးကြီးကြီးနဲ့ သတ်မယ့်သူလည်း မရှိပါဘူး"

ကိုရွှေတင်က မခင်လှမြင့်၏ အိမ်ထောင်ရေးအခြေအနေ အဖြစ်အပျက်များကို မြို့နယ်မှူးကို ရှင်းပြသည်။

မြို့နယ်မှူးနှင့်အတူ ရဲအုပ်ဦးတင့်ရွှေ ရဲအရာရှိများက နားထောင်နေကြသည်။

"ဒါဆို ခင်ဗျားဇနီး ခင်နှင်းဆွေကို ခင်လှမြင့်က ဘယ်သွားမယ်လို့ ပြောမသွားခဲ့ဘူးလား"

"မပြောခဲ့ဘူးတဲ့ ဆရာ။ သူတို့က သိပ်တည့်ကြတာ မဟုတ်ဘူး"

ကိုရွှေတင်သည် အစ်မဖြစ်သူအတွက် စိတ်ထိခိုက်နေပုံရသည်။

"ကိုရွှေတင် စိတ်မကောင်းမဖြစ်ပါနဲ့ဗျာ။ အဖြစ်မှန် ပေါ်ရမှာပေါ့။ ကျွန်တော်တို့ ကြိုးစားပါ့မယ်"

သေဆုံးသူ မည်သူမည်ဝါတွေကိုတော့ သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များ သိရှိခဲ့ရပြီဖြစ်သည်။ ခင်ပွန်းဖြစ်သူ အရောင်းအဝယ်လုပ်ရင်း ပြန်မလာ၍ စီးပွားရေးမကောင်းဖြစ်နေသော မခင်လှမြင့်နှင့် စိတ်မနှံ့သော သမီးငယ်သွဲ့သွဲ့တို့ ရက်စက်စွာ အသတ်ခံရသည်ဟု ယူဆလိုက်ကြသည်။

တရားခံအစစ်အမှန် ဖော်ထုတ်ရပါဦးမည်။

* * *

**နောက်ဆုံးသတင်းစုံစမ်းချက်(၁)**

"ဟဲ့ . . . ခင်လှမြင့်တို့ သားအမိပါလား မိုးချုပ်လှပြီ"

"ဟုတ်တယ်ဦး။ လမ်းငါးဆယ်သူငယ်ချင်းအိမ် စက်သွားချုပ်တာ အခုမှပြီးတယ်။ အခုပြန်လာတာ တံခါးဖွင့်ခိုင်းလို့ မရတော့ဘူး"

"နင့်မောင် မောင်ရွှေတင် မရှိဘူးလား"

"မရှိဘူးဦး။ သူမန္တလေးဘက်ကုန်ဝယ်ဆင်းသွားတယ်။ သူမရှိရင် ကျွန်မတို့ ဒီလိုပဲ တံခါးဖွင့်မပေးတာများတယ်။ အခြားသွားအိပ်စရာလည်း မရှိဘူး"

"ရှုး . . ."

ဦးချမ်းစိန်က သက်ပြင်းမှုတ်ထုတ်လိုက်သည်။

"ဒါဖြင့် နင်ဘယ်မှာ သွားအိပ်မလဲ"

"အိပ်စရာမရှိပါဘူး ဦးရယ်။ အခြေအနေမရှိတဲ့သူဆိုတော့ ခဏခဏ ဘယ်သူမှ လက်မခံချင်ဘူး။ သမီးသွဲ့သွဲ့ကလည်း အိပ်ချင်လှပြီ"

"ဒါဆို ငါအိပ်တဲ့ ခုတင်လေးမှာ နင်တို့သားအမိအိပ်။ ငါက ဟိုရှေ့ကကားပေါ်မှာအိပ်မယ်"

"ဟုတ်ကဲ့ဦး။ ကျေးဇူးတင်ပါတယ်"

ဦးချမ်းစိန်မှာ လမ်းဘေးရပ်သောကားများကို စောင့်သော ညစောင့်အလုပ်သမားကြီး ဖြစ်သည်။ ခင်လှမြင့်တို့ ဖခင်ရှိစဉ်က ဦးချမ်းစိန်က ဓာတ်ပုံတိုက်ပိုင်ရှင် ငွေချမ်းသာသူတစ်ဦး ဖြစ်ခဲ့သည်။ နောက်ပိုင်း လောင်းကစားဝါသနာပါသဖြင့် အားလုံးရှုံးကုန်ပြီး လမ်းဘေးကားစောင့်ရသည့်ဘဝ ရောက်လာခဲ့သူဖြစ်သည်။ စိတ်ရင်းကောင်းရှိသူဖြစ်သည်။

ဦးချမ်းစိန် ကားစောင့်သောနေရာသည် ကိုရွှေတင်နေအိမ်ရှေ့ ပလက်ဖောင်းဘေးတွင် ဖြစ်သည်။ ကုက္ကိုပင်တစ်ခုကို ကွပ်ပျစ်လုပ်ထားသည့် ဦးချမ်းစိန်အိပ်သောနေရာသည် တစ်ခါတစ်ရံ ခင်လှမြင့်တို့သားအမိ အိပ်ရန်နေရာဖြစ်လာသည်။

ဦးချမ်းစိန်သည် သူငယ်ချင်းကျော်အေး၏သမီး ခင်လှမြင့်ကို ယခုလိုမြင်ရတော့ သနားမိသည်။ ကိုယ်ချင်းစာမိသည်။

"အဲလိုပဲ ဆရာရေ။ ခင်လှမြင့် မကြာမကြာဆိုသလို တံခါးဖွင့်မပေးလို့ ကျွန်တော် အိပ်စရာနေရာ ပေးခဲ့ရတယ်။ သူတို့အဖေ ကျော်အေးက ကျွန်တော်နဲ့ တစ်လမ်းတည်းကြီးလာတဲ့ ငယ်သူငယ်ချင်းတွေ။ သူ့အမေလည်း



www.burmeseclassic.com

www.burmeseclassic.com

မိုက်ခဲ့တယ်၊ ကျွန်တော်လည်း မိုက်ခဲ့ပါတယ်။ ဒါကြောင့် ဒီဘဝရောက်နေကြတာပေါ့။ ရွှေတင်လာတော့ ဒီအဖြစ်အပျက်တွေ ကျွန်တော်ပြောပြခဲ့တယ်။ ရွှေတင်ကတော့ တစ်ဖက်က ဇနီး၊ တစ်ဖက်က အစ်မနဲ့ တူမဆိုတော့ တော်တော် စိတ်ထိခိုက်ပုံရတယ်"

ဦးချမ်းစိန်ပြောသမျှကို မြို့နယ်မှူးက စိတ်ဝင်စားစွာ နားထောင်နေသည်။ စဉ်းစားရင်းမှ . . .

"မခင်လှမြင့်နဲ့ ကိုရွှေတင့်ဇနီး ခင်နှင်းဆွေနဲ့ ဘာလို့မတည့်ကြတာလဲ"

"ဒါက ဒီလိုပါ။ ခင်လှမြင့်ရဲ့သမီးလေး သွဲ့သွဲ့က စိတ်မမှန်ဘူး။ တစ်ခါတစ်ခါ တွေ့တဲ့လူကို မိုက်မိုက်ရိုင်းရိုင်း ဆဲပြီး ရန်လုပ်တတ်တယ်။ ခင်လှမြင့်နဲ့ သမီးက တစ်ဖက်၊ ခင်နှင်းဆွေတို့က တစ်ဖက်ပေါ့"

"ခင်နှင်းဆွေတို့က တစ်ဖက်ဆိုတော့ ခင်နှင်းဆွေတို့ဘက်က ဘယ်သူတွေများရှိသေးလဲ"

"ခင်နှင်းဆွေနဲ့ အတူနေတဲ့ ညီမတစ်ယောက်ရယ်၊ မောင်နှစ်ယောက်ရယ်၊ ပေါင်းလေးယောက်ပေါ့။ အိမ်ကလည်း ကျဉ်းတယ်မဟုတ်လား"

"ခင်လှမြင့်တို့ သားအမိကို ခုလိုရက်ရက်စက်စက် အသတ်ခံရတာကို ဦးချမ်းစိန် ဘာများသိပါသလဲ။ ကူညီနိုင်တာရှိရင် ကူညီပါ"

"ကျွန်တော် အဲဒါ စဉ်းစားမရဖြစ်နေပါတယ်ခင်ဗျာ။ သူတို့သားအမိက အနိမ့်ခံဘဝတွေပါ။ တွေ့တဲ့လူကို ကျိုးကျိုးနွံ့နွံ့ ပြောဆိုပေါင်းသင်းနေရတဲ့ ချို့တဲ့သူတွေပါ။ ဒါကြောင့် သူတို့ကို အငြိုးကြီးကြီးနဲ့ ဘာလို့သတ်ရတယ်ဆိုတာရယ်၊ ဘယ်သူသတ်တယ်ဆိုတာရယ် စဉ်းစားရခက်နေပါတယ်"

"သူ့ယောက်ျား ကိုကျော်မြင့်ကလည်း ကျွန်တော်တို့မျက်စိအောက်မှာပဲ ကြီးတာပဲ။ ကျော်မြင့်က ကြက်တန်းဘက်မှာ ကားပစ္စည်းရောင်းတယ်။ အဲဒီကနေ မော်လမြိုင်ဘက်ကူးပြီး အရောင်းအဝယ်လုပ်တယ်"

ဦးချမ်းစိန်သည် ပြောလက်စစကားကိုရပ်၍ စဉ်းစားလိုက်သည်။

"ဆက်ပြောပါ ဦးချမ်းစိန်"

မြို့နယ်မှူးက စကားထောက်ပေးလိုက်သည်။

"ကျော်မြင့် . . . လွန်ခဲ့တဲ့နှစ်နှစ်လောက်က နယ်စပ်ဘက်မှာ ငွေလိမ်သွားတယ်လို့ ကြားရတယ်။ ငွေရှင်တွေဟာ ကျော်မြင့်ကို လာရှာခဲ့တယ်လို့ သတင်းကြားရတယ်။ ထင်တာပြောရရင် . . ."

ဦးချမ်းစိန်က ပြောလက်စစကားကို ရပ်၍ ခေတ္တနားရင်း ရုံးခန်းမျက်နှာကြက်ပေါ်တွင် လည်ပတ်နေသော ပန်ကာကို မော့ကြည့်ပြီး စဉ်းစားနေပုံရသည်။

"ပြောပါ ဦးချမ်းစိန်"

"ထင်တဲ့အတိုင်း ပြောလို့ရမလား"

"ပြောပါ ဦးချမ်းစိန်၊ လွတ်လွတ်လပ်လပ်သာ ပြောပါ။ ဟုတ်မဟုတ်တော့ ကျွန်တော်တို့ ဆန်းစစ်ရမှာပေါ့"

"ကျွန်တော့်အထင် ပြောရရင်တော့ ကျော်မြင့်က တစ်ဖက်မှာ ငွေတွေလိမ်ခဲ့တယ်။ နယ်စပ်က ငွေရှင်တွေက ကျော်မြင့်အိမ်ကို လာရှာကြတယ်။ ကျော်မြင့်ဇနီး အိမ်ကိုရောင်းပြီး ခြေရာဖျောက်ထားတယ်လို့ ထင်ကြပြီး ကျော်မြင့်ဇနီး ခင်လှမြင့်နဲ့ သမီးသွဲ့သွဲ့ကို မတွေ့တွေ့အောင်ရှာပြီး သတ်ခဲ့တယ်လို့ ထင်ပါတယ်"

"ဒါလည်း ဖြစ်နိုင်စရာရှိပါတယ်။ ကိုကျော်မြင့်ကို လာရှာတဲ့လူတွေဟာ ဘယ်သူတွေဆိုတာရော မသိဘူးလား"

"ကျွန်တော် ထပ်ပြီးစုံစမ်းပေးပါ့မယ်ဆရာ"

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲ ဦးချမ်းစိန်။ ဆက်ကူညီပါဦး"

"ဟုတ်ကဲ့၊ ကူညီပါ့မယ်။ ကျွန်တော် မကြာမကြာ သတင်းလာပို့ပါ့မယ်"

* * *

**နောက်ဆုံးသတင်းစုံစမ်းချက်(၂)**

မခင်နှင်းဆွေသည် မြို့နယ်မှူး၏ မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ရင်း ဘေးမှ ထိုင်နေသော ရဲအရာရှိများကို မျက်စိဝေ့ကာ လှည့်ကြည့်လိုက်သည်။

"မခင်နှင်းဆွေနော်"

"ဟုတ်ကဲ့"

မြို့နယ်မှူးကပင် စတင်မေးသည်။

"ကိုရွှေတင်နဲ့ အိမ်ထောင်ကျတာ ကြာပြီလား"

"ဆယ်နှစ်ကျော်ပါပြီရှင်"

"ခင်လှမြင့်တို့သားအမိ ဘယ်နေ့ကထွက်သွားတယ်၊ ဘယ်လိုဖြစ်ကြတယ်ဆိုတာ သိသလောက်ပြောပြပါလား"

"မခင်လှမြင့်ကို ကျွန်မ အစ်မလို့ပဲ ခေါ်ပါတယ်။ အစ်မက အိမ်ရောင်း

www.burmeseclassic.com

ပြီး ကျွန်မတို့အိမ် လာနေပါတယ်။ တစ်နေ့ကုန် အပြင်မှာ စက်သွားချုပ်ပြီး ညနေမှာ ပြန်လာတတ်ပါတယ်။ သူသွားရင် သူ့သမီးသွဲ့သွဲ့ကို အိမ်မှာ ထားခဲ့ပါတယ်။ သွဲ့သွဲ့က စိတ်ကလည်းမမှန်၊ အိမ်ကလူတွေနဲ့လည်း ဘယ်သူနဲ့မှ မတည့်ပါဘူး"

"ခဏ••ဖြတ်မေးမယ်နော်။ အိမ်ကလူတွေဆိုရတာက ဘယ်သူတွေပါလဲ"

"ကျွန်မညီမ ခင်နှင်းဝေရယ်၊ ကျွန်မမောင် မြင့်အောင်ရယ်၊ မြင့်မောင်ရယ်ပါ"

"သူတို့က ဘယ်အရွယ်တွေရှိပြီလဲ"

"ခင်နှင်းဝေက အသက်နှစ်ဆယ် တက္ကသိုလ်ကျောင်းသူပါ။ မြင့်အောင်က ဆယ့်ရှစ်နှစ်၊ မြင့်မောင်က ဆယ့်ခြောက်နှစ်၊ ဆယ်တန်းကျောင်းသားတွေပါ"

"ဘာပြုလို့ မတည့်ကြတာလဲ"

"သွဲ့သွဲ့က ရှိလှမှ အသက်ခြောက်နှစ်၊ ခုနစ်နှစ်လောက်ပါ။ စိတ်ကလည်း မမှန်တော့ စကားပြောတာ သိပ်မိုက်ရိုင်းပါတယ်။ ညစ်တီးညစ်ပတ်လည်း သိပ်ဆဲပါတယ်"

"ခင်လှမြင့်ကို တိုင်ပြောခဲ့လား"

"တိုင်ပါတယ်။ အစ်မကလည်း သူ့သမီးဘက်ကပဲ လိုက်ပြီး ကျွန်မတို့ကိုပဲ ဆူပါတယ်။ သွဲ့သွဲ့ကြောင့် ကျွန်မတို့မောင်နှမတွေ မကြာခဏဆိုသလို စကားများခဲ့ကြရပါတယ်"

"ခင်လှမြင့်တို့ သားအမိကို တံခါးဖွင့်မပေးတဲ့ရက် ရှိသလားလို့"

"မရှိပါဘူး။ သိရင် ဖွင့်ပေးတာပါပဲ။ တစ်ခါတလေ ညဉ့်နက်လို့ ကျွန်မတို့အိပ်ရင်တော့ မသိပါဘူး"

"ဒီလို အခဆင်မပြေတဲ့အကြောင်းကို ခင်ဗျားယောက်ျားကိုကော ပြောပြဖူးလား"

"ဟုတ်ကဲ့ ပြောပြပါတယ်။ ကျွန်မယောက်ျားကတော့ သူ့ကျေးဇူးတွေတို့အပေါ်ရှိခဲ့တယ်၊ သူတို့မှာ ဒုက္ခရောက်နေတဲ့အချိန် သည်းခံနေဖို့ ဆုံးမခဲ့ပါတယ်"

"မခင်လှမြင့်တို့ သားအမိနဲ့ နောက်ဆုံး ဘယ်ရက်တွေခဲ့သေးလဲ"

"ကျွန်မယောက်ျား ခရီးထွက်သွားပြီး လေးရက်လောက် လာအိပ်ပါတယ်။ နောက်ရက်တွေ လာမအိပ်တော့ပါဘူး"

"မခင်လှမြင့်မှာ တခြား ရန်လိုနေတဲ့သူတွေများ ရှိတယ်လို့ ကြားဖူးသလား"

"အစ်မက အပြင်အပြသွားနေတယ်။ အပြင်မှာ ဘာတွေဖြစ်တယ်ဆိုတာ ကျွန်မ မသိပါဘူး"

ရဲအရာရှိများက ခင်နှင်းဆွေထွက်ဆိုချက်ကို နားထောင်ရင်း အကဲခတ်ကြသည်။

ခင်နှင်းဆွေကို ထွက်ဆိုချက်ပေးပြီး ပြန်လွှတ်လိုက်သည်။

**စုံစမ်းမှုအပေါ် သုံးသပ်ချက်**

မြို့နယ်မှူးအခန်းထဲတွင် ရဲအုပ်ဦးမောင်မြင့်၊ ရဲအုပ်ဦးစိန်ထွန်းနှင့် ရဲအရာရှိများ စုံလင်စွာ ရောက်ရှိနေကြသည်။

"မနေ့က ကိုတင့်ရွှေတို့အဖွဲ့ မခင်လှမြင့်တို့သားအမိ သွားတတ်တဲ့နေရာတွေ စုံစမ်းခဲ့တာ ဘာထူးသေးလဲ"

ရဲအုပ်ဦးတင့်ရွှေက မှတ်စုစာအုပ်ကို ဖွင့်ဖတ်ရင်းက•••

"မခင်လှမြင့်တို့အသားအမိ လမ်းငါးဆယ်က မဝါဝါတို့အိမ်မှာ နေ့စဉ် စက်ချုပ်သွားတတ်ပါတယ်။ တစ်ခါတစ်ရံတော့ ကီလီလမ်းက မသန်းအေးတို့အိမ်မှာ စက်ချုပ်ပါတယ်။ မဝါဝါရော၊ မသန်းအေးရော မခင်လှမြင့် သူငယ်ချင်းတွေပါ။ မခင်လှမြင့် ဒုက္ခရောက်နေလို့ အိမ်မှာ စက်ချုပ်ဖို့ခေါ်ရင်း ကူညီစောင့်ရှောက်ခဲ့ကြတယ်လို့ သိရပါတယ်။ တခြားအိမ်တွေ သွားတာ၊ လာတာ မရှိဘူးလို့ သိရပါတယ်"

"လမ်းငါးဆယ်က မဝါဝါပြောတာကတော့ သူ့ယောက်ျား နယ်စပ်မှာ လူလိမ်ခံလိုက်ရလို့ သူ့ယောက်ျားကိုလည်း ငွေရင်းထုတ်ပေးသူတွေက လိမ်တယ်လို့ စွပ်စွဲပြီး လိုက်ရှာနေလို့ ထွက်ပြေးနေရတယ်လို့ ထင်တဲ့အကြောင်း ပြောပြီး ငိုတယ်တဲ့။ သူနေနေရတဲ့ သူ့မောင်အိမ်မှာလည်း ယောက်မနဲ့ မတည့်တဲ့အကြောင်း၊ သမီးလေးရောဂါလည်း ကုတာ ငွေသာကုန်တယ် မသက်သာကြောင်းပြောပြီး မကြာခဏငိုလို့ နှစ်သိမ့်ခဲ့ရကြောင်းပဲ သိရပါတယ်။ သူတို့မှာ အသတ်ခံရလောက်အောင် ရန်သူရှိတာမကြားမိကြောင်း၊ တခြားယောက်ျားတွေနဲ့လည်း အဆက်အသွယ်မရှိဘူးလို့သိရပါတယ် ဆရာ"

မြို့နယ်မှူးက ရဲအုပ်ဦးတင့်ရွှေ၏ တင်ပြမှုကို စိတ်ဝင်စားစွာ နားထောင်သည်။ အတန်ကြာ စဉ်းစားပြီးမှ•••

"ဒီအတိုင်းဆိုရင် ခင်လှမြင့်တို့သားအမိ အသတ်ခံရပုံကို ပြန်စဉ်းစားရအောင်"

"သားအမိကို ရက်ရက်စက်စက်

www.burmeseclassic.com

သတ်ထားတယ်"

"လူသွားလူလာများတဲ့ နေရာမှာ အလောင်းကို ချထားခဲ့တယ်။ ဂွန်ကြိုးနဲ့ သတ်သွားတယ်လို့ ယူဆစရာရှိတယ်။ ခင်လှမြင့်အပေါ်မှာ ဒီလိုရက်ရက်စက်စက် သတ်စရာအချက် စုံစမ်းမရဘူး"

"ဒါပေမယ့် ခင်လှမြင့်ယောက်ျား က မောင်နီစီးပွားရေးသမား။ နယ်စပ်မှာ အရောင်းအဝယ် အလိမ်ခံရလို့ ကျော်မြင့်ကို အခဲမကျေတဲ့လူတွေက လက်စားချေတဲ့အနေနဲ့ လာသတ်သွားတယ်လို့ ထင်စရာရှိလာပြန်တယ်။ ဒီတော့ ရဲအုပ်ဦးမြင့်နဲ့အဖွဲ့က အထက်ကို အမိန့်ခံပြီး မော်လမြိုင်ဘက်ကို လိုက်သွားပါ။ ကျော်မြင့်တည်းခိုတဲ့နေရာ၊ အဆက်အသွယ်တွေကို စုံစမ်းပါ"

"နောက်တစ်ခုက ခင်လှမြင့်တို့ သားအမိ ရန်ကုန်မှာ တစ်နေရာမှာပဲ အသတ်ခံရပြီး လူစည်ကားတဲ့နေရာမှာ လာချတာဆိုတော့ ရန်ကုန်အဆက်အသွယ်ကို ရဲအုပ်ဦးတင့်ရွှေအဖွဲ့က ဆက်စုံစမ်းပါ။ နောက်ပြီး ခင်နှင်းဆွေတို့ မောင်နှမတွေအပေါ်လည်း လျှော့မတွက်ပါနဲ့။ အခြေအနေကို အတွင်းထိဝင်နိုင်အောင် ကြိုးစားပြီး စုံစမ်းပါ"

"ဟုတ်ကဲ့ ဆရာ"

တာဝန်ပေးအပ်ခြင်းခံရသော အရာရှိအားလုံး၏ တညီတညွတ်တည်းအဖြေ ပေးသံ ထွက်လာသည်။

"အချိန်သိပ်မရတော့ဘူး။ ဒုတိုင်းကလည်း ပြောတယ်။ အမှုက လူတိုင်းစိတ်ဝင်စားတဲ့အမှုဖြစ်တော့ ကျွန်တော်တို့ မြန်မြန်ပေါ်အောင် ကြိုးစားကြရမယ်။ ဦးမြင့်နဲ့ ဦးတင့်ရွှေအဖွဲ့ အမြန်ဆက်လုပ်ပါ"

"ဟုတ်ကဲ့ ဆရာ"

ရဲအရာရှိများသည် မြို့နယ်မှူးကို စနစ်တကျ အလေးပြုပြီး တာဝန်ကိုယ်စီနှင့်...။

* * *

**နောက်ဆုံးတော့**

မော်လမြိုင်သို့ ရောက်ရှိနေသော ရဲအုပ်ဦးမြင့်နှင့်အဖွဲ့မှ ပေးပို့သော အစီရင်ခံစာကို မြို့နယ်မှူးက ဖတ်ကြည့်နေသည်။

ကျော်မြင့်သည် တစ်ဖက်နိုင်ငံမှ မှောင်ခိုကုန်သည်များနှင့် ဆက်သွယ်က မှောင်ခိုလုပ်သူဖြစ်ကြောင်း။ နယ်စပ်မှ ငွေရှင်အချို့ထံမှ ငွေများယူပြီး ပစ္စည်းမပို့နိုင်သဖြင့် ကျော်မြင့်ကို လိုက်ရှာနေသည်မှာ မှန်ကြောင်း၊ ကျော်မြင့် အဆက်အသွယ်အတိအကျ မကြာမီ စုံစမ်းတင်ပြမည်ဖြစ်ကြောင်း ပါရှိသည်။

မြို့နယ်မှူးရုံးခန်းမှာ ဆင်နားရွက်တံခါးဖွင့်သံ ပြည်လာ၍ မြို့နယ်မှူးက တံခါးပေါက်သို့ မျက်စိရွေ့သည်။ ရဲအုပ်ဦးတင့်ရွှေ၊ မြို့နယ်မှူးကို အလေးပြုရင်း ရုံးခန်းတွင်းသို့ ဝင်လာသည်။

"ကိုတင့်ရွှေ၊ ဘာထူးသေးလဲ"

မြို့နယ်မှူးက ကောက်ကာငင်ကာ မေးလိုက်သည်။

"ထူးတယ် ဆရာရေ"

ရဲအုပ်ဦးတင့်ရွှေသည် မိမိရရှိထားသော သတင်းများကို မြို့နယ်မှူးနားသို့ ကပ်၍ပြောလိုက်သည်။မြို့နယ်မှူးက ခေါင်းတညိတ်ညိတ်နှင့်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်ပြီး ရဲအုပ်ဦးတင့်ရွှေနှင့် ရဲအရာရှိများ ရပ်ကွက်ပြည်သူ့ကောင်စီဝင်များပါသော ရဲယာဉ်သည် ကိုရွှေတင်နေအိမ်ရှေ့တွင် ထိုးရပ်လိုက်သည်။

ရဲအရာရှိများနှင့် ပြည်သူ့ကောင်စီဝင်များအားလုံး ကားပေါ်မှ ဆင်းကြသည်။ နေအိမ်ထဲတွင် ကိုတင်ရွှေ၊ မခင်နှင်းဆွေတို့ မိသားစု စုံလင်စွာ ရှိနေကြသည်။

"ကဲ...ကိုတင်ရွှေ၊ ကျွန်တော်တို့ ခင်လှမြင့်သားအမိ အသတ်ခံရတာနဲ့ ပတ်သက်ပြီး ဒီအိမ်ထဲမှာ လိုအပ်တာတွေ ရှာပါရစေ"

"ဟုတ်ကဲ့ ရှာနိုင်ပါတယ်"

ကိုရွှေတင်က ပြန်ပြောသည်။

၁၂ ပေခွဲကျယ်သော အခန်းဖြစ်၍ ညေ့ခန်းတွင် ကြမ်းပြားများ ညီညာအောင်ရိုက်ပြီး ကြမ်းခင်းထားသည်။ လျှာထိုးပျဉ်မဟုတ်ကြောင်းတွေ့ရသည်။

ရဲအုပ်ဦးတင့်ရွှေသည် ကြမ်းပျဉ်တစ်ချပ်ကို အသင့်ယူလာသော သံတူရွင်းဖြင့် ဟနေသော ကြားမှ ခွာလိုက်သည်။ အလွယ်တကူပင် အလိုက်သင့် အပေါ်သို့ ကွာလာသည်။ သံများ ကျွတ်ထွက်လာသည်။ ကြမ်းပျဉ်အဆုံးထိ အလိုက်သင့်မ,ကာ ခွာလိုက်သည်။

ကြမ်းပျဉ်တစ်ချပ်နေရာသည် အောက်မှ သံပတလင်းကို ပေါ်အောင်မြင်ရသည်။ သံပတလင်းကို သေချာစွာ ကြည့်ကြသည်။

ခြောက်သွေ့နေသော သွေးကွက်များကို မပျှော်လင့်ဘဲ တွေ့ရသည်။

မခင်နှင်း ရှေ့သို့ တိုးထွက်လာသည်။

"ဒါ ကျွန်မတို့ချည်ဆိုးတဲ့ဆေးတွေ ကျနေတာပါ"

မြို့နယ်မှူးနှင့် ရဲအုပ်ဦးတင့်ရွှေတို့



www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ် ကြမ်းပြားများကို လှန်ကြည့်ကြသည်။

အပေါ်မှ စီးကျပြီး ခြောက်သွေ့နေသော သွေးကွက်များ အထင်အရှား တွေ့ရသည်။

သွေးများကို ကျွမ်းကျင်သူများထံ စစ်ဆေးရန်အတွက် ပေးပို့ရမည်ဖြစ်သည်။ စနစ်တကျ သိမ်းဆည်းကြသည်။ ဓာတ်ပုံရိုက်ကြသည်။

အိမ်ခန်းတစ်ခန်းလုံး အသေးစိတ် ရှာဖွေကြသည်။

နောက်ဖေးလမ်းကြားတွင် သွေးစွန်းနေသော ကတ်ကြေးတစ်လက်နှင့် သွေးစွန်းနေသော ကျောက်ပျဉ်တစ်ချပ်၊ သွေးစွန်းနေသော ဂုန်နီအိတ်စများ တွေ့ရသည်။

ကတ်ကြေးကို ကလေးအင်္ကျီစ တစ်စနှင့် ချည်ထားသည်။ မြို့နယ်မှူးသည် ကလေးအင်္ကျီစကိုကိုင်၍ အသေအချာ ကြည့်လိုက်သည်။

ခင်လှမြင့်အလောင်းတွင် ပါလာသော ကလေးအင်္ကျီမှ ပြတ်ကျခဲ့သော သွဲ့သွဲ့၏အင်္ကျီစ အဆင်မျိုးဖြစ်နေသည်။

မြို့နယ်မှူးသည် ကျေနပ်စွာပြုံးရင်း မိမိဘေးမှ ရပ်နေသော ရဲအရာရှိများကို တစ်ဦးစီကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။

တစ်ချိန်တည်းပင် မခင်နှင်းဆွေ၊ မခင်နှင်းဝေ၊ မောင်မြင့်အောင်၊ မောင်မြင့်မောင်တို့ကို ဖမ်းဆီးလိုက်သည်။

* * *

**အကြောင်းရင်း**

ခင်လှမြင့်နှင့် သမီးဖြစ်သူ စိတ်ရောဂါရှင် သွဲ့သွဲ့တို့ ထုံးစံအတိုင်း မိုးချုပ်မှ ပြန်လာကြသည်။ မခင်နှင်းဆွေက မိုးအမြဲချုပ်မှ ပြန်လာကြောင်းပြောရာ ခင်လှမြင့်နှင့် စကားများကြသည်။ သွဲ့သွဲ့က အားလုံးကို ညစ်ညမ်းစွာ ဆဲသည်။ အပြန်အလှန် ရိုက်ကြသည်။

ခင်နှင်းဆွေနှင့် ညီမ၊ မောင်များ ဝိုင်းဝန်းလုံးထွေးရင်း ယခင်က အခဲမကျေဖြစ်ခဲ့ရသော ရင်တွင်းမှအငြိုးသည် ပေါက်ကွဲပြင်းထန်လာခဲ့သည်။ သားအမိနှစ်ယောက်ကို ကျောက်ပျဉ်နှင့် ထုသည်၊ ကတ်ကြေးနှင့်ထိုးသည်၊ ဓားနှင့် ခုတ်ကြသည်။

သားအမိနှစ်ဦး မအော်နိုင်ရှာတော့။ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့ရသည်။

ခင်လှမြင့်အလောင်းကို အိမ်၌ အသင့်ရှိနေသော ချည်ထုပ်များ သိမ်းသည့် ထင်းရှူးသေတ္တာကြီးတွင် ဒူးကို ကွေး၊ ကိုယ်ကို ကိုင်းကာ ထည့်လိုက်သည်။ သွဲ့သွဲ့အလောင်းကို ဂုန်နီအိတ်ဖြင့် ထည့်ပြီးချုပ်လိုက်သည်။

ကြမ်းပြင်ပေါ်၌ ပေနေသော သွေးများကို ရေစိုနေသော အဝတ်နှင့် ပြောင်နေအောင် သုတ်ထားလိုက်ကြသည်။

ကျောက်ပျဉ်၊ ကတ်ကြေး၊ ဓားနှင့် သွေးသုတ် ရှင်းလင်းခဲ့သော ဂုန်နီအိတ်စများကို မြစ်အတွင်း သွားပစ်ချရန် ခင်နှင်းဆွေက မောင်ဖြစ်သူ မြင့်အောင်ကို တာဝန်ပေးခဲ့သည်။ မြင့်အောင်သည် မြစ်ထဲကို သွားမပစ်ခဲ့။ နောက်ဖေးလမ်းကြား ရေမြောင်းတစ်ခုအတွင်း ပစ်ချခဲ့သည်။

"အဖြစ်အပျက် အကျဉ်းချုပ်ကတော့ အဲဒါပဲ ဦးမြင့်ရေ"

မော်လမြိုင်ဘက်သို့ သေဆုံးသူ ခင်လှမြင့်၏ခင်ပွန်း ကိုကျော်မြင့်နောက်သို့ ခြေရာခံလိုက်ခဲ့သူ ရဲအုပ်ဦးမြင့် ပြန်အရောက်တွင် အမှုဖြစ်ပွားပုံ အခြေအနေကို မြို့နယ်မှူးက ရှင်းပြသည်။ ဦးမြင့်သည် နားထောင်ရင်း မရှင်းသော အချက်ကို မေးသည်။

"ဆရာ・・・သူတို့ ရက်ရက်စက်စက် ဘာလို့သတ်ရတာလဲ"

"ခင်လှမြင့်တို့ ပြန်လာတိုင်း ရန်ဖြစ်ကြရတယ်။ သွဲ့သွဲ့ကလည်း ညစ်ညစ်ပတ်ပတ် မခံနိုင်အောင် ဆဲခဲ့တာတွေရယ်၊ အခဲမကျေ ဒေါသဖြစ်ခဲ့ရတာတွေ စုပုံပြီး ပေါက်ကွဲကြတာပဲ"

"ဒီပြင်ရော ဆရာ"

"ကိုရွှေတင်က သူ့အစ်မဆီက ငွေသောင်းငါးထောင် ယူထားပြီး တစ်လငါးရာ သုံးဖို့ပေးတယ်။ နောက်လိုရင်လည်း မကြာမကြာ ထပ်ပေးတယ်။ သွဲ့သွဲ့ဆေးကုဖို့လည်း ပေးနေရတယ်။ ခင်နှင်းအေးက သူတို့ရမယ့် ဒိုက်ဆံ ခင်လှမြင့်ပေးနေရတယ်လို့ သဘောပေါက်ပြီး နာကြည်းခဲ့ရတယ်။ တကယ်တော့ စုပုံနေတဲ့ ဒေါသတွေက တစ်ချိန်တည်း ပေါက်ကွဲတာပေါ့ဗျာ"

"ဒါဆိုရင် အလောင်းကို တခြားနေရာတွေမှာ ပစ်ရင်ရရဲ့သားနဲ့ ဘာလို့ လူစည်ကားတဲ့နေရာတွေမှာ ပစ်ရတာလဲ ဆရာ"

"ဒါကို ကျွန်တော်တို့ အလေးပေးပြီး စိတ်ဝင်စားစွာနဲ့ စစ်ကြပါတယ်။ ခင်နှင်းဆွေတို့ အလုပ်က ချည်ထုပ်ဝယ်ရောင်းတဲ့အလုပ်ဆိုတော့ မြို့လယ်ကဈေး အမြဲရောက်တော့ နေရာကျွမ်းတယ်ပေါ့ဗျာ။ အလောင်းကိုသယ်ဖို့ ကားငှားရမယ်။ ကားကို လှူပြတ်တဲ့


www.burmeseclassic.com

www.burmeseclassic.com

မြစ်ဆိပ်တို့၊ သင်္ချိုင်းတို့ မောင်းနိုင်းရင် ကားသမား ရိုပ်မိနိုင်တယ်။ လှူမြင်နိုင်တယ်။ ဒီတော့ ခင်နှင်းဝေတို့ မောင်နှမတွေ တိုင်ပင်ပြီး သူတို့ကျွမ်းတဲ့ လုပ်နေကျလမ်းကြောင်းအတိုင်း ချည်ထုပ်ထည့်တဲ့ သေတ္တာသဘောနဲ့ အလောင်းထည့်ထားတဲ့ သေတ္တာကို လေးဘီးတုံးပြီး တင်ခဲ့တယ်။ ဈေးမဖွင့်သေးတဲ့အချိန် ခပ်တည်တည်နဲ့ လုံခြုံရေးတဲနားမှာ ရပ်နိုင်း။ ခင်နှင်းဝေနဲ့ သူ့မောင်အငယ် မြင့်မောင်တို့နှစ်ယောက် သေတ္တာကို ကားပေါ်ကချပြီး သူတို့ပါ ဆင်းနေခဲ့ကြတယ်။ ဖြတ်သွားဖြတ်လာ လူ့အချို့က ကြည့်ကြပေမယ့် ဒီလို သေတ္တာတွေက ဈေးမှာ ချနေကျ၊ ပို့နေကျဆိုတော့ အမြင်မှာ မဆန်းတော့ဘူးပေါ့ဗျာ"

"ဒါဖြင့် ဟိုကလေးမလေး သွဲ့သွဲ့"

"ဒါလည်း သူတို့မောင်နှမတွေ တိုင်ပင်ကြတယ်။ မနက်စောစော မိုးလင်းစဆိုရင် အဲဒီဘူတာ ပတ်ဝန်းကျင်မှာ မုန့်ပို့တဲ့သူတွေ၊ အီကြာကွေးပို့တဲ့သူ၊ အကြော်ပို့တဲ့သူတွေဟာ ကယ်ရီယာမှာ ပစ္စည်းတင်ပြီး စက်ဘီးနဲ့ အများ ခုံးပို့ကြတယ်။ ခင်နှင်းဝေက မောင်အကြီး မြင့်အောင်ကို ဂုန်နီအိတ်နဲ့ ထုပ်ထားတဲ့ သွဲ့သွဲ့အလောင်းကို စက်ဘီးကယ်ရီယာပေါ် တင်နင်းသွားပြီး ဘူတာရုံပေါ်ရောက်တော့ စက်ဘီးကိုခေတ္တရပ်တယ်။ လူသူကြည့်ပြီး လူ့ရှင်းမှ အထုပ်ကို အောက်ပစ်ချခဲ့တယ်"

"ဒါဆို သွဲ့သွဲ့အလောင်းကို မနက်မိုးမလင်းခင် အရင်ပစ်ချပြီး ခင်လှမြင့်အလောင်းကို နောက်မှ လေးဘီးအငှားကားနဲ့ လာချတာပေါ့"

"ဟုတ်တာပေါ့။ ကျွန်တော်တို့ ပထမတွေ့တာက ခင်လှမြင့် အလောင်း နောက်မှ သွဲ့သွဲ့အလောင်းတွေ့တာပေါ့"

ဆင်နားရွက်တံခါး ဖွင့်သံကြားရ၍ နှစ်ယောက်လုံးက အခန်းဝကို ကြည့်လိုက်သည်။

ရဲအုပ်ဦးတင့်ရွှေနှင့် အခြား ရဲအရာရှိများ ဝင်လာကြပြီး စနစ်တကျအလေးပြုယင်း မြို့နယ်မှူးစားပွဲ၌ ဝိုင်းထိုင်ကြသည်။

"ကဲ . . .ကိုတင့်ရွှေ၊ ခင်ဗျား သူငယ်ချင်းကိုမြင့်က ခင်လှမြင့်နဲ့ သွဲ့သွဲ့ကို သတ်ရတဲ့အကြောင်းရင်း 'Motive' ကို မေးနေလို့ ရှင်းပြနေရတယ်"

"သူငယ်ချင်း ကိုမြင့်၊ အမှုမပေါ်ခင်ကတော့ လူစည်ကားတဲ့ဈေးမှာ လူသေအလောင်းကို သေတ္တာနဲ့ လာချထားတော့ နိုင်ငံခြားရုပ်ရှင်တွေလို မိုက်ရူးရဲလူတစ်စုက ကိုယ်တို့ပြည်သူ့ရဲကိုပဲ စိန်ခေါ်တာလား။ လုပ်သားပြည်သူတွေကို အထိတ်တလန့်ဖြစ်အောင် လုပ်တာလားလို့ ထင်မိရတယ်။ တကယ်တော့ အဖြစ်မှန်က ရိုးရိုးစင်းစင်းလေးပါ"

ဦးတင်ရွှေ ပြောအပြီးတွင် ရဲအုပ်ဦးမြင့်က . . .

"တကယ်တော့ အနှစ်နှစ်အလလက ဖြစ်လာခဲ့တဲ့ အခဲမကျေမှုဟာ ဒီအချိန်မှာ ပေါက်ကွဲပြီး လူသတ်မှုဖြစ်ရတယ်လို့ ဆိုရမှာပေါ့။ ကျွန်တော်တို့အတွက်တော့ ဒေါသကြောင့် ဖြစ်ရတဲ့ လူသတ်မှုပဲလို့ ဆိုရမှာပေါ့ဆရာ"

ရဲအရာရှိချင်း ပြောနေသည်ကို နားထောင်နေသော မြို့နယ်မှူးက . . .

"ဒေါသကြောင့် ဖြစ်ရတာပေါ့ဗျာ။ လူ့ဘဝဆိုတာ ဆန်းကြယ်လှပါတယ်။ ဖြစ်ရပ်တွေဟာ တစ်ခုနဲ့တစ်ခု ဘယ်တော့မှ မတူကြဘူး။ ခင်ဗျားတို့၊ ကျွန်တော်တို့ သင်ခဲ့ရတဲ့ လက်ပုံစံလိုပဲပေါ့ဗျာ။ လူ့မျိုးရယ်၊ အုပ်စုရယ်သာ ကွဲမယ်။ ဖြစ်ရပ်တွေကတော့ မတူကြဘူး။ ခင်လှမြင့်တို့ သားအမိဟာ တကယ်တော့ နှစ်မြွာအသည်းလို့ ဆိုရမှာပါ။ ခင်လှမြင့်ဟာ ယောက်ျားပြန်မလာခင် ဒုက္ခအဖုံဖုံနဲ့ ကြုံတွေ့ခဲ့ရပြီး သေခဲ့ရတော့ အကြွေးစောခဲ့တယ်ပေါ့ဗျာ။ သွဲ့သွဲ့က စိတ်ရောဂါဝေဒနာသည်။ အမေသွားရာ တကောက်ကောက်လိုက်ရတယ်။ ဟော . . . အမေသေတော့ သူလည်း သေရတယ်ပေါ့။ ဒီလို ဒေါသကြောင့်ဖြစ်ရတာကို ပြည်သူတွေ သင်ခန်းစာ ယူကြစေချင်တယ်"

သပွတ်အူလည်ခဲ့သော အမှုကို ရဲတပ်ဖွဲ့ဝင်များ အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့ကြသည်။ ဖမ်းဆီးထားသူများကလည်း ဝန်ခံချက်ပေးကြသည်။

ယခုတော့ သေသူသေ၊ အဖမ်းခံရသူခံရနှင့် နှစ်ဖက် ဒုက္ခရောက်ကြရသည်။ အကြောင်းရင်းက ဒေါသကြောင့် ဖြစ်ခဲ့ရသည် မဟုတ်ပါလား . . .။

**ပြင်းထန်သော အမျက်ဒေါသကို ထိန်းသိမ်းနိုင်စွမ်း ရှိသူသည် အဟုန်ဖြင့် ပြေးနေသော ရထားကို မတိမ်းမစောင်းအောင် ရပ်တန့်နိုင်သော ရထားထိန်းကဲ့သို့ ရထားထိန်းအစစ်ဖြစ်၏။ အခြားသူများသည်ကား ရထားကြိုးကိုင်မျှသာ ဖြစ်၏။**

**(ဓမ္မပဒ)**

သင်ခန်းစာ ယူနိုင်ပါစေဟု . . .

**ခင်မောင်ထွန်း(လမ်းမတော်)**

www.burmeseclassic.com

မြန်မာနိုင်ငံရှိ တကောင်းအဘိရာဇာမင်းမှသည် သီပေါမင်းအထိ မင်းဆက်များ၊
ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ ဖ・ဆ・ပ・လခေတ်၊ အိမ်စောင့်အစိုးရခေတ်မှသည်
ယနေ့အစိုးရခေတ်အထိတိုင် မြန်မာ့သမိုင်းဖြစ်ရပ်မှန်များကို
ဓာတ်ပုံပေါင်းများစွာဖြင့် မှတ်တမ်းပြုစုထားသည့် စာအုပ်ဖြစ်သည်။

(စာမူခွင့်ပြုချက်အမှတ် - ၃၁၀၂၇၀၀၈၁၂)

# ခေတ်အဆက် သမိုင်းဝင် မြန်မာ့မှတ်တမ်းပုံရိပ်များ

## ဦးသန့်(လာဘ်မိုးရွှေ) ပြုစုသည်။

မြန်မာ့သမိုင်းဖြစ်စဉ်များကို လေ့လာဖတ်ရှု မှတ်သားလိုသူများအတွက် ရေးသားထားခြင်းဖြစ်သည်။ အုပ်ချုပ်ရေး စနစ်သစ်များ အုပ်ချုပ်သူ လူတန်းစားတို့၏ အမည်များနှင့် ဖြစ်စဉ်အကြောင်းအရာများကိုလည်းကောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာများကိုလည်းကောင်း၊ တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်များကိုလည်းကောင်း၊ ခေတ်စနစ်တို့အား တစ်ခေတ်ပြီးတစ်ခေတ် ပြုစုထားရှိသည်။

မြန်မာနိုင်ငံ သမိုင်းကို ဓာတ်ပုံများစွာဖြင့် စုစည်းဖော်ပြထားသည့် ဗဟုသုတစာအုပ်ကြီးဖြစ်ပြီး စာကြည့်တိုက်များအတွက်လည်းကောင်း၊ သမိုင်းသုတေသီများအတွက်လည်းကောင်း မဖြစ်မနေ ဝယ်ယူထားသင့်သည့် စာအုပ်လည်း ဖြစ်သည်။

**ထွက်ပြီ**

(တန်ဖိုး - ၁၀၀၀၀ ကျပ်)

ဖြန့်ချိရေး


လာဘ်မိုးရွှေစာပေ

အမှတ်(၂၁၂)၊ ပ-ထပ်၊ ၃၆-လမ်း(အထက်)၊ ၀၉-၄၂၁၀၀၅၉၂၅၊ ၀၉-၄၃၀၇၅၃၁၁၊
၀၉-၅၀၉၂၄၇၇။

မန္တလေးမြို့ - ထွန်းဦး စာပေ၊ နဂါး စာပေ
ကျော်ကျော် စာပေ(မော်လမြိုင်)၊ သဇင် စာပေ(ပဲခူး)၊ စောဦး စာပေ(ရန်ကုန်)။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

### ပုလိပ်အရာရှိတစ်ဦး

# စိန်ပေါ်ကျောင်းအုပ်ကြီး

# သတ်မှု

၁၉၅၈ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ သင်္ကြန်အကြိုနေ့၊ နံနက် ၄ နာရီ အချိန်…

"ဟလို…ကိုးသုံးလုံးကလား ခင်ဗျာ။ ဒီမှာ စိန်ပေါ်ကျောင်းဓားထိုးမှု ဖြစ်ပွားသွားတယ်။ ဓားထိုးခံရသူ သေသွားတယ်။ အမြန်လာခဲ့ပါ"

"ဘယ်သူလဲ။ ဘယ်ကပြောတာလဲ။ ဘယ်လိုဖြစ်တာလဲခင်ဗျာ"

"ချောက်" တစ်ဖက်မှ တယ်လီဖုန်းပြောသူသည် ပြန်မေးသည်ကို မပြော၊ တယ်လီဖုန်းချသွားသည်။ သူ့အသံ တုန်ယင်နေသည်ကို ထောက်ချင့်၍ အလွန်အရေးကြီးသည်ကို ကားသတိပြုမိလိုက်ကြသည်။ သို့ဖြင့် ၂၄ နာရီ တာဝန်ကျ ဝိုင်ယာလက်ရဲတို့သည် နံနက် ၄ နာရီတွင် သတင်းရ၏။

စိန်ပေါ်ကျောင်းမှ ဗိုလ်တထောင်ရဲဌာနသို့ ကိုးသုံးလုံး ရန်ကုန်ရဲမင်းကြီးရုံး စီမံခန့်ခွဲရေးအခန်း တာဝန်မှူးမှတစ်ဆင့် အကြောင်းကြားလိုက်သည်။

တယ်လီဖုန်းဘေးတွင် ဗိုလ်တထောင်ရဲဌာနသို့ ကိုးသုံးလုံး ရန်ကုန်ရဲမင်းကြီးရုံး စီမံခန့်ခွဲရေး အခန်းတာဝန်မှူးမှတစ်ဆင့် အကြောင်းကြားလိုက်သည်။

တယ်လီဖုန်းဘေးတွင် အသင့်ရှိနေသော ဗိုလ်တထောင်ရဲဌာနမှ ရဲစာရေးလည်း စကားပြောကြေးနန်းသံကြားလျှင်…

"ဟလို…ဗိုလ်တထောင်ရဲဌာနမှ စကားပြောနေပါတယ်"

"ကိုးသုံးလုံးကပါ။ စိန်ပေါ်ကျောင်းမှာ ဓားထိုးမှုတိုင်ပါတယ်။ ဌာနအုပ်ကို ပြောလိုက်ပါ။ ဓားထိုးခံရတဲ့သူ သေသွားသတဲ့"

သို့ဖြစ်၍လည်း ပထမတိုင်ချက်တွင်…

တယ်လီဖုန်းသတင်း…

ရဲမင်းကြီးရုံးရဲ့ စီမံခန့်ခွဲရေး အခန်းတာဝန်မှူးက စကားပြောကြေးနန်းဖြင့် အကြောင်းကြားသည်မှာ စိန်ပေါ်ကျောင်းတွင် ဓားထိုးမှုဖြစ်ပွားပြီး ဒဏ်ရာရသူမှာ သေဆုံးသွားကြောင်း သတင်းပေးပါဖြင့် ရဲစာရေး မောင်သိန်းဟိန်းက သတင်းချက် ရေးဖွင့်ပါသည်။

တိုင်ချက်တစ်ခုရလျှင် တိုင်ချက်မှာ သဲလွန်စများ ပါရှိတတ်၏။ မည်သည့်အစ၊ မည်သည့်အချက်ကို မှတည်၍ စစ်ဆေးလျှင် အမှုပေါ်နိုင်လိမ့်မည်၊ မပေါ်နိုင်လိမ့်မည်ကို ကျွန်ုပ်တို့ခန့်မှန်းနိုင်၏။

သို့သော်လည်း အထက်ပါတိုင်ချက်မှာ သေသူသည် မည်သူမည်ဝါဖြစ်သည်ကိုလည်းကောင်း၊ ဓားနှင့်ထိုးသူသည် မည်သို့သောလူတစ်ယောက်ဖြစ်သည်ကိုလည်းကောင်း မသိရဘဲ သာမန်တယ်လီဖုန်းသတင်းတစ်ပုဒ်လိုသာလျှင် လုပ်ရိုးလုပ်စဉ် ပထမတိုင်ချက်အနေဖြင့် ရေးဖွင့်ခဲ့ရသည်။ အကယ်၍ တယ်လီဖုန်းဖြင့် ကိုးသုံးလုံးသို့ခေါ်သူမရှိလျှင်လည်း ဤအချိန်တွင် သတင်းချက်ရရန် ခဲယဉ်းပေဦးမည်။

"ဌာနပိုင်ကြီးခင်ဗျား၊ ထပါဦး။ ဓားထိုးမှုတစ်ခု စိန်ပေါ်ကျောင်းမှာ ဖြစ်သွားတယ်။ အခုချက်ချင်း လိုက်သွားပါလို့ စီမံခန့်ခွဲခန်း တာဝန်မှူးက ပြောပါတယ်"ဟု ရဲဌာနစာရေးက လာရောက်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com

ရဲဌာနအုပ်သည် အိပ်ရာမှ လူးလွန့်ကာထပြီး "ငါလိုက်သွားမယ်"ဟု ဂါတ်စာရေးကို ပြောဆိုလွှတ်လိုက်သည်။

စိမ်ခန့်ခွဲတာဝန်မှူးသည် ဗိုလ်တထောင် ရဲဌာနသို့ အကြောင်းကြားပြီးလျှင် ဆက်လက်၍ ဆက်လက်၍ ဒုရဲမင်းကြီး မှုခင်းလက်ထောက်ရဲမင်းကြီး၊ အလယ်ပိုင်းရဲဝန်ထောက်၊ မှုခင်းစုံထောက်မှ ဝန်ထောက်၊ တိုက်ပိုင်ရဲမှူး စုံထောက်ရဲမှူး ဦးသန်းဆောင်တို့အား တယ်လီဖုန်းဖြင့် ဆက်လက်အကြောင်းကြားလိုက်၏။

ရဲမှူး ဦးသန်းဆောင်သည် လူသတ်မှုစစ်ဆေးရေးအဖွဲ့ ခေါင်းဆောင်ဖြစ်သည်။

ဦးသန်းဆောင်သည် ဓာတ်ပုံဘက်ဆိုင်ရာ ရဲအုပ်ဦးသန်းကိုလည်း တစ်ချိန်တည်းတွင် နှိုး၍ခေါ်သွား၏။

အချိန်ကား နံနက် ၄ နာရီခွဲခန့်သာ ရှိသေးသည်။ ထိုအချိန် စိန်ပေါကျောင်းဝင်းအတွင်းသို့ ကိုးသုံးလုံးပိုင်ယာလက်ကားနှင့် ဦးသန်းဆောင်တို့အဖွဲ့၊ ဒုတိယရဲမင်းကြီး မှုခင်းလက်ထောက် ရဲမင်းကြီး၊ အလယ်ပိုင်း ရဲဝန်ထောက်၊ တိုက်ပိုင်ရဲမှူး၊ ဗိုလ်တထောင်ရဲဌာနအုပ်၊ ဗိုလ်တထောင်လူသတ်မှုစစ်ဆေးရေးအဖွဲ့မှ ရဲအုပ်ဦးအေး၊ ဦးကိုကိုလေးတို့သည်လည်း အလျှိုလျှိုရောက်ရှိလာကြပြီ ဖြစ်၏။

ဒုရဲမင်းကြီးသည် ကိုယ်တိုင်ကိုယ်ကြပ်ပင် အခင်းဖြစ်နေရာသို့ လေ့လာစစ်ဆေး၏။

ဓာတ်ပုံဆရာ ကိုသန်းကိုလည်း အခင်းဖြစ်နေရာများကို ရှုထောင့်အမျိုးမျိုးမှ ဓာတ်ပုံရိုက်စေ၏။

■ ■ ■

အထက်ပါတို့ကား စိန်ပေါကျောင်းအုပ်ကြီး ဘရာသာအက်ဒမန်အား တရားခံဘွတ်ဘီး(ကျောင်းထုတ်ခံထားရသူ ကျောင်းသားဟောင်း)က ဓားဖြင့်ပေါက်သတ်မှု သတင်းရပုံအခြေခံပင်တည်း။

ဆက်လက်၍ ထိုအမှုနှင့်ပတ်သက်သည့် ဆိုင်ရာရဲအရာရှိများ စစ်ဆေးစုံထောက်ပုံကို ရန်ကုန်ရဲလုပ်ငန်းများကို စိတ်ဝင်စားသည်၊ မည်သို့မည်ပုံ ဆောင်ရွက်ကြသည်ကို သိလိုသည်ဆိုသော ကျွန်ုပ်၏မိတ်ဆွေတစ်ဦးအား အောက်ပါကဲ့သို့ ပြန်လည်ပြောဆိုလိုပါသည်။

"ဒီအမှုမှာ ဘယ်လောက် စနစ်တကျ စစ်ဆေးထားတယ်ဆိုတာ ရဲမှူး ဦးသန်းဆောင်(စာရေးချိန်) ရဲဝန်ထောက် အလယ်ပိုင်းရေးနေတဲ့ အမှုနေ့စဉ် ဖတ်ပြမယ်"

"အဲ···အမှုနေ့စဉ် ဖတ်မပြမီ အမှုစစ်တဲ့လူဟာ အခင်းဖြစ်ပြီး မိနစ်လေးဆယ်အကြာမှာ အခင်းဖြစ်နေရာကို စစ်ဆေးကြည့်ရှုရတယ်ဆိုတာကို သတိပြုစေလိုပါတယ်"

ဦးသန်းဆောင်က အခုလိုရေးထားပါတယ်။

**၄း၄၅ နာရီ အခင်းဖြစ်နေရာ**

စိန်ပေါကျောင်း၏ ဘုရားရှိခိုးခန်းမဆောင်ရှိရာ နှစ်ထပ်တိုက်အပေါ်ထပ်မှ အနောက်ဘက် အစွန်ဆုံးအခန်းတွင် ဖြစ်ပါသည်။ ထိုအခန်းသည် ဗိုလ်အောင်ကျော်လမ်းခေါ် စပတ်လမ်းဘက်သို့ နီးကပ်လျက်ရှိပါသည်။ လှေကားသည် သုံးဆစ်ချိုး၍ တက်ရပါသည်။ အောက်ဆုံးအထစ်၌ တံခါးမတစ်ခုရှိပါသည်။ ထိုတံခါးသည် မင်းတုပ်များတို့၍ ပိတ်ထားနိုင်ပါသည်။

အပေါ်ထပ်သို့ ရောက်သောအခါ တံခါးမကြီးတစ်ခုသည် ဘုရားရှိခိုးခန်းသို့ ဝင်ပါသည်။ သို့သော် ထိုတံခါးသည် ဘုရားရှိခိုးချိန် မဟုတ်လျှင် အမြဲတမ်းသော့ခတ်ပိတ်ထားပါသည်။ စစ်ဆေးသောအချိန်၌လည်း ပိတ်လျက်ပင်ရှိပါသည်။ နောက် တံခါးမကြီးတစ်ခုမှာ ကျောင်းအုပ်ကြီးအိပ်သော အခန်းသို့ဝင်သောတံခါး ဖြစ်ပါသည်။ ရှီးရှီးတန်းတန်း ဝင်ထွက်ရန်မှာ ထိုတံခါးတစ်ခုတည်းသာ ရှိပါသည်။ အပေါ်လှေကားအစွန်းတွင် နေရာလွတ်တစ်ခုမှာ ရှစ်ပေခန့် အရှည်နှင့် လေးပေခန့် အကျယ်ရှိပါသည်။ ၎င်းနှင့်တည့်တည့်မှာ အဝင်တံခါးရှိပါသည်။ အခန်းသို့ဝင်သွားလျှင် အတွင်း၌ တောင်ဘက်တွင် စာရေးသော အခန်းတစ်ခန်း၊ ၎င်းနှင့်ကပ်လျက်နံရံခြားမြောက်ဘက်ပိုင်း၌ အခန်းတစ်ခန်းရှိပါသည်။ အလယ်၌ (ထိုနှစ်ခန်းကူးသော) တံခါးတစ်ခု ရှိပါသည်။

ထိုနှစ်ခန်း၏ အရှေ့ဘက်တွင် ရေချိုးခန်းနှင့် အိမ်သာတို့ ရှိပါသည်။ အခန်းကြီးနှစ်ခန်းနှင့် ရေချိုးခန်းတို့အကြား၌ လမ်းကြားငယ်တစ်ခု ရှိပါသည်။ ထို့ကြောင့် အထက်ပါနှစ်ခန်းကို လမ်းကြားမှ တံခါးများရှိသော ပျဉ်ထောင်များဖြင့် ခြားထားပါသည်။ မြောက်ဘက်အခန်း၏ အနောက်ဘက် နံရံအနီးတွင်

www.burmeseclassic.com

သေဆုံးသူဘုန်းကြီးသည် ခုတင်ဖြင့် အိပ်ပါသည်။

## သွေးရောင်ဖိနပ်

အပေါ်ထပ်လှေကားထိပ်ရှိ ကွက်လပ်တွင် ပတ္တူဖိနပ်ခြေရာများကို ထင်ရှားစွာ တွေ့နိုင်ပါသည်။ ယင်းဖိနပ်ရာများသည် သွေးများ ခြောက်ခြားစွာ ပေကျံသဖြင့် သွေးရောင်လွှမ်းလျက်နေသော ဖိနပ်မှ အရာများဖြစ်ကြောင်း ပေါ်လွင်နေပါသည်။ တစ်ပုံစံတည်းဖြစ်သော အဆိုပါဖိနပ်ရာများသည် လှေကား၏ အောက်ဘက်သို့လည်းကောင်း၊ အပေါ်တက်သောဘက်သို့လည်းကောင်း ညွှန်ပြလျက် ရှိနေပါသည်။ လှေကားဘေးရှိ ပြတင်းပေါက်နှစ်ပေါက်သို့လည်း အဆိုပါ ဖိနပ်စီးထားသူပင် လှမ်း၍ တက်သည့် အရာများ တွေ့ရပါသည်။ ထိုပြတင်းပေါက် နှစ်ပေါက်ပေါ်တွင် လက်ရာနှင့်တူသော သွေးစွန်းများ တွေ့ရှိရပါသည်။

## ၄း၄၅ နာရီ အခင်းဖြစ်နေရာ

အခန်းမကြီးသို့ဝင်သော တံခါးအနီးရှိ ကြမ်းပေါ်တွင် သွေးများ အိုင်ထွန်းမတတ် ပေကျံနေခြင်း တွေ့ရသဖြင့် သေဆုံးသူ ဘုန်းကြီးသည် ထိုနေရာ၌ နောက်ဆုံးလဲကျနေပြီး သွေးများစွာ ထွက်နေမည်ဟု ခန့်မှန်းရပါသည်။ တံခါးမကြီးမှာ ပွင့်နေပါသည်။ ပွင့်နေသော တံခါးရွက်အစွန်ခပ်ကွယ်ကွယ်တွင် ၁၀ လက်မခန့်ရှိ နှစ်ဖက်သွား ဓားမြှောင်တစ်ချောင်း ကြမ်းပေါ်တွင် ကျနေပါသည်။ ၎င်းမှာ သွေးများ ပေကျံလျက်ရှိပါသည်။ လှေကားထိပ်ဘက်ကွက်လပ်တွင် ကြေးအရိုးတပ်ထားသော ခုနစ်လက်မခန့် ဓားမြှောင်တစ်ချောင်းကိုလည်း တွေ့ရပါသည်။

အခန်းတွင်းရှိ လမ်းကြား၌လည်း သွေးများ အနှံ့အပြား နံရံများပေါ်သို့ လိမ်းကျံနေခြင်း တွေ့ရပါသည်။

## သေသူ့အလောင်း

(သေဆုံးသူ) အိပ်သောအခန်းနှင့် ရေချိုးခန်းကြားတွင် သေဆုံးသူ၏ အလောင်းကို တွေ့ရပါသည်။ ကြမ်းပေါ်တွင် လဲကျသေနေပါသည်။ အတွင်းတံခါးများအားလုံး ပွင့်နေပါသည်။ သေဆုံးသူ ဘုန်းကြီး၏ ခုတင်၌ ခြင်ထောင်ချထားလျက်ရှိပြီး ခြင်ထောင်ခေါင်းရင်းညာဘက်၌ သွေးများပေကျံနေပါသည်။ ၎င်းပြင် ဓားကြောင့်ဖြစ်နိုင်သော တစ်လက်မခန့် အပြတ်တစ်ခုကိုလည်း တွေ့ရပါသည်။ ခေါင်းအုံးနှင့် အိပ်ရာခင်းတွင်လည်း သွေးများပေနေလျက်ပင် ရှိပါသည်။ သေဆုံးသူဝတ်ထားသည်ဆိုသော ညဝတ်ဆောင်းဘီမှာ ရေချိုးကန်နှုတ်ခမ်းပေါ်တွင် သွေးပေလျက်တင်ထားကြောင်း တွေ့ရပါသည်။

စာရေးသော တောင်ဘက်ခန်း၏ တောင်ဘက်နံရံပြတင်းပေါက်ပေါ်တွင်လည်း မထင်မရှား ပတ္တူဖိနပ်ရာတစ်ခုကို တွေ့ရပါသည်။

အထက်ပါ နေရာအားလုံးကို ဓာတ်ပုံများ ရိုက်ယူထားပါသည်။

## နံနက် ၅း၅၀ နာရီ

ဤအချိန်တွင် အခင်းဖြစ်နေရာသို့ မည်သူများ ရှေးဦးစွာ ရောက်ရှိလာကြောင်း စုံစမ်းရာ (၁) ဘရာသာအင်စလမ်၊ (၂) ပီတာနှင့် စိန်ပေါကျောင်းမှ အစေခံအချို့အပြင် (၃) ဘရာသာဝီ(လ်)ဖရက်တို့နှင့် အထက်ကဖော်ပြခဲ့သော ဗိုလ်တထောင်ရဲဌာနမှ အဖွဲ့သားများနှင့် က/ကယာဉ် (ရဲပိုင်ယာလက်)အဖွဲ့ဝင်တို့ ဖြစ်ကြောင်းသိရသည့်ပြင် ၎င်းတို့အားလုံးအား မည်သည့်ဖိနပ်များ စီးထားကြကြောင်း စစ်ဆေးကြည့်ရာ အခင်းဖြစ်နေရာတွင် ကျန်ရှိခဲ့သော ပတ္တူဖိနပ်ရာမျိုးရှိသည့် ဖိနပ်ကို စီးထားကြခြင်းမရှိသဖြင့် အထက်ပါ ဖိနပ်ရာသည် လူသတ်သမား၏ ဖိနပ်ရာဖြစ်ရမည်ဟု ယုံကြည်ရန် အကြောင်းဆိုက်လာပါသည်။ သို့ဖြစ်၍ ထိုဖိနပ်ရာများ မပျောက်ပျက်ရန် ထိန်းသိမ်းထားလိုက်ပါသည်။ သေသူဘရာသာအက်(ဒ်)မန်အလောင်းကို ရဲကြပ်ကြီး ၃၇၆ မျိုးညွန့်နှင့် ဆေးရုံသို့ ပို့ပါသည်။

## ၅း၄၅ နာရီ အခင်းဖြစ်နေရာ

ဤအမှုမှာ မည်သူ့အမှန် ကျူးလွန်ကြောင်း သိသာနိုင်ရန် အထောက်အထားများ ရရှိရေးအတွက် လက်ရာများကို ကျနစွာရှာဖွေရန် ရှိသေးသဖြင့် ဒုတိယရဲမင်းကြီး၏ ခွင့်ပြုချက်အရ၊ နိုင်ငံတော်မီးရထားနှင့် စုံထောက်ဌာနမှ ခြေရာကောက်အဖွဲ့၊ ဓာတ်ပုံအဖွဲ့နှင့် လက်ဗွေအဖွဲ့တို့အား လာရောက်ကူညီရန် လက်ထောက်ရဲမင်းကြီး "မှုခင်း" (ဦးဆက်)ထံသို့ အကြောင်းကြားစာ ပေးပို့လိုက်ပါသည်။

ထိုအချိန်တွင် လူသတ်မှုစစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com

ရဲအဖွဲ့ဝင်များအားလည်း ခြေရာ လက်ရာများကို ရှာဖွေလက် နေစေပါသည်။

အခင်းဖြစ်ပွားသော အခန်းသို့ ဝင်ထွက်နိုင်ရန်မှာ လူသတ်သမားများ အတွင်းသိများ ပါဝင်နိုင်ကြောင်း တွက်ချက်ရသဖြင့် စိန်ပေါ်ကျောင်းမှ အစေခံများအားလုံးအား ခေါ်ယူတန်းစီစစ်ဆေးကြည့်ရာ ထူးခြားခြင်းမရှိပါ။

## နံနက် ၆း၀၀ နာရီ

အချိန်တွင် ဒုတိယရဲမင်းကြီးနှင့် အတူ အဖွဲ့သားများတို့သည် လူဆိုး ဝင်ထွက်ပြေးသွားနိုင်မည့်လမ်းကြောင်းကို အပေါ်ထပ်၌တွေ့ရသော ဖိနပ်ရာကို မှတည်လျက် ရှာဖွေစိစစ်ရာ မိုလ်အောင်ကျော်လမ်းဘက်ရှိ အိမ်သာဘေးနား အုတ်နံရံ၌ ခြေရာအစ တွေ့ရှိပါသည်။ လမ်းဘက်၌ ကျောက်ပြားတစ်ပြားကို လှေကားသဖွယ် ထောင်ထားခြင်းတွေ့၍ ထိုနေရာမှ ကျော်တက်ပြီး ဝင်းထဲသို့ ခုန်ဝင်ကြောင်းမှာ ပေါ်လွင်ပါသည်။ ဖိနပ်ရာမှာ ကျောင်းလှေကားရင်းအထိ ရောက်ရှိလာပါသည်။

## လူဆိုးပြေးလမ်း

ရာဇဝတ်မှုကျူးလွန်ပြီးနောက် လူဆိုးသည် ကျောင်းလှေကားဘေး ပြတင်းပေါက်မှ ခုန်ချပြီး သိမ်ဖြူလမ်းဘက်ရှိ စိန်ပေါ်ကျောင်း အုတ်တံတိုင်း၌ ခြေရာကျပြီး၊ အုတ်တံတိုင်းပေါ်မှလည်း သွေးစွန်းရာတွေ့၍ ထိုဘက်သို့ထွက်ပြေးသွားကြောင်း သိသာနိုင်ပါသည်။ လူဆိုးသည် ဖရန့်(ခ်)ကွန်ဗင့် လမ်းကြားမှနေ၍ (၄၅)လမ်းဘက်သို့ ထွက်ပြေးနိုင်သည်ဟု ခန့်မှန်းထားရှိပါသည်။

## ၀၆း၁၅ နာရီ

၄၅ လမ်း အိမ်နံပါတ် ၁၆၀ တွင် နေသော ဆရာဒေးဆိုသူသည် စိန်ပေါ်ကျောင်းဆရာကြီး အသတ်ခံရကြောင်း သတင်းကြား၍ လာရောက်ရင်း ဒုရဲမင်းကြီးနှင့် အမှုစစ်အရာရှိတို့အား တွေ့ရှိ သတင်းပေးသည်။

## သွေးစွန်းနဲ့လူ

၎င်း၏ ကျောင်းသားဟောင်းလည်းဖြစ်၊ ၎င်း၏သားများနှင့် သူငယ်ချင်းဖြစ်ဖူးသော ဝီဖရက်ဘွတ်ဘီး ဆိုသူသည် ယနေ့နံနက် ၄း၃၀ ခန့်က တစ်ကိုယ်လုံးတွင် သွေးများပေကျံလျက် ရောက်ရှိလာကြောင်း၊ ထိုသူဝတ်ထားသော အကျီ၊ ဘောင်းဘီနှင့် ဖိနပ်များကို မိမိအိမ်တွင် လဲလှယ်သွားကြောင်းနှင့် ဆေးထည့်ပေးပြီး ထိုသူ၏အိမ်သို့ ပို့လိုက်ကြောင်း ပြောပြကာ ၎င်း ဘွတ်ဘီးသည် ဤအမှုကို ကျူးလွန်သူတစ်ဦး ဖြစ်နိုင်မည်ဟု ယုံကြည်သဖြင့် ဒုရဲမင်းကြီး ရဲဝန်ထောက်(လယ်)၊ ရဲအုပ်ဦးအေး၊ ဦးစိုး၊ ဦးဘကျင် ရဲမှူး၊ (ဓာတ်ပုံ) ဦးသန်းတို့နှင့်အတူ က/က ယာဉ် ၀/၅၊ ၀/၂ တို့ဖြင့် ဆရာဒေးနှင့် ၎င်း၏သား ဒေါ်နယ်ဒေးတို့ကိုပါ ခေါ်ယူ၍ ဘွတ်ဘီးအိမ်သို့ သွားပါသည်။

## ၆း၃၀ နာရီ

၃၉ လမ်း၊ အမှတ်(၉၄)ရှေ့သို့ ရောက်သောအခါ ဆရာဒေး၏သား အော်စကာဒေးသည် သွေးပေ၍ ရေစိမ်ထားသော (၁) စွပ်ကျယ်၊ (၂) ဘောင်းဘီ၊ (၃) ပတ္တူဖိနပ်အဖြူတစ်ရန်၊ (၄) ခြေအိတ်ညိုတို့ကို ယူထားခြင်းတွေ့၍ မေးရာ ဘွတ်ဘီး၏ ပစ္စည်းများကို လာပို့ကြောင်းပြောသဖြင့် သက်သေလူကြီးနှစ်ဦးရှေ့တွင် ထိုပစ္စည်းများကို သိမ်းဆည်းလိုက်ပါသည်။ ရှာဖွေပုံစံကို ထိုနေရာတွင် ရေးသားလက်မှတ်များ ခံယူထားပါကြောင်း ရဲအုပ်ဦးအေးအား သိမ်းစေပါသည်။

> လူတစ်ယောက်သည် မိမိတို့၏အိမ်အောက်လှေကားရင်း သံတံခါးကိုကိုင်လှုပ်ပြီး မိမိ၏သားအမည် ဒေါ်နယ်ကို အော်ခေါ်သံကြားသဖြင့် မိမိက ရှေ့ဆုံးမှ၊ မိမိနောက်မှ သားဒေါ်နယ်နှင့် အော်စကာတို့ လိုက်လာပြီး ဆင်းကြည့်ရာ ထိုသူသည် လဲကျသွားခြင်း တွေ့ရကြောင်း၊ ထိုအချိန်က လှေကားမီးဖွင့်ထားလိုက်ပြီး ဖြစ်ကြောင်း၊ လဲနေသူကို သားနှစ်ယောက်က တွဲယူ၍ အိမ်ပေါ်တင်ကြောင်း၊ ထိုသူတွင် တစ်ကိုယ်လုံး၌ သွေးများရွှဲရွှဲစိုနေကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com

၆း၃၅ နာရီ

၃၉ လမ်း အမှတ်(၉၄) အပေါ် ထပ်တွင် စုံစမ်းရာ ဝီလ်ဖရက်ဘွတ်ဘီး နေထိုင်ကြောင်း သိရသဖြင့် တက် ရောက်သွားရာ (သား)ဘွတ်ဘီးအား တွေ့ရှိ၍ ဒုရဲမင်းကြီး ရဲဝန်ထောက် (လယ်)နှင့် ရဲအုပ်ဦးဘကျင်အဖွဲ့တို့က သားဘွတ်ဘီးအား ဤအမှုနှင့်ပတ်သက် ၍ စစ်ဆေးမေးမြန်းရန်အတွက် မိုလ်တ ထောင်ဌာနသို့ ခေါ်သွားကြပါသည်။

၆း၅၀ နာရီ

၃၉ လမ်းမှတစ်ဖန် စိန့်ပေါ ကျောင်း အခင်းဖြစ်နေရာသို့ ပြန်သွား ရာ အင်းစိန်မြို့ နိုင်ငံတော်စုံထောက် ဌာနမှ လက်ဗွေဆိုင်ရာ ရဲအုပ်များ ကိုမောင်နှင့် ကိုတင်မောင်တို့ ရောက်ရှိ နေကြသဖြင့် အခင်းဖြစ်အခန်းတွင် အနှံ့အပြား လက်ရာများကို စနစ်တကျ ရှာဖွေကြည့်ရှုစေပါသည်။

လက်ရာပုံစံများ ရှာနေဆဲ ဖြစ်ပါ သည်။

နံနက် ၇ နာရီ

အချိန်က က/က ယာဉ် ၈/၇ အား တာမွေရဲဌာနအပိုင် ဩဘာလမ်း ထိပ်တွင်နေသော ရဲပုံဆွဲဆရာ ဦးမိုလ် ကြီးထံ အကြောင်းကြားရန် စေလွှတ် လိုက်ပါသည်။

"စိန့်ပေါကျောင်းဝင်းတွင် အဆင် သင့်ရှိနေသော အောက်ပါသက်သေများ ကို စစ်ဆေးပါသည်။ ဆရာဒေး အသက် ၅၂ နှစ်၊ အဘ အိဒ်(ချ်)ဝီဒေး စိန့်ပေါကျောင်းဆရာ၊ အမှတ် ၁၆၀၊ ၄၅ လမ်းနေသူက ထွက်ဆိုသည်မှာ ယနေ့ ၁၂-၄-၅၈ နံနက် ၄ နာရီနှင့် ၁၅ မိနစ်အချိန်ခန့်တွင် လူတစ်ယောက် သည် မိမိတို့၏ အိမ်အောက်လှေကား ရင်း သံတံခါးကိုကိုင်လှုပ်ပြီး မိမိ၏သား အမည် ဒေါ်နယ်ကို အော်ခေါ်သံကြား သဖြင့် မိမိက ရှေ့ဆုံးမှ၊ မိမိနောက်မှ သား ဒေါ်နယ်နှင့် အော်စကာတို့ လိုက် လာပြီး ဆင်းကြည့်ရာ ထိုသူသည် လဲ ကျသွားခြင်းတွေ့ရကြောင်း၊ ထိုအချိန်က လှေကားမီးဖွင့်ထားလိုက်ပြီးဖြစ်ကြောင်း၊ လဲနေသူကို သားနှစ်ယောက်က တွဲယူ၍ အိမ်ပေါ်တင်ကြောင်း၊ ထိုသူတွင် တစ် ကိုယ်လုံး၌ သွေးများရွှဲရွှဲစိုနေကြောင်း၊ သွေးစိုနေသော အဝတ်များကို သား သမီးများက လဲလှယ်ပေးကြောင်း။

ထိုသူသည် လွန်ခဲ့သော ခုနစ်နှစ် ခန့်က စိန့်ပေါကျောင်းသား ဖြစ်၍၊ ၎င်း ၏သားများနှင့် သူငယ်ချင်းဖြစ်ကြောင်း၊ ထိုသူကိုမေးတော့ ရန်ကုန်ဘူတာရုံအနီး တွင် လူတစ်စုက သူ့အား ပစ္စည်းလုရန် ကြိုးစားပြီး ဗိုင်းရိုက်ခြင်းခံရကြောင်း ပြောကြောင်း၊ ထိုသူသည် ဘောင်းဘီ ရှည်ခပ်ဖြူဖြူ၊ စွပ်ကျယ်ဖြူဝါဖျော့၊ ပတ္တူ ဖိနပ်ဖြူတို့ကို ဝတ်ထားကြောင်း၊ အား လုံး သွေးရွှဲရွှဲစိုကြောင်း၊ နောက် သူ့အိမ် ရှိရာ ၃၉ လမ်းသို့ ဆိုက်ကားဖြင့် တင်ပို့ကြောင်းနှင့် စိန့်ပေါကျောင်းအုပ် ကြီး သေဆုံးသည့် သတင်းကြား၍ စိန့် ပေါကျောင်းထဲ သွားစဉ် လူသတ်သမား သည် ပတ္တူဖိနပ်စီးထားသူဖြစ်နိုင် ကြောင်း ကြားသိရ၍ မိမိအိမ်သို့ နံနက် ကရောက်လာသူ ဘွတ်ဘီးကို မသင်္ကာ သဖြင့် ဒုတိယရဲမင်းကြီးအား ထို အကြောင်းကို ပြောပြလိုက်ကြောင်းများ ထွက်ဆိုအစစ်ခံပါသည်။

အော်စကာဒေး (ဘ) ဆရာဒေး ၄၅ လမ်း၊ အမှတ်(၁၆၀)အား စစ်ဆေး ရာတွင်လည်း ဆရာဒေး သိသကဲ့သို့ ပင် သိရှိထားသည့်ပြင် ဘွတ်ဘီး၏ အဝတ်များကို ရေတွင်စိမ်လိုက်ကြောင်း ဘွတ်ဘီး၌ ခါးပတ်တစ်ချောင်းနှင့် နာရီ တစ်လုံး လက်တွင်ပတ်လျက်နှင့် ဘောင်းဘီအိတ်မှ သော့တွဲတစ်ချောင်း ကိုလည်း တွေ့ကြောင်း၊ သူ့ကိုယ်တွင် လည်းကောင်း၊ ခေါင်းတွင်လည်းကောင်း သွေးများ ပေကျံနေသော်လည်း ဒဏ် ရာကြီးကျယ်စွာ မတွေ့ရကြောင်း၊ မိမိ က ဘွတ်ဘီးအား ဆိုက်ကားနှင့် တင် လျက် သူ့အိမ်သို့ လိုက်ပို့ကြောင်းနှင့် ဘွတ်ဘီးအဖေအား ရဲဌာနတိုင်ရန်ပင် ပြောခဲ့သေးကြောင်း၊ နောက်တစ်ခေါက် ဘွတ်ဘီး၏ အင်္ကျီအဝတ်အစားများကို သွားပို့ရာတွင် လမ်း၌ မိမိအဖေနှင့်အတူ ရဲများနှင့်တွေ့၍ သိမ်းဆည်းကြောင်းတို့ ကို ထွက်ဆိုပါသည်။

ဒေါ်နယ်ဒေး (ဘ)ဆရာဒေး၊ ၄၅ လမ်း၊ အမှတ်(၁၆၀)ကလည်း ဆရာ ဒေးနှင့် အော်စကာဒေးတို့ တွေ့မြင်သိ ရှိသကဲ့သို့ပင် သိပြီးလျှင် ၎င်းက ရှေ့ ဦးစွာ ဘွတ်ဘီးအိမ် သူ့အဖေထံသို့ သွားရောက်သတင်းစကား ပြောကြား ခြင်းနှင့် ဘွတ်ဘီးကို ကျောင်းနေစဉ်က သိခဲ့သူ သူငယ်ချင်းများဖြစ်ကြောင်းများ ကို ထွက်ဆိုပါသည်။

၇း၅၀ နာရီ

အချိန်တွင် စိန့်ပေါကျောင်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

ထဲ၌ ဆက်လက်ရှိနေရင်း ရဲအုပ်ဦးအေး အား အခင်းဖြစ်နေရာတွင် ကျန်ရှိနေခဲ့ သော သွေးပေကျံနေသည့် အထက် ဖော်ပြထားသော ဓားမြှောင်နှစ်လက်ကို သက်သေလူကြီးနှစ်ဦး(ဘရာဘာအင်စ လန်နှင့် ဗီဗီဘယ်ရီ)ဖြင့် သိမ်းဆည်း ရှာဖွေပုံစံ၌ ရေးသွင်းလက်မှတ်များ ခံယူ ထားခဲ့သည်။

၇း၅၅ နာရီ

ရဲမှူး(မာတ်ပုံ)အား လူသတ် သမားဝင်လာသော လမ်းကြောင်းနှင့် ထွက်သွားသော လမ်းကြောင်းများကို မာတ်ပုံရိုက်ယူထားစေပါသည်။

၈း၀၀ နာရီ

အချိန်တွင် အောက်ပါသက်သေ များကို စစ်ဆေးပါသည်။

**ကျောင်းအုပ်ကြီးအခန်းသို့ ပြေးသွားရာ ကျောင်းအုပ်ကြီးသည် အခန်းအဝင်တံခါးမကြီးနား သွေးအိုင်၌ လဲနေကြောင်း၊ ကိုယ်မှသွေးများကို ဆေးကြောသုတ်သင်လို၍ ရေချိုးခန်းဘက်ရွှေ့ကြောင်း၊ သို့သော် ညဝတ်ဘောင်းဘီကိုသာချွတ်ပြီး အခြားဘာမျှမလုပ်ကြောင်း၊**

မြင်လိုက်သူ

စီကရစ်ရှနား (ဘ) စွတ်ပယား။ တံမြက်လှည်း စိန့်ပေါလ်ကျောင်းဝင်း[illegible] နေသူက ယနေ့နံနက် ၄ နာရီလောက် တွင် ကျောင်းအုပ်ကြီးအခန်းမှ စူးစူး ဝါးဝါး အသံများကြားရ၍ ကျောင်း အောက်နားသွားသောအခါ ဘီနန်စီနှင့် တွေ့ကြောင်း။ ဘီနန်စီက ကျောင်းအုပ် ကြီးအခန်းတွင် သူခိုးရှိကြောင်း။ ပီတာ ကိုခေါ်သွားကြောင်း။ နောက် ကျောင်း အုပ်အခန်းနှင့် မျက်နှာချင်းဆိုင် ထမင်း စားခန်းမအနီးကျမှ တိုနေရာမှ လူခိုး တစ်ယောက်သည် မြေပေါ်သို့ ခုန်ချပြီး စတော့ဂိတ်ဘက်ထွက်ပြေးရာ နောက် မှလိုက်သွားကြသော်လည်း မှောင်ရိပ် တွင်ပျောက်သွားကြောင်း ထွက်ဆိုသည်။

ကေတီပီတာ (ဘ) ကေသော မတ်(စ်) အစေခံများအုပ်ချုပ်သူ စိန့်ပေါ် ကျောင်းက ၎င်းအား ကရစ်ရှနားနှင့် ဘီနန်စီတို့ လာခေါ်သဖြင့် လိုက်သွား စဉ် ထမင်းစားဆောင်နှင့် ဘုရားရှိခိုး ဆောင်နှစ်ခုကြား သစ်ပင်အောက် ရောက်သောအခါ ကရစ်ရှနားက လူ တစ်ယောက် ခုန်ချကြောင်း အော်ပြော ၍ ကြည့်လိုက်ရာ အဝတ်ဖြူဝတ်ထား သူ လူဆိုးသည် စတော့ဂိတ်လမ်းဘက် ထွက်ပြေးသွားကြောင်းနှင့် ရဲဌာနချုပ် ကိုးသုံးလုံးသို့ စကားပြောကြေးနန်းဖြင့် အကြောင်းကြား ထွက်ဆိုပါသည်။

ကေတီအင်နန်စီ (ဘ) ကေသော မတ်(စ်) ယစ်မျိုးကာလပ်၊ ဘီလီယက် မာကာ၊ စိန့်ပေါလ်ကျောင်းဝင်း အစေခံ တန်းလျားနေသူက သူအောက်ထပ်၌ အိပ်စဉ် အပေါ်မှ ဆူဆူညံညံအသံ ကြောင့် နိုးကြောင်း၊ ကျောင်းအုပ်ကြီး အခန်းတွင်းမှဖြစ်ကြောင်း၊ မီးများပွင့်နေ ကြောင်း၊ ကရစ်ရှနားလည်း ရောက်လာ ၍ နှစ်ယောက်သား ပီတာထံသွားပြော ကြောင်း၊ လူတစ်ယောက် ကျောင်း အောက် စာဖတ်ခန်းဘေးမှနေ၍ စတော့ဂိတ်လမ်းဘက် ဝင်းထရံသို့သွား ရာနောက် လိုက်ကြရာ အမှောင်တွင် ပျောက်ကွယ် မမီလိုက်တော့ကြောင်း စသည် ထွက်ဆိုပါသည်။

ဘရာသာအင်စလပ် (ဘ)ဒီဘာလ် သာဇာ၊ စိန့်ပေါလ်ကျောင်းက အခင်းဖြစ် ချိန်တွင် သူ့အား အစေခံများကလာခေါ် ကြောင်း၊ အော်သံများကြောင့် နိုးလာ ကြောင်း၊ ကျောင်းအုပ်ကြီးအခန်းသို့ပြေး သွားရာ ကျောင်းအုပ်ကြီးသည် အခန်း အဝင်တံခါးမကြီးနား သွေးအိုင်၌ လဲနေ ကြောင်း၊ ကိုယ်မှသွေးများကို ဆေး ကြောသုတ်သင်လို၍ ရေချိုးခန်းဘက် ရွှေ့ကြောင်း၊ သို့သော် ညဝတ်ဘောင်းဘီ ကိုသာ ချွတ်ပြီး အခြားဘာမျှမလုပ် ကြောင်း၊ ထိုအချိန်တွင် ကျောင်းအုပ် ကြီး (ဘရာသာဒါရိုက်တာအက်ဒမန်) မှာ ဓားဒဏ်ရာများစွာဖြင့် သေဆုံးနေပြီ ဖြစ်၍ ပီတာအား ရဲဌာနသို့အကြောင်း ကြားရန် စေလွှတ်လိုက်ရကြောင်း။

ကျောင်းအုပ်ကြီးအားသတ်မှုနှင့် ပတ်သက်၍ မသင်္ကာဖြစ်ရာ အချက်မှာ ၉-၄-၅၇ ရက်နေ့တွင် လူငယ်တစ် ယောက် မိမိထံလာ၍ ကျောင်းအုပ်ကြီး အက်(ဒ်)မန် ဘယ်ဟာလဲမေး၍ ညွှန်ပြ လိုက်ကြောင်း၊ နှစ်ခါမေးကြောင်း၊ နောက် မိမိကျောင်းဝင်းအပြင်သို့ ကား နှင့်ထွက်သွားသောအခါ ၎င်းလူငယ်



www.burmeseclassic.com

www.burmeseclassic.com

သည် အခြားလူငယ် သုံးယောက်နှင့် စိန်ပေါပေါင်မုန့်ဆိုင်နားတွင် မြင်တွေ့ရပြန်၍ ဒီလူငယ်ဘာလုပ်ဖို့လဲဟု မသင်္ကာဖြစ်ပြီး မှတ်သားထားခဲ့ကြောင်း၊ သူ့ကို မြင်လျှင်မှတ်မိကြောင်း ထွက်ဆိုပါသည်။

ဘရာသာဝီရက် (ဘ) ဒီကာရ(ဇ) စိန်ပီတာ၊ မန္တလေးက မိမိသည် လွှန်ခဲ့သော ရက်သတ္တနှစ်ပတ်လောက်က စိန်ပေါကျောင်း၌ ရောက်နေကြောင်း၊ ရောက်ပြီး နှစ်ပတ်လောက်အကြာတွင် အင်္ဂလိပ်ကပြား လူငယ်လေးတစ်ယောက် ကျောင်းအုပ်ဘုန်းကြီးကို လာမေးကြောင်း၊ နောက် ၁၁-၄-၅၈ တွင် ထိုလူငယ်သည် မဟာမေဒင်လိုဝတ်၍ ကျောင်းအုပ်ကြီးကို တစ်ဖန်လာမေးကြောင်း၊ ထိုလူငယ်၏ အပြောအဆို၊ အမူအရာကို မသင်္ကာသဖြင့် စူးစမ်းထားခဲ့ကြောင်း၊ ကျောင်းအုပ်ဘုန်းကြီး အက်(ဒ)မန် ယခုသေသူနှင့် မျက်နှာချင်းဆိုင် ဆုံမိသောအခါတွင် ဘာမျှမပြောဘဲ ထွက်သွားကြောင်း၊ ကျောင်းအုပ်ကြီးအား မိမိက ထိုအကြောင်း ပြောသောအခါ ထိုလူငယ်ကို မြင်တွေ့ဖူးသည်ဟု ပြောကြောင်းနှင့် ကျောင်းဝင်းသို့ အဝင်မခံရန် ပြောသေးကြောင်းများအပြင် ထိုလူငယ်ကိုမြင်လျှင် မှတ်မိပါသည်ဟု ထွက်ဆိုပါသည်။

## ၉း၃၀ နာရီ

အင်းစိန်စုံထောက်ဌာနမှ ဓာတ်ပုံဆရာ ဦးစောရှိန်နှင့်အဖွဲ့နှင့် ခြေရာရဲမှူး ဦးထွန်းအောင်ကြွယ်၊ ၎င်းအဖွဲ့တို့ ရောက်ရှိလာပြန်ရာ ခြေရာ(ဖိနပ်)ရာများကို ဓာတ်ပုံရိုက်ယူခြင်း၊ ခြေရာခံခြင်းများ ဆောင်ရွက်ကြပါသည်။ မြေပေါ်တွင် တွေ့ရသော ဖိနပ်ရာများနှင့် တူညီကြောင်း ထင်မြင်ရသော်လည်း ခြေရာပုံစံယူရန်အတွက် မထူးသဖြင့် မယူနိုင်ခဲ့ပါ။ လက်ရာများကိုလည်း နေရာအနှံ့အပြားတွင် တွေ့ရသော်လည်း လက္ခဏာရေးကြောင်းများ မထင်ရှားသဖြင့် မရယူနိုင်ခဲ့ပါကြောင်း၊ ခြေရာဓာတ်ပုံရိုက်ရာတွင် သက်သေ (၁) ဘရာသာအင်စလင့်နှင့် (၂) ဆရာဦးဘမြိုင်တို့ ရှိနေကြပါသည်။

## ၁၀း၁၅ နာရီ

အချိန်တွင် ရဲအုပ်ဦးအေးအား သေဆုံးသူ ကျောင်းအုပ်ဘုန်းကြီး အိပ်နေသော ခုတင်မှ သွေးပေနေသည့် ခြင်ထောင်အိပ်ရာခင်းနှင့် ခေါင်းအုံးစွပ်၊ အတွင်းခံ ညဝတ်ဘောင်းဘီတို့ကို သက်သေလူကြီးနှစ်ဦးနှင့် သိမ်းဆည်းစေပြီး ထိုနေရာတွင် ရှာဖွေပုံစံရေးသွင်း လက်မှတ်များ ခံယူစေပါသည်။

## ဖြောင့်ချက်ပေးခြင်း

မိုလ်တာထောင်ရဲဌာနတွင် ခေါ်ယူထားခဲ့သော မသင်္ကာသူ ဘွတ်ဘီးအား စစ်ဆေးနိုင်ရန်အတွက် စိန်ပေါကျောင်းမှ ထွက်သွားရာ မိုလ်တာထောင်ရဲဌာနသို့ ရောက်ရှိပါသည်။ ရဲမင်းကြီး (မှူခင်း ရဲဝန်ထောက် (လယ်) တိုက်ပိုင်ရဲမှူး (မိုလ်တာထောင်)၊ ရဲမှူး ဦးတင်ညွန့်တို့အား တွေ့ရှိ၍ အမှုအကျိုးအကြောင်း သတင်းပို့ ဆက်လက်ဆွေးနွေးရင်း ဘွတ်ဘီးက ရဲမင်းကြီးရှေ့မှောက်တွင် ဤအမှုကို မိမိကိုယ်တိုင် ကျူးလွန်ကြောင်း ဖြောင့်ဆို အစစ်ခံပါသည်။

## တရားခံပုံသဏ္ဌာန်

အမည် ဝီဖရက်ဘွတ်ဘီး (ခေါ်) လှမြင့် (ဘ)အမည် အယ်(လ)ဒီဘွတ်ဘီး၊ အသက် ၁၉ နှစ်၊ နေရပ် အမှတ် (၉၄)၊ ၃၉ လမ်း၊ အင်္ဂလိပ်ကပြား၊ အရပ် ၅ ပေ ၁ လက်မခန့်၊ အသားလတ်၊ မိုလ်ဆံတောက်နှင့် နဖူးကျဉ်း၊ မျက်ခုံးကောင်း၊ နှာတံပေါ်၊ မျက်နှာသွယ်၊ နားရွက်ကားပြီး ပါးစပ်စေ့ထားသွားများညီ၍ ဖြူသည်။ ကုပ်ပေါ်တွင် အဖြူကွက် မန်ကျည်းစေ့ခန့်ရှိသည်။ လက်ယာဘက်မျက်ခုံးပေါ် နဖူး၌ အမာရွတ်တစ်ခု ရှိသည်။

ဝီဖရက်ဘွတ်ဘီးက ထွက်ဆိုသည်မှာ မိမိသည် ကျောင်းထွက်လက်မှတ်ရရန် အကြိမ်ကြိမ်ခွင့်တောင်းသော်လည်း ငြင်းဆန်သည်သာမက မိမိအား ဆဲဆိုကြိမ်းမောင်းခြင်းကြောင့် စိတ်နာနေပြီး သတ်ပစ်ရန် စိတ်၌ဆုံးဖြတ်လျက် ၁၂-၄-၅၈ နံနက် ၃ နာရီခွဲလောက်တွင် မိမိအိမ်မှထ၍ ဓားမြှောင်နှစ်လက်ကို ယူသွားပြီး စပတ်လမ်းဘက် အုတ်နံရံကို ကျော်တက်၊ ကျောင်းအုပ်ကြီးအိပ်ခန်းသို့ လှေကားမှ တက်သွားပြီး ကျောင်းအုပ်ကြီးအား ဓားမြှောင်နှစ်ချောင်းဖြင့် သုံးချက်ပေါက်ရာ အားလုံးထိမှတ်သည့်ပြင် နောက်ပိုင်း နှစ်ယောက်သား လုံးထွေးချိန်၌ ဓားမြှောင်ဖြင့် အချက်ပေါင်းများစွာထိုးပြီး ကျောင်းပေါ် ပြတင်းပေါက်မှ ခုန်ချ ၄၅ လမ်းဘက် ထွက်ပြေးခြင်းများကို စုံလင်စွာ ထွက်ဆိုအစစ်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com

ရင်းပြင် တရားခံက တရားသူကြီးတစ်ဦးထံ၌ ဖြောင့်ချက်ပေးလိုကြောင်း ပြောပါသည်။

**၁၁း၂၀ နာရီ**

တရားခံ၏ တရားသူကြီးထံ ဖြောင့်ချက်ပေးခြင်းကို မှတ်ယူရန်နှင့် တရားခံအား အင်္ဂလိပ်ဘုန်းကြီးနှစ်ပါးက မြင်လျှင် မှတ်မိသည်ဟု ထွက်ဆိုခြင်းများအရ ဖြောင့်ချက်ယူရန်နှင့်က လူစီတန်းပြရန်အတွက် တရားသူကြီးများအား တာဝန်ချပေးရန် ခရိုင်ရာဇဝတ်တရားသူကြီးထံသို့ ခွင့်တောင်းစာများ ပေးပို့ပါသည်။

**၁၁း၃၀ နာရီ**

တရားခံဘွတ်ဘီးက ၎င်း၏ကိုယ်တွင် သေသူကျောင်းအုပ်ကြီးနှင့် သတ်ပုတ်ထွေးလုံးစဉ်က ရရှိသော ခြစ်ရာများ၊ ခုန်ချပြေးလွှားစဉ်က လက်ဝါးမှ ခြစ်ရာများ ရှိကြောင်းပြော၍ ၎င်းအား နှရဲအုပ်ဦးဘကျင်နှင့် ဆေးရုံကြီးသို့ တင်ပို့ပါသည်။

**၁၂း၀၀ နာရီ**

အချိန်တွင် ရဲအုပ်ဦးအေးက သက်သေခံပစ္စည်းများ အားလုံးကို ရဲဌာနတွင် ပေးအပ်ပြီး ၃၂ စာရင်းတွင် ရေးတင်ရာ ၃၂ အစဉ်နံပါတ် ၂၁၈-၂၁၇-၂၁၉-၂၂၀ တို့တွင် လက်ခံထားပါသည်။

**၁၂း၁၅ နာရီ**

ရဲအုပ်ဦးဘကျင်နှင့် တရားခံဘွတ်ဘီးတို့ ဆေးရုံမှ ပြန်ရောက်လာပါသည်။ ဘွတ်ဘီးတွင် ဒဏ်ရာကြီးကြီးကျယ်ကျယ်မရှိကြောင်း တွေ့ရပါသည်။

**၁၃း၅၅ နာရီ**

ရဲဝန်ထောက် (မှုခင်း)နှင့် အထူးတရားခံ ဘွတ်ဘီးအား လူစီတန်းပြနိုင်ရန်အတွက် မြို့မအချုပ်ထောင်သို့ ဖက်ခေါ်သွားပြီး အစီအစဉ်များ ပြုလုပ်နေပါသည်။

**၁၄း၀၀ နာရီ**

အချိန်တွင် ရန်ကုန်မြို့ (၈) ရာဘတ် ရာဇဝတ်တရားသူကြီးမင်းက မြို့မအချုပ်ထောင်အတွင်း၌ ဝီဖရက်ဘွတ်ဘီးအား အခြားလူများနှင့် ရောနှော၍ တန်းစီပြရာတွင် (၁) ဘရာသာအင်စလင်နှင့် (၂) ဘရာသာ ဝီဖရက်တို့က ရွေးချယ်တရားခံအား ဆွဲပြနိုင်ကြပါသည်။ တန်းစီပြခြင်းပြီးစီးသွားပါသည်။

တရားခံဘွတ်ဘီး၏ ဖြောင့်ချက်ကိုရယူရန် အစီအစဉ်များ ပြုလုပ်နေပါသည်။

**၁၆း၃၀ နာရီ**

အချိန်တွင် သက်သေလူကြီးနှစ်ဦးဖြစ်သော (၁) ဦးဘချိန်နှင့် (၂) မာမက်တို့အပြင် တရားခံဘွတ်ဘီးအား ဖြောင့်ချက်ယူမည့် တရားသူကြီးရုံးခန်းသို့ ပို့ဆောင်ပါသည်။

ရန်ကုန်မြို့ (၆)ရာဘတ် တရားသူကြီးက တရားခံဘွတ်ဘီး ဖြောင့်ဆိုချက်ကို ရယူပါသည်။ အချိန်ပေးပြီး စောင့်ဆိုင်းနေသည့်အတွင်း・・・

**၁၉း၁၅ နာရီ**

ရဲအုပ်ဦးအေးအား ဘွတ်ဘီးကျန်ခဲ့သော ၄၅ လမ်း၊ ဆရာဒေးအိမ်မှ ခါးပတ် သွားရောက်သိမ်းဆည်းစေလျက် ခါးပတ်ခေါင်း ဒန်ရောင်တွင် သွေးပေကျံနေခြင်း တွေ့ရှိရသည့် ခါးပတ်သားရေ၌

**၁၉း၂၅ နာရီ**

ဗိုလ်တထောင်ဌာနတွင် (၃၂) စာရင်း၌ တင်သွင်းရာ အစဉ်နံပါတ် (၂၂၃)ဖြင့် လက်ခံထားပါသည်။

**၁၉း၃၀ နာရီ**

အချိန်တွင် ဖြောင့်ချက်ယူခြင်း

---

**ဘရာသာအက်ဒမန်သည် ပထမ၌ ခုတင်ပေါ်တွင် အိပ်နေရာ တရားခံ အခန်းဝင်ရန်ကြိုးစားသဖြင့် အရာတစ်ခုခု လိမ့်ကျသွားသံကြောင့် နိုး၍ ခုတင်ပေါ်မှ ထမည်ပြုစဉ် တရားခံက ဓားမြှောင်နှစ်ချောင်းဖြင့် ပေါက်ရာ・・・・**



www.burmeseclassic.com

www.burmeseclassic.com

ပြီးဆုံးပါသည်။ (၆)ရာဘတ် တရားသူကြီးမင်း၏ ရမန်အရ တရားခံဘွတ်ဘီးအား ထောင်ကြီးချုပ်တွင် ပို့ဆောင်ရမည်ဖြစ်သော်လည်း ယခုနေ့တွင် ထောင်ကလက်ခံသည့် ကန့်သတ်ချိန်ကုန်လွန်နေပြီဖြစ်၍ မြို့မအချုပ်ထောင်သို့ ယခုတစ်ည ချုပ်ထားရန် ပို့အပ်ခဲ့ပါသည်။

**၁၃-၄-၅၈ နေ့**

ဗိုလ်တထောင်ရဲဌာနတွင် ဆက်လက်ဆောင်ရွက်လျက် အမှုနေ့စဉ်မှတ်တမ်းကို စတင်ရေးသားပါသည်။

**၀၈း၃၀ နာရီ**

လူသတ်မှု စုံစမ်းစစ်ဆေးရေးအဖွဲ့မှ ရဲအုပ်ဦးကိုကိုလေးအား မြို့မအချုပ်ထောင်တွင် တစ်ညတာမျှ ချုပ်ထားသော တရားခံဘွတ်ဘီးအား ခေါ်ထုတ်စေပြီး ရန်ကုန်ထောင်သို့ သွားရောက်ပို့အပ်စေရာ အထက်ပါအချိန်တွင် ရန်ကုန်ထောင်၌ ပို့အပ်ပြီးစီးခဲ့ပါသည်။

စိန့်ပေါ်ကျောင်းဝင်းရှိ အိမ်ထောင်သည် အစေခံများတန်းလျားတွင် ၁၁-၄-၅၈ နေ့ခင်းဘက်က တရားခံဘွတ်ဘီးအား တွေ့ရှိသူများ မည်သူတွေဖြစ်သည်ကို စုံစမ်းရာ၌ မည်သူမျှ မတွေ့ရသေးသဖြင့် စိန့်ပေါ်ကျောင်းမှ ဆက်လက်ထွက်သွားပြီး ၁၁း၀၁ နာရီအချိန်တွင် ၄၅ လမ်း၊ အမှတ် ၁၆၀ နေ ဆရာဒေး၏ ဇနီးဖြစ်သူ ဒေါ်ရေင် အသက် ၅၂ နှစ်၊ (ဘ) ဦးဘိုးချစ်အား စစ်ဆေးပါသည်။ ဒေါ်ရေင်က ၁၂-၄-၅၈ နေ့ နံနက် ဘွတ်ဘီး မိမိအိမ်သို့ရောက်ရှိလာသောအချိန်တွင် မိမိသည် အိမ်တွင်မရှိကြောင်း၊ သို့သော် ဆရာဒေးက လာခေါ်၍ အိမ်ပြန်သောအခါကျမှ ဘွတ်ဘီးကို တွေ့ရှိကြောင်း၊ ဘွတ်ဘီးက ၎င်းအား လူဆိုးတွေ လိုက်လို့ နီးရာအိမ်သို့ ပြေးလာရကြောင်း ပြောပြ၍ သိရကြောင်းနှင့် ဘွတ်ဘီး၏ အဖေထံသို့ သားများကို အကြောင်းကြားခိုင်းခြင်းနှင့် ၎င်းကိုလည်း လိုက်ပို့စေခြင်းတို့ကို ထွက်ဆိုပါသည်။

**၁၁း၃၀ နာရီ**

၄၅ လမ်းမှ ဆက်လက်ထွက်သွားပြန်ရာ ရန်ကုန်ရဲမင်းကြီးရုံး စီမံခန့်ခွဲရေးအခန်းသို့ ရောက်ရှိပြီး ၁၂-၄-၅၈ နေ့က တရားခံမှူး ရဲမှူးဦးလှခင်နှင့် တွေ့ရှိစစ်ဆေးပါသည်။ ဦးလှခင် (ရဲမှူး) စီမံခန့်ခွဲရေးမင်းကြီးရုံးက ၁၂-၄-၅၈ နေ့ ၄း၂၅ နာရီအချိန်တွင် အမည်မပြောသူတစ်ဦးက ကိုးသုံးလုံးသို့ စကားပြောကြေးနန်းဖြင့် သတင်းပို့၍ ကိုးသုံးလုံး ရဲယာဉ်တစ်စီးကို စေလွှတ်လိုက်ကြောင်း၊ အဆိုပါ က/က ရဲယာဉ် ရောက်သွားပြီးနောက် ကြိုးမဲ့ကြေးနန်းဖြင့် သတင်းပို့ရာတွင် ဓားထိုးခံရသူ ကျောင်းအုပ်ကြီးမှာ သေဆုံးနေပြီဖြစ်ကြောင်း သိရ၍ ဗိုလ်တထောင်ဌာနသို့ ထပ်မံသတင်းပို့ကြောင်း ထွက်ဆိုပါသည်။

ဤအမှုတွင် သက်သေခံ အထောက်အထားများ အတော်ပင် ပြည့်စုံနေပြီ ဖြစ်ပါသည်။ သွေးနှင့်ပတ်သက်၍လည်းကောင်း ပါရဂူများ၏ ထင်မြင်ချက်များ ရယူလျက် အခြေခံအရာဆက်စပ်ယူရန်သာ ကျန်ပါတော့သည်။

သက်သေခံပစ္စည်းများကို ရဲစာရေးထံမှ ယူသွားပြီး ရဲအုပ်ဦးအေးမြင့် ဓာတုဗေဒဝန်ရုံးသို့ ရဲကား (င) ၂၆၅ နှင့် သွားရာ ဓာတုဗေဒဝန်ရုံး သင်္ကြန်တွင် ပိတ်ထားသဖြင့် လက်ခံယူခြင်းမပြု၍ အင်းစိန်သို့ဆက်လက်သွားရာ လောကဓာတ်ဌာနခွဲ ရဲဝန်ထောက်ဦးထွန်းမြင့်နှင့် တွေ့ရှိပြီး အမှာစာနှင့်တကွ သက်သေခံပစ္စည်း ဖိနပ်ကို ပေးအပ်ထားခဲ့ပါသည်။

**၁၈-၄-၅၈၊ ၉း၃၀ နာရီ**

ဗိုလ်တထောင်ဌာနသို့ ရောက်ရှိပြီးလျှင် ဤအမှုကို ဆက်လက်ဆောင်ရွက်ပါသည်။

ဗိုလ်တထောင်ရဲဌာနမှ ၁၄-၄-၅၈ နေ့တွင် သွားရောက်ပို့ရန် စီစဉ်ထားလျက် ရုံးပိတ်ရက်ဖြစ်နေ၍ မပို့နိုင်သေးသော ဓာတုဗေဒဝန်ထံ ပို့ရန်ရှိသည့် သက်သေခံပစ္စည်းများကို သွားရောက်ပို့ရာ ဓာတုဗေဒဝန်ရုံးမှ လက်ခံထားရှိသဖြင့် ပေးအပ်ခဲ့ပါသည်။

နိုင်ငံတော်မီးရထားနှင့် စုံထောက်ဌာန၊ လောကဓာတ်ဌာနခွဲနှင့် ဓာတုဗေဒဝန်ထံမှ ထင်မြင်ချက်များကို စောင့်စားရင်း အမှုနေ့စဉ်မှတ်တမ်းကို ဌာနချုပ်ရုံးခန်းတွင် ရေးပိတ်ပါသည်။

**၁၉-၄-၅၈၊ ၈း၃၀ နာရီ**

နိုင်ငံတော်မီးရထားနှင့် စုံထောက်ဌာန၊ လောကဓာတ်ဌာနခွဲသို့ ရောက်ရှိပါသည်။ ဤအမှုမှာ တရားခံဘွတ်ဘီး၏ ဖိနပ်ရာနှင့် ပတ်သက်သည့် ထင်



www.burmeseclassic.com

www.burmeseclassic.com

မြင်ချက်ကိုရရန် ခေတ္တစောင့်ဆိုင်းနေရပြီး ရဲဝန်ထောက်ဦးထွန်းမြင့်၏ ၁၈-၄-၅၈ နေ့စွဲပါ ထင်မြင်ချက် အမှတ် (၂၄၄)ကို ရရှိပါသဖြင့် သက်သေခံပစ္စည်း ပတ္တူဖိနပ်ကိုပါ ၎င်းရုံးချိပ်တံဆိပ်ပိတ်ထားလျက် ယူလာခဲ့ပါသည်။

## ထင်မြင်ချက်

လောကဓာတ်ဘက်ဆိုင်ရာ ရဲဝန်ထောက်၏ ထင်မြင်ချက်တွင် အမှုအခင်းဖြစ်ရပ်၌ ကျန်ရစ်ခဲ့သော ဖိနပ်ရာများသည် သက်သေခံဖိနပ်ဖြူမှ အရာများဖြစ်ကြောင်း တွေ့ရှိရသည်ဟု ဖော်ပြထားပါသဖြင့် တရားခံဘွတ်ဘီး၏ ဖိနပ်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။

ဓာတုဗေဒဝန်ထံမှ ထင်မြင်ချက်များ စောင့်ဆိုင်းလျက်ရှိနေပါသည်။

## ကုတ်ခြစ်ရာများ

ရန်ကုန်ဆေးရုံကြီး ရာဇဝတ်ဆရာဝန်ကြီးရုံးမှ ဆေးစာအမှတ် ၈၀၇ ဘီကို ရရှိပါသည်။ အဆိုပါ ဆေးစာမှာ ဤအမှုမှ တရားခံဘွတ်ဘီးသည် ရင်ဘတ်နှင့် လက်ဖဝါးတို့တွင် ခြစ်မိ၊ ကုတ်မိသော ဒဏ်ရာကလေးများ အကြောင်း ဖော်ပြထားပါသည်။ ဒဏ်ရာများမှာ သေးငယ်သော ဒဏ်ရာများဖြစ်၍ အပြင်လူနာအဖြစ် သတ်မှတ်ထားကြောင်း တွေ့ရပါသည်။

အဆိုပါ ဒဏ်ရာငယ်များ အကြောင်းကို တရားခံအား စစ်ဆေးစဉ်အခါကလည်း ထည့်သွင်းမေးထားခဲ့ရာ သေသူဘုန်းကြီး ဘရာသာဒါရိုက်တာအက်(ဒ်)မန်က ၎င်းအား ကုတ်ခြစ်သောကြောင့် ရင်ဘတ်တွင် ကုတ်ရာများရကြောင်းနှင့် လက်ဖဝါး၌မူ ကျောင်းပေါ်မှ ခုန်ချချိန်နှင့် နံရံများပေါ်သို့ ကျော်တက်တွဲလွဲခိုစဉ်တို့က ခြစ်မိရာများရခဲ့ကြောင်း သိရပါသည်။

## ၃-၄-၅၈ နေ့

ဆေးရုံကြီးမှ ထွက်သွားရာ ဓာတုဗေဒဝန်ရုံးသို့ ရောက်ရှိစောင့်ဆိုင်းနေပါသည်။ သက်သေခံပစ္စည်း ဓားမြှောင်နှစ်ချောင်းနှင့် အဝတ်အစားများတွင် သွေးများ ပေကျံနေခြင်းနှင့် လူတစ်ဦးတည်းမှ သွေးများဟုတ်မဟုတ် မေးမြန်းထားသည့် ထင်မြင်ချက်များ ရရှိပါသည်။

## ထင်မြင်ချက်

ထင်မြင်ချက်အမှတ် ၃၂၀-၁ အေတွင် သက်သေခံပစ္စည်း ခုနစ်မျိုးစလုံးတွင် သွေးများတွေ့ကြောင်း၊ အချိန်တန်သောအခါ မည်သည့်သွေးမျိုးဖြစ်ခြင်းကို နောက်ဆက်တွဲမှတ်ချက်များ ပေးပို့မည်ဖြစ်ကြောင်း အမှတ်(အေ)တွင်ရှိ သက်သေခံပစ္စည်းများပေါ်မှ သွေး၊ အမှတ်(ဘီ)တွင်ရှိ သက်သေခံပစ္စည်းများပေါ်မှ သွေးတို့သည် တစ်ဦးတည်းမှ သွေးဖြစ်သည်၊ မဖြစ်သည်ဆိုသည့် အချက်ကို ပြောရန် မဖြစ်နိုင်ကြောင်းဖြင့် ဖော်ပြထားပါသည်။

(အေ)အမှတ်တွင်ရှိသော အထုပ်တွင် တရားခံဘွတ်ဘီး၏ ဘောင်းဘီ၊ စွပ်ကျယ်အင်္ကျီနှင့် ခါးပတ်တို့ ဖြစ်ပါသည်။ (ဘီ)အမှတ်တွင်ရှိသော အထုပ်တွင် အခင်းဖြစ်နေရာမှ သိမ်းသော ခြင်ထောင်၊ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်နှင့် ညဝတ်ဘောင်းဘီတို့ ဖြစ်ပါသည်။

ထင်မြင်ချက်အမှတ် ၃၂၁-၁ အေသည် ဓားမြှောင်နှစ်ချောင်းပေါ်မှ သွေးတွေ့ရကြောင်းနှင့် မည်ကဲ့သို့သော သွေးဖြစ်ကြောင်းကို ထပ်မံ၍ မှတ်ချက်ပို့မည်ဟု ဖော်ပြထားပါသည်။

ဤအမှုမှ သက်သေခံပစ္စည်း အထောက်အထားများ ပြည့်စုံလုံလောက်နေပြီဖြစ်၍ တရားစွဲတင်ပို့ရန်ရှိနေပါသည့်အတွက် တရားစွဲတင်ရန် စီစဉ်ထားရှိပြီးသော မှတ်တမ်းများကို ၁၄:၀၀ နာရီတွင် ဌာနချုပ်ရုံးတွင် မှတ်တမ်းရေးပိတ်ပါသည်။

## ၂၄-၄-၅၈ နေ့

ဗိုလ်တထောင်ရဲဌာနတွင် မှတ်တမ်းရေးဖွင့် ဆောင်ရွက်ပါသည်။ ဤအမှု စတင်ပေါ်လာပုံမှာ...

၁၂-၄-၅၈ နေ့ ၄:၂၈ နာရီအချိန်တွင် ရန်ကုန်ရဲမင်းကြီးရုံး စီမံခန့်ခွဲရေးအခန်း တာဝန်မှူးက စကားပြောကြေးနန်းဖြင့် စိန်ပေါကျောင်းတွင် ဓားထိုးမှုဖြစ်ပွားပြီး ဓားဒဏ်ရာရသူမှာ သေဆုံးသွားကြောင်း သတင်းပေးသဖြင့် ဗိုလ်တထောင်ရဲဌာနမှ ရဲစာရေး မောင်သိန်းဟန်က သတင်းချက်ရေးဖွင့်ခဲ့သော အမှုဖြစ်ပါသည်။

## အမှုရာဇဝင်

ဝီဖရက်ဘွတ်ဘီး (ခေါ်) အီစွတ် (ခေါ်) လှမြင့်သည် ၁၉၅၃ ခုနှစ် ဗိုလ်ငွေ (?) ကျောင်းမှ ကျောင်းထုတ်ခံရပါသည်

www.burmeseclassic.com

သို့သော် ကျောင်းထွက်လက်မှတ် မရခဲ့ပါ။ ယခုနှစ် ၁၉၅၈ ခုနှစ် နွေရာသီကျောင်းပိတ်ရက်လွန်ပြီး ကျောင်းပြန်ဖွင့်သောအခါတွင် စိန်ပေါ်ကျောင်း၌ ပြန်လည်နေခွင့်ရရန်၊ သို့မဟုတ် ကျောင်းထွက်လက်မှတ်ရရန်အတွက် ဘွတ်ဘီးက ကျောင်းအုပ်ကြီးထံ အကြိမ်ကြိမ်သွားရောက်တောင်းခံသော်လည်း မရသည်သာမက ဆဲဆိုကြိမ်းမောင်း၍သာ လွှတ်သည့်အတွက် စိတ်နာပြီး ၎င်းဘုန်းကြီးအား သတ်ရန် စိတ်ပိုင်းဖြတ်ထားခဲ့လျက် ၁၂-၄-၅၈ ရက်နေ့ နံနက် ၃ နာရီခွဲအချိန်ခန့်တွင် ဘွတ်ဘီးသည် မိမိအိမ်မှ အသင့်ထားရှိသော ဓားမြှောင်နှစ်ချောင်းကို အသင့်ယူဆောင်လျက် အိမ်မှထွက်သွားပြီး စိန်ပေါ်ကျောင်း ဝင်းထရံ အုတ်တံတိုင်းကို ကျော်တက်ကာ စိန်ပေါ်ကျောင်း ဘုရားရှိခိုးခန်းမဆောင်နှင့် ကပ်လျက်ရှိသည့်အခန်းတွင် အိပ်နေသော ကျောင်းအုပ်ကြီး ဘရာသာဒါရိုက်တာအက်(ဒ်)မန်အား အသင့်ယူလာသော ဓားမြှောင်နှစ်ခေါင်းဖြင့် ထိုးသတ်သဖြင့် ဒဏ်ရာများစွာ ရရှိပြီး ယင်းဒဏ်ရာများကြောင့် သွေးလွန်ကာ ပွဲချင်းပြီးသေဆုံးသွားပါသည်။

တရားခံဘွတ်ဘီးသည် သေဆုံးသူနှင့် ထွေးလုံးသတ်ပုတ်စဉ်၌ အချက်ပေါင်းများစွာ ဓားဖြင့်ထိုးသတ်ပြီးနောက် အဆိုပါ အထက်လှေကားဘေးရှိ ပြတင်းပေါက်မှ ခုန်ချပြီး ကျောင်းအောက်ထပ်ရှိ စာကြည့်တိုက်ဆောင်ဘေးမှ အရှေ့ဘက်သို့ထွက်ပြေးလျက် စိန်ပေါ်ကျောင်းအရှေ့ဘက် အုတ်တံတိုင်းကိုကျော်တက်ပြီးလျှင် ဗရန်(ဒ်)ကွန်ဗင့်ကျောင်းဘက် လမ်းကြားမှ ၄၅ လမ်း အမှတ် ၁၆၀ တွင်နေသော ဆရာဒေး၏ အိမ်သို့ တက်ရောက်သွားပါသည်။

ဘရာသာအက်ဒမန်သည် ပထမ၌ ခုတင်ပေါ်တွင် အိပ်နေရာ တရားခံ အခန်းဝင်ရန် ကြိုးစားသဖြင့် အရာတစ်ခုခု လိမ့်ကျသွားသံကြောင့် နိုး၍ ခုတင်ပေါ်မှ ထမည်ပြုစဉ် တရားခံက ဓားမြှောင်နှစ်ချောင်းဖြင့်ပေါက်ရာ တစ်ချောင်းသည် ရင်ဘတ်တွင် စိုက်သွားပြီး နောက်တစ်ချောင်းက ဗိုက်တွင်စိုက်သွားသောကြောင့် ၎င်းဒဏ်ရာများက ခြင်ထောင်၊ ခေါင်းအုံးစွပ်နှင့် အိပ်ရာခင်းတို့တွင် သွေးများပေကျံသွားပါသည်။ အဆိုပါ အထည်များနှင့် သေသူဝတ်သော ညဝတ်ဘောင်းဘီကို သိမ်းဆည်းထားခဲ့ပါသည်။

တရားခံသည် ၄၅ လမ်း၊ ဆရာဒေး၏ အိမ်သို့ရောက်သောအခါ မိမိအား လူဆိုးများက ပစ္စည်းလုရန် ရိုက်နှက်သဖြင့် ခြေဦးတည့်ရာ ထိုအိမ်သို့ ထွက်ပြေးလာရကြောင်း အကြောင်းပြပါသော်လည်း ၎င်း၏ကိုယ်ပေါ်၌ အဝတ်အစားများဖြစ်သည့် ဘောင်းဘီဖြူအရှည်၊ စွပ်ကျယ်အင်္ကျီအဖြူ ဝါဖျော့ဖျော့နှင့် ပတ္တူဖိနပ်ဖြူအပြင် ခါးပတ်ခေါင်းများ၌ သွေးများလွန်စွာပေကျံနေသဖြင့် ၎င်းအကြောင်းပြချက်နှင့် ၎င်းတွင်တွေ့ရသော ဒဏ်ရာများနှင့် မကိုက်ညီခြင်း တွေ့ရပါသည်။ သို့သော်လည်း ဆရာဒေးတို့က ယခင်က သိကျွမ်းခဲ့သူဖြစ်၍ တရားခံ၏ကိုယ်တွင် ပေနေသော သွေးများကို သုတ်သင်ပေးလျက် သွေးပေအဝတ်များကို လဲလှယ်ပေးလိုက်ပြီး တရားခံ၏နေအိမ် အမှတ် (၉၄)၊ ၃၉ လမ်းသို့ လိုက်ပို့ခဲ့ပါသည်။

အထက်ဖော်ပြပါ အကြောင်းခြင်းရာများနှင့် အခြားသက်သေခံချက် အထောက်အထားများ ပြည့်စုံလုံလောက်နေပါသဖြင့် တရားခံ ဝီဖရက်ဘွတ်ဘီး (ခေါ်) အီစွတ် (ခေါ်) လှမြင့်အပေါ် ရာဇသတ်ပုဒ်မ ၃၀၂ အရ တရားစွဲတင်ပို့ပါကြောင်း ဗိုလ်တထောင်ရဲဌာန စွဲချက်အမှတ် ၁၀-၇-၅၈ နေ့စွဲ ၂၄-၄-၅၈ စွဲချက်ရေးသားပြီး၊ တရားခံရုံးတော်သို့ စွဲချက်တင်ရေးပို့ပါကြောင်း။

ကျောင်းအုပ်ကြီး အက်ဒမန်သတ်သူ တရားခံဘွတ်ဘီးကို ဗိုလ်တထောင်ရဲဌာနမှ သက်သေခံအထောက်အထားများနှင့်တကွ အထူးတရားသူကြီးရုံးတော်သို့ ပုဒ်မ ၃၀၂ ဖြင့် အမှုစွဲတင်ခဲ့ရာ ရုံးတော်မှ သေဒဏ်ချလိုက်၏။ အယူခံတွင်လည်း အောက်ရုံးအမိန့်အတိုင်း တည်စေ၍ ပယ်ချခံခဲ့ရသည်။

နောက်ဆုံး သမ္မတကြီးထံသို့ အသနားခံစာ တင်သွင်းရာတွင် နိုင်ငံတော်သမ္မတကြီးက အဆင်ခြင်တရားနည်းပါးသော ငယ်ရွယ်နုနယ်သူဖြစ်၍ သက်ညှာစွာ စဉ်းစားကာ သေဒဏ်မှ တစ်သက်တစ်ကျွန်းသို့ ပြောင်းလွဲကျခံစေရန် အမိန့်ချမှတ်လိုက်လေသည်။

■ ပုလိပ်အရာရှိတစ်ဦး

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အဖော်ကောင်းရှင် ရေဲဘာထိုလိုက်မယ်

❀ မောင်ရွှေစခန်း

ယခင်လမှအဆက်

"ထားပါတော့ကွယ်၊ ပိုက်ဆံမရှိလို့ မဟုတ်ရင် ထမင်းငတ်လို့ပေါ့။ ဦးကြီး တော့ ဒီအတွေးအခေါ်မျိုးကို အစောကြီး ထဲက တွက်ပြီးသားပါ။ ထမင်းငတ်လာ တဲ့အခါမျိုးမှာ လုပ်မိလုပ်ရာ လုပ်တာ သဘာဝကျတယ်လို့ ဦးကြီး ယူဆပါ တယ်။ ကိုင်း...ဒါနဲ့ မောင်ရင်က ဘယ်သွားမလို့လဲ"

လူကြီးက သူ့ကို မေးလာသည်။ ကောင်း သည် ထမင်းဆိုင်ရှင် မိန်းမ ကြီးအား ခပ်စိမ်းစိမ်း တစ်ချက်လှမ်း ကြည့်ပစ်လိုက်၏။ ပြီးမှ ဆိုင်ထဲမှ ဆင်း လာရင်း ပြန်ဖြေလိုက်၏။

"ကျွန်တော့်မှာ သွားစရာရယ်လို့ တိတိကျကျ မရှိပါဘူး။ ဒီနေ့ဘဲ ထောင် ကလွတ်လာတာပါ"

"အော်...အော်..."

"ဒါနဲ့ ဦးကြီး ဘယ်မှာနေပါသလဲ၊ ကျွန်တော့်ရဲ့ ကျေးဇူးရှင်တစ်ယောက် အနေနဲ့ တစ်နေ့ ကျွန်တော်မြန်ပြီး ပြုစု ပါရစေ"

"တာမွေ အိုးစုထဲမှာ နေတယ် မောင်၊ ကိစ္စမရှိပါဘူးကွယ်။ လူလူချင်း ညှာတာထောက်ပံ့ရမဲ့ သဘောနဲ့ ဦးကြီး ကူညီလိုက်တာပါ။ မောင့်ထံက ဘာမှ မမျှော်ကိုးပါဘူးကွယ်"

"ခု...ဦးကြီး ဘယ်သွားမလို့လဲ ခင်ဗျာ"

"အရက်ဆိုင်ဘဲ မောင်၊ ဒါပေမဲ့ ဒီနေ့တော့ ဦးကြီး မသောက်တော့ဘူး"

ကောင်းသည် လူကြီးအား တွေဝေ စွာ ကြည့်လိုက်၏။ လူကြီး၏ မျက်နှာ ပြင်၌ ဇရာ၏ အငွေ့အသက်များသာ မက အရက်ကြောင့် ကြမ်းတမ်းစွာ ဘဝကို ရင်ဆိုင်ထားရခြင်းများကိုလည်း တွေ့နေရပေသည်။

"ဦးကြီးရဲ့ အရက်ဖိုးနဲ့ ကျွန်တော့် ကို ကူညီလိုက်တာ ဆိုပါတော့..."

လူကြီးက ဘာမှ ပြန်မပြောတော့။ ခေါင်းကလေးသာ ခပ်လေးလေး ဖြေး ဆေးစွာ ဆတ်ပြလိုက်သည်။ ကောင်း၏ ရင်ထဲ၌ ထိုအခါမှပင် "ကျင်ကနဲ" နေ အောင် ခံစားလိုက်ရလေသည်။ သူ့ အတွက် ထမင်းဘိုးကြောင့် ထိုလူကြီး အရက်မသောက်ရလေခြင်း ဟူ၍လည်း စိတ်မကောင်းဖြစ်မိပြန်သည်။ ကောင်း သည် လူကြီးအား ငေးစိုက်ကြည့်နေ မိ၏။ ဘာဆို ဘာစကား တစ်ခွန်းမှ ထပ်မံပြောဆိုခြင်းမရှိတော့ချေ။ အတော် ကြီးကြာမှ ကောင်း စကားတစ်ခွန်း မေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

"မသောက်ဘဲနဲ့ အရက်ဆိုင်ကို ဘာလို့ သွားမှာလဲ ဦးကြီး"

"အရက်ဆိုင်ဟာ ဦးကြီးအတွက် စိတ်အချမ်းသာဆုံး နေရာတစ်နေရာပဲ မောင်၊ အရက်မသောက်ပေမဲ့လဲ အရက်ဆိုင်မှာ ဦးကြီးရဲ့ အပေါင်းအသင်းတွေ ရှိတယ်။ သူတို့တတွေနဲ့ နေ့တိုင်း ဦးကြီးတွေ့နေကျပဲ။ သူတို့ထဲက တစ်ယောက်ယောက်မလာရင် ကျုပ်တို့ စိတ်ပူရသလို၊ ကျုပ်မသွားရင်လဲ သူတို့ စိတ်ပူနေကြမှာ အမှန်ပဲ"

ကောင်းသည် အဖော်ခင်လွန်းတတ်သော အဖော်ပေါ်တွင်သံယောဇဉ်ရှိတတ်သော လူကြီးတစ်ဦးကို တွေ့လိုက်ရသည့်အတွက် သူ့အနေနှင့် အတော့်ကို လေးစားသွားမိသည်။

"ဦးကြီးဟာ အဖော်နဲ့ကင်းကွာပြီး နေလို့မရဘူး လူလေး"

ကောင်း သည် ဦးကြီးပြောပြသော စကားများကို အသဲထဲစွဲနေအောင် မှတ်ထားလိုက်သည်။

လူကြီးနှင့်အတူ ကောင်းပါ အရက်ဆိုင်သို့ လိုက်သွားခဲ့သည်။

အရက်ဆိုင်တွင် လူကြီးနှင့် သက်တူရွယ်တူ လူကြီးသုံးယောက်ကိုကောင်း တွေ့ရသည်။

လူကြီးတို့ တွေ့လိုက်ရသောအခါ သူတို့အားလုံးသည် အစ်ကိုကြီးတစ်ယောက်ကို တွေ့လိုက်ရသော ညီများကဲ့သို့လည်းကောင်း၊ ကွဲကွာနေသော ဆွေမျိုးသားချင်း တစ်ယောက်ယောက်ကို ပြန်တွေ့ရသကဲ့သို့လည်းကောင်း၊ အလုပ်မှပြန်လာသော အဖေကို ကြိုဆိုကြသည့် သားများကဲ့သို့လည်းကောင်း အပြေးအလွှား လာရောက်ကြိုဆိုကြသည်။

တစ်ယောက်ကမူ ပုလင်းဖင်ပြတ်ကို လုပ်ထားသည့် ဖန်ခွက်ကလေးထဲတွင် အရက်များကို ငှဲ့ထည့်၍ အတင်းရော အဓမ္မ လူကြီးကို တိုက်နေသည်။

လူကြီးသည် သူ့ပါးစပ်ဝသို့ တေ့လာသော အရက်ဖန်ခွက်ကို လက်ဖြင့် တွန်းဖယ်ပြီး ငြင်းဆန်နေသည်။ တိုက်သူကလည်း ဇွတ်အတင်း တိုက်နေပြန်သည်။

"ဒီနေ့တော့ အရက်မသောက်တော့ဘူးကွာ၊ ငါ့ကို ခွင့်လွှတ်ကြပါ"

လူကြီးသည် ကောင်း ကိုရော၊ သူ့သူငယ်ချင်းများကိုပါ တစ်ယောက်စီကြည့်လိုက်ပြီး ပြောလိုက်သည်။ လူကြီးစကားကို ကြားသောအခါ လူကြီး၏ အပေါင်းအသင်း သုံးယောက်မှာ အံ့အားသင့်သွားကြလေသည်။

လူကြီးကိုလည်း ဝိုင်း၍ကြည့်လိုက်ကြသည်။ လူကြီးကိုသာ မဟုတ်၊ ကောင်း ကိုပါ ကြည့်ကြပြန်သည်။

လူကြီးသည် သူပြောသည့်အတိုင်းပင် အရက်မသောက်ဘဲ သူ့အဖော်အားလုံးကို နှုတ်ဆက်ပြီး အိမ်သို့ ပြန်လာခဲ့သည်။ ကောင်း ကိုလည်း လူကြီးက နေစရာမရှိလျှင် သူ့အိမ်တွင် လိုက်နေရန်ပြောသဖြင့် မိုးခိုရာ မရှိသေးသော ကောင်း သည် လူကြီး၏အိမ်၌ ခေတ္တခဏ မိုးခိုရန်ဆုံးဖြတ်ပြီး နေလာခဲ့၏။

"ကောင်း အရက်ရပြီ"

ကောင်းအနီးသို့ ဟံသာက အရက်ပုလင်းကို ချပေးရင်း ကောင်းကို ပြောလိုက်၏။ ကောင်းသည် သူ၏အတိတ်မှ ဖြစ်ရပ်များကို တွေးနေမိရာမှ ယခုပြန်၍ အသက်ဝင် လှုပ်ရှားလာရသည်။

"ကဲ...အဖေလဲသောက်၊ ဟံသာလဲသောက်ကွာ။ ငါတော့ နက်ဖြန်ခါ ခရီးထွက်စရာရှိတယ်"

ကောင်း၏စကားကို ကြားရသော အခါ ဟံသာထက် အဖေသည် ကောင်းစကားကို ပိုမို စိတ်ဝင်စားသွားဟန် ဖြစ်ပေါ်လာသည်။ ကောင်း အနီးသို့ တိုးကပ်လာသည်။

"လူလေးက ဘယ်ကို သွားမှာလဲ"

"မန္တလေးကို သွားမှာပါ"

"အလုပ်ကိစ္စလား...လူလေး"

"အလုပ်ကိစ္စရယ်လို့တော့ ပြောလို့ရချင်မှရမယ်၊ ဒါပေမဲ့ ကျွန်တော်စိတ်ထဲမှာ မခံချင်ဖြစ်နေတဲ့ ကိစ္စတစ်ခုကို တိတိကျကျ သိချင်နေတာရယ်။ ဘာမှ ရန်မပြုတဲ့ လူတစ်ယောက်ကို ရက်ရက်စက်စက် အသက်ကို လုပ်ကြံသွားတဲ့ တရားခံအစစ်ကိုလဲ သိချင်နေတယ်"

"လူလေးနဲ့ ဘာဆိုင်လို့လဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဆိုင်တာပေါ့အဖေ။ တရားခံကိုမိအောင် သိထားဘို့ လိုတယ်။ အဲဒါမှ မဟုတ်ရင် ကျွန်တော့်ကို သူတို့က လက်ဦးတာနဲ့ ကြိုးကွင်းစွပ်ကြမှာ"

"ဒီပြဿနာထဲမှာကော လူလေးက ပါနေခဲ့လို့လား"

"ဒီလောက် ဖြစ်လာလိမ့်မယ် မထင်လို့ လက်ခံလိုက်မိတာပေါ့ အဖေ၊ ကျွန်တော် တာဝန်ယူထားတဲ့အတိုင်း သွားလဲတွေ့ရော ကျွန်တော် တွေ့ရမဲ့ လူလဲ သေနေတာ တွေ့ရတာပဲ"

"အင်း…လူလေးရဲ့ ပြဿနာက မသေးပါလား"

အဖေသည် ဟသ်ာငုံပေးလာသော အရက်ဖန်ခွက်ကို ကောက်ကိုင်လိုက်သည်။ အရက်ကို တငုံမျှ ငုံသောက်လိုက်၏။ ပြီးမှ…

"လူလေး မန္တလေးရောက်ရင် လွယ်လွယ်ကူကူ စုံစမ်းနိုင်ဘို့ ဝေ့ိထွန်းမင်းဆိုတဲ့ အဖေ့ရဲ့ တပည့်တစ်ယောက် ရှိတယ်။ သူ့ခြေထောက်တစ်ဖက်ဟာ ကားတိုက်ခံရလို့ ခြေကျိုးပြီး တိုနေတယ်။ ဒါကြောင့် သူ့ကို ဝေ့ိထွန်းမင်းလို့ခေါ်တယ်။ ဈေးချိုတိုက်နဲ့ ရွှေတချောင်းဖက်က ကျောက်ပွဲစားတွေရှိတဲ့ နေရာမှာ ရှိတတ်တယ်။ သူနဲ့တွေ့အောင် လူလေး သွား…သူ့ကို ပြောပြသင့်သလောက် ပြောပြ အကူအညီတောင်းပါ။ သူ လူလေးကို အကူအညီ ပေးပါလိမ့်မယ်"

"ဟုတ်ကဲ့…"

ကောင်း သည် အဖေပြောသမျှကို ငြိမ်သက်စွာ နားထောင်နေသည်။

ဟသ်ာသည် အရက်ဖန်ခွက်တစ်ခွက်ကိုကောင်းရှေ့သို့တိုးပေးလိုက်သည်။

ကောင်း သည် စီးကရက်ကို ဖွာလိုက်၏။ မီးခိုးများကို ဟူးကနဲ မှုတ်ထုတ်လိုက်၏။ ဟသ်ာ့လက်ထဲမှ ဖန်ခွက်ကို လှမ်းယူလိုက်၏။

"ရေခဲလေး ထည့်စမ်းပါအုံးကွာ"

ကောင်းက ဟသ်ာ့ရှေ့သို့ အရက်ခွက်ကို လှမ်းပေးလိုက်၏။ ဟသ်ာက ထုခွဲထားသော ရေခဲတုံးများထဲမှ ရေခဲတုံး နှစ်တုံး သုံးတုံးခန့်ကို ယူပြီး ကောင်း၏ဖန်ခွက်တွင်းသို့ ထည့်ပေးလိုက်သည်။ ကောင်း သည် ရေခဲတုံးနှင့်အရက် သမသွားအောင် ဖန်ခွက်ကလေးကို လှုပ်ရမ်းလိုက်၏။ အတော်ကြာမှ တငုံငုံသောက်လိုက်၏။

"လူလေးကို အဖေတစ်ခု မေးချင်သေးတယ်"

"မေးပါ"

ကောင်း သည် နောက်ထပ် တငုံငုံသောက်ရင်း အဖေပြောလာမည့် စကားကို နားစိုက် ထောင်နေမိသည်။ ဟသ်ာသည် ၎င်းတို့နှစ်ဦး ပြောဆိုနေကြသော စကားများကို နားထောင်နေသူ သက်သက်မျှတပါး ဘာတစ်ခွန်းမှ ဝင်မပြောဘဲ ငြိမ်သက်စွာ နားထောင်နေလေသည်။

"လူလေး…ခုလိုက်သွားတာ အမှုအတွက် သက်သက်ပဲလား၊ လူလေးအတွက် ရသင့်ရထိုက်တာကို တောင်းအုံးမလို့လား"

"ရမယ်ဆိုရင်တော့ ယူရမှာပေါ့အဖေ၊ မရလဲ ကိစ္စမရှိပါဘူး"

ကောင်း စကားကို ကြားသောအခါ အဖေသည် ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်၏။

ဘာစကားမှလဲ ဆက်မပြောတော့။ ဟသ်ာ ထည့်ပေးသမျှ အရက်ကိုသာ တစ်ငုံပြီးတစ်ငုံ၊ တစ်ခွက်ပြီးတစ်ခွက်။

ကောင်း လည်း အဖေနှင့် ဟသ်ာတို့နှင့်မခြား။ စီးကရက်ဖွာသည်၊ အမြည်းဝါးသည်။ အရက်ကို တကျိုက်ပြီး တကျိုက် သောက်ပစ်နေသည်။

ရေခဲနှင့် ဖန်ခွက် နှုတ်ခမ်းကလေးများ ပွတ်တိုက်ထိခတ်သံ၊ ဆော်ဒါရေ ပုလင်းမှ တစီစီအော်နေသော ပလုံစီကလေးများအသံ၊ လည်ချောင်းပြွန် အတိုင်း တဂုဂု အသံမြည်လျက် ဆင်းသွားသော အရက်သောက်သံ ကလေးများမှအပ ပတ်ဝန်းကျင်သည် ပကတိ ငြိမ်သက်နေ၏။

ကောင်း သည် အများတူ ငြိမ်သက်နေသော်လည်း သူ၏စိတ်နှင့် အာရုံသည် လှုပ်ရှား အလုပ်များလျက် ရှိသည်။ အထူးသဖြင့် သူ၏ အတွေးအားကို သွေးပူ ‌ဝှလောင်းပေးလာသော အရက်၏ အရှိန်ကလည်း ကောင်းအား



www.burmeseclassic.com

www.burmeseclassic.com

ပိုမို၍ တက်တက်ကြွကြွ ဖြစ်စေသည်။ ရှုးရှူးရောက်ရောက် တွေးစေသည်။ တိတိကျကျ အဖြေပေါ်လာနိုင်သည့် အတွေးမျိုးကို တွေးလာစေသည်။

အရက်ပုလင်း နှစ်လုံးသည် လူသားသုံးဦး၏ ဝမ်းဗိုက်အတွင်းသို့ အသီးသီးခွဲဝေ နေရာယူလိုက်ကြပြီးသည့်နောက်တွင် တစ်ဦးသော လူသားသည် မျက်တောင်များ စင်းလာပြီး ငိုက်မေးလာ၏။ သူက အဖေ။

တစ်ယောက်သော လူသားသည် တအေ့အေ့နှင့် ဌွတ်ထိုးလာသည်။ ပြီးတော့ အရေပျော်နေပြီဖြစ်သော ရေခဲထည့်ထားသည့် ခွက်ထဲမှ ရေခဲရေများကို တချက်ထဲ ကောက်ယူမော့ပြီး အခန်းဒေါင့်နံရံကိုမှီလျက် ခွေသွားသည်။ သူသည် ဟသ်ာ။

အရောင်တလက်လက် တောက်ပ၍ စီးကရက်ကို အားရပါးရ ဖွာရှိုက်၍ အဆုတ်ထဲသို့ သွင်းလိုက်ရင်းသက်ပြင်းကလေးများကို မှုတ်ထုတ်ပစ်နေသော အတွေးပေါင်းစုံနှင့် အဖော်ရ၍ ပျော်နေဆဲသူကား ကောင်း။

*   *   *

ညက တစ်ညလုံး ငုတ်တုတ်ထိုင်လျက် မိုးစင်စင် လင်းခဲ့သည်။

နံနက်စောစောပင် ဘူတာရုံသို့ ဆင်းလာခဲ့သည်။ လိုက်ပို့သူတစ်ယောက်မှမပါသော ခရီးသည် တစ်ဦးသည် ဘူတာရုံအတွင်းရှိ စကြံအတွင်းဖက်သို့ ဝင်လာသည်။ ဘူတာရုံ၌ ရထားချိန်နီးမှ ရောက်လာသူတို့ကြောင့် ဘူတာရုံအတွင်း၌ ပျားပန်းခတ်သလို လှုပ်လှုပ်ရှားရှား ရွေ့လျားနေကြသော လူအုပ်များသည် များပြားလှပေ၏။

ရထားစီးနှင်း လိုက်ပါရန်အတွက် ကာရံထားသော သံဇကာအတွင်းသို့ ခရီးသွားလက်မှတ်များ ပြလျက် ဝင်ရောက်သူတို့ ဝင်ရောက်နေကြပြီ။

ကောင်း သည် သူ့အမြဲတမ်း ခရီးထွက်ရာတွင် ပါတတ်သော "အက်တာချီကေ့စ်" ခရီးဆောင်အိတ် အပြားကလေးတစ်လုံးကို လက်မှဆွဲလျက် တွေတွေကြီး ရပ်နေသည်။

သူ ထွက်ခွာရမည့် ခရီးကို တစိမ့်စိမ့် ပြန်တွေးကြည့်မိပြန်သောအခါ ဘဲဥကို အစရှာရသလို တိတိကျကျ အဖြေမရှိ။ မဝေဠ္ဌကို တွေ့ချင်သည့်စိတ်ကလည်း နှစ်ခွ။ သူ့အား မလိမ့်တပတ်လုပ်သွားသော မဝေဠ္ဌ၏ အပြုအမူကို မကျေမနပ်ခြင်းက တစ်မျိုး။ သူ့အား အလုပ်သဘောအရ ဆက်ဆံခဲ့တာပါဟု နှုတ်ကပြောခဲ့သော်လည်း မျက်လုံးအစုံကမူ သူ့အား ရီဝေသောအကြည့်၊ မှုးယစ်ဝေနေသော မျက်လုံး၊ ပြောသင့်သောစကားများကိုအတင်းချုပ်တည်းထားရဟန်တူသော မပြတ်သားသည့် နှုတ်ခမ်းဖူးငုံ၊ ဒါတွေကို တွေ့ခဲ့ရမြင်ခဲ့ရသော ကောင်းအဘို့ မဝေဠ္ဌအပေါ်တွင် "အပြစ်" တွေချည်း စုပုံချလိုက်လိုစိတ်မရှိ။ မဝေဠ္ဌ၏ အတွင်းစိတ်ကို ခွဲခြမ်းကြည့်လိုသည်။

မဝေဠ္ဌ၏ ရင်တွင်း နှလုံးသားများအကြားတွင် တစိမ့်စိမ့်ယိုစီးကျနေသော မလိမ်တတ်သည့် နှလုံးသွေးကို ထုတ်ယူ၍ အသေအချာ ခွဲခြမ်းကြည့်ချင်နေသည်။ သွေးသည် စစ်ဆေးရာ၌ အဖြေအမှန်ဆုံး ထွက်လာနိုင်သည့် အခြေအနေမှာ ရှိသည်။

သွေးသည် မုသားအဖြေကိုမထုတ်ဖော်တတ်။

သွေးသည် သစ္စာရှိခြင်းကိုလည်း ပြတတ်သည်။ သစ္စာမဲ့ခြင်းကိုလည်း ဖော်ပြသည်။

သွေးသည် ရဲရင့်ခြင်း၊ ကြောက်ရွံ့ခြင်းကိုလည်း ပြ၏။

သွေးသည် ချစ်ခင်ခြင်း၊ စိမ်းကားခြင်းကိုလည်း ဖွင့်၏။

သွေးသည် နှလုံးသား နူးညံ့မှုကိုလည်း တင်ပြသည်။

ရက်စက်ကြမ်းကြုတ်မှု၊ ခက်ထန်မာကျောမှုကိုလည်း သရုပ်ဆောင်၏။

မဝေဠ္ဌ နှလုံးသွေးကို ဖောက်ထုတ်ပစ်ပြီး စစ်ဆေးတန်လျှင် ကောင်းအဘို့ စစ်ဆေးရပေမည်။ မဝေဠ္ဌ၏ နှလုံးသွေးသည် ရက်စက်ခြင်း၊ ခက်ထန်ခြင်းတို့၏ သိမ်းသွင်းမှု အကြားတွင် ပျော်ပိုက်နေလျှင်ကား သွေးဆိုး၊ သွေးညစ်တို့အား မဝေဠ္ဌ၏ ခန္ဓာကိုယ်မှ ဖောက်ထုတ်ပစ်မည်ဟု ကောင်း တွေးပြီးသားပင်။

www.burmeseclassic.com

အကယ်၍ မဝေဠုအပေါ်တွင် ကောင်း အယူအဆလွဲခဲ့သည်ရှိခဲ့သော် မဝေဠု၏ နှလုံးသွေးအတွက် ကောင်း သည် သွေးကြွေးကျေသည်အထိ ကောင်း သည် မဝေဠုအတွက် ပေးဆပ်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

မီးရထားပေါ်သို့ တက်ရန်အတွက် ကာရံထားသော သံဇကာများအတွင်းသို့ ဝင်လိုက်သည်။

ရထားတွဲကို အရင်ရှာဖွေလျက် မိမိ၏ ခုံနံပါတ်ဆီသို့ ကောင်း နေရာယူလိုက်သည်။

ရထားတွဲပေါ်တွင် အခုအချိန်တော့ အတော့်ကို လူရှင်းသေးသည်။

ကောင်း သည် မိမိနေရာတွင် ဝင်ထိုင်ပြီးနောက် မျက်လုံးကိုအသာမှိတ်ပြီး အနားယူလိုက်သည်။

မည်မျှကြာသွားသည် မသိ။ ရထားထွက်ရန်အတွက် အချိန်ပင် စေ့လေပြီ။ ဘူတာရုံ အပြင်ဘက်၌ ရထားခရီးသည်ကို လိုက်ပါပို့ဆောင်ကြသူတို့သာ အချို့အဝက် ကျန်ခဲ့သည်။

ကောင်း ၏ ပတ်ဝန်းကျင်၌ အခါတိုင်းထက် လူနည်းသည်ကို တွေ့ရ၏။ အထူးသဖြင့် ကောင်း၏ နဘေးဘက်ရှိ ခုံနံပါတ်တွင် လူမရှိ။ ရထားလက်မှတ်ရောင်းသူကိုပင် စိတ်ထဲကကျိတ်၍ ကောင်း ကျေးဇူးတင်နေမိသေးသည်။

ရထားသည် ရန်ကုန်ဘူတာကြီးမှ စတင်၍ ထွက်လာခဲ့လေပြီ။

ညက အိပ်ရေးပျက်ခဲ့ခြင်းကို ယခုအခါတွင် ကောင်း . . . ကောင်းစွာ ခံစားနေရလေပြီ။ မျက်လုံးတို့ ကျိန်းစပ်လာသည်။ မျက်ခွံတို့ လေးလံလာသည်။ ရထားပြူ တင်းပေါက်ဖက်သို့မှီလျက် ကောင်း သည် ရသမျှအချိန်ကလေးကို အိပ်ပျော်ရန် ကြိုးစားကြည့်လိုက်သည်။

မှေးကနဲ အိပ်ပျော်သွားသည်။ နစ်နစ်မြိုက်မြိုက်ပင် အားပါးတရ အိပ်ပစ်လိုက်သည်။ ပတ်ဝန်းကျင်ကလူတွေ သူ့ကို ဘယ်လိုမြင်ကြမည်၊ ဘယ်လို ထင်ကြမည်၊ ဘယ်လို ယူဆကြမည်ကို သူ မတွေး။ မသိ။ သူ့အဖို့ ယခု ချက်ချင်း မန္တလေးသို့ ရောက်သွားသည်အထိ အိပ်လျက်လိုက်ပါသွားရလျှင်ပင် စိတ်လည်းသက်သာမည်၊ လူလဲ သက်သာမည်ဖြစ်သည်။

တောင်ငူသို့ ရောက်သောအခါ တို့ကနဲ ရထားရပ်သွားသည်။

လူတွေ ဆူဆူညံညံ အသံကိုကြားရသည်။ ကောင်း သည် မျက်လွှာကို အသာဖွင့်ကြည့်မိသည်။ ရထားဘူတာရုံ အသွင်အပြင်နှင့် ဈေးသည်တို့၏ အဆင်အယင်ကို မြင်ကတည်းက တောင်ငူသို့ ရောက်နေပြီဟု ကောင်း နားလည်လိုက်၏။ ဘူတာရုံ အတွင်းသို့ ဆင်းလာခဲ့သည်။ ရေပိုက်ခေါင်းများများစွာ တပ်ဆင်ထားသော ရေဘုံဘိုင်ကလေး၌ ကောင်း မျက်နှာသစ်သည်။

ဘူတာရုံရှိ ဈေးသည်တို့သည် ပဲစွည်းအမျိုးမျိုးကို အော်ဟစ် ရောင်းချနေကြသည်။ ကောင်း ဝမ်းဗိုက်ထဲက ဆာလောင်လာသည်။ ညကလည်း ဘာမှ မစားရ။

ကြက်သားကြော်တစ်တုံး ဝယ်လိုက်သည်။

"ရေခဲစိမ် ဘီယာ ရမယ်အစ်ကို"

"ဘယ်လောက်လဲ"

"ဆယ့်လေးကျပ်"

"နှစ်လုံးယူခဲ့ကွာ . . . ဟော့ ချာတိတ် ဖန်ခွက်တစ်လုံးပါ ယူခဲ့ကွာ"

ကောင်း သည် သူ၏ ဘောင်းဘီအိတ်အတွင်းမှ အစိတ်တန်တစ်ရွက် ဆယ်တန်တစ်ရွက် ထုတ်ပေးလိုက်၏။ ဘီယာရောင်းသော ကောင်ကလေးသည် သူ၏အဖော် ကောင်ကလေးအား လှမ်း၍မှာလိုက်၏။ သူကတော့ ကောင်း အရှေ့မှ မရွှေ့ သူ၏ လွယ်အိတ်ကလေးအတွင်းမှ အပေါစားဖန်ခွက် အဖြူရောင်လေးတစ်လုံးကိုကောင်း အားထုတ်ပေး၏။

မကြာခင် ရေခဲငွေ့များနှင့် ဘီယာပုလင်းနှစ်လုံးကို ဆွဲလျက် လူငယ်လေးတစ်ယောက် ရောက်လာ၏။ ကောင်း ဆီသို့ လှမ်းပေး၏။ ပုလင်းတစ်လုံးကို အဖုံးဖွင့်ပေးကြသည်။ ကောင်း သည် ဖန်ခွက်အတွင်းသို့ မငဲ့သေးဘဲ ပုလင်းလိုက် ဘီယာကို စမ်းသပ်သလို မော့သောက်ရင်း မြည်းလိုက်သည်။ ပြီးတော့ ရထားတွဲပေါ် တက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရထားပေါ်တွင် ဘီယာမသောက်ရန်အတွက် သူ့အတွက် ဘယ်သူကိုမှ အားနာစရာမရှိ။ သူ့ရှေ့ခုံတွင် သူလို အသက်တူရွယ်တူ လူရွယ်နှစ်ယောက်၊ ဘေးခုံတွင်မူ ကုလားအဖိုးကြီး သုံးယောက်နှင့် ကုလားမကြီးတစ်ယောက်။ သည်တော့ ခပ်ရဲရဲပင် သူဘီယာသောက်ရန်အတွက် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ဒါပေမဲ့ ကောင်း သတိချွတ်ယွင်းသွားခဲ့ပါသည်။

တောင်ငူတွင် ရထားရပ်ပြီဆိုသောအခါ သူ့ဘေးမှ နေရာဆီသို့ တစ်ဦးဦးရောက်လာနိုင်သည် မဟုတ်ပါလား။

ကောင်း သည် မိမိနေရာဆီသို့ ရောက်လုရောက်ခင်တွင် ခြေလှမ်းတို့ တုံ့ဆိုင်းသွားသည်။ သူထိုင်လာသော ရထားပြတင်းပေါက်ဖက်သို့ မျက်နှာမူလျက် တစ်စုံတစ်ဦးနှင့် စကားပြောနေသော မိန်းကလေးတစ်ဦးကို တွေ့ရသည်။

ဆက်မလျှောက်၍လည်း မဖြစ်တော့။ ရထားမှာ ပြန်ထွက်ရန်အတွက် ရွေ့လျားစပြုနေပြီ။

ကောင်း သူ့နေရာသို့အရောက်တွင် မိန်းကလေးနှင့် နှုတ်ဆက်နေသော လူရွယ်သည် ကောင်းအား လှမ်းကြည့်လိုက်သည်။

ကောင်း လက်ထဲက ဘီယာပုလင်း၊ ကြက်သားကြော်တို့ကို ကြည့်လျက် သူ့မျက်လုံးအစုံသည် ကောင်းအား လိုလားနှစ်လိုဖွယ်ရာ အကြည့်မျိုးမဟုတ်သော၊ သူ၏အဖော် မိန်းကလေးအတွက် စိုးရိမ်ပူပန်သော မကျေမချမ်းကြည့်သည့် အကြည့်မျိုးဖြင့် ကြည့်နေသည်ကို ကောင်း ခံစားရပါသည်။

ဒါပေမဲ့ ကောင်း မမှုပါ။ သူက ခရီးသွားမည့်သူ၊ ဟိုလူက လိုက်ပို့သည့်သူ၊ သူ့အနေနှင့် ထိုမျက်နှာမျိုး တစ်ယောက်မက တစ်ရာ တစ်ထောင်နှင့် ဝိုင်းကြည့်နေပါစေ မမှု။

သူနေရာတွင် ထိုင်လိုက်သောအခါ အဝါရောင် နှင်းဆီပန်းပွင့်ကြီးကြီးနှင့် ဖေဒါရောင် အင်္ကျီလက်ရှည်၊ အဖြူခံပေါ်တွင် ခရမ်းရောင် အပွင့်အခက်များနှင့် ချိုးစားကျနလုပသော အသက် နှစ်ဆယ် အရွယ်ခန့်ရှိမည့် မိန်းမရွယ်လေးတစ်ဦးကို တွေ့ရ၏။

အသားအရောင်က လတ်လတ်။ မျက်လုံးကလေး အစုံက ပြူးဝန်း၍ မျက်ခုံးမွှေးက ခပ်ထူထူ၊ နှုတ်ခမ်း မထူတထူလေးတွင် ပါးပါးလှပ်လှပ်ကလေး မသိမသာ ပန်းနုရောင် နှုတ်ခမ်းဆိုးဆေးလေး ဆိုးထား၏။

"ဒီက ညီမလေးကိုတော့ တောင်းပန်ပါတယ်ကွယ်"

ကောင်းက အရင်ဆုံး ဦးစွာ တောင်းပန်လိုက်သည်။ မိန်းကလေး ဆိုသည်ကား ခက်သော သတ္တဝါ။

သူတို့ကို ဦးစားပေး ဆက်ဆံသည်ကို နှစ်သက်၏။ သူတို့အား ချိုချိုသာသာ ဂရုတစိုက် ပြောသည်ကို သဘောကျ၏။ သူတို့ကို တောင်းပန်တတ်လျှင် လုလုပပကလေး ပြန်ပြုံးပြတတ်၏။

သူတို့ကိုလည်း လုံးဝ ဂရုမစိုက်၊ သူတို့ကိုလည်း ဂရုမထားလျှင် ဘာမှ မထူးခြားလှသော ဘီယာ အနံ့ကလေး ကိုပင် နှာခေါင်းတရှုံ့ရှုံ့နှင့် တလမ်းလုံး ရန်လုပ်၍ပြီးမည်မဟုတ်။

ယခုလည်းကြည့်။

ယယ်ယယ်ရွယ်ရွယ် မိန်းကလေး၏ အပြုံးကို ရ၏။

ပြီးတော့ . . .

"ကိစ္စမရှိပါဘူး။ လွန်းလွန်း နေတတ်ပါတယ်"

လွန်းလွန်းတဲ့။

နာမည်ကလည်း ရှားရှားပါးပါး။

ကောင်းလည်း ဘာမှဆက်မပြောတော့။ သူ့လက်ထဲမှ ဖောက်ပြီးလက်စ ပုလင်းတွင်းမှ ဘီယာများကို အကုန်လုံး အမြန်ဆုံးသောက်ပြီးသွားရန်သာ အရေးကြီးသည်။ ကျန်တစ်လုံးတော့ အံခြေအနေအရပေါ့။

သူသည် ဖန်ခွက်အတွင်းသို့ ဘီယာများကို ငှဲ့လိုက်၊ တစ်ခွက်ပြီး တစ်ခွက်သောက်လိုက်နှင့် ကြက်သားကြော်ပင်စားရန် သတိမရတော့။

"ရေဆာနေလို့လား . . . အစ်ကို"

"အော် . . . အင်း"

ကောင်းသည် ရှေရှေဝေးဝေး ဘာမှ မပြော။ အော် . . . အင်း ဟူ၍သာ ပြီးလွယ်စီးလွယ် ဖြေလိုက်တော့သည်။ ပုလင်းအတွင်း နောက်ဆုံးသောကျန်

www.burmeseclassic.com

ဘီယာများကို ဖန်ခွက်တွင်းသို့ ငှဲ့ထည့်ပြီး ပုလင်းကို ထိုင်ခုံအောက်သို့ အသာချထားလိုက်၏။

"လွှန်းလွှန်း ကိုကိုတွေ ပြောပြလို့ လွှန်းလွှန်း သိနေတာ ရေဆာရင် ဘီယာသောက်ရတယ်တဲ့၊ သိပ်ရေငတ်ပြေတာဘဲဆို...ဟုတ်လား"

သာလိကာမလေး။

ကောင်း စိတ်ထဲက ရေရွတ်လိုက်သည်။ သူ့အစ်ကိုတွေကလဲ ဓိုးသမားတွေထင်ပါရဲ့။ သူတို့လွတ်လွတ်လပ်လပ်သောက်ရအောင် ကြံဖန်ပြီး ပြောထားတာဖြစ်မည်။ ကောင်း ဘာမှ မပြော။ ပြုံးယဲ့ယဲ့နှင့် ခေါင်းကိုသာ အသာညိတ်ပြလိုက်သည်။

ကောင်း၏ ဖန်ခွက်ထဲ၌ ဘီယာတို့ကုန်သွားပြီ။

ထိုအခါ သာလိကာမလေးက ပြုံးလာပြန်၏။

"အစ်ကို..နောက်ထပ် မသောက်တော့ဘူးလား"

"ဟင်...အင်း"

"ရေဆာတဲ့အခါ ထပ်သောက်နော် လွှန်းလွှန်းဆီမှာ "ဂိုက်" ပါတယ်"

စေတနာတွေက ဒလဟောပါလား။

ကောင်း အနေရခက်ပါဘိ။ တော်တန်ရုံ ရိုတတ်၊ ကလိတတ်သည့် ယောက်ျား သားဆိုလျှင် ဘီယာရှိန်လေး တကြွကြွနှင့်နှုတ်အာ သွက်သွက်နှင့် မိတ်ဆက်မည်။ မထိတထိ မရိတရိ စကားလေးတွေ ပြောမည်။ ဘယ်သွားမလဲ၊ ဘာလုပ်သလဲ ဆိုတာတွေကို မေးမည်။ အခြေအနေ ကောင်းလျှင် အသားချင်း ထိလိုက်၊ ပေါင်ချင်းထိလိုက်နှင့် ဘသားချောတို့ အသားယူကောင်းလိုက်မည့် ကလေးမ။

ကောင်း လွှန်းလွှန်းဆိုသော ကောင်မလေးကို ကြည့်မိ၏။

ဟုတ်ပါသည် အသက်မှ နှစ်ဆယ်ပြည့်ရုံလောက်သာရှိပေလိမ့်ဦးမည်။

မျက်နှာကလေးကတော့ ရိုးရိုးသားသားလေး၊ ဘာဆိုဘာမှ သိတတ်မည့်ပုံမျိုးမဟုတ်။ အစ်ကိုတွေ၊ အစ်မတွေ၊ အမေတွေ အဖေတွေကြားတွင် ဆိုးချင်တိုင်းဆိုး၊ နွဲ့ချင်တိုင်းနွဲ့၊ ခရာချင်တိုင်းခရာ၊ တာချင်တိုင်း တာမည့်ပုံစံမျိုးလေး။

သို့သော်...ကောင်းသည် ကလေးမလေးကို အထင်မသေးဝံ့။ သည်လမ်းသည်ခရီးကို တစ်ယောက်ထဲ ခရီးထွက်လာရဲသော သတ္တိကိုတော့ ချီးကျူးစရာပင် ဖြစ်တော့သည်။ တစ်ဦးဦးက စောင့်ရှောက်လိုက်ပါရမည့် အရွယ်လေးသို့ပေမဲ့ ယခုတော့သူမက တစ်ယောက်မှ တစ်ယောက်ထဲ။

စကား မပြောမိရန်...ရည်ရွယ်လျက် စီးကရက် တစ်လိပ်ကိုထုတ်ယူပြီး သောက်လိုက်သည်။ မိန်းကလေးသည် အပြင်ဖက်က မြင်ကွင်းတွေကို ကြည့်နေရင်းမှ မျက်နှာပြန်လှဲလာပြီး ဒီးချိုစပ်အထုပ်ကလေး တစ်ထုပ်ကို သူ၏ ခရီးဆောင် ကြိမ်ဆွဲခြင်းကလေးထဲမှ ထုတ်ယူပြီး ပလပ်စတစ်ကို ဖောက်နေသည်။

"စားပါအုံး...အစ်ကို"

"နေပါစေကွယ်"

ကဲ...မခက်လား။

ကောင်း ပါးစပ်မဖွင့်၍မရ။ မပြောချင်၍လည်း မဖြစ်။

"ညီမလေးက...ဘယ်ကို သွားမှာလဲ"

"မေမြို့..."

ဟော...ပြတ်ချင်တော့လည်း ခပ်ပြတ်ပြတ်၊ တစ်ခွန်းထဲ ပြော၏။ ကောင်း ဘာမှ ဆက်မပြောတော့။ စီးကရက်ကိုသာ နှစ်နှစ်ခြိုက်ခြိုက် ဖွာနေသည်။ အိုက်၍ဘဲလား၊ ပူလောင်၍ဘဲလားမပြောတတ်။ ခေါက်ယပ်တောင် နံ့သာလေးကလေးဖြင့်သာသာညှင်းညှင်းလေး ခတ်နေသည်။

နံ့သာနံ့ကလေးမှာ ကောင်း၏ နှာခေါင်းဝသို့ ကလူနေ၏။

လွှန်းလွှန်းထံမှ "ရှယ်နယ်နံပတ်ဖိုက်" ရေမွှေးနံ့ကလေးက နံ့သာနံ့ကလေး၏ အလွှတ်တွင် ဝင်ဝင်ပြီး နေရာယူလာ၏။

မြန်မာ ယပ်တောင် နံ့သာနံ့ကလေးတလှည့်၊ နိုင်ငံခြားဖြစ် ရှယ်နယ်ရေမွှေးနံ့က တစ်လှည့်နှင့် ကောင်း၏ အာရုံတို့ကို လှုပ်ရှား အလုပ်များနေစေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

စီးကရက်တစ်လိပ်ကုန်ခါနီးတွင် ကောင်း နောက်ထပ်တစ်လိပ်ကို မီးချင်း ကူးလျက် ညှိရန် ပြင်လိုက်၏။

“အား . . . ဆေးလိပ်တွေချည့် အရမ်းသောက်နေတာဘဲ။ ဆေးလိပ်နံ့ကို လွှန်းလွှန်းမခံနိုင်ဘူး”

ကောင်း မျက်လုံးပြူးသွားသည်။ စီးကရက်နံ့တော့ မခံနိုင်ဘူးဟု ခါးခါးသီးသီးငြင်း၏။ ဘီယာနံ့တော့ ဘာမှ မပြော။ ကောင်း ဘာမှမပြော ပြုံးလိုက်၏။

“ပြတင်းပေါက်ဖက်ကို မျက်နှာလှည့်ထားပေါ့ကွယ်”

လွှန်းလွှန်းဆိုသော သူငယ်မလေး ကောင်းစကားကို ကြားသော နှုတ်ခမ်းကလေးများကို သူ၏ သွားကလေးများနှင့် ဖိကိုက်ထားလိုက်သည်ကို တွေ့ရသည်။ ကောင်းကို ဘာဆိုဘာမှတော့ ဆက်မပြောတော့၊ ကောင်းပြောသည့်အတိုင်း ပြတင်းပေါက်ဘက်သို့ မျက်နှာလှည့်ထားလိုက်သည်။ ကောင်းသည် မသိမသာ ပြုံးမိ၏။ ဟိုဘက်သို့ မျက်နှာလှည့်လေလေ သာလီကာမလေး သူ၏ အပြုအမူများကို မမြင်လေ နှုတ်ခမ်းကို သွားနှင့် ဖိကိုက်ထားလေလေ၊ သာလီကာမလေး ပါးစပ် မပွင့်လာလေလေ၊ နာအေးလေလေပင်။

ကောင်းသည် မျက်လုံးကလေးကို မှိန်းလိုက်သည်။ စီးကရက်ကို အသာကလေး ဖွဖွရှုရှု ကိုက်ထားရင်း ဖွာနေမိသည်။

စီးကရက်တစ်လိပ် ကုန်ခါနီးတော့ ခြေနင်းတွင် ပစ်ချပြီး ရှူးဘိနပ်ဦးကလေးဖြင့် နင်းချေပစ်ပြီး၊ ခုံကို နောက်မှီလျက် ကောင်းမှိန်းလိုက်သည်။

လွှန်းလွှန်းသည် အသာအယာ အတွင်းသို့ ပြန်လှည့်လာ၏။ ပြတင်းပေါက်မှ လေတိုးလွှန်းသဖြင့် သူ၏ ဆံပင်ကလေးများကို ခုန်ပေါက်ဆော့ကစားနေကြသည်ကို ပြန်သိမ်းနေရသဖြင့် ဇီးချိုစပ် အထုပ်ကလေးကိုမှ မစားရ။

သည်ဖက်သို့ ပြန်လှည့်လာပြီး ကောင်းကို အကဲခတ်ကြည့်၏။

ကောင်းမှိန်းနေသည်ကို တွေ့ရသောအခါ သူမဖာသာ တစ်ယောက်တည်း ဇီးချိုစပ်ထုတ်ကလေးမှ ဇီးသီးများကို ပလပ်စတစ်ထုပ်ကလေးအတွင်းမှ ညှစ်၍ ညှစ်၍ ထုတ်ရင်း စားနေသည်။

နေ၏ . . . နေသည် ပူလောင်လှသည်။

ရထားတွဲအတွင်း၌ ပန်ကာ မရှိ။ အပြင်မှ တိုက်ခတ်သော လေတို့ကလည်း နေပူပူက ဖြတ်သန်းလာရသော လေပူပူများဖြစ်သောကြောင့် အိုက်စပ်လာသည်။ နံ့သာယပ်တောင်လေးကို တဖျတ်ဖျတ် ခပ်နေသည်။

တစ်နေရာအရောက်၌ ရထားရပ်သွား၏။

တွဲတစ်တွဲမှာ ရထားတွဲ ထိန်းသည့် ဘရိတ်ရော့ဒ်တန်းကြီး ပြုတ်ထွက်၍ သံလမ်းဖြင့် တိုက်မိပြီး တရွတ်တိုက်ပါလာသဖြင့် ပြုပြင်ရန် ရပ်လိုက်ခြင်းဖြစ်သည်။

ကောင်း အိပ်နေရာမှ နိုးလာသည်။

ရထားပေါ်မှ လူတို့ ရထားတွဲပေါ်မှ အလျှိုအလျှိုဆင်းကြည့်ကြ၏။

ဘရိတ်တန်းကို ဖြုတ်ပစ်ရန် ကြာဦးမည်ဟု ကြားရသည်။

ကောင်းလည်း ဘီယာတစ်လုံးကို ဆွဲယူလျက် ကုက္ကိုပင် တစ်ပင်အောက်သို့ ဝင်ခဲ့သည်။ အရိပ်ကောင်းကောင်းနေရာကိုရှာပြီး ကျကျနန ထိုင်လိုက်သည်။ ပြီးတော့ ဘီယာပုလင်းအဖုံးကို သွားဖြင့် ကိုက်ဖွင့်ရန် ကြိုးစားနေစဉ် အံ့အားသင့်စွာ ရပ်တန့်သွားသည်။

“လွှန်းလွှန်းဆီမှာ ဂိုက်ပါတယ်လို့ ပြောသာယားနဲ့ အလာကား သွားအနာခံပြီး ဖွင့်နေတယ်။ သွားကျိုးသွားရင် ဘယ့်နယ် လုပ်မလဲ။ အစ်ကိုတို့ယောက်ျားတွေဟာ ခေါင်းကို မာတယ်။ ဖြစ်သလို သိပ်လုပ်တာပဲ”

ကောင်း စိတ်ညစ်သွားသည်။

အေးအေးဆေးဆေး ဘီယာလေး သောက်ဖို့ စိတ်ကူးပါတယ်၊ သာလီကာမလေးသည် ဝယ်မမွေးရပါဘဲနှင့် သူ့နားတွင် တရစ်ဝဲဝဲ လုပ်နေ၏။

ကောင်း သူမထံမှ ဖောက်ထံကို လှမ်းယူပြီး ဖောက်လိုက်၏။ မဖောက်မီ ဘီယာပုလင်းကို ခပ်ဆောင့်ဆောင့်လေး လုပ်ထားသဖြင့် ဘီယာများ

www.burmeseclassic.com

ပန်းထွက်လာပြီး ကောင်းမလေး၏ လုံချည်၌ ပေကုန်၏။

"မတော်လို့နော်..."

မျက်နှာထား ပျက်သွားသော လွန်းလွန်းကို ကောင်း တောင်းပန်လိုက်သည်။ တကယ်ဆိုတော့ တမင်လုပ်ခြင်းဖြစ်သည်။ ဒါမှ သာလီကာမလေး သူ့အနားတွင် မနေဘဲ ပြန်သွားမည်ဖြစ်သည်။ ကောင်း အတွေးတို့ လွှဲပြန်သည်။

"ကိစ္စမရှိပါဘူး အစ်ကို ...မတော်တဆ ဖြစ်တာဘဲ"

လွန်းလွန်းသည် ပြောပြောဆိုဆိုနှင့် ကုက္ကိုပင် ခြေရင်းမြေပေါ်တွင် ပေါ်နေသည့် သစ်ပင်ဆုံကြီးတွင် တင်ပလွဲဝင်ထိုင်လိုက်သည်။ ကောင်းသည် လွန်းလွန်းကို ကြည့်လျက် သက်ပြင်းရှိုက်လိုက်သည်။ လွန်းလွန်းသည် ကောင်းကို လှမ်းကြည့်လိုက်၏။ ပြီးတော့ ခပ်ယဲ့ယဲ့ အပြုံးမျိုးဖြင့် ...

"အစ်ကို က မန္တလေးကို သွားမှာလား"

ဖန်ခွက်တွင်းသို့ ဘီယာများ သွန်ထည့်နေပြီဖြစ်သော ကောင်း၏ လက်များသည် ရပ်တန့်သွားသည်။ ဘီယာကို မသောက်သေးဘဲ လွန်းလွန်း သူ့အနီးမှ ထွက်ခွာသွားရန် နှင်ထုတ်နိုင်သည့် စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး မီးညှိဖွာလိုက်၏။ သွားပြန်ပြီး ခုတစ်ကြိမ်။ ကောင်း မလေ့လာမိပါလား။ လေက လွန်းလွန်းဖက်မှ တိုက်ခတ်လာသည့်အတွက် စီးကရက်မီးခိုးများ လွန်းလွန်းဆီသို့ မရောက်။ ကောင်း နာလည်ဘို့ကောင်းသည်။ လွန်းလွန်းထံမှ ရေမွှေးရနံ့သည် ကောင်း ဆီသို့ ကူးလူးနေသည် မဟုတ်ပါလား။

အရာရာတွင် အတွေးအခေါ် အယူအဆမှန်ကန်စွာ တွေးနိုင်ခဲ့သည့် ကောင်းမှာ ယခု လွန်းလွန်းနှင့် တွေ့ရသောအခါ အရှုံးပေးရတော့မလို ဖြစ်နေ၏။

"အစ်ကိုလဲ မေမြို့ကို သွားမှာဘဲ"

"ဟယ်...ဟုတ်လား၊ ဒါဖြင့် လွန်းလွန်း အဖော်ရတာပေါ့"

အော်...သူလဲ ငါ့လို အဖော်ကို ခင်ရာတဲ့ ကလေးမ ပါလား။ ကောင်းသည် လွန်းလွန်းကို ကြည့်လျက် ရင်ထဲမှ မှတ်ချက်ချပစ်လိုက်သည်။

လွန်းလွန်းကိုကြည့်ရတာ တကယ့်ကလေးမ ကလေးတစ်ယောက်ပင်၊ ဘာဆို ဘာမှ မသိ၊ ကောင်း စိမ်းသည် ကျက်သည်လည်း မသိ၊ ဆိုးသည် ကောင်းသည်လည်း မသိ၊ သူ ဘာဆို ဘာမှ မသိ၊ ဒါနှင့်ပင် ရောရောနှောနှော စကားပြောတတ်သည်။

လွန်းလွန်းကို ကောင်း အကဲခတ်ရ ခက်လှပေသည်။

ခက်ပေမပေါ့...လွန်းလွန်းသည်လည်း မိန်းမတစ်ဦးပေကိုး။

"အစ်ကို အလည်သွားတာလား"

ကောင်း သည် ဘီယာဖန်ခွက်ကို ညာဖက်လက်မှကိုင်ထားရင်း လွန်းလွန်း၏ အမေးကို ခေါင်းညိတ် ပြလိုက်သည်။

"အသိရှိသလား..."

ကောင်း ခေါင်းခါပြသည်။

"တည်းခိုဘို့ရော..."

"ကောင်း ထပ်၍ ခေါင်းခါပြသည်။

"ဘယ်မှာတည်းမှာလဲ တည်းခိုခန်းမှာလား"

ကောင်း ပထမအမေးကို ခေါင်းခါသည်။ နောက်အမေးကို ခေါင်းညိတ်ပြသည်။

"အစ်ကို ဘာလုပ်သလဲ၊ စပ်စုတယ်လို့ မထင်ပါနဲ့နော်..."

အင်း...စပ်စုတာကို စပ်စုတယ်လို့ မထင်ပါနဲ့ဆိုတော့ ဘယ်လိုများ ထင်ရမည်ဟု ကောင်း မတွေးတတ်အောင် ဖြစ်လာ၏ ဘာမှမပြောဘဲ အသာပင် ငြိမ်သက်နေလိုက်သည်။ ဘီယာကိုသာ အသာဖြေးဖြေး စုပ်ယူသောက်နေမိသည်။

"အစ်ကို ဘာလုပ်လဲလို့"

လွန်းလွန်းက ထပ်မေးလာ၏။ ကလေးလေး တစ်ယောက်လိုမေးနေ၏။


"ဘာမှ မလုပ်ဘူး"

ကောင်းသည် ပြတ်တောက်စွာ ပြောလိုက်၏။

ရှေ့လဆက်ရန်

မောင်ဒေဝ

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ထင်ယောင် ဝိုးတဝါး

■ မြမြလှိုင်

ဒီအဖြစ်အပျက်ကို ပြန်ပြောပြရမယ်။

ကြောက်စရာ၊ လန့်စရာ၊ ရင်တုန်စရာတွေနဲ့အတူ ကြေကွဲဝမ်းနည်းရပါတယ်။ ဒါပေမယ့် တစ်သက်မမေ့နိုင်စရာပဲ။ မနေ့တစ်နေ့က ဖြစ်ပျက်ထားသလိုပဲ လတ်တလောခံစားနေရတယ်။ ကြုံခဲ့ဆုံခဲ့ရတာတွေကို မေ့လို့မှ မရနိုင်တာ။

၁၉၇၁ ခု၊ ဒီဇင်ဘာလ ၂၄ ရက်၊ ၅၀၈-လင်ဘာလေကြောင်းကုမ္ပဏီက လေယာဉ်နဲ့ လီမာ၊ ပီရူးကနေ ပူးလ်ကာလ်ပါးဆိုတဲ့ ရွာကလေးကို ဖြတ်သန်းပြန်လာခဲ့တဲ့အချိန်က စရမယ်။ ၄၇၅ မိုင် ဝေးပြီး အင်ဒီးစ်တောင်တန်းကို ဖြတ်ကျော်လာခဲ့ရတယ်။ ကျွန်မနဲ့အတူ မေမေပါလာတယ်။ ကျွန်မတို့သားအမိက ခရစ္စမတ် နာတာလူးပွဲတော်ရက်အတွင်းမှာ အားလပ်ရက် အချိန်ကလေးရလို့ ဖေဖေ့ဆီကို လိုက်လာကြတာပါ။ ဖေဖေနဲ့ မေမေက ဂျာမနီနိုင်ငံ၊ ပီရူးမြို့မှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅ နှစ်ကျော်လောက်က နေထိုင်လာခဲ့ပြီး တိရစ္ဆာန်တို့ရဲ့ သဘာဝကို လေ့လာလိုက်စားတဲ့ ပညာရှင်တွေ ဖြစ်ကြတယ်။ အဖေခရီးထွက်ရာ တောလမ်းတစ်လျှောက်ကို မေမေနဲ့ ကျွန်မက ကျောင်းပိတ်ရက်ဆို အမြဲလိုက်နေကျဖြစ်တယ်။

တငြိမ့်ငြိမ့်တက်လာတဲ့ လေယာဉ်ပျံပေါ်မှာ ကျွန်မတို့သားအမိ လိုက်ပါတယ်။ ဂျူလီယာတိုပက်ဆိုတဲ့ ကျွန်မအမည်ကို မေမေက 'ဂျူလီ' လို့ပဲ ခေါ်လေ့ရှိတယ်။ အသက် ၁၇ နှစ်ရှိပေမယ့် ကျွန်မကတော့ မေမေ့အနားမှာ ဆိုးလို့နွဲ့လို့ ကောင်းတုန်းပေါ့။ အပြင်ကို ငေးကြည့်ချင်တဲ့အတွက် ပြူတင်းပေါက်နားမှာ ကျွန်မထိုင်ပြီး မေမေက ကျွန်မဘေးနားမှာထိုင်ပြီး လူသွားလမ်းခြားထားပြီး တခြားတစ်ဖက် နေရာတွင် ကျွန်မမသိသော မျက်နှာစိမ်းများပင် ဖြစ်ကြသည်။ ကျွန်မတို့ကို သယ်ဆောင်လာတဲ့ လေယာဉ်ပျံက ပုံမှန်အခြေအနေအတိုင်း မြင့်တက်လာပါတယ်။ ဆီးနှင်းတွေ ထူထပ်သိပ်သည်းစွာ ဖုံးနေတဲ့ အင်ဒီးစ်တောင်ကို ဖြတ်ကျော်ရတော့တယ်။ မနက်စောစော လှပစွာ မြင်တွေ့ရတဲ့ မြင်ကွင်းမှာပင် တချို့နေရာတွေမှာ အစိမ်းရောင်လွှမ်းပြီး မြသားရောင် ကမ္ဗလာ ဖြန့်ကြက်ထားသလို တောတန်းကြီးတွေလည်း တွေ့ရတယ်။ လိုက်ပါစီးနင်းလာတဲ့သူတွေအားလုံး အားလပ်ရက်အတွက် အပန်းဖြေလာတဲ့အရသာကို အပြည့်အဝ ယူနေကြပါတယ်။ စာဖတ်တဲ့သူဖတ်၊ အချင်းချင်း ဆူညံဆူညံ စကားပြောသူတွေလည်း ကြားနေရတယ်။

ရာသီဥတု သာသာယာယာနဲ့ ပျံသန်းနေတဲ့ နာရီပိုင်းအတွင်းမှာ ကြည့်လိုက်ရင် လီမာနဲ့ ပူးလ်ကားလ်ပါး ခရီးစဉ်ရှုခင်းက ကမ္ဘာပေါ်မှာ အလှဆုံးလို့ သတ်မှတ်ရမယ်။ အလှအပကို အာရုံခံစားနေတဲ့အချိန် နာရီကြာလာတော့ တောင်တန်းတွေပေါ် ဖြတ်ကျော်လာတဲ့အခါမှာ ပတ်ဝန်းကျင်အမြင်က ကြည်ကြည်လင်လင် မရှိတော့ဘဲ ပိုးတိုးဝါးတားသာ မြင်ရတော့တယ်။ မိုးသီးမိုးပေါက်ကြီးကရုတ်တရက် ပြူတင်းပေါက်မှန်ကိုရိုက်ခတ်လာတယ်။ မမျှော်လင့်ဘဲ လေမုန်တိုင်းပါ တိုက်လာတယ်။ လျှပ်စီးတွေကလည်း မိုးမှောင်ကြီးကျပြီး အဆက်မပြတ် လက်နေတယ်။ လေကလည်း တိုက်လိုက်တာ အထိန်းအကွပ်မရှိ။ ကြောက်ခမန်းလိလိပဲ။ ရုတ်တရက် မိုးထစ်ချုန်းသံနှင့်အတူ လျှပ်ရောင်ကိုလည်း ဝင်းခနဲ မြင်လိုက်ရတယ်။ ကျွန်မတို့စီးလာတဲ့ လေယာဉ်ကလည်း ယိမ်းထိုးလှုပ်ရှားနေတယ်။ ခရီးသည်တွေ မျက်နှာမှာ ကိုးကွယ်ရာမဲ့စွာနဲ့ စိုးရိမ်ထိတ်လန့်မှုကို ခံစားနေကြရတယ်။

လေယာဉ်ဟာ ဆောက်တည်ရာမရအောင် လူးလာတယ်။ ခရီးသည်ထိုင်ခုံတွေဟာ အထိန်းအကွပ်မဲ့ပြီး ယိုင်နေကြသလို အပေါ်မှာတင်ထားတဲ့ လက်ကိုင်အိတ်တွေလည်း ပြုတ်ကျပြီး ခေါင်းကိုထိမှန်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ယောက်က ရိုက်နှက်လိုက်သလိုပဲ ကျွန်မမြင်လိုက်ရတယ်။ စူးရှတောက်ပလွန်းတဲ့ အဝါရောင်မီးလုံးကြီးက ပျံ့ဝဲပြီး တိုးဝင်ပစ်လွှတ်လိုက်သလိုပဲ ကြောက်ရွံ့တုန်လှုပ်စွာနဲ့ ကျွန်မ အမေ့မျက်နှာကို ကြည့်လိုက်တယ်။

"ကိုယ်ကျိုးနည်းပြီနဲ့တူတယ် သမီးရယ်"

ကျွန်မ နောက်ဆုံးကြားလိုက်ရတဲ့ အမေ့အသံပါ။ သည့်နောက် ဘာဆိုဘာမှ ကျွန်မမသိတော့ဘူး။ သတိရတဲ့အချိန်မှာတော့ ပြောမပြတတ်နိုင်လောက်အောင်ကို ချောက်ချားဖွယ်မြင်ကွင်းကို မြင်လိုက်ရတယ်။ ပျံ့ဝဲနေတဲ့ လေယာဉ်အတွင်းကနေ ကျွန်မ ဘယ်လိုများ အပြင်ဘက်ရောက်လာသလဲ မသိဘူး။ ထိုင်ခုံမှ သားရေခါးပတ်ကြိုးကလည်း ပတ်လျက်သား ရှိနေတယ်။ လေထဲမှာ အသည်းအေးပြီး ချောက်ချားလောက်အောင်ကို တစ်ပတ်ပြီးတစ်ပတ် ပျံ့ဝဲပြီး ပန်းချုံကြီးတစ်ခုပေါ် ကျလာတဲ့အချိန်မှာ ကျွန်မလည်း ထိတ်လန့်ကြောက်ရွံ့စွာနဲ့ မျက်လုံးစုံမှိတ်ရင်း သတိလစ်သွားတယ်။

ကျလာတဲ့ မိုးရေစက်တွေကြောင့် ကျွန်မ မျက်လုံးအစုံ ပွင့်လာတယ်။ အလင်းရောင်က ရှိနေတုန်းပဲ။ ကျွန်မ အနားမှာ လေယာဉ်ခုံပျက် သုံးလုံးကို တွေ့ရတယ်။ ကျွန်မအမေရဲ့ အရိပ်အယောင်ကို လုံးဝမတွေ့ရတော့ဘူး။ တခြားသူတွေရော သူတို့ကိုလည်း မတွေ့ရတော့ဘူး။ ကျွန်မနားထဲမှာ ဆူဆူညံညံ အသံတွေနဲ့အတူ ဖားအော်သံကိုလည်း ကြားရတယ်။ မိုးကလည်းမစဲဘူး။ ရွာနေတယ်။ ကျွန်မ တစ်ကိုယ်လုံးကိုကြည့်လိုက်ရင် အဝတ်တွေက စုတ်ပြတ်ပြီး ဖိနပ်ကတစ်ဖက်၊ လက်ကောက်တစ်ကွင်းနဲ့ မျက်မှန်လည်းမရှိတော့ဘူး။ ကြည့်လို့သာ ကြည့်ရတယ်။ ကျွန်မမျက်လုံးတွေက ထိမိခိုက်မိထားလို့ ပွန်းပဲ့ပြီး ဖူးယောင်နေတာ မနည်းအားယူကြည့်ရတယ်။ ခေါင်းကလည်း ခိုက်မိထားလို့ မထိနိုင်အောင်နာပြီး ခြေဖမိုးကလည်း ကွဲထားရှထားတာတွေက သွေးသံတရဲရဲနဲ့ပေါ့။ ထိတွေ့ရတာ ထုံကျဉ်နေတယ်။ အားယူပြီးထကာ ပတ်ဝန်းကျင်ကို လှေ့လာလိုက်တယ်။ ဒီတစ်ညလုံး ဒီမှာပဲ အိပ်ရမှာကို စဉ်းစားရင်း တုန်လှုပ်မိတယ်။ မပျော်တစ်ဝက် ပျော်တစ်ဝက်နဲ့ အိပ်ရမယ့်အဖြစ်ပဲ။ အမေ့ကို သတိရပြီး ငိုမိတယ်။ အားရပါးရ အော်ဟစ်ငိုယိုဖို့ ပါးစပ်က သွေးတွေနဲ့ ခြောက်ကပ်လျက်ရှိတယ်။

နားထဲမှာ အမေ့အသံကြားရတယ်။ လေသံနဲ့အတူ တိုးတိတ်ညင်သာစွာပဲ အနားကပ်ပြီး ခေါ်သံလိုလို ထင်ရတယ်။ မျက်လုံးဖွင့်ကြည့်တော့မှ မိုးလင်းမှန်းသိရတယ်။ နောက်ကျိရှုပ်ထွေးနေတဲ့စိတ်ကို ဖျောက်ပစ်လိုက်ပြီး မတ်တတ်ကောင်းကောင်း မရပ်နိုင်သေး၍ လေးဘက်သွားပြီး မြင်သမျှကို ကြည့်ရတယ်။ ခပ်လှမ်းလှမ်းမှာ ကျွန်မနဲ့ရွယ်တူ မိန်းကလေးသုံးယောက် ကိုယ်ခန္ဓာတချို့ ပိုင်းပြတ်နေတယ်။ အသက်မရှိတော့တဲ့ အလောင်းတွေကိုသာ မြင်ရတယ်။ တဖြည်းဖြည်း လာလိုက်တာ လေယာဉ်ကိုယ်ထည်ကြီးကို တစ်ပိုင်းတစ်စ ခပ်လှမ်းလှမ်းမှာ တွေ့ရတယ်။ ကျွန်မလက်ထောက်ထားတဲ့ နေရာမှာ သားရေကျောပိုးအိတ် တစ်လုံးက ဖရိုဖရဲ ပွင့်ကျနေတယ်။ အဝတ်အစားတချို့နဲ့ သကြားခဲထုပ်လေး တစ်ထုပ်။ နောက် ကိတ်မုန့်တစ်လုံး။ ကိတ်မုန့်ကို ကျွန်မ မြည်းကြည့်လိုက်တယ်။ အရသာကင်းမဲ့ပြီး ပျက်စီးနေပြီ။ သကြားလုံးထုပ်ကိုတော့ ကျွန်မ မ,ယူလိုက်ပြီး တုတ်ရှည်ရှည် ခပ်ကြီးကြီးတစ်ချောင်းရှာပြီး ဆောင်ထားရတော့တယ်။

အဲဒီတုတ်ရှိမှလည်း ဖြစ်မယ်။ အဆိပ်သိပ်ပြင်းတဲ့ မြွေဆိုးတွေ၊ ပင့်ကူအကောင်ကြီးတွေ၊ ပရွက်ဆိတ်တွေဆိုတာ နေရာအနှံ့မှာ ရှိနိုင်သလို တောကောင်ကြီးတွေဖြစ်တဲ့ ကျားနက်၊ ကျားသစ်တွေကိုလည်း ရှိတယ်ဆိုတာ အမေက ပြောပြခဲ့ဖူးတယ်။

တုတ်ကိုအားပြုပြီး ကျွန်မ ဖြည်းဖြည်းလျှောက်လာခဲ့တယ်။ အမေ့ကို ရှာရမယ်။ အသက်ရှင်လျက်နဲ့တော့ အမေ ရှိမည်မထင်။ ရင်ထဲတွင် ဖော်မပြနိုင်လောက်အောင် ဝမ်းနည်းပြီး အမေ့ကို တမ်းတမိသည်။ ခြေတစ်လှမ်းလှမ်းတိုင်း နာကျင်ပြီး ခက်ခဲလွန်း၍ ဖြည်းဖြည်းနားပြီးမှ လျှောက်ရသည်။ တုတ်နဲ့ ဟိုဆွဒီဆွလုပ်ပြီး ရှာကြည့်သည်။ လေတိုက်သံလိုလို နားထဲတွင်ကြားလာရသည်။ လေသံနှင့်အတူ အမေ့အသံကိုပါ ကြားရသလိုပင် ခပ်ဝေးဝေးက လှမ်းအော်ပြောနေသည့်ပမာ ပီပီသသ သဲသဲကွဲကွဲ ကြားရသည်။

"သမီးဂျူလီ . . ရှေ့ကိုတဖြည်းဖြည်းသွား။ စမ်းချောင်းကလေးကို



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရမယ်။ အဲဒီကနေဆက်ပြီး စမ်းချောင်း စတင်စီးရာ အထိလိုက်''

အမေ့အသံကိုကြားမှ သတိရလာသည်။ မကြာခဏ တောထဲကို အဖေတို့နှင့်အတူ ခရီးထွက်လျှင် လမ်းပျောက်ပါက စမ်းချောင်းတစ်ခုခုကို တွေ့အောင်ရှာပြီးလိုက်ရန်၊ သည်မှတစ်ဆင့် မြစ်ကိုရှာပြီးသည့်အခါ လူသွားလမ်းတစ်ခုကို တွေ့နိုင်သည်ဟု ပြောထားဖူးသည်။ ယခု အမေ့အသံကြောင့် မှတ်မိလာသည်။

သို့သော်လည်း တွေ့ရသည့် စမ်းချောင်းကို ဘယ်လောက်အရှည်အထိ သွားရဦးမည်မသိ။ မြစ်ကလည်း အပူပိုင်းဖုန်နယ်အတွင်းဖြစ်၍ တော်တော်ခဲခဲယဉ်းယဉ်း ရှာရပေမည်။ အနည်းဆုံး ကိုက်တစ်ရာလောက် လျှောက်ရမည်။ သည်မြစ်၊ သည်ချောင်းတို့တွင် သွေးဆာနေသော ခြင်ပေါင်းများစွာက စောင့်ကြိုနေကြသည်။

''သမီး အားမလျှော့နဲ့ ဆက်လျှောက်''

ညာဘက်လက်မောင်းကို လေစိမ်းတိုက်လိုက်သည့်ပမာ ကြက်သီးဖျန်းကလေး ထသွားသည်။ အမေ့အသံမှ အမေ့အသံ အစစ်ပင်။ ခပ်လှမ်းလှမ်းက လှမ်းပြောနေသယောင်ယောင်။ သည်တောခေါင်ခေါင်ထဲတွင် ကြာရှည်ရပ်တည်ဖို့ရာ မဖြစ်ပေ။ သွေးစုပ်မျှော့ကြီးများမှာ အသည်းယားဖွယ်ရာပင်။ အက်ကွဲကြောင်းများဖြင့် ကျွန်မခြေဖဝါးတို့မှာ သွေးစများစီးနေသည်။ သွေးရနံ့ရလျှင် တွယ်လာမည့် မျှော့ကြီးတို့၏ဒဏ်ကို ကျွန်မ မခံနိုင်ပေ။ တဖြည်းဖြည်း တတ်နိုင်သလောက် ဆက်လျှောက်လာခဲ့ရသည်။ စမ်းချောင်းက မဆုံးသေး။ သမီးရေ၊ သမီးဟုခေါ်နေသည့် အမေ့အသံကို ကြားနေရသလိုလိုပင်။ စားစရာ ရိက္ခာအနေနှင့် ကျွန်မတွင် သကြားလုံးကလေးများသာ အနည်းငယ်ကျန်တော့သည်။ ဖိနပ်မပါသည့် ခြေထောက်များကလည်း ရောင်ကိုင်းနေ၍ အားခဲကာ မနည်းလမ်းလျှောက်ရသည်။ ယင်မမဲရှိုင်းတို့က လေယာဉ်ပျက်ထဲက အုပ်စုလိုက်ထွက်လာကြသည်ကိုလည်း တွေ့ရသည်။

အနားဝန်းကျင်တွင် လူသေအလောင်းများကို တွေ့ရသည်။ ယင်တွေအုံနေသည်။ ဆက်မကြည့်ရဲတော့ဘဲ ထွက်လာခဲ့သည်။ တဖြည်းဖြည်းနှင့် ညဥ့်အမှောင်သန်းလာသည်။ မိုးရေဆွတ်ထားသည့် အဝတ်စမှ ရေကို အာစွတ်ရုံသောက်ပြီး သကြားလုံးကို နည်းနည်းဖဲ့ပြီး ပါးစပ်ထဲငုံထားလိုက်သည်။ ညက တဖြည်းဖြည်းနက်ရှိုင်းစပြုလာသည်။ သတိအနေအထားနှင့် ရှိနေရသည်။ သစ်ပင်ကို မှီထားသော်လည်း မျက်လုံးအစုံကို တတ်နိုင်သမျှ ဖွင့်ထားသည်။ ပိန်းပိတ်အောင်မှောင်နေသည်။ အချမ်းပြေမီးဖိုစရာက နတ္ထိ။ ပတ်ဝန်းကျင်တွင် မြွေတို့ တခြားအကောင်တို့၏ လှုပ်ရှားသံကို ကြားနေရသည်။ တချို့အပင်များသည် အဆိပ်ငွေ့လွှတ်တတ်၍ သတိကြီးစွာ ထားလျက်နေရသည်။ ပိုးတဝါးအမြင်တွင် အမေ့ကို လှမ်းမြင်နေရသလိုပင်။ အမေသည် မကြာခဏ ကျွန်မကိုလှည့်ကြည့်ပြီး ဟိုမှသည်မှ လျှောက်သွားနေသည်။

ရက်တွေကိုလည်း မှတ်ထားသော်လည်း မမှတ်ချင်တော့။ မျှော်လင့်ချက် အင်အားမဲ့လာကာ စိတ်တတ်ကျလာသည်။ လူသေအလောင်းများနှင့် လင်းတအုပ်စုကို အော်ကလီဆန်စွာ တွေ့ရသည်။ ကျွန်မကလွဲ၍ အသက်ရှင်လျက်ရှိနေသူကို တစ်ယောက်မှ မတွေ့ရပေ။ ခန္ဓာကိုယ်ကိုလည်း မနည်းအားတင်းကာ လျှောက်ရင်း ကောင်းကင်ထက်က လေယာဉ်သံကို ကြားလိုက်ရသည်။ အတိုင်းအဆမရှိ မပြောပြနိုင်လောက်အောင် ဝမ်းသာ၍ ''ကယ်ပါ'' ဒုက္ခရောက်နေကြောင်း ဟစ်အော်မိသည်။ ကြားနိုင်လောက်သော အင်အားမရှိ၍ မျှော်လင့်ချက် ကင်းမဲ့သွားရပြန်သည်။ လမ်းပိုလျှောက်နိုင်အောင် ကြိုးစားရသည်။ ဝမ်းဗိုက်ကို စမ်းချောင်းရေနှင့်ပင် အာဟာရဖြည့်ထားရသည်။

သကြားလုံးတွေလည်း ကုန်ပြီ။ တစ်ကိုယ်လုံးရှိ ထိခိုက်ပွန်းပဲ့ထားသော ဒဏ်ရာတို့မှာ သွေးများနှင့် ရှိနေပြီး ခြင်၊ ယင်နှင့် တခြားပိုးမွှားကောင်တို့ကလည်း ဝင်ကိုက်သည့် ဒဏ်ကို ခံရသည်။ တစ်ကိုယ်လုံး မြင်မကောင်း ရှုမကောင်းအောင် ဖူးရောင်ကိုင်းနေပြီး တချို့အနာများတွင် လောက်များပင် တွယ်နေသည်ကို မနည်းခွာထုတ်ပစ်ရသည်။ ရသည့်အချိန်လေး တစ်မှေးအိပ်ရသည်။ အနားတွင် အမေလာထိုင်ပြီး တစ်ခုခုကျွေးသလို ခံစားရသည်။ တဖြည်းဖြည်း လျှောက်လျှောက်လာခဲ့၍ စမ်းချောင်းအဆုံးတောင် ရောက်လုနီးပြီ။ စိတ်ထဲတွင် အမေက ထင်ပြပေးနေသလိုပင်။ အနား[illegible]

www.burmeseclassic.com

www.burmeseclassic.com

တွင် ဖားပြုပ်တချို့ ရှိသည်။ အစားအစာအတွက် ချက်စားဖို့ စဉ်းစားမိသော်လည်း ထူးဆန်းသည်က ဆာလောင်ခြင်းမရှိပေ။

တချို့ အသီးအနှံတို့မှာ အရသာထူးကဲပြီး စားချင်စဖွယ်အဆင်းတို့ ရှိကြသော်လည်း အဆိပ်ပြင်းသည့် အသီးများဖြစ်ကြ၍ ထိမျှပင်မထိရဲပေ။ ခြေဖဝါးတို့ကလည်း အက်ကွဲနေပြီး လောက်ကောင်ဖွေးဖွေးတို့က သူတို့အသက်ရှင်ရပ်တည်ရေးအတွက် ကျွန်မသွေးကို စုပ်မျို၍နေကြသည်။

"သမီး အားမလျှော့နဲ့နော်။ ညာဘက်ကိုကွေ့လိုက်"

အမေ့အသံကို နားတွင် ပီပီသသကြားလိုက်ရသည်။ အမေသည် အသက်ရှင်လျက် မရှိတော့သော်လည်း ဝိညာဉ်အဖြစ်နှင့် ကျွန်မအပါးတွင် ရှိနေမည်လားမသိ။ အမေပြောသလို ကျွန်မ လျှောက်လာခဲ့သည်။ ကျွန်မနားထဲတွင် ရေစီးသံကျယ်ကျယ် ကြားရသည်။ လှမ်းမြင်ရသည်။ မြစ်ရေအလျဉ် တသွင်သွင်စီးဆင်းနေသည့် မြစ်၊ ရက်ပေါင်းများစွာ မထိတွေ့ခဲ့ရသည့်ရေကို ယခုတွေ့ရပြီ။ ရေစပ်နားဆင်းပြီး တစ်ကိုယ်လုံး သန့်ရှင်းရေးကို လုပ်လိုက်ပြီး တက်လာခဲ့သည်။ စိတ်လန်းဆန်းသော်လည်း လူကန်းနေပြီ။ ၁၁၀ ဒီဂရီ အပူချိန်မှာ ကျွန်မတစ်ကိုယ်လုံးကို မောဟိုက်စေသည်။ အစာအာဟာရက မရှိ။ ၁၀ ရက်မက ကြာခဲ့သည်။ သင်္ဘောတစ်စင်းတလေ မြင်လိုမြင်ငြား ကမ်းစပ်မှာ စောင့်ပြီးနေရတော့သည်။

နှစ်ညတိတိ အစာရေစာမရှိ။ ဒုက္ခခံကာ စောင့်နေရသည်။ မိုးကရွာသဖြင့် ဖြစ်သလိုထိုးထားသည့် သစ်ကိုင်းသစ်ခက် မိုးသည်းတွင်း၌သာ ကျွန်မနေနေရသည်။ အမေ့အသံကိုလည်း မကြားရတော့ပေ။ အားအင်ကုန်ခန်း မျှော်လင့်ချက် ကင်းမဲ့စွာဖြင့် နေလိုက်သည်။ မနိုးတစ်ဝက် နိုးတစ်ဝက် အိပ်ပျော်စ ပြုလာသည်။ နားထဲတွင် အသံဗလံ ဆူညံသံကို ကြားရသည်။ ကြားချင်သည့်လူတွေ၏အသံ မဟုတ်။ တောတိရစ္ဆာန်တွေ၏ အသံသာဖြစ်သည်။

မနက်မိုးလင်းစပြုပြီး မျက်ခွံတို့က အိပ်ပျက်ညပေါင်းများစွာ၏ ဒဏ်ချက်ကြောင့် လေးလံနေသည်။ နားထဲတွင် စကားသံကြားရသည်။ အမေ့အသံမဟုတ်။ တခြားသူစိမ်းတွေ၏ အသံ။

"စောစောကတွေ့လာတဲ့ လေယာဉ်ပျက်က ဒဏ်ရာရထားတာပဲ ဖြစ်ရမယ်။ ဒီလောက် အပိုင်းပိုင်းအစစတွေနဲ့ သေတဲ့ကြားက အသက်ရှင်လျက်ရှိနေတာ အံ့သြစရာပဲ။ ကိုယ်တွေက ခြစ်ခြစ်တောက်ပူပြီး တစ်ကိုယ်လုံး ဖျားနေတာ"

"တစ်နေ့ညက ဒီမှာ လူတစ်ယောက်လဲနေလို့ အကူအညီပေးပါဆိုပြီး မိန်းမတစ်ယောက် လာပြောတာ သူလည်း ဘယ်ရောက်သွားပြီလဲ မသိဘူး"

"ကဲ .. ကဲ .. သူ့ကိုယ်ပေါ်က လောက်တွေ ဖယ်ရအောင်"

သူတို့ ကျွန်မကိုယ်ပေါ်သို့ ဓာတ်ဆီနှင့် ပွတ်သပ်နေကြောင်း သိလိုက်ရသည်။ နောက်ပြီး ဆားငန်ရည်နှင့် ဆေးပေးသည်။ ကျွန်မပါးစပ်ထဲသို့ သစ်သီးရည် ညှစ်ထည့်ပေးသည်။ ပါးစပ်မှာ လှုပ်ရုံသာ လှုပ်နိုင်သည်။

ထို့နောက် ကျွန်မကို မြစ်ကမ်းပါးတစ်လျှောက် မချီသယ်သွားသည်။ လှေမှာ သစ်လုံးအသေးလေး ထွင်းထားသောလှေဖြစ်သည်။ သတိရတစ်ချက်၊ မရတစ်ချက်နှင့် ကျွန်မလိုက်လာခဲ့သည်။ လူနည်းနည်း စုပြုံနေထိုင်သည့် ရွာကလေးကိုတွေ့ရသည်။ ကျွန်မတစ်ကိုယ်လုံး ဖူးရောင်ပြီး မျက်လုံးတို့မှာလည်း သွေးစများနှင့် နီရဲနေ၍ ကလေးလူကြီးမကျန် ရွာရှိလူများက အထူးအဆန်းသဖွယ် လာကြည့်ကြသည်။ ရွာလူကြီးက ကျွန်မကို ဆေးတိုက်သည်၊ ဆေးလူးပေးသည်။ ထူထူထောင်ထောင်ရှိမှပင် 'တိုယုနာဗီတ'ဆိုသည့် ဆေးပေးခန်းရှိရာ မြို့တွင်းသို့ ပို့ပေးပြီး အဲဒီကမှတစ်ဆင့် ကျွန်မတို့ဌာနကိုယ်စားလှယ်ကို ဆက်သွယ်ပြီး အကူအညီတောင်းရသည်။

နှစ်ရက်မြောက်နေ့တွင် ကျွန်မဖခင်နှင့် အဆက်အသွယ်ရပြီး အဖေရောက်လာခဲ့သည်။ အမေ့ကို သတိရပြီး အဖေနှင့်ကျွန်မ မျက်ရည်ကျသည်။

"အဖေယုံတော့မယုံဘူး။ ဒါပေမယ့် ထူးဆန်းတာက သမီးဒီမှာရှိတယ်ဆိုတာကို သူအိပ်မက်ထဲမှာ လာပြောတယ်။ နိုးတော့ ဖေဖေ့အိပ်ရာလေးမှာ သူ့နာရီလေးတွေ့ရတယ်"

အဖေပြသည့်နာရီလေးမှာ ကျွန်မနှင့်အမေ အဖေ့ဆီလာစဉ် ပတ်လာသော အဖေ့ခရစ္စမတ်လက်ဆောင် ဝယ်ပေးလိုက်သည့် နာရီလေးပင်။

မြမြလှိုင်

မှီး။ Reader's Digest မှ By Stern ၏ Nightmere in the Jungle ကို ဆီလျော်စွာရေးသားထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

(ထမင်းတစ်လုပ်အတွက်တိုင်းပြည်ကိုမှမလေးမဝံ့ပါ)




**ဦးသန်းဆွေ**

အယ်(လ်)ရန်နိုင်ဘရားသားဆေးတိုက်၊

အမှတ်(၇)၊ဓိဇဝါလမ်း၊ကြံခင်းစုရပ်ကွက်၊မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့။ ☎ -၀၉-၇၃၂၀၇၈၃

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နယ်မြို့လေးထဲက သားရဲ

( ဖြစ်ရပ်မှန်ရသဝတ္ထုရှည် )

ယခင်လမှအဆက်

သစ်ထူးအိမ်

**စုံထောက်ကြီး ဆားပုလင်းခင်မောင်နှင့် ခြေရာရှင်ရှင်းထမ်း**

ဒုရဲအုပ် ဦးဖိုးထိန်က ရယ်မောသံ မကျေနပ်သံများကို လက်ကာပြ ထိန်းသိမ်းလိုက်ရင်း . . .

"ကဲဗျာ . . . ကိုခင်မောင်ရေ ခင်ဗျားပုံပြင်ကို ရှင်းပါဦး"

"အခြေအနေနဲ့ ဘယ်လိုဆက်စပ်သလဲဆိုတာ ပြောပါဦး"

ကိုခင်မောင်က မင်းသားဇော်ဝမ်းဟန်နှင့် အကျီကော်လံကိုထောက်လိုက်ရင်း ချောင်းဟန့်လိုက်သည်။

"ပုံပြင်ကတော့ အစည်းအဝေးမှာ အခက်အခဲတွေဖြီး ငြီးငွေ့နေတာကို ပပျောက်အောင်၊ စိတ်ရွှင်လန်းသွားအောင်လို့ ပြောလိုက်တာပါ။ ဒါပေမယ့် ဒီပုံပြင်ထဲမှာ တွေးစရာ၊ သိစရာအချက်တစ်ချက် ပါပါတယ်။ အဲဒါကတော့ ခြေဖျားထောက်ပြီး သွားလို့ခြေရာထင်ကျန်ခဲ့တဲ့အချက်ပါ"

ဤတွင် မီးသတ်တပ်ကြပ်ကြီး တစ်ဦးဖြစ်သော ဦးတင်လှ(စာရင်းစစ်ရုံး)က ရှုတ်တရက်ထ၍ . . .

"ဒီလိုဆို ကျွန်တော်တို့ စုံစမ်းလေ့လာနေတဲ့ ခြေရာရှင်ဟာ ခြေဖျားထောက်ပြီးသွားတဲ့ လူတစ်ဦး၊ သူခိုးတစ်ဦးရဲ့ ခြေရာလို့ ပြောချင်တာလားဟုတ်လား"

"မဟုတ်ဘူးဗျ။ အဲလိုတည့်တည့်မတွေးဘဲ စဉ်းစားပြီး ပြောင်းပြန်တွေးကြည့်ပါ။ ပုံပြင်ထဲမှာလည်း နိူင်းပြထားတာပဲ မဟုတ်လား"

ကိုတင်လှ(စာရင်းစစ်ရုံး)က ခေါင်းကိုကုတ်လိုက်ရင်း . . .

"ကဲပါ။ ပဟေဠိလုပ်မနေပါနဲ့။ အလွတ်စုံထောက်ကြီး ဆပ်ကလေးဘကျော်ရယ် . . . ရှင်းပြပါဦး"

ကိုတင်လှ(စာရင်းစစ်ရုံး)က ငေါ့တော့တော့ ပြောလိုက်သည်။ ၎င်းခေတ်ကာလ ဆရာကြီးမင်းသိခ်၏ ဆားပုလင်းနှင်းမောင် စုံထောက်ဝတ္ထုများ နာမည်ကြီးလာသလို အောင်ဇင်၏ အိုင်အိုမင်းအောင်၊ မကွေးညိုစိမ်းရဲ့ လူဆိုးထိန်းမောင်ကြီး၊ မျိုးအောင်ထက်ရဲ့ ကိုရာဟု၊ မောင်မောင်မသိ၏ လူစွန့်စားထိပ်တင်လတ်တို့နှင့်အတူ မြတ်ထွန်းသစ်၏ ဆပ်ကလေးဘကျော် စုံထောက်ဝတ္ထုမှာလည်း နာမည်ကြီး ဖြစ်ခဲ့သည်။

(၎င်းကာလ ၁၉၈၀ ကျော် ၁၉၉၀ ဝန်းကျင်ခေတ်က စုံထောက်ဝတ္ထုလိုင်းများတွင် ရာဇဂဏီ(လူသူတော်သျှောင်တစောင်း)၊ ကပ္ပိယ ညဏ်မြင့်(ရာဟုမောင်မောင်)၊ ကျော်မင်းဦး၏ ဂျမဒါကံထူမောင်၊ ဇာတူယာ၏ အက်စ်အိုင်ပီစစ်နိုင်၊ ချောင်းစုံ အုန်းသွင်၏ ဆာဂျင်သဘော်ာနှင့် အောင်ချိန်ဘွား၊ မင်းဇေယျာဝတ္ထုများမှာလည်း ရွှေဒေါင်(ဦးစံရှား) ဒဝုံရွှေမျှား(ဦးထင်ကျော်)၊ ဝဇီရာ(ဦးထင်ပေါ်)၊ မင်းသိခ်(ဆားပုလင်းနှင်းမောင်)တို့တဲ့သို့ စုံထောက်လိုင်းဝင်



www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုများဖြစ်သည်။ ဂမ္ဘီရဝတ္ထုဟု တိတိလင်းလင်း မခေါ်ဝေါ်သေးသော အချိန်ဖြစ်သည်။ စာအာသာ ကိုနင်းဒွိုင်း၏ ရှားလော့ဟုမ်းမှ မြစ်ဖျားခံခဲ့သည်ဟုလည်း ဆိုနိုင်သည်။

တစ်ခေတ်က မိုးဝေ၏ အလွတ်စုံထောက်တင်မောင်ဆွေ၊ ခင်မောင်ကြီး၏ စုံထောက်မော်တင်၊ စစ်ကိုင်းအေးလွင်၏ အလွတ်စုံထောက် ဇော်ထွန်းအောင်၊ တက္ကသိုလ်တင်မြင့်၏ စုံထောက်ကိုကိုလေး၊ ပုဂံသူရ၏ ဆရာကြီးမြတ်ခိုင်၊ ရဲစိုး၏ မင်းဒင်၊ ကျော်ညွန့်၊ တင်မောင်စိုးတို့မှာလည်း နာမည်ကြီးခဲ့သော စုံထောက်ဝတ္ထုများ ဖြစ်ခဲ့သည်။ ၎င်းနောက် . . . တည်ကြည်(သိန်းနက်)၊ ဆွေလှိုင်ဦး (ဘခက်)၊ မင်းသွေး(ဘရှင်)၊ တင်သန်းဦး (မိုက်)၊ စောညို၊ ညိုညိုနိုင်၊ ကျော်ဝင်းမော်တို့၏ စုံထောက်စွန့်စားဝတ္ထုများ ခေတ်စားခဲ့ပြန်သည်။

တစ်ဖန် ဇော်ဇော်အောင် (စိုးအောင်မြတ်သစ်)နှင့် အေးကျင့်ဝတ္ထုများ ခေတ်စားလာ၍ ဝင်းမောင်ထွန်း (ဇော်ထွန်းလွင်)၊ မျိုးမြင့်ရန်နောင်၊ သံချိုင်းထောက် ဇော်ဝေ၊ ဇော်ထက်အောင်တို့ ခေတ်ရှေ့ရောက်ခဲ့ပြန်သည်။

တီဗွီမှ စုံထောက်ကိုလံဘို၊ မောင်ဝံသ၏ ရှေ့နေကြီး ပယ်ရီမေဆင်တို့ ခေတ်စားလာသလို တင်သန်းဦးကလည်း ရှေ့နေ နေဇော်ဦး၊ ရှေ့နေ စာရေးဆရာတစ်ဦး၏ ရှေ့နေကြီး ဦးမြသိန်း၊ ယနေ့ခေတ် နေစိုးသော်၏ ရှေ့နေမလေး မေစံရှားဝတ္ထုများသည် စုံစမ်းထောက်လှမ်းမှု၊ မှုခင်းဖြစ်ရပ်တွေးခေါ်မှု၊ စွန့်စားလှုပ်ရှား အသားပေးမှုကို စာပေနှင့်ရသပေါ်အောင် ရေးနိုင်သော ဝတ္ထုများ၊ တစ်နည်း စာရေးဆရာများ(သို့မဟုတ်) ဇာတ်ကောင်များ၊ ဇာတ်လမ်းများ ဖြစ်ကြသလို နာမည်ကျော်ကြား လူဖတ်လူသိများခဲ့ကြသည်။ ဂမ္ဘီရဟု အမည်သုံး၍မဖြစ်နိုင်သည့် ရေးဖွဲ့မှုမျိုး လုံးဝမရှိခဲ့သော စာပေများဖြစ်ပါသည်။ (ဤကား စကားချပ်တည်း။ စာရေးသူ-သစ်ထူးအိမ်)

"ဒီလို စဉ်းစားကြည့်ပါ။ ပုံပြင်ထဲမှာက (ဆက်ဆံတာကလူလိုပါ။ ခြေရာက ဝံခြေရာ။ အသံက ကြက်သံ။ မဟန်တာက ဘာကောင်မှန်း မသိတာဘဲ)လို့ ပါပါတယ်။ ခြေဖျားထောက်သွားတဲ့ လူတစ်ယောက်ခြေရာက ဖနောင့်၊ ဖဝါးမပေါ်သလို ခြေမ၊ ခြေညှိုး၊ ခြေခလယ်၊ ခြေသူကြွယ်၊ ခြေသန်းစတဲ့ ခြေဖျားလေးတွေ အစုံပေါ်ပါတယ်။ ပြီးတော့ သေသေချာချာ ပြန်ကြည့်ပါ။ ဖြက်မကျယ် အပြားမကြီးဘူး။ လူသားရဲ့ခြေရာ ပီသနေတယ်။ သိသာတယ်။ လူ့ခြေရာမှန်း သိပ်သိသာတယ်။

ဘီးစမ်းရွာမှာနှင့် ကံမစီရပ်မှာ တွေ့တဲ့ ခြေရာအပါအဝင် မြို့နယ်သမဝါယမ သိုလှောင်ရုံအနီး မြေပျော့ပျော့မှာတွေ့တဲ့ ခြေရာတွေက ဖြက်ကျယ်ပြီး အပြားကြီးတယ်။ ခြေချောင်းလေးတွေဟာ ကြီးမားတုတ်ခိုင်တဲ့ ပုံသဏ္ဌာန်အရာ ထင်နေတယ်။ ပြီးတော့ ခြေချောင်းတစ်ချောင်းနဲ့တစ်ချောင်းဟာ လူ့ခြေရာက ခြေချောင်းလေးတွေထက် ကွာဟနေတယ်။ ပိုသိသာတာက ခြေချောင်းလေးတွေက မြေပြင်မှာ နစ်ဝင်နေတာကို တွေ့ရတာဟာ သာမန်လူ့ ခြေရာမဟုတ်ဘူးလို့ မှတ်ချက်ပြုနိုင်ပါတယ်။

လူ့ခြေရာမဟုတ်ရင် ဘာခြေရာဖြစ်မလဲ စဉ်းစားကြည့်တော့ တိရစ္ဆာန်တစ်ကောင်ကောင်၊ သတ္တဝါ တစ်စုံတစ်ရာရဲ့ ခြေရာပဲ ဖြစ်ဖို့များပါတယ်။ လူ့ခြေရာဆိုရင် နေရာအနှံ့ အမြဲတမ်းခြေဖျားထောက်ပြီး မသွားလာနိုင်ဘူးဆိုတာ သေချာတယ်။

ဆက်စပ်ကြည့်ရင် ကျွန်တော်တို့မြို့လေးဟာ အရှေ့ဘက်မှာ မဟာမြိုင်တောကြီး၊ အနောက်ဘက်မှာ တောင်တွင်းချောင်နှင့် ယော၊ ဂန့်ဂေါတောကြီး၊ မြစ်အထက်ဘက်မှာလည်း တောင်အထပ်ထပ်၊ တောအသွယ်သွယ် ဖြစ်နေတယ်။ ဒီတော့ တိရစ္ဆာန်ဖြစ်ဖို့ ပိုပြီးသေချာတယ်။ ကျွန်တော်တို့မြို့ထဲကို မျောက်၊ ချေ(ဂျီ)၊ ဒရယ်၊ တောဝက်၊ စပါးကြီးမြွေ၊ ဖွတ် (ဇောတိက)၊ သင်းခွေချပ်၊ ဘဲရိုင်း၊ ငန်းရိုင်း၊ တောကြက်၊ ရစ်ငှက်၊ တောကြောင်ရှဉ့်ပေါ်စတဲ့ တောကောင်တွေ မကြာခဏ ဝင်တတ်တယ် မဟုတ်လား။ မြစ်တွေထဲမှာလည်း လင်းပိုင်၊ ဖျံတွေလည်း မကြာခဏ ဝင်တတ်တော့ ကျွန်တော်တို့မြို့လေးဟာ ဂမ္ဘီရဆန်တဲ့ မြို့ကလေးလို ဖြစ်နေတာပေါ့



www.burmeseclassic.com

www.burmeseclassic.com

"မြေရာကို ကြည့်ရင် မြို့ထဲဝင်လာတဲ့ တိရစ္ဆာန်ဟာ ဆင်၊ တောဝက်၊ ကြံ့၊ စိုင်၊ ပြောင်၊ နွားနောက်၊ ဆတ်၊ ဒရယ်၊ ဂျီ၊ ကျား၊ ကျားသစ်၊ မျောက်နဲ့ မြွေ လုံးဝ မဖြစ်နိုင်ဘူး။ ဒါက သေချာတယ်။

ကောင်းပြီ။ ဒါဆိုရင် လူခြေရာနဲ့ အနီးစပ်ဆုံးတူတဲ့ တိရစ္ဆာန်သတ္တဝါတစ်ကောင်ကောင်ကို ဆက်စပ်တွေးကြည့်ကြမယ်။ လူနဲ့ အနီးစပ်ဆုံးတူတဲ့ တိရစ္ဆာန်တွေကို စဉ်းစားကြည့်စမ်းပါ။

ရုပ်ရှင်ထဲက ကင်းကောင်ဆိုတာ လူနဲ့တူပေမယ့် တကယ်မရှိဘူး။ နှင်းလူတို့၊ တောလူတို့ဆိုတာလည်း ဟိမဝန္တာနဲ့ ရေခဲတောင်တွေပေါ်မှာပဲ ရှိတာပဲ။ ဒီဒေသမှာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ လူဝံလို့ တင်စားကြတဲ့ ဂေါ်ရီလာနှင့် ချင်ပန်ဇီတွေဟာလည်း မဟာမြိုင်တောမှာ မရှိဘူး။ တောင်အမေရိကက အမေဇုံတောတို့၊ အာဖရိကတို့မှာ ရှိပါတယ်။ မျောက်ဝံတွေဖြစ်တဲ့ အူရန်အူတန်တွေလောက် မကြီးတဲ့ မျောက်တွေပဲရှိတယ်။ ဘာဘွန်းမျောက်ကြီးတွေတောင် အကောင်ကြီးမားပေမယ့် ခြေရာက သေးငယ်ပါတယ်။ ဒီအကောင်တွေဟာ တောင်အမေရိကာ အမေဇုံဒေသနဲ့ အာဖရိကမှာပဲ ရှိတတ်ကြတယ်လို့ တင်ပြပြီးပါပြီ။ မြန်မာပြည်မှာက သေးငယ်တဲ့ မျောက်အမျိုးအစားတွေပဲ ရှိပါတယ်။

မြန်မာသစ်တောကြီးတွေ ဖြစ်တဲ့ ကချင်ပြည်နယ်ဒေသ၊ စစ်ကိုင်းတိုင်း ဒေသကြီးမှာ ကသာဒေသ၊ ခန္တီးဒေသ၊ နာဂတောင်တန်းဒေသ၊ နောက် . . . ကျွန်တော်တို့နဲ့နီးတဲ့ မဟာမြိုင်တော၊ ရှမ်းပြည်နယ် သံလွင်၊ စစ်တောင်းဒေသ၊ သစ်တောကြီးတွေ၊ မကွေးတိုင်းဒေသကြီးက ယော၊ ဆော၊ ဂန့်ဂေါနယ်၊ ပုံတောင်ပုံညာသစ်တောဒေသ၊ ပဲခူးရိုးမ၊ အရှေ့ရိုးမ၊ အနောက်ရိုးမ၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စသဖြင့်ပေါ့လေ။ အဲဒီဒေသကြီးတွေ သစ်တောတွေမှာလည်း လူလောက်ကြီးမားတဲ့ လူဝံ၊ မျောက်ဝံနှင့် မျောက်ကြီးတွေ မရှိတတ်ပါဘူး။

ခွင်းချက်အနေနဲ့ ရှိခဲ့ရင်လည်း လူနဲ့ မနီးစပ်ပါဘူး။ လူမရောက်၊ သူမရောက် တောကြီးမျက်မည်း၊ တောနက်ကြီးထဲမှာပဲ ရှိကြပါလိမ့်မယ်။ ရိုးရာစကားအရ အဲဒီလိုကြီးမားတဲ့ ကောင်တွေဟာ လူနဲ့ဝေးရာမှာနေပြီး လူကိုကြောက်လို့ လူတွေကို ရှောင်ရှားနေလေ့ ရှိကြတယ် ဆိုပါတယ်။ အများအားဖြင့် မျောက်မြီးရှည်၊ မျောက်ဖင်နီ၊ မျောက်ညို၊ မျောက်လေပွေ၊ မျောက်မောင်းမ၊ မျောက်မျက်ကွင်းညိုတွေပဲ ဖြစ်ပါတယ်။ အကောင်သေးသလို ခြေထောက်ခြေဖဝါးတွေလည်း သေးကွေးလို့ မဖြစ်နိုင်ပါဘူး။

ဖြစ်နိုင်တာကတော့ ဝံလို့သတ်မှတ်တဲ့ ဝက်ဝံပါပဲ။

အထက်က ပြောခဲ့သလို မြန်မာပြည်မှာ ဂေါ်ရီလာ၊ ချင်ပန်ဇီစတဲ့ လူဝံမျိုး မရှိသလို ကြီးမားတဲ့ မျောက်ဝံမျိုးလည်း မရှိတာ သေချာတယ်။ ဒဏ္ဍာရီ ပုံပြင်ထဲမှာ ပြောနေကြတဲ့ လူဝံ(ရွှေလူဝံ) ဆိုတာ ရှိတောင့်ရှိခဲ့ အလွန်ရှားပါးပါတယ်။

မြန်မာစကားအရ လူဝံ၊ ခွေးဝံ၊ မျောက်ဝံ၊ ဝက်ဝံလို့ရောက် သုံးတတ်တဲ့ 'ဝံသတ္တဝါ'ဆိုတာ ရှိပါတယ်။ သစ်ခေါက်ခွာစား၊ သစ်ဥသစ်ဖု၊ သစ်သီးသစ်ရွက်စားတဲ့အပြင် ပိုးကောင်၊ မွှားကောင်၊ ရှဉ့်၊ ကြွက်၊ ယုန်၊ ငှက်၊ အသေကောင် အပုပ်အစပ်အသားတွေ စားတတ်တဲ့ ဝက်ဝံဟာ အစုံစား သတ္တဝါပါ။ ပျားရည်ကြိုက်တယ်၊ ခါချဉ်၊ ပုရွက်၊ ခြ၊ အင်းဆက်တွေကို ကြိုက်ပြီး၊ ကျောက်လိုဏ်ဂူ၊ မြေတွင်း၊ သစ်ခေါင်းတွေမှာနေသလို သစ်ပင်မြင့်မြင့်ကြီးတွေမှာလည်း အသိုက်ဆောက်နေလေ့ ရှိပါတယ်။

စာဆိုတောင် ရှိပါတယ်။ 'ကျားနတ်တိုက်၊ ဝံတွေ့ကိုက်'၊ 'မည်းမည်းမြင်ရင် ဝံကလိုက်တယ်'၊ 'လူတွေ့ရင် ဝံကုတ်တယ်'၊ 'လူလိုမတ်ရပ်သွားသလို လေးဖက်ထောက်လည်းသွားတယ်' ဆိုတာပါပဲ။ ဝက်ဝံဟာ သင်ယူလို့ တတ်လွယ်တယ်။ လူကိုမကြောက်သလို လူအနီးကပ်ရမှာ၊ ရေကူးသွားရမှာ၊ ခရီးဝေးဝေးသွားရမှာ၊ လူနဲ့ရင်ဆိုင်ရမှာကို ဝန်မလေးပါဘူး။ ဆပ်ကပ်တွေမှာ သင်လို့လွယ်တဲ့ ဝက်ဝံတွေကို သုံးလေ့ရှိတာ ယဉ်ပါးလွယ်လို့ပဲ ဖြစ်တယ်။ ကြံ့ရာစားပြီး ကြံ့ရာအိပ်၊ ကြံ့သလိုနေတတ်တဲ့ ဝက်ဝံဟာ အချိန်များစွာ မထွက်

www.burmeseclassic.com

မယှက် ငြိမ်သက်နေနိုင်ပါတယ်။ ပျင်းတိပျင်းတွဲနှင့် မလှုပ်တလှုပ် လေးလေးဖင့်ဖင့် နေတတ်သလို အလျင်အမြန်လည်း သွားလာလှုပ်ရှား ပြေးလွှားနိုင်ပါတယ်။ မထုံတတ်သေး နေသလိုလိုနဲ့ ပြင်းပြင်းထန်ထန် ရက်ရက်စက်စက် တိုက်ခိုက်ရိုက်ပုတ် ကိုက်ခဲတတ်ပါတယ်။ နေရာအနှံ့ အပူအပင်မဲ့ သွားလာနေတတ်ပါတယ်။ ဒါဟာ ဝက်ဝံရဲ့ မလေ့တွေပါပဲ"

ကိုခင်မောင်က မောသွားသလို သက်ပြင်းရှိုက်ရင်း ထိုင်ချလိုက်သည်။ အားလုံးက စိတ်ဝင်စားသလို ဒုရဲအုပ် ဦးဖိုးထိန်ကလည်း အလွန်စိတ်ဝင်စားသွားသည်။

"ဒါဆို ကိုခင်မောင်ဟာ ခြေရာရှင်ဟာ ဝက်ဝံခြေရာပဲ၊ မည်းမည်းကြီးဟာလည်း ဝက်ဝံတစ်ကောင်ပဲလို့ ပြောချင်တာပေါ့"

"ပြောချင်တာပဲ မဟုတ်ပါဘူး၊ ဝက်ဝံတစ်ကောင်ပဲဆိုတာ သေချာကြောင်း အတည်ပြုဖို့တင်ပြချင်တာပါ"

အားလုံးက လက်ခုပ်လက်ဝါးတီး၍ . . .

"ဟုတ်ပါ့ကွာ"

"ကိုခင်မောင် ဇော်ဝမ်းတို့ကတော့ လုပ်ချလိုက်ပြီဗျ"

"သေချာလှချည်လား အိုင်ပီအိုင်ဆေး"

ဆူညံသံများကို ဦးဖိုးထိန်က လက် ကာပြလိုက်ရင်း . . .

"ကိုခင်မောင် ပြောသလို အကျိုးအကြောင်းကတော့ ဆက်စပ်မှု ရှိသလောက်ပါ။ ခိုင်လုံတဲ့ သက်သေအထောက်အထားမရှိဘဲ ဝက်ဝံပါလို့ တိုက်ရိုက်တင်ပြလို့ မကောင်းဘူး ထင်ပါတယ်"

"ခိုင်လုံတဲ့ အထောက်အထား ဟုတ်လား"

"ဟုတ်ပါတယ် ဒီလိုပြနိုင်ရင် ပိုကောင်းပါတယ်"

"ပြောပါ့မယ်၊ ခြေရာဟာ ဝက်ဝံခြေရာဆိုတာ သေချာပါတယ်၊ ခြေချောင်းလေးတွေကိုကြည့်ရင် ခပ်နက်နက်ပုံစံ ခြေသည်းရာကို တွေ့နိုင်ပါတယ်၊ ဝက်ဝံမှသာ ခြေနှစ်ချောင်းနှင့် ကြာရှည် သွားလာနေနိုင်တယ်လို့ အတိအကျ ပြောနိုင်ပါတယ်၊ တချို့ မြေပျော့ပျော့နေရာမှာ လေးဖက်ထောက်သွားတာကို တွေ့ရပါတယ်၊ အဲဒါ ဝက်ဝံရဲ့ လက်ရာပါ၊ ခြေရာမဟုတ်ပါဘူး။

သမဝါယမ ကုန်လှောင်ရုံမှာ အခြားပစ္စည်းတွေ မလဲမပြိုဘဲ ပျားရည်ပီပါ၊ ပျားရည်တိုင်ကီများသာ လဲပြိုပြီး နေရာရွှေ့နေတာကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါတယ်။ ပျားရည်နံ့ရတော့ ပျားရည်စည်ပိုင်းတွေကို ဝက်ဝံရဲ့အားနဲ့ အသာတကြည် လှဲရွှေ့နိုင်ခြင်း ဖြစ်ပါတယ်။ ပျားရည်စည်တွေဟာ အသေပိတ်ထားတော့ ပျားရည် မယိုမဖိတ်ဘဲ ဖြစ်ခဲ့တာပါ။ ဒါပေမယ့် ဝက်ဝံဟာ စည်ပေါက်ဝနဲ့ ပီပါကိုယ်ထည်မှာ စီးကျပေပွနေတဲ့ ပျားရည်တွေကို လျှာနဲ့လျက်ခဲ့သလို လက်နှစ်ဖက်နဲ့လည်း ပွတ်တိုက်ပွတ်ယူပြီး လျက်ခဲ့ပုံရပါတယ်။ ပျားရည်ပီပါတွေကို ဘရပ်ရှ်နဲ့ ပွတ်သလို အဝတ်စုတ်နဲ့ ပွတ်သလို သန့်ရှင်းနေတာက ဝက်ဝံကြောင့်ပါ။ သမဝါယမက ဝန်ထမ်းတွေနဲ့ ကုန်တင်ကုန်ချ အလုပ်သမား

---

"မြို့ထဲမှာ အိမ်ကြိုအိမ်ကြားမှာ မည်းမည်းကြီး လှုပ်ရှားနေတာက သူဟာ တစ်ခုခုရှာနေတယ်လို့ သုံးသပ်ရပါ့မယ်။ ခြေရာမတွေ့တာက ကားလမ်းဟာ ကတ္တရာလမ်း၊ ကျောက်လမ်း၊ မြေမာလမ်းတွေ ဖြစ်နေတာ တစ်ကြောင်း၊ လူအုပ်ကြောင့် ခြေရာတွေ ပျက်သွားတာ တစ်ကြောင်းကြောင့် ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

တွေက အချိန်ကုန်ခံပြီး ပိပါတွေကို သန့်ရှင်းရေးမလုပ်ကြပါဘူး။ လုပ်လေ့လုပ်ထလည်းမရှိသလို အားလည်း မအားကြပါဘူး”

ဒုရဲအုပ် ဦးဖိုးထိန်က တစ်ချိန်လုံး ကျောက်မျက်လုံးတစ်ဖက်ကို ပွတ်သပ်ရင်းမှ . . .

“ဒီလောက်ပဲလား ကိုခင်မောင်”

“ကျန်ရှိပါသေးတယ်။ ဟောဒီမှာ ကြည့်ပါ”

ကိုခင်မောင် (စာအုပ်ဆိုင်)က ဖိုင်ကြားထဲမှ စာအိတ်တချို့ကိုထုတ်၍ စားပွဲပေါ် တင်လိုက်သည်။

“ဒါဟာ ကျွန်တော်စုဆောင်းထားတဲ့ ခြေရာရှင်ရဲ့ အမွေးတွေပါပဲ။ တစ်နည်းပြောရရင် ဝက်ဝံမွေးတွေပါပဲ။ မြို့နယ်သမဝါယမပုဂ္ဂိုလ်များ (ဦးဝက်ဖဲ၊ ဦးတင်ပွင့်၊ ဦးတင်ဦးကြီးတို့ကိုကြည့်၍)ရဲ့ အကူအညီနဲ့ ကျွန်တော် လေ့လာခဲ့တာပါ။ ပျားရည်ပိပါတွေမှာကပ်နေတဲ့ အမွေးအမှင် တချို့ကို တွေ့တာနဲ့ ရှာဖွေသိမ်းဆည်းလာတာပါ။ ဒီအမွေးအမှင်တွေဟာ လူသားဆံပင်လောက် မပျော့ပျောင်း မနူးညံ့ဘူး။ မာတယ်၊ ကြမ်းတမ်းတယ်။ ဆံပင်နဲ့ နှိုင်းယှဉ်ကြည့်ရင် လုံးပတ်ကြီးတယ်၊ ထူတယ်။ သမဦးစီးက ကိုရဲမြင့်ဦးရဲ့ မေးစေ့က မှဲ့နက်မှာ ပေါက်နေတဲ့ အမွေးလိုမာပြီး ကြမ်းတမ်းတယ်။ ဒါက ဥပမာပြောတာပါ။ ကိုရဲမြင့်ဦးကို ဝက်ဝံနဲ့တူတယ်လို့ ပြောတာ မဟုတ်ပါဘူး”

အများက ရယ်မောလိုက်ကြသော်လည်း ကိုရဲမြင့်ဦးမှာ သူ့မေးစေ့မှ မှဲ့နက်ကို လက်နှင့်အုပ်၍ အော်လိုက်သည်။

“မယားပေး . . . ငါ့ကိုပဲခလုတ်တိုက်နေတယ်”

“ဒီနှိုင်းယှဉ်ချက်က ဆာအာသာကိုနင်ဒွိုင်းရဲ့ ရှားလော့ဟုမ်း၊ ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီး ဒဂုန်ရွှေမျှားတို့ရဲ့ ဦးရှုံစားနဲ့ ဦးထင်ကျော် စုံထောက်ဇာတ်လမ်းတွေမှာ ပါလာတဲ့ ဝက်ဝံမွေးနှင့် လူသားဆံပင် ခွဲခြားမှုကိုဖတ်ပြီး ရှင်းပြတာပါ။ ဟောဒီမှာ ‘ဆန်းယဉ်နု’ဓာတ်ပုံတိုက်က ကင်မရာမင်း ကိုဆန်းဝင်းအကူအညီနဲ့ ရိုက်ထားတဲ့ ဓာတ်ပုံတွေနဲ့တကွ အားလုံးကို စာရေးပြီး ရှင်းလင်းတင်ပြထားပါတယ်။ အားလုံးကို ယခု အစည်းအဝေးမှာပဲ တစ်ခါတည်းအပ်ပါတယ်”

ဦးဖိုးထိန်က ဝမ်းသာအားရ ဖိုင်များကို လှမ်းယူရင်း . . .

“ကောင်းတယ်ဗျာ၊ ကောင်းတယ်။ ကျေနပ်တယ်။ ဒါထက် မေးရဦးမယ်။ ဘာဖြစ်လို့ ခင်ဗျားတစ်ယောက်တည်း ဆောင်ရွက်တာလဲ။ ကိုခင်မောင်ရဲ့ ထင်မြင်ချက်ကို ဘာဖြစ်လို့ အဖွဲ့ကို စောစော မတင်ပြရတာလဲ”

“ဒါက ဒီလိုရှိပါတယ်။ အခု အစည်းအဝေးတက်လာတဲ့ ပုဂ္ဂိုလ်အားလုံးဟာ ဝန်ထမ်းတွေ၊ တာဝန်များသူတွေ ဖြစ်လို့ပါပဲ။ ဆိုပါစို့ ဦးဌေးမောင်ဆိုရင်လည်း ဥပဒေရုံးမှာ ရုံးတာဝန်၊ မီးသတ်တပ်ကြပ်ကြီးတာဝန်အပြင် အိမ်မှာက ကလေးထိန်း၊ ထမင်းချက်၊ ရေခပ်၊ အဝတ်လျှော် အားလုံးကို သူပဲလုပ်ရတော့ အဖော်ခေါ်ကာ အချိန်ကုန်ခိုင်းလို့ မရဘူးဖြစ်ခဲ့ပါတယ်။ ကိုရဲမြင့်ဦးဟာလည်း လူပျိုဆိုပေမယ့် သမဦးစီးဌာနတာဝန်၊ မီးသတ်တပ်ကြပ်ကြီးတာဝန်၊ ရပ်ကွက်ကောင်စီဝင်၊ ဘုန်းကြီးကျောင်းဂေါပက အတွင်းရေးမှူးတာဝန်အပြင် လုံခြုံရေး၊ ဖြေရှင်းရေးတာဝန် စတဲ့ တာဝန်တွေများလှပါတယ်။ လူပျိုကြီးဆိုတော့ ရပ်ကွက်(၁)က မဌေးဌေး၊ လှဌေးဝင်း၊ မသိန်းရီ၊ မခင်သေးတို့ရဲ့ အပျိုအိမ်တွေကို လျှောက်ပြန်သံပေးလုပ်ရတဲ့ အိုဗာတိုင်ချိန်ကလည်း ပေးရတော့ တွဲခေါ်လို့ မရဘူး ဖြစ်ခဲ့ပါတယ်”

“ဒီကောင် အာချောင်ပြန်ပြီကွာ။ မယားပေးကောင် . . .”

ကိုရဲမြင့်ဦး၏ တိုးတိုးကြိမ်းဝါးသံကြောင့် အားလုံးမှာ ပြုံးကြရပြန်သည်။ မြို့ကလေးကျဉ်းကျဉ်းမှာ နှစ်ရှည်လာများ နေနေကြသူများဖြစ်၍ ပြောမနာ ဆိုမနာဖြင့် ခင်မင်တကျက်ကျက်၊ အရက်သောက်ဖက်၊ အမြည်းစားဖက်၊ လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြသည်။ အမုန်းမရှိ၊ အငြိုးအတေးမရှိ အပြုံးတအိအိ ချစ်ခင်နှစ်သက်ငြင်းခုံဖက်များဖြစ်ကြ၍ ကြည်နူးစရာပင် ကောင်းသေးတော့သည်။

“ဟဲ . . ဟဲ . . ဟဲ . . နောက်ပြီး ဒီအဖွဲ့ထဲမှာ ကျွန်တော်ကသာ အငယ်ဆုံး၊ အစိုးရဝန်ထမ်းလည်း



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ပါဘဲနဲ့ ပါတီဆိုက်အရ အဖွဲ့ဝင်ဖြစ်နေတော့ အားနာတာ၊ အားငယ်တာလည်း ပါပါတယ်။ ဒါပေမယ့် ကျွန်တော်က စာပေသမားဆိုတော့ စူးစမ်းချင်စိတ်ရှိတာမို့ တစ်ဦးတည်း စုံစမ်းခဲ့ရာက ရှာဖွေလေ တွေ့ရှိလေ ဖြစ်ခဲ့ရတာပါ"

"မင်းသားကိုဇော်ဝမ်း ကိုယ်ပွား ကိုခင်မောင်ရေ . . . မရှင်းတာလေး မေးပါဦးမယ်။ သမဝါယမမှာ ဖျားရည်ကြောင့် ဝံလာတယ်ဆိုတာ လက်ခံတယ်ဆိုပါစို့။ ဒါပေမယ့် အောင်စံပယ်ရပ်(ကံမစီရပ်)ဘီးစမ်းရွာတွေမှာ ဘာလို့ ခြေရာတွေ တွေ့နေရသလဲ။ မြို့ထဲကားလမ်းပေါ် အိမ်ကြိုအိမ်ကြားမှာ ဘာဖြစ်လို့ မည်းမည်းကြီးကို တွေ့နေရသလဲ၊ ဒါကိုတော့ တစ်ဆိတ် ရှင်းနိုင်ရင် ရှင်းပြစမ်းပါဗျာ"

ရဲကြပ်ကြီး ဦးခင်ဖေက ထပ်မံ၍ မေးလိုက်သည်။

"မြို့ထဲမှာ အိမ်ကြိုအိမ်ကြားမှာ မည်းမည်းကြီး လှုပ်ရှားနေတာက သူဟာ တစ်ခုခုရှာနေတယ်လို့ သုံးသပ်ရပါ့မယ်။ ခြေရာမတွေ့တာက ကားလမ်းဟာ ကတ္တရာလမ်း၊ ကျောက်လမ်း၊ မြေမာလမ်းတွေ ဖြစ်နေတာတစ်ကြောင်း၊ လူအုပ်ကြောင့် ခြေရာတွေ ပျက်သွားတာတစ်ကြောင်းကြောင့် ဖြစ်ပါတယ်။ ဘီးစမ်းရွာနဲ့ ကံမစီရပ်မှာ မကြာခဏ ခြေရာတွေ့ရတာက မည်းမည်းကြီးဟာ သူလိုချင်တဲ့အရာ အဲဒီမှာရှိလို့ သို့မဟုတ် အနံ့ရလို့ ဖြစ်နိုင်ပါတယ်"

"ဒါဟာ မှန်းဆချက်ပါ။ ဝက်ဝံသာ အမှန်တကယ်ဖြစ်ခဲ့ရင် မည်းမည်းကြီးဟာ တိရစ္ဆာန်ဖြစ်တာကြောင့် တစ်ခုခု ရှာဖွေတာပါလို့ ပြောရရင် ရယ်စရာ ဖြစ်နေတာပေါ့။ ဆိုပါစို့ မည်းမည်းကြီးက ဘာကိုရှာနေသလဲ"

စာရင်းရုံးမှ ကိုတင်လှက ထ၍ စကားထောက်လိုက်သည်။

"ဒီလိုတွေးကြည့်ပါ။ မည်းမည်းကြီးဟာ အတွေ့အကြုံ အဖြစ်အပျက်အားလုံးကို ဆက်စပ်ယူလိုက်ရင် ဝက်ဝံကြီးတစ်ကောင်ဆိုတာ သေချာပြီပေါ့။ ကဲ . . . ဝက်ဝံဟာ တိရစ္ဆာန်ဖြစ်တယ်။ တိရစ္ဆာန်တစ်ကောင်ဟာ လူတွေနေတဲ့မြို့ထဲကို ဘာလာရှာသလဲ။ ရွှေလား၊ ငွေလား၊ အဝတ်အစားလား၊ မဖြစ်နိုင်ဘူး။ ရှည်ရှည်ဝေးဝေး ပြောမနေတော့ပါဘူး။ လူဟာ မြွေဥကိုသယ်သွားရင် မြွေမကြီးက လိုက်ပြီးရန်ရှာတယ်ဆိုတဲ့ အဖြစ်အပျက်တွေ ရှိခဲ့တယ် ပြောကြတယ်။ ဝက်ဝံကြီးဟာလည်း သူ့သားသူ့သမီး သူ့ရင်သွေးတစ်ကောင်ကောင်ကို လူသားတစ်ဦးဦး၊ သို့မဟုတ် လူတစ်စုက ဖမ်းယူခဲ့လို့ အနံ့ခံပြီး လိုက်ရှာတာဖြစ်မယ်လို့ သေသေချာချာ ကျွန်တော် ပြောရဲတယ်ဗျာ။ ဒါကို အားလုံး စဉ်းစားကြည့်ကြပါ"

"ဟာ . . . ဟုတ်နိုင်တယ်ပေါ့"

"ဟုတ်တယ် . . ဟုတ်တယ်။ အကြောင်းမဲ့တော့ တောတိရစ္ဆာန်က မြို့ထဲဝင်ပြီး လျှောက်သွားမနေဘူးကွ။ ဝက်ဝံဆိုတာ သေချာပြီပေါ့"

အစည်းအဝေးမှ လက်ခံဆုံးဖြတ်ချက်ဖြင့် အစီရင်ခံစာ တင်ပြရာ မြို့လေးထဲတွင် 'ဝက်ဝံကြီးတစ်ကောင်' ဝင်ရောက်နေသော သတင်းသည် ပိုးလေးတကြော် ဖြစ်၍လာခဲ့တော့သည်။

× × × × ×

## စာစု(၂)

## ထိတ်ထိတ်ဆိတ်ဆိတ်နေသော မြို့ကလေး

မြို့ထဲသို့ ဝက်ဝံတစ်ကောင် ရောက်နေသည်ဆိုသော သတင်းကြောင့် မြို့လူထုမှာ ထိတ်လန့်ချောက်ချား ဖြစ်နေကြရတော့သည်။ မြို့လေးတွင်ရှိသော 'ငွေစန္ဒာ' ရုပ်ရှင်ရုံကလေးမှာလည်း ခြောက်သွေ့သွားသည်။ ရွှေမုဋ္ဌောဘုရားပေါ်သို့ ညဦးပိုင်းများတွင် လေညင်းခံရင်း ဘုရားဖူးတက်ကြသောသူများ ည ၈ နာရီကျော်လျှင် မရှိသလောက် ဖြစ်သွားသည်။ စားသောက်ဆိုင်ကြီးများဖြစ်သော 'ချင်းတွင်း၊ ရန်ဝေး၊ စိန်ရွှေထွန်း၊ ဦးပြုံးချို'စသော ဆိုင်ကြီးများမှာ စောစီးစွာ ပိတ်ကြတော့သည်။

ယခင်ခေတ်က ပါလီမန်အမတ်ဟောင်း သတင်းထောက်ကြီး ဦးထွန်းရီ၊ စာရေးဆရာ မောင်တောက်ထိန်(ချင်းတွင်း)၊ တင်အောင်ဇင်(ကလေးဝ)၊ စမ်းရိပ်ညို(ကလေးဝ)၊ ကျော်စံလှ(ကလေးဝ)၊ ဂမ္ဘီရစောရန်နိုင်(ကလေးဝ) စသည့် စာပေသမားများသာ ပြည်သူ့ရဲများနှင့်ပေါင်း၍ ညဉ့်နက်သန်းခေါင်အထိလှည့်လည်



www.burmeseclassic.com

www.burmeseclassic.com

နေကြသည်။ ဝက်ဝံကြီးကိုသာ သေသေချာချာ မြင်ဖူးတွေ့ဖူးချင်ကြကာ ရေးကွက်ရှာကြခြင်း ဖြစ်သည်။

ဖိုးလမင်းစာပေ၊ စာချစ်သူစာပေ၊ ကြယ်နီစာပေ၊ ရောင်နီစာပေ၊ ဇာမဏီစာပေ၊ ယမင်းစာပေ၊ မိုးသောက်ပန်းစာပေ၊ ဖြူးစာပေ၊ အရှဏ်ဦးစာပေ၊ ဇမ္ဗူရစ်စာပေ၊ ချင်းတွင်းစာပေ၊ နတ်ရှင်နောင်စာပေ၊ ဆန်းစာပေ၊ သန်းရတနာစာပေ စသောစာအုပ်ဆိုင်များမှာလည်း စောစီးစွာ ပိတ်သိမ်းကြသည်။

ဦးစောမောင်၊ ကိုလှထွေး၊ ကိုခင်မောင်ထွေး၊ ကိုတင်ချို၊ ကိုခင်မောင်ရီ၊ ကိုခင်မောင်ဌေး(ဂျက်)၊ ဦးမိုးဆွေ(နန်းတော်) စသော အရက်ပုန်းဆိုင်များသာ တိုးတိုးတိတ်တိတ် ကြိတ်၍ ဖွင့်နေကြသည်။ အရက်သမားတစ်သိုက်ဖြစ်သော မြဝင်း၊ ကြာညွန့်၊ ဘုန်းကျော်၊ မြင့်ကြည်၊ ခင်မောင်ဝင်း၊ စန်းငွေတို့လူစုမှာ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ဝယ်သောက်တာ နည်းနည်း၊ မြည်းတာက များများဖြင့် ကျေနပ်အားရစွာ ပျော်ရွှင်နေကြတော့သည်။

လူရွှင်များဖြစ်သော ကမ္ဘာလှသန်းနှင့် တရုတ်မောင်ဝင်း(ခေါ်)လူလည်မောင်ဝင်းတို့နှစ်ယောက်သည် ဗိုက်ပူညွန့်လှိုင်၊ အရှည်ကြီးဖေသန်း၊ ငမူးဇော်ဝင်းတို့နဲ့တွဲကာ လမ်းသလားနေသည်ကို သတိထားလျှင် တွေ့မိကြပါလိမ့်မည်။ စာပေသမား၊ စူးစမ်းရေးသမား စာအုပ်ဆိုင်မှ ကိုခင်မောင် (စစ်မှုထမ်းဟောင်း တွဲဖက်အတွင်းရေးမှူး)မှာ လူငယ်ပိပိ မြို့လေး၏ ထူးခြားသော လှုပ်ရှားမှုများကို စောင့်ကြည့်နေခဲ့သည်။ ကိုခင်မောင်မှာ အမှတ်(၁)ရပ်ကွက် လမ်းစဉ်လူငယ်အဖွဲ့၏ အဖွဲ့စိတ် အတွင်းရေးမှူးလည်းဖြစ်၍ စည်းရုံးရေးကောင်းမွန်ကာ ကြွေနြေရရ လှုပ်ရှားစုံစမ်းနိုင်လေသည်။

---

မြဝင်းအသံက တစ်ဝက်တစ်ပျက်ဖြင့် ရပ်သွားသည်။ ဗိုက်ပူညွန့်လှိုင်၏ အိမ်အောက်တွင် ယိမ်းထိုး ယိမ်းထိုး လှုပ်ရှားနေသော အရာကြီးတစ်ခုကို လှမ်း၍မြင်လိုက်ကြသည်။ မည်းမည်း အကောင်ကြီးမှန်း သိလိုက်ကြသောအခါ သောက်ထားတာတွေ ပျောက်၊ မောတာတွေ မေ့သွားကြသည်။

ဤအတောအတွင်း 'ဂျီကောင်၊ ဂျက်ကောင်'ဟု တင်စား၍ ရှုတ်ချခံရသော မီးသတ်အကြပ်အကြီး ကိုရဲမြင့်ဦး(သမဦးစီး)မှာ အပျိုကြီးတစ်ဦး၏ အိမ်ခန်းအတွင်းသို့ အဝင်မှား၍ အချုပ်ခံရလေသည်။ အလုပ်ထိခိုက်မည် စိုးရိမ်ကြသဖြင့် ဒုရဲအုပ် ဦးဖိုးထိန်နှင့် လူကြီးများက အပျိုကြီးအား တိုးတိုးတိတ်တိတ် အလျော်ပေး၍ ကျေနပ်အောင်တောင်းပန်ကာ အချုပ်ခန်းမှထုတ်ကြရသေးသည်။ အကြောင်းပြချက်မှာ ဝက်ဝံသတင်းစုံစမ်းရင်း ဖြစ်သွားရတာပါဟု အကြောင်းပြရလေသည်။ ဤကိစ္စကြောင့် အစ်မကြီးဖြစ်သော မခင်နွဲ့ရီ မခင်နွဲ့ကြည်တို့က အိမ်မှနှင်ချသဖြင့် ကိုခင်မောင်၏ အိမ်သို့ ကိုရဲမြင့်ဦး ရောက်ရှိခိုလာရလေသည်။

ကိုခင်မောင်မှာ မင်းသားဇော်ဝမ်း စတိုင်လ်ဖြင့် "ဤလည်း တစ်ဒုက္ခပါလား"ဟူ၍ ညည်းပြလိုက်ရာ အားလုံးမှာ တခွီးခွီးဖြင့် ရယ်မောကြရလေတော့သည်။

မြို့လေး၏ ညဦးယံမှာ အထူးတိတ်ဆိတ်လွန်းလှသည်။ ပုရစ်သံ၊ ပုစဉ်းရင်ကွဲအော်သံများနှင့် ပိုးမွှားမြည်သံများက ကြီးစိုးမင်းမူနေသည်။ ကားသံ၊ လူသံများ အလျဉ်းမရှိ၊ တိတ်ဆိတ်နေသည်။ ညမှောင်မှောင်သရက်ပင်ရိပ်တွင် လူတစ်စု ငြင်းခုံနေကြသောအသံသာ ခပ်အုပ်အုပ် ထွက်ပေါ်နေသည်။

"ယောကောင် ခင်မောင်ဝင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com

စန်းငွေ . . . မင်းတို့ ရွှေမုဋ္ဌောသား တွေ ကြီးကျယ်လှချည်လားကွ . . ။ အရက်သောက်ချင်ရင်တော့ ရွှေမုဋ္ဌောရပ်ကနေ ဘီးစမ်းရွာထိ မညောင်းဘဲလာကြတယ်။ အခုတော့ အရက်လေးဝမှ ပြန်ချင်ပြီဆိုတော့ မဟုတ်သေးပါဘူးကွာ"

"အချင်းချင်း ဒီလောက်မပြောနဲ့ ကွာ . . . ကိုမြဝင်း"

"ဘာ . . မပြောရမှာလည်းကွ။ မင်းလည်း ဒီအတိုင်းပဲ မြင့်ကြည်။ မင်းကို့တောကျောင်းရပ်ကကောင် တွေလည်း မုဋ္ဌောကကောင်တွေနဲ့ အတူတူပဲ မဟုတ်လား"

"မင်းပြောတဲ့ ကိစ္စက ရဲစခန်းနဲ့ နီးတယ်ကွ"

"နီးနီးကွာ။ ဒီမယ်ဟေ့ မြဝင်း၊ ကြာညွန့်၊ ဘုန်းကျော်ဆိုတာ သမက ဖြုတ်ခဲ့တာ မှန်ပေမယ့် ဥပဒေမဲ့ မလုပ်ပါဘူးကွ။ အခုဟာက အရက်လည်း အဝသောက်ရမယ်၊ ပိုက်ဆံလည်း ရမယ့်ကိစ္စကွ။ အရက်ပုံး ခြောက်ပုံး ကို သယ်ပို့ရုံပဲကွာ"

"ဟာ . . . အရက်ပုံး ခြောက်ပုံး က အရက်ပုန်းတွေ ဖြစ်နေတယ်ကွ။ ဒါလည်း သိထား"

"ဖြစ်ဖြစ်ကွာ ဒီအချိန် ရဲတွေ အိပ်နေကြပြီပဲ"

"ဟေ့ . . . မြဝင်း၊ ပြောမနေနဲ့ ကွာ။ မင်းရယ်၊ ငါရယ်၊ ဘုန်းကျော် ရယ် သုံးယောက်နဲ့ နိုင်အောင် သယ် မကွာ။ ရတယ်မဟုတ်လား"

"ရပါတယ်ကွ။ မြဝင်း၊ ကြာညွန့်၊ ဘုန်းကျော်ဆိုတာ သူဌေးတန်း ရပ်ကွက်မှာ သုံးယောက်ပေါင်း လောင်းကျော်တွေပဲကွ။ ဟေ့ . . . ခင်မောင်ဝင်း၊ စန်းငွေနဲ့ မြင့်ကြည်၊ မင်းတို့သုံးယောက် ပြန်ကြတော့ဟေ့။ နောက်နေ့လည်း မလာကြနဲ့။ အရက်ဆိုတာ အလကားသောက်လို့မရဘူးဆိုတာ မင်းတို့သိထားပါ။ ဖွီး . . အလကား ကပ္ပိယတွေ၊ ဘုန်းကြီးကျောင်းသား တွေ"

အမှန်မှာလည်း ခင်မောင်ဝင်း နှင့် စန်းငွေမှာ ရွှေမုဋ္ဌောကျောင်းမှ ဘုန်းကြီးကျောင်းသားကြီးများ ဖြစ်သည်။ မြဝင်း၊ ကြာညွန့်နှင့် ဘုန်းကျော်တို့မှာ ယခင်က သမဝါယမ စာရေးများ ဖြစ်ခဲ့သော်လည်း မြို့နယ် သမဝါယမအသင်းက ဝန်ထမ်းအင်အား လူဦးရေလျှော့ချခြင်း ခံရ၍ အလုပ်လက်မဲ့ဖြစ်နေကြရသဖြင့် ကြုံရာကျပန်း လုပ်ကိုင်နေကြသူများ ဖြစ်သည်။ (မှတ်ချက် . . . ယခုအခါ ကိုမြဝင်းဦးဆောင်သော သမအင်အားလျှော့အဖွဲ့မှာ သိန်းငါးရာ အထူးဆုအောင်ဘာလေထီပေါက်ကြသဖြင့် ကားပိုင်သူဌေးလေးများ ဖြစ်နေကြပါပြီ။ စာရေးသူ)

မြဝင်း၊ ကြာညွန့်၊ ဘုန်းကျော်တို့ သုံးယောက်သား တင်ချိုကြီး၏ အရက်ချက်တဲသို့ ထွက်ခဲ့ကြသည်။ တင်ချိုကြီးမှာလည်း သမဝါယမလူထွက်ဖြစ်၍ ဆက်ဆံရေး အဆင်ပြေကြသည်။ တင်ချို၏ အရက်တဲထဲတွင် ညိုဦး (သစ်ဆိုင်)၊ မောင်ကြည်(သမဦးစီး)နှင့် ဌေးမောင်ကြီး(ဇလဗေဒ)တို့ သုံးဦး သာရှိ၍ အရက်ကို တဝတပြ လုပ်၍ သောက်ကြရင်း ဆူညံနေကြသည်။ ညိုဦးတို့သုံးယောက်မှာ မြဝင်းတို့ သုံးယောက်ကိုသတိမထားကြဘဲ သောက်ပြီးရင်း သောက်နေကြလေသည်။ မြဝင်းက တီးတိုးသံဖြင့် . . .

"ဖြိုးကာလာက ဓါတ်ပုံဆရာ အဖွဲ့ပါလား။ ဒီကောင်တွေဟာ စပ်စု တယ်ကွ။ သွားပြီး နှုတ်မဆက်လိုက် နဲ့နော်"

တဲအတွင်း အရက်ချက်ဖို့မှ တင်ချိုကြီး ထွက်လာရင်း . . .

"မြဝင်းတို့ပါလား။ အရက်ပုံးက ခြောက်ပုံးကွ။ မင်းတို့သုံးယောက်နဲ့ နိုင်ပါ့မလား။ ဟိုကောင်သုံးကောင် မပါဘူးလား"

"မပါဘူးကွ။ တစ်ယောက် နှစ်ပုံးစီ ထမ်းပိုးနဲ့ လျှိုပြီးထမ်းရင် နိုင်ပါတယ်။ ထမ်းခတော့ တစ်ခါတည်း ပေးလိုက်နော်"

"ရပါတယ်။ ဒါပေမယ့် ခရိုက တောင်ကုန်းတွေ အတက်အဆင်း တွေနဲ့ နည်းနည်းလှမ်းတယ်နော်။ ဦးစောမောင်၊ ကိုလှထွေး၊ ကိုခင်မောင်ထွေးတို့ကို တစ်ပုံးစီ ပေးလိုက်ကွာ။ ဦးမိုးဆွေ(နန်းတော်) ဆိုင်ကို တော့ အရင်ကြွေးမရလို့ မပေးခဲ့နဲ့။ ကိုတင်မြင့် မခင်ပေါ်တို့ လင်မယား ကို နှစ်ပုံးပေးခဲ့ကွ။ ကျန်တစ်ပုံးကို ဦးစံအေး၊ ကိုခင်မောင်ရီတို့ သားအဖကို ပေးထားခဲ့ကွာ"

"အိုခေ . . . အိုခေ . . ပြီ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို သွားကြတော့ကွာ၊ ဘီးစမ်းရွာထိ ကွင်းလမ်းက ဖြတ်ရမှာဆိုတော့ နှစ်နာရီလောက် ကြာနိုင်တယ်၊ ရဲပတ္တရောင်လည်း ဂရုစိုက်သွား၊ တည့်တည့်တိုးမိရင် ကျေနပ်အောင် လုပ်ပေးလိုက်၊ ရော့ . . . ရော့ ထမ်းပိုးခွေ၊ ပြောရဦးမယ် ကိုညွန့်လှိုင်၊ ကိုဖေသန်း၊ ငမူးဇော်ဝင်းတို့ကို သတိထားကွ၊ တွေ့ရင် အရက်ကို အတင်းအဓမ္မ အကြွေးဆိုပြီးတောင်းလိမ့်မယ်"

"အေးပါ . . အေးပါ၊ စိတ်ချနေ၊ ကဲ . . . သွားမယ်ဟေ့"

တင်ချိုကြီးမှာ ပြည်သူ့ရဲ (ယခင်ကာလ အသုံးအနှုန်းသာ)များ မသိအောင် အရက်ပုန်းခိုးချက်၍ တောစခန်း အရက်ဆိုင်များသို့ ဖောက်သည်ပေး ဖြန့်ဝေခြင်း ဖြစ်သည်၊ ပြည်သူ့ရဲက မိလျှင်တော့ မချောင်ပါ၊ ပစ္စည်းသိမ်း၊ လူဖမ်း၊ တရားရုံးတင် ထောင်ချလုပ်တတ်သဖြင့် သတိထားရသည်၊ ဆန်နှင့်ချက်သော အရက်၊ ထန်းလျက်နှင့်ချက်သော အရက်များဖြစ်၍ တောအရက်ဟုလည်းကောင်း၊ ချက်အရက်ဟုလည်းကောင်း ခေါ်ဆိုကြသော်လည်း မှောင်ခိုရောင်းသော အရက်ပုန်းများဖြစ်၍ ပေါ်ပေါ်ထင်ထင်တော့ မလုပ်ရဲကြပါ၊ အခေါ်အပြောကိုပင် 'ထွေးညို'ဟုသာ ခေါ်ပြောကြသည်၊ အရက်ပုန်းလုပ်ငန်း ဖြစ်သော်လည်း ရမ်းရမ်းကားကား မရှိသဖြင့် မြို့လေးမှာ ဒုစရိုက်မှုများ မရှိလှပါ၊

လဆုတ်ညကား မှေးမှေးမှိန်မှိန်သာ ရှိလှသည်၊

လူသုံးယောက်သား အရက်ပုံးများထမ်းလျက် တောင်ကုန်းလေးများကို တက်လိုက်၊ ဖျာမနီချုံ(ဘီစပ်ပင်များ)တိုးလိုက်ဖြင့် လာခဲ့ကြရာ ဘီးစမ်းရွာသို့ရောက်လာခဲ့သည်၊ ဘီးစမ်းရွာမှာ မြို့လေးနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်၍ ဗိုလ်ချုပ်လမ်းမကို ခွ၍ တည်ရှိသည်၊ ဖျဉ်ထောင်အိမ်၊ သွပ်မိုးအိမ်များနှင့် သာယာသော ရွာကလေးဖြစ်သည်၊ ထုံးစံအတိုင်း ခွေးဟောင်သံများ မကြားရ၊ တိတ်ဆိတ်နေသည်၊

"ရှေ့က . . . ဗိုက်ပူညွန့်လှိုင်နဲ့ အရှည်ကြီးဖေသန်း အိမ်မို့လား"

"အေး . . . ဟုတ်တယ်၊ ခြေသံလုံပါစေ၊ ဒီကောင်တွေက ပုလိပ်ထက် ဆိုးတယ်ကွ၊ ဟို . . . ငမူးဇော်ဝင်းက ပိုဆိုးသေးတယ်"

အိမ်အချို့ကို ဖြတ်ကျော်ကာ ဗိုက်ပူညွန့်လှိုင်တို့ အိမ်အနီးသို့ရောက်လာသည်၊ အိမ်မှာ နှစ်ထပ်အိမ်ကြီးဖြစ်၍ မြင့်မားသည်၊

ထိုစဉ် . . .

"အိ . . အိ . . အိ . . ဝူဝူဝူ"

အသံတစ်သံက တိုးညင်းသော်လည်း သိသာထူးခြားစွာ ကြားလိုက်ရသည်၊ မကြားဖူး၊ မကြုံဖူးသော အသံမျိုးဖြစ်၍ အံ့အံ့ဩဩဖြင့် ခြေလှမ်းများကို ရပ်လိုက်ကြသည်၊

"ဘာသံလဲကွ"

"သိဘူးလေ၊ ငါဖြင့် ဒီအသံမျိုး မကြားဖူးဘူး"

"ခွေးသားအုပ်မ အသံလည်း မဟုတ်ဘူးကွ၊ ဒီအသံကြားတာနဲ့ ကျောချမ်းသလိုလို ဖြစ်မိတယ်"

"လာပါကွာ . . . ဘာမှ မဟုတ် . . . ဟုတ်"

မြဝင်းအသံက တစ်ဝက်တစ်ပျက်ဖြင့် ရပ်သွားသည်၊ ဗိုက်ပူညွန့်လှိုင်၏ အိမ်အောက်တွင် ယိမ်းထိုးယိမ်းထိုး လှုပ်ရှားနေသော အရာကြီးတစ်ခုကို လှမ်း၍မြင်လိုက်ကြသည်၊ မည်းမည်းအကောင်ကြီးမှန်း သိလိုက်ကြသောအခါ သောက်ထားတာတွေ ပျောက်၊ မောတာတွေ မေ့သွားကြသည်၊

"မည်းမည်းကြီးဗျို့ မည်းမည်းကြီး"

"ဗျို့ . . ဦးညွန့်လှိုင်၊ ဦးဖေသန်း၊ ခင်ဗျားတို့အိမ်အောက်မှာ မည်းမည်းကြီးဗျို့ . . မည်းမည်းကြီး"

"လာကြပါဗျို့ . . . ဒီမှာ မည်းမည်းကောင်ကြီး"

မြဝင်း၊ ကြာညွန့်၊ ဘုန်းကျော်တို့ သုံးယောက်သား အရက်ပုံးတွေချ၍ အသံကုန်ဟစ်အော်လိုက်ကြသည်၊ သတ္တိခဲယောကျ်ားများမို့ ထွက်မပြေးကြဘဲ ထမ်းပိုးများကို ကျစ်ကျစ်ကိုင်ကာ နီးကပ်လာက ရင်ဆိုင်ခုခံရန် အသင့်ပြင်ထားကြသည်၊

(မှတ်ချက်၊ ၎င်းတို့သုံးယောက်မှာ ရာဇဝင်လည်းရှိခဲ့သည်၊ မြစ်သာမြစ်ထဲတွင် မိုးတွင်းကာလက လေ့သမ္ဗန်ဖြင့် ရေစီးတွင်မျောလာသည့် ထင်းတုံးများကို ဆယ်ယူရင်း စပါးကြီးဟု ယူဆရသော မြွေနက်ကြီးနှစ်

www.burmeseclassic.com

ကောင်ကို တွေ့ဆုံဖမ်းဆီးနိုင်ခဲ့သည်။ မြွေနက်ကြီးများမှာ ပေါင်လုံးထက်ကြီး၍ ထင်းတုံးအမှတ်ဖြင့် ဆယ်ယူရာမှ ရန်မူကိုက်ခဲသဖြင့် ရင်ဆိုင်တိုက်ပွဲ နွှဲခဲ့သူများဖြစ်သည်။ အဆင်ပြေပါက "ရဲသုံးဖော်နှင့် မြွေကြီးနှစ်ကောင်" ဇာတ်လမ်းကို ရေးသားပါဦးမည်။)

အိမ်တော်တော်များများလည်း ဝုန်းဒိုင်းဖြင့် ပြတင်းတံခါးများဖွင့်ကာ ရေနံဆီမီး၊ လက်နှိပ်ဓာတ်မီးများဖြင့် ဝင့်၍ ဝင့်၍ ကြည့်လာကြသည်။ ရွာဖျားရှိ ကင်းတဲက သံချောင်းတဒေါင်ဒေါင် ခေါက်ကာ တပ်လှန့် နှိုးဆော်လိုက်သည်။ ယောကျ်ားတော်တော်များများ တုတ်ဓားကိုင်၍ ပြေးထွက်လာကြသည်။ လေညာမှ ဖြစ်နေသော အိမ်ခွေးများလည်း တဝုတ်ဝုတ် ဟောင်ကာ ပြေးလိုက်လာကြသည်။ လူများ၊ ခွေးများ၊ မီးရောင်များဖြင့် ရှုတ်ရှုတ်သဲသဲဖြစ်ကာ ဆူညံသွားတော့သည်။

အိမ်အပေါ်ထပ်မှ ဗိုက်ပူညွှန့်လှိုင်တို့ လူသိုက်လည်း လှေကားမှ ပြေးဆင်းလာကာ မည်းမည်းကောင်ကြီးအား တုတ်များ၊ ဓားများဖြင့် တရစပ် စတင်ပစ်ခတ်ပါတော့သည်။

မည်းမည်းကောင်ကြီးမှာ တုတ်များ၊ ခဲများကြောင့်လည်းကောင်း၊ မီးရောင်များ၊ လူသံများကြောင့်လည်းကောင်း လေညာအရပ်ဖြစ်သော ရွာဘက်သို့ 'တဝုဝု' အသံပြုလိုက်ကာ လေအောက်တောင်ကုန်းများရှိရာ ဂျာမနီတော(ဘိစပ်ချုံ)များရှိရာ အပြေးအလွှား ရောက်ရှိလာခဲ့သည်။ မြဝင်း၊ ကြာညွှန့်၊ ဘုန်းကျော်တို့ သုံးယောက်လည်း မည်းမည်းကောင်ကြီး မိမိတို့ဆီ ပြေးလာနေသည်ကို အသင့်ကိုင်ထားသော ထမ်းပိုးများဖြင့် ဆီး၍ ရိုက်ပါတော့သည်။

ဖွဲ့အိတ်ကြီးကို ရိုက်ရသလိုဖြစ်ကာ မထိရောက်ဘဲ မည်းမည်းကြီး၏ တိုက်ခိုက်ရိုက်ပုတ်ခြင်းကို မရှုမလှ ခံကြရတော့သည်။

လဆုတ်ရက် လရောင်သည် ခပ်မှုန်မှုန် လင်းလက်နေသည်။ မီးရောင်များလည်း အနီးသို့ ဝိုင်းမိလာကြသည်။

"ဟာ . . . ဝက်ဝံကြီးဟ"

"ဟယ် . . . ကြောက်စရာကြီး"

ဒုရဲအုပ် ဦးဖိုးထိန်နှင့် မည်းမည်းကြီး စုံစမ်းရေးအဖွဲ့၊ သတင်းထောက် ဦးထွန်းရီနှင့် စာရေးဆရာအဖွဲ့တို့ ရောက်ရှိလာသောအခါ ဝက်ဝံကြီးမှာ မရှိတော့ဘဲ ထွက်ပြေးလွတ်မြောက်သွားလေသည်။ ရွာလူထုက မြဝင်း၊ ကြာညွှန့်၊ ဘုန်းကျော်တို့ လူသိုက်အား ဝံကုတ်ရာ ဒဏ်ချက်များကြောင့် ဆေးရုံသို့တင်ရန် အပြေးအလွှား စီစဉ်ရတော့သည်။

ကိုခင်မောင်(စာအုပ်ဆိုင်)မှာ တစ်ဦးတည်း ထီးတည်းရပ်လျက် ဦးဖေသန်း၊ ဦးညွှန့်လှိုင်၊ ဘိုမူးဖော်ဝင်းတို့၏ နှစ်ထပ်အိမ်ကြီးကိုကြည့်လျက် ပဟေဠိဆန်စွာ ရှိနေပါတော့သည်။

နာရီအတန်ကြာသောအခါ အရာ အားလုံးသည် ပြန်လည်၍ တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

နံနက်မိုးလင်းသောအခါ ဦးညွှန့်လှိုင်တို့ နေအိမ်ဝင်းအတွင်း ပြန်လည်စစ်ဆေးကြည့်ရှုရာ ထင်ရှားသော ဝက်ဝံခြေရာများကို ဟိုမှသည်မှ ရှုပ်ယှက်ခတ်စွာ တွေ့ကြရသည်။ အားလုံး သဘောပေါက်လိုက်ကြသည်။ မည်းမည်းကောင်ကြီးဖြစ်သော ဝက်ဝံကြီးသည် ခွေးနှင့် အိမ်များမရှိသော လေအောက်အရပ် ဂျာမနီတောစပ်မှ ဝင်ရောက်ခဲ့ခြင်း ဖြစ်မည်။ သို့ဖြစ်၍ ခွေးများ မသိခြင်းဖြစ်သည်။ ဦးညွှန့်လှိုင်၊ ဦးဖေသန်းတို့ အိမ်ကြီးအား တဇောတစောင်း ကြည့်ရှုအကဲခတ်သော်လည်း စားပွဲကုလားထိုင်၊ ခုတင်၊ အိုးခွက်ပန်း ကန်များမှအပ ဘာမျှ မသင်္ကာစရာ မရှိချေ။

ဦးဖိုးထိန်နှင့် ကိုခင်မောင်က အပေါ်ထပ်သို့ မသိမသာ တက်၍ ကြည့်သော်လည်း မသင်္ကာစရာ ဘာမျှမတွေ့ပါ။ ပိတ်ထားသော အခန်းနှစ်ခန်းကို တွေ့သော်လည်း ဘာမျှ ထူးမည်မဟုတ်ဟု ဆုံးဖြတ်ကာ ပြန်ဆင်းလာခဲ့ကြသည်။ အိမ်အောက်မရောက်မီတွင် ကိုခင်မောင်၏ နှာခေါင်းဝသို့ ထူးဆန်းသော အနံ့တစ်မျိုးကို ရှူရှိုက်မိလေသည်။

*(ဆက်လက်ဖော်ပြပါမည်။)*



www.burmeseclassic.com

www.burmeseclassic.com

## မေလ ဒုတိယပတ်တွင် တူရကီကျောက်မီးသွေးမိုင်းတွင်းပေါက်ကွဲ

# အနည်းဆုံး လူ ၂၀၁ ဦး သေဆုံး

ဦးတိုး(တက္ကသီလ)



တူရကီနိုင်ငံ အနောက်ပိုင်း ကျောက်မီးသွေးမိုင်းတွင်းတစ်ခု ပေါက်ကွဲခဲ့ရာ အလုပ်သမား ၂၀၁ ယောက် သေဆုံး၍ ဒဏ်ရာအများအပြား ရရှိကြောင်း သက်ဆိုင်ရာအရာရှိများက ပြောကြားသည်။ လျှပ်စစ်ပိုင်းဆိုင်ရာ ပြဿနာကြောင့် ပေါက်ကွဲထွက်ခဲ့ခြင်း ဖြစ်ကြောင်းနှင့် မန်နီစာပြည်နယ် (Manisa Province)၊ ဆွမ်မာ့(Soma) မြို့ရှိ မိုင်းတွင်းထဲတွင် မိုင်းတူးသမား ၇၈၇ ဦးခန့် အလုပ်လုပ်နေကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တန်နာယီလ်ဒစ်ဇ်(Taner Yildez) မှ ပြောကြားသည်။ မြေအောက်အတွင်း၌ မိုင်းတူးအလုပ်သမား ရာချီ၍ ကျန်ရှိနေသေးသောကြောင့် ကယ်ဆယ်ရေးသမားများသည် ညလုံးပေါက် မြေအောက်သို့ရောက်ရှိအောင် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြသည်။

အဆိုပါ မိုင်းတွင်းကို ပုဂ္ဂလိကမှ ပိုင်ဆိုင်ထားပြီး တူရကီ၏မြို့တော် အင်ကာရာမှ ၄၅၀ ကီလိုမီတာ(၂၈၀ မိုင်) အကွာအဝေးတွင် ၎င်းမိုင်းတွင်း ရှိနေသည်။ တူရကီမှ ဘီဘီစီသတင်းထောက် စယ်လင်ဂီရစ်(Selin Girit) သည် လွတ်မြောက်လာသည့်သတင်းများကို စောင့်ကြည့်သတင်းပေးပို့လျက်ရှိသည်။ မိုင်းတွင်းမှ အသက်ရှင်၍ ထွက်လာကြလျှင် ဩဘာပေးသူများနှင့် ဝမ်းနည်း၍ ငိုကြွေးသူများ ရှိနေကြသည်။ ယခုလောလောဆယ်တွင် မိုင်းတွင်းမှ လွတ်မြောက်လာသူ အနည်းငယ်သာရှိပြီး သေဆုံးသူများမှာ ဦးရေမြင့်တက်လာနိုင်ပေသည်။ သို့သော်လည်း မိုင်းတွင်းပေါက်ကွဲခဲ့စဉ်က မိုင်းတူးသမား ၃၆၀ ခန့်သာ မြေအောက်တွင် ရှိနေကြောင်း သိရှိရသည်။ တူရကီရုပ်မြင်သံကြား၏ သတင်းပေးပို့ချက်အရ လူ ၈၀ ခန့် ထိခိုက်ဒဏ်ရာရရှိကြောင်း သိရှိရ၏။ လွန်ခဲ့သည့် လေးနှစ်ခန့်က (၂၀၁၀) ဇောင်ဂူလ်ဒက်(Zonguldak) တွင် ကျောက်မီးသွေးတွင်း ပေါက်ကွဲ၍ မိုင်းတူးသူ ၃၀ ဦး သေဆုံးခဲ့ရသည်။ ၁၉၉၂ ခုနှစ်က အဆိုပါမြို့ရှိ မိုင်းတွင်း မတော်တဆမှုဖြစ်ပြီး လူပေါင်း ၂၇၀ ကျော် သေဆုံးခဲ့ရသည်။ စွမ်းအင်ဝန်ကြီးဌာန၏ အဆိုအရ ကာဗွန်မိုနောက်ဆိုက် အဆိပ်ဓာတ်ငွေ့ကြောင့် အသေအပျောက်များခဲ့ကြောင်းနှင့် ပိတ်မိနေသူများထံသို့ အောက်ဆီဂျင်ဓာတ်ငွေ့များ မှုတ်သွင်းပေးနေရကြောင်း သိရှိရသည်။ လျှပ်စစ်ဓာတ်အား မရှိတော့သဖြင့် မိုင်းတွင်းသို့ အဆင်းအတွက် လှောင်အိမ်များကို ချရန် မဖြစ်နိုင်တော့ပေ။ ပိတ်မိနေကြသူများသည် မြေအောက် ၂ ကီလိုမီတာ(၁.၂ မိုင်)နှင့် မိုင်းတွင်းအဝင်ဝမှ ၄ ကီလိုမီတာတွင် ရှိနေကြသည်။ အဆိုပါ မိုင်းတွင်းသည် မေလ ၁၃ ရက်၊ အင်္ဂါနေ့ ၁၂:၃၀ ဂျီအမ်တီတွင် ပေါက်ကွဲခဲ့ပြီး ကနဦးတွင် ပွဲချင်းပြီး ၁၇ ဦးသေဆုံးသွားခဲ့သည်။

ဦးတိုး(တက္ကသီလ)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ယမ်းဘီလူးအောင်ဒင် နှင့် မရဏာပစ်ကွင်း

▲ ရွှေမြို့တင့်သောင်းတင်

"ခင်ဗျားကို လေးစားပါတယ် ကိုအောင်ဒင်"

လူသတ်သမား၏ ဝန်ခံချက်။

"မင်း မိုးညိုမဟုတ်လား"

"ဟုတ်ပါတယ် ကျုပ် မိုးညိုပါပဲ။ ခင်ဗျား ကျုပ်ကို ထောင်ထဲပို့ခဲ့တာ လေ။ ကျုပ်ထောင်ကလွတ်တာ တစ်ပတ်ပဲ ရှိသေးတယ်။ ထွက်ထွက်ချင်းပဲ ခင်ဗျားကိုသတ်ဖို့ အခွင့်အရေး ရခဲ့တယ်။ ကျုပ် ဝမ်းသာမဆုံးပါဘူး။ ဒါပေမယ့် ဒီပွဲမှာ ကျုပ်စိတ်တွေ မြန်နေတယ်၊ လှုပ်ရှားလွန်း အားကြီးနေတယ်"

ယမ်းဘီလူးအောင်ဒင်က ပြုံးလိုက်သည်။

"ခင်ဗျား ဘာပြုလို့ လက်စားချေချင်ရတာလဲ ကိုမိုးညို။ ခင်ဗျားတို့ဟာ အမှောင်ထုထဲ ပြန်ဝင်ချင်ကြတာပဲ။ ဥပဒေအပြင်ဘက် လွတ်လပ်မှုကို ရှာပါဗျာ။ ယောက်ျားတွေပဲ တိုင်းပြည်ကိုချစ်ပါ၊ ဒုက္ခမပေးချင်ကြပါနဲ့။ ကျွန်တော်တို့လုပ်နေတာဟာ ခင်ဗျားတို့ကို ဒုက္ခပေးနေတာ မဟုတ်ဘူး ကိုမိုးညို။ ကျွန်တော်တို့ကို အထင်မလွဲပါနဲ့၊ ကျွန်တော်တို့က ပြည်သူတွေရဲ့ အသက်အိုးအိမ်ကို ကာကွယ်နေရတာ။ ခင်ဗျားတို့ မဆိုးမမိုက်ရင် ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော်တို့လည်း ဘာမှလုပ်စရာမလိုဘူး။ ခင်ဗျားတို့ကိုလည်း ဖမ်းစရာမလိုဘူး။ ခင်ဗျား သဘောပေါက်မှာပါ"

မိုးညို ဘာမှမပြောနိုင်ပါ။ သူ၏ မိုက်မှားခြင်း နောင်တကို ရရှိသွားဟန် တူသည်။

"ခင်ဗျားကို ကျွန်တော် ဖမ်းမယူပါဘူး။ ဒါပေမယ့် ခင်ဗျား ကျွန်တော့်ကို ကူညီပါ။ ခင်ဗျားအတွက်လည်း အဆင်ပြေအောင် ကူညီပါ့မယ်"

ယမ်းဘီလူးအောင်ဒင်က သူ့စကားဆုံးသည်နှင့် ဆရာဝန်၊ ဆရာမများ တာဝန်ကျသော အခန်းမှနေ၍ ခွင့်တောင်းကာ ဦးတင်မောင်ဖေတို့ဆီ ဖုန်းဆက်လိုက်သည်။ ချက်ချင်းပင် ဦးတင်မောင်ဖေတို့ရောက်ရှိလာသည်။

"ကံကြီးပေလို့ပဲဟေ့"

ဦးတင်မောင်ဖေ အတော်ပင် အံ့သြနေသည်။

"ငါ့ကောင်တွေ တာဝန်ချထားတာ ဘယ်သူမှ မရှိကြပါလားကွ"

ဦးတင်မောင်ဖေက ပါးစပ်မှ ဆေးတံကြီးကို ချွတ်ရင်းက တီးတိုးရေရွတ်လိုက်သည်။

"ဦးတင်မောင်ဖေရဲ့လူတွေ ရှိပါတယ်"

ယမ်းဘီလူးအောင်ဒင်က မိမိ မြင်ကွင်းမှ အပြင်သို့ လက်ညှိုးထိုးပြလိုက်သည်။ ဟုတ်ပါသည်။ ဦးတင်မောင်ဖေ၏ ရဲဘော်များ တာဝန်ကျေပွန်စွာနှင့်ပင် ရှိနေကြသည်။

"မိုးညိုက ဂျူတီကုတ်နဲ့ ဆရာဝန်ဟန်ဆောင်ပြီးလာတော့ ဘယ်မှာ သိနိုင်ပါ့မလဲ ဦးတင်မောင်ဖေ။ ညအချိန်ဆိုတော့ ပိုပြီးမသိနိုင်သေးတာပေါ့"

"ဒီကောင်က မိုးညိုလား"

ယမ်းဘီလူးအောင်ဒင်က မိုးညိုနှင့် ပတ်သက်၍ ရှင်းပြလိုက်သည်။

"ကဲ . . . မိုးညိုကို ခေါ်သွားကြတော့"

ဦးတင်မောင်ဖေက သူ့လူများကို အမိန့်ပေးလိုက်သည်။ မိုးညိုကို ခေါ်သွားပြီးသောအခါ အခန်းတွင်း၌ တိတ်ဆိတ်ကျန်ရစ်သည်။ အဖြစ်အပျက်ကို အားလုံးက မသိသလိုပင်။ အမှန်တော့လည်း အဖြစ်အပျက်က တည်ငြိမ်အေးဆေးလှပါသည်။

"ဒီကောင့်ကို စခန်းရောက်မှပဲ အေးအေးဆေးဆေး စစ်ဆေးရတော့မယ်။ ဒီညတော့ မင်းအိပ်လို့ ရပါပြီ ထင်ပါရဲ့"

"ကျွန်တော် ထာဝရ အိပ်မပျော်သွားဖို့ အရေးကြီးတာပဲ"

ယမ်းဘီလူးအောင်ဒင်က ဦးတင်မောင်ဖေကို ခနဲ့သလို ပြောလိုက်သည်။ ဦးတင်မောင်ဖေက ကျွဲမြီးတိုသွားသည်။ ကိုယ်ကို ဆတ်ခနဲ တွန့်လိုက်သည်။

"ကျုပ်လည်း ခင်ဗျားကို မသေစေချင်ပါဘူး။ ကဲ . . . သွားမယ်"

ဦးတင်မောင်ဖေ ထွက်သွားပြီးနောက် ယမ်းဘီလူးအောင်ဒင်က အေးဆေးစွာ အနားယူမည်ဟု တွေး၍ ခုတင်ပေါ်မှာ ပြင်ဆင်ထားသော သဏ္ဍာန်များကို ရှင်းလင်း၍ အိပ်တော့မည်အပြုတွင် ခပ်သုတ်သုတ်ဝင်လာသော ခြေသံများကြောင့် ယမ်းဘီလူးအောင်ဒင်က ကပျာကသီနှင့် အခြေအနေကို ရင်ဆိုင်ရန် အသင့်ပြင်လိုက်သည်။ သို့သော် ရန်သူများ မဟုတ်ပါ။ စောစောက ပြန်သွားသော မိတ်ဆွေကြီးဦးတင်မောင်ဖေ ဖြစ်နေသည်။ သူ့နောက်တွင် သူ့လူများ ပါလာပါသည်။

"ကျွန်တော် ဘာအကူအညီပေးရမလဲ ဦးတင်မောင်ဖေ"

"ခင်ဗျား . . ကျုပ်ကို မခနဲ့နဲ့ ကိုအောင်ဒင်။ ဒီမှာ ပြဿနာနဲ့ လာရတာကွ။ မိုးညိုကို နှုတ်ပိတ်သွားကြပြီ"

"ဗျာ"

"ဗျာမနေနဲ့။ ကျုပ်တို့ဘက်က အသုံးမကျတဲ့ကောင်တွေ သေမသွားတာတောင် ကံကောင်း။ ဒီကောင့်ကို ကားပေါ်တင်ပြီး စခန်းဘက်ကို အထွက်မှာ ဟိုကောင်တွေက စောင့်ပြီး ဆော်သွားတာကွ"

"ကျွန်တော်တို့ ဘာသံမှ မကြားရပါလား"

"ဘယ်ကြားပါ့မလဲ။ အသံတိတ်ကိရိယာ သုံးတာကိုး။ ကျုပ်လူတွေ သတိမရှိတာပါ။ အခုတော့ ကွင်းဆက်တစ်ခု ပြတ်သွားပြန်ပြီ"

ဦးတင်မောင်ဖေက သူပြောချင်သော စကားများပြောပြီး စိတ်မငြိမ်မသက် ရှိနေခြင်းဖြစ်ရာ ယမ်းဘီလူးအောင်ဒင်ကိုပင် နှုတ်မဆက်ဘဲ အခန်းထဲမှ ထွက်သွားတော့သဖြင့် သူ့လူများသည် သူ့နောက်မှ လိုက်ပါသွား

www.burmeseclassic.com

ကြလေသည်။ ယမ်းဘီလူးအောင်ဒင် တစ်ယောက်တည်း အခန်းထဲတွင် အေးဆေးစွာ ကျန်ရစ်ခဲ့ပါတော့သည်။ ရန်သူသည် မိမိနှင့် အနီးကပ်သော်လည်းကောင်း၊ အဝေးမှသော်လည်းကောင်း တိုက်ခိုက်နေပေဦးမည်ဖြစ်သည်။ သို့သော် မိမိကလည်း တုံ့ပြန်ရန် အသင့်ပင်ဖြစ်သည်။ အရေးကြီးသည်က မိမိနေထိုင်ကောင်းဖို့ ဒဏ်ရာ အမြန်ဆုံး ပျောက်ကင်းဖို့ပင်ဖြစ်သည်။

တရားမဲ့စွာနှင့် တစ်ကိုယ်ကောင်းဆန်ခြင်း၊ တိုင်းပြည်အတွက် နစ်နာစေခြင်း လုပ်ဆောင်နေသောသူများသည် အဘယ်မှာလျှင် တရားဥပဒေဘောင်မှ ရုန်းထွက်နိုင်ပါမည်နည်း။ ယမ်းဘီလူးအောင်ဒင်သည် ယင်းတို့ကို ဆက်လက်ဖြိုခွင်းနိုင်ရန်အတွက် အတွေးသစ်၊ စိတ်သစ်ဖြင့် အိပ်မောကျနေသောည၌ အနားယူမှေးစက်လိုက်တော့သည်။

xxx xxx xxx

(၃)

မိုးညိုကို နှုတ်ပိတ်လိုက်ခြင်းကြောင့် ယမ်းဘီလူးအောင်ဒင်နှင့် အလိုရှိသော ကွင်းဆက်က ပြတ်တောက်သွားသလိုပင်။ သို့သော် ဦးစစ်ချောင်း၏ စတုတ္ထဇနီးငယ် ကျင်မေသည် မိမိအတွက် အထောက်အကူ ဖြစ်ပါ့မလား။ ယမ်းဘီလူးအောင်ဒင်၏ အတွေးထဲသို့ ကျင်မေရောက်လာ၏။ ကျင်မေက သူ့ခင်ပွန်းသည် ဦးစစ်ချောင်းနှင့် ပတ်သက်၍ မည်သို့ခံစားချက် ရှိပါသနည်း။ မီးခဲကလည်း ကျင်မေ့ထံ အဝင်အထွက်ရှိနေသည်ဆိုသော သတင်းကလည်း ကြားသိထားသဖြင့် ကျင်မေသည် ဒုစရိုက်လောကအတွင်းက ရုန်းထွက်နိုင်ပါ့မလား။

ဦးစစ်ချောင်းသည် မူးယစ်ဆေးဝါး လုပ်ငန်းဖြင့် ကြီးပွားချမ်းသာသော သူ့ဘဝတွင် လိုလေသေးမရှိ။ သူ့လက်ရှိ ဇနီးအကြီးနှင့် ကလေးများကို လိုလေသေးမရှိထား၍ သူသည် စိတ်တိုင်းကျပင် မိမိ၏ ကောင်းစားရေး အတ္တဆန်လှစွာသော တစ်ကိုယ်ကောင်း လုပ်ရပ်၊ အနာဂတ်တိုင်းပြည်အတွက် အားထားရမည့် လူငယ်လူကောင်းတို့၏ အကျင့်စာရိတ္တ ပျက်ပြားစေသော အတ္တလူတစ်စုက သူ့အသက်ကိုဖြိုခွင်း၍ သူ့နေရာယူချေပြီ။

တရားခံ ဘယ်သူလည်း။ ယမ်းဘီလူးမောင်ဒင် ဦးနှောက်ထဲသို့ သည်မေးခွန်းဝင်ရောက်၍ အဖြေမှန်ကိုရှာ၍ တရားခံကို ရှာရပေတော့မည်။ သို့သော် မိမိအတွက် မလွယ်လှပါ။ မိမိသည် မရဏပစ်ကွင်း လမ်းကြောင်းပေါ် ရောက်ရှိနေသူ မဟုတ်ပါလား။

လူမိုက်မီးခဲသည် မိုးညို၊ မိုက်ခဲ စသည့် လူမိုက် လူရမ်းကားတို့အား မွေးထားလျက် မိမိအတွက်အန္တရာယ် ကျရောက်မည့် အခြေအနေမျိုး ရင်ဆိုင်ရလျှင် အန္တရာယ်ကို ရှင်းပစ်ရမည်ဟူသော အဆုံးအဖြတ် ထားသူပီပီ လူသတ်ကောင် ထောင်ထွက် လူမိုက်မိုးညိုကို အပြတ်ရှင်းလိုက်၏။ မိုးညိုကိုမရှင်းလျှင် မီးခဲအဖို့ အန္တရာယ်က မီးခိုးကြွက်လျှောက်လိုက်မည့် ပြဿနာရှိမည် မဟုတ်ပါလား။

မိုးညိုအား မီးခဲ နှုတ်ပိတ်ခဲ့လေပြီ။ မိမိအနေဖြင့်လည်း မရဏပစ်ကွင်းကို ရှောင်နိုင်ပါမည်လား။

ယမ်းဘီလူးအောင်ဒင်သည် မော်တင်ဆိပ်ကမ်း၌ ရတနာမှောင်ခိုဂိုဏ်းကို ထောက်လှမ်း၍ အမိအရ ဖမ်းဆီးနိုင်ခဲ့ခြင်းကြောင့် နိုင်ငံတော်အတွက် များစွာအကျိုးသက်ရောက်မှု ရှိခဲ့ပုံ၊ ရတနာမှောင်ခိုဂိုဏ်းကို ဖြိုခွင်းရာ၌ နာမည်ကြီးလူဆိုးများဖြစ်သော မိုးညို၊ မိုက်ကန်း၊ နဂါးဂိုဏ်း စသည်တို့ကို ဖမ်းဆီးရမိခဲ့ရာ မိုက်ကန်းနှင့် နဂါးဂိုဏ်းတို့က ပြစ်မှုကျခံရစဉ်မှာပင် အပြင်ပ၌ နေစဉ်က မူးယစ်ဆေးများကို ဆုံးရှုံးခဲ့ရာ အပြစ်ခံရချိန်တွင် မှီဝဲရသော ဆေးဝါးနှင့် ကင်းပြတ်သဖြင့် ကျန်းမာရေးချို့တဲ့ကာ လူ့လောကကို စွန့်ခွာခဲ့ရ၏။ ယင်းသို့ ဝေဒနာခံစားရစဉ် တာဝန်ရှိသူများက ဆေးကုသပေးပါ၏။ သို့သော်လည်း ဆေးဝါးက သူတို့၏ အမြစ်ဆွဲနေသော ဝေဒနာကို မတိုးနိုင်တော့၊ လူ့ဘဝကို စွန့်ခွာရ၏။ လူမိုက်ကြီး မိုးညိုမှာ မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းရှင်းသူဖြစ်၍ ကျန်းမာရေးကောင်းခြင်း၊ အကျဉ်းကျကာလ၌ စည်းကမ်းသေဝပ်ခြင်း၊ တာဝန်ကျေပွန်ခြင်းတို့ကြောင့် အပြစ်မှတင်းလွတ်ခွင့် ရသော်လည်း မိမိအား ထောင်ထွင်းသို့ပို့သော စုံထောက်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ယမ်းဘီလူးအောင်ဒင်ကို အပြတ်ရှင်း လက်တုံ့ပြန်ရန် စိတ်ပြင်းထန်၍အပြင်သို့ ရောက်သည်နှင့် အခွင့်သာချိန်တွင် ယမ်းဘီလူးအောင်ဒင်ကို အစဖျောက်ရန်အား ထုတ်ပေမယ့် မိမိသာလျှင် လောကကို ကျောခိုင်းခဲ့ရသည် မဟုတ်ပါလား။

ယမ်းဘီလူးအောင်ဒင်က မိုက်ကန်း၊ နဂါးဂိုဏ်း၊ မိုးညိုတို့အကြောင်းကို ပြန်သုံးသပ်၍ ဆက်နွယ်မှုကို ခြေရာခံလိုက်၏။ ရဲဌာန၊ ရန်ကုန်ထောင်၊ အင်းစိန်ထောင် စသည်များဖြင့် ယမ်းဘီလူးအောင်ဒင် တော်တော်မှအလုပ်ရှုပ်ခဲ့ရပါ၏။

ဦးတင်မောင်ဖေ၏ အားထုတ်မှုကလည်း ယမ်းဘီလူးအောင်ဒင်အပေါ် များစွာ အကျိုးသက်ရောက်ခဲ့ပါသည်။ သည်သို့ ညီညွတ်မှု၊ လက်တွဲမှုကြောင့် မော်တင်ဆိပ်ကမ်း၌ ရတနာမှောင်ခိုဂိုဏ်းကြီးကို ဖမ်းဆီးအောင်မြင်ခဲ့ရ၏။ အဖိုးတန် ရတနာတွေ၊ ပြီးတော့ ကမ်းရိုးတန်းပြေး မော်တော်တစ်စီး၊ အောင်မြင်တော့ အောင်မြင်ခဲ့ပါ၏။ သို့သော် သည်အချိန်တုန်းက မော်တော်ပိုင်ရှင်ကို မမိပါ။ မော်တော်ပိုင်ရှင်က လွန်ခဲ့သော နှစ်လလောက်က ကွယ်လွန်သွားကြောင်း စစ်ဆေးတွေ့ရှိသည်။ ဤသို့ဖြင့် ရတနာမှောင်ခိုဂိုဏ်းတွင် ကြီးကိုင်သော ဦးစီးဦးဆောင်သူကို မရ၊ မိုက်မိုက်ကန်းကန်း လူဆိုးများနှင့် ရတနာနှင့် မော်တော်ကို ရရှိလိုက်သည်။

ယခုအခါ ယမ်းဘီလူးအောင်ဒင်က ဦးတင်မောင်ဖေနှင့် မျက်နှာချင်းဆိုင်၍ ရတနာမှောင်ခိုဂိုဏ်း ခြေရာကို လိုက်ရန် စီစဉ်မှုပြုရတော့သည်။ ယခု လူသတ်နေသော ဂိုဏ်းသည် နှယ်နှယ်ရရ မဟုတ်။ ဦးစစ်ချောင်း သေဆုံးသည်မှာ သူတို့လက်ချက်ဖြစ်ရမည်။ လူဆိုးလူမိုက် မိုးညိုကိုလည်း အပြတ်ရှင်းသွားသည်။ ပြီးတော့ ယမ်းဘီလူးအောင်ဒင်ကိုလည်း ပစ်ကွင်းပေါ်မှ သားကောင်အဖြစ်နှင့် သတ်မှတ်ခဲ့လေပြီ မဟုတ်ပါလား။

*** *** ***

"ဒီမှာ ဖိုးအောင်ဒင်၊ တကယ့်ကို စိတ်ဝင်စားစရာဖြစ်လာပြီ"

"ဟုတ်တယ် ဦးတင်မောင်ဖေ၊ ကျွန်တော်တို့ဘက်ကလည်း အထူးလျှို့ဝှက်ဖို့ လိုလိမ့်တယ်"

"ဒါပေါ့၊ ဒါပေါ့။ အဖွဲ့ဝင်ရဲ့ သတင်းပို့မှုကို အလေးအနက်ထားပြီး စိစစ်ရမှာ"

နှစ်ဦးသား စကားပြောနေခိုက် ဒုရဲအုပ်ဒေါ်မြင့် ရောက်လာသဖြင့် စကားဖြတ်ကာ ဦးတင်မောင်ဖေက သိချင်ဇောနှင့် လှမ်းမေး၏။

"ဘယ်လိုလဲ၊ ထင်မြင်ချက်တွေ မလွဲလောက်ဘူးနော်"

"ဟုတ်ပါတယ် ဆရာ၊ တကယ်လည်း မထင်မှတ်စရာပါပဲ"

ဒုရဲအုပ်ဒေါ်မြင့်က သူရရှိခဲ့သော၊ တွေ့ကြုံခဲ့သော သတင်းများကို အသေးစိတ် တင်ပြနေ၏။ ယမ်းဘီလူးအောင်ဒင်က ဒုရဲအုပ်ဒေါ်မြင့်ကို တလေးတစားနှင့် ငေးမောစူးစိုက်ကြည့်နေမိ၏။ ဒေါ်မြင့်ဟုသာ ခေါ်ရသော်လည်း အသက်ကြီးသေးသည် မဟုတ်။ ငယ်ရွယ်သေးသော်လည်း ဒုရဲအုပ်ရာထူး၊ ကြိုးစားအားထုတ်မှုဂုဏ်တို့ဖြင့် ဒေါ်မြင့်ဟု တင်စားခံရ။ အမှန်တော့ အသက်အစိတ်ပင်မပြည့်သေးပါ။ တက္ကသိုလ်မှ ဘွဲ့ရပြီး ဝါသနာကြီးစွာဖြင့် ရဲတပ်ဖွဲ့သို့ ဝင်ရောက်၍ ရွှပ်ရွှပ်ချွန်ချွန်ပင် တာဝန်ယူခဲ့သူဖြစ်သည်။ လုပ်ငန်းလုပ်ကိုင်ရာတွင် တိကျသည်၊ ပြတ်သားသည်၊ သတ္တိရှိသည်။ အထူးသဖြင့် ကျရောက်သောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သူပင်။

"ဒီမှာဆရာ၊ ဦးထင်ပေါ်အောင်ရဲ့ ရာဇဝင်အကျဉ်း"

ဒေါ်မြင့်တင်ပြသော ဦးထင်ပေါ်၏ ကိုယ်ရေးအကျဉ်းကို ဦးတင်မောင်ဖေက လေ့လာနေစဉ် ယမ်းဘီလူးအောင်ဒင်သည် ဦးထင်ပေါ်အောင် ဟူသောအမည်ကို ကြားရသည်နှင့် အသိထဲသို့ မမျှော်လင့်သော အကြောင်းအရာတစ်ခုက ဝင်ရောက်လာခဲ့ပါ၏။

"ထင်ပေါ်အောင်"

ယမ်းဘီလူးအောင်ဒင် အသံထွက်အောင် ရေရွတ်လိုက်သည်။

"ဘာဖြစ်တာလဲ ဖိုးအောင်ဒင်၊ သဲလွန်စရပြီလား"

ယမ်းဘီလူးအောင်ဒင်၏ အာမေဍိတ်သံကြောင့် ဦးတင်မောင်ဖေက လှမ်းမေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"သဲလွန်စ မဟုတ်ပေမယ့် အဲဒီ ထင်ပေါ်အောင် ဆိုတဲ့အမည်ကို ကျွန်တော်ခံစားရတယ် ဦးတင်မောင်ဖေ။ ကျွန်တော် ဒေါ်မြင့်ရဲ့ အစီရင်ခံစာ ခဏဖတ်ခွင့်ရမလား"

"ရပါတယ် ဖိုးအောင်ဒင်ရယ်။ တို့တစ်တွေက အတူလက်တွဲရမယ့် အခြေအနေမှာ ရှိနေတယ်လေ"

ဦးတင်မောင်ဖေက ယမ်းဘီလူး အောင်ဒင်လက်သို့ ဦးထင်ပေါ်အောင်၏ ကိုယ်ရေးအကျဉ်းစာရွက်ကို ကမ်းပေးလိုက်သည်။

××× ××× ×××

ယမ်းဘီလူးအောင်ဒင်က အခန်းတွင်းမှ စူးရှသော တယ်လီဖုန်းမြည်သံကြောင့် အိပ်ရာမှ လန့်နိုးခဲ့သည်။ တယ်လီဖုန်းမြည်သံက ဆက်တိုက်ပင် ဖြစ်သည်။ ဤအချိန်ဆက်လျှင် ဦးတင်မောင်ဖေ၊ သို့မဟုတ် ဒေါ်မြင့်ဖြစ်ရမည်ဟု ယမ်းဘီလူးအောင်ဒင်က စိတ်ထဲတွေး၍ ကောက်ကိုင်လိုက်သည်။

"ကိုအောင်ဒင်လားဟင်"

"ဟုတ်ပါတယ်၊ ပြောပါ"

"မေပါ ကိုအောင်ဒင်"

"မှတ်မိပါတယ် မကျင်မေ"

"စိမ်းကားလှချည်လားရှင်"

"ဘာကိုပြောတာလဲ မကျင်မေ"

"ဟော့ . . ကို'မေ'တောင် မခေါ်နိုင်တော့ဘူးလား ရှင်ရယ်"

"မကျင်မေက ခေါ်စေချင်ရင် ကျွန်တော်ခေါ်ပါ့မယ်။ ကဲ . . မေ၊ စောစောစီးစီး ဘာကိစ္စများရှိလို့ပါလဲ"

"ရှိတာပေါ့ရှင်ရယ်။ ရှင် ဦးထင်ပေါ်အောင်ကို ရှာနေတာမှတ်လား"

"ဗျာ . ."

ယမ်းဘီလူးအောင်ဒင် အာမေဋိတ်သံဖြင့် "ဗျာ"ဟူ၍ ကျယ်လောင်စွာ ထွက်သွား၏။

"ရှင် အံ့ဩနေတယ်မှတ်လား။ ဒီမှာ ကိုအောင်ဒင်၊ ရှင် ကျွန်မဆီ နေ့လယ် ၁ နာရီတိတိ လာခဲ့ပါ။ ရှင့်ကို ပြောစရာအများကြီးပဲ။ ရှင့်အတွက် ဝိစကီ၊ အာလူးကြော်၊ ဝက်အူချောင်းကြော် လုပ်ထားပါ့မယ်။ လာမယ်မှတ်လားဟင်"

သည်သို့ဆိုလာသဖြင့် ယမ်းဘီလူးအောင်ဒင်ကလည်း ကျင်မေ၏ ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ပါ၏။

"လာရမှာပေါ့ မေရယ်"

ယမ်းဘီလူးအောင်ဒင်က တယ်လီဖုန်းကို ချလိုက်ပြီးနောက် ပက်လက်ကုလားထိုင်တွင် ထိုင်ကာ တွေဝေနေမိပါ၏။ ကျင်မေနှင့် ဦးထင်ပေါ်အောင် မည်သို့ ပတ်သက်သနည်း။ ဦးစစ်ချောင်းကို သတ်သူမှာ ဦးထင်ပေါ်အောင်လား။ ဦးထင်ပေါ်အောင်သည် ရတနာမှောင်ခိုလုပ်ငန်းကို နောက်ကွယ်မှ ကြိုးကိုင်ခဲ့သူမဟုတ်ပါလား။ ဦးထင်ပေါ်အောင်ကို ဖမ်းဖို့က အထောက်အထားမရှိ။ သို့သော် ရတနာမှောင်ခိုအမှုနှင့်ပတ်သက်၍ စုံစမ်းမှုအရ ဒေါ်မြင့်၏ ထောက်လှမ်းမှုအစီအစဉ်အရ ကွင်းဆက်ကလေးများရှိနေသည်။

သည်ကိစ္စနှင့် အတူးသတိပြုရမည့်သူနှစ်ဦးမှာ မိုးခဲနှင့် မိုက်ခဲပင် မဟုတ်ပါလား။ ယမ်းဘီလူးအောင်ဒင်သည် တယ်လီဖုန်းရှိရာသို့ ထသွားကာ ကျင်မေဖုန်းဆက်သည့်အကြောင်းများကို ဦးတင်မောင်ဖေအား ရှင်းပြ၍ ဦးထင်ပေါ်အောင် ပတ်ဝန်းကျင်နှင့် ပုဇွန်တောင်၊ ဦးစစ်ချောင်း နေအိမ်ပတ်ဝန်းကျင်တွင် မျက်ခြည်မပြတ်စေဖို့ အကြောင်းကြားလိုက်ရာ ဦးတင်မောင်ဖေကလည်း ယခုပင် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း ယမ်းဘီလူးအောင်ဒင်ထံသို့ ပြန်လည်အကြောင်းကြားလိုက်၏။

××× ××× ×××

သည်တစ်ခါတော့ ယမ်းဘီလူးအောင်ဒင်က နိုင်ငံခြားရုပ်ရှင်ကားထဲက မင်းသားလိုဟန်အပြည့်နှင့် ဖြစ်သည်။ သူ့ကိုမြင်သူများက အကဲခတ်သည်။ အထူးသဖြင့် မိန်းမလျှာလေးများက စူးစူးစိုက်စိုက်ရှိသည်။

ယမ်းဘီလူးအောင်ဒင်ကို ကျင်မေက ၁ နာရီတိတိ ချိန်းထားသော်လည်း ယမ်းဘီလူးအောင်ဒင်က ကျင်မေတို့တိုက်ခန်းနှင့် အလှမ်းမဝေးသော နေရာသို့ ကြိုရောက်ရှိနေပြီး သူ့အား ပတ်ဝန်းကျင်က နိုင်ငံခြားဧည့်သည်၊ ခရီးသွားဧည့်သည်လားဟု ထင်မှတ်ကြသည်။ ဟုတ်ပါသည်။ ကျွန်တော်တို့စုံထောက်ကြီး ယမ်းဘီလူးအောင်ဒင်က ယခုအခါ ဂျိမ်း(စ်)ဘွန်းမင်းသား ရှောင်ကွန်နရီလိုလို အိန္ဒိယနာမည်ကျော် ရုပ်ရှင်မင်းသား



www.burmeseclassic.com

www.burmeseclassic.com

ကြီး အမိန့်ဘဂျန်းလိုလို။ အထူးသဖြင့် လမ်းပေါ်က မိန်းမချောလေးများက စိတ်ဝင်စားကြသည်။

ယမ်းဘီလူးအောင်ဒင် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်တော့ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဦးတင်မောင်ဖေ၏ အဖွဲ့သားများကလည်း သည်ဝန်းကျင်ဝယ် တွေ့ရပြီဖြစ်သဖြင့် ယမ်းဘီလူးအောင်ဒင် ခေါင်းညိတ်ပြုံး၍ ပတ်ဝန်းကျင်ကို အကဲခတ်၏။

ကျင်မေတို့တိုက်နှင့် မလှမ်းမကမ်းတွင် ရပ်ထားသော ဂျစ်ကားတစ်စီးကို ယမ်းဘီလူးအောင်ဒင်အကဲခတ်မိ၏။ သည်ကားကို မိမိ၏နေရာတွင် မြင်ဖူးမိပါသလား။ ယမ်းဘီလူးအောင်ဒင်က မိမိကိုယ်မိမိ မေးခွန်းထုတ်မိ၏။ မိမိစိတ်ဝယ်လှုပ်ရှားလာချေသည်။ လက်မှနာရီကို ကြည့်လိုက်သောအခါ ၁၂ နာရီခွဲကျော်ကျော်မျှသာ ရှိသေးသည်။ ကျင်မေက မိမိကို ၁ နာရီတိတိတွင် ချိန်းထားသည် မဟုတ်ပါလား။

ယမ်းဘီလူးအောင်ဒင် စိတ်လှုပ်ရှားစွာနှင့် ပတ်ဝန်းကျင်ကို အကဲခတ်နေမိသည်။ ထိုအချိန်တွင် မိမိအနီးသို့ ဆာရီဝတ် အိန္ဒိယနွယ်ဝင် အမျိုးသမီးတစ်ဦးက ပြုံးပြုံးလေးကပ်လာပြီး ဤသို့ပင် ယမ်းဘီလူးအောင်ဒင်ကို မြန်မာလို ပီပီသသ နှုတ်ဆက်လိုက်ပါ၏။

"မင်္ဂလာပါဦးအောင်ဒင်၊ ရှင်ဒီမှာ အချိန်ဆွဲမနေနဲ့တော့၊ မသင်္ကာစရာ လူတစ်ယောက် အပေါ်တက်သွားတယ်။ တစ်နာရီနီးနီးရှိနေပြီ။ ကားခေါင်းထဲကလူကလည်း မယောင်မလည်နဲ့ ဟိုဘက်က စားသောက်ဆိုင်ထဲ ဝင်သွားတယ်။ အဲဒီလူကို ယူသုံးယောက်လွှတ်ထားတယ်"

"ကျေးဇူးပဲ"

ယမ်းဘီလူးအောင်ဒင်က ဆာရီဝတ် အိန္ဒိယမျိုးနွယ် မိန်းမချောအား ဤမျှသာ ပြောပြီးနောက် ကျင်မေတို့တိုက်ခန်းသို့ သတိကြီးစွာနှင့် တက်ခဲ့သည်။ ထိုအချိန်တွင် အပေါ်ထပ်မှ ပြေးဆင်းလာသော ခြေသံကို ကြားရသဖြင့် ယမ်းဘီလူးအောင်ဒင်က လှေကားနံဘေး တစ်ဖက်သို့ ကပ်ပေးလိုက်သည်။ လူတစ်ယောက် ကမူးရှူးထိုးနှင့် ပြေးဆင်းလာသည်။ မည်သူကိုမျှ ဂရုစိုက်ဟန်မတူ။ ယမ်းဘီလူးအောင်ဒင်က ပြေးဆင်းသွားသောသူကို အတိအကျမမှတ်မိသော်လည်း ပုံပန်း၊ ဟပန်ကို သတိပြုမိသည်။ ပြေးဆင်းသွားသောသူ မိမိကို လွန်သွားသည်နှင့် ယမ်းဘီလူးအောင်ဒင် ကျင်မေ့အခန်းဆီ ဦးတည်လိုက်သည်။ လှေကား သုံးလေးထစ် လှမ်းမိသည်နှင့် သံသယဖြစ်ဖွယ်ကို တွေ့ရှိလိုက်သည်။ သွေးစက်တွေ . . .။

ယမ်းဘီလူးအောင်ဒင်မှာ သံသယဖြစ်ဖွယ် သွေးစက်တွေကြောင့် ချက်ချင်းပင် ရပ်လိုက်ပြီး ထိုသူနောက်ကို လိုက်ရမည်လား တွေဝေနေမိသည်။ သို့သော် ကျင်မေနှင့်ပတ်သက်၍ အသိဝင်လာတော့ ကျင်မေ့အခန်းဆီသို့ လျင်မြန်စွာဦးတည်လိုက်သည်။

အခန်းဝသို့ရောက်တော့ တံခါးဖွင့်ရန် ဘဲ(လ်)တီးလိုက်သည်။ တံခါးက ပွင့်မလာပါ။ ယမ်းဘီလူးအောင်ဒင်က နောက်တစ်ချက်၊ နှစ်ချက် ဘဲ(လ်)ကို ဆက်နှိပ်သည်။ ဘာမျှ အသံမကြား။ သည်တော့ တံခါးကို တွန်းလိုက်သည်။ ထိုအခါ တံခါးမကြီးသည် အလိုအလျောက်ပွင့်သွားသည်။

"ဟာ . . .

မိမိရှေ့မှ မမျှော်လင့်သော မြင်ကွင်းကြောင့် ယမ်းဘီလူးအောင်ဒင် အာမေဋိတ်သံ ထွက်သွားသည်။ အကြောင်းကား ဆိုဖာပေါ်တွင် ကျင်မေတစ်ယောက် မိမွေး၊ ဖမွေးတိုင်း အနေအထားဖြင့် မလှုပ်မယှက်နှင့် ငြိမ်သက်နေခြင်းကြောင့်ပင်။ အတန်ကြာအောင်ပင် ယမ်းဘီလူးအောင်ဒင်မှာ မှင်တက်ငေးမောနေမိတော့၏။ ကျင်မေကို ရမ္မက်ထန်သော တဏှာဘီလူးစီးသွားရုံမက အသက်ဝိဉာဉ်ကိုပင် ချုပ်ငြိမ်းပေးသွားလေပြီ။

ယမ်းဘီလူးအောင်ဒင် ငေးကြောင်နေစဉ် လှေကားဝ၌ တွေ့ရသောသူသည် မုဒိမ်းကောင် လူသတ်သမားဟု ယမ်းဘီလူးအောင်ဒင် သတိရလိုက်သည်။ ထိုလူနောက်သို့ လိုက်မည်ပြင်လိုက်စဉ် ဆိုဖာခုံနှင့် နီးကပ်လျက်ရှိသော စားပွဲပေါ် ဝီစကီပုလင်း၊ ဝက်အူချောင်းကြော်၊ ဖန်ခွက်နှင့်အတူ သတင်းစာတစ်စောင်ကို တွေ့ရ၍ 'ချပ် ချပ်' ဟူသောအသံကြောင့် ယမ်းဘီလူးအောင်ဒင်က ခြေလှမ်းနောက်ဆုတ်ကာ သတင်းစာကို

www.burmeseclassic.com

www.burmeseclassic.com

လှန်လိုက်သောအခါ တချပ်ချပ်ဖြင့် မြည်နေသော အသံဖမ်းစက်ကလေး တစ်ခုကို တွေ့လိုက်ရသည်။

ယမ်းဘီလူးအောင်ဒင်က ခေတ်မီလှပသော အသံဖမ်းစက်ကိုယူ၍ အရှေ့၊ အနောက် မြားပြထားသည့် ခလုတ်ကို အနောက်သို့ လှည့်၍ ရပ်သွားသောအခါ အသံခလုတ်ကို ဖွင့်လိုက်သောအခါမှာတော့ . .

"ဂျလောက်"

"ဟင် . . ကိုမိုက်ခဲ"

"ဟုတ်တယ်။ မင်းဆီကို အဖြေတောင်းမလို့"

"ဘာလဲ၊ ဘာလဲ"

"မင်း ဦးထင်ပေါ်အောင်ကို မမျှော်နဲ့တော့။ ဒီနေ့ညနေ ၄ နာရီ သူနဲ့ ပဂ္ဂိဝင်းတို့ ရတနာတွေနဲ့ . . ထွက် . . ထွက်၊ လေယာဉ် ၄ နာရီ ထွက် . . ထွက်"

အသံက တိုးလိုက်၊ ကျယ်လိုက်နှင့် မှုမမှန်။ ယမ်းဘီလူးအောင်ဒင်က အသက်ပင် မရှူရဲဘဲ အသံဖမ်းစက်ကို ငြိမ်သက်စွာရပ်၍နားစွင့်နေသည်။

"မင်း ဦးထင်ပေါ်ကို မမျှော်နဲ့တော့။ ဒီတော့ ငါ့နှလုံးသားထဲကို လာ။ မင်းအချစ်ကို ငါအခုယူမယ်။ မင်းကို တစ်သက်လုံး သားမှတ်မှတ်၊ မယားမှတ်မှတ် ပေါင်းမယ် ကျင်မေ"

"ရှင် . . ရှင် ဘာစကားပြော"

"ချပ် . . ချပ်၊ မရဘူး . . လွှတ် လွှတ် လူယုတ်မာ။ ချပ်ချပ် . . . ဖျိ၊ အို . . အမေ့၊ မလုပ်ပါနဲ့။ ကျွန်မ ရှင့်ကို မုန်းတယ်၊ ရှင်လူသတ်တယ်"

"မင်း . . မင်း . . ငါ့လက်က မလွတ်ပါဘူး ကျင်မေ"

"အို . . အင်း . . အာ . . လွှတ် . . လွှတ်"

အသံဖမ်းစက်ကို အတန်ကြာအောင် အသံမထွက်။ အတန်ကြာမှ မောဟိုက်သံတစ်ခု ထွက်လာသည်။

"မင်းဟာ ယောကျ်ားတွေကို ဆွဲငင်နိုင်တဲ့ အလှနဲ့ ပြည့်စုံတော့ ငါ မင်းကိုချစ်တာ ဆန်းသလား ကျင်မေ။ အခု မင်း ငါ့မိန်းမဖြစ်သွားပြီလေ။ ဟုတ်တယ်နော်၊ ဟုတ်တယ်နော်"

"ရှင် . . ရှင် . . အား"

ရုတ်တရက် လှုပ်ရှားမှုအသံကြားရပြီး လူဆိုးမိုက်ခဲ၏ အသံထွက်လာပြီး -

"နင် . . နင် ငါ့ကို လုပ် . . . သေတော့ ကောင်မ"

ပြီးနောက် သူးလွန့်သောအသံ သဲ့သဲ့နှင့် ငြိမ်သက်သွားသည်။ 'ခေါက်' ဟူသောအသံနှင့် ခြေသံပြင်းပြင်း ပေါ်ထွက်လာပြီး အသံထွက်သွားသည်။

သည်လိုဆိုလျှင် ယမ်းဘီလူးအောင်ဒင် ဘာလုပ်ရမည်နည်း။ နာရီကိုကြည့်လိုက်တော့ ကျင်မေချိန်းထားသော ၁ နာရီကျော်ကျော်လေးသာ ရှိသေးသည်။

ယမ်းဘီလူးအောင်ဒင်က လှုပ်ရှားရမည့် ဆုံးဖြတ်ချက်ချကာ ဝတ်လစ်စလစ်ဖြင့် အသက်ပျောက်နေသော ကျင်မေကိုယ်ပေါ်သို့ သူမ၏ စုတ်ပြဲနေသောအဝတ်ဖြင့် အမြင်မတော်သည်ကို ဖုံးအုပ်၍ အခန်းတွင်းမှ သတိကြီးစွာ ထွက်ခဲ့လေသည်။ တိုက်အောက်သို့ရောက်သောအခါ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ ပတ်ဝန်းကျင်သည် ငြိမ်သက်နေသည်။ ဖြစ်ပျက်မှုများကို ဘာမျှ မသိသလိုပင်။

xxx xxx xxx

ပြည်ပအဝင်အထွက် ဂိတ်၌တော့ ထုံးစံအတိုင်း တာဝန်ကျသူများ၊ ခရီးသည်များဖြင့် ဆူညံနေပါသည်။ အချိန်မှာ မွန်းလွဲ ၃ နာရီ ကျော်နေပြီဖြစ်ရာ ၄ နာရီခရီးစဉ်အတွက် ရှုပ်ထွေးနေပါ၏။

"ဟာ . . . မမပဂ္ဂိဝင်းပါလား။ လှလိုက်တာ မမရယ်။ ဘန်ကောက်ခရီးပဲလား"

"ဟုတ်ပါတယ် ချယ်ရီရယ်။ ညီမလေး ချယ်ရီကလည်း လှပါတယ်နော်"

"မမက ပိုလှပါတယ်။ ယုန်ရုပ်ကြီးကလည်း ချစ်စရာကြီးနော်"

ချယ်ရီဆိုသော မိန်းမပျိုချောက ပဂ္ဂိဝင်းဆိုသော မိန်းမချောကို နှုတ်ဆက်ပြုံးပျော်မှုနှင့်ရှိစဉ် သူတို့နှင့် မလှမ်းမကမ်းမှ လွန်စွာမှ တည်တံ့၍ ခံ့ညားသော မျက်မှန်နက်တပ်ထားသည့် ဗုဂ္ဂိုလ်က ပဂ္ဂိဟူသော အသံပြု၍ လက်လှုပ်ရှားပြလိုက်သဖြင့် ပဂ္ဂိဝင်းက ပြန်ပြုံး၍ "ဟုတ်ကဲ့၊ လာပါပြီ" ဆိုကာ ချယ်ရီကိုနှုတ်ဆက်၍ အထွက်၌ -



www.burmeseclassic.com

www.burmeseclassic.com

"မမပဂ္ဂိဝင်း၊ ကျေးဇူးပြုပြီး ဒါလေးခဏကြည့်ပါရစေနော်"

ဟူ၍ အင်မတန်မှ လေးစားစရာကောင်း၍ မိန်းမချောတို့ စွဲမက်ယောက်သည့် လူတစ်ယောက်က ချိုသာသော စကားဖြင့်ပြော၍ မိန်းမချော ပဂ္ဂိဝင်းပိုက်ထားသော ယုန်ရုပ်ကိုယူလိုက်ရာ -

"အို . . အို . . ရှင် ဘယ်သူလဲ။ ကျွန်မယုန်လေး ပြန်ပေးပါ"

"ဟော့လူ . . ခင်ဗျာလက်ထဲက ယုန်ရုပ်ပြန်ပေးလိုက်။ အခု ချက်ချင်းပေးလိုက်။ မပေးရင် ကျုပ်အလွန်မဟုတ်ဘူး"

ပဂ္ဂိဟူ၍ အသံပေးအချက်ပြလိုက်တော့ မျက်မှန်နပ်တပ်ထားသောလူက အသင့်ပါလာသော ပစ္စတိုသေနတ် ထုတ်ချိန်၍ ပြောလိုက်ရာ

"ဖြည်းဖြည်းပေါ့ ဦးထင်ပေးအောင်ရယ်။ မလောပါနဲ့"

"ဘာဗျာ၊ ခင်ဗျား . . ခင်ဗျား"

ဦးထင်ပေါ်အောင်ဆိုသူက လက်ဖြောင့်တန်း၍ ပစ္စတိုသေနတ် မောင်းခလုတ်ဆွဲရန် ပြုလိုက်စဉ် . .

ဒုတ်ခနဲဟူသောအသံနှင့် လက်ထဲမှ ပစ္စတိုသေနတ် ပြုတ်ကျသွားပြီး ဒိုင်းခနဲဟူသော အသံက ရုတ်တရက် မြည်ဟိန်းသွားသဖြင့် ပရိသတ်များ အော်ဟစ်လှုပ်ရှားသွား၏။

"ဦးထင်ပေါ် နည်းနည်းမှ မလှုပ်ပါနဲ့"

"ရဲဘော်မီးခဲ၊ လုံးဝမလှုပ်လိုက်နဲ့။ ကျုပ်ရဲ့ လျှိုသေနတ်ကျည်ဆန်တွေက မောင်ရင့်နှလုံးသားထဲ အစုံလုံး ထိုးဖောက်သွားလိမ့်မယ်"

ဦးထင်ပေါ်အောင်ကို ဟန့်ဖျက်အောင် လှုပ်ရှားလိုက်သူက အိန္ဒိယနွယ်ဝင် မိန်းမချောဖြစ်၍ ဦးထင်ပေါ်အောင်၏ သက်တော်စောင့် မီးခဲဆိုသော လူမိုက်အား မလှုပ်ရှားရန် အမိန့်ပေးလိုက်သူက ရဲမှူးကြီးဦးတင်မောင်ဖေပင် ဖြစ်တော့၏။

"အင်း . . ဒါကြောင့်လည်း ယမ်းဘီလူးအောင်ဒင်လို့ နာမည်ကြီးတာပဲ။ လေးစားပါတယ် ကိုအောင်ဒင်။ ခင်ဗျားတစ်ခု သတိထားဖို့က မြွေဆရာဟာ မြွေကြောင့်သေရတယ်။ ဒီတော့ . ."

"တော်ပါတော့ ကိုမီးခဲ၊ ဒီအကြောင်းတွေ နောက်မှပြောကြတာပေါ့။ ခင်ဗျားရဲ့တပည့် မိုက်ခဲလည်း ကျုပ်ရဲ့လက်ထဲရောက်နေပြီ။ သူကတော့ ခင်ဗျားလို လွတ်ဖို့မလွယ်ဘူးဗျ။ မိုက်ခဲက မုဒိမ်းသမား၊ လူသတ်သမား"

"ဗျာ . . လူသတ်သမား၊ သူ . . သူ ကျင်မေ့ကို သတ်လိုက်ပြီလား"

ပြင်ပခရီးစဉ် အခန်းတွင်း၌ ပထမ၌ လှုပ်ရှားဆူညံသွားသော်လည်း သက်ဆိုင်ရာမှ ထိန်းသိမ်းမှုကြောင့် ငြိမ်သက်သွား၏။

ဦးတင်မောင်ဖေနှင့် ဒုရဲအုပ်ဒေါ်မြင့်အေးရဲ့ စီစဉ်မှုဖြင့် တရားခံများကို အေးဆေးစွာ ထိန်းချုပ်နိုင်ခဲ့ပါ၏။

ယမ်းဘီလူးအောင်ဒင်က အပြင်ဘက်သို့ ဖြည်းလေးစွာထွက်ခဲ့ရာ ရတနာအပြည့်ထည့်ထားသော ယုန်ရုပ်ကိုပိုက်၍ ဦးတင်မောင်ဖေနှင့် ဒုရဲအုပ်ဒေါ်မြင့်အေးတို့က အနောက်မှလိုက်ခဲ့ကာ . .

"ဟော့ . . ရဲဘော်အောင်ဒင်။ ဘယ်တုံး၊ ငါတို့နဲ့ အတူသွားကြမယ်လေ။ ကနေ့ရရှိတဲ့ အခြေအနေတွေကို တစ်ခါတည်း အပေါ်ကိုတင်၊ အစီရင်ခံမယ်လေ။ မောင်ရင်ရဲ့ တန်ဖိုးရှိတဲ့ အားထုတ်မှုတွေကို တင်ပြပေးရမှာ။ ဒီနေ့ မောင်ရင်ရဲ့ အားထုတ်မှုကတော့ . ."

"ဟိုးဆရာ . . ဟိုး၊ ဒီမှာ ဦးတင်မောင်ဖေ၊ ဒီနေ့ရရှိတဲ့ အခြေအနေက အလွန်မှ တန်ဖိုးရှိလှပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ်၊ ရတနာမှောင်ခိုအန္တရာယ်၊ တိုင်းပြည်အတွက် ကြီးမားတဲ့ ဆုရလဒ်တွေပါပဲ။ ဒါပေမယ့် ဒါတွေကို ကျွန်တော်စွမ်းဆောင်ခဲ့တာ မဟုတ်ဘူး ဦးတင်မောင်ဖေ"

"ဘာကွ"

"ဟောဒီမှာ အဲဒီအသံဖမ်းစက်လေးရဲ့ ကျေးဇူးက လူမဆန်စွာနဲ့ ရက်စက်သွားတဲ့ လူယုတ်မာ၊ လူမိုက်မိုက်ခဲရဲ့ လက်ချက်နဲ့ မရှုမလှခံစားရပြီး သေသွားရတဲ့ ကျင်မေရဲ့ လုပ်ဆောင်မှုကြောင့်လို့ပဲ မှတ်ယူလိုက်ပါ ဦးတင်မောင်ဖေ။ ရော့ . . ဒီအသံဖမ်းစက်ကိုသာ နားထောင်လိုက်ပါတော့"

● ရွှေမြိတ်သောင်းတင်



www.burmeseclassic.com

www.burmeseclassic.com

# လက်လီဖြန့်ချိသူများနှင့် ရဲတို့ လုံခြုံရေးကို အားဖြည့်ထား၍ ပစ္စည်းအလစ်သုတ်မှုကျဆင်း

လေးဝတီကျော်

ရဲနှင့် လက်လီဖြန့်ချိသူများက လုံခြုံရေးကို တင်းကျပ်စွာ ကြိုးပမ်းထား၍ ဈေးဆိုင်အလစ်သုတ်မှု ကျဆင်းသွားခဲ့သည်။ ရဲဌာန၏ နောက်ဆုံးစာရင်းအရ ယခင်နှစ်တွင် အမှုပေါင်း ၃,၉၉၉ မှု ဖြစ်ပွားခဲ့ရာမှ လွန်ခဲ့သောနှစ်တွင် အမှုပေါင်း ၃,၇၈၈ မှု ဖြစ်ပွားခဲ့ရာ ၅% ကျဆင်းသွားကြောင်း တွေ့ခဲ့ရသည်။ ယခင်နှစ်များအတွင်း အလစ်သုတ်ခြင်းကို ထိန်းချုပ်နိုင်ရန် လက်လီဖြန့်ချိသူများနှင့် နီးနီးကပ်ကပ် သူတို့အလုပ်လုပ်ခဲ့ကြောင်း 'The Straits Times'သို့ ရဲက ပြောကြားလိုက်သည်။

တန်ဖိုးကြီးသော ပစ္စည်းများကို သော့ခတ်ထားသောစင်များတွင် ပြသထားရန် ဆိုင်ဝန်ထမ်းများသာ ယူဆောင်နိုင်ရန် လက်လီဖြန့်ချိသူများသို့ ရဲက အကြံပြုထားပြီး CCTV ကင်မရာများနှင့် မှန်ခုံးများတပ်ဆင်ထားရန်နှင့် ခိုးယူခြင်းကို ဖော်ပြနိုင်သော အချက်ပြ (သို့) သတိပေးချက်များ တပ်ဆင်ထားရန် အကြံပြုထားသည်။ လက်လီဖြန့်ချိသူများက သူတို့ကိုယ်ပိုင်အစီအစဉ်ဖြင့် ခိုးမှုကာကွယ်ရေး ဆောင်ရွက်ထားသည်များ ရှိကြသည်။

စူပါမားကက်ဆိုင်ခွဲ "ရှင်စီယောင်"သည် သူ၏စတိုးဆိုင်များတွင် ယခုနှစ်စောစောပိုင်းက တန်ဖိုးကြီးကုန်စည်များပေါ်၌ အီလက်ထရွန်းနစ်ကတ်ပြားများကို စမ်းသပ်တပ်ဆင် ချိတ်ဆွဲထားခဲ့ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားလိုက်ပြီး တစ်စုံတစ်ယောက်သည် ထိုတပ်ဆင်ထားသော ပစ္စည်းကို အဖိုးအခမပေးဘဲ ဆွဲယူလျှင် အချက်ပြကိရိယာက ဖော်ပြသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ဈေးဆိုင်ရောင်းချနေစဉ် "ရှင်စီယောင်"စတိုးဆိုင်များက ခိုးမှုတားဆီးရေးသတင်းများကို ဘာသာလေးမျိုးဖြင့်ထုတ်လွှင့်ပေးထားကြောင်း သူမက ဆက်လက်ပြောကြားခဲ့သည်။

စတိုးဆိုင်များ ပိုဖွင့်ထားသော်ငြားလည်း "ရှင်စီယောင်"တစ်ခွင်တွင် အလစ်သုတ်အမှုများ ထပ်ကာထပ်ကာ ဖြစ်ပွားနေဆဲဖြစ်သည်ဟု ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားလိုက်သည်။ လွန်ခဲ့သော နှစ်နှစ်ကျော်ကပင် ၅၅ ဆိုင်ခွဲ၌ စတိုးဆိုင် ၃၃ ဆိုင်ထိ ရှိလာခဲ့သည်။ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်သော "ဂျာယင့်"နှင့် "ကိုးစတိုးရှိ" နှစ်ခုစလုံးက ခိုးမှုများကျဆင်းသွားကြောင်း ဖော်ပြလိုက်သည်။ လွန်ခဲ့သောနှစ်နှင့် ယခင်နှစ်များအတွင်း စတိုးဆိုင်များ၌ ဖြစ်ပွားခဲ့သော အမှုများကို နှိုင်းယှဉ်ကြည့်လျှင် ၃၀% ကျဆင်းသွားကြောင်း နို့ထွက်လုပ်ငန်း ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားလိုက်သည်။

စတိုးဆိုင်များသည် ပုံမှန်ပြန်လည် ဆန်းစစ်ပြီး CCTV စနစ်ကို မြှင့်တင်ကာ လုံခြုံရေးပိုမိုလိုအပ်မည့်နေရာများတွင် ကင်မရာများ ပိုမိုတပ်ဆင်ထားခဲ့သည်ဟု သူမက ဆက်လက်ပြောကြားလိုက်သည်။ ယခင်နှစ်များကလည်း လုံ့ဆော်ရေးစခန်းများတွင် လူထုပညာပေးလုပ်ငန်းကို ရဲနှင့်နီးကပ်စွာ ဆောင်ရွက်ခဲ့၍ ပြစ်မှုဖြစ်ပွားခြင်းမရှိခဲ့ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားလိုက်သည်။

လေးဝတီကျော်

*Ref:- Shoplifting down as retailers, police beef up security, The Strait Times, Wednesday, May 14, 2014.*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ရှားရှားပါးပါး သဲလွန်စ

■ မြသိန်း

တာမွေမြို့နယ်နှင့် ဗဟန်းမြို့နယ်အကြားရှိ ရွှေဂုံတိုင်လမ်း တစ်နေရာ အိမ်အမှတ် --တွင် ညဘက်၌ လူသတ်မှုတစ်ခု ဖြစ်ခဲ့ရာ ထိုအမှုတွင် လူသတ်သမားကို ဖော်ထုတ်ရာ၌ ကျွန်ုပ်မောင်စံပျော်သည် ဦးနှောက်အလွန်စားသွားခဲ့သည်။

၁၉၅၁ ခုနှစ် မိုးဦးကျစက ကျွန်ုပ်သည် ဗဟန်းရဲစခန်း၌ တာဝန်ထမ်းဆောင်လျက်ရှိသည်။

နံနက် ၆ နာရီသာသာတွင် ရွှေဂုံတိုင်ရပ်ကွက်သူကြီး ဦးတင်မောင်သည် ရဲစခန်းရောက်လာပြီး

"ဆရာ ကျွန်တော်တို့ရပ်ကွက် ရွှေဂုံတိုင်လမ်း အိမ်အမှတ် --ရှေ့မှာရပ်ထားတဲ့ ဘတ်စ်ကားထဲမှာ လူသတ်မှုဖြစ်တယ်"ဟု ပြောပါသည်။

လူသတ်မှု ဆိုသည်နှင့် ကျွန်ုပ် မျက်လုံးပြူးသွားသည်။

"အသတ်ခံရတဲ့ နေရာတစ်ဝိုက်ကို မဆိုင်သူတွေမဝင်အောင် ခင်ဗျား ဘာလုပ်ထားသလဲ"

ကျွန်ုပ်က မေးသည်။

"ကျွန်တော့်တပည့် တစ်ယောက်ကို တာဝန်ချထားပါတယ်။ ဘယ်သူမှ အဲဒီဘတ်စ်ကားတစ်ဝိုက်ကို မလာစေဖို့ တာဝန်ပေးထားပါတယ်"

ဦးတင်မောင်က ဖြေသည်။

ကျွန်ုပ်သည် တပည့်တစ်ယောက်အား အင်းစိန် စီအိုင်ဒီသို့ အကြောင်းကြားရန်တာဝန်ပေးပြီး သူကြီးဦးတင်မောင်ကိုခေါ်၍ လူသတ်မှုဖြစ်ရာ နေရာသို့ တပည့်အချို့နှင့်အတူ မော်တော်ကားဖြင့် အမြန်သွားပါသည်။

"အသတ်ခံရသူဟာ ဘယ်သူလဲ"

ကားပေါ်၌ ဦးတင်မောင်ကို ကျွန်ုပ်ကမေးသည်။

"အိမ်ရှင် ဘတ်စ်ကားပိုင်ရှင် ဒေါ်မြင့်ရဲ့မောင် မောင်ချစ်ရီ၊ အသက်သုံးဆယ်နှစ်လောက်ပါ။ သူက အဲဒီ ဘတ်စ်ကား မောင်းသမားပါ"

"သူ့အလောင်းကို ဘယ်သူ အရင်တွေ့သလဲ"

"ကားစပယ်ယာ သံချောင်း ။ မနက် ၅ နာရီသာသာလောက်မှာ သံချောင်းဟာ သူနေတဲ့ ဝွတ္တာလစ်ရပ်ကွက်က ကားဆီကိုအလာ ကားထဲမှာ ချစ်ရီကို မလှုပ်မယှက် တွေ့ရတော့ အသေအချာကြည့်တာ သေနေတာတွေ့လို့ ကားပိုင်ရှင် ဒေါ်မြင့်ကို နှိုးပြော၊ ဒေါ်မြင့်က သွားကြည့်ပြီး ကျွန်တော့်ကို အကြောင်းကြားလို့ ကျွန်တော်သွားကြည့်ပြီး ဆရာ့ဆီကို အပြေးလာခဲ့တာပါ"

လူသတ်မှုဖြစ်ရာ အိမ်ရှေ့သို့ ကျွန်ုပ်တို့ရောက်သွားသောအခါ ကျွန်ုပ်သည် သဲလွန်စများကိုရှာသည်။ ညက မိုးအသင့်အတင့်ရွာထားသဖြင့် ဘတ်စ်ကားပတ်ဝန်းကျင်တွင် ခြေရာခံဖို့ရာ အခက်အခဲရှိ၏။

"ကားပေါ်ကို ဘယ်နှယောက် တက်သလဲ"

ဦးတင်မောင်ကို ကျွန်ုပ်က မေးသည်။

"စပယ်ယာသံချောင်းရယ်၊ ကားပိုင်ရှင် ဒေါ်မြင့်ရယ်၊ ကျွန်တော်ရယ် သုံးယောက်ပဲ တက်ပါတယ်။ ကျွန်တော် ဆရာတို့ဆီသွားခါနီးမှာ ကျွန်တော့်တပည့် မောင်လှကို ကားနားကို ဘယ်သူမှမလာစေနဲ့လို့ မှာပြီး အစောင့်ထားခဲ့တယ်"ဟု ဖြေသည်။

ထို့နောက် ကျွန်ုပ်နှင့် တပ်ကြပ်ကြီး စံဝသည် ကားပေါ်တက်၍ အလောင်းကိုစစ်ဆေးရာ ရင်ဝတွင် ဒဏ်ရာနှစ်ချက်ရပြီး သေဆုံးနေသည်ကို တွေ့ရသည်။ အလောင်းကို စစ်ဆေးရာ လွန်ခဲ့သော လေးနာရီကျော်ကျော် ငါးနာရီခန့်က အသတ်ခံရခြင်းဖြစ်ကြောင်း အတွေ့အကြုံအရ ကျွန်ုပ်သိလိုက်သည်။ ဒဏ်ရာနှစ်ချက်မှာ ချွန်ထက်သောအရာဖြင့် အထိုးခံရခြင်းဖြစ်ကြောင်း ကျွန်ုပ်သိလိုက်သည်။

"သံချွန်နဲ့ အထိုးခံရတာကွ"

ကျွန်ုပ်သည် စံဝကို တိုးတိုးလေး ပြောလိုက်သည်။

ကျွန်ုပ်တို့ နှစ်ယောက်သည်



www.burmeseclassic.com

www.burmeseclassic.com

အလောင်းအနီးတွင် သဲလွန်စများရှာရာ အသတ်ခံရသောချစ်ရီ၏ ခေါင်းအုံးပေါ်မှ ဆံပင်ရှည်ရှည် တစ်မျှင်ကို တွေ့ရသည်။ အလျား တစ်ပေခွဲခန့်ရှိရာ ချစ်ရီ၏ ဆံပင်မဖြစ်နိုင်။ ဤသို့ဆိုလျှင် မည်သူ့ဆံပင် ဖြစ်မည်နည်း။ မိန်းမတစ်ယောက်၏ ဆံပင်ဖြစ်ရမည်။ မိန်းမဆံပင်သည် မောင်ချစ်ရီ၏ ခေါင်းအုံးပေါ် မည်သို့ရောက်နေရသနည်း။ ကျွန်ုပ်သည် ဤအချက်ကို ပေါ့ပေါ့မထားတော့။

ထို့နောက် ကျွန်ုပ်သည် ချစ်ရီ၏အလောင်းကို ရန်ကုန်ဆေးရုံကြီး ရင်ခွဲရုံသို့ ပို့ရန် စီစဉ်လိုက်သည်။

ထို့နောက် ကျွန်ုပ်သည် အသတ်ခံရသူ၏ အစ်မဒေါ်မြင့်ထံမှ မောင်ချစ်ရီအကြောင်း စုံစမ်းသည်။

မောင်ချစ်ရီမှာ လူပျိုလူလွတ်ဖြစ်သည်။ အသောက်အစားကင်းသည်။ ရန်မဖြစ်တတ်။ ပျော်ပျော်နေတတ်သည်။ ယာဉ်မောင်းလုပ်သက် ဆယ်နှစ်ခန့်ရှိသည်။ ဒေါ်မြင့်၏ခင်ပွန်းမှာ ဘတ်စ်ကားထောင်သူဖြစ်ရာ ဒေါ်မြင့်သည် သူ့မောင်အား ခင်ပွန်းပိုင်သော ဘတ်စ်ကားတစ်စီးတွင် ယာဉ်မောင်းနိုင်သူဖြစ်အောင် ဆောင်ရွက်ပေးခဲ့သည်။ ဒေါ်မြင့်၏ခင်ပွန်းမှာ လွန်ခဲ့ သော နှစ်နှစ်ခန့်က ကွယ်လွန်သွားသည်။ မောင်ချစ်ရီသည် သူ့အစ်မပိုင်ဘတ်စ်ကား (စစ်အတွင်းက စစ်သုံးကားကို မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် သစ်သားဘော်ဒီတင်၍ပြေးဆွဲနေသော ဘတ်စ်ကား)တစ်စီးကို တာဝန်ယူမောင်းသည်။ ဒေါ်မြင့်သည် အခြားဘတ်စ်

**နောက်တစ်နေ့တွင် ရန်ကုန်ဆေးရုံကြီး ရင်ခွဲရုံမှ ဆရာဝန်ကြီးထံမှ ဆေးစစ်တွေ့ရှိချက် မှတ်တမ်းများအရ ချစ်ရီသည် အလွန်ချွန်ထက်သော စူး(သံစူးဖြစ်ပုံရသည်)ဖြင့် နှလုံးတွင် ဒဏ်ရာနှစ်ချက်ရပြီး သေဆုံးသွားခြင်း ဖြစ်သည်။ ညသန်းခေါင်ကျော် ၂ နာရီ ဝန်းကျင်တွင် သေဆုံးခြင်းဖြစ်သည်။**

ကား နှစ်စီးကို ရောင်းလိုက်သည်။

"ကျွန်မမောင်လေးမှာ ရန်သူမရှိပါဘူး။ အခုလိုအသတ်ခံရတာ ကျွန်မဘယ်လိုမှ စဉ်းစားလို့မရဘူး"

ဒေါ်မြင့်က ဝမ်းနည်းစွာ ပြောသည်။

"မောင်ချစ်ရီ ကားပေါ်မှာအိပ်တာ ဘယ်လောက်ကြာပြီလဲ"

ကျွန်ုပ်က မေးသည်။

"လွန်ခဲ့တဲ့ ခြောက်လလောက်က စပြီး ကားကိုစိတ်မချလို့ဆိုပြီး ကားထဲမှာ သွားအိပ်တယ်"

"သူ့ခေါင်းအုံး၊ စောင်၊ ဖျာလိပ်တွေကို နေ့ဘက်မှာ ဘယ်မှာထားသလဲ"

"ဟောဟိုနားက စင်ပေါ်မှာထားတယ်"

ဒေါ်မြင့်က အိမ်ခြေရင်းပိုင်း တစ်နေရာရှိ စင်ကိုညွှန်ပြရင်း ပြောသည်။

"သူ့ခေါင်းအုံးကို ဒေါ်မြင့်တို့ နေ့ဘက်မှာ ယူသုံးတတ်သလား"

"လုံးဝ မသုံးဘူး"

"ဒီလိုဆိုရင် မောင်ချစ်ရီရဲ့ ခေါင်းအုံးပေါ်ကဆံပင်ဟာ ဘယ်သူ့ဆံပင်ဖြစ်မလဲ"

ကျွန်ုပ်သည် ကျွန်ုပ်၏စိတ်ကို အလုပ်ပေးလိုက်သည်။

"ညဘက်မှာ ပြည့်တန်ဆာမနဲ့ ပျော်ပါးလို့ ပြည့်တန်ဆာမရဲ့ဆံပင် ကျန်ရစ်ခဲ့တာ မဖြစ်နိုင်ဘူးလား"

ကျွန်ုပ်သည် အတွေးနယ်ထဲ ရောက်သွားသည်။

"ကားကို လက်ရှိနေရာမှာပဲ ထားပါ။ ကျွန်တော်တို့ရဲ့ [illegible]ပြုချက်



www.burmeseclassic.com

www.burmeseclassic.com

မရဘဲ ကားပေါ် ဘယ်သူ့ကိုမှ မတက်စေနဲ့။ ကားကိုလဲ လုံးဝမရွှေ့ပါနဲ့”

ကျွန်ုပ်သည် ရဲစခန်းသို့ ပြန်လာပါသည်။

နောက်တစ်နေ့တွင် ရန်ကုန်ဆေးရုံကြီး ရင်ခွဲရုံမှ ဆရာဝန်ကြီးထံမှ ဆေးစစ်တွေ့ရှိချက် မှတ်တမ်းများအရ ချစ်ရီသည် အလွန်ချွန်ထက်သော စူး(သံစူးဖြစ်ပုံရသည်)ဖြင့် နလုံးတွင် ဒဏ်ရာနှစ်ချက်ရပြီး သေဆုံးသွားခြင်း ဖြစ်သည်။ ညသန်းခေါင်ကျော် ၂ နာရီ ဝန်းကျင်တွင် သေဆုံးခြင်းဖြစ်သည်။ သေသူ၏ ကျင်ချောင်းပေါ်တွင် သုက်ရည်ခြောက်များ တွေ့ရသည်။ သူသည် အသတ်မခံရမီက လိင်ဆက်ဆံမှု ရှိသည်။

သေမှုသေခင်း စစ်ဆေးသော ဆရာဝန်ကြီး၏ ဆေးမှတ်တမ်းကို ဖတ်ပြီးသောအခါ...

“အသတ်ခံရသူနှင့် ပျော်ပါးသော မိန်းမရဲ့ ဆံပင်တစ်ချောင်းဟာ ခေါင်းအုံးပေါ် ကျန်ခဲ့တာ ဖြစ်ရမယ်”

ကျွန်ုပ်သည် စိတ်ထဲမှ ပြောလိုက်သည်။

အခြား စဉ်းစားမိသော အချက်တစ်ချက်မှာ မောင်ချစ်ရီကို ချွန်ထက်သောအရာ(သံစူး)ဖြင့် ထိုးသတ်သည့်အတွက် လူသတ်ကောင်သည် သံစူးချွန်ကို ကိုင်ဆောင်လေ့ရှိသူ ဖြစ်ရမည်။

“ချစ်ရီဟာ ကားပေါ်ပြောင်းအိပ်တာ မိန်းမနဲ့ပျော်ပါးရင် လွယ်ကူအောင်လို့ ဖြစ်မှာပေါ့”

ကျွန်ုပ် တွေးမိပြန်သည်။

ကျွန်ုပ်သည် သူကြီးဦးတင်မောင်ကိုခေါ်၍ သူ့ရပ်ကွက်တွင် ပြည့်တန်ဆာမများ ရှိ/မရှိ မေးရာ

“မရှိဘူးဆရာ။ ကျွန်တော် ရဲရဲပြောရဲပါတယ်။ ကျွန်တော်တို့ရပ်ကွက်မှာ ပြည့်တန်ဆာ မရှိဘူး”

ဟု ပြောပါသည်။

“မောင်ချစ်ရီရဲ့ အစ်မအိမ်နားတစ်ဝိုက်မှာ မောင်ချစ်ရီရဲ့ ချစ်သူအမျိုးသမီးတွေရော ရှိသလား”

“မောင်ချစ်ရီမှာ ချစ်သူမိန်းကလေးရှိတယ်လို့ ကျွန်တော်မကြားမိဘူး။ သူက တစ်နေကုန် ကားမောင်းသူဆိုတော့ တခြားမှာများ ရှိရင်တော့ ကျွန်တော်မပြောတတ်ဘူး”

သူကြီးက ဖြေသည်။

“ဒေါ်မြင့်အိမ်နားမှာ အရွယ်ရောက်တဲ့ မိန်းမပျိုတွေရော မရှိဘူးလား”

“မရှိဘူးဆရာ။ အိမ်ထောင်သည် အမျိုးသမီးတွေပဲ ရှိတယ်။ ဒေါ်မြင့်အိမ်ခေါင်းရင်းမှာတော့ အဘိုးကြီး၊ အဘွားကြီး လင်မယားနှစ်ယောက်နေတယ်။ ဒေါ်မြင့်အိမ်ခြေရင်းမှာရှိတဲ့ ပျဉ်ထောင်အိမ်တန်းလျားတစ်ခုမှာ အသက်ငါးဆယ်ကျော်လူကြီး၊ အသက်နှစ်ဆယ်ကျော် အစိတ်လောက်ရှိတဲ့ သူ့မိန်းမ၊ တန်းလျားအလယ်မှာတော့ အသက်လေးဆယ်ဝန်းကျင် ရုံးစာရေးနှင့် စာရေးမလင်မယား၊ အနောက်ဘက်ဆုံးအခန်းမှာတော့ အသက် ၅၀ မုဆိုးဖိုစာရေးကြီးတစ်ယောက် နေတယ်”

ကျွန်ုပ်သည် ဒေါ်မြင့်အိမ်ကပ်လျက် တန်းလျားအခန်း၌ နေသောသူများသည် အခင်းဖြစ်သည့်ညကမည်သည့်အသံမျိုး ကြားရသည်ကို သိလို၍ သူတို့ကိုမေးရန် ဆုံးဖြတ်လိုက်သည်။

“ကျုပ်ဗျာ ဒေါ်မြင့်အိမ်နဲ့ အနီးဆုံးမှာနေတဲ့ ခင်ဗျားပြောတဲ့ လင်မယားနှစ်ယောက်ကို မေးချင်တယ်”

“မေးပါ”

သို့နှင့် ကျွန်ုပ်သည် ထိုနေ့ညနေတွင် သူကြီးဦးတင်မောင်ကို ခေါ်၍ ထိုလင်မယားအခန်းသို့သွားသည်။

“သူက ဦးလှထွန်းပါ။ ရန်ကုန်ဆိပ်ကမ်းက ပန်းပဲဌာနက ဖိုမင်ပါ”

ဦးလှထွန်းနှင့် ကျွန်တော့်ကို သူကြီးက မိတ်ဆက်ပေးသည်။

ဦးလှထွန်းသည် ခြေထောက်တစ်ဖက် မသန်ပါ။ ကားတိုက်ခံရ၍ သူ့ဘယ်ဘက်ခြေထောက်သည် ခြေသလုံးအလယ်မှ ကျိုးသွားသည်။ သူလမ်းလျှောက်လျှင် ထော့ကျိုးဖြစ်နေ၍ လမ်းလျှောက်တုတ် အကူအညီဖြင့် လျှောက်ရသည်။

ကျွန်ုပ်သည် ဦးလှထွေးအား

“ချစ်ရီ အသတ်ခံရတဲ့ ညကသန်းခေါင်ကျော်ကျော်မှာ ကားဘက်ဆီက ဘယ်လိုထူးထူးခြားခြား အသံတွေ ကြားရသလဲ”

ဟု မေးသည်။

“အဲဒီညက ဆိပ်ကမ်းအလုပ်မှာ ညဘက်တာဝန်ကျတော့ ကျွန်တော် မသိပါ”

ဦးလှထွေး၏ မျက်နှာအမူအရာမှာ ပုံမှန်မဟုတ်ကြောင်း ကျွန်ုပ်သိသည်။

“ဒီလိုဆိုရင် ခင်ဗျားမိန်းမတို

www.burmeseclassic.com

ခေါ်ပါ။ သူများ ဘာသံတွေ ကြားမိသလဲဟု မေးချင်တယ်”

ဦးလှထွေးသည် သူ့မိန်းမကို လှမ်းခေါ်လိုက်သည်။ အသက် နှစ်ဆယ်ကျော် အစိတ်ခန့်ရှိသည့် ကိုယ်လုံးကိုယ်ပေါက် ဖွံ့ဖွံ့ဖြိုးဖြိုးနှင့် ရုပ်ရည် သနားကမားရှိသော မငယ် အမည်ရှိ ဦးလှထွေးဇနီးကလည်း ဘာသံမှ မကြားပါဟု ဖြေသည်။ မငယ်၏ မျက်နှာအမူအရာသည်လည်း ပုံမှန်မဟုတ်ဟု ကျွန်ုပ်ခန့်မှန်းမိသည်။

“ကောင်းပြီလေ။ ကျွန်တော် နောက်ထပ်မေးစရာ မရှိတော့ဘူး။ ပြန်မယ်”

ကျွန်ုပ်သည် သူကြီးကိုခေါ်၍ အိမ်ပေါ်မှ ဆင်းလာပြီး ...

“ကဲ ...သူကြီး ကျွန်တော်ပြန်မယ်။ ခင်ဗျားနေခဲ့တော့”

ဟု ပြောကာ ရန်ကုန်ဆိပ်ကမ်းဌာနရှိ ပန်းပဲဌာနသို့ သွားသည်။

ပန်းပဲဌာနမှ တာဝန်ခံအရာရှိနှင့် တွေ့ပြီး ဖိုမင်ဦးလှထွေး အလုပ်ဆင်းသည့် နေ့စွဲများကို စစ်ဆေးသည်။

ဖိုမင်ဦးလှထွေးသည် ချစ်ရီအသတ်ခံရသည့်ညက ရုံးရောက်ပြီးမှ နေမကောင်းဟုဆိုကာ ခွင့်တိုင်၍ ပြန်သွားကြောင်း သိရသည်။

“အဲဒီညက ဆိပ်ကမ်းရုံးမှာ ညဘက်တာဝန်ကျပါတယ်”

ဟု ဦးလှထွေးသည် ကျွန်ုပ်ကို လိမ်ညာပြောသည်မှာ သေချာ၏။

ထို့ကြောင့် ကျွန်ုပ်သည် ရွှေဂုံတိုင်ရပ်ကွက်ရှိ သူကြီးဦးတင်မောင်ထံ ထပ်သွားသည်။ ဦးတင်မောင်နှင့်အတူ ဦးလှထွေးရှိရာသို့ သွား၍

“ဦးလှထွေး ခင်ဗျားကို မေးစရာရှိတယ်ဗျာ။ စခန်းကို ခဏလိုက်ခဲ့ပါ။ ပြီးရင် ပြန်ပို့ပေးမယ်။ သူကြီးလည်းပါတယ်”

ဟု ပြောပြီး ဦးလှထွေးကို ဗဟန်းရဲစခန်း ခေါ်လာကာ သူ၏ ရှေ့နောက်မညီသော ထွက်ဆိုချက်ကို ထောက်ပြလိုက်သည်။

“အဲဒီညက ခင်ဗျားခွင့်တိုင်ပြီး ဘယ်သွားသလဲ ပြောပါ”

ကျွန်ုပ်က သူ့ကိုမေးလိုက်ရာ သူသည် ထိတ်လန့်တကြား ဖြစ်သွားပြီးနောက် သက်ပြင်းချရင်း

“ကျွန်တော် အိမ်ပြန်လာတယ်”

ဟုပြောပြီး မျက်ရည်များ ကျလာပါတော့သည်။ ထို့နောက်...

“ကျွန်တော့်မိန်းမကို မသင်္ကာလို့ အိမ်ကိုတိတ်တဆိတ်ပြန်လာပြီး အိမ်ထဲမဝင်ဘဲ သူ့ကိုချောင်းတယ်။ ည ၁၂ နာရီလောက်မှာ ဒင်း ဟိုကောင်ရှိရာ ကားကိုသွား ...သွား”

ဟု ပြောရင်း ခေတ္တရပ်သွားသည်။ အတန်ကြာတော့မှ သူက ဆက်ပြောသည်။

“ကျွန်တော်စိတ်ထိန်းပြီး မငယ်ကို သတ်ရမလား။ ချစ်ရီကို သတ်ရမလား စဉ်းစားပြီး နောက်ဆုံးတော့ ချစ်ရီကို သတ်မယ်လို့ ဆုံးဖြတ်ပြီး ညသန်းခေါင်ကျော် ၂ နာရီလောက်မှာ ချစ်ရီအိပ်နေတဲ့ ကားပေါ်ကို ကားနောက်ပေါက်ကတက်ပြီး ကျွန်တော်ကိုင်နေကျ တုတ်ရဲ့ အောက်ပိုင်းမှာ လျှို့ဝှက်တပ်ထားတဲ့ သံချွန်နဲ့ နှစ်ချက်ထိုးသတ်ခဲ့တယ်။ မနက်မိုးလင်းတော့မှ အလုပ်ကပြန်လာတဲ့ပုံစံမျိုးနဲ့ ပြန်လာတယ်”

“သတ်ပြီးတော့ ခင်ဗျား ဘယ်သွားနေသလဲ”

“ခြောက်ထပ်ကြီးဘုရား ကုန်းပေါ်မှာ သွားနေတယ်”

သတ်သူကိုယ်တိုင်က ဖြောင့်ချက်ပေးပြီးဖြစ်သည့်အတွက်ကြောင့် ကျွန်ုပ်သည် သူ့ကို ဆက်မမေးတော့။ ဆက်လက်၍ လုပ်စရာရှိသည်များကို ဆက်လုပ်သည်။

ဦးလှထွေး ချစ်ရီကို သတ်ရာ၌ အသုံးပြုခဲ့သော သံစူးပါတုတ်ကို သိမ်းယူခြင်း၊ သူ့မိန်းမ မငယ်ကို ခေါ်ယူမေးမြန်းခြင်း ပြုလုပ်ရ၏။ (မငယ်ကလည်း ချစ်ရီနှင့် သူမ လွန်ခဲ့သော ငါးလကျော်လောက်ကစပြီး မှောက်မှားခဲ့ပုံများကို ဝန်ခံ၏။) (မငယ်၏ဆံပင်နှင့် ချစ်ရီခေါင်းအုံးပေါ်မှရသော ဆံပင်မှာ အတူတူပင်ဖြစ်သည်ဟု ရဲဓာတ်ခွဲဌာနက သက်သေခံ၏။)

“မိန်းမငယ်ငယ် ယူမိတဲ့ ကျုပ်ကို တရားဥပဒေအတိုင်းသာ အပြစ်ပေးပါတော့”

ဦးလှထွေးက ပြော၏။ (သူသည် ပထမဇနီးသေပြီး ခြောက်လအကြာ၌ ဇနီး၏ညီမတစ်ဝမ်းကွဲကို ယူခဲ့ ခြင်းဖြစ်သည်။)

ဦးလှထွေးသည် စိတ်ထောင်းကိုယ်ကြေဖြစ်ကာ တရားရုံးတွင် အမှုကို ရင်ဆိုင်ရင်း စီရင်ချက်မချမီ ဆယ်ရက်အလိုတွင် နှလုံးရောဂါဖြင့် သေသွား၏။

■ မြသိန်း



www.burmeseclassic.com

www.burmeseclassic.com

# အသက် ၂၂ နှစ်အရွယ် လူတစ်ဦးအား မူးယစ်ဆေးဝါးအတုဖြင့် ကုန်ကူး၍ တရားစွဲ

**လေးဝတီကျော်**

K2 ဟုခေါ်သည့် ဆေးခြောက်အတုများ လက်ဝယ်တွေ့ရှိကြောင်း စွပ်စွဲချက်အရ ယခုလ စောစောပိုင်းက လူနှစ်ဦးအနက် ဖမ်းဆီးခံခဲ့ရသော အသက် ၂၂ နှစ်အရွယ် လူတစ်ဦးအား မူးယစ်ဆေးဝါးကုန်ကူးမှုဖြင့် တရားစွဲဆိုလိုက်သည်။ မေလ ၃ ရက်နေ့တွင် တရားရုံးသို့ ပထမအကြိမ်ရောက်ရှိလာသော 'မိုဟာမ်မက်ဖိုင်ဖယ်တန်ဒီယန်ပီ'သည် မကြာသေးမီရက်က 'တန်ပိုင်(စ)'ဈေးတန်း၌ ညနေ ၈ နာရီ ၁၀ မိနစ်ခန့်က ဟင်းသီးဟင်းရွက် အပိုင်းအစသုံးထုပ်ကို ရောင်းချခဲ့ကြောင်း စွပ်စွဲခံထားရသူဖြစ်သည်။ ထိုအချိန်မှစပြီး ၎င်းအား ထပ်မံစုံစမ်းစစ်ဆေးရန် ချုပ်မိန့်ပေးထားခဲ့ပြီး လာမည့်သီတင်းပတ်တွင် တရားရုံးသို့ လာရောက်စစ်ဆေးခံရမည်ဟု မျှော်လင့်ရသည်။

ဥပဒေသစ်တစ်ရပ်တွင် မူးယစ်ဆေးဝါးအတု ပြုလုပ်ခြင်းသည် စိတ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုအသစ် (NPS) ကို ဖြစ်စေလျှင် တရားမဝင် ပြဋ္ဌာန်းချက်ကြောင့် ဗဟိုမူးယစ်ဗျူရို (CNB) မှ အရာရှိများက မေလ ၂၁ ရက်နေ့တွင် 'တန်'နှင့် အသက် ၂၃ နှစ်အရွယ်တစ်ဦးတို့အား ဖမ်းဆီးခဲ့သည်။ ၎င်းဥပဒေပြဋ္ဌာန်းချက်အရ ကိုကင်းနှင့် ဆေးခြောက်ကဲ့သို့ မူးယစ်ဆေးဝါးအာနိသင်ရှိသော ပစ္စည်းအတုကို တစ်စုံတစ်ယောက်သည် သုံးစွဲလျှင်၊ ကုန်ကူးလျှင် မေလ ၁ ရက်နေ့မှစပြီး မူးယစ်ဆေးဝါး အဆင့် (A)နှင့် တူညီသော ပြစ်ဒဏ်ကို ချမှတ်ခံရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

အဆိုပါ မူးယစ်ဆေးဝါး အတုပေါင်း ၁၆၀ ကျော်တို့သည် ယခုအခါ ထိန်းချုပ်ထားသော မူးယစ်ဆေးဝါး (A)အဆင့် သတ်မှတ်ခြင်းခံလိုက်ရပြီး ယင်းတို့သည် အန္တရာယ်ဖြစ်စေသော၊ စွဲလမ်းစေသော ဆေးဝါးများဖြစ်ပြီး ပြင်းထန်သော ပြစ်ဒဏ်နှင့် ဒဏ်ငွေတို့ ချမှတ်ခံရမည်ဟု ဖော်ပြလိုက်သည်။ ယင်းကြောင့် 'တန်'သည် အနည်းဆုံး ထောင်ဒဏ် ၅ နှစ်၊ ကြိမ်ဒဏ် ၅ ချက် (သို့) အများဆုံး ထောင်ဒဏ်နှစ် ၂၀၊ ကြိမ်ဒဏ် ၁၅ ချက်ထိ ချမှတ်ခံရဖွယ်ရှိသည်။

ဗဟိုမူးယစ်ဗျူရို (CNB)က ၎င်းဥပဒေသစ်ပြဋ္ဌာန်းချက်ကို စင်ကာပူတွင် ယခုမှ ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းတွင်လည်း ပြဋ္ဌာန်းလျက်ရှိနေခဲ့ပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။ မူးယစ်ဆေးဝါး အလွဲသုံးစားခြင်းနှင့် ကုန်ကူးခြင်းသည် (NPS)ကို ဖြစ်စေခြင်းကြောင့် ပြစ်ဒဏ် A အဆင့်နှင့် တန်းတူသတ်မှတ်ခြင်းဖြစ်ကြောင်း CNB ဒါရိုက်တာ 'ငီဆာတောင်'က ထပ်မံပြောကြားလိုက်သည်။

**လေးဝတီကျော်**

*Ref:- Man, 22, Charged with trafficking in synthetic drugs, The Strait Times, Wednesday, May 14, 2014.*



www.burmeseclassic.com

www.burmeseclassic.com



# ဟန်သိန်း

ရှေ့နှင်းအမျှ
ကဲ့ချင်သေး

၂၀၀ မြဝတီ

www.burmeseclassic.com

www.burmeseclassic.com



မွန်ပြည်နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်ဘုရားဖူးမြော်ရင်း လွန်ခဲ့သောဆယ့်ငါးနှစ်ကျော်ကာလ ကျိုက်ထီးရိုးဆံတော်ရှင်ဝန်းကျင်မှာ ဖြစ်ပျက်ခဲ့သောမှုခင်းဖြစ်ရပ်တစ်ခု၏ ဖြစ်စဉ်အားယခုတိုင် မှတ်မိနေဆဲပင်။ ရေးခွင့်မသာ၍သာ ဖွင့်ဖော်မရေးပြရခြင်း ဖြစ်ပါသည်။

ထူးခြားသော ကမ္ဘာကျော်ဘုရားလည်းဖြစ်၊ မြန်မာပြည်အရပ်ရပ်မှ လူမျိုးပေါင်းစုံတို့ လာရောက်ဖူးမြော်ကြလေသည်။ များသောအားဖြင့် အဓိဋ္ဌာန်ကြီးလာဝင်သူအချို့မှလွဲ၍ တစ်ည၊ နှစ်ညအိပ်ကာ ဘုရားလာဖူးပြီး ပြန်ကြသူတာများပါသည်။

ကျွန်မတို့ဇနီးမောင်နှံ အေးအေးလူလူ ဘုရားဖူးလာခဲ့ကြရာ ခင်ပွန်းဖြစ်သူ၏ ငယ်သူငယ်ချင်း 'ကိုရိုး'နှင့် ကျိုက်ထီးရိုးရင်ပြင်မှာ ဆုံကြသည်။ မတွေ့ရတာကြာပြီဖြစ်၍ 'ကိုရိုး'တည်းခိုသော ဌာနဆိုင်ရာတည်းခိုဆောင်သို့ ခေါ်ဆောင်သွားပြီး တည်းခိုစေသည်။

ရင်ပြင်နှင့် တစ်ပြေးတည်းဖြစ်၍ ဘုရားဖူးရန် အဆင်ပြေစေပါသည်။ ကိုရိုးသည် ဤကျိုက်ထိုနယ်မြေ၏ လုံခြုံရေးကို တာဝန်ယူထားရသည့် အရာရှိဖြစ်ပါသည်။ တည်းခိုဆောင်တာဝန်ခံ ဦးမြသောင်းဆိုသူနှင့်ပါ ခင်မင်ခွင့်ရခဲ့ပါသည်။

"ဦးလေးက ဒီတောင်ပေါ်ရောက်နေတာ သုံးနှစ်ရှိပြီ။ ဌာနက လူကြီးတွေလာရင် အစစအရာရာအဆင်ပြေအောင် စီစဉ်ပေးရတဲ့ တာဝန်ပေါ့။ ပင်စင်လည်းယူခါနီးပြီဆိုတော့ ပြောင်းရွှေ့ဖို့ မကောင်းဆိုတော့ပါဘူး။ ဒီမှာကတော့ နေ့စဉ်ကျိုက်ထီးရိုးဆံတော်ရှင်ဘုရားဖူးခွင့်ရတော့ ကုသိုလ်ပီတိဖြစ်ရပါတယ်"

"ဦးလေးက ဒီမှာနေတာကြာပြီ

www.burmeseclassic.com

ဆိုတော့ ဒီကျိုက်ထီးရိုးဘုရားမှာ ထူးခြားတဲ့ဖြစ်စဉ်တွေရှိတာ ကြုံရမှာပေါ့နော်"

စာရေးသူပီပီ စပ်စပ်စုစုအမေးကြောင့် ဦးမြသောင်းနှင့် ကိုစိုးတို့ တစ်ဦးမျက်နှာတစ်ဦး အကဲခတ်လှမ်းကြည့်နေကြသည်။ ကျွန်မကပင် ထပ်ဆင့်၍ "ဘုရားဖူးရာသီမဟုတ်ရင် ဒီတောင်ပေါ်မှာ လူနည်းသွားပြီ။ အဲဒီအခါကျရင် ဘုရားရဲ့ဌာပနာတို့၊ ရတနာပစ္စည်းတွေ စောင့်ရှောက်ဖို့ လုံခြုံရေးပြည့်ပြည့်ဝဝ ရှိကြသလားဆိုတာ သိချင်တာပါ"

ကျွန်မက အမေးစကားအဆုံးမှာ ဦးမြသောင်းကပင် ...

"ဒီဆရာပေါ့ ပြီးခဲ့တဲ့ ဝါကျွတ်ပြီးခါစက ဒုက္ခရောက်တော့မလို့"

ဟူ၍ အစဖော်လေတော့သည်။

❑ ❑ ❑

ကျိုက်ထီးရိုးဆံတော်ရှင် ဘုရားအား ရှေးကာလကတည်းက ကင်ပွန်းစခန်းမှ ခြေလျင်ခရီးဖြင့် တက်ခဲ့ကြသည်၊ ခုတော့ တောင်ပေါ်ကားလမ်းဖောက်ပြီးခါစမို့ ဘုရားဖူးတွေက ကင်ပွန်းစခန်းမှ ရသေ့တောင်ခြေအထိ ကားဖြင့်တက်ကြသည်။

ကားဖြင့်တက်လို့ရသဖြင့် ဌာနဆိုင်ရာလူကြီးမင်းများ၊ သူတို့၏မိသားစုများ မကြာခဏ လာရောက်ကြတော့သည်။ ထိုအခါ ကိုစိုးတို့က နယ်မြေလုံခြုံရေးတာဝန်ရော၊ လူကြီးအပါးမှာ stand by နေရလေသည်။

ဝါကျွတ်ပြီးခါစမှာ ကိုစိုးတို့ဌာန၏ ဒုတိယကမ္ဘာကြီးဆုံး လူကြီးနှင့်အဖွဲ့ လာမည်ဖြစ်၍ တည်းခိုရန် နေရာထိုင်ခင်းအတွက်ရော၊ လုံခြုံရေးအတွက်ပါ စီစဉ်ဆောင်ရွက်နေရပါသည်။

တစ်နေ့သော ညဦးအခါမှာတော့ ကျိုက်ထီးရိုးတောင်ပေါ်က ဂေါပကအဖွဲ့မှ ဖုန်းဆက်လာပါတယ်။ ကျိုက်ထီးရိုးဘုရား၏ 'ရွှေ'များခိုးသည့် သူခိုးမိထားကြောင်း။ ခေါင်းပူသွားရသည်။ သန်ဘက်ခါမှာ လူကြီးများ ရောက်လာမည်ဖြစ်၍ နေ့မနား၊ ညမနား၊ ပြင်ဆင်ရတာ ပင်ပန်း၍မှ အမောမပြေသေး။

ညဉ့်နက်သန်းခေါင်အချိန်ကြီး ဖြစ်ရုံမက လေကြီးမိုးကြီး ကျထားသဖြင့် ရာသီဥတုကအေး၊ တောင်တက်လမ်းခရီးက အန္တရာယ်များပါဘိ။ နားခွင့်မသာ။ ကျိုက်ထီးရိုးတောင် တက်ခဲ့ရပြန်သည်။

တောင်ပေါ်ရောက်တော့ ဂေါပကအဖွဲ့နှင့် ကင်းတာဝန်ကျသူများက ကြိုစောင့်နေသည်။ ဖမ်းမိထားသော သူခိုးအား သွားကြည့်သောအခါ "ဟာ ... ကိုလှမျိုး"ဟု နှုတ်မှ လွှတ်ခနဲခေါ်မိသည်။

ကိုစိုးကဲ့သို့ပင် ကျိုက်ထီးရိုးဂေါပကအဖွဲ့ရော၊ တောင်ပေါ်မှာ မှီခိုလုပ်ကိုင်စားသူအားလုံး မည်သို့မျှ မထင်ထားသည့်လူအများအခေါ် 'ဘိုးတော်လှမျိုး' ...။

❑ ❑ ❑

တကယ်တော့ ကိုလှမျိုးသည် မည်သည့်အလုပ်ကိုမှ လက်ကြောတင်းတင်း လုပ်ကိုင်စားသူမဟုတ်ပေ။ သို့သော် ချမ်းသာချင်သည်။ တစ်ချိတည်းနှင့် အပွကြဲချင်သော အတွေးက သူ့အခံသွေးအသားထဲမှာ စူးဝင်နေသည်။

ဗေဒင်ဆရာတွေ ကြီးပွားတာမြင်၍ ဗေဒင်ပညာသွားသင်သည်။ တတ်တတ်မြောက်မြောက်လည်းမရှိ၊ ဒါပေမဲ့ အမိဋ္ဌာန်ဝင် ပုတီးစိပ်ကာ ယောဂီဝတ်နှင့် လုပ်ရသောအလုပ်ကို အကြိုက်တွေ့သွားသည်။ သာမန်လူတွေက ယောဂီနှင့် ပုတီးနှင့် ဟိတ်ဟန်ကောင်းလျှင် အားကိုးယုံကြည်ချင်ကြသည်ကို။။

လှမျိုးဆိုသူ၏အကြံကား မလွှဲ။ မည်သူ့ကိုမှ မတိုင်ပင်။ တစ်ကိုယ်တည်းဆင်ကြံ ကြံလို့နေသည်။ မြန်မာပြည်အနှံ့ ဘုရားစေတီတွေမှာ ရွှေတွေဝင်းနေလိုက်ပုံများ၊ ရွှေစစ်ရွှေသားလှူထားသော စေတီများ၊ ရုပ်ပွားတော်များဆိုလျှင် အနီးကပ်လေ့လာသည်။ အများအမြင်မှာ ဘုရားရှင်အား ကြည်ညိုပူဇော်နေသည့်နှယ်။

လှမျိုးအတွေးထဲမှာ လှစ်ခနဲ စီးဝင်လာသော အတွေးကို အကောင်အထည်ဖော်ရန် ခရီးစတင်ခဲ့တော့သည်။ ရထားစီး၍ ကျိုက်ထိုမှတစ်ဆင့် ခြေလျင်လာခဲ့သည်။ အများအမြင်မှာ ဂန္ဓာရီခရီးထွက်လာသူနှယ် ထင်သာမြင်သာစေရန် ဖြစ်သည်။

ကင်ပွန်းစခန်းရောက်စဉ် ခေတ္တနားပြီး ကားဆင်း၊ ကားတက်လေ့လာပြီး ကားလမ်းကြောအတိုင်း ကုန်းကြောင်းတက်ခဲ့သည်။ သည်လိုနှင့် ခရီးနှင်ရင်းလမ်းပေါ်ကြုံသူများက ငွေအသပြာလှူသူလှူ၊ စားစရာလှူသူလှူနှင့် လှမျိုးဘဝအဆင်ပြေနေသည်။

ကျိုက်ထီးရိုးရောက်သောအခါ ..

ဘုရားရင်ပြင်ပေါ် အဆင်ပြေရာမှာ အိပ်ပြီး ညလုံးပေါက် ပုတီးစိပ်ပြလိုက်သည်။ ဘောင်းညာပေမဲ့လည်း သူ့အကြံအောင်ရန် သည်းခံရသည်။

သည်လိုနှင့် ရက်မှလခရီး ခြောက်လမျှကြာစဉ်ကာလအတွင်းမှာ ဘုရားဝေယျာဝစ္စများ ဝိုင်းကူလုပ်ကိုင်ပေးသည်။ ထိုအခါ ဒေသခံများနှင့် ရင်းနှီးမှုရခဲ့သည်။ ကျိုက်ထီးရိုးတောင်ပေါ်ရှိ ထမင်းဆိုင်၊ မုန့်ဆိုင်များမှာ ကြိုက်တာဝင်စားခွင့်ရသည်အထိ။ ကံကစွပ်ချင်တော့ ချဲဂဏန်းလည်း သူ့နှုတ်ကထွက်သမျှ မှန်တာလည်းရှိပြန်ရာ နေ့ချင်း၊ ညချင်း 'ဘိုးတော်လှမျိုး' 'ရသေ့လေး' ဘွဲ့ထူး၊ ဂုဏ်ထူးတွေ ရတော့သည်။

ထိုနေ့ကတော့ 'ဘိုးတော်လှမျိုး' အတွက် မျှော်လင့်တောင်းတရသောနေ့

www.burmeseclassic.com

သို့ ရောက်ရှိလာပြီ။ ညနေ နေဝင်ချိန်ကတည်းက မိုးတိမ်များ မည်းမှောင်လို့နေသည်။ တောင်ပေါ်ဒေသမို့ နေရောင်မမြင်တာနှင့် ရာသီဥတုက အေးလာပြီ။ ထိုအချိန်က ယခုလိုတောင်ပေါ်မှာ ဆိုင်အခိုင်အမာ တည်ဆောက်ခွင့်မရသေး။ သက်ငယ်မိုး ထရံကာ၊ ပျဉ်ကြမ်းခင်းမျှသာ။ ဘုရားဖူးရာသီကုန်သဖြင့် စျေးဆိုင်တွေ မရှိလောက်အောင်ပင် လူနေနည်းပါးကုန်ပြီ။ ခုလို မိုးငွေ့အေးအေး ရာသီဥတု ထိုင်းမှိုင်းတော့ ဘုရားရင်ပြင်မှာ ခြောက်ကပ်လို့နေသည်။

စောစောက ဘုရားလုံခြုံရေးကင်းအဖွဲ့ဝင်တို့ လေရော၊ မိုးရော သည်းထန်လာသောအခါမှာ မိုးကြိုးသံ တကျိမ်းကျိမ်းကြောင့် ဘုရားရင်ပြင်ပေါ် မနေဝံ့၍ ပြေးကြလေပြီ။ အခြေအနေအရပ်ရပ် အကဲခတ်ပြီး ဘိုးတော်လုမျိုး မိုးကာဂျာကင်အမည်းကိုဝတ်ဆင်ကာ ကျိုက်ထီးရိုးစေတီ လုံးပတ်တော်အနားသို့ ခပ်သွက်သွက်နင်လေတော့သည်။

"အားပါးပါး ... ရွှေသား ရွှေနှစ်များက နည်းသည့်ထုထည် မဟုတ်ပါလား"ဟု လောဘရိပ်သည်းထန်စွာတွေးရင်း ကျွမ်းကျင်ပိုင်နိုင်စွာ ဘုရားရွှေကို နိုးလေတော့သည်။

မိုးချုန်းသံကလည်း ကြောက်ခမန်းလိလိ။ လျှပ်စီးများကလည်း ဝင်းခနဲ လက်ကနဲ။ မိုးစက်မိုးပေါက်က သည်းသည်း။ ကြားထဲမှာ မတော်လောဘစိတ်ကြောင့် သူ့ကိုယ်ပေါ်မှာ ချွေးကချွဲ့စိုနေ၏။ ပြင်းထန်သော မိုးလေထဲမှာ ဘုရားရွှေတွေ မရမကခွာယူရင်း လူခန္ဓာကိုယ် လေထဲပါမသွားအောင် ကပ်ထားရသေးသည်။ ရွှေတွေ ... ရွှေတွေ ရသရွေ့ ခွာကောင်းနေဆဲ ...။

□□□

သည်နေ့ မိုးလေဆင်လာတာ စောလွန်းသဖြင့် ဂေါပကလုံခြုံရေးတာဝန်မှူးတို့ကို အသက်ရွယ်ကြီးသူများမှ ပြန်နားနိုင်းလိုက်သည်။ 'ဗိုးခွား'ကတော့ လူငယ်ပီပီ ကင်းတာဝန်ကိုဆက်ယူရင်း မိုးလုံ၊ လေလုံရှိသော အာရုံခံတန်ဆောင်းလေးထဲဝင်ကာ ဘုရားပူဇော်ကန်တော့ပြီး အညောင်းပြေလှဲနေလိုက်သည်။ မှေးခနဲ အိပ်ပျော်သွားရာက 'ကျိမ်း .. ဒိန်း .. ဒလိန်း' လျှပ်စစ်လက်ပုံက ကြောက်လန့်စရာ။ ကျယ်လောင်လွန်း၍ ဆတ်ခနဲ လန့် နိုးလာမိသည်။

မျက်လုံးဖွင့်အကြည့် သူ့နံဘေးနံရံမှာ အရိပ်မည်းမည်းကြီးပေါ်လာသည်။ ရုတ်တရက် သူထိတ်လန့်သွားကာ သူ့ပုဆိုးစကို ခေါင်းအထိ လုံအောင်ခြုံရင်း ခန္ဓာကိုယ်ကို ကျုံ့ကွေး၍ မျက်စေ့စုံမှိတ်ထားလိုက်သည်။

"ကျိမ်း ... ဒလိန်း ..."

စောစောကထက် လျှပ်စီးလက်ရင်း မိုးခြိမ်းသံက ပိုကျယ်လောင်ကာ အလင်းတာက်က သူ့ပုဆိုးကို ထွင်းဖောက်ကာ ဝင်လာသည်။ အိပ်စက်မရတော့။ ငုတ်တုတ်ထထိုင်လိုက်သည်။

"အောင်မယ်လေး ..."

အရိပ်မည်းကြီးက မှန်နံရံမှာပေါ်နေဆဲပင်။ သူအိပ်ချင်စိတ်ကြောင့် အမြင်မှားတာများလား။ သေချာအောင် ပုဆိုးစနှင့် မျက်လုံးပွတ်ကြည့်လိုက်သည်။ 'ဝင်း'ခနဲ 'လက်'ခနဲ လျှပ်စီးအရောင်ကြောင့် ကျိုက်ထီးရိုးဆံတော်ရှင်အား အလင်းရောင်တာက်ကြီးပေးလိုက်သကဲ့သို့ပင် ညမှောင်မှောင်မှာ အထင်အရှားဖူးမြင်ရလေ၏။

"ဟင် ..."

ဘုရားကျောက်လုံးပတ်တော်မှာ မည်းမည်းကြီး။ သူအိပ်နေသော မှန်နံရံမှာ လာပေါ်နေသော သဏ္ဍာန်နှင့် တစ်ပုံစံတည်း။ ဒါဆိုလျှင် ဘာဖြစ်မလဲ၊ သေချာအောင် အသာချောင်းကြည့်လိုက်သည်။ မကြောက်မရွံ့ ကျားကုပ်ကျားခဲ ဘုရားမှာ ကပ်ထားတဲ့ ရွှေ .. ရွှေတွေ ခွာယူနေတာပါလား။ မဖြစ်ဘူး၊ မဖြစ်ဘူး။

အာရုံခံတန်ဆောင်း တံခါးအသာဖွင့်ကာထွက်၍ ရင်ပြင်တော်ဘက်ပြေးကာ -

"အောင်မယ်လေး"
အရိပ်မည်းကြီးက မှန်နံရံမှာ ပေါ်နေဆဲပင်။
သူအိပ်ချင်စိတ်ကြောင့် အမြင်မှားတာများလား။
သေချာအောင် ပုဆိုးစနှင့် မျက်လုံးပွတ်ကြည့်လိုက်သည်။
'ဝင်း'ခနဲ 'လက်'ခနဲ လျှပ်စီးအရောင်ကြောင့်
ကျိုက်ထီးရိုးဆံတော်ရှင်အား အလင်းရောင်တာက်ကြီး
ပေးလိုက်သကဲ့သို့ပင် ညမှောင်မှောင်မှာ
အထင်အရှားဖူးမြင်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"သူခိုး ... သူခိုးဗျို့ ... ဘုရား ရွှေခိုးနေတယ်ဗျို့"

အသံကုန်ကျယ်၍ အော်လိုက်သည်။

"ရှိ ... ရှိ ... ရှိ ..."

ဝီဆဲလ်မှုတ် အချက်ပေးလိုက်ရာ အိပ်နေသူတွေအားလုံး ဘုရားရင်ပြင် ဘက် ပြေးတက်လာကြသည်။ သူခိုးက ဘောလုံးလောက် ခါးပုံစကိုပိုက်ကာ တစ်ဟုန်ထိုးပြေးလေ၏။

"လိုက်ဟ ... ဖမ်းဟ"

"ဟိုဘက် ... ပြေးပြီ ..."

ဘိုးဘိုးကြီးနတ်နန်း ကျောက်တုံး ဘက် စွတ်ရွတ်ပြေးလေသော သူခိုး နောက်သို့ ထက်ကြပ်မကွာလိုက်ကြစဉ် "အား .." ဟူသော သူခိုး၏အသံ။ ပြေး စရာမြေမရှိ ခပ်နိမ့်နိမ့်ဟု ထင်မှတ်ကာ ခုန်ချလိုက်ရာ ကျောက်တုံး၊ ကျောက်စိုင် ပေါ်ကျပြီး ခြေထောက်နာသွားရသည်။ မထနိုင်တော့။ သူခိုးဖမ်းအဖွဲ့လည်း အလျှင်အမြန်ရောက်ရှိလာကာ ဝိုင်းကာ ဖမ်းဆီးချုပ်နှောင်လေတော့သည်။

□ □ □

"ဟာ ..."

"ဟင် ..."

လက်နှိပ်ဓာတ်မီးတွေနှင့် ဝိုင်းထိုး ကာကြည့်ရင်း အားလုံးအံ့အားသင့်ကုန် လေတော့သည်။ ထင်မှတ်မထားသော လူသူတော်ကောင်းယောင် ဆောင်ထား သူ မဟုတ်ပါလား။

တော်ပါသေးရဲ့။ အသေအကျေ ဝိုင်းမရိုက်ကြလို့။

"ဒီကောင့်ကို ချုပ်ထားလိုက်ကြ။ ရဲစခန်းကိုအကြောင်းကြား"

ကြိုးတွေနဲ့ တုပ်နှောင်ရင်း သူ့ဆိုး ခါးပုံစကို ဖြေကြည့်ကြရင်း ...

"ကြည့် ... ကြည့်စမ်း။ မနည်း မနော ရွှေတွေပါလား"

"အင်း ... တစ်ပိဿာကျော်မယ် ထင်တယ်"

ချိန်ဆတွက်သူကတွက်နှင့်။

"ဟေ့ကောင်တွေ ... အဝတ်ကို တွေ လဲပေးစေဦး။ တော်ကြာ မသာပေါ် နေမှ ဒုက္ခဖြစ်ကုန်ဦးမယ်"

"ဟုတ်တယ်၊ သူ့စောင်နဲ့ အဝတ် စားသွားယူပေးလိုက်ကြ"

"ထွီ ... သောက်ကောင်၊ လုပ်ပုံ က မှန်မှန်ကန်ကန် ကျင့်ကြံအားထုတ်နေ သူ တွေအပေါ် သိက္ခာကျအောင်လုပ်တဲ့ ကောင်"

ဒေါသနှင့် ကြိမ်းဝါးသူတွေက လည်းရှိ၊ ဆဲကြဆိုကြ။ အတန်ကြာမှာ စခန်းမှူးနှင့်အဖွဲ့ရောက်လာပြီး စစ်ဆေး မေးမြန်း၊ မှတ်တမ်းယူနှင့် မိုးစင်စင်လင်း သွားတော့သည်။

"ဥက္ကဋ္ဌကြီး ... တရားခံကို ဒီမှာ ပဲ ခေတ္တစောင့်ရှောက်ထားပေးပါခင်ဗျာ။ မနက်ဖြန် လူကြီးလမ်းကြောင်းရှိတာ ကြောင့်ပါ"

"ရပါတယ် စခန်းမှူးကြီး"

သူတို့တွေအပြောကြောင့် တရားခံ ၏မျက်နှာမှာ အပြုံးတစ်ချက် လှစ်ခနဲ ပေါ်လိုက်တာ မည်သူမျှ သတိမထားမိ။

□ □ □

မွန်ပြည်နယ်တစ်ကြော ဌာနဆိုင် ရာ စစ်ဆေးရင်း ကျိုက်ထီးရိုးဘုရားအား ဝင်ရောက်ကြည့်ရှုခြင်း ဖြစ်သည်။ ကိုရိုး တို့ လုံခြုံရေးဆိုင်ရာ အရာရှိ၊အရာခံတွေ ရော၊ ဒေသခံပါတီကောင်စီလူကြီးမင်း များ၊ ဘုရားဂေါပကများပါ အလုပ်များကြ ရသည်။ ညှော်ခံကြိုဆိုရေး၊ နေရာထိုင်ခင်း ဝေယျာဝစ္စ၊ လုံခြုံရေးမှအစ ပြည့်စုံအောင် ဖြည့်ဆည်းကြရသည်။

မည်သူက ပြောလိုက်သည်မသိ။

"စခန်းမှူးကြီး ... မနေ့ညက ဘုရားရွှေခိုးတဲ့ သူခိုးမိထားတယ်ဆို"

"ဟုတ်ကဲ့ပါ ရဲမှူးကြီး"

"ရွှေခိုးပြီးမှ မိတာလား"

"ခိုနေတုန်းတွေ့လို့ အော်လိုက် တော့ ထွက်ပြေးရင်းမိတာပါ"

"ရွှေက တစ်ပိဿာကျော်တယ်ဆို တာ ဟုတ်လား"

"ဟုတ်ပါတယ် ရဲမှူးကြီး"

"အေးဗျာ .. ကျုပ်တွေ့ချင်တယ်။ စီစဉ်ထားပေးပါ"

"သည်နေ့တော့ ဘုရားဖူးပြီး အနား ယူပါခင်ဗျာ။ တရားခံကို ဆေးကုပေးနေ ရလို့ မနက်ဖြန်မှ တွေ့ပေးပါ့မယ်ခင်ဗျာ"

ထိုသို့ စခန်းမှူး'ကိုရိုး' အလျှောက် ကောင်းခဲ့ရသည်။

□ □ □

တကယ်တော့ လူကြီးအလာ ကြို ရန် အလုပ်များနေစဉ် ...

"စခန်းမှူး ညက ရွှေခိုးထွက်ပြေး သွားပြီ"

"ဟေ ..."

ငယ်ထိပ်ကို မြွေပေါက်ခံရသည့် နှယ်။ ချက်ချင်းပင် အမှုလိုက်အရာရှိ၊ အရာခံ၊ တပ်သားများ၊ အင်အားဖြန့်၍ ကားလမ်းတစ်လျှောက်၊ တောလမ်း ဖြတ် လမ်းတစ်လျှောက် အဆင့်ဆင့် လက် ဆင့်ကမ်း သတင်းပေး၊ သတင်းပို့ လုပ် ဆောင်စေရသည်။

ကိုရိုးရင်မှာ တထိတ်ထိတ်။ ကား လမ်းကြောခရီးစဉ်မှာတော့ တရားခံ၏ အရိပ်အယောင်မတွေ့ရကြောင်း သတင်း ပို့လာသည်။

နောက်တစ်နေ့ မနက်စောစော သတင်းဝင်လာသည်။ တရားခံကို ဖိုးပြန် တောင်အနီးမှာ ဖမ်းမိကြောင်း ...။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

ရွှေခိုးသူအတွက် ခိုးထားသောရွှေများ လက်လွှတ်ခံရမှတော့ လူကိုအဖမ်းခံ၍မဖြစ်။ ဒီလူတွေ သူတို့ကိုယ်သူတို့ လည့်လှုပြီ ထင်နေကြတာကိုး။ လူမျိုးတို့က မလည်ရင် သည်အလုပ် လုပ်မစားတော့ဘူးဟု ကြုံးဝါးလိုက်ကာ လွတ်မြောက်ရေးလမ်းစကို ရှာဖွေတော့သည်။

လူမျိုးတို့က မျက်လှည့်ဝိုင်းမှာ လုပ်စားခဲ့ဖူးသူမို့ ချည်နှောင်ထားသော ကြိုးဖြေတာလောက်ကတော့ ပါးပါးလေးပင်။ ဒီကောင်တွေအလုပ်ရှုပ်လေ အကြိုက်တွေ့လေပင်။

သူ့ကိုချုပ်ထားသော တဲနောက်ဘက် သက်ငယ်မိုးထရံအား အသာလှစ်ကာ အသာအယာပင် ခုန်ချထွက်ပြေးခဲ့တော့သည်။ သည်ပုံစံအတိုင်းပြေးလို့ကတော့ မလွယ်ကူနိုင်။ ထို့ကြောင့် အနီးအပါးမှာတွေ့သော အမျိုးသမီးအကျီ၊ လုံချည်နှင့် တဘက်ကို အသုံးချကာ ယခင်တောင်ကြောလမ်းအတိုင်း ဆင်းလာခဲ့သည်။

သွားရင်းလာရင်း ရေငတ်တဲ့အဖြစ်ထက် ဆေးလိပ်ဖွာချင်သည်က အဆိုးဆုံးပင်။ လမ်းဟောင်းမှာ အသုံးပြုသူနည်းသဖြင့် ဈေးဆိုင်တန်းများလည်း မရှိတော့၊ ဟော ... ဟိုးရှေ့မှာ ရှားရှားပါးပါး တဲတစ်တဲ၊ ထမင်းဟင်းချက်နေပုံရသည်။ မီးခိုးတလူလူနှင့် ...။

ကိုယ်တိုင်က ဆေးလိပ်သမားဆိုတော့ သူ့ရဲ့အသွေးအသားကကို ဆေးလိပ်ငွေ့ကို တောင်းဆိုနေတာမို့၊ ခပ်သွက်သွက်လျှောက်ကာ တဲရှေ့သွားရပ်ပြီး လူရိပ်လူခြည် မတွေ့သဖြင့် ...

"ဗျို့ ... တဲရှင်တို့ .. တဲရှင်တို့"

တော်တော်နှင့် ခေါ်သော်လည်း လူကိုမတွေ့ရ။ မီးဖိုပေါ်က အိုးကတော့ ပွက်ပွက်ဆူလို့နေသည်။

"ဆေးလိပ်မီးတစ်တို့လောက် မီးညှိပါရစေ"

ဟူ၍ ခွင့်တောင်းလေမှ လူတစ်ယောက် တုတ်ကောက်နှင့်ထွက်လာပြီး

"အေး ... အေး ... ရတယ်"

ဆိုသည့် ခွင့်ပေးစကားကြားသည်နှင့် ဆေးလိပ်ကိုထုတ်ကာ မီးဖိုမှ ထင်းစယူ၍ မီးညှိလေတော့သည်။ ထိုင်ရာကမထ။ အားရပါးရ ဆေးလိပ်ဖွာရှိုက်ရင်း စိတ်ရောလူပါ အပန်းဖြေလိုက်တော့သည်။

အမှန်တော့ သူကသာ ဥပဒေဘက်တော်သားများ၏လက်မှ လွတ်ပြီဟု တွေးကာ ပျော်နေသည်။ တဲပိုင်ရှင်မိသားစုမှာ ကျိုက်ထီးရိုးတောင်ပေါ်မှ ရာဇဝတ်မှုသတင်းကို ကြားထားပြီးချိန် အစစ လူသွားလူလာ သတိထားအကဲခတ်နေချိန်မှာ ဆေးလိပ်မီးတစ်တို့ တောင်းသူက အမျိုးသမီးကြီးတစ်ဦးပုံသဏ္ဍာန်။ အသံကယောကျ်ားတစ်ဦး၏အသံ။ လုံချည်တိုတိုအောက်မှ အထင်းသား ယောကျ်ားတစ်ဦးအသွင် ခြေသလုံးသားများက မသက်ာစရာ။ အသွင်ပြင်အား အကဲခတ်လေ့လာရင်း ကင်းပုန်းဝပ်စောင့်ရာနေရာသို့ သတင်းပြေးပို့ထားနှင့်လေပြီ။

သောက်ချင်သော ဆေးလိပ်အငွေ့အသက် ရှူသွင်းပြီးလေပြီမို့ သူ့ခန္ဓာအိမ်တို့ သွေးလည်ပတ်နှုန်းတွေ သွက်လက်လာပြီမို့ လုံချည်ပြင်ဝတ်၊ အကျီဆွဲဆန့်၊ တဘက်ကိုပြင်၍ ခေါင်းပေါင်းကာ တောလမ်းအတိုင်း ဆင်းလာခဲ့၏။

သူ့ရှေ့တူရူမှ သစ်လုံးများထမ်း၍ တက်လာသော ထင်းခုတ်သမားဖြစ်နေ၍ သူခပ်တည်တည်ပင် ခရီးဆက်လာခဲ့သည်။ ရှေ့မှာ တောင်ကုန်းအတက်ဖြစ်၍ ခပ်ဖြည်းဖြည်းတက်ရင်း စခန်းတစ်ထောက်နားခိုရင်း၊ သောက်ရေအိုးမှ သောက်ရေခပ်သောက်ပြီးမှ လက်ကျန်ရေတစ်ငုံစာကို ခက်ကြမ်းကြမ်း အာလုတ်ကျင်းလိုက်ပြီး 'ဖျစ်'ခနဲ ထွေးထုတ်လိုက်ချိန်မှာ ...

"ဟေ့ကောင်၊ လက်မြှောက်ထားလိုက်စမ်း"

သူ၏အသွင်သဏ္ဍာန်ကို ခန့်မှန်းမိသော ဥပဒေဘက်တော်သားများက အသွင်ယူ စောင့်ဆိုင်းနေကြသည်ကိုး။

ခုတော့ ဘိုးတော်တစ်ဖြစ်လဲ အကျဉ်းစံကိုယ်တော်အဖြစ် ဘဝပြောင်းရတော့သည်။

❏ ❏ ❏

"အဖြစ်ကတော့ အဲဒါပါပဲ။ အဲဒီရွှေခိုးသူ လွတ်သွားလို့ ငါတို့တွေအလုပ်ပြုတ်တော့မလို့၊ ဒုက္ခများတော့မလို့ကွာ။ အချိန်မီပြန်ဖမ်းမိလို့သာပေါ့။ လူကြီးလည်း တရားခံကို သွားမကြည့်ဖြစ်ဘူး။ ရန်ကုန်တိုင်းက ဖုန်းဝင်လာလို့ ပြန်သွားရတယ်။ ခုလို ဘာသာရေး အထွတ်အမြတ်နယ်မြေမှာ တာဝန်ထမ်းရတဲ့ အဖြစ်မှန်တစ်ခုပါပဲ။ ငါတို့တာဝန်ရှိသူ့အပြင် ဒေသခံတွေရဲ့ ပူးပေါင်းကူညီမှုပေါ့။ သူတို့ကူညီပေးလို့ တရားခံဖမ်းမိတာပါ။ အေး ... စကားလည်းကောင်းလို့ ညဥ့်နက်ပြီ။ မနက်ဖြန် မင်းတို့ပြန်ရင် ငါလာနှုတ်မဆက်တော့ဘူး။ လူကြီးတစ်ဦးလာမှာမို့ ထုံးစံအတိုင်းပေါ့ကွာ"

နှုတ်ဆက်ကာ ထွက်သွားသော 'ကိုစိုး'အား ခေါင်းညိတ်ပြရင်း ဆည်းလည်းသံတချွင်ချွင်က ကျိုက်ထီးရိုးဆံတော်ရှင်ထံမှ ဝဲပျံလာကာ လူသားတိုင်း အေးချမ်းသာယာပါစေဟု မေတ္တာပို့သပေးနေသကဲ့သို့ပင်။

ဟန်သီဇင်

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဘာနှင်း(မြန်မာပြန်)

# လူသတ်သမား လွတ်နေ၍

# The Killer is Loose

by Carol Eills

"ပြစ်မှုကျူးလွန်သူ ၁၀ ဦး **လွတ်ချင်လွတ်သွားပါစေ၊ အပြစ်မဲ့**သူတစ်ဦးအား ပြစ်ဒဏ်မပေးမိပါစေနှင့်" ဟူသော တရားရေးရာ မှတ်ချက်တစ်ခုကို သင်ဖတ်ကြား သိရှိထားမိပါလိမ့်မည်။

အောက်ပါဖြစ်ရပ်မှန် ကြောက်ခမန်းလိလိ လူသတ်မှု ဖြစ်သော်လည်း၊ ၁၆ နှစ်ကြာ အမှုလိုက်ခဲ့ရသော ရဲမင်းကြီးကိုယ်တိုင် လက်လျှော့ရတော့မလို ဖြစ်ခဲ့ရသည်၊

ရှီကာဂိုမြို့ထဲတွင်တော့ လူပေါင်းများစွာသတ်ခဲ့သူ လူသတ်သမားတစ်ယောက် လွတ်လပ်ရေး ရနေဆဲဖြစ်သည်။ အနည်းဆုံး လူ ၁၅ ဦးကို သတ်ခဲ့သည်။ ထိုသူအား အမည်မသိရသေးသည့်အလျောက် ဦး(က)ကြီးဟု အမည်သတ်မှတ်ရပါမည်။ သူက ရှီကာဂိုမြို့တစ်ခွင် ပြပြစင်အောင် သွားလာရင်း ပြင်ဆင်ရေးလုပ်သားတစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းပြုနေသူလည်းဖြစ်သည်၊

သူအလုပ်လုပ်ခဲ့ရာ နောက်ကြောင်းကို လေ့လာကြည့်သည့်အခါ လူသတ်မှုဖြစ်ပွားရာ ရပ်ကွက်တို့တွင် သူအလုပ်လုပ်ခဲ့ဖူးကြောင်း သိရသည်။ သူ၏ ပထမဇနီးမှာ ယောကျ်ားလျာသာ ဖြစ်သည်၊ ယခုလက်ရှိဇနီးကလည်း ယောကျ်ားတကာနှင့်တွဲသည့် မိန်းမပျက်တစ်ဦးသာ ဖြစ်သည်။

ဦး(က)ကြီးသည် ကလေးဘဝက ကွတ်မြို့ကလေး၏ အနောက်တောင်ရပ်ကွက်တွင် နေထိုင်ခဲ့သည်၊ နွေရာသီမှာဆိုလျှင် မစ်ဝေးလေဆိပ်အနီးရှိ ဘွားအေကြီးအိမ်တွင် နေလေ့ရှိသည်၊ သူ့အား တစ်ယောက်ယောက်က နာမည်ကျော် ရေအင်ရှိုး အဆိုတော်တစ်ယောက်နှင့်တူကြောင်း ပြောရာမှအစ သူ့ကိုယ်သူ အဆိုတော်အဖြစ် ကြွားဝါလေ့ရှိခဲ့သည်။

၁၉၅၀ ပြည့်နှစ်တွင် မစ္စက် အဂ္ဂနက်ဘားရက်စ် အလောင်းကို ၄၈ လမ်း အနောက်လမ်းပိုင်း ရပ်ကွက်အကြား ချုံပုတ်များအကြားတွင် ရှာဖွေတွေ့ခဲ့သည်၊ သူမတွင် အဝတ်အစား မရှိတော့၊ သူမသည် ဦး(က)ကြီး စစ်တပ်တွင် အမှုထမ်းစဉ်က စိတ်မူမမှန်သဖြင့် တက်ခဲ့သော စစ်ပြန်ဆေးရုံကြီးမှ ဝန်ထမ်းတစ်ဦး ဖြစ်သည်။

အချင်းဖြစ်ပွားရသည်က ထိုရပ်ကွက်တွင် ဦး(က)ကြီးသည် အလုပ်လုပ်ခဲ့ကြောင်း သိရှိခဲ့ရသည်။

မစ္စက်ဟာန်းဘားနက်ဆိုသူ တစ်ယောက်မှာလည်း ၁၉၅၃ ခုနှစ်၊ ဖေဖော်ဝါရီလ၏ တစ်မနက်ခင်းတွင် မစ်ဝေးလေဆိပ်သို့ ရောက်လာပြီးမှ ပျောက်ဆုံးသွားခဲ့သည်။ အဝတ်အစားကပိုကရိုသာရှိတော့သော သူမ၏အလောင်းအား ဒီ(စ)လိန်းမြစ်ကမ်းနံဘေးရှိ သစ်တောအုပ်ထဲတွင် တွေ့ခဲ့ပါသည်။ သူမ၏ ခရီးဆောင်အိတ်ကိုလည်း ဦး(က)ကြီး၏အဘွားနေအိမ်အနီးတွင် ရှာဖွေတွေ့ရှိခဲ့ရသည်။

တစ်ဖန် ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်၊ တနင်္ဂနွေနေ့တွင် ရောဘတ်ပတ်တာဆင် (၁၄ နှစ်)၊ ဂျွန်ရှူဆယ် (၁၃ နှစ်)နှင့် သူ့ညီ အင်တန် (၁၁ နှစ်)တို့ ဂျက်ဖာဆင်ပန်းခြံတွင် ပျောက်ဆုံးသွားခဲ့ပြန်သည်။ ကလေးများ ပျောက်ဆုံးရာ ရပ်ကွက်တွင် ဦး(က)ကြီး ကျက်စားတတ်သည့် မိန်းမလျာများ၏ ကလပ်တစ်ခု ရှိပါသည်၊

ထို့နောက် သုံးရက်အကြာ



www.burmeseclassic.com

www.burmeseclassic.com

တွင် ဒီ(ခ)ပလိန်းမြစ်နံ့ဘေး သစ်တောအုပ်သို့ဝင်၍ အနားယူသော နယ်လှည့် အရောင်းကိုယ်စားလှယ်တစ်ဦးအား ရေမြောင်းတစ်ခုထဲတွင် ကလေးသုံးယောက်၏ အလောင်းများနှင့်အတူတွေ့လိုက်ရသည်။ ကလေးများတွင် အဝတ်အစားမရှိကြ။ ပါးစပ်နှင့် ခြေလက်တို့ကို ပလာစတာတိပ်နှင့် ပတ်ထားခြင်း ခံထားရသည်။

များမကြာမီ မိန်းကလေးနှစ်ဦး၏ အဝတ်မဲ့အလောင်းများကို လူတစ်ယောက်က ရှာဖွေတွေ့ရှိရပြန်သည်။ မိန်းကလေး ၂ဦး၏ အလောင်းများအား ရောဂါဗေဒ ပညာရှင်နှစ်ဦး၊ စိတ်ပိုင်းဆိုင်ရာ ပညာရှင်တစ်ဦးတို့ ခွဲစိတ်စစ်ဆေးကြရာ အသက်ရှူကျပ်ခြင်း၊ အကြောက်လွန်ခြင်းတို့ကြောင့် သေဆုံးရကြောင်း အဖြေရခဲ့သည်။ အခြားအချက်များကိုတော့ ထုတ်ဖော်မပြောလိုတော့ပါ။ သို့သော် ဓာတ်ပုံများကို စစ်ဆေးကြည့်ရာဝယ် အနိုင်ကျင့်ခံထားရကြောင်းနှင့် အရိုက်အနှက် ခံထားရကြောင်း သိရှိခဲ့ပါသည်။

ရဲအဖွဲ့က မသမာသူတို့အား ခေါ်ယူစစ်ဆေးသောအခါတွင် မိမိသတ်ကြောင်း ဝန်ခံသူတို့ကလည်း မနည်းပါ။ ထိုအထဲမှ ငိုအားထက် ရယ်အားသန်စရာ အဖြစ်အပျက်တစ်ခု ရှိခဲ့သေးသည်။ မိမိသတ်သည်ဟု ဝန်ခံသူတစ်ယောက်မှာ ကယ်လီဖိုးနီးယားဒေသမှ ဖြစ်သည်။ သူက အချင်းဖြစ်ပွားရာ ရှီကာဂိုသို့ လေယာဉ်စရိတ်မကုန်ဘဲ ရောက်လိုခြင်းကြောင့် ဝန်ခံကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

မကြာမီ ကလေးမလေးနှစ်ဦး၏ မိခင်ထံသို့ စာတစ်စောင် ရောက်လာသည်။ သူမတို့အလောင်းမတွေ့မီ ပြန်ပေးငွေတောင်းသူပင် ဖြစ်နိုင်သည်။ ထိုစာပိုင်ရှင်မှာလည်း ဦး(က)ကြီးဖြစ်မည်ဟု ကျွန်ုပ် သံသယမရှိပါ။ ရေးသူမှာ စိတ်မမှန်သူ ဖြစ်နိုင်သည်။ နောက်ပိုင်းတွင် တွေ့ရှိသော စာများမှ လက်ရေးနှင့် ယှဉ်ကြည့်သောအခါတွင် ကျွန်ုပ်၏ ယုံကြည်မှုမှာ ပို၍ခိုင်လုံသွားသည်။

ဦး(က)ကြီးသည် ထိုအချိန်က ကောင်လေးသုံးဦး ပျောက်ဆုံးရာနှင့် မဝေးသော အခန်းတစ်ခန်း ငှားနေခဲ့သည်။ တရားခံအဖြစ် ဦး(က)ကြီးအား ကျွန်ုပ် သတ်မှတ်လိုက်ပြီးနောက် သူ၏လှုပ်ရှားမှုများကို ပြန်လည်ခြေရာခံ ကြည့်ခဲ့သည်။

နောက်ပိုင်းတွင် သူ့အား ကျွန်ုပ် စစ်ဆေးရာ၌လည်း ဤအတိုင်း ထွက်ချက်ပေးသည်။

ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ဦး(က)ကြီးသည် လက်ရှိဇနီးသည် ဖြစ်လာမည့်သူ့ထံသို့သွားခဲ့ရာ ထိုညမှာ ရုပ်ရှင်သို့သွားသည့် ဂရင်းညီအစ်မတို့ ပျောက်ဆုံးရာညပင် ဖြစ်နေသည်။

အန်လင်ဒါဆိုသူမှာ သတင်းစာတစ်စောင်တွင် လူမှုရေးရာ အကြံပေးကဏ္ဍကို ရေးသားသူဖြစ်သည်။ သူမထံသို့ မြီးကောင်ပေါက်မလေး တစ်ဦးထံမှ စာတစ်စောင် ရောက်လာသည်။

ဤစာကား ကျွန်ုပ် ဂရုတစိုက်ဖတ်လေလေ မြီးကောင်ပေါက်မလေး၏ စာမဟုတ်လေလေ ထင်မိသည်။ ယောကျာ်းတစ်ဦးက မိန်းကလေးနှစ်ဦးအား ကားပေါ်တွန်းတင်ကာ မောင်းသွားသည်ကို မြင်သည့် မြီးကောင်ပေါက်မလေးအဖို့ သဘာဝအတိုင်း ကြောက်လန့်တကြား အော်ဟစ်အကူအညီတောင်းမည်သာဖြစ်သည်။ ယခုတော့ ထိုသို့မဟုတ်။

ဇန်နဝါရီလ ၁၂ ရက်နေ့တွင် တစ်ဖန် ဇာတ်ပို့ဇာတ်ရန်အဖွဲ့သည် "ဆန်ကာဖီးပါတ်မှာ အလောင်းနှစ်လောင်း တွေ့ရလို့"ဆိုသော ဖုန်းရောက်လာသည်။ ဖုန်းခေါ်ရာသို့ ရဲကစုံစမ်းကြည့်လိုက်ရာ စားသောက်ဆိုင်တစ်ဆိုင်ထဲမှ ဖြစ်ကြောင်း သိရသည်။ ထိုပတ်ဝန်းကျင်တွင် ဦး(က)ကြီးသည် ရက်သတ္တ နှစ်ပတ်မျှ ပြင်ဆင်ရေးအလုပ်ကိုလုပ်ခဲ့ပုံရပါသည်။

ဦး(က)ကြီးသည် ဂရင်းညီအစ်မအလောင်းကို ရဲအဖွဲ့ ရှာတွေ့စေလို၍ ဖုန်းဆက်ခြင်းသာဖြစ်မည်ဟု ကျွန်ုပ်ယုံကြည်မိသည်။ ရဲအဖွဲ့က ရှာဖွေမတွေ့၍ တွေ့နိုင်ရာသို့ ဦး(က)ကြီး လာပစ်ထားသည်မှာကော ဖြစ်နိုင်ပါမည်လော။ ဖြစ်နိုင်ရန်ဟု ကျွန်ုပ်ယုံသလို အမှုကိုင်ရဲကြပ်ကြီး နောရစ်ကပါ ယုံကြည်ခဲ့ပါသည်။

ထိုအဖြစ် ဖြစ်ပွားပြီး မကြာမီ ဦး(က)ကြီး၏ ဆွေမျိုးသားချင်း ကောင်လေးတစ်ယောက်အား မုဒိမ်းမှု၊ ရိုက်နှက်မှုဖြင့် ဖမ်းလိုက်ရာ ရဲက ထိုကျိုးဂျက်ဆင်အား ဂရင်းညီအစ်မ



www.burmeseclassic.com

www.burmeseclassic.com

အမှုအတွက် စစ်ဆေးကြည့်သည်။ ဤတွင် ဦး(က) ကြီး စုံးရိမ်လာဟန် ရှိသည်။ သို့ဖြင့် မေလ ၂၂ ရက်နေ့တွင် စက်ရုံတစ်ရုံ၏ အပြင်နံရံတွင် မြေဖြူနှင့်ရေးထားသော စာတန်းတစ်ခုအား တွေ့ကြရသည်။

"ဂရင်းညီအစ်မကိုသတ်တာ ဂျိုးဂျက်ဆင်ပဲ"

တမင်သက်သက် အာရုံလွှဲခြင်းသာဖြစ်ရာ ရဲက ထိုအမှုအတွက် ဂျိုးဂျက်ဆင်အား မမေးမြန်းတော့ပါ။ စာတန်းပါ နံရံမှ လက်ရာနှင့် ဦး(က)ကြီး လက်ရာကို နောင်တွင် ကျွန်ုပ်တိုက်ဆိုင်စစ်ဆေးကြည့်ရာ တူညီနေကြောင်း တွေ့ရှပါသည်။

ဂရင်းညီအစ်မ၏အမှုက အဖြေရှာမရသေးမီ ၁၉၅၇ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်၌ ရှီကာဂိုအဖွဲ့အဖို့ နောက်ထပ် မိန်းကလေးတစ်ဦး၏ အလောင်းကို တွေ့ရခြင်းဖြစ်သည်။ သူမသည် ဩဂုတ် ၁၇ ရက်နေ့ညက ရုပ်ရှင်သွားကြည့်ရင်း ပျောက်ဆုံးခဲ့သော အသက် ၁၅ နှစ်အရွယ် ဂျူးဂျူးဒစ်မေဆိုသူလေးမှန်း မသိရသေးချေ။ သူမသည် သူငယ်ချင်းတစ်ယောက်အိမ်မှ ညဘက်အပြန်တွင် ပျောက်ဆုံးသွားခြင်း ဖြစ်သည်။

သူမပျောက် ဆုံးပြီး သုံးရက်အကြာတွင် သူမဖခင်ထံသို့ ပြန်ပေးငွေတစ်သောင်းတောင်းသည့် စာရောက်လာသည်။ ငွေလာပို့ရန် ပေးလိုက်သောလိပ်စာမှာ လူရှိသေ ရှင်ရှိသေများနေထိုင်ရာ ဖြစ်နေသည်။ ၎င်းတို့နှင့် မည်သို့မျှမပတ်သက်ကြောင်း ရဲအဖွဲ့က စုံစမ်းသိရှိခဲ့ရသည်။

ရဲအဖွဲ့က အလောင်းတစ်ပိုင်း တစ်စပါသည့် စည်ပိုင်းကို တွေ့ရာ ဝန်းကျင်ဝယ် ရေငုပ်သမားများနှင့် ရှာစေရာ အတန်ငယ်သေးသည့် စည်ပိုင်းတစ်လုံးအား ရွှံ့ထဲတွင် မြုပ်နေရာမှ ဆယ်တင်နိုင်ခဲ့သည်။ ထိုအထဲတွင် ခေါင်းနှင့်ခြေလက်တို့ကို တွေ့ရသည်။ သို့ဖြင့် ဂျူဒီ၏ ရုပ်အလောင်းကို ပုံဖော်ခဲ့ပြီးဖြစ်သည်။

ထို့နောက် ၁၉၅၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ရဲတပ်ဖွဲ့သို့ စာတစ်စောင်ရောက်လာသည်။

လွန်ခဲ့တဲ့ သုံးနှစ်အတွင်း ကျူးလွန်ခဲ့တဲ့ မုဒိမ်းလူသတ်ကောင်တွေရဲ့ တရားခံကို ဖမ်းမိချင်ရင် ငွေနှစ်သောင်းခွဲပေးပါ။ တရားခံကို ကျုပ်သိတယ်။ ကြာသပတေးနေ့ မနက် ၈ နာရီမှာ တံတောင်ဆစ်ချိုး ရထားကုန်းတံတားအောက်မှာ ငွေလာပေးပါ။ ဒေါ်လာ ၁၀၀ တန်တွေပဲ ဖြစ်ပါစေ။ ငွေထားပြီး ၃ နာရီအကြာ ပြန်လာရင်တော့ တရားခံကို ခင်ဗျားတို့ မိပြီပဲ။ ရှားလော့ . . .

ရှားလော့ဟူသော လက်မှတ်ပေါ်တွင် နာမည်ကျော်စုံထောက်ကြီး ရှားလော့ဟုမ်း၏ ရုပ်ပုံကြမ်းတစ်ခု ရေးဆွဲထားပါသည်။ အောက်တွင် ကျွန်ုပ်သိခဲ့ရသည်မှာ ဦး(က)ကြီးသည် ရှားလော့ဟုမ်းဝတ္ထုများကို အသည်းစွဲဖတ်သူ ဖြစ်ကြောင်းပင်။

ဂျူဒီ၏ ဖခင်ထံသို့ ငွေတောင်းစာနှင့် ယခုစာတို့မှာ လက်ရေးချင်းတူညီကြသည်။ လက်ရေးမှာလည်း ဦး(က)ကြီး၏ လက်ရေးဖြစ်ကြောင်း ကျွန်ုပ်တို့ သိခဲ့ရပါသည်။

ရဲအဖွဲ့က ငွေစက္ကူပုံ စာရွက်များဖြတ်၍ ၎င်းထားခိုင်းရာ နေရာသို့ သွားထားကြသည်။ ထိုအထုပ်ကို အလုပ်သမားတစ်ယောက်လာကောက်သဖြင့် ဝိုင်းဖမ်းခဲ့ကြသည်။ သို့သော် ထိုအလုပ်သမားမှာ တရားခံနှင့် မည်သို့မျှမသက်ဆိုင်၊ မတော်တဆတွေ့ရာမှ ကောက်ယူမိခြင်းသာ ဖြစ်သည်။

၁၉၆၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ဘုရားရှိခိုးကျောင်းသို့သွားရာမှ ပျောက်ဆုံးသွားသည့် ကိုးနှစ်သမီး ဂလိုရီယာလေး၏ အလောင်းကို တွေ့ကြပြန်ရာ တရားခံကိုတော့ ခြေရာပင်ခံမရခဲ့။ ဦး(က) ကြီး၏ နောက်ကြောင်းရာဇဝင်ကို သုံးနှစ်တာမျှ ကျွန်ုပ်စုံစမ်းခဲ့ရာ ကျွန်ုပ်သိပြီး အချက်အလက်တို့နှင့် ဆက်နွယ်နေသည့် အချက်များကို သိခဲ့ရပါသည်။

ထို့နောက် ၁၉၆၃ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် အမှုတစ်ခု ဖြစ်ပွားလာပြန်သည်။ ဝီမာဆိုသူမှာ မြောက်ပိုင်းဆေးရုံကြီးမှ အထူးသူနာပြုဖြစ်သည်။ သူ၏ခင်ပွန်းမှာ ဟာဆင်ဆိုသည့် အီရတ်လူမျိုးဖြစ်ရာ အိမ်ထောင်ရေး အဆင်မပြေတော့သဖြင့် လမ်းခွဲကြရာဝယ် သုံးနှစ်အရွယ် သမီးလေးအား ဘဂ္ဂဒက်ရှိ ဟာဆင်၏ မိဘများထံမှာ အပ်နှင်းရန် လေဆိပ်သို့လိုက်ပို့သည်။ ထို့နောက်တွင်တော့ သူမ၏သတင်းကို မကြားရတော့ချေ။

ဤတွင် ဝီမာအလုပ်လုပ်သည့် ဆေးရုံတွင် ဦး(က)ကြီး၏ ပထမဇနီးသည် အလုပ်လုပ်ခဲ့ကြောင်း ငွေ့ရှ



www.burmeseclassic.com

www.burmeseclassic.com

ရပါတော့သည်။ ထိုဇနီးသည်၏ လက်ရှိအိမ်သို့ ကျွန်ုပ်တို့သွားရောက် ရှာဖွေကြည့်ကြသည်။ စားပွဲအံဆွဲတစ်ခုမှ သေသပ်စွာ အဖုံးဖုံးထားသည့် မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို တွေ့ရသည်။ ထိုမဂ္ဂဇင်းပါ ဇာတ်လမ်းတစ်ပုဒ်မှာ အသက် ၆ နှစ်သမီးလေးအား ရိုက်နှက်မုဒိမ်းကျင့်ပြီး ဓားနှင့်ထိုးသတ်သည့် ဇာတ်လမ်းဖြစ်သည်။

ထို့ပြင် မှတ်စုစာအုပ် တစ်အုပ်ကို တွေ့ရသေးသည်။ အထဲရှိ အမည်နှင့် လိပ်စာတချို့ကိုပါ ကျွန်ုပ်ကူးယူပြီး စုံစမ်းကြည့်ရာ မစ္စက်ဝီမာဟန်နေသည့်တိုက်မှ လူများဖြစ်ကြောင်း သိရသည်။ ယင်းသည် ဦး(က)ကြီးနှင့် ပတ်သက်သည့် နောက်ထပ်ဆက်နွယ်မှု တစ်ရပ်ပင်ဖြစ်သည်။

၁၉၆၄ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် လွန်ခဲ့သော ၁၂ နာရီခန့်က ပျောက်ဆုံးခဲ့သော အသက် ၁၅ နှစ်အရွယ် မာသာဆိုသူလေး၏အလောင်းကို ကွတ်မြို့လေးမှ တောအုပ်ထဲတွင် ရှာတွေ့ခဲ့သည်။

ကျွန်ုပ်၏ စုံစမ်းမှုက တိုးတက်ခဲ့သည်ဟု ဆိုရပါမည်။ ဦး(က)ကြီး၏နေရာတိုက်ခန်းလေးတွင် အဆောက်အအုံပျက်တစ်ခုရှိသည်။ ထိုအဆောက်အအုံပျက်ထဲသို့ ဦး(က)ကြီးအခန်းမှမိုးသွယ်ထားကြောင်း ရှာတွေ့ခဲ့သည်။ တစ်ဖန် အဆောက်အအုံ၏နောက်တွင် ဂျူဒီမေအလောင်းအပိုင်းအစတို့တွင်ပါသည့် စည်ပိုင်းအမျိုးအစားအချို့ကိုလည်း တွေ့ခဲ့ရပြန်သည်။

ဦး(က)ကြီး၌ တာဝန်မကင်းဟု ကျွန်ုပ် ယူဆသည်။ ၁၅ ယောက်မြောက် သားကောင်မှာ အီလီနွိုက်ပြည်နယ် လွှတ်တော်အမတ်ချားလ်၏ သမီး ဗယ်လာရီးပါစီ ဆိုသူလေးဖြစ်သည်။ ၁၉၆၆ ခုနှစ် စက်တင်ဘာလ ၆ ရက် မနက် ၅ နာရီခန့် အချိန်တွင် သမီးဖြစ်သူ၏အခန်းမှ ညည်းညူသံကြောင့် နိုးလာသော မိခင်ဖြစ်သူသည် သမီးအခန်းသို့ သွားကြည့်ရာ သွေးသံရဲရဲနှင့် ဗယ်လာရီကို လူစိမ်းတစ်ဦးက မိုးရပ်နေသည်ကို တွေ့လိုက်ရသည်။

သူမက ခင်ပွန်းသည်အား အပြေးအလွှားသွားခေါ်၍ မစ္စတာပါစီက သွားအကြောင်းကြားပြီး သမီးဆီသို့ ရောက်သောအခါ လူစိမ်းကား မရှိတော့ပါ။ ဗယ်လာရီမှာ တစ်ကိုယ်လုံးတွင် ဓားဒဏ်ရာ ၁၄ ချက်ဖြင့် သေဆုံးခဲ့ရသည်။

သူမ၏ အလောင်းကို ကျွန်ုပ်တွေ့ခဲ့ရသော်လည်း ဓာတ်ပုံများအရ ခေါင်းမှဒဏ်ရာတစ်ချက်ထိုကျွန်ုပ်ဂရုစိုက်မိရာ အင်္ဂလိပ်အက္ခရာ (အေ) သဏ္ဍာန် ဂဟေချောင်းနှင့် ရိုက်ထားသည်မျိုး ဖြစ်နေသည်။ ဤဒဏ်ရာမျိုးကို ရောဘတ်ဗစ်တာဆင်လေး အလောင်းတွင်လည်း တွေ့ခဲ့ရသည်။

ထိုပစ္စည်းမှာ ပစ္စည်းကိရိယာပြင်သည့် ဦး(က)ကြီး၏ ကိရိယာများအနက်မှ တစ်ခုဖြစ်နိုင်သည့် ပယ်ဟာရီတို့နေထိုင်ရာ ပတ်ဝန်းကျင်တွင် ဦး(က)ကြီး အလုပ်တော်တော်များများလုပ်ခဲ့ကြောင်း ကျွန်ုပ် စုံစမ်းသိရှိခဲ့ပါတော့သည်။

ဦး(က)ကြီးအား ရဲစခန်းတွင်ခေါ်စစ်သော်လည်း သက်သေ သာဓကမခိုင်လုံ၍ လွှတ်ခဲ့ရပြန်သည်။ သူ့အားစစ်ဆေးစဉ် သူက မတော်မရော်စကား စပြောခဲ့သည်။ နှစ်နာရီစာမျှရှိသောတိတ်ခွေကို စိတ်ပညာရှင်များနှင့် စိတ်ရောဂါကု ဆရာဝန်တို့အား ဖွင့်ပြခဲ့ရာ သူတို့၏ကောက်ချက်မှာ . . .

ဦး(က)ကြီးသည် . . .

(၁) လူသတ်မှုများအကြောင်းသိထားသည်၊ (၂) လူသတ်နိုင်သူလည်း ဖြစ်သည်၊ (၃) ကျွန်ုပ်စုဆောင်းပေးသမျှ စာများအားလုံး၏လက်ရေးပိုင်ရှင် ဖြစ်သည်၊ (၄) ကလေးများအား စည်းရုံးနိုင်သည့် ဖော်ရွေမှုရှိသူ၊ ၎င်းတို့အား ထိန်းချုပ်နိုင်သည့်ခွန်အားရှိသူ ဟူ၏။

ဤလူသတ်မှုတို့မှာ ၁၆ နှစ်ကာလအတွင်း ဖြစ်ခဲ့သည်။ ကျွန်ုပ်တို့အနေဖြင့် ကိုယ့်ကိုယ်ကို ပေးသောတာဝန်အနေဖြင့် စုံစမ်းအဖြေရှာခဲ့သော်လည်း ခိုင်လုံသည့် သက်သေသာဓကမရခဲ့ပါ။ သို့ဖြင့် ဦး(က)ကြီးဟူသော လူသတ်သမားသည် ရှိကာဂိုလမ်းများပေါ်တွင် လွတ်လပ်စွာ သွားလာနေခဲ့သည်။ မြို့လူထုအဖို့ သတိထားကြပါလေ၊ ရဲနှင့်ပြည်သူ ပူးပေါင်း၍ ရှာဖွေကြပါလေဟူ၍သာ ဆော်ဩနေရပါတော့သည်။

ဘနှင်း

www.burmeseclassic.com

# မိဘများ ဆေးလိပ်ရေရှည်သောက်ခြင်းသည် သားသမီးများ ဆေးလိပ်ပိုသောက်သည့်အကျင့်ဖြစ်လာနိုင်

မောင်မောင်စန်းထွေး

ဆေးလိပ်ကို အမြဲရေရှည်သောက်နေသော မိဘများသည် နီကိုတင်း (nicotine) စွဲနေလျှင် ၎င်းတို့၏ သားသမီးများလည်း ဆေးလိပ်ပိုသောက်လာမည်ဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးများ ဆေးလိပ်သောက်သည့်အကျင့်ဆိုးမှ ကာကွယ်ပေးနိုင်ရန် မိဘများသည် ဆေးလိပ်ရေရှည်သောက်ခြင်းကို စွန့်လွှတ်သင့်ကြောင်း အသစ်တွေ့ရှိလာသော သုတေသနတွေ့ရှိချက်တစ်ရပ်က ဆိုပါသည်။

"ကျွန်တော်တို့ လေ့လာဆန်းစစ်မှုအရ ဆေးလိပ်ကို ရေရှည်သောက်နေတဲ့ မိဘတွေဟာ နီကိုတင်းစွဲနေပြီး ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ရဲ့သားသမီးတွေလည်း အနာဂတ်မှာ ဆေးလိပ်ပုံမှန်သောက်တဲ့သူတွေ ဖြစ်လာနိုင်တယ်" ဟု နာမည်ကျော် စာရေးဆရာတစ်ဦးဖြစ်သူ ဒါရင်းမေ့(စ်) (Darren Mays) က ဆိုပါသည်။

အမှန်တကယ်ဆိုရသော် ဆေးလိပ်သောက်ခြင်းကို စွန့်လွှတ်ခြင်း၊ တစ်နည်း ဆေးလိပ်ဖြတ်ခြင်းသည် မိဘများ၏ ကျန်းမာရေးအတွက် အရေးကြီးသလို၊ ၎င်းတို့၏သားသမီးများ ကျန်းမာရေးအတွက်လည်း အရေးကြီးသည်ဟု မေ့စ်က ဆိုပါသည်။ ၎င်းသည် ဝါရှင်တန်ဒီစီရှိ ဂျော့တောင်းတက္ကသိုလ် ဆေးပညာဌာနဖြစ်သော ပြည်သူ့ကျန်းမာရေးမှ သုတေသီတစ်ဦးဖြစ်သည့်ပြင် ကင်ဆာရောဂါကြိုတင်ကာကွယ်ခြင်းနှင့် လွမ်ဘာဒီကွမ်ပရီဟင်းဆေ့ပ် ကင်ဆာဌာနမှ သုတေသီတစ်ဦးလည်း ဖြစ်သည်။ (A public health researcher with the Cancer Prevention and control programme at the Lombardi Comprehensive Cancer Centre of Georgetown University Medical Centre in Washinton D.C:)

"ကျွန်တော်တို့ လေ့လာဆန်းစစ်လို့ရတဲ့ ရလဒ်ကတော့ ဆေးလိပ်ဖြတ်လိုက်တဲ့ မိဘတွေရဲ့ သားသမီးတွေဟာ အနာဂတ်မှာလည်း အဲဒီကလေးတွေဟာ ဆေးလိပ်သောက်တဲ့ အကျင့်လျော့ပါးသွားသလို၊ ဆေးလိပ်ကို ရေရှည်သောက်တဲ့ မိဘတွေရဲ့ သားသမီးတွေကတော့ အနာဂတ်မှာလည်း ဆေးလိပ်သောက်သူတွေ ဖြစ်လာမယ်"ဟု စာရေးဆရာ မေ့စ်က ရိုက်တာ ကျန်းမာရေးဌာန (Reuters Health)သို့ ပြောကြားခဲ့သည်။

ဆေးလိပ်နှင့်ပတ်သက်၍ လေ့လာဆန်းစစ်မှု ပြုလုပ်ရာတွင် မေ့စ်နှင့် ၎င်း၏အပေါင်းအပါများသည် ကလေးသူငယ် ၄၀၀ ကို ဆန်းစစ်မှုများလုပ်ခဲ့သည်။ သုတေသီများသည် ၎င်းကလေးများကို သီးခြားစီတွေ့ဆုံမေးမြန်းခဲ့ရာ အသက် ၁၄ နှစ် ကလေးသူငယ်အများစု၏ မိဘများ ဆေးလိပ်သောက်ခြင်းနှင့် သက်ဆိုင်ရာ အကြောင်းများကို မေးမြန်းခဲ့သည်။ ထို့နောက် ၎င်းကလေးများကို တစ်နှစ်ကြာပြီးချိန် ထပ်မံမေးမြန်းခဲ့သည်။ ထိုမှတစ်ဖန် ငါးနှစ်အကြာ ပြန်မေးရာ လေ့လာမှုလုပ်ချိန်က ကလေး ၆ ယောက်၏ မိဘများမှာ ဆေးလိပ်ပုံမှန်သောက်သူများဖြစ်သည်။ ကလေး ၃၀ က ၎င်းတို့ ဆေးလိပ်မသောက်ကြောင်း သိရသည်။ ကျန်ကလေးများသည် စောစောပိုင်းအချိန်ကတည်းက စီးကရက်သောက်ကြသည်။ ၎င်းတို့အနက် တစ်ဝက်ခန့်သည် နောက်လာမည့် ငါးနှစ်အတွင်း ဆေးလိပ်ပုံမှန်သောက်သူများ ဖြစ်လာမည်ဟု ဆိုပါသည်။

**မောင်မောင်စန်းထွေး**

***Ref: REUTERS***



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ထိတ်လန့်သော သံဝေဂများဖြင့်

တူးတူးတို့ရေ…

ဒီတစ်လတော့ ကိုယ့်စာဖတ်ပရိသတ်ကို တောင်းပန်စကားနဲ့ စတင်ရတော့မယ်ထင်ပါရဲ့ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ၂၀၀၇ ခုနှစ်ကစပြီး လစဉ်မပျက်မကွက် တင်ဆက်လာခဲ့တဲ့ ဇီ "ထောင်မှူးများအလိုရှိသည်" ဆောင်းပါးရှည်ကြီးဟာ ပြီးခဲ့တဲ့လတွေက ဖြုန်းခနဲ ပြတ်တောက်ခဲ့ရလို့ ဖြစ်ပါတယ်။

ဘာ့ကြောင့် ဒီလိုဖြစ်ရလဲဆိုတော့ ကိုယ့်ဘဝမှာ လုံးဝမမျှော်လင့်ပထားတဲ့ ပြဿနာကြီးမားသုံး သုံးရှုံးမှုတစ်ခုနဲ့ ထိပ်တိုက်ရင်ဆိုင်ခဲ့ရလို့ပါပဲ။ အဲဒါကတော့ တူးတူးတို့သိပြီးဖြစ်တဲ့အတိုင်း မတ်လဆန်းပိုင်းက ကိုယ့်ရဲ့ဘဝလက်တွဲဖော်၊ အိမ်သူသက်ထား ချစ်ဇနီး "အေး" ရုတ်တရက် ကွယ်လွန်သွားခဲ့ရလို့ပါပဲဗျာ။





www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက်ဆိုပေမယ့်လည်း ဇနီးသည်ကို မပြန်လမ်း ပို့ပေးမယ့် ရောဂါဆိုးက သူ့ခန္ဓာကိုယ်ထဲမှာ နာတာရှည်ပုံစံနဲ့ အမြစ်တွယ်နေရာယူထားနှင့်ပြီး သားပါ။ အဲဒါကတော့ လူ့ကို အချိန်မရွေး ဘဝကူးပြောင်းသွားစေနိုင်တဲ့ သေမင်းတမန် ကျောက်ကပ်ရောဂါဆိုးပဲ ဖြစ်ပါတယ်။

ဒီရောဂါဆိုးကို ဖြစ်ပေါ်စေခဲ့တဲ့ မူလအခြေခံရောဂါနှစ်မျိုး ရှိသေးတယ်ဗျ။ အဲဒါတွေက သွေးတိုးနဲ့ အဆစ်အမြစ်ရောင်စေတဲ့ ဂေါက်(Gout)ရောဂါတို့ပါပဲ။

ဒီရောဂါတွေ သက်သာဖို့ စားရတဲ့ သွေးကျဆေးနဲ့ ဂေါက်ဆေးပြားတွေရဲ့ ဘေးထွက်ဆိုးကျိုး(Side effect)ဟာ ကြာလာတော့ ကျောက်ကပ်ကို ထိခိုက်လာပါတော့တယ်။ အထူးသဖြင့် ဂေါက်ဆေးပြားဟာ သောက်လိုက်တိုင်း ဝမ်းဗိုက်ထဲမှာ နာနာကျင်ကျင် ခံစားရတတ်ပါတယ်။ ဒီလိုနဲ့ နှစ်ကြာလာတဲ့အခါ တဖြည်းဖြည်း တမြေ့မြေ့နဲ့ ကျောက်ကပ်တွေရဲ့ မူလပင်ကိုလုပ်ငန်းတွေကို အဟန့်အတား ပြုလာပါတော့တယ်။

အမှန်တော့ အခုရှင်းပြနေတာတွေဟာ ရောဂါကြောင့် ပထမအကြိမ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကျောက်ကပ်ဆောင်မှာ တက်ရောက်ကုသခံရမှ နောက်ကြောင်းပြန် သိလာရတဲ့ အကျိုးဆက်တွေပါ။

အဲဒီတုန်းက (လွန်ခဲ့တဲ့ လေးနှစ်ခန့်) ဆီးနဲ့ကျောက်ကပ် အထူးကုဆရာဝန်ကြီး ဒေါက်တာစောနောင်(ကွယ်လွန်)နဲ့ စပြခဲ့ရတာပါ။ လိုအပ်တဲ့ Ultrasound တွေ ဘာတွေ ရိုက်ကြည့်တော့မှ ကျောက်ကပ်တစ်လုံး ကျုံ့သွားတယ်လို့ ဆိုပါတယ်။

ဆေးရုံက ဆင်းရပြီးတဲ့နောက် တစ်လတစ်ကြိမ် လိုအပ်တဲ့သွေးတွေ စစ်ဆေးပြီး ဆရာဝန်ကြီးဆီ ပြန်ပြရပါတယ်။ ဆရာဝန်ကြီးညွှန်ကြားတဲ့ ဆေးဝါးတွေကို မပျက်မကွက်သောက်နေခဲ့ရပါတယ်။ အဲဒီကာလတွေတုန်းကတော့ ဆေးဝါးတန်ခိုးတွေကြောင့် ထင်ပါရဲ့။ အတော်လေး ထူထူထောင်ထောင်နဲ့ ကျန်းမာရေးအတော်ကောင်းလာတာ တွေ့ရပါတယ်။

---

**ကိုယ်တို့မိသားစုအနေနဲ့ ဒီကျောက်ကပ်ဆေးကြောရမယ့် ကုန်ကျစရိတ်ကို လတ်တလောတတ်နိုင်ပေမယ့် ရေရှည်ကြာလာရင် ခံနိုင်ရည်မရှိ ဖြစ်မှာကို စိုးရိမ်နေကြတယ်။ ဒါ့ကြောင့် ဒီဆေးကြောခြင်းကို ရှောင်လွှဲနိုင်မယ့် တခြားနည်းလမ်း တစ်ခုခုများရှိလေမလားလို့ လေ့လာစုံစမ်းကြည့်ကြတာပေါ့။**

အဲ...ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လရောက်တော့ "အေး"ဟာ အစာမစားချင်သလိုလို၊ ပျို့ချင်အန်ချင်သလိုလို ဖြစ်လာပါတယ်။ ကိုယ့်စိတ်ထဲမှာတော့ ဒါဟာ အစာအိမ်ကြောင့် ဖြစ်တာပဲလို့ ထင်မိတယ်။ ဒါကြောင့် SSC ဆေးရုံက အစာအိမ်ဆိုင်ရာ အထူးကု ဒေါက်တာသိန်းမြင့်နဲ့ ပြကြည့်တော့ အစာအိမ်မဟုတ်ဘဲ ကျောက်ကပ်နှစ်လုံး ကျုံ့သွားတဲ့ရောဂါ ဖြစ်ကြောင်း သိလိုက်ရပါတယ်။

အဲဒါကြောင့် ဆီးနှင့်ကျောက်ကပ် အထူးကု ဒေါက်တာဦးခင်မောင်ဌေးနဲ့ ဆက်ပြလိုက်တော့မှ (Chronic Kidney Disease) နာတာရှည် ကျောက်ကပ်ရောဂါ ဖြစ်နေပြီဆိုတာ သိလိုက်ရပါတော့တယ်။

ဒီလိုနဲ့ ဒုတိယအကြိမ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဒေါ်ပုဆေးရုံ ကျောက်ကပ်ဆောင်မှာ တက်လိုက်ရပြန်ပါတယ်။ ဦးခင်မောင်ဌေးက လာကြည့်ပြီး ကျောက်ကပ်ဆေးမှ ဖြစ်မယ့်အကြောင်း ပြောပါတယ်။ ဆေးရုံတက်နေတဲ့ ကျောက်ကပ်လူနာတွေဆီ စုံစမ်းကြည့်တော့ ကျောက်ကပ်တစ်ကြိမ်ဆေးရင် စက်ခအပါအဝင် ဆေးဖိုးဝါးခ စုစုပေါင်း ကျပ်ခြောက်သောင်းပတ်ဝန်းကျင်လောက်ကုန်မှာဖြစ်ပြီး ရက်သတ္တတစ်ပတ်ကို နှစ်ကြိမ်လောက် ဆေးရမယ်လို့ ဆိုပါတယ်။ အချိန်ဘယ်လောက်ကြာကြာ ဆေးရမယ်၊ ဒီလိုဆေးရင် ရောဂါပြန်ကောင်းလာနိုင်မလားဆိုတဲ့ မေးခွန်းကိုတော့ ဆရာဝန်တွေကအတိအကျ ဘယ်သူမှ ကျေနပ်လောက်အောင် အဖြေမပေး

www.burmeseclassic.com

www.burmeseclassic.com

နိုင်ကြပါဘူး။

ဆေးရုံမှာ မနက်တိုင်း အလှည့်ကျ လှည့်လည်စစ်ဆေးရတဲ့ ဆရာဝန်တိုင်းက "အေး"ကို တူညီတဲ့မေးခွန်းတစ်ခုကိုပဲ ပုံသေမေးလေ့ရှိတာ တွေ့ရတယ်။ အဲဒါကတော့ "စဉ်းစားဆုံးဖြတ်ပြီးပြီလား၊ ဆေးတော့မလား"ဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဆေးမှတ်တမ်းတွေအရ ဒီလူနာဟာ မလွဲမသွေ ကျောက်ကပ်ဆေးကိုဆေးမှဖြစ်မယ်ဆိုတာ သိနေကြလို့ပါပဲ။

ဒါပေမယ့် ရေရှည်မှာ ကုန်ကျစရိတ်ကြီးမားလာမှာကြောင့် လူနာကို တိုက်တိုက်တွန်းတွန်းတော့ မလုပ်ကြပါဘူး။ ဒါဟာ ငွေရေးကြေးရေးဖြစ်နေတော့ ကာယကံရှင်လူနာရဲ့ မိသားစုက စဉ်းစားဆုံးဖြတ်ရမယ့်ကိစ္စ မဟုတ်လားဗျာ။ သူတို့အနေနဲ့ ဘာကိုမှ အာမမခံနိုင်သလို၊ ဘာကိုမှလည်း တာဝန်မယူနိုင်ဘူးလေ။ လူနာက ဆေးမယ်လို့ ဆုံးဖြတ်လိုက်ရင်တော့ အမြန်ဆုံးနဲ့ အကောင်းဆုံး ဆေးကြောပေးဖို့ကိုပဲ အသင့်စောင့်နေကြတာလေ။

ကိုယ်တို့ မိသားစုအနေနဲ့ ဒီကျောက်ကပ်ဆေးကြောရမယ့် ကုန်ကျစရိတ်ကို လတ်တလော တတ်နိုင်ပေမယ့် ရေရှည်ကြာလာရင် ခံနိုင်ရည်မရှိဖြစ်မှာကို စိုးရိမ်နေကြတယ်။ ဒါကြောင့် ဒီဆေးကြောခြင်းကို ရှောင်လွှဲနိုင်မယ့် တခြားနည်းလမ်းတစ်ခုခုများရှိလေမလားလို့ လေ့လာစုံစမ်းကြည့်ကြတာပေါ့။

အဲဒီမှာ・・・ ဆရာဝန်တချို့က ကျောက်ကပ်မဆေးဘဲ လက်မောင်းဆေးထိုးဖို့ ဆုံးဖြတ်လိုက်ကြတော့တယ်။ ဆရာဝန်ကြီးဦးခင်မောင်ဌေးက ခေါင်းညိတ်ပြုံးပြပြီး ဆေးရုံဆင်းပြီး လက်မောင်းဆေး ဆက်ထိုးဖို့ သဘောတူခွင့်ပြုလိုက်ပါတယ်။

ဒီလိုနဲ့ အိမ်ပြန်ရောက်တော့ ဆေးရုံကရေးပေးလိုက်တဲ့ ကျောက်ကပ်သွေးအားတိုးဆေး နှစ်မျိုးဖြစ်တဲ့・・・ Recormon (အသားဆေး)နဲ့ Ercifer (အကြောဆေး)တွေကို ဆေးခန်းက သူနာပြုဆရာမကိုခေါ်ပြီး တစ်ပတ်နှစ်ကြိမ် ထိုးစေပါတယ်။ အဲဒါ ပထမတစ်လလောက်တော့ စားဝင်၊ အိပ်ပျော်နဲ့ အတော်လေး နေသာထိုင်သာ ရှိလာပါတယ်။

ဒါပေမယ့် သိပ်မကြာခင်မှာပဲ အစာမစားချင်တာ၊ စားရင်လည်း မျိုမကျတာမျိုး ဖြစ်လာပါတယ်။ အဲဒါကို ဆေးခန်းက ဆရာဝန်ခေါ်ပြတော့ အစာမဝင်လို့ ကြာရင် အားမပြတ်အောင်ဆိုပြီး မောရီယာမင် အကြောဆေး သွင်းပေးပါတယ်။

ဒီဆေးသွင်းတဲ့အချိန်မှာ သက်သာချင်သလိုလိုတော့ ရှိလာပါတယ်။ ဒါပေမယ့် မကြာခင်မှာ အစာမဝင်တဲ့အပြင် လေအန်တာကိုပါ ပူးတွဲခံစားလာရပါတယ်။ အဲဒီအခါ ဆွေမျိုးမိတ်သင်္ဂဟတွေက ပိုင်းပြောတဲ့ ကျောက်ကပ်ရောဂါ သက်သာစေတဲ့ ရေဝါးရွက်ဆိုတာကို သုံးခွက်တစ်ခွက်တင် ကျိုသောက်ရပါတယ်။ ရေဝါးရွက်သောက်လိုက်ရင် အဲဒီနေ့တစ်ရက်တော့ နေလို့ကောင်းသွားတတ်ပါတယ်။

နောက်တစ်နေ့ ရောက်ရင်တော့ ထုံးစံအတိုင်း အစာမဝင်တာ၊ လေအန်တာတွေ ထပ်ဖြစ်လာတော့ မော်ရီယာမင်း သွင်းရပြန်ပါတယ်။ ဆေးသွင်းတဲ့တစ်နေ့တာတော့ နေလို့ကောင်းသွားပြန်ပါတယ်။ သတ်မှတ်ရက်ရောက်ရင်တော့ ကျောက်ကပ်အားတိုးဆေးနှစ်မျိုး ထိုးရပြန်ပါတယ်။

ဒါပေမယ့် ခက်တာတစ်ခုက ဒီဆေးနှစ်မျိုးကို ကိုယ်ထိုးချင်တိုင်း ထိုးလို့မရပါဘူး။ ဆေးထိုးတဲ့အချိန်မှာ သွေးပေါင်ချိန် ၁၄၀/၉၀ အောက်မှာ ရှိရမယ်လို့ ဆေးရုံကြီးက ညွှန်ကြားလိုက်တာ ရှိနေပါတယ်။ ၁၄၀/၉၀ အထက်ဆိုရင် မထိုးရဘူးလို့ဆိုပါတယ်။

ပြဿနာက အေးရဲ့သွေးပေါင်ချိန်ဟာ များသောအားဖြင့် ၁၄၀/၉၀ ကျော်နေတဲ့နေ့က များနေတော့ ဆေးထိုးမယ့်ရက်ရွှေ့ရတာ များလာပါတယ်။ အဲဒီအခါ လေအန်တာ ဆက်တိုက်လိုဖြစ်လာပြီး လူကလည်း ပင်ပန်းနွမ်းနယ်လာပါတော့တယ်။

ဒီလိုနဲ့ ၂၁・၉・၂၀၁၃ ရက်နေ့ကို ရောက်လာပါတော့တယ်။ အဲဒီနေ့ဟာ ကိုယ်တို့မိသားစုဘဝမှာ မေ့မရနိုင်တဲ့နေ့ပါပဲ။

ဇနီးသည် "အေး"ဟာ ညဘက်ဆိုရင် အိပ်ရာကထပြီး အိမ်သာတက်တို့၊ အိပ်ရာဘေးမှာ အသင့်ရှိတဲ့ ဆီးခွက်ကုလားထိုင်မှာထိုင်ပြီး ဆီးသွားတာတို့ လုပ်တတ်ပါတယ်။ ဒါတွေကို အကူမလိုဘဲ တစ်ယောက်တည်း သွားနေကျပါ။

အဲဒီ ၂၀・၉・၂၀၁၃ ညသန်းခေါင် ကျော်ကစပြီး အိပ်ရာဘေး ဆီးခွက်မှာ



www.burmeseclassic.com

www.burmeseclassic.com

မထိုင်နိုင်တော့တဲ့အပြင် အလေးကိုပါ အိပ်ရာပေါ်မှာပဲ ခွက်ခံပြီး သွားရတဲ့ အခြေအနေ ဖြစ်လာပါတော့တယ်။ ပြီးတော့ မိုးလင်းပိုင်းရောက်တော့ မျက်လုံးကြီးကြောင်ပြီး မေးမရ၊ ပြုမရ ဖြစ်လာပါတော့တယ်။

ဒါကြောင့် ရန်ကုန်ဆေးရုံပို့ဖို့ စဉ်းစားတော့ အဲဒီနေ့က သောကြာနေ့ ဖြစ်နေတယ်လေ။ ရန်ကုန်ဆေးရုံကြီး ကျောက်ကပ်ဌာနက ဗုဒ္ဓဟူးနေ့တစ်နေ့ပဲ ဆေးရုံတက်လူနာ လက်ခံတာဗျ။ ဒါကြောင့်မို့ ရန်ကုန်ဆေးရုံကြီးကို ပို့လိုက်ရင် ထုံးစံအတိုင်း အရေးပေါ်ကို အရင်သွားရမယ်၊ အဲဒီကမှ ၁၉/၁၀ လို လူနာဆောင်တွေမှာ ကျပ်ကျပ်တည်းတည်းနဲ့ တစ်ရက်လောက် နေရဦးမယ်။ နောက်တစ်ပတ်ကျမှ ဆေးရုံကြီး ကျောက်ကပ်ဆောင်ကို လွှဲပြောင်းပေးမှာလေ။

အခု အေးအခြေအနေက အဲဒီလောက်ထိ အချိန်မစောင့်နိုင်တဲ့ အရေးပေါ်အခြေအနေလေဗျာ။ ဒီတော့ သမီးကြီး မထက်ထက်ခိုင်ရဲ့ အစီအစဉ်နဲ့ "အာရုတော်ဝင်" အထူးကုဆေးရုံကြီးကို ချက်ချင်းတင်ပို့ဖို့ လုပ်ရတော့တယ်။

"အေး"က လုံးဝမလှုပ်နိုင်၊ မရှုနိုင်၊ မပြောနိုင်၊ မဆိုနိုင်ဖြစ်နေတာမို့လို့ တက္ကစီနဲ့ ပို့ဖို့ဆိုရင် အတော်ခက်ခဲမယ့် အနေအထားပါ။ ဒါကြောင့်မို့ အာရုတော်ဝင်ဆေးရုံက အရေးပေါ်လူနာ ...င်ကားကိုပဲ ခေါ်လိုက်ရပါတယ်။

ဒီလိုနဲ့ လူနာတင်ကားနဲ့ အာရုတော်ဝင်ဆေးရုံကြီး အရေးပေါ်ဌာနကို ရောက်တယ်ဆိုရင်ပဲ တာဝန်ကျဆရာဝန်တွေနဲ့ သူနာပြုဆရာမတွေ ဝိုင်းဝန်းပြီး ဆေးထိုး၊ ဆေးသွင်းနဲ့ ကုသလိုက်ကြတာ "အေး"ဟာ ၁၅ မိနစ်တောင် မပြည့်ခင်မှာပဲ လုံးဝကို လူကောင်းပကတိ ပြန်ဖြစ်သွားပါတော့တယ်။

ကိုယ်နဲ့ သားသမီးတွေ ဝိုင်းမေးတော့ "အေး"က သူကောင်းကောင်း သတိပြန်ရနေကြောင်း ပုံမှန်အသံနဲ့ ပြောပါတယ်။ ပြီးတော့ ညက သူသတိမေ့နေခဲ့တာ မဟုတ်ဘူး။ ဆေးရုံရောက်တဲ့အထိ အဖြစ်အပျက်တွေအားလုံးကို သိနေတယ်၊ ဒါပေမယ့် သူစကားပြောလို့မရနိုင်အောင် ဆွံ့အသလိုဖြစ်နေခဲ့တာလို့ ပြောပြပါတယ်။

တာဝန်ကျ ဆရာဝန်မက ကိုယ်တို့မိသားစုကိုခေါ်ပြီး ရှင်းပြပါတယ်။ သူ့လက်ထဲမှာတော့ ရန်ကုန်ဆေးရုံကြီးနဲ့ SSC ဆေးရုံက ဆေးမှတ်တမ်းတွေ ရှိနေပြီလေ။ သူက အခုဖြစ်တာ ကျောက်ကပ်ရောဂါကြောင့် ဆီးဆိပ်တက်ပြီး သတိမေ့သလိုဖြစ်ခဲ့တာဖြစ်တယ်။ အခုနေ အိမ်ပြန်ခေါ်သွားလို့ ရနိုင်ပေမယ့် မကြာခင် ဒီလိုပုံစံမျိုး ထပ်ဖြစ်လာဦးမှာပါပဲ။ အဲဒီအခါ ဆီးဆိပ်ဟာ နလုံးအထိ ရောက်သွားရင် အသက်အန္တရာယ် ရှိလာနိုင်တယ်လို့ ပြောပါတယ်။

ဒီတော့ သမီးကြီးက မေးပါတယ်။ ဒါဆို အခု ဘယ်လိုလုပ်ရမလဲမေးတော့ ကျောက်ကပ်ကို ချက်ချင်းဆေးမှဖြစ်မယ်လို့ ဖြေပါတယ်။ သမီးက အဲဒါ ဘယ်လောက်ကုန်မှာလဲလို့ မေးတယ်။ ဆရာဝန်မက လောလောဆယ် ကျောက်ကပ်ဆေးဖို့ လည်ပင်းအပေါက်ဖောက်ပြီး ပိုက်သွင်းတာတို့၊ ဆေးတာတို့၊ ဆေးရုံတက်တာတို့ ခန့်မှန်းခြေ ငါးသိန်းလောက်ကုန်မယ်၊ ကျောက်ကပ်ဆေးတာ ပထမအကြိမ် ငါးသောင်းပေမယ့် နောက်အခေါက်တိုင်းကို ၄၃၀၀၀ိ/-ပဲ ကျတော့မှာပါလို့ ပြောပါတယ်။

သမီးက ဒါဆို ဘယ်လောက်ကြာအောင် ဆေးရမှာလဲလို့ မေးပြန်တယ်။ ဒီမေးခွန်းကို ကိုယ်တို့ ရန်ကုန်ဆေးရုံကြီးက ကျောက်ကပ်ဆရာဝန်တွေကို မေးခဲ့ဖူးတယ်လေ။ အဲဒီတုန်းက ဆရာဝန်ကြီးကော၊ လက်ထောက်ဆရာဝန်တွေကပါ ဘယ်သူမှ တိတိကျကျ အဖြေမပေးနိုင်ခဲ့ကြပါဘူး။ သူတို့ပြောနိုင်တာကတော့ ဒီကိစ္စက ရောဂါရဲ့ အတိမ်အနက်အပေါ်မှာ မူတည်နေပါတယ်လို့ပါပဲ။

ဒါပေမယ့် ကျောက်ကပ်အထူးကု မဟုတ်တဲ့ ဆရာဝန်မ ဖြေလိုက်ပုံကတော့ အလွန်ရှင်းလင်းပြတ်သားလွန်းလှပါလေရဲ့ဗျာ။

"တစ်သက်လုံး မသေမချင်းဆေးသွားရမှာလေ"

သူ့စကား ဘယ်လောက်အထိ မှန်ကန်တယ်ဆိုတာ အဲဒီတုန်းက မသိနိုင်သေးပေမယ့် ကြားလိုက်ရတဲ့ ကိုယ့်ရင်ထဲမှာတော့ အတော့်ကို ထိတ်လန့်တုန်လှုပ်သွားခဲ့တာတော့ အမှန်ပါပဲ။

*(ဆက်လက်ဖော်ပြပါမည်။)*

ဗဟိုဌာ



www.burmeseclassic.com

www.burmeseclassic.com



# ကျားဆိုးတို့၏ စားကျက်လုပွဲ

ခင်မောင်အေး(မန္တလေး)

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီးလ် နာဒူးပြည်နယ် တစ်ဝန်းလက်ဖက်ခြံတွေ တင်းကြမ်းပြည့်မှု ရှိနေလေသည်။ ရေ၊ မြေ၊ ဥတုအပြင် မြေဩဇာကလည်း ကောင်းလှပါသည်။ သို့ဖြစ်သောကြောင့် လက်ဖက်ပင်တွေ ရှင်သန်ဖြစ်ထွန်းကာ အိန္ဒိယနိုင်ငံ၏ လက်ဖက်ကောင်းများအထွက်ဆုံး ပြည်နယ်တစ်ခုအဖြစ် ထင်ရှားသည်။ အချိန်ကား ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့။



www.burmeseclassic.com

www.burmeseclassic.com

ထက်အောက်ဝန်းကျင်တွင် မြူနှင်းများ ခပ်ပါးပါးလေး ကျဆင်းလျက်ရှိ၏။ မြူတွေကျနေသဖြင့် ဝန်းကျင်ပတ်ချာကို ဆယ်ကိုက်ထက်ပို၍ မမြင်နိုင်။ လက်ဖက်ခြံသို့ လက်ဖက်ခူး အလုပ်ဆင်းကြသူများ မကြာမီရောက်လာကြတော့မည်။ လက်ဖက်ခြံတွေက ရွာနှင့်အလှမ်းကွာဝေးသည်။ တောင်ခြေတောစပ်နှင့် ကပ်နေသဖြင့် တောတွင်းသားကောင်တွေလည်း ရံဖန်ရံခါ ခိုအောင်းတတ်သည်။ လက်ဖက်ခူးရွာသူများ အုပ်စုဖွဲ့ပြီးမှ လာတတ်သည်။ ယနေ့တော့ ဝလေးမားက အဖော်တွေကို ရွာထိပ်မှစောင့်နေရင်း စိတ်က မရှည်တော့သဖြင့် တစ်ကိုယ်တည်း လက်ဖက်ခြံသို့ ထွက်လာခဲ့၏။ ခပ်စောစောက ဝန်းကျင်တစ်ခွင်တွင် ခပ်ပါးပါးမျှ ကျဆင်းလျက်ရှိသော မြူတွေ မကျန်တော့သဖြင့် မြင်ကွင်းကလည်း ကြည်ကြည်လင်လင် ဖြစ်နေချေပြီ။

ဝလေးမားက ဟိုဟိုဒီဒီ တောင်တောင်မြောက်မြောက် အမှုမဲ့အမှတ်မဲ့ ကြည့်ရှုလျက် လျှောက်လှမ်းလာသည်။

**တစ်ခါတစ်ရံ**
**ဆည်းဆာအချိန်နေမှိန်မှိန်တွင်**
**နွားကျောင်းသားတွေ**
**နွားတွေနှင့်**
**တောခြေတောင်စပ်**
**စားကျက်မှအပြန်**
**အတင့်ရဲရဲ**
**ဝင်ဆွဲသွားသည်များလည်း**
**ရှိတတ်သည်။**

ထိုအခိုက် တောင်ခြေတောစပ်မှ ရုတ်တရက် တောရိုင်းသားစားကျားတစ်ကောင် ခုန်၍ထွက်လာလေသည်။ တောကောင်က စောစောကတည်းကပင် ဝလေးမား လာတာကို မြင်နေပုံရသည်။ သားကောင် သူ့အနီးသို့ရောက်အောင် စောင့်နေပြီးမှ အပိုင်ခုန်ထွက်လာခြင်း ဖြစ်ပါသည်။ တောကောင်က ဝလေးမားကို တစ်ချက်တည်းနှင့် လည်မျိုကိုခဲလျက် ကိုက်သတ်လိုက်ခြင်းပင်။ ပြီးနောက် ချုံထူထပ်သော တောတွင်းတစ်နေရာသို့ ကိုက်ချီသွားခဲ့၏။

ယခုလ ၄ ရက်နေ့ နောက်ပိုင်းအတွင်း ယင်းတောကောင်ကျားဆိုး ကိုက်သတ် စားသောက်ခဲ့သည့် လူသားသုံးဦးရှိသွားပြီ။ ဝလေးမားက စတုတ္ထမြောက်သားကောင် ဖြစ်လေသည်။ ကျားဆိုးက ရဲရင့်သောင်းကျန်းလွန်းသဖြင့် ဝန်းကျင်တစ်ခွင် လက်ဖက်ခူးသူများနှင့် တောင်သူများ ရွာပြင်တောစပ် လက်ဖက်ခြံများသို့ပင် မသွားဝံ့ မလာဝံ့ ဖြစ်ကုန်ကြရလေသည်။ တမီးလ်နာဒူးပြည်နယ်မှာသာမက နိုင်ငံ၏ အခြားတစ်နေရာတွင်လည်း တောကောင်ကျားဆိုးတစ်ကောင် အလားတူ သောင်းကျန်းနေပြီး လူလေးဦးကို ကိုက်သတ်စားသောက်ခဲ့ပြီး ဖြစ်ပေသည်။ ယင်းဒေသတစ်ဝိုက်တွင် သက်ဆိုင်ရာ အာဏာပိုင်များက ကျားဆိုးကို အသည်းအသန် လိုက်လံရှာဖွေနေဆဲ ဖြစ်ပါသည်။

ခရိုင်သစ်တောအရာရှိ မစ္စတာ သီဂူဆူရီသာရာဂျ်ကို လီပီလေးက ပြောကြားခဲ့ရာတွင် ကျားဆိုးရန်ကို စိုးရိမ်ရသဖြင့် နယ်မြေတစ်ဝန်းမှ စာသင်ကျောင်းပေါင်း ၄၅ ကျောင်းနှင့် တောင်ပေါ်အပန်းဖြေစခန်းတစ်ခုကိုပါ ပိတ်ထားရသည်ဆိုပါသည်။ တောင်ပေါ်အပန်းဖြေစခန်းသည် အားလပ်ရက် အပန်းဖြေလာရောက်ကြသူများ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များ အလာများသောနေရာတစ်ခုလည်း ဖြစ်ပါသည်။ တောင်ပေါ်အပန်းဖြေစခန်း တည်ရှိသည့်တောင်ကို ဒိုတာဘက်တာ ဟု ခေါ်ကြပါသည်။ ယင်းနယ်မြေ တစ်ဝိုက်တွင် ဌာနေမုဆိုးများ၊ ဆင်များ နှင့် တောလိုက်ခွေးများကိုပါ အသုံးပြ ကာ သစ်တောအရာရှိနှင့် ရဲအရာရှိ ၁၅၀ ကို တာဝန်ပေး၍ လှုပ်ရှား စောင့်ကြည့်ရေးကင်မရာများ၊ ထောင် ချောက်များဖြင့် ကျားဆိုးကို ဖမ်းဆီ နိုင်ရန် ကြိုးစားနေကြသည်။

တောကောင်သည် အလွန်တရ ပါးနပ်လှသည်။ လူသားကို စာ သောက်ထားပြီးဖြစ်သဖြင့် အခြားတော ကောင်တွေကို မနှစ်သက်တော့။ လ သားကိုသာ အရသာတွေ့သွားပြီ သင်း၏ ပစ်မှတ်က လူသားဖြစ်သွား ပြီ။ ပြီးတော့ သည်တောကောင်က တောင်ခြေတောတန်းတစ်ခွင် လက ဖက်ခြံများဝန်းကျင်တွင် ကျင်လည်လှ ရှားသွားလာနေသည်လည်းဖြစ်သေ ကြောင့် နယ်မြေဒေသကိုလည်း ကျွ နေပြီဖြစ်၍ အန္တရာယ်ကို ကြိုတင်ဂ ကွယ် သတိထားနေတတ်ပြီ။ အရေ အတိမ်း၊ အလှည့်အပတ် ကောင်း ကျင်လည်တတ်ကျွမ်းနေပြီလည်း ဖြ ပါသည်။ သို့ဖြစ်သဖြင့် ယင်းကျား အား မြင်တွေ့ရန်ပင် အလွန်ခက်ခဲ ပါသည်။ မုဆိုးတွေလည်း လက်မှိ



www.burmeseclassic.com

www.burmeseclassic.com

ရတော့မတတ် ဖြစ်နေရပေသည်။

ထိုအချိန်ကာလအတွင်း ဥတ္တာပရာဒက်ရှ်ပြည်နယ်တွင်လည်း ကျားဆိုးတစ်ကောင်က လူလေးယောက်ကို ကိုက်သတ်စားသောက်ခဲ့ပြန်သည်။ တောင်ခြေတောစပ်တို့တွင် ဖြစ်ပါသည်။ တောတွင်းသို့ သွားရောက်လျက် ရွာသူများက ဖက်ခူး၊ ထင်းရှာထွက်ကြရသည်။ ရံဖန်ရံခါ ရွာသူနှစ်ဦးသုံးဦး၊ တစ်ခါတစ်ရံ အုပ်စုနှင့် ဖြစ်သည်။ အိမ်ရှင်မများလည်း ဖြစ်ကြသောကြောင့် မအားမလပ်ဖြစ်ကြသည်တွင် ရွာသူတစ်ယောက်တည်း ထွက်လာကြရသည်လည်း ရှိတတ်ပါသည်။ သည်အခါများ၌မူ ရွာသူခမျာ ကျားဆိုး၏ အစာဖြစ်သွားရရှာပါသည်။

အလားတူစွာ တောင်ခြေယာခင်းများတွင် ပဲ၊ ပြောင်း၊ နှမ်းစိုက် တောင်သူများရှိကြရာ နိစ္စဓူဝ ယာခင်းများရှိရာသို့ အိမ်မှ စောစီးစွာ ထွက်လာကြရ၏။ ကိုယ်စီကိုယ်င မိမိတို့၏ ယာခင်းများသို့ လာရောက်ကာ ပေါင်းသင်၊ မြေပြုပြင် စသည့် တောင်ယာလုပ်ငန်းများကို တကုပ်ကုပ် လုပ်နေရသည်တွင် ဝန်းကျင်ကို သတိမထားနိုင်ဘဲ အလုပ်ကိုသာ အားစိုက်လုပ်ကိုင်နေရချိန်မှာ ကျားဆိုးက ရုတ်တရက် ဝင်ရောက်ကိုက်သတ် စားသောက်သွားခြင်းပင်။ ကျေးရွာ ခြံစည်းရိုးများ လုံလုံခြုံခြုံ မကာမိသော ရွာများတွင်လည်း အန္တရာယ်က မဖိတ်မခေါ်ဘဲ ရောက်လာတတ်ပါသည်။ ကျားက ရွာမွေးနွားခြံတွေကို ညဥ့်နက်သန်းခေါင် အချိန်တွင် အလစ်အငိုက် ခုန်ကျော်ဝင်ရောက်လာကာ နွားပေါက်တစ်ကောင်ကို လည်ကုပ်ကိုခဲလျက် ကိုက်ချီကာ ခြံစည်းရိုးကို ပြန်လည်ခုန်ကျော်ပြီး ထွက်ခွာသွားတတ်သည်။ တစ်ခါတစ်ရံ ဆည်းဆာအချိန် နေမှိန်မှိန်တွင် နွားကျောင်းသားတွေ နွားတွေနှင့် တောခြေတောင်စပ် စားကျက်မှအပြန် အတင့်ရဲရဲ ဝင်ဆွဲသွားသည်များလည်း ရှိတတ်သည်။

သည်လိုနှင့် အိန္ဒိယနိုင်ငံတစ်ဝန်း ကျားဆိုးများ သောင်းကျန်းလျက်ရှိနေချေသည်။ ကျားရန်ကို နှိမ်နင်းရန်အလို့ငှာ ဒေသဆိုင်ရာ အာဏာပိုင်များက နည်းအမျိုးမျိုး၊ လမ်းအဖုံဖုံနှင့် ကြိုးပမ်းဆောင်ရွက်နေကြသော်လည်း ကျားဆိုးများ၏ အန္တရာယ်မှ ကာကွယ်နိုင်စွမ်း မရှိကြသေးပါ။ တောတကာတို့၏ ဘုရင် ဟင်းမျိုးဟု တစ်နည်းအားဖြင့် ခေါ်တွင်ကြသည့် တောဘုရင်ကျားများ ကမ္ဘာပေါ်တွင် လျင်လျင်မြန်မြန် ရှားပါးမျိုးသုဉ်းကုန်ကြပါပြီ။ ကမ္ဘာပေါ်တွင်ရှိသော တောဘုရင်ကျားကောင်ရေ ထက်ဝက်ခန့်မျှရှိသည့် အိန္ဒိယနိုင်ငံတွင် ကျား ၁၇၀၀ ခန့် ရှိနေပေသည်။ အိန္ဒိယနိုင်ငံသည် လွတ်လပ်ရေးရချိန်က အိန္ဒိယနိုင်ငံ၌ ကျားကောင်ရေ ခန့်မှန်း လေးသောင်းမျှ ရှိနေခဲ့ရာမှ လျင်လျင်မြန်မြန် ကျဆင်းလျက်ရှိနေပေပြီ။

တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးတာဝန်ရှိသူများက တောတွင်းသတ္တဝါများဖြစ်ကြသည့် ကျားများနေထိုင်ရာ သဘာဝတောတွင်းနေရာများကို လူများက တိုးချဲ့နေရာယူကာ မြို့ပြအိမ်ရာတွေ တည်ဆောက်နေကြသည့်အတွက် တောကောင်များ လူတို့၏နေထိုင်ရာသို့ ရောက်ရှိလာကြခြင်း ဖြစ်သည်ဟု အပြစ်တင်ခဲ့ကြပေသည်။ စင်စစ် တောကောင်များသည် သင်းတို့ပျော်မြူးရာ တောတွင်းဒေသများမှာသာ ကျင်လည်လိုကြ၏။ သို့တစေ သူတို့အတွက် စားကျက်က နယ်မြေကျဉ်းမြောင်းလာပြီဖြစ်၍ တောင်ခြေသို့ ဆင်းသက်လာခဲ့ကြရခြင်းသာ ဖြစ်ပါချေသည်။

တောဘုရင်ကျားဆိုးတွေ သောင်းကျန်းလျက်ရှိသော အိန္ဒိယနိုင်ငံတောင်ပိုင်း တမီးလ်နာဒူးပြည်နယ်မှ မြို့သူမြို့သား၊ ကျေးလက်ပြည်သူများအတွက်မူ တောတွင်းသားစားသတ္တဝါ ကျားဆိုးများ၏ အန္တရာယ်က ချောက်ချားခြောက်မက်ဖွယ်ရာ ခြောက်အိပ်မက်များအလား အစဉ်မပြတ် ရှိနေဦးမည်မှာ သေချာလှပါသည်။ ကျားဆိုးများ သောင်းကျန်းနေခြင်းကြောင့် နိုင်ငံ၏ လုံခြုံမှု ပျက်ယွင်းနေခြင်းကို ပြဆိုလျက်ရှိနေသည့်အပြင် ကမ္ဘာလှည့်ခရီးသည်များ ယင်းဒေသသို့ မလာရောက်နိုင်သဖြင့်လည်း နိုင်ငံ့ဝင်ငွေ ဆုတ်ယုတ်ကျဆင်းခဲ့ရပါသည်။

မည်သို့ပင်ဆိုစေကာမူ ကျားဆိုးသော ကျားကမူ တောဘုရင်ဟူသည့် ဂုဏ်ပုဒ်နှင့် လျော်ညီစွာ တောတကာတောင်အနှံ့ ကျေးလက်၊ မြို့ပြမကျန် လွှမ်းမိုးကြီးစိုးလျက် တစ်ဖိုလ်တစ်မင်း မင်းမူနေပေလိမ့်ဦးမည် မုချ။

**ခင်မောင်အေး(မန္တလေး)**

**စာကိုး**

မြန်မာတိုင်း(မ်)၊ အတွဲ(၃၃) ၁၄၄
၂၃.၁.၂၀၁၄

www.burmeseclassic.com

# တိုက်ခန်းကြိုပွိုင့် ဝယ်လိုသော်

● ဦးဝင်းလှိုင် [တရားရုံးချုပ်ရှေ့နေ]

ယနေ့ကာလ ရန်ကုန်မြို့ပြကြီးတွင် တိုက်များ အပြိုင်အဆိုင် ဆောက်ကြသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာန၏ ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ကြသဖြင့် အရေးယူဆောင်ရွက်ထားရှိကြောင်းလည်း သတင်းအများ၌ ဖတ်ရှုရသည်။ တိုက်ခန်းအရောင်းအဝယ်ကလည်း ကောင်းလှသည်။ သွားလာရေးကောင်းမွန်သည့် ရပ်ကွက်များဆိုလျှင် တိုက်ဆောက်ရန်မြေကြီး မတွေ့ရသေးမီကပင် တိုက်ခန်းများ ရောင်းရန်မရှိဖြစ်သည်ကိုလည်း တွေ့နေရသည်။

တိုက်ခန်းများ ရောင်းကြ၊ ဝယ်ကြခြင်းသည် မှန်မှန်ကန်ကန်လည်း ရှိသည်၊ ကြုံကြုံဖန်ဖန်လည်း ရှိသည်။ မှန်မှန်ကန်ကန်ဆိုခြင်းမှာ အမှန်တကယ်နေထိုင်မည့်သူက ဝယ်ယူခြင်းဖြစ်ပေသည်။ တိုက်ဆောက်လုပ်ဆဲကာလတွင် ကြိုတင်ငွေပေးချေ ဝယ်ယူခြင်းဖြင့် စျေးသက်သာသလို ရှိသည်။ နေထိုင်မည့်သူက တိုက်မပြီးမီ အခြားနေရာတွင် ငှားရမ်းနေထိုင်ရင်း မိမိဝယ်ယူထားသည့် တိုက်ခန်းပြီးမည့်အချိန်ကို စောင့်သည်။ ထိုသို့စောင့်ဆိုင်းရင်းမှ မိမိဝယ်ယူထားသည့်တိုက်ခန်း အခြားသူလက် ရောက်သွားသည်လည်း ကြုံတွေ့ရသည်။ ထိုသို့သော ကိစ္စများသည် ကန်ထရိုက်ထံမှ ဝယ်ယူသူတို့ ကြုံရလေ့ရှိပေသည်။

ကန်ထရိုက်ဆိုသူများကား ငွေကြေးပြည့်ပြည့်စုံစုံဖြင့် တိုက်ဆောက်သူများ ရှိသကဲ့သို့ ငွေကြေးမပြည့်မစုံဖြင့် ကန်ထရိုက်လုပ်နေသူများလည်း ရှိသည်။ မြေရှင်နှင့် ကန်ထရိုက်တို့ အခန်းခွဲဝေမှုစာချုပ်အရ ကန်ထရိုက်က သူရရှိမည့် တိုက်ခန်းတို့ကို ရောင်းချလေ့ရှိကြသည်။ တိုက်ဆောက်လုပ်ဆဲကာလတွင် ထိုသို့ရောင်းချခြင်းကို "ကြိုပွိုင့်"ရောင်းချခြင်း၊ ဝယ်ယူခြင်းဟု ခေါ်ပြောကြပေသည်။

အချို့ ကန်ထရိုက်တို့က ကြိုပွိုင့်ရောင်းဝယ်ခြင်းကို အခွင့်ကောင်းယူကာ မိမိငွေကြေးစိုက်ထုတ်မှု နည်းနည်းဖြင့် တိုက်ဆောက်လုပ်ခြင်းလုပ်ငန်းအပေါ် မွေ့လျော်နေသည်လည်း ရှိပေသည်။ ထိုမှတစ်ဆင့် မှုခင်းများ ပွားများလာသည်လည်း ရှိသည်။ ဤစာစုတွင် တိုက်ဆောက်လုပ်ရေးကို ကျွန်တော်မပြောလိုပါ။ မှုခင်းနှင့် ဥပဒေအမြင်ကိုသာ တင်ပြဆွေးနွေးလိုခြင်း ဖြစ်ပေသည်။

ကျွန်တော်တို့ ရှေ့နေများအနေဖြင့် တိုက်ခန်းအရောင်းအဝယ်ကိစ္စများတွင် မြေရှင်ကို အမိအရ သိရှိကြောင်း၊ အသိအမှတ်ပြုကြောင်း လက်မှတ်ရေးထိုးစေလေ့ ရှိပါသည်။ ကြုံတွေ့နေရသည့် အဖြစ်အပျက်များအရ ကန်ထရိုက်က သူရရှိမည့် တိုက်ခန်းအား လွှဲပြောင်းရောင်းချခြင်းပြုရာတွင် မြေရှင်က မသိပါဟု ဆိုလာလျှင် ဝယ်သူမနစ်နာစေရေး ဆောင်ရွက်ရခြင်း ဖြစ်ပေသည်။

ငွေကြေးမပြည့်စုံသည့် ကန်ထရိုက်တို့ကလည်း ၎င်းတို့ရရှိမည့် တိုက်ခန်းများကို ငွေရှင်ကြေးရှင်များထံ ရောင်းပေါင်ထားကာ ငွေရှာကြသည်။ မှန်မှန်ကန်ကန် နေထိုင်မည့်သူ ဝယ်ယူသောအခါတွင်လည်း ရောင်းပေါင်ထားသည့် အခန်းကိုပင် ရောင်းချခြင်း၊ ပေါင်နှံခြင်း ကင်းရှင်းကြောင်းဖြင့် ထပ်မံရောင်းချတတ်လေ့ရှိပေသည်။ အပေါင်ခံသူ၊ အမှန်အကန်ဝယ်သူတို့အကြား ကောင်းမွန်စွာ ရှင်းလင်းနိုင်သော အခြေအနေတွင် တရားရုံးသို့ ရောက်မလာဘဲ ကိစ္စပြီးပြတ်သွားတတ်ကြပေသည်။ ထို့



www.burmeseclassic.com

www.burmeseclassic.com

ကြောင့်လည်း ယနေ့ကာလတွင် တိုက်ခန်းဝယ်ယူသော ကိစ္စများကို သတင်းစာ၌ ကန့်ကွက်ရန် ရှိမရှိ ကြော်ငြာများ တွေ့ရှိနေရခြင်း ဖြစ်သည်ဟု ယူဆမိပေသည်။

၁၉၉၄ ခုနှစ်က မှုခင်းတစ်ရပ်ဖြင့် သာဓကဆောင်လိုပေသည်။

၁၉၉၂ ခုနှစ်တွင် ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်းပေါ်တွင် တိုက်ဆောက်လုပ်ဆဲ ဖြစ်ပေသည်။ ထိုတိုက်အဆောက်အအုံ ဆဋ္ဌမအထွာ၊ အလယ်ခန်းကို ဦးမောင်ချိုက ၇-၃-၇၂ ရက်စွဲပါ စာချုပ်ဖြင့် ဝယ်သည်။ ယင်းတိုက်အဆောက်အအုံပြီးစီးသွားသောအခါ ဦးမောင်ချို ဝယ်ယူသည့်တိုက်ခန်းတွင် အခြားသူများ နေထိုင်လျက်ရှိသည်ကို ဦးမောင်ချိုတွေ့ရှိသည်။ ဦးမောင်ချိုစုံစမ်းကြည့်သောအခါ ကန်ထရိုက်တာက ဦးတင်ချိုဆိုသူသို့ ရောင်းချလိုက်ကြောင်း သိရသည်။

ဦးမောင်ချိုက ရဲစခန်းသို့ တိုင်၏၊ အမှုဖွင့်၏။ ရဲစခန်းက တရားရုံးသို့ ကန်ထရိုက်ကို တရားစွဲတင်ပို့၏။ တရားရုံးမှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၀၆ ဖြင့် လက်ခံစစ်ဆေးသည်။ ထိုသို့ ပြစ်မှုကြောင်းအရ အရေးယူခံရခြင်းကို အမှုချေဖျက်ပေးရန် ကန်ထရိုက်တာက တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၆၁-က အရ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ တင်သွင်းသည်။

ဦးမောင်ချိုက ကန်ထရိုက်နှင့် ချုပ်ဆိုထားသော စာချုပ်အရ တိုက်ခန်းမပေးနိုင်သည့်အတွက် တိုက်ခန်းဖိုးငွေနှစ်ဆရလိုကြောင်း တရားမမှုလည်း စွဲဆိုသည်။

တရားရုံးချုပ်က ကန်ထရိုက်တာ၏ အမှုချေဖျက်ပေးရန် လျှောက်ထားလွှာအပေါ် နှစ်ဖက်ကျယ်ကျယ်ပြန့်ပြန့် ကြားနာသည်။ အဓိကအချက်ဖြစ်သော စွဲဆိုထားသည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၀၆ မြောက်/မမြောက်ကို ချင့်ချိန်၏။ ကန်ထရိုက်တာက ဦးမောင်ချိုထံမှ ငွေများ ရယူထားခြင်းမရှိဟုလည်း အတိအလင်း ငြင်းဆိုထားခြင်းမရှိ။

စာချုပ်ကိုအခြေပြု၍ တရားမစွဲဆိုသောကြောင့် ပြစ်မှုမစွဲနိုင်ဟူ၍ မရှိပေ။ ပြစ်မှုမြောက်သော အင်္ဂါရပ်များ ရှိလျှင် ပြစ်မှုကြောင်းအရ စွဲဆိုနိုင်ပေသည်။

တရားရုံးချုပ်က ကန်ထရိုက်တာသည် အခြားသူအား ရောင်းခြင်းတွင် သဘောရိုး ရှိမရှိ စိစစ်ရန်ရှိနေသည်ဟု တွေ့ရှိသည်။ ဦးမောင်ချိုက ပြစ်မှုကြောင်းဖြင့် စွဲဆို၍ ဖြတ်လမ်းလိုက်သည်ဟုလည်း မဆိုနိုင်ဟု သုံးသပ်သည်။ ကန်ထရိုက်တာ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ကုန်ကျမည့်စရိတ် ငွေကြေးများ ရရှိရန် ကြိုတင်၍ ရောင်းချသည့် အလေ့အထများ ရှိနေသည်ကိုလည်း တရားရုံးချုပ် တရားသူကြီးများက မြင်သည်။ အခန်းမဖြစ်သေးသော်လည်း ငွေကိုယူထားပြီးခါမှ အခြားသူသို့ ရောင်းချခြင်းတွင် ပြစ်မှုမမြောက်ဟူ၍ ကြိုတင်ဆုံးဖြတ်ခြင်းမှာ မသင့်ဟု ယူဆကြသည်။

ကန်ထရိုက်တာ၏ အမှုချေဖျက်ပေးရန် လျှောက်ထားလွှာအား ပယ်လိုက်လေသည်။

ကျွန်တော် သာဓကဆောင် တင်ပြလိုသော မှုခင်းကား ဤတွင် တစ်ခန်းရပ်ပေသည်။ သို့သော် မဆုံးသေး။ ထိုဦးမောင်ချို စွဲဆိုသော အမှုတွဲအား မူလအမှုစစ် ဗဟန်းမြို့နယ်တရားရုံးသို့ တရားရုံးချုပ်က ပြန်ပို့ပေမည်၊ ဗဟန်းတရားရုံးတွင် ဆက်လက်စစ်ဆေးခြင်း ပြုရပေဦးမည်။

အများပြည်သူတို့ သတိပြုရန်လိုအပ်ပေ၏။ စားရေး၊ ဝတ်ရေး၊ နေရေးတည်းဟူသော အရေးသုံးပါးအနက် နေရေးအတွက် တိုက်ခန်းဝယ်ယူလိုသူများ သတိပြုဖွယ်တို့ကို တင်ပြခဲ့ပေသည်။ ဝယ်သူသည် စိတ်ကြိုက်စစ်ဆေးပိုင်ခွင့်ရှိသည်။ စိတ်ကြိုက်စစ်ဆေးတတ်ရန်လည်း လိုအပ်သည်။ စိတ်ကြိုက်စစ်ဆေးပြီး ဟာကွက်မရှိစေရန် ဆောင်ရွက်နိုင်ဖို့လည်း လိုပေသည်။

တရားရုံး၏တာဝန်ကား စွဲဆိုထားသည့် ဥပဒေပုဒ်မနှင့် ငြိစွန်းခြင်းရှိမရှိ စိစစ်ဆုံးဖြတ်ခြင်းသာ ဖြစ်ပေသည်။

ဦးဝင်းလှိုင် (တရားရုံးချုပ်ရှေ့နေ)

**ကိုးကား**

- ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၅၆၁-က
- ဦးကျော်ရွှေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်-၂ (၁၉၉၅ မတစ-၁)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# လမ်းပေါ်က သမီးလုပွဲ

ဗညားဦး(အိမ်မဲ)

(၁)

"တီ . . . တီ . . . တီ"

နောက်ဘက်မှ ကားဟွန်းတီးသံကြောင့် ဒေါ်ခင်ငြိမ်းသည် ဒေါ်အေးသူ၏လက်ကို ဆွဲရင်း . . .

"ဟဲ့ . . အေးသူ၊ အနောက်က ကားလာနေတယ်၊ လာ . . လာ . . လာ"

ဒေါ်အေးသူသည် ဒေါ်ခင်ငြိမ်းဆွဲရာဘက်သို့ လှမ်းလိုက်သည်၊

"ကားလာတာ မသိဘူးလား၊ ဟွန်း . . မပြောလိုက်ချင်ဘူး"

ကားမောင်းသမား ဝဝဖိုင့်ဖိုင့်လူကြီးက မျက်လုံးပြူးပြူးနှင့် အော်ပြောသွားသေးသည်၊

ဒေါ်ခင်ငြိမ်းသည် မီးပွိုင့်ကို လှမ်းကြည့်နေသည်၊ အတန်ကြာသည့်အခါ မီးပွိုင့်မှာ မီးနီပြသွားသည်၊ ဒေါ်ခင်ငြိမ်းသည် ဒေါ်အေးသူ၏လက်ကို ကိုင်ထားရင်း လမ်းဖြတ်ကူးကြသည်၊

"အေးသူရေ . . မီးနီသွားပြီ၊ လမ်းဖြတ်ကူးမယ်နော်၊ ကျုပ်လက်ကို သေချာကိုင်ထား၊ ဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com

လျှောက်"

ဒေါ်ခင်ငြိမ်းသည် နံဘေးက တွဲထားသော ဒေါ်အေးသူကို ပြောလိုက်သည်။ ဒေါ်အေးသူသည် မျက်စိနှစ်ဖက်စလုံးမမြင်။ ဒေါ်ခင်ငြိမ်းသည် ဒေါ်အေးသူ၏ ညီမဝမ်းကွဲတော်စပ်သူပီပီ ဒေါ်အေးသူကို နီးနီးကပ်ကပ် နေထိုင်ဖေးမသူဖြစ်သည်။

လမ်းတစ်ဖက်ကို ရောက်သွားကြသည့်အခါ ဒေါ်ခင်ငြိမ်းသည် ဒေါ်အေးသူကို ပြောလိုက်သည်။

"အေးသူ . . ရန်ကုန်ဘူတာကြီးနားကို ရောက်နေပြီ။ နင့်သမီး ဘူတာရုံနားမှာ ပျောက်သွားတာလား"

"ဟုတ်တယ် ခင်ငြိမ်း။ သမီးလေး ဘူတာရုံနားမှာ ပျောက်သွားတာ"

မနှစ်ကဖြစ်သည်။ ရန်ကုန်ကို လာရင်း ဘူတာရုံအနီးမှာ ခြောက်နှစ်သမီးလေး ခရေ ပျောက်သွားပြီး ရင်ကွဲမျက်ရည်နှင့် ကြေကွဲနေရသူမှာ ဒေါ်အေးသူ။ အချိန်တိုင်း သမီးခရေကိုပဲ သတိရရင်း စိတ်သောကရောက်နေလျက်။

"အေးသူရာ ကျန်းမာရေးကိုလည်း ဂရုစိုက်ဦးနော်။ သမီးလေး ခရေကို ပြန်တွေ့မှာပါ။ ပျောက်သောသူ ရှာရင်တွေ့ပါတယ်။ အားမငယ်စမ်းပါနဲ့"

ဒေါ်ခင်ငြိမ်းက ဒေါ်အေးသူကိုအားပေးနှစ်သိမ့်ခဲ့ရသည်။ ဒေါ်အေးသူက ရန်ကုန်ကို တစ်ခေါက်တက်ပြီး သမီးခရေလေးကို ရှာဦးမည်ဟု အတင်းပြောနေသောကြောင့် ဒေါ်ခင်ငြိမ်းတို့ ရန်ကုန်ကိုရောက်လာခြင်းဖြစ်သည်။

ဒေါ်ခင်ငြိမ်းသည် ဘူတာရုံအနီးကို လိုက်လံကြည့်နေမိသည်။ အတန်ကြာမှ . . .

"ကဲ . . . အေးသူရေ ဗိုက်ဆာနေပြီ။ ထမင်းစားကြဦးမယ်"

"ထမင်းက အရေးမကြီးပါဘူး ခင်ငြိမ်းရာ။ သမီးကို တွေ့ဖို့ပါပဲ။ သမီးကိုတွေ့ဖို့က အရေးကြီးတယ်"

"အေးသူကလည်း ကျုပ်လည်း လိုက်ကြည့်နေတာပဲ။ မတွေ့သေးဘူး။ ထမင်းစားပြီးမှ ပြန်ရှာကြတာပေါ့။ လာပါ အေးသူရာ။ ထမင်းသွားစားမယ်"

ဒေါ်ခင်ငြိမ်းသည် ဒေါ်အေးသူ၏ လက်ကိုဆွဲရင်း ဘူတာရုံအနီးရှိ ထမင်းဆိုင်တွင် ထမင်းဝင်စားကြသည်။ ထမင်းစားနေစဉ် . .

"ဦးလေးကြီးရယ် . . သမီးကို ထမင်းဖိုးလေး၊ ဟင်းဖိုးလေး သနားပါဦးရှင်"

ဒေါ်ခင်ငြိမ်းသည် ဆိုင်အတွင်း ထမင်းစားနေသော လူကြီးတစ်ဦးထံ မိန်းကလေးတစ်ယောက် ပိုက်ဆံတောင်းနေသည်။ ထိုအခါ ဆိုင်ရှင်မိန်းမ ပိန်ပိန်ပါးပါးက မျက်နှာကြောတင်းတင်းနှင့် အသံစူးစူးရှရှနှင့် နှုတ်ခမ်းကြီးထော်လျက် . .

"ဟဲ့ . . ဟဲ့ သွားစမ်း . . သွားစမ်း။ ဆိုင်ထဲမှာ လာမတောင်းနဲ့။ ငါ မပြောလိုက်ချင်ဘူး။ မင်္ဂလာ မရှိလိုက်တာ။ မြန်မြန်ထွက်သွားစမ်း။ ဟဲ့ . . ပြောတာ မကြားဘူးလား"

မိန်းကလေးငယ်သည် ညှိုးနွမ်းသော မျက်နှာနှင့် ဆိုင်အတွင်းမှ ထွက်သွားသည်။ ဒေါ်ခင်ငြိမ်းသည် မိန်းကလေးကို သေချာလိုက်ကြည့်နေမိသည်။

"အင်း . . . ဒီမိန်းကလေးဟာ ခရေနဲ့ တော်တော်တူလိုက်တာ။ မိန်းကလေးကိုကြည့်ရတာ တောင်းစားလောက်အောင် ဆင်းရဲနေပါလား။ အို . . ခရေတော့ မဖြစ်နိုင်ပါဘူး"

ဒေါ်အေးသူသည် ဒေါ်ခင်ငြိမ်းလက်ကို ဆွဲလှုပ်ရင်း . . .

"ခင်ငြိမ်း နင်ဘာလုပ်နေတာလဲ။ ထမင်းစားသလည်း မကြားရပါလား"

"ဪ . . ဘာမှမဟုတ်ပါဘူး။ ငါတော့ ထမင်းစားတာ တော်ပြီ။ အေးသူ . . နင်ထမင်းဝပြီလား"

"အေး . . ထမင်းဝနေပြီ"

ဒေါ်ခင်ငြိမ်းသည် ဆိုင်ရှင်ကို ထမင်းဖိုးရှင်းပေးပြီး ဒေါ်အေးသူ၏ လက်ကိုဆွဲကာ ဆိုင်ထဲမှ ထွက်ခဲ့သည်။ လမ်းမကိုရောက်တော့ ဒေါ်ခင်ငြိမ်းသည် မျက်လုံးကိုစူးစူးစိုက်စိုက် လိုက်ကြည့်နေမိသည်။

* * *

(၂)

ရုပ်ရှင်ရုံရှေ့တွင် လူများ ပြည့်နေလျက်။

ဒေါ်ခင်ငြိမ်းနှင့် ဒေါ်အေးသူ

www.burmeseclassic.com

တို့သည် လျှောက်လာရင်း ရုပ်ရှင်ရုံဘက်သို့ ရောက်လာသည်။ ထိုစဉ် မိန်းကလေးတစ်ယောက်၏ အသံချိုနွဲ့နွဲ့လေး ထွက်ပေါ်လာသည်။

"မိုးရွာရင် မိုးရေချိုးမယ်။ အစ်မလာရင် နို့စို့မယ်။ အစ်မ မလာရင် အုန်းသီးခွဲစားမယ်"

ခြေလှမ်းတန့်သွားသူမှာ ဒေါ်အေးသူ။

"ဟဲ့ . . . အေးသူ ဘာဖြစ်သွားတာလဲ"

"ခဏနေဦး ခင်ငြိမ်း။ ဒီသီချင်းသံကို သေသေချာချာနားထောင်စမ်း"

"မိုးရွာရင် မိုးရေချိုးမယ်။ အစ်မလာရင် နို့စို့မယ်။ အစ်မ မလာရင် အုန်းသီးခွဲစားမယ်"

ဒေါ်ခင်ငြိမ်းသည် အသံလာရာ အသံရှင်ကို လှမ်းကြည့်လိုက်သည်။ ရုပ်ရှင်ရုံရှေ့တွင် မိန်းကလေးတစ်ယောက် ထိုင်လျက် သီချင်းဆိုရင်း တောင်းရမ်းနေလျက်။ မိန်းကလေးကို သေချာကြည့်လိုက်သည့်အခါ အစောပိုင်းက ထမင်းဆိုင်အတွင်း တောင်းရမ်းခဲ့သော မိန်းကလေးဖြစ်သည်။

ဒေါ်ခင်ငြိမ်းသည် မိန်းကလေးကို လှမ်းကြည့်ရင်း တွဲထားသော ဒေါ်အေးသူကို ပြောလိုက်သည်။

"အေးသူ . . ရုပ်ရှင်ရုံ ရှေ့မှာ တောင်းရမ်းနေတဲ့ မိန်းကလေးရဲ့ အသံပါ။ ဘာဖြစ်နေလို့လဲ"

"တောင်းရမ်းနေတဲ့ မိန်းကလေး ဟုတ်လား။ ဒီအသံဟာ သမီးရဲ့အသံပဲ။ နောက်ပြီး သီချင်းထဲက ဒီစာသားမျိုးဟာ သမီးပဲဆိုခဲ့တာ။ သမီးပဲဖြစ်မှာပါ"

"သေချာလို့လား အေးသူ"

"သေချာပါတယ်။ သမီးအသံကို ကောင်းကောင်းကြီး မှတ်မိပါတယ် ခင်ငြိမ်း"

"ဒါဆိုလည်း ဒီမိန်းကလေးကို သွားကြည့်ကြရအောင်"

ဒေါ်ခင်ငြိမ်းသည် ဒေါ်အေးသူ၏လက်ကိုဆွဲရင်း မိန်းကလေးအနီးကိုလျှောက်သွားသည်။ ဒေါ်ခင်ငြိမ်းသည် မိန်းကလေးကို မေးလိုက်သည်။

"သမီးနာမည် ဘယ်လိုခေါ်သလဲ"

မိန်းကလေးသည် ဒေါ်ခင်ငြိမ်းကို မျက်လုံးလေးလည်လည်နှင့် မော့ကြည့်လိုက်သည်။ ပြီးမှ . . .

"သမီးနာမည်က ခရေလို့လည်းခေါ်တယ်။ ဒေစီလို့လည်း ခေါ်တယ်"

"ဘယ်လို . . . ခရေလို့ခေါ်တယ် ဟုတ်လား"

"ဒီလိုပါ။ ခရေဆိုတာ အစ်မက ပေးထားတာ။ အစ်မနဲ့ ကွဲသွားပြီး လမ်းပေါ်မှာ မိန်းမကြီးတစ်ယောက်က သမီးကိုခေါ်သွားပြီး ဒေစီလို့ နာမည်ပေးခဲ့တာပါ"

မိန်းကလေးသည် ငိုသံတွေပြို ဆင်းလာသည်။ မျက်ဝန်းနုနုပေါ်တွင် မျက်ရည်စများ သိမ့်ခနဲ စီးဆင်းလာလျက်။

ဒေါ်ခင်ငြိမ်းသည် မိန်းကလေး၏ မျက်ဝန်းကို စူးစိုက်ကြည့်ရင်း . .

"သမီးအမေနဲ့ ကွဲသွားတာ ဟုတ်လား"

"ဟုတ်ပါတယ်။ သမီးအစ်မကို အရမ်းသတိရတာပဲ။ အစ်မက မျက်စိမမြင်ရှာဘူး"

ကြေကွဲသံနှင့် ပြောနေသော မိန်းကလေး၏ အသံကို နားထောင်ရင်း ဒေါ်ခင်ငြိမ်း ဝမ်းသာရွှင်ပြနေလျက်။

"ဒါဆိုရင် သမီးအမေကိုတွေ့ရင် မှတ်မိနိုင်မလား"

"မှတ်မိနိုင်ပါတယ်"

"ဒီမှာကြည့်စမ်း။ သူက သမီးအမေ ဖြစ်နိုင်မလား"

မိန်းကလေးသည် ဒေါ်အေးသူကို သေချာကြည့်နေသည်။

အတန်ကြာမှ ဒေါ်အေးသူကို ပြေးပွေ့ဖက်လိုက်သူမှာ မိန်းကလေး။

"အစ်မ . . အစ်မ . . အစ်မ"

"သမီး . . . ခရေ . . . ခရေ"

ဒေါ်အေးသူသည် မိန်းကလေး၏ ညာဘက်လက်ကို ဆွဲယူပြီး လက်မကို ကိုင်လိုက်သည်။ လက်မဘေးတွင် လက်ပွားလေးတစ်ခုရှိသည်။

"ဟုတ်တယ် ခင်ငြိမ်း။ သူက ကျုပ်သမီး . . . သမီးလေး ခရေ"

ဒေါ်အေးသူသည် ပျော်တသိမ့်သိမ့်နှင့် ပြောလိုက်သည်။ ရင်ခွင်ထဲတွင် တိုးလျှိုး ပွေ့ဖက်ထားရင်း မျက်ဝန်းပေါ်တွင် မျက်ရည်သွယ်ဆင်းနေလျက်။ ထိုစဉ် . . .



www.burmeseclassic.com

www.burmeseclassic.com

"သမီးဒေဇီ . . ဘာဖြစ်နေကြတာလဲ"

အင်္ကျီအမည်းရောင် ဝတ်ထားသော မိန်းမကြီးတစ်ယောက် ရောက်လာသည်။ ဒေါ်အေးသူ ရင်ခွင်ထဲက ခရေကို အတင်းဆွဲယူပြီး . . .

"သမီးဒေဇီ သူတို့က ဘယ်သူတွေလဲ"

"သူက ကျွန်မသမီးပါ"

ဒေါ်အေးသူက ခရေကို ဆွဲယူထားရင်း ဝမ်းသာအားရ ပြောလိုက်သည်။

"ဘာ . . ရှင့်သမီးဟုတ်လား။ ကျွန်မသမီး ဒေဇီပါ။ ရှင်တို့က ဘယ်ကလဲ"

"ဒီမှာ ခရေ့ကို ရှင်သမီးဆိုတာ ဘာသက်သေရှိသလဲ"

ဒေါ်ခင်ငြိမ်းက ဝင်ပြောလိုက်သည်။

"အို . . ခရေတွေ သက်သေတွေ မရှိဘူး။ ကျွန်မသမီး ဒေဇီပါ။ ရှင်တို့ လူမှားနေတာ ဖြစ်မှာပေါ့"

"မမှားဘူး . . ကျွန်မသမီး ခရေပဲ"

"ဟေ့ ဘာဖြစ်နေကြတာလဲ"

လျှောက်လာကြသော ရဲဘော်နှစ်ဦးက မေးလိုက်သည်။ ဒေါ်ခင်ငြိမ်းက ပြန်ပြောလိုက်သည်။

"ဒီမိန်းကလေးက သူ့ရဲ့ပျောက်သွားတဲ့ သမီးပါ။ ပြန်တွေ့လို့ ပြန်ခေါ်တာပါ။ ဟိုအဒေါ်ကြီးက သူ့သမီးဆိုပြီး ပြန်ခေါ်နေလို့ပါ"

ရဲဘော်သည် မိန်းမကြီးကို ကြည့်ရင်း . . .

"ဟုတ်လား"

"မဟုတ်ပါဘူး။ အဒေါ့်သမီးပါ"

"မဟုတ်ဘူး . . မဟုတ်ဘူး။ ကျွန်မသမီးပါ"

ဒေါ်အေးသူက ဝင်ပြောလိုက်သည်။ ရဲဘော်သည် ဒေါ်အေးသူကို တစ်လှည့် မိန်းမကြီးကိုတစ်လှည့် ကြည့်လိုက်သည်။

"ကဲ . . ကဲ . . စခန်းကို လိုက်ခဲ့ကြ။ စခန်းမှ ခင်ဗျားတို့ ဒီကိစ္စကို ရှင်းပေးမယ်"

* * *

(၃)

"ကဲ . . ရဲဘော် ဟိုကလေးမနဲ့ ဒီအဒေါ်ကြီးနှစ်ယောက်ကို အခန်းထဲ ခေါ်လာခဲ့ပါ"

ဒုရဲအုပ် မိုးခိုင်သည် ခရေနှင့် ဒေါ်အေးသူ၊ ဒေါ်ခင်ငြိမ်းတို့ကို လက်ညှိုးထိုးလိုက်ပြီး ပြောလိုက်သည်။

"ဟုတ်ကဲ့ ဆရာ"

ရဲဘော်သည် ခရေ၊ ဒေါ်အေးသူနှင့် ဒေါ်ခင်ငြိမ်းတို့ကို ရုံးခန်းထဲကို ခေါ်လာခဲ့သည်။ အခန်းထဲ ရောက်သည့်အခါ ဒုရဲအုပ်မိုးခိုင်က ဒေါ်အေးသူကို စမေးလိုက်သည်။

"အဒေါ့်နာမည်ကို ပြောပါ"

"ဒေါ်အေးသူပါ"

"အဒေါ့်သမီး ဘယ်တုန်းက ပျောက်သွားတာလဲ"

"မနှစ်က ရန်ကုန်လာရင်း ဒီဘူတာရုံနားမှာ လူချင်းကွဲသွားပြီး ပျောက်သွားတာပါ"

ဒုရဲအုပ် မိုးခိုင်သည် ခရေကို တစ်ချက်လှမ်းကြည့်လိုက်ရင်း

"ဒီကလေးမကို တွေ့တော့ အဒေါ်က မျက်စိမမြင်ပဲ အဒေါ့်သမီးလို့ ဘာကြောင့်ပြောင်တာလဲ"

"ကဲ . . . ဒီဓာတ်ပုံကို ကြည့်လိုက်ပါဦး"
မိန်းမကြီးသည် ဓာတ်ပုံကို လှမ်းယူပြီး ကြည့်လိုက်သည့်အခါ မျက်လုံးပြူးထွက်သွားသည်။ တစ်ကိုယ်လုံး လှုပ်ခါသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုပါကွယ်။ ပထမဆုံး အသံကိုမှတ်မိတယ်။ အဒေါ်တို့က အညာဘက်ကဖြစ်တယ်။ အဒေါ်တို့အညာမှာ အမေကို အစ်မလို့ ခေါ်ကြတယ်။ နောက်တစ်ချက်က အဒေါ့်ယောကျ်ားဟာ သမီးလေး သုံးနှစ်သမီးအရွယ်မှာ ဆုံးသွားပါတယ်။ သမီးလေးဟာ အဖေမရှိတော့ ဖေဖေလာရင် အုန်းသီးခွဲစားမယ်လို့ မဆိုတာပါ။ နောက်တစ်ချက်က သမီးလေး ညာဘက်လက်မမှာ လက်ပွားလေးရှိလို့ပဲ။ အဒေါ်ဟာ မျက်စိမမြင်ပေမယ့် အဒေါ့်သမီးရဲ့ အသံကို နားထဲမှာ စွဲနေပါတယ်။ နှလုံးသားထဲမှာ ချိုစိမ့်နေပါတယ်"

ဒုရဲအုပ် မိုးခိုင်သည် စားပွဲရှေ့တွင်ထိုင်နေသော မိန်းကလေး၏ ညာဘက်ကို ဆွဲယူကြည့်လိုက်သည်။ လက်ပွားလေးကို တွေ့ရ၏။

"ကောင်းပါပြီ အဒေါ်။ အားလုံး အပြင်ခဏထွက်ပေးပါ။ ရဲဘော် အပြင်က မိန်းမကြီးကို ခေါ်လာခဲ့ပါ"

"ဟုတ်ကဲ့ ဆရာ"

ရဲဘော်သည် အပြင်ကို ထွက်သွားပြီး မိန်းမကြီးကိုခေါ်လာခဲ့သည်။

"ကဲ . . ထိုင်ပါဦး အဒေါ်"

ဒုရဲအုပ် မိုးခိုင်သည် စားပွဲရှေ့တွင် ဝင်ထိုင်နေသော မိန်းမကြီးကို စူးစိုက်ကြည့်ရင်း . . .

"အဒေါ့်နာမည်ကို ပြောပါဦး"

"အဒေါ့်နာမည်က ဒေါ်စိန်မြ"

မိန်းမကြီး၏ အသံမှာ တုန်ခါနေလျက်။

"ဒီကလေးမဟာ အဒေါ့်သမီးလား"

"အင်း . . . အဒေါ့်သမီးပါ"

ဒုရဲအုပ် မိုးခိုင်သည် မိန်းမကြီးကို သေချာထပ်ကြည့်လိုက်သည်။

"သေချာလို့လား"

"သေချာပါတယ် . . . အဒေါ့်သမီးပါ"

ဒုရဲအုပ် မိုးခိုင်သည် မိန်းမကြီးကို သေချာထပ်ကြည့်လိုက်သည်။

"သေချာလို့လား"

"သေချာပါတယ် . . . အဒေါ့်သမီးပါ"

"ဒါဆိုရင် ဒီကလေးမမှာ ထူးခြားတဲ့ အမှတ်အသား ဘာရှိသလဲ"

မိန်းမကြီးသည် နှုတ်ဆိတ်သွားလျက်။ မျက်လုံးကလည်း လှုပ်လှုပ်ရှားရှား။ အတန်ကြာမှ လေးတွဲ့စွာနှင့် -

"အင်း . . . အင်း ဘာမှမရှိပါဘူး"

ဒုရဲအုပ် မိုးခိုင်သည် တစ်ချက်ပြုံးလိုက်သည်။ စားပွဲပေါ်မှ မှတ်တမ်းစာအုပ်ကို လှမ်းယူပြီး စာအုပ်ထဲမှ ဓာတ်ပုံတစ်ပုံကို ထုတ်ပြလိုက်သည်။

ဓာတ်ပုံမှာ လမ်းနံဘေး တစ်နေရာတွင် မိန်းမကြီးတစ်ယောက် ကလေးတစ်ယောက်ကို လမ်းဘေးတွင်ချထားပြီး တောင်းရမ်းခိုင်းနေသည့်ပုံ ဖြစ်သည်။

ဓာတ်ပုံထဲက မိန်းမကြီးသည် ဒေါ်စိန်မြဖြစ်နေသည်။ ဒုရဲအုပ်မိုးခိုင်သည် ဓာတ်ပုံကို မိန်းမကြီးဆီသို့ လှမ်းပေးရင်း -

"ကဲ . . . ဒီဓာတ်ပုံကို ကြည့်လိုက်ပါဦး"

မိန်းမကြီးသည် ဓာတ်ပုံကို လှမ်းယူပြီး ကြည့်လိုက်သည့်အခါ မျက်လုံးပြူးထွက်သွားသည်။ တစ်ကိုယ်လုံး လှုပ်ခါသွားသည်။

ဒုရဲအုပ်မိုးခိုင်သည် မိန်းမကြီးကို စူးစိုက်ကြည့်ရင်း -

"ခင်ဗျားဟာ ကလေးတွေကို ခေါ်လာပြီး တောင်းစားခိုင်းတာ မဟုတ်လား။ ကလေးတွေရဲ့ အမေဆိုပြီး လုပ်စားနေတာ မဟုတ်လား။ ရဲဘော် ဒေါ်စိန်မြကို အချုပ်ခန်းထဲ ထည့်လိုက်"

"မ. . . မ . . မဟုတ်ပါဘူး"

မိန်းမကြီးသည် စိုးစိုးထိတ်ထိတ် ပြောနေသည်။ နောက်ဆုံးတော့ ရဲဘော်ခေါ်ဆောင်ရာသို့ လေးလေးတွဲ့တွဲ့ ကတုန်ကယင် လိုက်သွားရသူမှာ မိန်းမကြီးပင်ဖြစ်သည်။

ရဲစခန်းတွင်းမှ ပြုံးပြုံးရွှင်ရွှင် ထွက်လာကြသူမှာ ဒေါ်ခင်ငြိမ်း၊ ဒေါ်အေးသူနှင့် ခရေ။

ခရေက ဒေါ်အေးသူ၏လက်ကို တွဲလျက်။ ခရေ၏ မျက်နှာပေါ်က အပြုံးနှင့် ဒေါ်အေးသူ၏ မျက်နှာပေါ်က အပြုံးတို့သည် ချိုချိုမွှေးနေတော့သည်။

ဗညားဦး(အိုင်မ်)

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သခင်ဖေခင်

# ဂျပန်နှစ်ယောက်ကို သတ်ခဲ့စဉ်က

■ ရွှေဘိုဘာမထီခင်အောင်

အခန်း(၁)

၁၉၄၄ ခုနှစ်၊ ဩဂုတ်လအတွင်း မိုးသည် သဲသဲမဲမဲရွာနေ၏။

ဒိန်းခနဲ .. ဒိုင်းခနဲ မိုးကြိုးပစ်သံ . . . ။

ဝင်းခနဲ . . . ဝင်းခနဲ လျှပ်စီးလက်လျက် . . . ။

တစ်လောကလုံး မိုးမှောင်ကျလို့နေသည်။

သဲသဲမဲမဲ ရွာလျက်ရှိနေသည့် မိုးရေထဲတွင် အသက် ၆၀ ကျော်ရှိ အဘိုးအိုတစ်ယောက် ထီးစုတ်ကလေးဆောင်းလျက် ကျွန်တော်တို့နေသည့် တဲအိုကလေးသို့ ရောက်ချလာ၏။ အဘိုးအိုတစ်ကိုယ်လုံး ရွှဲရွှဲစိုလျက်ပါ။

“ဟာ . . . ဦးလေး၊ ညကြီးမင်းကြီး ဘာလို့လာတာလဲ။ မိုးရေတွေလည်း ရွှဲလို့ပါကလား”

“အေး . . . လာရတာက မင်းကိစ္စကွ၊ အရေးကြီးလို့”

အဘိုးအိုက လေသံကလေးနှင့် ပြောနေသည်။ ဂျပန်ခေတ် တစ်ခေတ်လုံး လူတွေ စကားကို ကျယ်ကျယ်မပြောရဲကြ။

အားလုံးကို ကြောက်လန့်နေကြပုံရ၏။ ပိန်ပိန်မည်းမည်း၊ မျက်လုံးပြူးပြူးနှင့် ဦးအောင်မောင်းအမည်ရှိ အဘိုးအိုစကားက ဆန်းနေသည်။

“ကျွန်တော့်ကိစ္စ ဟုတ်လား။ ဘာကိစ္စလဲ ဦးလေးရဲ့။ ရဲရဲပြောစမ်းပါ”

“မင်းကို C.I.D အင်းစိန်က စုံထောက်ဖေခင်ဆိုတာကို ခွေးမသားစံရှားပြောလိုက်လို့ အမရပူရ ကင်ပေတိုင်က သိသွားကြပြီ။ ဖမ်းမယ့်အထဲမှာ မင်း NO.ONE နံပါတ်ဝမ်းပဲ။ ငါ အခုပဲကြားခဲ့လို့ ချက်ချင်း လာပြောတာပဲကွ”

တို့ဗမာ အစည်းအရုံးအဖွဲ့ဝင် သခင်အောင်မောင်းက သူ့လူမို့ချက်ချင်း လာရောက်သတင်းပေးရှာသည်။

ဖေဖေကိုဖေခင် ငိုင်သွားသည်။ ခေါင်းတဆတ်ဆတ်လုပ်ရင်း စဉ်းစားနေသည်။ ဟင်းခနဲ လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။ အံကိုတင်းနေအောင် ကြိတ်လိုက်သည်။

“ဖေခင် .. မင်း အခုပဲပြေးမှလွတ်မှာနော။ ငါစိုးရိမ်တယ်ကွာ။ ခုညတွင်းချင်းပဲ မင်းကိုလာဖမ်းရင် ဘယ့်နှယ်လုပ်ပါ့မလဲ။ သခင်လှကြွယ်ကြီးကလည်း မှာလိုက်တယ်။ သခင်ဖေခင် အခုညပဲ ပြေးပါတဲ့တွ။ ဟောဒီမှာ သခင်လှကြွယ် ရေးပေးလိုက်တဲ့စာ”

ရေစိုသည့် လက်တစ်လုံးခန့်ရှိစာ။

“ဟုတ်တယ် ကျွန်တော်ပြေးရတော့မယ် .. ဟင်း . . .”

ဖေဖေ့မျက်နှာကမကောင်း။ အံတကြိတ်ကြိတ်နှင့်ရယ်။

“မသန်းမေ”


“ရှင်”

“ငါ့ကို C.I.D အင်းစိန်က စုံထောက်ဖေခင်ဆိုတာကို စံရှားက ဂျပန်ကင်ပေတိုင်ကို သတင်းပို့လိုက်ပြီ။ ငါ အခုပဲ ပြေးရတော့မယ်။ မင်း ဘာမှအားမငယ်နဲ့။ ကလေးတွေကို ဂရုစိုက်။ ငါ မကြာမကြာ တိတ်တဆိတ်လာတွေ့မယ်”

“ဖြစ်ရလေရှင်။ ရှင်အခု ဘယ်ကိုပြေးမှာလဲ”

“ငါ .. ရွှေဘိုဘက်မှာရှိမယ်။ ဂျပန်ကင်ပေတိုင်က မေးရင် ရွှေဘိုဘက်ကိုပြေးပြီလို့ အမှန်အတိုင်းပြောလိုက်။ အရိုက်မခံနဲ့။ ငါ့ကို ဒီကောင်တွေမမိနိုင်ဘူး။ ငါ့အတွက် ဘာမှမစိုးရိမ်နေနဲ့။ တိုင်း . . မီးခွက်ယူခဲ့။ လွယ်အိတ်အနီယူလာခဲ့။ တဲ . . . သခင်အောင်မောင်း

www.burmeseclassic.com



၁၉၃၈ ခုနှစ်က အင်းစိန် C.I.D ဌာနတွင် I.P ဌာနာအုပ် ရာထူး အဆင့်နှင့် ဖေဖေ ဦးဖေခင်ပုံ (နယ်ချဲ့အင်္ဂလိပ်မျက်နှာဖြူကို မုန်းလှသူဖြစ်သော်လည်း အင်္ဂလိပ်အစိုးရ၏ 'ကျွန်'ဖြစ်နေရသူ၊ တိတ်တဆိတ် ဒို့ဗမာအစည်းအရုံးဝင် သခင်ဖေခင်ပါတည်း။)

သွားတော့၊ သွားတော့။ သခင်လှကြွယ်ကိုပြောလိုက် ကျုပ်သွားပြီလို့"

"ဘာလုပ်လုပ် လောမကြီးနဲ့၊ စိတ်မတိုနဲ့ ဖေခင်။ သတိအမြဲရှိပစေ။ ငါစိတ်ချပါရစေကွာ။ တဲ . . . ငါသွားပြီ"

ထို ၁၉၄၄ ခုနှစ်၊ ဩဂုတ်လအတွင်းက ကျွန်တော်တို့ မိသားတစ်စုသည် အမရပူရမြို့အနီးရှိ ဖုံးအိုရွာကြီး ချောင်းနံဘေးတွင် တဲအိုကလေးနှင့် အလွန်ဆင်းရဲစွာ နေရ၏။ ဖေဖေက ဂျပန့်ရန်သူ အင်္ဂလိပ်အစိုးရအမှုထမ်း (C.I.D) အင်းစိန်မှ (I.P) ဌာနပိုင်တစ်ယောက် ဖြစ်သဖြင့် ဂျပန်ခိုင်းတာကို လုံးဝဆိုလုံးဝမလုပ်ဘဲ ခြေရာဖျောက် (ရှပ်ဖျက်)၍ နေရသည်။

(မှတ်ချက်) ဖေဖေကိုဖေခင်သည် ပုလိပ်အရာရှိတစ်ယောက်ဖြစ်နေသော်လည်း ဒို့ဗမာအစည်းအရုံးအဖွဲ့သို့ တိတ်တိတ်ပုန်း ဝင်ထားသူ(သခင်ဖေခင်) ဖြစ်သည်။ အင်္ဂလိပ်အစိုးရကသာ သိသွားပါက အလုပ်က ထုတ်ပယ်ပစ်မှာ သေချာ၏။ ဖေဖေ ရွှေဘိုတွင် ၁၉၂၆ မှ ၃၀၊ ရေဦး၌ ၁၉၃၆-၃၇ ခုနှစ်တွေက ပုလိပ်စုံ ထောက်အဖြစ်နှင့် နေရစဉ် နိုင်ငံရေးသမားအချို့အား မဖမ်းဘဲ လက်ထောက်ချ လွှတ်ပေးခဲ့ဖူးသည်။ ရွှေဘို၊ ရေဦး၊ ခင်ဦးဘက်မှ သခင်တွေနှင့် တိတ်တိတ်ပုန်း လက်တွဲခဲ့သည်။

## အခန်း(၂)

ဖေဖေ ဝရမ်းပြေး ဖြစ်နေစဉ် မေမေဒေါ်သန်းမေသည် ကျွန်တော်တို့မိသားစု ငါးဦးအား စက်ချုပ်၍ ကျွေးရှာသည်။ အစ်မနှစ်ဦးက ဂျပန်၏ ယူနီဖောင်း (Uniform)ချုပ်စက်ရုံ၌ အလုပ်လုပ်ရ၏။ အစ်ကိုလှအောင်က ကျပန်းအလုပ်လုပ်၏။ အစ်ကိုတင်အောင် (နောင် တေးရေး တေးဆို ကဗျာဆရာ ရွှေဘိုတင်အောင်) အသက်က ကိုးနှစ်။ ကျွန်တော် ရွှေဘိုဘာမထီခင်အောင်က ခြောက်နှစ်သားအရွယ်မို့ ဘာမှမလုပ်ရ။ ကျောင်းလည်း မနေရချေ။ ဖေဖေသည် ညသန်းခေါင်တွင် ကျွန်တော်တို့မိသားစုရှိရာ၊ ဖုံးအို

www.burmeseclassic.com

ရှာ ကျွန်တော်တို့တဲအိုသို့ ရုပ်ဖျက်၍ ရောက်လာတတ်၏။ မေမေ့အား ဂျပန်ငွေတွေ လာလာပေးတတ်၏။ ဖေဖေ့ပေါင်ခြံတွင် သားရေပတ်နှင့် ကပ်ချည်ထားသည့် (45.BOW) သေနတ်ပါရှိ၏။

"ငါ့ကို ဂျပန်က ဖမ်းခဲ့ရင် အဖမ်းမခံဘူး။ အနည်းဆုံး သုံးယောက်လောက်တော့ သေနတ်နဲ့ ပစ်သတ်ခဲ့မှာ"

အဲသဟာ အဖေ့ဆုံးဖြတ်ချက်။ အဖေက ၁၉၃၆ ခုနှစ်က ရေဦးနယ်၊ ပလူဝေရွာသား ဓားပြခေါင်းဆောင် ပေါအိကြီးအား အသေပစ်သတ်ခဲ့ဖူး၏။ လက်သွေးစွန်းခဲ့ဖူးသည့် ပုလိပ်စုံထောက်ပါ။ သခင်ဖေခင်မို့ နိုင်ငံရေးသမားများအား လေးစားသူ ချစ်နေသူပါ။

အဲဒီ ၁၉၄၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့မှ ၇ ရက်အထိ ပဲခူးမြို့ရှိ ဗမာ့တပ်မတော် စံပြတပ်ရင်းအတွင်းတွင် ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်နေဝင်း၊ သခင်မြ၊ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ချစ်၊ သခင်ဗဆွေ၊ သခင်ကျော်ငြိမ်းတို့ လျှို့ဝှက်စွာ တွေ့ဆုံပြီး (ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့)ကို ဖွဲ့စည်းခဲ့သည်။ ရက်စက်ကြမ်းကြုတ်လှသော ဖက်ဆစ်ဂျပန်ကို တော်လှန်ဖို့ ပြင်ဆင်ကြလေပြီ။ ပထမ ဂျပန်တပ်မတော်အား ဧပြီလ ၂ ရက်နေ့၊ ၁၉၄၅ ၌ တစ်နိုင်ငံလုံး တစ်ပြိုင်နက်တည်း တော်လှန်ကြဖို့ ရက်သတ်မှတ်ခဲ့၏။ သို့ရာတွင် အထက်ဗမာပြည် မန္တလေးတွင် ဗိုလ်မှူးဗထူး ခေါင်းဆောင်သည့်တပ်က ဂျပန် တပ်မတော်ကြီးကို စောဦးစွာ တော်လှန်နေကြပြီမို့ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်သို့ ပြောင်းလိုက်ရချေလေသည်။

ဂျပန်လူမျိုးတို့က မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းရင်းသားအားလုံးအား မတရားနှိပ်စက်ကလူပြုခဲ့လေ၍ လူတန်းစားအသီးသီးက လှည်းနေလှေအောက် မြင်းဇောင်းမကျန် အဘိုးအို၊ အဘွားအို၊ အပျို၊ လူပျိုကလေးသူငယ်ပါမကျန် ဂျပန်အားနာကြည်းနေကြပြီမို့ ဂျပန်အား ထ၍တော်လှန်ရမည့် အချိန်ကာလကို စောင့်လင့်လျက် ရှိနေကြသည်။

ထိုအထဲတွင် ကျွန်တော့်ဖေဖေကိုဖေခင်တစ်ယောက်လည်း ရှေ့တန်းက ပါဝင်သည်။

ဖေဖေသည် မန္တလေးလုပ်



၁၉၆၃ ခုနှစ်၊ ဇွန်လအတွင်းက ဆိပ်ခွန်ရွာ ဦးညဏ်ဝန် (၄)လောင်းပြိုင်လူသတ်မှုကြီးကို ခုံသမာဓိမြို့ဝန် ဖေဖေဦးဖေခင်အား တရားခံ၏ ရှေ့နေ ဦးအေးမောင်က လျှောက်လဲချက် ပေးနေစဉ်။ [ဝက်ခြံထဲတွင် လူသတ်ခေါင်းဆောင် ဦးညဏ်ဝန်(ဆွေငြိမ်းအုပ်စု)ရှိနေသည်။ တရားခံသည် အမှုထင်ရှား၍ ထောင်ဒဏ် တစ်သက်တစ်ကျွန်းကျသွား၏။]



www.burmeseclassic.com

www.burmeseclassic.com

ဖိနပ်များကို ရွှေဘို၊ ခင်ဦး၊ ဝက်လက်၊ ဒီပဲယင်း၊ ဘုတလင်ဘက်ဆီသို့ ကူးသန်းရောင်းဝယ်ကာ ဝမ်းကျောင်းစားနေရသည်။ ဖိနပ်သည်ကြီးပေ၏။ မုတ်ဆိတ်မွေး ထူလပျစ်နှင့် ခေါင်းပေါင်း ပေါင်းထားကာ မန္တလေးညှပ်ဖိနပ်များကို ဂုန်နီအိတ်ထဲထည့်၊ ဂုန်နီအိတ်ကြီးကို ထမ်းကာ အဝတ်အစား စုတ်နွမ်းနွမ်းနှင့် ကိုဖေခင်အား ဘယ်သူက မှတ်မိပါဦးမည်နည်း။

ဂျပန်နှင့် ဝေးဝေးနေရသလို စကားများများပြောတတ်၊ ဟောင်ဖွာဟောင်ဖွာ ပြောတတ်လေ့ရှိသည့် ရွှေဘို၊ ရေဦးဆီက မိတ်ဆွေရင်းတွေကိုလည်း ရှောင်ရသတဲ့။

ရောက်လေရာရာတွင် သခင်အဖွဲ့ဝင်အချို့အား . . .

"ဂျပန်ကို တစ်နိုင်ငံလုံးရှိ ပြည်သူတွေက နှလုံးနာလှပြီဗျ။ ကျွန်တော်ထင်တယ် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်ပြီး ဂျပန်ကိုတော်လှန်လိမ့်မယ်လို့။ ကျုပ်တို့ အဲဒီအခါကျတော့ လက်နှေးမနေကြနဲ့နော၊ လက်လှမ်းမီတဲ့ ဂျပန်ကို အသေသတ်ပစ်။ ကျုပ်ဆီမှာ လက်နက်ရှိနေတယ်။ အရေးအကြောင်းပေါ်လာရင် ဆော်ထည့်ရမဗျ"

ဖေဖေကတော့ (FIGHTER) ပီပီ ရဲရဲတောက်ဆော်ထည့်ဖို့ပဲပြောနေတော့သည်။ ထိုစဉ်က ဖေဖေ့အသက် ၄၅ နှစ်ရှိပြီ၊ ထိုစဉ်က အရက်လည်းသောက်၏။ မဟုတ်မခံတတ်။ သတ္တိကောင်းသလောက် လက်ရဲသူပါ . . .။

## အခန်း(၃)

တစ်တိုင်းပြည်လုံးရှိ မြန်မာတိုင်းရင်းသူ၊ တိုင်းရင်းသားအားလုံးက ဖက်ဆစ်ဂျပန်ကို နိုးရာဓားဆွဲပြီး တော်လှန်ကြဖို့ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် (B.D.A) ဗမာ့ကာကွယ်ရေးတပ်မတော် ဗိုလ်ချုပ်အောင်ဆန်းက ကြေညာလိုက်ပြီဖြစ်သည်။

ထိုနေ့ထိုရက်က ဖေဖေ ကိုဖေခင်သည် ရွှေဘိုမြို့အနောက် ဈေးရပ်ကွက်ရှိ သခင်ဗကြည်၏အိမ်၌ နေ၏။ သခင်စံမြ၊ သခင်ဘထွန်း၊ သခင်အုံ့မောင်တို့ ရှိနေကြသည်။

"အခုည အခုပဲ ဂျပန်ကင်ပေတိုင်ကို ဝင်စီးရမယ်။ ကျွန်တော့်မှာ သေနတ်ရှိတယ်"

"ကျုပ်မလည်း ရှိပါတယ်"

သခင်အုံ့မောင်က ထပြော၏။

"ကျုပ်ကတော့ ဓားပဲရှိတယ်ဗျ။ ဝင်ခုတ်ဖြတ်ရုံပဲ"

"ကျွန်တော် ရှေ့ကဦးဆောင်တိုက်မယ်"

ဖေဖေ ကိုဖေခင်က ရဲရဲတောက် ပြောချလိုက်သည်။

"လူငယ် ၄-၅-၁၀ ယောက်ကလည်းပဲ ကျုပ်အချက်ပေးတာနဲ့ တစ်ပြိုင်နက် ဝင်ခုတ်မှာဗျ။ တဲ . . . အခုပဲ ခေါ်လိုက်တော့မယ်"

ဂျပန်ကင်ပေတိုင်သို့ သွားရောက်တိုက်ရန် လူ ၅၀ မျှ စုမိပြီး ဖြန့်၍ ချီတက်သွားကြသည်။ ရွှေဘိုအနောက်ဈေးရပ်နှင့် မုံအာတွင်းရပ်က မဝေးလှသဖြင့် ၁၀ မိနစ်နှင့် ရောက်သွားကြ၏။

"ဒိန်း . . ဒိန်း . . ဒိုင်း . . ဒိုင်း"

သေနတ်သံများ အဆက်မပြတ်ထွက်ပေါ်လာသည်။

"တက် . . တက် . . ပစ် . . ပစ်"

ရွှေဘိုရှိ (B.D.A) တပ်မတော်သားအချို့က ဂျပန်ကင်ပေတိုင်စခန်းကို ဝိုင်း၍တိုက်နေကြပြီ။

"သတ် . . သတ် . . ဂျပန်ကိုသတ် . . ရွှေဘိုသားကွ . . ရွှေဘိုသားကွဟေ့"

ရွှေဘိုက ဂျပန်မုန်းတီးရေးသမား ၁၅၀ ကျော်ကျော်က ကင်ပေတိုင်အဆောက်အဦအား ဝိုင်းထားပြီး တွေ့လေရာရာ ဂျပန်အုပ်စုအား သေနတ်နှင့်ပစ်၊ ဓားနှင့်ခုတ်ကြတော့သည်။ ထိုလူအုပ်ကြီးထဲတွင် ကိုဖေခင်တစ်ယောက်လည်း ပါဝင်၏။ ဖေဖေ့ဘက်ဆီသို့ စွတ်၍ပြေးလာသည့် လက်နက်ကိုင် ဂျပန်ဂျပုနှစ်ယောက်အား ဖေဖေကိုဖေခင်က ခြောက်လုံးပြူးနှင့် ဆီး၍ပစ်ချလိုက်သည်။ ကားခနဲ နောက်ပြန်လန်၍ လဲအကျ ခုတ် . . ခုတ် . . ခုတ် . . ခုတ်ဟူသော အသံနက်ကြီးနှင့်အတူ ဓားနှင့် ခုတ်ပိုင်းကြတော့သည်။ ခေါင်းနှင့်ကိုယ် အိုးစားကွဲကုန်ကြချေသည်။ တစ်မုဟုတ်ချင်းပါပဲ ဂျပန်ကင်ပေတိုင်မှ ဂျပန်ဗိုလ်အပါအဝင် ၁၅ ဦးကျော်ကျော် သေပွဲဝင်သွားရသည်။ ရွှေဘိုသားတို့ လက်သံပြောင်လှပါဘိ။ ဖေဖေကိုဖေခင်က ဂျပန်နှစ်ယောက်ကို အသေပစ်သတ်နိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

ဖေဖေကိုဖေခင်သည် ဧပြီလ ၅ ရက်နေ့ညတွင် ကျွန်တော်တို့ မိသားစု တစ်စုနေသော အမရပူရ မြို့နယ် ဖုံးအိုးရွာသို့ ရောက်လာ၏။

"ဟင် . . ကိုဖေခင် . . ကိုဖေခင် ရောက်လာပြီ"

မေမေဒေါ်သန်းမေ ပျော်မြူး သွားသည်။ ကျွန်တော်တို့မောင်နှမ ငါးယောက်သည် ဖေဖေ့ဘေးတွင် ဝိုင်းနေကြသည်။

"မသန်းမေ ဘာမှမပူနဲ့တော့။ အင်္ဂလိပ်စစ်တပ်တွေနဲ့ ဗိုလ်ချုပ် အောင်ဆန်းရဲ့ (B.D.A)တပ်ပေါင်း ပြီး ဂျပန်တွေကို တိုက်နေကြပြီ။ ငါ ရွှေဘိုမှာ ဂျပန်နှစ်ကောင်ကို သတ် ပစ်ခဲ့ပြီ။ အခု စံရွှားကို သတ်မယ်"

"ကိုဖေခင် စံရွှားသေပြီတော့။ တော် သတ်စရာ မလိုတော့ဘူး"

"မင်းကို ဘယ်သူပြောသလဲ"

"တော့်ညီ ကိုဘရင် လာပြော တာပါ"

"အင်း . . ပြီးတာပဲ။ ငါ့ကိုဒုက္ခ ပေးတဲ့အကောင် ငါသတ်မလို့ကွ"

"ရွာထဲမှာ ဂျပန်ရှိသေးလား"

"တစ်ကောင်မှ မရှိတော့ဘူး လေ။ သေကုန်ပြီ"

"ကောင်းတယ်၊ ခွေးမသား ဂျပန် စုတ်တွေ။ အသေသတ်ပစ်ရမယ်"

ဖေဖေသည် ထိုညတွင် မေမေ နှင့်အတူ အိပ်သည်။

## အခန်း(၅)

၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ အတွင်းတွင် ဖေဖေကိုဖေခင်သည် မန္တလေးမြို့မှ ရန်ကုန်သို့သွားသည့် သံချပ်ကားကို တား၍ လိုက်ပါသွား သည်။

ဖုံးအိုးရွာရှိ တဲကုပ်၏ တစ်နေ ရာ၌ သံသေတ္တာနှင့် မြေတွင်းမြှုပ် ထားသည်။ (C.I.D) ဌာနအုပ်ရာ ထူးပါ (Pollice Uniform) ကိုဝတ်၊ ခါး၌ (45.BOW) ခြောက်လုံးပြူးကို ချိတ်ထားသဖြင့် အင်္ဂလိပ်အရာရှိက လိုက်ပါခွင့်ပြု၏။

"ကျုပ်က ပုလိပ်အရာရှိပါ။ (C.I.D) တပါ။ အခု ကျုပ်ရဲ့ဌာန (C.I.D-Insein)ကိုသွားပြီး သတင်း ပို့ အလုပ်ဝင်မလို့ပါ"

ဟု အင်္ဂလိပ်လို ပြောလိုက် သဖြင့် အဆင်ချောသွားရခြင်းပါ။

"အင်္ဂလိပ်စစ်ဗိုလ်က တစ် လမ်းလုံး ငါ့ကိုတွေးမွေးပြုစုသွား သကွ။ ငါတတ်နေတုန်း စားရတဲ့ (CHEESE) ချောတလက်၊ ပေါင်မုန့် တွေကို အလျှံပယ်ကျွေးသကွ။ ငါ့ကို လည်း မေးတယ်၊ ဂျပန်ဘယ်နှ ယောက်ကို သတ်ခဲ့သလဲတဲ့။ ဂျပန် သတ်ဇာတ်လမ်း ပြောပြရတာပေါ့ ကွာ။ မင်း အရင်တုန်းကတော လူ သတ်ဖူးလားတဲ့။ လွန်ခဲ့တဲ့ ၁၀ နှစ် လောက်က မားပြခေါင်းဆောင် ပေါအိ ဆိုသူကို သတ်ခဲ့ဖူးတယ်လို့ ပြောတော့ ဘာကြောင့်သတ်ရတာ လဲတဲ့။ လက် နက်ချခိုင်းတာ မချဘဲ သူကအရင် လက်နက်နဲ့ လှမ်းပစ်တဲ့ အတွက် မတတ်သာလို့ သေနတ်နဲ့ ပစ်သတ်လိုက်ရတာပါလို့ ပြော တော့ အဲဒီလိုလုပ်တာ တရားပါ တယ်ကွာ။ ငါ လူတွေအများကြီး သတ်ခဲ့ရတယ်။ စစ်တိုက်နေတာမို့ ရှေ့ကရန်သူကို မသတ်ခဲ့ရင် သူက သတ်မှာကွ။ စစ်နဲ့အချစ်တာ ဘာ လုပ်လုပ် တရားတယ်ကွ"တဲ့။

ဖေဖေ သူ(BD.DAVID)နဲ့ အဖွဲ့ကျသွားသည်။ ဖေဖေကိုဖေခင် အလုပ်လုပ်ခဲ့သည့် (C.I.D)အင်းစိန် သို့ သတင်းပို့ အလုပ်ပြန်ထမ်းဆောင် ၍ ရက်ပိုင်းအတွင်း ဒါးပိန်မြို့သို့ ပြောင်းရွှေ့ တာဝန်ယူရ၏။ ၁၉၄၆ မတ်လ။

ဒါးပိန်တွင် တစ်နှစ် တာဝန် ထမ်းဆောင်ပြီးနောက် ၁၉၄၇ ခုနှစ်၊ မေလတွင် သက်န်းကျွန်းမြို့သို့ ပြောင်းရ၏။ ၁၉၄၇ ခုနှစ်၊ အောက် တိုဘာလအတွင်း အင်းစိန်မြို့သို့ ပြန်ပြောင်းရပြန်၏။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ၌ ဖေဖေ ရာထူးတစ်ဆင့် တိုး၏။ (D.Y.S.P) ရဲဝန်ထောက်ကြီး ရာထူး ဖြင့် ၁၉၄၈ ခုနှစ်၊ မတ်လ ၁ ရက်မှ ရွှေဘိုမြို့သို့ ပြန်လည်ပြောင်းခဲ့ရ တော့သည်။ ၁၉၄၈-၁၉၅၂ ခုနှစ် အထိ ခရိုင်ရဲဝန်ထောက်ကြီး ရာထူး ဖြင့် တာဝန်ယူပြီး ပင်စင်ယူလိုက် လေသည်။

(မှတ်ချက်) ကျွန်တော်၏ ဖေဖေ ဦးဖေခင် (အငြိမ်းစားရဲဝန် ထောက်/ခုံသမာဓိမြို့ဝန်၊ သူရဲ ကောင်းဘွဲ့ရ)ကိုယ်တိုင် ၁၉၅၇ ခုနှစ် က ပြောပြချက်အား ဆီလျော်အောင် ဝတ္ထုဆင်၍ ရေးသားရပေသည်။

**ရွှေဘို ဘာမထီခင်အောင်**



www.burmeseclassic.com


www.burmeseclassic.com



# ရွှေမင်းသမီးလေး ၏ တစ္ဆေရည်းစား

www.burmeseclassic.com

www.burmeseclassic.com



စိတ်အဖြစ်က မယုံကြည်နိုင်စရာ။

ရွှေစင် အိပ်ရာကလန့်နိုးတော့ ရွှေစင့်အိပ်ရာပေါ်မှာ သူ့ကိုတွေ့ရှိလိုက်ရခြင်းကြောင့် ဖြစ်ပါ၏။

ရွှေစင်ရှက်သည်။

သိပ်ရှက်သည်။

ညဦးပိုင်းကတည်းက ကိုယ့်အခန်းထဲမှာကိုယ်မို့ လွတ်လပ်ပေါ့ပါးစွာပင် အိပ်ရာထဲဝင်ခဲ့သည်။

လွတ်လပ်ပေါ့ပါးစွာ ဆိုတော့မှ။ တကယ့် လွတ်လပ်ပေါ့ပါးစွာပင်။

ကိုယ့်အိပ်ခန်းထဲမှာကိုယ် အခန်းတံခါး ချက်လုံးအောင်ချပြီးမှ အိပ်ရသည်မို့ ညအိပ်ဝတ်ဆင်လေ့ရှိသည့် အဝတ်အစားကို တကယ့်ပေါ့ပေါ့ပါးပါးလေးပင် ဝတ်ဆင်ခဲ့သည်။

နွေညဖြစ်နေ၍ ပူအိုက်သော ရာသီမို့ ရှုံဇာအပါးစား ပန်းနုရောင်



www.burmeseclassic.com

www.burmeseclassic.com

အပေါ် အောက်ဝမ်းဆက် ညအိပ်ဝတ်စုံလေးကို ဝတ်ခဲ့သည်။ အထိန်းအချုပ်အဖြစ် ခက်ခဲသော ကြယ်သီးတွေပင် မတပ်ထား။ ပိုးလျှော့ကြိုးတစ်ချောင်းကိုသာလျှင် ခါးလည်မှ စည်းပတ်ထားခဲ့၏။

ဘေးစားပွဲ အလှပြင်ခုံပေါ်မှာ အလှပြင် ခေတ်မီပစ္စည်းများနှင့် ရောလျက် Tiger Export Beer သုံးပုလင်းကို တွေ့လိုက်ရခြင်းက သူမ၏ မယုံကြည်နိုင်မှုကို အံ့အားသင့်သွားစေသည်။

သူမ ညက ဘီယာတွေအကုန်လုံး သောက်ခဲ့မိပြီလား။ သောက်ကောင်းကောင်းနှင့်သောက်၍ မောင့်အတွက် ချန်မထားမိဘဲ အမူးလွန်သွားပြီလား။

ခြေရင်းဘက်ရှိ ရေခဲသေတ္တာမှာ ပွင့်နေသည်။ ရေခဲသေတ္တာကိုတောင် ပြန်ပိတ်မထားဖြစ်အောင် ရွှေစင်အမူးလွန်သွားခဲ့လေသလား။ ဒါဆို အိပ်ခန်းတံခါးကိုကော။

သူမ အိပ်ခန်းတံခါးကို ခုတင်ပေါ်မှ မဆင်းနိုင်သေးဘဲ အထိတ်တလန့် လှမ်းကြည့်မိလိုက်ပြန်သည်။ အိပ်ခန်းတံခါးက ပိတ်လျက်သားပဲ။

ပြီးတော့ ချက်ချလျက်သား။

ဒါဆို . . .

ဒီလူ . . .

ရွှေစင့် ခုတင်ပေါ်မှာ ရောက်နေတဲ့လူ . . .

တစ်ညလုံး ရွှေစင်နှင့်အတူ မြူးထူးပျော်ရွှင်စွာ ချစ်ခရီးလမ်းကြောင်းရှည်ကြီးကို အတူတူ အပေးအယူမျှမျှ လျှောက်လှမ်းလာခဲ့တဲ့သူ

သူ ဘယ်သူလဲ . . .။

ဘယ်သူကဖိတ်ခေါ်လို့ ရွှေစင့်ခုတင်ပေါ်ကို ရောက်လာရတာလဲ။ ရွှေစင် ဖိတ်ခေါ်ခဲ့တာ မဟုတ်။

ကိုယ့်ယောကျ်ားမှလွဲ၍ တခြားသူစိမ်းတစ်ရီးဆံ ယောကျ်ားနှင့်အိပ်ရန် အကျင့်စာရိတ္တမျိုး ရွှေစင့်မှာ မရှိခဲ့။ ဒါပေမယ့် အိပ်ခန်းတံခါးကို အတွင်းမှ သေချာတျနစွာ စိတ်ချရအောင် ချထားခဲ့မိသည်ဆိုတော့ ဆန္ဒသဘော တူညီမှုစွာဖြင့် ပိတ်ခဲ့ခြင်းမျိုး။ သူ့ကို ဝင်ခွင့်ပေးပြီးမှ အလိုတူအလိုပါ ပြန်၍ပိတ်ခဲ့လေသလား။

အို . . . မဟုတ်နိုင်တာ။

ဘယ်လိုမှ မဖြစ်နိုင်တာ။

ရွှေစင် သူမ၏ချစ်လင် ကိုကိုဇေမင်းခန့်မှလွဲ၍ တခြားဘယ်သူ့ကိုမှ မချစ်နိုင်တာ။ ရွှေစင့်အချစ်ကို အဘယ်သို့သော သပ္ပုရိသ ယောကျ်ားတစ်ယောက်ကိုမှ ပေးစပ်ဖို့ စိတ်ကူးလေးတောင် မရှိဘူးခဲ့တာ။

ဒါ . . . ဒါ . . . ဆို . . .

ရွှေစင်နှင့်အတူ တစ်ညလုံး ခုတင်ပေါ်မှာ အပျော်ကြီးပျော်၊ အကြည်နူးကြီး ကြည်နူးပြီး အတူတကွ အိပ်စက်ခဲ့သူက . . .

ရွှေစင် ကြိတ်မနိုင်ခဲမရ နာလိုခံခက် နှလုံးသား ကွဲအက်လုလုနှင့် ရုတ်ထရက် ငုံ့စောင်းကြည့်လိုက်သည်။

"အမယ်လေး . . အမေရေ့"

ရွှေစင် ထိတ်လန့်တကြား လန့်ဖျတ်ဟစ်အော်လိုက်မိသည်။ ကြောက်စရာ၊ လန့်စရာကြီး တစ်ခုခုကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

စောစောကတွေ့သည်။ အခုမတွေ့။ တစ်ညလုံး အတူတကွ ရှိနေခဲ့ကြသည်။ ခုတော့ မရှိ။

အဲဒီတော့ ဘယ်လိုဖြစ်နေတာလဲ။ ဘာတွေဖြစ်နေတာလဲ။

ကြောက်စရာ လန့်စရာကြီးတွေ့မှ ရွှေစင်လို ကြောက်လန့်တကြား အော်ဟစ်ရမှာလား၊ ထိတ်လန့်တုန်လှုပ်သွားရမှာလား။

ဒါပေမယ့် ခုတော့ . . .

ရွှေစင့်အဖြစ်က မယုံနိုင်စရာ။ ဘာမှမတွေ့ရတာကိုပဲ ကြောက်လန့်တကြား၊ အထိတ်တလန့် တုန်တုန်လှုပ်လှုပ်။ ရွှေစင့်အတွက်တော့ ကမ္ဘာပျက်သည့်နှယ် မခြား။

ခုမှ တွေးရှက်ပြီး ခုတင်ပေါ်အရှပ်ကြိုးပြတ်လဲကျကာ မွေ့ရာခေါင်းအုံးအပေါ် မျက်နှာအပ်၍ လူးလိမ့်ငိုချလိုက်မိလေပြီ။ ရွှေစင် ငိုရပေမည်။ ငိုသမှ သည်းသည်းထန်ထန် ငိုရပေမည်။

ရွှေစင့်လို မိန်းမချော မိန်းမလှလေးအဖို့ အသက်နှင့် လူလုပ်နေတာမဟုတ်။ အရှက်နှင့် လူလုပ်နေတာပဲ။ ပြီးတော့ ရွှေစင်က နာမည်တစ်လုံးနှင့် မိန်းကလေး။

သည်တော့ ထိုအရှက်နှင့် နွယ်လာသော ဖြစ်ရပ်ဆိုးကြီးအတွက် ရွှေစင်ယူကျုံးမရ ရင်ထုမနာဖြစ်ကာ သည်းထန်စွာ ငိုရှိုက်နေမိသည်မှာ



www.burmeseclassic.com

www.burmeseclassic.com

အိပ်ခန်းလုံလုံခြုံခြုံကလေး အတွင်းမှာ ရွှေစင့်ခန္ဓာကိုယ်ကလေး သိမ့်သိမ့်တုန်။

ရွှေစင့်အသည်းနှလုံးလေး ဆွေ့ဆွေ့ခုန်။

* * *

ဇေမင်းခန့် သူ၏ ပရိုဘောက်စ်ယာဉ်ကလေးကို ဗိုလ်မြတ်ထွန်းအိမ်ရာ လမ်းအတွင်းသို့ မောင်းဝင်လာစဉ်မှာ ည ၁၂ နာရီခန့် ရှိချေပြီ။

ကင်းရုံကလေးမှ သူတို့လမ်းသားတွေ စုပေါင်းငှားထားသော ကားကင်းစောင့် ဦးလေးကြီးသည် ကင်းရုံကလေးရှေ့မှာ မီးလှုံနေရာက သူကားမောင်းဝင်လာတာကို တွေ့တော့ ထရပ်ပြီး နှုတ်ဆက်သည်။

"မင်းသားကြီး ပြန်လာပြီလား။ ဒီညလည်း နိုက်ဂျူတီရှိတယ်နဲ့ တူတယ်"

"ဟုတ်တယ် ဦးတင်ဝင်း"

"ဒါဆို ကားတို ကားပါကင်ခန်း သွားထားမလား"

"မထားတော့ပါဘူးဗျာ။ ကျွန်တော့်မိန်းမက ဒေးရှူတင် သွားရဦးမှာ။ ကျွန်တော်တို့အခန်းအောက် ရှေ့မှာပဲ ရပ်ထားလိုက်တော့မယ်"

ဇေမင်းခန့် ဦးတင်ဝင်းကို အလိုက်သင့်ပြန်ပြောပြီး ကားကို ဘီးလိမ့်ရုံ ဆက်မောင်းလာခဲ့သည်။ ကားတွေသိပ်ရန်ထားသည့် အောက်ထပ်ခန်းသို့သွားလျှင် အချိန်ကြာနေမည်။

တိုက်ခန်းလေးခန်းခန့် အကျော် ဇေမင်းခန့်တို့၏ သုံးလွှာအခန်းအောက် တည့်တည့်နေရာလွတ်တွင် ဇေမင်းခန့် ကားကို ရပ်လိုက်သည်။

ကားစက်သော့ပိတ်ပြီး မှန်တံခါးခလုတ်များ တင်သည်။ ကူရှင်ပေါ်မှာ အသင့်တင်ထားသော အဝတ်အစားထည့် ဂျက်ကော့ အိတ်ကိုဆွဲ၍ ကားပေါ်မှဆင်းသည်။

ကားကလေးမှာ ဇေမင်းခန့်အတွက် တာဝန်ထမ်းဆောင်ပြီးလျှင် ဇေမင်းခန့် ဇနီးချောလေး မင်းသမီးရွှေစင်အိအတွက် နေ့ဘက်မှာ အသုံးတော်ခံရဦးမည်။

ဇေမင်းခန့် ဂျက်ကော့အိတ်ကြီးကိုလွယ်လျက် သူနှင့် သူ့ဇနီးရွှေစင်အိတို့ နေထိုင်ရာ ဗိုလ်မြတ်ထွန်းတာဝါ သုံးလွှာထပ်သို့ ပလက်ဖောင်းပေါ်မှ တစ်ချက်မော့ကြည့်သည်။ အထပ်မှာ ဆယ့်နှစ်ထပ်ဖြစ်သော်လည်း သုံးလွှာထပ်မှာ သူတို့လင်မယားနေသည်။

သုံးလွှာထပ်ပေါ်မှာ ခပ်ပါးပါးအလင်းရောင် ထွက်နေသည်။ အိမ်ရှေ့ဧည့်ခန်း မီးခပ်မှိန်မှိန် ထွန်းထားခြင်းအားဖြင့် ဇနီးသည်ရွှေစင်အိ အိပ်၍ကောင်းတုန်း ရှိပေဦးမည်။

သူတို့နေထိုင်ရာ အိမ်ရာတိုက်ခန်း အသစ်တွေက ခေတ်မီတိုက်ခန်းတွေဖြစ်၍ ဝရန်တာ၊ ဘုရားခန်းနှင့်တွဲလျက် ဧည့်ခန်း၊ အိပ်ခန်းနှစ်ခန်း၊ ထမင်းစားခန်း၊ ချက်ပြုတ်ခန်း၊ ရေချိုးခန်း၊ အိမ်သာခန်းများ ပြည့်စုံစွာပါရှိပြီး သူတို့ဇနီးမောင်နှံ နှစ်ယောက်သည် အိပ်ခန်းနှစ်ခန်းအနက် တစ်ယောက်တစ်ခန်း သီးခြားအိပ်ကြသည်။

ဧည့်သည်ရောက်လာသည့်အခါ သိပ်မရင်းချာလျှင်တော့ ရန်ကုန်ထုံးစံ တည်းခိုခန်းသို့ညွှန်၊ မိဘသားချင်းညီအစ်ကိုမောင်နှမလို ဆွေမျိုးတွေလာလျှင်တော့ အိပ်ခန်းနှစ်ခန်းအနက် သူက မိန်းမအခန်းသို့ပြောင်း၊ တစ်ခန်းတည်းပေါင်းအိပ်။ ဒါက တစ်ခါတစ်ရံမျှ။

ရန်ကုန်မြို့သည် နှစ်ကြာလေ တိုက်တန်းများ ကျဉ်းချုံ့သွားပြီး မိသားစုတစ်စုနေဖို့ထက် လင်တိုယ်မယားနှစ်ယောက်တည်းသာ နေဖို့လောက်သာ သင့်သော ကျဉ်းကျပ်သော 'ခိုအိမ်'ကလေးတွေ၊ ပျားအုံကဲ့သို့သော အကန့်လေးတွေ ဖြစ်လာ၏။

ဒါပေမည့် မြန်မာပြည်၏ စီးပွားရေးအချက်အချာ မြို့တော်ကြီးဖြစ်၍ လူဦးရေ ထူထပ်မြဲထူထပ်နေသည်။ ဆင်ခြေဖုံးမြို့သစ်တွေ ဘယ်လိုအကွက်ရိုက်ရိုက် လူဦးရေ တိုးပွားမြဲတိုးပွားနေသည်။

ပြီးတော့ မြို့လယ်ခေါင်ဟု သတ်မှတ်ထားသော ဗိုလ်တထောင်မြို့နယ်လိုဒေသမှာ တိုက်ခန်းဈေးတွေကလည်း ကြီးမြင့်သဖြင့် တော်ရုံတန်ရုံလုပ်ငန်းနှင့် စီးပွားမရှာနိုင်လျှင် နေထိုင်၍ မရနိုင်။

ခုတော့ . . ဇေမင်းခန့်တို့ မယားနှစ်ယောက်စလုံး

www.burmeseclassic.com

ကောင်းကြသည်။

ဇေမင်းခန့်သည် ရုပ်ရှင်ခေတ် တစ်ခေတ်ကို မှီခို၍ ဒုတိယမင်းသား အဖြစ် သရုပ်ဆောင်ခဲ့ရာက ယခု ဗီဒီယိုခေတ်တွင် အရေးပေါ်အရာ ရောက်သော ဇာတ်ဆောင်အဖြစ် ကားတွေ များများရိုက်နေရ၍ ဝင်ငွေကောင်းသည်။

တစ်ကားကို သုံးသိန်းခွဲမှ လေးသိန်းယူ၍ ဆယ်ကားဆိုလျှင် တစ်လဝင်ငွေ သိန်းလေးဆယ်။ ကြော်ငြာတွေ ဘာတွေ ရိုက်ရပြီဆိုလျှင် ဒီ့ထက်ငွေပိုရသည်။

မင်းသားမင်းသမီး ဖအေခန်း၊ လူဆိုးဂိုဏ်းခေါင်းဆောင်၊ ဂိုဏ်းစတား ဗီလိန်မင်းသားကြီး၊ တစ်ခါတစ်ရံ တက်သစ်စ မင်းသားများနှင့် အပြိုင် သရုပ်ဆောင်နိုင်၍ ကားရိုက်များသူ၊ ဇာတ်ပို့ကောင်း သရုပ်ဆောင်ကောင်း မင်းသားကြီး။

ဇေမင်းခန့်၏ ဇနီးသည် မင်းသမီးရွှေစင်အိမှာလည်း (မင်းသမီးက နာမည်အတိအကျ ဖော်မရေးပါနှင့်ဆရာဟု တောင်းပန်ထား၍ သရုပ်ဆောင် လင်မယားနှစ်ယောက်၏ နာမည်မှန်ကို လွှဲ၍ရေးထားသည်။) သူ့ခင်ပွန်းသည်ကဲ့သို့ ဗီဒီယိုရုပ်ရှင်ကားတွေကို ရိုက်နေရသည်။ ကုန်ပစ္စည်းစီးပွားရေး ကြော်ငြာတွေလည်း အများကြီး ရိုက်နေရသည်။

မင်းသမီး ရွှေစင်အိက သူ့ယောကျ်ားထက်သာသည်မှာ အရွယ်က ပိုငယ်ပြီး အသားအရေ ဖြူဝင်းပဖွံ့ထွားစိုပြည်တောင့်တင်းသော ခန္ဓာကိုယ်အချိုးအဆစ်ကြောင့် နာမည်တက်နေသေးသော မင်းသမီးငယ်များနှင့်အပြိုင် သရုပ်ဆောင်နိုင်၍ ဈေးပိုရပြီး ကားရိုက်လည်း ပိုများသည်။ ဝင်ငွေအားဖြင့်လည်း သူ့ယောကျ်ားမင်းသားကြီးထက် ပိုသာသည်။

လင်မယားနှစ်ယောက်ပေါင်း ဝင်ငွေကောင်းသဖြင့် မြို့လယ်ကောင် ခေတ်မီကွန်ဒိုမီယံတိုက်ခန်းမှာ အဆင့်မြင့်မြင့် နေနိုင်သည်။ ကိုယ်ပိုင်ကားလည်း စီးနိုင်သည်။

နှစ်ယောက်စလုံး ဗီဒီယိုဖြစ်စေ၊ ရုပ်ရှင်ကားကြီးဖြစ်စေ ရိုက်ရက်မပြတ်ရှိနေ၍ တစ်ခါတစ်ခါတွင် တစ်ပတ်ခုနစ်ရက်ခန့်ပင် မဆုံကြရ။ ဒါက ရန်ကုန်ရိုက်ကွင်းမှာ ရှိနေစဉ်ဖြစ်၏။ သည်ကြားထဲ ကြော်ငြာဖောက်ရိုက်ရလျှင် ပိုတကွဲတပြားဖြစ်ရသည်။

တစ်ယောက်ယောက် နယ်ထွက်ကားရိုက်ကြရပြီဆိုပါက တစ်လကိုးသီတင်းပင် ကြာသွားပြီး မဆုံရတာတွေလည်း ရှိသေးသည်။

ခင်မင်နေသော ပရိုဂျူဆာ ထုတ်လုပ်သူများနှင့် ကားရိုက်လျှင်မူ ဇေမင်းခန့် ဂျိကျ၍ နှစ်ယောက်စလုံး တစ်ကားထဲအတူတကွ သရုပ်ဆောင်ပြီး ရိုက်ကြရတာတွေရှိ၏။ ဒါမှ လင်မယားနှစ်ယောက် အတူတူနေကြရသည်။

တစ်ခါတစ်ခါတွင် သရုပ်ဆောင်ဇာတ်ရုပ်ခွဲပုံချင်း မတူ၍ ရွှေစင်အိက တက်သစ်စမင်းသား၏ ချစ်သူဖြစ်နေပြီး သူ့ယောကျ်ား ဇေမင်းခန့်က မင်းသားအဖေ၊ မင်းသမီး၏ယောက္ခမ လူကြမ်းကြီးအခန်းကနေ ဝင်ရိုက်ရတာတွေ ရှိသေးသည်။

**အမှန်မှာက**
**မင်းသမီးက**
**ရိုင်းသည်မဟုတ်။**
**သူ့သားနှင့်**
**အဆင့်အတန်းမတူ**
**ခွဲခြားပြီး မပေးစားနိုင်**
**သော မင်းသားအဖေ**
**လူကြမ်းဇာတ်ပြိုင်၏**
**အပြုအမူက**
**ပိုရိုင်းသည်။**

အဲဒီမှာ သူတို့လင်မယား သရုပ်ဆောင်တာတွေ၊ စကားပြော ဒိုင်ယာလော့တွေကြည့်ပြီး အကြောင်းသိတွေအတွက် ဟာသကားမဟုတ်ဘဲ ရယ်ရတာတွေ ရှိသည်။ အမှန်တော့ ဇာတ်လမ်းက ဇာတ်ကြမ်း။

ဇာတ်ဝင်ခန်းထဲမှာ ရွှေစင်အိရဲ့ ယောကျ်ားဖြစ်သော ဇာတ်ပို့လူကြမ်းမင်းသားကြီးဇေမင်းခန့်က မင်းသမီးနှင့် သူ့သားအဖြစ် သရုပ်ဆောင်သူ မင်းသားကို သဘောမတူဘဲ မပေးစားလိုသောအခန်းမှ စကားပြောတွင် –



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ မိန်းကလေး၊ မင်းလို ဘယ်ကဘယ်လို အုတ်ကြားမြက်ပေါက် ခြေခြေမြစ်မြစ်မရှိတဲ့ လမ်းပေါ်ကဟာမလို အစားနဲ့ ငါ့သားလို ရွှေလင်ပန်းနဲ့ အချင်းဆေးပြီး မွေးလာတဲ့ ပညာတတ်ဘွဲ့ရ သူဌေးသားနဲ့ တူရဲ့လား၊ တန်ရဲ့လား စဉ်းစားမှပေါ့။ မင်းဟာ ပိုင်းလုံးမပဲ။ ငွေမက်လို့ ငါ့သားကို အမိဖမ်းတာ မဟုတ်လား။ မင်း ငါ့သားကို ဒီနေ့ကစပြီး ရှောင်ပေးပေတော့။ ဟောဒီမှာ မင်းအတွက် ရှောင်ပေးခငွေ"

"ဒီမှာ ဦး . . . ဦးက အောင်မြင်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်နေတော့ ငွေစကားကို ပြောသလား၊ ကျွန်မက ဆင်းရဲပြီး အနေစုတ်ပေမယ့် စိတ်ယုတ်မာမွေး ငွေမက်တဲ့အစားထဲက မဟုတ်ဘူးရှင့်။ ကျွန်မချစ်တဲ့မောင့်ကို ရှောင်ပေးဆိုရင် ရှောင်ပေးမယ်။ ဦးလို လူယုတ်မာကြီးပေးတဲ့ ဟောဒီငွေတွေကို မက်တဲ့အစားထဲမှာ ကျွန်မမပါဘူး။ ရှင်ပေးတဲ့ငွေ ရှင့်ကူးတို့ခအတွက် လုံလောက်အောင် ပြန်ယူသွား"

"ဖျန်း"

မင်းသမီးက မင်းသားအဖေ သူဌေး၏မျက်နှာအား ပေးသည့်ငွေထုပ်ကိုကောက်၍ ပြန်ပစ်ခဲ့သည့် အခန်းမျိုး။

ထိုကား၏ဇာတ်လမ်းကို သိမထားသူတွေဆိုလျှင် မင်းသမီးအဖြစ် သရုပ်ဆောင်သူ ရွှေစင်အိကို ရိုင်းသည်ဟု ထင်ကြလိမ့်မည်။

အမှန်မှာက မင်းသမီးက ရိုင်းသည်မဟုတ်။ သူ့သားနှင့် အဆင့်အတန်းမတူ ခွဲခြားပြီး မပေးစားနိုင်သော မင်းသားအဖေ လူကြမ်းဇာတ်ပြိုင်၏ အပြုအမူက ပိုရိုင်းသည်။

မင်းသားအဖေသည် လမ်းပေါ်မှာ ကြုံဆုံခဲ့ရသော အိမ်ပြေးမလေးကိုခေါ်လာပြီး သူ့အိမ်မှာ အိမ်ဖော်မကျ၊ မွေးစားသမီးမကျ ထားရာက တိတ်တိတ်ပုန်း အနိုင်ကျင့်စော်ကားထားသည်။

သူ့သား နိုင်ငံခြားကပြန်ရောက်လာသော မင်းသားက ထိုမိန်းကလေးကို ချစ်ကြိုက်ပြီး အတင်းကြံရာက ငြိစွန်းသွားကြသည်။

ဖအေသူဌေးကြီးနှင့် ငြိစွန်းတော့ သူဌေးကြီးက မင်းသမီးကို ကာလေကချေတွေ၊ အုတ်ကြားမြက်ပေါက်တွေ လုပ်မနေ။ ငမ်းငမ်းတက်သာယာမက်မောသည်။ သူ့သားနှင့် ငြိစွန်းတာကိုလည်း သိသွားရော . .

ပရိသတ်ကို လူလူချင်း အဆင့်အတန်း ခွဲခြားကြရာတွင် ဘာကို အဓိကထားကြပါသလဲ ဆိုတာကို ဇာတ်ကွက်အားဖြင့် သရော်သော ဇာတ်သိမ်းမျိုး။

ထို . . ထိုသို့သော လင်မယားနှစ်ယောက် ဇာတ်ရုပ်ကွဲပြားမှုအား အပြိုင်အဆိုင် အချိုအချဉ်သရုပ်ဆောင်ကြရတာတွေလည်း ရှိသည်။

ဤကဲ့သို့မှ မဟုတ်ဘဲ တစ်ခါတစ်ခါ ရိုက်ရသည့် ကုမ္ပဏီချင်း ဒါရိုက်တာချင်း၊ သရုပ်ဆောင်မင်းသားချင်း မတူပြန်လျှင်လည်း မဆုံဖြစ်ကြပြန်။

ရွှေစင်အိက သန်လျင်ရိုက်ကွင်းမှာ၊ ဇေမင်းခန့်က မှော်ဘီရိုက်ကွင်းမှာ။ ရန်ကုန်ရိုက်ကွင်း၏ တောင်ဘက်စွန်းအရပ်နှင့် မြောက်ဘက်စွန်း အရပ်။

အဲဒီလို အခါမျိုးမှာ ကားက တစ်စီးတည်းရှိလေတော့ ဇနီးသည် ရွှေစင်အိကို ကားပေးလိုက်ရသည်။

မင်းသားကြီး ဇေမင်းခန့် ရှုတင်လာခေါ်သည့်ကားကို အားကိုး၊ ဒါမှမဟုတ် အခေါ်လွှတ်သည့် တက္ကစီနှင့်လိုက်။

ဒီနေ့လည်း ရန်ကုန်ရိုက်ကွင်းမှာရှိပါလျက် လင်မယားနှစ်ယောက် ရန်ကုန်ရိုက်ကွင်း အချိန်တွေက လွဲနေပြန်သည်။ ဇနီးသည် ရွှေစင်အိက ဒေးရှူတင်။ ယောကျ်ားဖြစ်သူ ဇေမင်းခန့်က နိုက်ရှူတင်။

ဒေးရှူတင်စောစောပြီး၍ ရွှေစင်အိကားနှင့် အိမ်အပြန် သူက နိုက်ရှူတင်အတွက် ထိုကားဖြင့်ပင် ပြန်ပြီး ရိုက်ကွင်းသို့ သွားရသည်။

လင်မယားနှစ်ယောက် အဝင်အထွက် မွှေးမွှေးပေးရ၊ အနမ်းပန်းဆက်သကြပြီး ခွဲကြရမည့် ရက်တွေထဲက တစ်ရက်။

နှစ်ယောက်သား အိမ်မှာ ပြန်ဆုံရမည့်အချိန်တွေတို့ တမ်းတမ်းတတ။ လင်မယားနှစ်ယောက်စလုံး ရုပ်ရှင်ဗီဒီယိုရိုက်ကွင်း သွားရင်တွေ့ကိုတော့ တိုင်ပင်မထားဘဲ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

**"ကျွန်တော့်နားနဲ့ ဆက်ဆက် အော်သံတွေ၊ တိုက်ပေါ်က ပြုတ်ကျသံတွေကို ကြားလိုက်ရတာပါဗျာ။ ခုတော့ ဘာမှမတွေ့တဲ့အပြင် သွေးစသွေးနတောင်မှ မကျန်တာ အံ့ဩစရာကြီးပါပဲ ဦးလေးသန့်ရယ်"**

သား အတူတူနေထိုင်ကြဖို့အရေး ညှက်ကူကြသည်။

"အချစ်ရေ . . . မောင်တို့လင်မယားနှစ်ယောက် အိမ်မှာအတူတူဆုံကြပြီး လက်ဆုံမစားကြရတာ ကြာပြီကွာ။ တစ်ယောက်ကိုတစ်ယောက်ကြာတော့ မှတ်တောင် မမှတ်မိချင်တော့ဘူး။ ခု ရန်ကုန်မှာ တစ်ကားတည်း ဗီဒီယိုရိုက်နေကြတုန်းမှာ"

"ဟွန်း . . . ကိုသဲပိုက သဲပိုလိုက်တာ။ ရန်ကုန်မှာ တစ်ကားတည်း အတူတူရိုက်နေကြရတော့ ဘာဖြစ်သလဲ"

ရွှေစင်အိက သူ့ယောကျ်ားအကြောင်း အစင်းသိ အတွင်းသိနေသူပီပီ ချစ်မျက်စောင်းကလေးသိ၍ မခို့တရို့လေး ပြောလိုက်သဖြင့် ဝါရင့်သရုပ်ဆောင်ကြီးပင် ဖြစ်သော်လည်း အသွေးအသား၊ အသည်းနှလုံးနှင့် ဖွဲ့စည်းထားသော ဇေမင်းခန့်လို ငနဲကြီး၏ အသည်းပြင်ကို ရွှေစင်အိ ဒေါက်မြင့်ဖိနပ်ချွန်စီး၍ ဖြတ်ပြေးသလို တစူးစူး တနင့်နင့် မချင့်မရဲ ခံစားသွားရသည်။

"အဟင်း . . ဟင်း . . မောင်ပြောချင်တာက ရန်ကုန်မှာ ရိုက်ကွင်းဆုံနေတုန်းပေမယ့် ဒေးရှူတင်နဲ့ နိုက်ရှူတင် မဆုံလို့ ရွှေစင်နဲ့မောင် မဆုံရပေမယ့် ရိုက်ကွင်းမှာ ကိုယ့်ဆင်း(SEENE)ကိုယ် အမြန်ပြီးအောင် ဒါရိုက်တာကို ပြောဖြတ်ပြီး အိမ်ကို စောစောပြန်လာပြီး ဆုံကြမယ်လို့"

"ဒါရိုက်တာက မောင့်သူငယ်ချင်း ဆရာမျိုးဇော်အောင်ပဲဟာ။ ပြောပြီး ကိုယ့်ဆင်းတွေပြတ်အောင် ဖြတ်ပြီး အိမ်ကို စောစောပြန်လာကြတာပေါ့။ ရွှေစင်ကတော့ ဒီနေ့ ၅ နာရီမထိုးခင် ပြတ်မယ်ထင်တယ်"

"ဒါဆို မောင်လည်း ရွှေစင်ပြန်အရောက် အဲဒီရှူတင်ကို ကားနဲ့ပြန်ပြေး၊ ဒီည ၁၂ နာရီမထိုးခင် ရိုက်ခိုင်းပြီး ပြန်လာခဲ့မယ်"

လင်မယားနှစ်ယောက်မှာ ခေတ်မီသူများဖြစ်၍ တစ်ယောက်နှင့်တစ်ယောက် နားလည်မှုယူကြပြီး ထိုနေ့ညရှူတင်မှ စောစောပြန်ရောက်ရေးအတွက် ဆွေးနွေးထားခဲ့ကြပြီးသားလည်း ဖြစ်၏။

ခုတော့ ဇေမင်းခန့် သူဖြစ်စေချင်သလို သူ့သူငယ်ချင်း ဒါရိုက်တာ မျိုးဇော်အောင်ကြီးကို ဘီယာနှင့် လာဘ်ထိုး၍ ထိုညအတွက် သူပါသည့် ဆင်းတွေ အမြန်ပြတ်အောင် ရိုက်ခိုင်းသည်။

"ကောင်ကြီး . . . နင်မုန်ယိုနေတာ ငါသိပါတယ်။ ငါကိုတော့ အစွယ်နဲ့မထိုးနဲ့၊ ချိုနဲ့မဝှေ့နဲ့၊ အမြီးနဲ့မရိုက်နဲ့။ ဒီညတော့ နင်မြန်မြန်ပြန်ရအောင် နင့်ဆင်းတွေ အပြတ်ဖြတ်ပေးပါ့မယ်"

သည်လိုနှင့် ဇေမင်းခန့် တစ်ယောက် နိုက်ရှူတင် ရိုက်ကွင်းမှ သူတို့တိုင်ပင်ထားသည့်အတိုင်း ည ၁၂ နာရီတွင် ချိန်ကိုက်ပြန်ရောက်လာခဲ့ပြီ။

တိုက်အောက်ထပ် လှေကားရင်းအရောက် ညရေးညတာအတွက် ဆောင်ထားသော အိတ်ဆောင်ဝီစကီပုလင်းပြားကလေးကို ဂျင်းဂျက်ကင်အိတ်ထဲမှထုတ်၍ တစ်ငုံမော့သောက်လိုက်သည်။

"မောင့်အချစ်လေး ရွှေစင့်အတွက်"

ပါးစပ်မှ မျှော်လင့်ကျေနပ်စွာ ပြောလိုက်မိပြီးနောက် မစို့မပို့နှင့် မတင်းတိမ်သေး၍ နောက်တစ်ငုံ မော့သောက်လိုက်ပြန်သည်။

"ဒီတစ်ငုံက မိန်းမငယ်ငယ်လေးရထားတဲ့ မောင့်အတွက်"

ကိုယ့်ကိုယ်ကို ပြန်လည်ဂုဏ်ပြုပြီး ရေရွှတ်ကာ တိုက်ပေါ်သို့ လှေကားအတိုင်း ပျော်မြူးစွာ တက်လှမ်း

www.burmeseclassic.com

လာခဲ့သည်။

သို့နှင့် အပေါ်ထပ်တစ်ထပ်သို့ ပင် မရောက်သေး . . .။

* * *

"ဘုန်း"

"ဝုန်း . . ဝုန်း"

"အုန်း"

အပေါ်ထပ် တစ်နေရာမှ လူတစ်ယောက် ပြုတ်ကျလာပြီး သမံတလင်းပေါ် ဆန့်ဆန့်ကြီး ဖြစ်နေသည်ကို တွေ့လိုက်ရပြီး သူတို့နေသော သုံးလွှာအခန်းမှ သူ့မိန်းမ ရွှေစင်၏ စူးစူးရှရှ ကြောက်လန့်တကြား အော်ဟစ်လိုက်သံကြီးကို တစ်ဆက်တည်းလိုလို ကြားလိုက်ရလေသည်။

"အောင်မယ်လေးရှင့် ကယ်ကြပါဦး"

ဇေမင်းခန့် တိုက်ပေါ်မှ ပြုတ်ကျလာသူကို ဆင်းပြီးပြန်လှည့်ကြည့်ရမလို၊ အော်သံကြားလိုက်ရသည့် သူ့မိန်းမရွှေစင်အိရှိရာသို့ ပြေးတက်ရမလိုလို ဖြစ်နေရာက သုံးလွှာရှိ သူ့မိန်းမအခန်းဆီသို့ ဒရောသောပါး အပြေးတက်လာခဲ့မိတော့သည်။

ဇေမင်းခန့် သုံးလွှာရှိ သူ့အခန်းရှေ့သို့ အခန်းတံခါးမှာ ပိတ်ထားဆဲရှိနေသေး၍ စိတ်ပူစွာဖြင့် ပိတ်ထားသော တံခါးကို ထုသည်။

"ဒုန်း . . . ဒုန်း"

"ဒုန်း . . . ဒုန်း"

ပြီးတော့ ပါးစပ်မှလည်း သူ့မိန်းမရွှေစင်အိနာမည်ကို စိုးရိမ်တကြီး အော်ခေါ်နေမိသည်။

"ရွှေစင်"

"ရွှေစင် . . . တံခါးဖွင့် . . . တံခါးမြန်မြန်ဖွင့်"

အခန်းထဲတွင် ကြောက်လန့်ချောက်ချားနေသောရွှေစင် သူ့မယောကျ်ား ဇေမင်းခန့်၏အသံကို ကြားလိုက်ရတော့ အလျင်အမြန်ပင် တံခါးရှိရာသို့ ပြေးလာပြီး ဖွင့်ပေးလိုက်မိသည်။

ယောကျ်ားဖြစ်သူ ဇေမင်းခန့်ကို မြင်လိုက်ရမှ စောစောက တင်းထားသောစိတ်ကို လျှော့ချလိုက်ဟန်တူသည်။

"အောင်မယ်လေး မောင်ရယ်"

အိမ်ပေါက်ဝမှ ရပ်လာသော ယောကျ်ားဖြစ်သူကို အားကိုးတကြီး လှမ်းဖက်ကာ ပျော့ခွေလဲကျသွားလေ၏။

ဇေမင်းခန့်က စိုးရိမ်တကြီး တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိသည်။ ထိုစဉ် မင်းသမီးရွှေစင်အိ အော်သံနှင့် ဇေမင်းခန့်တို့၏ လှုပ်ရှားမှုကြောင့် မျက်နှာချင်းဆိုင်အလွှာမှ မိသားစုဝင်များပါ နိုးလာပြီး တံခါးများဖွင့်၍ စူးစမ်းကြသည်။

"ဘာ . . . ဖြစ်တာလဲ"

"ဘာကူညီရမလဲ"

မေးမြန်းစူးစမ်း ကြသူများကို ကျေးဇူးတင်စရာ ကောင်းလှ၏။

ရန်ကုန်လိုမြို့ကြီးမျိုးတွင် တိုက်ခန်းနီးချင်းများ ကိုယ့်ဘာသာကိုယ် နေထိုင်တာ များကြသည်။ ထို့အတူ မေးမြန်းဖော်ရသည်မှာ ရှားရှားပါးပါး။

"ကျွန်တော် လှေကားပေါ် တက်အလာ။ ပထမထပ်လည်းရောက်ရော အပေါ်ထပ်က လူတစ်ယောက် ပလက်ဖောင်းပေါ် ပြုတ်ကျလာသံကို ကြားရပြီး ကျွန်တော့်မိန်းမ အော်သံကိုပါကြားရလို့ ပြေးတက်လာခဲ့တာ။ ဘာတွေဘယ်လို ဖြစ်တယ်ဆိုတာ ကျွန်တော့်မိန်းမကိုမေးမှ သိရတော့မှာပဲ"

ဇေမင်းခန့်က သူကြုံရသမျှကို အမှန်အတိုင်း ရိုးရိုးသားသား အဖြေပေးသည်။

သို့သော် သူ့မိန်းမ မင်းသမီး ရွှေစင်အိကမူ . . .

"အို မောင်ရယ်။ ရွှေစင် လန့်ဖျပ်ပြီး အော်လိုက်မိတာတော့ မှန်ပါတယ်။ လူတစ်ယောက် ရွှေစင့်တို့ အခန်းကနေ အောက်ကိုပြုတ်ကျသွားတယ်ဆိုတာကတော့ မဟုတ်နိုင်ပါဘူး။ တခြားအခန်းတွေကလည်း ဖြစ်နိုင်တဲ့ဟာ"

ရွှေစင်အိအဖြေက ယောင်ဝါးဝါး နိုင်လှသည်။

အကူအညီပေးရန် မေးမြန်းနေသော အိမ်ရှေ့ခန်းမှ မိသားစုတို့ပင် မင်းသားကြီးဇေမင်းခန့် အားတုံ့အားနာ ဖြစ်သွားရသည်။

အိမ်ရှေ့ခန်းနေ မိသားစုအကြီးအကဲမှာ ဇေမင်းခန့်ထက် အသက်ငါးနှစ်ခန့် ကြီးမည်ဖြစ်သော ဦးလေးအရွယ်၊ အစ်ကိုကြီးအရွယ်၊ အရှား



www.burmeseclassic.com

www.burmeseclassic.com

က ဦးလေးသန့်ဟု လေးစားသမှုနှင့် ခေါ်နေကြသော အကောက်ခွန်အရာရှိကြီး ဖြစ်သည်။

ဦးလေးသန့်သည် ဗိုလ်မြတ်ထွန်းအိမ်ရာ စတင်ဆောက်ကတည်းက နေထိုင်လာခဲ့သူဖြစ်၍ အားလုံးက စုပေါင်းပြီး အခန်းလူကြီးအဖြစ် တင်မြှောက်ထားသူဖြစ်၏။

ဦးလေးသန့်သည် လင်မယားနှစ်ယောက်၌ စကားအဆက်အစပ်ကို ခေတ္တမျှစဉ်းစားပြီး သူ့နောက်ဘက်မှာရပ်နေသော ဦးလေးသန့်ကတော် ဒေါ်ညိုမိလှိုင်ဘက် လှည့်၍ ပြောသည်။

"ညိုမိ . . ဟိုကိစ္စမျိုး ထပ်ဖြစ်ပြန်ပြီနဲ့တူတယ်။ မင်းက မင်းတူမ ရွှေစင်အိနဲ့ သူ့အခန်းထဲ ပြန်ဝင်ပြီး ဖြစ်ပျက်သမျှကိုမေးပြီး အားပေးဖျောင်းဖျတာတွေ လုပ်စမ်း။ ကိုယ်နဲ့ ကိုဇေတို့ အောက်ထပ်ပြန်ဆင်းပြီး ကိုဇေပြောသလို လူတစ်ယောက်တကယ် တိုက်ပေါ်က ပြုတ်ကျမကျ သွားကြည့်လိုက်မယ်နော်။ ကိုယ်တို့ ပြန်လာမှ ရွှေစင့်အခန်းကနေ မင်းပြန်။ ကိုယ်တို့ ပြန်မလာမချင်း မပြန်နဲ့နော်"

ဦးလေးသန့်သည် အခန်းလူကြီး ပီသလွန်းနေသည်။ သူတစ်ပါးကိစ္စကို ကိုယ့်ကိစ္စလို သဘောထားပြီး ကူညီဖို့ ကြိုးစားနေလေသည်။

ဦးလေးသန့်ကတော် ဒေါ်ညိုမိလှိုင်မှာ ရန်ကုန်အရှေ့ပိုင်း ဆေးရုံမှာ သူနာပြုဆရာမကြီးဖြစ်ပြီး တစ်ပါးသူကို ကူညီစိတ်အပြည့်ရှိ၍ သူ့ခင်ပွန်းသည်ပြောသည့်အတိုင်း ရွှေစင်အိကို ပွေ့ဖက်ဖျောင်းဖျ ဖြေသိမ့်ရင်း ရွှေစင်အိအခန်းထဲသို့ဝင်ရောက်သွားသည်။

အတွင်းဘက်မှ တံခါးပိတ်၊ ချက်ချလိုက်မှ ဦးလေးသန့်နှင့်အတူ မင်းသားကြီး ဇေမင်းခန့်တို့ တိုက်အောက်သို့ လှေကားအတိုင်း ဆင်းလာခဲ့ကြသည်။

ဦးလေးသန့် လက်ထဲမှာ ဟန်းဖုန်းပါသလို ဇေမင်းခန့် ဂျက်ကင်အိတ်ထဲမှာလည်း ဟန်းဖုန်းတစ်လုံးရှိနေ၏။

သူတို့နှစ်ယောက် တိုက်အောက်ထပ်သို့ရောက်သွားသောအခါ ပလက်ဖောင်းပေါ်မှာ ဇေမင်းခန့်ရပ်ထားသော ကားကလေးတစ်စီးမှလွဲပြီး အခြားမည်သည့်အရာကိုမျှ မတွေ့ကြရချေ။ ဒါကိုပင် ဇေမင်းခန့် အံ့အားသင့် နေရသည်။

ဇေမင်းခန့် ဘေးဘီကို အကဲခတ်ကြည့်ရင်း မယုံနိုင်သလို ပြောသည်။

"ကျွန်တော့်နားနဲ့ ဆက်ဆက်အော်သံတွေ၊ တိုက်ပေါ်က ပြုတ်ကျသံတွေကို ကြားလိုက်ရတာပါဗျာ။ ခုတော့ ဘာမှ မတွေ့တဲ့အပြင် သွေးစသွေးနတောင်မှ မကျန်တာ အံ့ဩစရာကြီးပါပဲ ဦးလေးသန့်ရယ်"

ဦးလေးသန့် ခေါင်းကိုတဆတ်ဆတ်ညိတ်ရင်းက အေးဆေးစွာဖြင့် ဇေမင်းခန့်ကို ဖျောင်းဖျပြောပြရန် ပြင်သည်။

"ကိုဇေရေ . . . စိတ်ကိုခိုင်ခိုင်ထားပေတော့။ ကိုဇေတို့ ခုငှားနေတဲ့အခန်းဟာ ရာဇဝင်ရှိတဲ့ အခန်းပဲ။ အဲဒီအခန်းမှာ အရင်က နယ်ကနေတက်လာတဲ့ ကောင်လေးသုံးယောက် လာငှားနေခဲ့ဖူးတယ်။ သူတို့မိသားစု အဆက်အနွယ်တွေကတော့ ဘိန်းရာဇာအဖြစ် နာမည်ကြီးနေတဲ့သူတွေပဲ။ တစ်နေ့တော့ အဲဒီအခန်းထဲမှာ ကောင်လေးတစ်ယောက် ဆေးသုံးရင်း စိတ်ဖောက်သွားတယ်နဲ့တူတယ်။ ခုလို ညကြီးသန်းခေါင်ကျော်မှာ တိုက်ပေါ်ကနေ ခုန်ချပြီး သတ်သေသွားတယ်ကွဲ့။ အဲဒီကောင်လေးလည်း သတ်သေသွားရော ကျန်တဲ့ကောင်လေးနှစ်ကောင်ပါ လူပျိုလူလွတ်တွေဆိုတော့ ချက်ချင်း ပြောင်းသွားကြတော့တာပဲ။ တို့မြန်မာထုံးတမ်းစဉ်လာအရ ရက်လည်ဆွမ်းလေး ဘာလေးတောင် ကျွေးသွားဖော်မရဘူး။ ဒါကြောင့် ခုန်ချသတ်သေသွားတဲ့ကောင်လေးဟာ မကျွတ်မလွတ် ဖြစ်နေပုံရတာပါပဲကွယ်"

ဦးလေးသန့်၏ ပြောပြချက်ကို ကြားရပြီး အံ့ဩတုန်လှုပ်နေသော မင်းသားကြီးဇေမင်းခန့်မှာ သူ့ဇနီးချစ်ကလေး ရွှေစင်အိနှင့် အိပ်ခန်းထဲမှ ဖြစ်စဉ်ကြီးကို ထပ်မံကြားသိရမည် ဆိုပါလျှင် မည်သို့ဖြစ်သွားလေမည် မသိပါလေပြီ။

ကျော်မင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com

# တောမှာကျား မြို့မှာကား

## တက္ကသိုလ်စုစုဝင်း

ကားတိုက်မှုများအား လျစ်လျူရှုမထားထိုက်ပုံကို ရေးပြပြီးဖြစ်ပါသည်။ တောမှာကျား၊ မြို့မှာကား ဟူသော ပြက်လုံးသည် ကားတိုက်မှုများကို သက်သေထူလျက်ရှိသည်။

သို့ကလို အရေးကြီးသော အပိုင်းတစ်ခုအား အရေးကြီးမှန်း သိလာသူတိုင်းသည် ကားအန္တရာယ်ဆိုးကြီးမှ လွတ်မြောက်မှုကို လိုလားကြပေလိမ့်မည်။ ခရီးသွားလူထုရော၊ ယာဉ်မောင်းသူများကိုပါ အမြဲနှိပ်စက်နေသော ထိုအန္တရာယ်ဆိုးမှ အဘယ်သူသည် မလွတ်မြောက်လိုဘဲ ရှိကြအံ့နည်း။

ထိုနည်းတူစွာ မိမိအား အမြဲတမ်း နှိပ်စက်နေသော နေရာဌာနတွင်ကား အဘယ်သူသည် နေချင်ရာမည်နည်း။ ၎င်းနေရာက လွတ်မြောက်ရေးကိုသာ တွေးတောရှာကြံကြမည်မှာ သဘာဝပင် ဖြစ်ပေသည်။ ယခုလည်း ကားအန္တရာယ်ဘေး၏ အကြောင်းကို ကောင်းကောင်းကြီး သိကြပြီးဖြစ်၍ အလွန်မှပင် ထိုအန္တရာယ်မှ လွတ်မြောက်လိုကြမည်မှာ မမွှတာပင်။

ထိုသို့ လွတ်မြောက်အောင် မည်သို့ရှာကြံကြမည်နည်း။ ရှာကြရာတွင် လမ်းသွားခရီးသည် လူထုနှင့် ယာဉ်မောင်းသူ နှစ်ဦးနှစ်ဖက်စလုံးမှာ ဂရုစိုက်ပြုပြင်မှသာလျှင် ရနိုင်ပေတော့မည်။ ယာဉ်မောင်းသူသည် မည်သို့ပင် ဂရုတစိုက်မောင်းနေသော်လည်း ခရီးသွားသူသည် နမော်နမဲ့နှင့် ပြေးလွှား၊ နောက်ဆုတ်ခြင်းဖြစ်ရာ ယာဉ်မောင်းသူက ဘရိတ်နင်း၍ ရပ်ထားနိုင်သော်လည်း ပြေးလာသူသည် ၎င်း၏အရှိန်ကိုပင် မသတ်နိုင်ဘဲ ရပ်ထားသောကားကို တိုက်ပြီး လဲကျ၍ အနာတရ ရကြရပြန်သည်။ ထိုအခါမျိုးတွင် ယာဉ်မောင်းသူများသည် နေရင်းထိုင်ရင်း အိတ်ထဲမှ ပိုက်ဆံထွက်ကြရပြန်သည်။

ထိုသို့ဖြစ်လျှင် မည်သို့လုပ်မည်နည်း။ ယာဉ်အန္တရာယ်၏အကြောင်းကို မသိပါဘဲလျက် ၎င်းအန္တရာယ်ကိုလည်း ဘယ်နည်းနှင့်မျှ မတိုက်ဖျက်နိုင်ပေ။ ရောဂါ၏အကြောင်းကို မသိဘဲနှင့် အရမ်းဆေးတိုက်ကု၍ ရောဂါပျောက်မည် မဟုတ်ပေ။

ဤနေရာတွင် ယာဉ်ထိန်းနေကြရသော ရဲအဖွဲ့ဝင်တို့သည် အလွန်တတ်ကျွမ်းသော သမားတော်ကြီးများနှင့် တူ၏။ သမားတော်ဟူသည် လူနာ၌ ဖြစ်ပေါ်နေသော ရောဂါကို ရှေးဦးစွာလေ့လာ၍ ယင်းရောဂါဖြစ်ပေါ်လာခြင်း၏ အကြောင်းကို ရှာကြံရပေသည်။ အကြောင်းကိုတွေ့မှသာ ထိုအကြောင်းကို ပယ်ဖျောက်နိုင်မည့်ဆေးကို ပေးရလေသည်။

ထို့အတူ ယာဉ်တိုက်မှုပပျောက်ရေးကို ကြိုးစားနေသူများလည်း ထိုယာဉ်တိုက်မှုဟူသော လူနာကြီး၏ ရောဂါကို ကျကျနန လေ့လာဆုံးဖြတ်ပြီးနောက် ထိုရောဂါဆိုးကြီး၏ အန္တရာယ်ကို ကာကွယ်မှုပြုရလေသည်။ ချွတ်ယွင်းချက်ကိုသိမှသာ ထိုအန္တရာယ်ကို ကာကွယ်နိုင်မည့်ဆေးကို ညွှန်ကြားနိုင်ပေမည်။ သို့ဖြစ်လျှင် ထိုအန္တရာယ်ကို ပပျောက်အောင် လုပ်နိုင်သောနည်းကား "အဘယ်ဟာပေနည်း"။

လောကကြီး (ဝါ) ဘဝကြီးဆိုသည်မှာ အသက်ရှင်နေထိုင်ရေးအတွက် ရုန်းကန်နေကြရသည်ပဲ မဟုတ်ပေလော။ (Life is Struggle for Existence)

အသက်ရှင်နေထိုင်ရေးတွင် စိတ်ပညာသည် ဦး



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ကြိုးကိုင်လျက် ရှိနေသည်ဟုဆိုက မှားမည်မဟုတ်ပေ။ နေရာတိုင်းတွင် စိတ်နှင့်ကင်းကွာ၍ မရပေ။

မော်တော်ကားတိုက်မှုနှင့် ပတ်သက်၍လည်း စိတ်ပညာသည် များစွာအသုံးဝင်ပေသည်။ ကားမောင်းကျင်လည်စေရန်အတွက် "ဟားဗတ်တက္ကသိုလ်မှ (ဟယ်ရီအာဒီဆီလဗား)သည် ဓာတ်ခွဲခန်းသုတေသနတို့ကို ကာလရှည်ကြာစွာ ပြုလုပ်ခဲ့သည်။ ထို့နောက် ကားမောင်းသူတို့အတွက် စမ်းသပ်စစ်ဆေးခန်းများကို တစ်နိုင်ငံလုံး အနှံ့အပြား၌ ဖွင့်လှစ်ကာ မတော်တဆ ထိခိုက်မှုကို ရှောင်ရှားနိုင်သည့် နည်းတို့ကို သင်ကြားပို့ချပေး၏။

မည်သည့်လုပ်ငန်းမဆို လက်တွေ့လုပ်ကိုင် လေ့လာကြည့်နိုင်သလောက် ကြည့်လေ့ရှိကြသည်။ အတွေ့အကြုံမှရသော ပညာသည်သာ တိုးတက်၏။ လက်တွေ့စမ်းသပ်ခြင်းသည် သိပ္ပံလုပ်ငန်းတွင် အလွန်အရေးပါသော အဆင့်တစ်ရပ်ပင် ဖြစ်၏။

သိပ္ပံနည်းဆိုရာ၌လည်း သိပ္ပံနည်းမှာ လျှို့ဝှက်ခက်ခဲသော နည်းများမဟုတ်ချေ။ သိပ္ပံနည်းဆိုသည်မှာ ပြဿနာတစ်ရပ်ကို ဖြေရှင်းသည့်အခါတွင်လည်းကောင်း၊ မေးခွန်းလွှာတစ်ခုကို အဖြေပေးသည့်အခါတွင်လည်းကောင်း အသုံးပြုသည့် တိကျသော လုပ်ကိုင်နည်းစနစ်ပင် ဖြစ်သည်။

ကျွန်ုပ်သည် သင်ယူမှုစွမ်းရည်၊ ပတ်ဝန်းကျင်နှင့် စေ့စပ်မှု၊ မှတ်သားမှုဉာဏ်အားနှင့် ပြဿနာများကို ဖြေရှင်းရာတွင် အသိပညာသုံးစွဲမှု စသော အကြောင်းအချက်များကို ဖော်ပြပေးရပေမည်။ အသိပညာသည် စာအုပ်များမှ သင်ယူတတ်မြောက်ခြင်း ဖြစ်သည်ဟု မဆိုနိုင်သော်လည်း များသောအားဖြင့် ခေတ်ပညာတတ် ယောက်ျား မိန်းမတိုင်းသည် အသိဉာဏ်နှင့် ပြည့်စုံကြသည်သာ ဖြစ်၏။

ၔင်းပြင် အသိဉာဏ်ရှိပြီး ခေတ်ပညာတတ်သူတိုင်းသည် အရာရာတွင် အောင်မြင်နေကြသည်ဟု မဆိုနိုင်ခြားသော်လည်း မအောင်မြင်၍ ရှုံးနေကြရသူများမှာ အသိဉာဏ်ကင်းမဲ့သူများသာ ဖြစ်ကြောင်းကို မည်သူမျှ မငြင်းနိုင်ကြပေ။

နိုင်ငံခြားမှ လူသိများသော စမ်းသပ်မှုတစ်ခုမှာ ဘေးအန္တရာယ်ရှိကြောင်းပြသည့် အမှတ်အသားကို မြင်ပြီးနောက် ချက်ချင်းမြန်မြန် ဘရိတ်နင်းနိုင်ခြင်းကို စူးစမ်းကြ၏။ သာမန်လူတစ်ယောက်အတွက် ချက်ချင်းတုံ့ပြန်ချိန်မှာ စက္ကန့်ဝက်၊ သို့မဟုတ် ¾ စက္ကန့်မျှ ဖြစ်၏။ ထို့ပြင် ကားစတီယာရင်လက်ကိုင်ကို ထိန်းသိမ်းကျွမ်းကျင်မှုနှင့် အရောင်နှင့် နေမှုန်ကို သိမှုများတို့အပြင် အကြားအမြင်နှင့် ပတ်သက်သော အထွေထွေ အရည်အချင်းတို့ကို စမ်းသပ်ကြ၏။

အနောက်နိုင်ငံတွင် ယာဉ်မောင်းသူတို့သည် စက်မှုအလုပ်သမားတို့ကဲ့သို့ပင် အထိအခိုက်များတတ်သူများ ဖြစ်ကြ၏။ အငှားလိုက်မော်တော်ကားမောင်းသူ ၁၀၀၀ အနက်မှ ၂၀% မှာ ထိခိုက်မှုအားလုံး၏ ၅၀% ကျော်ကျော်ကို ဖြစ်စေ၏။ ၂၀% မှာ မတော်တဆ ထိခိုက်တတ်သူတို့ကို အလုပ်မှသော်လည်း ထုတ်ပစ်ရပေမည်၊ ဆေးဝါးဖြင့်သော်လည်း ကုသပေးရပေမည်။

စိတ်ဝင်စားဖွယ်ကောင်းသော စိတ်ပါရဂူကြီးများ၏ တွေ့ရှိချက်တစ်ခုမှာ အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ပင် နေရာတိုင်းတွင် ပြုလုပ်နိုင်ခြင်းပင် ဖြစ်သည်။

"အိုဟိုက်အိုစတိတ်"တက္ကသိုလ်မှ "အယ်လဗားလောယား"နှင့် "အဲလဗတ်ဝီစိုက်"တို့သည် ကားမောင်းပုံမောင်းနည်းနှင့် တစ်သမတ်တည်းသော နည်းဖြင့် ကားမောင်းခြင်းကို စစ်ဆေးစုံစမ်းကြည့်သောအခါ ယောက်ျားတို့သည် မိန်းမတို့ထက် လက်မှန်ကြောင်းကို တွေ့ရ၏။ ဤနေရာတွင် ယောက်ျားတို့ကသာ လက်မှန်ခြင်းမှာ ကားမောင်းရာတွင် အတွေ့အကြုံများသောကြောင့်ဟု ဆိုနိုင်၏။ ယောက်ျားတို့သည် ကီရီယာတန်ဆာပလာတို့ကို ကိုင်တွယ်ရာတွင် မိန်းမ

**အချိန်နှင့်အမျှ တိုးတက်လျက်ရှိသော သိပ္ပံပညာရပ်၌ အတွင်းလူအချင်းချင်း အယူအဆကွဲကာ ဂိုဏ်းကွဲများ မကြာခဏ ပေါ်ပေါက်လေ့ရှိပေသည်။ ထို့အတူ စိတ်ပညာတွင်လည်း ဂိုဏ်းကွဲများရှိ၏။**



www.burmeseclassic.com

www.burmeseclassic.com

တို့ထက် ပိုမိုသေချာသလောက် မိန်းမတို့ကလည်း ရပ်တန့်မှုပြုလုပ်သည့်အခါ ယောက်ျားများထက် ပိုမိုသတိကောင်းကြောင်း တွေ့ရ၏။

သို့သော် မိန်းမတို့သည် ကားမောင်းရာတွင် သတိကောင်းသလောက် ကားအမောင်းဘက်တွင် ယောက်ျားလောက် မကျွင်လည်ကြသည်ကို စုံစမ်းသိရှိရလေသည်ဟုဆို၏။

ဤကား စိတ်ပါရဂူကြီးများ၏ ယာဉ်တိုက်မှုများကို ခလေ့လာချက်၊ တင်ပြချက်များဖြစ်၏။ ထိုသူတို့သည် မည်သို့ပင်ဆိုစေ. လူတစ်ဦးတစ်ယောက်၏ အပြုအမူကို ရှုစမ်းလေ့လာခြင်းဆိုသည်မှာ အလွန်တရာ ကျယ်ပြန့်ပေ၏။ အကြောင်းအရာအနည်းငယ်သိရုံမျှနှင့် ယုံတမ်းဝါဒဖြန့်၍ မဖြစ်နိုင်ပေ။ သူတို့၏ စိတ်နေသဘောထား အယူအဆနှင့် ဝါဒဖြန့်မှုကို လေ့လာခြင်းသည် ဆက်ဆံရေးပညာ၊ လူမှုရေး သိပ္ပံပညာတို့နှင့် ဆက်သွယ်လျက်ရှိ၏။

အချိန်နှင့်အမျှ တိုးတက်လျက်ရှိသော သိပ္ပံပညာရပ်၌ အတွင်းလူအချင်းချင်း အယူအဆကွဲကာ ဂိုဏ်းကွဲများ မကြာခဏ ပေါ်ပေါက်လေ့ရှိပေသည်။ ထို့အတူ စိတ်ပညာတွင်လည်း ဂိုဏ်းကွဲများရှိ၏။ မည်သို့ပင် ရှိကြစေကာမူ အမှန်တရားဟူသော စိတ်ပညာပန်းတိုင်ကို ရည်မှန်း၍ သွားနေကြသည်ကိုသာ တွေ့ရပေသည်။

ဤသို့ပင် ကမ္ဘာကျော်စိတ်ပညာပါရဂူကြီးများကပင် ယာဉ်တိုက်မှုကြီးအား အလေးပေးဂရုထားလျက် အမြော်အမြင် ချွတ်ယွင်းချက်များကို ကြံဆပြုပြင်ပေးလျက် ရှိကြပေသည်။ သို့သော် သူ့တိုင်းပြည်၊ သူ့လူမျိုး၊ သူ့ဒေသ၊ သူ့လမ်းတို့၏ အခြေအနေနှင့် လူမျိုး၏စရိုက်နှင့် ရာသီဥတုပေါ်မူတည်၍ ပြုပြင်နိုင်မှုလည်း ဖြစ်ပေမည်။

မည်သည့်တိုင်းပြည်၌၊ မည်သည့်လူမျိုးများက၊ မည်သည့်ကားများကိုမောင်း၍ မည်သို့ပင် တိုက်နေစေကာမူ ၎င်းတို့၏နည်းကိုယူ၍ ပြုပြင်လျှင် နေရာတိုင်း၌ ရချင်မှရပေမည်ကို လူတိုင်းအသိပင် ဖြစ်သည်။ မြန်မာလူမျိုးတို့သည် လွတ်လပ်မှုကို အလွဲသုံးစားပြုလုပ်လိုသော လူမျိုးများဖြစ်သည်မှာ အများစုပိုင်းတွင် တည်ရှိပေသည်။ ၎င်းတို့သည် ရဲအဖွဲ့မှ ချမှတ်ပေးထားသော လမ်းစည်းကမ်းနှင့် ယာဉ်စည်းကမ်းကို မျက်ကွယ်ရာ၌ ထင်သလိုမောင်းချင်သော ဆန္ဒအပြည့်ရှိကြသည်။

အချို့မှာမူ လူကြီးလူကောင်း၊ လူကုံထံ၏ သားသမီးများဖြစ်၍ ရဲကို လုံးဝလေးစားခြင်းမရှိကြကြောင်းကို တွေ့ရပြန်သည်။ ထိုသူတို့သည် မိဘအားကိုးဖြင့် ရဲကိုမကြောက်ပေ။ ရဲကိုမကြောက်၍လည်း ရဲများချပေးထားသော လမ်းစည်းကမ်းကို လုံးဝအလေးဂရုမပြုကြပေ။ ရဲနှင့်တွေ့၍ ဖမ်းဆီးရာတွင်လည်း မခြေမင် ပြန်လှန်ပြောကြပြန်သည်။ ဥပဒေမလွတ်၍ ယာဉ်ထိန်းရဲက ဖမ်းလျှင်လည်း မိဘများအကူအညီယူ၍ သိုင်စင်ပြန်ရမှုကို အားထုတ်ကြပြန်သည်။

ထိုသို့ စည်းကမ်းမဲ့မှုများကို ရဲအဖွဲ့ဝင် သွေးမျိုးသားချင်းများမှ စတင်ပြီး စည်းကမ်းထိန်းသင့်ကြပေပြီ။ ရဲအဖွဲ့ကြီးတစ်ခုလုံး စည်းကမ်းရှိသွားပြီဆိုရင် ပြုပြင်ရာတွင် ငါးဆယ်ရာခိုင်နှုန်း အောင်မြင်နေပြီဟု ယူဆကြရပေမည်။ မကြာမီတွင် ရန်ကုန်မြို့တွင် ကလေးကျောင်းများသို့ လှည့်လည်ကာ လမ်းဖြတ်ကူးပုံ၊ လမ်းစည်းကမ်းနှင့် ယာဉ်စည်းကမ်းများကို ယာဉ်ထိန်းရဲအဖွဲ့မှ လက်တွေ့ဟောပြော သင်ပြပေးကြပေတော့မည်။ ဤလုပ်ဆောင်ချက်သည် အလွန်ထိရောက်အောင်မြင်မည့် လုပ်ငန်းတစ်ရပ်ပင်။

အကြောင်းဆိုသော် မိဘမည်သည်မှာ သားသမီးများပြောရာသို့ သားသမီးကို ချစ်ခြင်းဖြင့် နားထောင်သူများပေရာ ကျောင်းသူကျောင်းသားများသည် စည်းကမ်းရှိသော ပညာတတ်ကလေးများ ဖြစ်လာခြင်းဖြင့် မိမိတို့နားထောင်ခဲ့ရသော လမ်းစည်းကမ်းများကို မိဘဆွေမျိုးများနှင့် အိမ်စေများကို ပြန်၍ပြောကြပေမည်။ ထိုမှတစ်ဆင့် အိမ်ရှိလူကုန်အားလုံးပင် ယာဉ်ထိန်းရဲများ ဟောပြောသည့်အတိုင်း လိုက်နာသွားလာကြမည်ဖြစ်၍ စည်းကမ်းရှိသော လူမျိုးများအဖြစ်ရောက်ရှိလာကြတော့မည်ကို ကျွန်ုပ်မြင်ယောင်မိပါသေးသည်။

စည်းကမ်းရှိလာကြသည်နှင့်အမျှ လမ်းဖြတ်၍ခြေးသောအလေ့ ပပျောက်သွားသဖြင့် ယာဉ်တိုက်မှုသည်းနည်းပါးသွားမည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်ပေသည်။

လူတိုင်း ကားတိုက်မှုမှ လွတ်ကင်းကြပါစေ . . .။

■ တက္ကသိုလ်စုစုဝင်း

(ရဲကြေးမုံစာစောင်၊ ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ)

www.burmeseclassic.com

# သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိန်း ၏ နည်းစနစ်အတိုင်း ဟောသည်

**ဒေါက်တာစောယုနွယ်**

ဘာကယ်ဆိုတော့ . . .

မိမိဘဝ၏ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ ဓမ္မတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါ တစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါ တစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို သုစ်ခနဲသာ ဖွင့်လှစ်ပြလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝ အပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် . . .

■ အမှတ်(၂၀၅/က)၊
ပိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၁-၆၄၃၀၃၀



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် စည်းစိမ်ဥစ္စာတွေ တိုးလာပြီး လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများကလည်း ကိုယ့်ကို အစစအရာရာ ထောက်ပံ့နေတဲ့အချိန် ဖြစ်ပါတယ်။ သိကြားမ,လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်မယ်။ မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ့်အချိန်ဖြစ်ပါတယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်သူများအဖို့ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်သလို လုပ်ငန်းဟောင်းများလည်း ပြန်ပေါ်တတ်တယ်။ ခရီးများ သွားရတတ်တယ်။ ထိုခရီးများဟာလည်း စိတ်ချမ်းသာစရာ ခရီးများဖြစ်တယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားသူများ ယခုကာလတွင် ထွက်ပါက ရောက်တဲ့နိုင်ငံမှာ အလုပ်က စောင့်ကြိုနေတတ်တယ်။ ငယ်ရွယ်သူများအဖို့ သင်တန်းတစ်ခု တက်ရတတ်တယ်။ ပညာကောင်းတစ်ခု ရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စ များ ဖြေရှင်းရတတ်တယ်။ မြေတစ်ကွက် စပ်တူဝယ်ဖို့ ကြုံလာလိမ့်မယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ ကြီးပွားတိုးတက်မယ့်အချိန် ဖြစ်ပါတယ်။ ဒါပေမဲ့ အတိုက်အခံ အနည်းငယ်တော့ ကြုံရတတ်တယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက်ကြမ်းခြင်းများ ဖြစ်တတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက် စိတ်ညစ်ရတတ်တယ်။ ဆွေမျိုးသားချင်းများ ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ စက်ပစ္စည်းတွေလည်း ဝင်တတ်တယ်။ စက်ရုံတစ်ခု ပူးတွဲလုပ်ရတတ်တယ်။ ကျန်းမာရေး ဂရုစိုက်ပါ။ အသည်းနှင့် ပတ်သက်သောဝေဒနာ ခံစားရတတ်တယ်။ ယာဉ်တိုက်မှုဖြစ်ခြင်း၊ ရုတ်တရက် ရေနစ်ခြင်းမျိုး ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွှန့်(၁၀)ညွှန့်၊ အုန်းညွှန့်(၆)ညွှန့်၊ တံခွန်ဖြူ(၂၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

အင်္ဂါ၊ ကြာသပတေး

**ညံ့သောရက်**

စနေ၊ ဗုဒ္ဓဟူး

**ကံကောင်းသောနံပါတ်**

၅၄၊ ၅၃၊ ၃၂၊ ၃၅

**အထူးသတိပြုရန်**

မိမိအိမ်တွင် ရွှေများကွာနေသော ဘုရားရုပ်ပွားတော်တစ်ဆူရှိလျှင် လာဘ်ပိတ်တတ်ပါတယ်။ ရွှေများ ပြန်ချပေးပါ။
ယခုကာလတွင် ဆိတ်သားမစားရ၊ သစ္စာပန်း မထိုးရ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း ပန်းပေါင်း(၅)မျိုးနှင့် ပေါက်ပေါက်ဆွမ်း ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် အိုးအိမ်အပြောင်းအရွှေ့ ရှိတတ်ပါတယ်။ ဝန်ထမ်းများအဖို့ အလုပ်တွင် အနည်းငယ် အတိုက်အခံ ရှိတတ်ပါတယ်။ သင်သည် ယခုရောက်ရှိနေတဲ့ကာလတွင် ကဆုန်လနှင့် ပြာသိုလများပါခဲ့ရင်တော့ မိသားစုထဲမှသော်လည်းကောင်း၊ မိမိ၏လက်အောက်ငယ်သားတွေကြောင့် အမှုအခင်းဖြစ်တတ်ခြင်း၊ အမှုကို လိုက်လံဖြေရှင်းပေးရခြင်းမျိုး ဖြစ်တတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သောကာလဖြစ်တယ်။ လုပ်ငန်းသစ်ပေါ်ခြင်း (သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ အလုပ်အတွက် စိတ်ညစ်စရာတွေ ပေါ်တတ်တယ်။ အလုပ်မှ ထွက်ချင်စိတ် ပေါ်နေလိမ့်မယ်။ မထွက်ပါနှင့်။ သူခိုးမျက်စိအကျခံရတတ်သောကာလဖြစ်၍ သူခိုး အခိုးခံရတတ်သောကာလ ဖြစ်သောကြောင့် သတိထားပါ။ ခရီးအကျိုးပေးသော ကာလဖြစ်တယ်။ ဘုရားဖူးခရီးများ သွားရတတ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ သောကြာနံပစ္စည်းများ ဝင်လာတတ်တယ်။ အိမ်သို့ အတောင်ပါသော သတ္တဝါများ ဝင်လာတတ်တယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ ရွှေနှင့် အဖိုးတန်ရတနာပစ္စည်းများ ဝင်မယ်။ မြေနှင့်ပတ်သက်သောကိစ္စ စိတ်အနှောင့်အယှက် ဖြစ်ရတတ်တယ်။ ဖခင်ဖြစ်သူမှာ တနင်္ဂနွေ၊ ကြာသပတေးနာမည်ပါလျှင် ကျန်းမာရေး ညံ့တတ်တယ်။ ကျန်းမာရေးအနေဖြင့် မကြာခဏ ခေါင်းမူးခြင်း၊ မျက်စိကိုက်ခြင်းဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ငြိုပ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၁၊ ၆၄၊ ၄၆

### အထူးသတိပြုရန်

ယခုကာလတွင် ဘယ်အလုပ်မဆို မိမိကိုယ်ကျိုးအတွက် အမိကဦးစားပေးပြီး လုပ်ဆောင်ပါ။ အကျိုးမရှိသော အလုပ်အကိုင်များသည် မိမိကောင်းကျိုး မိမိဘဝကို ဖျက်ဆီးနေတတ်သည်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း မုန့်လုံးရေပေါ် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် ကောင်းသောအပြောင်းအလဲတွေ ကြုံရတတ်တယ်။ လုပ်ငန်းတွေလည်း တိုးချဲ့လုပ်ကိုင်ရတတ်တယ်။ ဖြတ်လမ်းမလိုက်ပါနှင့်။ တစ်ချီတည်းနှင့် အပွကြဲခြင်းမျိုး မပြုလုပ်ပါနှင့်။ ထီလည်း ပေါက်တတ်တယ်။ အလှူအတန်းကိစ္စ ကြုံရတာတတ်တယ်။ မိမိကိုယ်တိုင်လည်း အလှူအတန်း ပြုလုပ်ရတတ်တယ်။ ယခုကာလသည် စန်းပွင့်နေသောကာလဖြစ်သောကြောင့် သတိထားပါ။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ လုပ်ဖော်ကိုင်ဖက်အချင်းချင်း စွပ်စွဲပြောဆို ခံရတတ်တယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်သွားမယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေးအောင်မြင်မယ်။ ခရီးများ မကြာခဏ ထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေး အောင်မြင်မယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတိုးမယ်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်တယ်။ အထူးသဖြင့် တနင်္ဂနွေ၊ ဗုဒ္ဓဟူး အိမ်ထောင်ဖက်များ ဖြစ်နေလျှင် ဂရုစိုက်ပါ။ စာရွက်စာတမ်း စာချုပ်ကိစ္စများအတွက် စိတ်ညစ်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အရိုးကျိုးခြင်း၊ အလုံးအကျိတ်အခဲနှင့် ပတ်သက်သောဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ငွေထီး(၉)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၄၊ ၂၇၊ ၇၂

### အထူးသတိပြုရန်

အိမ်အနီးအနားတွင် တနင်္လာနှင့် စနေနေ့တွင် ကလေးမွေးဖွားသော နိမိတ်တွေ့ပါက ထီထိုးဖြစ်အောင် ထိုးလိုက်ပါ။
ယခုကာလတွင် လက်ရှိအလုပ်ကို စိတ်မဝင်စားဘဲ အလိုပြောင်းလိုစိတ်များ ဖြစ်နေလိမ့်မယ်။ မပြောင်းပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် နွားနို့ထမင်း ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့ပေမယ့် ပညာရပ်တစ်ခု ထပ်မံသင်ကြားရတတ်တယ်။ တယ်လီဖုန်းတစ်ခုလည်း ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်တွေ ကြွလာတတ်တယ်။ မရည်ရွယ်ဘဲနဲ့ ခရီးသွားရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် ရှယ်ယာခွဲခြင်း၊ လမ်းခွဲခြင်းမျိုး ကြုံရတတ်တယ်။ အလုပ်တွေကလည်း အောင်မြင်တော့မလိုနဲ့ အပျက်အစီး များတတ်တယ်။ မိသားစုအတွင်းမှာလည်း စိတ်ဝမ်းကွဲမှုတွေ ဖြစ်လာတတ်တယ်။ တနင်္လာ၊ သောကြာ သားသမီးများအတွက် ပူပန်ရတတ်တယ်။ ဒေါသရှေ့ထားရင် မှားတတ်သောကြောင့် မေတ္တာစိတ်နဲ့သာ တုံ့ပြန်ပါ။ မနက်စောစောမှာ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေကို မေတ္တာပို့ပေးပါ။ အညံ့တွေ ပျောက်သွားတတ်တယ်။ လူမျိုးခြားနှင့် အကျိုးပေးတယ်။ ပြည်ပသွားဖို့ ကြံရွယ်ထားသူများ ဒီကာလမှာ ဆောင်ရွက်ပါ။ စိတ်ပင်ပန်းတဲ့ကာလ ဖြစ်သောကြောင့် စိတ်တိုင်းမကျမှုတွေ များနေတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်၊ ခါးတို့မှာ ဒဏ်ရာရတတ်တယ်။ ခွဲစိတ်ကုသမှု ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၃၅၊ ၃၀၊ ၅၃၊ ၅၆

### အထူးသတိပြုရန်

ယခုကာလတွင် သချိုင်းမြေ မနင်းရ။

ကြင်သူကြင်ဖက်နှင့် ကွဲကွာခြင်း၊ သဘောကွဲလွဲခြင်းများ ကြုံရတတ်သောကြောင့် တတ်နိုင်သမျှ ကိုယ့်ဘက်က အလျှော့ပေးပြီး ဆက်ဆံပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်


မိမိနေအိမ်ကဘုရားတွင် စနေနေ့တိုင်း ထောပတ်ထမင်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်စရာတွေ ကြုံတွေ့ရပေမယ့်လည်း စိတ်ညစ်စရာ၊ စိတ်ပင်ပန်းစရာတွေလည်း ကြုံရတတ်ပါတယ်။ အလုပ်နေရာ၊ အိမ်နေရာ အသစ်ရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ကြုံရတတ်တယ်။ သင့်အတွက် အကျိုးထူးသော ခရီးများ သွားရတတ်တယ်။ မထင်မှတ်ဘဲ ပညာတစ်ခု သင်ကြားရတတ်တယ်။ ဤကာလအတွင်း အစစအရာရာ သတိထားပါ။ မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြောခြင်းများ ခံရတတ်တယ်။ အလုပ်၌ ထိခိုက်တတ်တယ်။ ပြဿနာ ကြီးစွာဖြေရှင်းရတတ်တယ်။ ဒါပေမဲ့လည်း ဌာနဆိုင်ရာအကြီးအကဲ၊ ဆွေမျိုးအကြီးအကဲတို့က အကူအညီကောင်း ပေးလိမ့်မယ်။ ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ မိမိအိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ လူမျိုးခြား ဒုက္ခပေးတတ်တယ်။ စက်ပစ္စည်းတွေလည်း မကြာခဏ ပျက်တတ်တယ်။ ကျန်းမာရေး အနည်းငယ် ဂရုစိုက်ပါ။ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခု မီးလောင်ခြင်း၊ မီးဟပ်ခြင်းဖြစ်ပြီး သွေးထွက်သံယိုမှုများ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၂၊ ၁၆၊ ၆၇

### အထူးသတိပြုရန်

ယခုကာလတွင် ဆေးမှား၊ အစားမှား ဖြစ်တတ်တယ်။ ပစ်စာ၊ တိုင်စာ ခံရတတ်တယ်။ သတိထားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အုန်းဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် အညံ့ထဲကနေ ပျော်ရွှင်ရမယ့်ကာလ ဖြစ်ပါတယ်။ အလှူမင်္ဂလာတွေလည်း ကိုယ့်အိမ်မှာ လုပ်ရတတ်တယ်။ ကိုယ့်ကို အပျော်လေးတွေပေးမယ့် မိတ်ဆွေကောင်းတွေ ရလာတတ်တယ်။ ဘုရားဆင်းတုတော်ပုံတွေလည်း ကြွလာတတ်တယ်။ ငွေတွေလည်း ဝင်လာတတ်တယ်။ အကူအညီပေးမယ့်သူတွေလည်း ကိုယ့်အနားကို ရောက်လာတတ်တယ်။ ပစ္စည်းဥစ္စာစည်းစိမ်ဝင်လာတာနဲ့အမျှ ကိုယ်က အပျော်လွန်ပြီး အမှားအယွင်းတွေ တွေ့တတ်ပါတယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ဘက်နှင့် စိတ်ဝမ်းကွဲခြင်း၊ အထင်အမြင် လွဲမှားခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ သင်သည် ယခုရောက်ရှိနေတဲ့ကာလတွင် တပို့တွဲလနှင့် တပေါင်းလများ ပါဝင်နေရင် ဂရုစိုက်ပါ။ အိမ်ထောင်ဘက်နှင့် တရားဝင်ခွဲခွာရတဲ့အထိ ကြုံရတတ်တယ်။ လုပ်ငန်းသစ်လည်း စတင်လုပ်ရတတ်တယ်။ အထူးသဖြင့် ရေနှင့်ပတ်သက်သောလုပ်ငန်း၊ ကားလုပ်ငန်း၊ ကျောက်လုပ်ငန်း လုပ်ကိုင်လျှင် ထိုလုပ်ငန်းများသည် လွန်စွာအကျိုးပေး အောင်မြင်မယ်။ ကျန်းမာရေးအနေဖြင့် ဆေးမှား အစာမှား ဖြစ်တတ်တယ်။ သွားဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉းဝ၅) နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
| --- |
| တနင်္လာ၊ ဗုဒ္ဓဟူး |

| ညံ့သောရက် |
| --- |
| အင်္ဂါ၊ သောကြာ |

| ကံကောင်းသောနံပါတ် |
| --- |
| ၄၃၊ ၄၂၊ ၄၁၊ ၂၄ |

| အထူးသတိပြုရန် |
| --- |
| ယခုကာလတွင် နာရေး လုံးဝမသွားရ။ ထောင်ဝင်စာ မတွေ့ရ။ |

| ကံကောင်းပြီး လာဘ်ရွှင်စေရန် |
| --- |
| မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ဖန်ခွက်ဖြင့် ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။ |

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းတယ်ဆိုပေမယ့် မပြောပလောက်တဲ့ အညံ့လေးတွေ ရှိတတ်ပါတယ်။ သင်တာန်းတစ်ခု တက်ရခြင်း၊ အဖွဲ့အစည်း တစ်ခုခုသို့ ဝင်ရောက်ရခြင်းမျိုး ကြုံရတတ်တယ်။ နားချိန်မရလောက် အောင် အလုပ်ရှုပ်မယ်။ လွန်စွာပင်ပန်းလိမ့်မယ်။ ဝန်ထမ်းများအဖို့ အလုပ် ဂွင် မပျော်ပိုက်ဘဲ ဖြစ်နေတတ်တယ်။ ပြောင်းရန် စိတ်မကူးပါနှင့်ဦး၊ ပြောင်း လျှင် အဆင်မပြေနိုင်သေးပါ။ ဆက်ပြီး အနှစ်နာခံပါက အထက်လူကြီး၊ ကြီးကဲသူတို့က ကူညီမစလိမ့်မယ်။ ဘာသာရေးနှင့် ပတ်သက်သော ပုံတော် များ ဝင်လာလိမ့်မယ်။ ပဋ္ဌင်းခံရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ် သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲလုပ်ရသော အလုပ်များ အောင်မြင်မယ်။ အမွေရခြင်း(သို့မဟုတ်)အမွေကဲ့သို့ ပစ္စည်းများ၊ ငွေများ ရတတ်တယ်။ ယခု ကာလတွင် လက်ခံလိုက်ပါက အလဟသကုန်သွားတတ်တယ်။ တပို့တွဲ၊ ပြာသိုလများ ပါဝင်နေရင် သူတစ်ပါး၏ စွပ်စွဲပြောဆို ခြင်း၊ ပြစ်တင်ကဲ့ရဲ့ခြင်းများ ခံရတတ်တယ်။ အမျိုးသားများအဖို့ အိမ်ထောင်ကျတတ်သော ကာလဖြစ်ပြီး သားသမီးရတနာများ ထွန်းကားတတ်တယ်။ ယခင်က ဖြစ်ပေါ်ခဲ့ သော ပြဿနာဟောင်းများ၊ ရောဂါဟောင်းများ ပြန်ပေါ်လာတတ်တယ်။ အိမ်တွင် ကိုယ်ဝန်ဆောင်သည်ရှိလျှင် ဆေးရုံသို့ပို့ပါ။ အိမ်မှာ မီးဖွားလျှင် အဆင်မပြေ ဖြစ်တတ်တယ်။ မိခင်ဖြစ်သူရှိလျှင် ကျန်းမာရေး အနည်းငယ် ညံ့တတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ယပ်အဝါရောင်(၁၇)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ ကြာသပတေး

### ညံ့သောရက်

သောကြာ၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၅၁၊ ၇၇

### အထူးသတိပြုရန်

ယခုကာလတွင် အလုပ်ပြောင်းခြင်းမျိုး လုံးဝမပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း မုန့်ဖက်ထုပ် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် လူပင်ပန်းပေမယ့် စိတ်ချမ်းသာရမယ့်ကာလ ဖြစ်ပါတယ်။ လုပ်ငန်းသစ်လုပ်ရန် အကြံအစည်များ၊ အဆက်အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ စိန်ထည်ပစ္စည်းများ၊ စက်ပစ္စည်းများ ဝင်လိမ့်မယ်။ ယခုကာလတွင် ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမား စရန် မကောင်းသေးပါ။ ဤကာလအတွင်း ထီမထိုးသင့်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးဝါးဝါး ညံ့သွားတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ဘိုးတော်တု၊ ဆရာတုများ ရောက်လာတတ်တယ်။ ငွေကြေး ဆုံးရှုံးတတ်တယ်။ ငွေလိမ်ခံရတတ်တယ်။ မိမိကိုးကွယ်သော ဆရာတော်တစ်ပါး ပျံလွန်တော်မူသော နိမိတ်တွေ့ခဲ့သော် ကားပွတ်တိုက်မိတတ်ပါတယ်။ အထူးဂရုစိုက်ပါ။ မသွားချင်သော ခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ သားသမီးများ ကျန်းမာရေး ညံ့တတ်တယ်။ ရုတ်တရက် ဝမ်းပိုက်အောင့်ခြင်းမျိုး ဖြစ်တတ်တယ်။ အထူးဂရုစိုက်ပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ တနင်္ဂနွေ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၃၊ ၁၇၊ ၃၁၊ ၃၂

### အထူးသတိပြုရန်

ယခုကာလအတွင်း မိမိအိမ်အနီးနားတွင် ဆိုင်သစ်ဖွင့်သောနိမိတ်၊ ဆိုင်းဘုတ်တင်သောနိမိတ် တွေ့လျှင် ကံကောင်းတတ်ပါသည်။ ကားပွတ်တိုက်မိတတ်သဖြင့် အထူးဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

စာအိတ်တစ်အိတ်ထဲတွင် ငွေ ၃၁ ကျပ် ထည့်ပြီး ပူဇော်ပါ။

www.burmeseclassic.com